ဝိပဿနာလုပ်ငန်းစဉ်

ခွဲခြမ်းစိတ်ဖြာ တရားတော်

အမှတ်စဉ် (၁၉)

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား

ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဒေတိအစဉ်

ဆရာဗုဒ္ဓဂုဏ်၊ မဟိလာတိုက်ဟောင်း၊ ဒိုးကုတ်ဆရာတော် ဦးဝိမလာဘိ
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊


ဝဋ်
ဝိပါက
ဝဋ်(၃) ပါး
ကိလေသ ဝဋ်(၃)
ဝဋ်(၂) ပါး
ဝဋ်(၁) ပါး
အဝိဇ္ဇာ
တဏှာ
ဥပါဒါန်
ဘဝ
ဇာတိ
ဇရာမရဏ
သင်္ခါရ
ဝိညာဏ်
နာမ်ရူပ
သဠာယတန
ဖဿ
ဝေဒနာ
အဝိဇ္ဇာ-သင်္ခါရ-
အတိတ်ဘဝကြောင်း
အဝိဇ္ဇာ
တဏှာ
ဥပါဒါန်
ဘဝ
ဝိပါက
ဝဋ်(၂) ပါး
ဇာတိ
ဇရာမရဏ
ဝိညာဏ်-နာမ်ရူပ-သဠာယတန-ဖဿ-ဝေဒနာ-
ဒုတိယ ဝဋ်(၃) ပါး
ဝဋ်(၂) ပါး
ဝဋ်(၁) ပါး
ဝိပါက

၅၅၅၅

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း

ဓမ္မဒီပနီတရားတော်ရှင်

အဋ္ဌမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြား-ဆုံးမတော်မူသော

(ဝိပဿနာလုပ်ငန်းစဉ်)

ဓနုဆောလုပ်ပေး တရားတော်

အမှတ်စဉ် (၁၉)

မိုးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

အဖွဲ့ကိုယ်စား -ထုတ်ဝေဖြန့်ချိသူ
ဦးဘသောင်း (အတွင်းရေးမှူး) မှတ်ပုံတင် (ဝံ၁၂၅၅)
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

၁၇၄၄

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွှစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပဌမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၅,၀၀၀
(၃ - ၁၂ - ၆၆)

မာတိကာ

ဦးစီရ အစ်ကြောင်းအစာ စာမျက်နှာ

၁။ မာဂဏ္ဍိပရိုဋ္ဌ်ဝတ္ထု(၃)နှစ်အလုပ်ပေး
တရားတော် ၁

၂။ ″ (၄) ″ ၅၁

၃။ ရှင်အာနန္ဒာသောတာပန်တည်ပုံ ″ ၉၆

၄။ အရိယာမျက်လုံးအရေးကြီးပုံ မာဂဏ္ဍိပရိုဋ္ဌ်
ဝတ္ထု (၅) တရားတော် ၁၅၀

၅။ သူညတတရားနာရမှသူညတနိဗ္ဗာန်ရောက်ပုံ
တရားတော် ၂၀၂

၆။ ဒီဃနခဘုန်ပြီး နောက်ခန္ဓာရခြင်းသည်
အကြီးဆုံးအပြစ်သင့်ကြောင်း တရားတော် ၂၅၀

၇။ ကိလေသာဖယ်နည်းနိဿယည်း ″ ၂၉၂

၈။ လောင်စာသိမ်း၍မီးငြိမ်းရန်
ဝပသနာရှုနည်း တရားတော် ၃၃၇

၉။ သုခနဲဒုက္ခ ပရိုဋ်အမေး-ရှင်သာရိပုတ္တရာအဖြေ
တရားတော် ၃၈၁

၁၀။ သုတဝါ အရိယသာဝကအဖြစ်မှ
ဒိဋ္ဌပြုတ်ကြောင်း တရားတော် ၄၂၇

၁၁။ သုဂတိက နိဗ္ဗာန်သွားတဲ့နည်း ″ ၄၇၆

၁၂။ ပဉ္စာနန္တရိယကံမှလွဲယင်
ဝိပဿနာကုသိုလ်က ကယ်တင်နိုင်ပုံ ″ ၅၃၀

၁၃။ ဝိသုဒ္ဓိ(၇)ပါးရည်ရွယ်၍ ဘုရားသာသနာဝယ်
ကျင့်သည်မဟုတ်၊နိဗ္ဗာန်သာရည်ရွယ်ပုံတရားတော် ၅၈၁

စိတ္တာနုပဿနာ ရှုပွားနည်း

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယားနာကောင်းစိတ်

အပြင်ဖြစ်သည် ၅ ယောက်

၆။ လောဘစိတ်
၇။ ဒေါသစိတ်
၈။ မောဟစိတ်
၉။ အလောဘစိတ်
၁၀။ အဒေါသစိတ်
၁၁။ တွေးတောကြံစည်စိတ်

အတွင်းစိတ်သည် ၆ ယောက်

၁၂။ လေကိုထုတ်သောစိတ်
၁၃။ လေကိုသွင်းသောစိတ်

အိမ်သည်စိတ် ၂ ခု

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။

ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင်သည်၊အတွင်းသည်
ပေါ်ရာကို ရှုပါ၊
သည်မရှိပါက အိမ်သည်ကို အမြဲရှုပါ၊

အဖွဲ့၏ တည်ရာဌာန၊ အမှတ် ၃၃ - ဆင်းဒွစ်လမ်း၌
လက်လီရောင်းချခြင်း၊ ရပ်ဝေးသို့ စာတိုက်မှ တင်ပို့ခြင်း
မပြုပါ။

နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓံ

" ကာလေန ဓမ္မသာဝနံ ဧတံမင်္ဂလမုတ္တမံ " ဟူ၍ မင်္ဂလာတရားတော်၌ လျောက်ပတ်သောအခါ၌ တရားနာခြင်းသည် မင်္ဂလာတပါးဟု ဟောကြားတော်မူရာ မြန်မာပြည်အရပ်ရပ်၌ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရား၏ အသံသွင်း တိတ်ခွေကိုဖွင့်၍ နာကြားလျက်ရှိကြသည့် အရပ်ဌာနများ မြန်မာပြည် အရပ်ရပ်၌ အနှံ့အပြားရှိရာ တရားဖွင့်ရာဌာနများနှင့်ဝေး၍ လက်လှမ်းမမှီခဲ့သော် ဤ ကျေးဇူးရှင်ဆရာတော်ဘုရား ဟောကြားတော်မူခဲ့သော တရားတော်များကို စာအုပ်များ အဖြစ် ရိုက်နှိပ်ထုတ်ဝေလျက်ရှိရာ ၎င်းတရားစာအုပ်များကို ဘတ်ကြားခြင်းအားဖြင့်လည်း ဓမ္မသဝနကိစ္စဖြစ်ပါသည်။ ဤသို့ ဓမ္မသဝန ဖြစ်၍ မင်္ဂလာတရားတော်နှင့်အညီ နေထိုင် ကျင့်ကြံခြင်း ဖြစ်အောင် ဤ သစ္စာတရား · ပဋိစ္စသမုပ္ပါဒ် တရားတော်များကို နာကြားကြပါဟု တိုက်တွန်းပါသည်။ ဤသို့ တိုက်တွန်းခြင်းသည် ၎င်းတရားများမှာ သစ္စာတရား· ပဋိစ္စသမုပ္ပါဒ် တရားတော်များကိုသာဘို၍ ဟောကြားထားသော တရားတော်များဖြစ်၍ စေတနာနှင့် တိုက်တွန်းခြင်းဖြစ်ပါသည်။

နောက်တဖန် ထိုမင်္ဂလာတရားတော်၌ပင် " အရိယသစ္စာနဒဿနံ နိဗ္ဗာန သစ္ဆိကရိယာစ ဧတံမင်္ဂလမုတ္တမံ" ဟု ဟောတော်မူပြန်ပါသည်။ ဤနေရာ၌ အရိယာပုဂ္ဂိုလ်တို့ကို ဖူးတွေ့ရခြင်းဟူ၍ မယူသင့်ပါ။ သစ္စာတရားတော်ကိုနာကြားသိမြင်၍ နိဗ္ဗာန်

ကို မျက်မှောက်ပြုခြင်းသည် မင်္ဂလာတပါးဟူ၍ ဟောတော်မူခြင်းဖြစ်သည်။

ထို့ကြောင့် သစ္စာတရားတော်ကို နာကြားခြင်း၊ နာကြား၍ သစ္စာတရားနှလုံးသွင်းခြင်းပြုနိုင်မှသာ ဒုက္ခသစ္စာကို ပိုင်းခြားနိုင်မည်ဖြစ်ရာ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာတရား အပြည့်အနှက်ပါဝင်သောတရားတော်တွေဖြစ်နေ၍ ၎င်းပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာတရားတော်တွေတို့ နာကြားခြင်းပြုကြပါဟူ၍ ဤအဖွဲ့ကြီး၏ကိုယ်စားစာရေးသူသည် အကြိမ်ကြိမ် တိုက်တွန်းခြင်း ဖြစ်ပါသည်။ ဤသို့တိုက်တွန်းနေသည်မှာ ဆရာတော် ဘုန်းတန်ခိုး ကြီးအောင် နာမည်ကြီးအောင်မဟုတ်ပါ။ ဆရာတော်ဘုရားကြီးသည်လည်း ခန္ဓာဝန်ချပြီးဖြစ်ပါသည်။

အဖွဲ့၏ရည်ရွယ်ချက်မှာ ကျေးဇူးရှင်ဆရာတော်ကြီးထုတ်ဖော်ပေးခဲ့သော တိမ်မြုပ်လုဆဲဆဲ ပဋိစ္စသမုပ္ပါဒ် လည်ပုံ-ဖြတ်ပုံနှင့် သစ္စာတရားများကိုသာ ရဟန်းရှင်လူတို့ အများဆုံး သိရှိနိုင်ကြပါစေ-ဆိုသော စိတ်စေတနာအရင်းခံ၍ ဖြူစင်သော သဒ္ဓါတရားဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အဖွဲ့ဝင်တို့ကိုယ်ကျိုးလုံးဝမပါမရှိကြောင်း သိစေလိုပါသည်။

ယခုခေတ် လောဘ,ဒေါသ,မောဟတရားတွေ လွှမ်းခြုံလွှမ်းမိုးနေကြသည်အခါ၌ သက္ကာယဒိဋ္ဌိအရင်းခံ၍ ၎င်းဒိဋ္ဌိမှ ပေါက်ဖွားလာသော ၆၂-ပါးသော ဒိဋ္ဌိအပါအဝင်ဖြစ်သော သဿတနှင့် ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါး မိမိသန္တာန်၌ ရှိငြားသော်လည်း ရှိမှန်းမသိသူတွေ တော်တော်များများတွေနိုင်ပါသည်။ ၎င်းဒိဋ္ဌိနှစ်ပါး ရှိမှန်းသိကြသူတွေလည်း ရှိသင့်သလောက်ရှိကြပါသည်။ ထိုရှိသူများကလည်း ထို-ဆို၀ါးလှသော ဒိဋ္ဌိနှစ်ပါးကို ဖြုတ်ရကောင်း

မူန်းမသိကြသူတွေ့ မျှားစွဲရှိကြသည်ဆိုလျှင် မှားလိမ့်မည်ဟု မထင်ပါ။

ၛင်းဒိဋ္ဌိ ၂၀ပါး ရှိမှန်းသိပါလျက် ဖြုတ်ရခက်သောမှန်း မသိ၊ မည်သို့ ဖြုတ်ရမည် ဟူ၍လည်း ဖြုတ်နည်းကို မသိကြပါလျှင် ထို ဒိဋ္ဌိဖြုတ်မှုကိုလည်း ကြိုးစားကြမည်မဟုတ်၊ ထို ဒိဋ္ဌိတို့ကို ဖြုတ်မှသာလျှင် အပါယ်သံသရာဘေးက လွတ်ရေး·ကျွတ်ရေး ရမည်ဟူ၍လည်း မိမိတို့ အသိဉာဏ်၌ ပေါ်ပေါက် လာမည် မဟုတ်။ ဒိဋ္ဌိသည် အပါယ်ရောက်မြစ်ဟူ၍ ဘယ်အခါမှ ထိုတ်လန့်တုန်လှုပ်သောစိတ် ပေါ်ပေါက် လာမည်မဟုတ်ချေ။

ဝိနိပါတဘေးဆိုသည်မှာ ဖရိုဖရဲကျရောက်ရာဖြစ်သော ဘေးဟု ခေါ်သည်။ ထိုဘေးမှ သတ္တဝါတို့ မလွတ်နိုင်ကြခြင်းသည် လည်း ဤဒိဋ္ဌိအရင်းခံ၊ ဤဒိဋ္ဌိလက်သည်၊ ဤဒိဋ္ဌိဘဏ္ဍာခံအစစ် ဖြစ်ပါတော့သည်။

ပဋိစ္စသမုပ္ပါဒ်နားမလည်လျှင် ဒိဋ္ဌိတည်းဟူသော အနှောင် အဖွဲ့မှ သတ္တဝါတို့မှာ လွတ်ရေး·ကျွတ်ရေးမရှိဟူ၍ ဟောတော် မူသည်။

ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ၌၎င်း၊ မဟာဝဂ်အဋ္ဌကထာ၌၎င်း ဘုရားနှင့်ပစ္စေကဗုဒ္ဓါမှတပါး ပဋိစ္စသမုပ္ပါဒ်ဘဏ္ဍာကို လျှော်စွာ မိမိတို့အလိုအလျောက် မည်သူမျှ မသိနိုင်ကြခေ။ ဤသို့ မသိ နိုင်ခြင်းကြောင့် ၆၂-ပါးသော ဒိဋ္ဌိတို့သည် ကပ်ဆောက်ကြပြီး လျှင် မကောင်းသဖြင့် ကျဆောက်ဆု- လားဆုဖြစ်သော ဒုဂ္ဂတိ (အပါယ်ဘေး)မှ မလွတ်ကင်းနိုင်ဟူ၍ ဟောတော်မူသည်။

ထိုကြောင့် ပဋိစ္စသမုပ္ပါဒ်သည် ဤကုသာသနာတော်၌ သာမဟုတ်- နောင်-ပွင့်ဘော်မူမည့် သာသနာဘော်မျှား၌သည်း

အရေးပါဆုံးသောကိစ္စတရားတော်များသာဖြစ်သော ဤတရားတော်တို့ကိုဘိုး ဟောထားသောတရားစာအုပ်များကို အပါယ်ဘေး၃ဌာနတိုဘေးမှ လွတ်လို·ကျွတ်လိုကြသူတိုင်း နားလည်အောင်ဘတ်ရှုသင့်ကြသည်၊ နားလည်သည့်အတိုင်း ကျင့်ကြံအားထုတ်သင့်ကြပါသည်။

ဤ ပဋိစ္စသမုပ္ပါဒ်တရားတော်သည်း ခန္ဓာပဋိစ္စသပ္ပါဒ်ဟုဆိုသော ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်သည် နားလည်ရေးအတွက် ပို၍အရေးကြီးသောတရားဖြစ်သည်၊ ဥပမာ....မျက်စိအကြည်ဓာတ်နှင့် အာရုံဝတ္ထုနှစ်ခု တိုက်ဆိုင်တွေ့ဆုံသော် မြင်စိတ်ဖြစ်သည်။ ဤမြင်စိတ်သည် ပဋိစ္စသမုပ္ပါဒ်အစဖြစ်သည်ဟု ဘုရားနှင့်ပစ္စေကဗုဒ္ဓါနှစ်ပါးကလွဲ၍မည်သူမျှမိမိအလိုလို မသိနိုင်ချေ။ထို့ကြောင့် သားလျှင် တရားနာခြင်းကိစ္စ၌ ဤမျှ တိုက်တွန်းနေခြင်းဖြစ်ပါသည်။

ထပ်၍ဖေါ်ပြပါဦးအုံ၊မျက်လုံးအကြည်ဓာတ်နှင့်အဆင်းရုပါရုံနှစ်ခုတိုက်ဆိုင်သော် မြင်စိတ်ပေါ်သည်။ မြင်စိတ်ပေါ်သည်ကို ငါမြင်-သူမြင်သည်ဟု နောက်မှဒိဋ္ဌိကနေ၍အထင်မှား,အသိမှား, အမှတ်မှားသုံးချက်ဖြင့် ငါမြင်တာဘဲဟု အထင်လွဲချော်စေသည်။ ဤသည်ပင် ပဋိစ္စသမုပ္ပါဒ်အစဖြစ်သည်။

ထိုမှတပါး၊ သားကလေးကျောင်းက ပြန်လာသော အသံကြားသည်။ နားအကြည်ဓာတ် ပသာဒရုပ်နှင့် အသံတည်းဟူသော အာရုံဝတ္ထုနှင့် တိုက်ဆိုင်သဖြင့် ကြားသည်ကိုပင် ငါကြားသည်၊ခန္ဓာငါးပါးကိုပင် ငါ့သားဟု အထင်မှား,အသိမှား,အမှတ်မှားက နောက်ကနေပြီး လှည့်ပတ်လိုက်သဖြင့် ပဋိစ္စသမုပ္ပါဒ်က

စတော့သည်။ဥပမာ သား၏အသံကြားသည်၊ကြားလျှင်ဘွဲ့ချင်သည်။

မားတ္ဌရ မနေနိုင်ဖြစ်သည်။ပေ့ါလား·ဖက်လား၊ နမ်းလား-ရှုပ်လားပြုလုပ်သည်။ ၎င်းသည် ပစ္စုပ္ပန်ပဋိစ္စသမုပ္ပါဒ်လည်ခြင်းဖြစ်သည်။ ရှေ့ပိုင်းဌ် ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းပုံစံပါသည်။ ၎င်းပုံစံဌ် (၂)နံပါတ်အကွက်နှင့် (၃)နံပါတ်အကွက် ဆက်ခြင်းဖြစ်သည်။ (၄)နံပါတ်အကွက် ကူးခဲ့သော် နောက်ဘဝဇာတိရမည်ဖြစ်သည်၊ ဇာတိရသော် ဇရာ,မရဏ နောက်က သေသေချာချာ လာမည်ဖြစ်သည်။ ဤသို့ ဆက်ခြင်းကို သံသရာရှည်ခြင်းဖြစ်သည်ဟုပင် ခေါ်ဆိုခြင်းဖြစ်သည်။

တရားနာခြင်း(၀၁) တရားစာအုပ် ဘတ်ကြားခြင်းပြုသော သူသည် မျက်စိအကြည်ဓာတ်နှင့် အားရုံငတ္ထုတိုက်ဆိုင်၍ မြင်စိတ်ပေါ်ခဲ့သော်၊ ဤကားမြင်စိတ်တည်း။(စက္ခုဝိညာဏ်)အကြောင်းကြောင့် ပေါ်လာသော အကျိုးတရားပင်တည်း။ ပဋိစ္စသမုပ္ပါဒ်ပင်တည်းဟူသော အသိညာဏ်တရားနှင့် နှလုံးသွင်းမှုတို့ပေါ်လာနိုင်သည်။ တရားမျှားမျှားနာလေ အသိဉာဏ်တိုးပွားလေ၊တရားစာအုပ် မျှားမျှားဘတ်လေ အသိဉာဏ်ထက်လေ- နှလုံးသွင်းမှုပိုမိုလေ၊ အသိညာဏ်ထက်လေ အကြောင်းတရားကြောင့် ပေါ်သော အကျိုးတရားဘဲ။ ပဋိစ္စသမုပ္ပါဒ်နှင့် ပဋိစ္စသမုပ္ပန္နမျှသာဘဲ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား,မိန်းမ မပါပါဘူးဆိုသော အသိညာဏ်တိုးပွားလေဖြစ်သည်။ ဤသို့ အသိဉာဏ်တိုးပွားခြင်းသည် ဒိဋ္ဌိကို တဒင်္ဂအားဖြင့် ပယ်နေခြင်းဖြစ်ရာ တရားနာနေခြင်း၏ အကျိုးတရား ဒိဋ္ဌခံ့ဘားရခြင်းပင် ဖြစ်ပေသည်။ ဒိဋ္ဌိကို ခေတ္တအားဖြင့် ပယ်ခွါနေခြင်းဖြစ်သည်။

ဤသို့ ဒီဋ္ဌိကို တဒင်္ဂအားဖြင့် ပယ်ခွါနေခြင်းသည် စူဠဒေသာတာပန် အဆင့်အတန်းသို့ ရောက်နေခြင်း၊ ဤသာသနာတော်၌ ထောက်ရာ တည်ရာရနေခြင်း ဖြစ်ပြီဟု ဆိုနိုင်ပေပြီ (ဝိသုဒ္ဓိမဂ်)။

ဤသည်ကား မိုးကုတ်ဝိပဿနာ အဖွဲ့ကြီး၏ ပဌမအဆင့်ဖြစ်သော ရည်ရွယ်ချက်ပင် ဖြစ်ပါသတည်း။

အဖွဲ့ကြီး၏ ဒုတိယအဆင့် ရည်ရွယ်ချက်ကို ဖေါ်ပြရပါလျှင် (မဖြစ်နိုင်တာ- ဖြစ်နိုင်တာတော့ သတ္တဝါတွေ၏ ကံကြမ္မာဟူ၍ ဆိုရမည်ပင်ဖြစ်ပါသည်) တစတစ အထက်ပါအတိုင်း ကျယ်ပြန့်ပြီးလျှင် ရုပ်နာမ် ခန္ဓာငါးပါး ကွဲကွဲပြားပြားသိရှိနားလည်ပြီးလျှင် စူဠဒေသာတာပန် အဆင့်က နေပြီးလျှင် မဟာသောတာပန်ကြီးတွေ တတိုင်းတပြည်လုံး ဖြစ်အောင် အလုပ်နှင့်တွဲပြီးလျှင်(၁)အချက် ပဋိစ္စသမုပ္ပါဒ်သင်တန်း။ (၂)အချက်-ဝိပဿနာနှင့်တွဲ၍ ကျေးဇူးရှင် မဟာထေရ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားပြသနိုင်သော ရဟန်းဆရာ၊ လူဆရာများနှင့် တပြည်လုံးအနှံ့အပြား ဓမ္မကထိကဆရာများကို စီစဉ်၍ နွေ,လ, သတင်းဝါလကျွတ်လျှင် မိုးကုတ်ဝိပဿနာခန္ဓာဉာဏ်ရောက်တရားပွဲများ စီစဉ်လျက်ရှိနေပါသည်။ ဤသို့ အစီအစဉ်များ တပြည်လုံး စူဠဒေသာဘာဝနာနှင့် မဟာဒဿာတာဝနာကြီးများ ဖြစ်ပွားပေါ်ပေါက်လာနိုင်စေရန် ကျေးဇူးတော်ရှင် မဟာဌေရ်ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အရ ဤအဖွဲ့ကြီးက ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

ထိုစူဠဒေသာတာဝနာ၊ မဟာဒဿာတာဝနာ များတွင်သာမက မိမိတို့ သဒ္ဓါ, ပညာ, ဝီရိယအလိုက် အဏုမက်များဖြစ်သော သကဒါဂါမ်, အနာဂါမ်, ရဟန္တာအထိ တိဟိတ်ပုဂ္ဂိုလ်ဖြစ်၍

ပဥ္စာနန္တရိယကံ ကျူးလွန်ခြင်း မရှိပါက တက်လှမ်းနိုင်ရန် အကြောင်းရှိသည်ဟူ၍ မဟာပရိနိဗ္ဗာနသုတ်တွင် "ငါဘုရား ပရိနိဗ္ဗာန်ပြုသွားသော်လည်း သမ္မာဝိဟာရေယျုံ ကောင်းစွာ ကျင့်ကြံအားထုတ်ခဲ့သော် ရဟန္တာများ မဆိတ်သုဉ်းနိုင်" ဟု ဟောတော်မူခဲ့ပါသည်။ ထို့ကြောင့် မိမိတို့ သဒ္ဓါ, ပညာ, ဝီရိယ အလျောက် သက်ဆိုင်ရာ အဆင့်အတန်းမရောက်နိုင်ဟုမဆိုနိုင်ပါ။ ရောက်နိုင်ပါသည်။

ဝိပဿနာအလုပ်မှာ ကျေးဇူးရှင်ဆရာတော်ကြီး ဟောကြား ဆုံးမတော်မူခဲ့သလို ခန္ဓာ ငါးပါးအပေါ်၌ အနိစ္စဟူ၍, ဒုက္ခဟူ၍ အနတ္တဟူ၍ (၀၊) အတိုချုံးပြီးလျှင် ဖြစ်ပျက်ဟူ၍ ရှု.က ဖြစ်ပျက်- နောက်ကမဂ်၊ ရှု.က ဖြစ်ပျက်-နောက်ကမဂ်ဟူ၍သာ ခန္ဓာနှင့်ဥာဏ်နှင့် တည့်နေဘို့အရေးကြီးသည်။ ရှု.ကဖြစ်ပျက်နှင့် နောက်ကမဂ် ခြားထဲမှာ ကိလေသာမခိုလျှင် မနက်အားထုတ် ညနေ၊ ညနေအားထုတ် နံနက်ဟူ၍ပင် ဗောဓိဆုဇာကုမာရသုတ်တွင် မြတ်စွာဘုရား ဒေသထင်အရှား ဟောတော်မူခဲ့ပါသည်။ သံသယဖြစ်စရာမလိုပါ။ ဒီဘဝငါရနိုင်တဲ့ ပါရမီရှိမှ ရှိပါ့မလား ဟူ၍ ပါရမီကိုလှည့်ပြီး ယိုးမယ်ဖွဲ့ရန်မလိုပါ။

မိမိခန္ဓာကပြသွားတဲ့ ဖြစ်ပြီးပျက်နေတဲ့ သဘောကိုနောက်က အကဲခတ်ရမည် ဖြစ်ပါသည်။ မိမိသန္တာန်မှာ ဝေဒနာကလဲ ဝေဒနာကခန္ဓာ။ စိတ်ကလဲ ဝိညာဏ်ကခန္ဓာ။ ဒီခန္ဓာတွေက ပေါ်ပြီး ပျက်ပျက်ပြနေသည်မှာ မိမိတို့က အမှုမဲ့ အမှတ်မဲ့ နေ၍သာ ဖြစ်သည်။ သတိထား- ဝီရိယစိုက်- ပညာနှင့်ကြည့်ယင် အပျက်တွေ့ တခုပြီးတခု။ ထိခိုက်၍နာကျင်မှုကို ဝေဒနာဟု ခေါ်နေရာ၌ မဆိုလိုပါ။ ဝေဒနာကလေးတွေ့ကလဲ ပျက်နေတာခံတွေ့မည်ပင်။

စိတ်ကလေးတွေ့ကာလည်း တခုပြီးတခု ပျက်ပျက်နေသည်ကိုတွေ့မည်ပင်ဖြစ်သည်။

ၵင်းဖြစ်ပေါ်မှု- ပျက်စီးချုပ်ဆုံးသွားမှုတွေ့ကို နောက်ကဉာဏ်နှင့် အကဲခတ်ပေးခြင်းအလုပ်ပင်ဖြစ်သည်။

ၵင်းအကဲခတ်မှုပြုလုပ်နေစဉ် မိမိစိတ်က တခြားတပါးမသွားရအောင် ထိုအကဲခတ်မှုအလုပ်ပေါ်မှာပင် တည်ငြိမ်နေဘို့အရေးကြီးသည်။ တည်ငြိမ်မှုမရှိလျှင် အချိန်ကုန်သလောက် အကျိုးမမျှားဟု သတိပြုပါ။ တည်ငြိမ်မှုကဲ့သို့ အရေးကြီးသည်မှာ ဉာဏ်ဖြစ်သည်၊ ၵင်း ဉာဏ် နှင့် အကဲခတ်ရမည်ဖြစ်သည်။ ဉာဏ်ကဖြစ်တာလဲသိရမည်။ ပျက်တာလဲသိရမည်။ အဖြစ်အပျက်နှစ်ခုစလုံးသိရမည်။ ဖြစ်မှု,ပျက်မှု,သိမှုတွေ့ချည့် လှုပ်မိုးနေခြင်း-ထုံနေခြင်းသည် ဒုက္ခအစစ်ပါလားဟူသော အသိဉာဏ်သို့ရောက်အောင်ပို့ပေးခြင်းဖြစ်သည်ဟု သတိပြုကြစေလိုသည်။ ဗုဒ္ဓသာသနာတော်ဝယ် ဝိပဿနာဉာဏ်သာလျှင် နိဗ္ဗာန်ပို့ဆောင်နိုင်သော ဉာဏ်ဖြစ်သည်။ ၵင်းဝိပဿနာဉာဏ်သာလျှင် သမ္မာဒိဋ္ဌိအစစ်ဖြစ်သည်၊ အာဘယ့်ကြောင့်ဆိုသော် ၵင်းဉာဏ်သည်သာလျှင် ဒုက္ခသစ္စာကို သိမြင်သော ဉာဏ်ဖြစ်သောကြောင့်တည်း။ ဝိပဿနာဉာဏ်,မဂ်ဉာဏ်သည်သာ နိဗ္ဗာန်သို့ ပို့နိုင်စွမ်းရှိသည်။

ဒါနမှုသည် နိဗ္ဗာန်သို့ ပို့နိုင်စွမ်းမရှိ။ သီလမှုသည် နိဗ္ဗာန်သို့ပို့နိုင်စွမ်းမရှိ။သမထမှုသည် နိဗ္ဗာန်သို့ ပို့နိုင်စွမ်းမရှိ။နိဗ္ဗာန်သည် ဆုတောင်းယူ၍ရနိုင်သော အရာဝတ္ထုမဟုတ်။ နိဗ္ဗာန်ရသောအလုပ်-လုပ်မှုသာလျှင် နိဗ္ဗာန်ကိုရနိုင်သည်။

နိဗ္ဗာန်ဆိုသည် ကျောင်းနှင့် လဲလှယ်ယူ၍ရသော အလုပ်မဟုတ်။ တန်ဆောင်းနှင့်လဲလှယ်ယူ၍ ရနိုင်သော အလုပ်မဟုတ်ဆိုသည်ကို သတိပြုရသည်။

ကျေးဇူးရှင် မဟာထေရ် မိုးကုတ်ဆရာတော်၏ ဥပနိဿယခံတပည့်အပေါင်းတို့သည် ဒါနကို မိမိကိုယ်တိုင်လည်း အမြဲအပြတ်ပြုလုပ်လျက်ရှိသည်။ သူတပါးတို့ကိုလည်းမည်သည့်အခါမှ မပိတ်ပင်။ သို့ရာတွင် ဒါနပြုရာ၌ ဤခန္ဓာဝန်ဒုက္ခသစ္စာကို ရှုမှတ်ခြင်းငှေ့ပြီး နောင်တဖန် ဒုက္ခသစ္စာရခြင်းကို အလိုမရှိသောကြောင့်ဆို၍ မိမိဘို့ခန္ဓာဒုက္ခသစ္စာကိုသာ ဒုက္ခသစ္စာဟူ၍ မြင်ပြီး လှူကြ, တန်းကြခြင်းဖြစ်သည်။

ဟိုဘဝ, ဒီဘဝ လူ့စည်းစိမ်, နတ်စည်းစိမ် အကြိမ်ကြိမ် ခံစားစံစားခဲ့ဆိုပြီး ဘုံဘဝကိုတောင့်တပြီး လှူဒါန်းသော ၎င်းလှူနည်းမျိုးမဟုတ်ဘဲ သစ္စာသိပြီးသာ လှူကြ, တန်းကြခြင်းဖြစ်သည်၊

အချို့က ဒါနသည် သံသရာရှည်သည်ဟူ၍ ပြောကြသေး၏။ ဒါနသည် သံသရာမရှည်-ဒါနနောက်က အသိမလိုက်၍(၀၇) အကျိုးပေး မခရီးချယ်တတ်၍ (၀၇) သစ္စာသိပြီး လှူခြင်းမျိုး မဟုတ်၍သာ သံသရာရှည်သည်။

သို့ရာတွင် အထူးသတိပြုကြရန် ကျေးဇူးတော်ရှင် မဟာထေရ်ကြီးက သတိပေးတော်မူခဲ့သည်။ ပြုပြင်ခဲ့သည်မှာ- ကမ္မဿကတဉာဏ်ဦးစီး၍ ဝဋ်ဖြစ်သောဒါနကို မပြုမိကြရန်၊ အထူးသတိပေးခြင်းဖြစ်သည်။ နောင်ဖြစ်လေရာဘဝ၌ ချမ်းသာအောင် ဆင်းရဲကင်းအောင်ရည်ရွယ်၍ လှူဒါန်းပေးကမ်းခြင်းမျိုးကိုပြုပြင်ပေးတော်မူခြင်းဖြစ်သည်။

ဂင်းပြင်၊နိဗ္ဗာန်ကို အသာထားပါဦး။ လေးမဂ်-လေးဖိုလ်တွင် အောက်ဆုံးဖြစ်သော သောတာပတ္တိမဂ်ကိုပင်ကြဒါနပြု၍ သောတာပန်ဖြစ်ရပါလို၏။ ကျကျောင်း, ကျတန်ဆောင်း လွဒါန်းရသော အကျိုးကြောင့် သောတာပန်ပုဂ္ဂိုလ် ဖြစ်ရပါလို၏ဟု ဆုတောင်းလျှင် အာပေါက်အောင် တောင်းခြားသော်လည်း သောတာပန်ပုဂ္ဂိုလ်မဖြစ်နိုင်။ နိဗ္ဗာန်ဆိုသည်မှာ ဝေလာဝေးလှ၏။

ထို မဟာသောတာပန်ပင်ထားပါဦး။ စူဠသောတာပန်ဖြစ်ပါရစေဆို၍ ကျကျောင်း, ကျကန်, ကျစာန်ဆောင်းကို လှူပါ၏, တန်းပါ၏ဆို၍ကော ရနိုင်ဘူယ် ရှိပါ၏လား၊ဆိုပါလျှင် စူဠသောတာပန်ဖြစ်တဲ့ အလုပ်လုပ်မှသာလျှင် စူဠသောတာပန် ဖြစ်နိုင်သည်ဟုပင် ဖြေဆိုရပေလိမ့်မည်။

ဗုဒ္ဓရှင်တော်မြတ်သည် ငါသည် သင်တို့အား လမ်းသာပြနိုင်သည်။ မဂ်-ဖိုလ်ရ,ရန်အလုပ်မှာ သင်တို့ဘာသာ သင်တို့ လုပ်ယူရလိမ့်မည်ဟူ၍ ဟောကြားတော်မူပါသည်။

ထို့ကြောင့် သောတာပန်ဖြစ်လိုလျှင် သောတာပန်ဖြစ်သော အလုပ်ကို လုပ်ရလိမ့်မည်။သကဒါဂါမ်ဖြစ်လိုပါက သကဒါဂါမ်ဖြစ်သောအလုပ်ကို လုပ်ရလိမ့်မည်။ အနာဂါမ် ဖြစ်လိုက် အနာဂါမ်ဖြစ်သော အလုပ်ကိုလုပ်ရလိမ့်မည်။ နိဗ္ဗာန်လိုချင်လျှင် နိဗ္ဗာန်ရသောအလုပ်ကို လုပ်ရလိမ့်မည်ဖြစ်ကြောင်း။

ဦးသံဒိုင် -(ညကွင်း)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့။

ရန်ကုန်မြို့။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အာမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
မာဂဏ္ဍိပရိုင်ဝတ္ထု (၃)

နွေအလုပ်ပေးတရားတော်

(၇ - ၉ - ၆၁)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သူ တကိုယ်တည်း တယောက်တည်း နိဗ္ဗာန်ယူမည်ဆိုလို့ ရှိယင် သုမေဓာ ရသေ့ အဖြစ်ကတည်းက သခ်ၤါရုပေကွာဉာဏ်ရောက်ပြီးသကာလ ကဲ.... သခ်ၤါရုပေကွာဉာဏ်တွင် မရပ်တော့ဘူး၊ မဂ်ဉာဏ်ကျအောင်ဘဲ ကြိုးစားလိုက်မယ်ဆိုယင် ရောက်ပါတယ်....တဲ့.... (မှန်လှုပါဘုရား)။

ထိုကဲ့သို့ ရောက်ငြားသော်လဲ ငါချည့် တယောက်တည်း နိဗ္ဗာန် မသွားချင်ဒေသးဘူး၊ လူ,နတ်,ဗြဟ္မာ, သတ္တဝါတွေ ကယ်ယူပို့ ဆောင်ပြီး သကာလ အတူတကွမှ သွားတော့မယ်ဆိုတဲ့ စိတ်ထားကြောင့် ကိုယ်တော်မြတ်ကြီးသည် ပါရမီဆယ်ပါး (မှန်ပါဘုရား) ပြားလိုက်လို့ ရှိယင် အပြားသုံးဆယ်ဆိုတာတွေ့, စွန့်ခြင်းကြီးငါးပါး၊ သူများ စိတ်မှမကူးရဲတဲ့ သားစွန့်, မယားစွန့်, ကိုယ်လက်အင်္ဂါဘွဲ့စွန့်, အသက်ပါစွန့်ဆိုတာတွေ့ သူ့စွန့်တာသည် ဘုရားဖြစ်ချင်လို့ စွန့်ဘာ၊ သတ္တဝါတွေ့ ကယ်တင်ချင်လို့ စွန့်တာ....လို့ မှတ်ရမယ်....(မှန်လှုပါဘုရား)။

နိဗ္ဗာန်လို့ချင်လို့ စွန့်တာမဟုတ်ဘူး... (မှန်ပါ့ဘုရား)နိဗ္ဗာန်ကို သုမေဓာရဿေ လက်ထက်က ရပါ့တယ်၊ ယူလိုက်လို့ရှိယင်.... (မှန်လှပါ) သို့သော်လဲ သတ္တဝါတွေ ကယ်တင်ချင်တဲ့အတွက် ပါရမီဆယ်ပါး, အပြားသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယ သုံးပါးဆိုတဲ့ ရည်ရွယ်ချက်ကြီးတွေ, သူတပါး စိတ်မှမကူးရဲတာ တွေကို ကူးပြီးသကာလ ကြိုးစားရှာတယ်....(မှန်လှပါ)။

ဒါဖြင့် ကျုပ်တို့အတွက်က ပါရမီဆယ်ပါး, အပြားသုံးဆယ် ဖြည့်ရတယ်... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) သူ့အတွက်ကတော့ တယောက်တည်းယူလဲရပါတယ်....(မှန်ပါ့) သုမေဓာရဿေ လက်ထက်ကတည်းက ရပါတယ်ဆိုတာကို တကာတကာမတွေ ကြားလဲကြားဘူးကြလို့ သိလဲသိဘူးကြပါပြီ ... (မှန်ပါ့)။

သို့သော်.... ဒီစကားကို ဆရာဘုန်းကြီး ဘယ်နှယ်ကြောင့် ပြောရပါလိမ့်မတုံး. လို့ မေးတဲ့အခါကျတော့ ဒါလောက် တောင် ကျုပ်တို့ကိုင့်တဲ့ကိုယ်တော်ကြီး.... (မှန်ပါ့) ကျုပ်တို့က မင့်ဘဲနေပြီး ထော်လော်ကန့်လန့် လုပ်နေလို့ရှိယင် တော်ပါ့ မလားဆိုတဲ့ မေတ္တာတွေ ပြန်ပါစေတော့လို့ ဒီအကြောင်းပြော ရခြင်းဖြစ်ပါတယ်....(မှန်လှပါ) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ တကာတကာမတို့၊ ကျုပ်တို့ အတွက်ကြောင့် ပါရမီဆယ်ပါး,အပြားသုံးဆယ်,စွန့်ခြင်းကြီးငါးပါးတွေ စွန့်တာ ဟာ ဘုရားဖြစ်မှ ကျုပ်တို့ကို ကယ်တင်နိုင်မှာဖြစ်လို့, ကျုပ်တို့

အတွက်ဘဲ ကြိုးစားရတယ်ဆိုတာ ပေါ်မလာဘူးလား....(ပေါ်လာပုံတယ်ဘုရား)။

အဲဒီ ကိုယ်တော်ကြီးက မဟာသူညတသုတ်ဆိုတဲ့ ဥပရိပဏ္ဏာသ ပါဠိတော်ကျတော့ သူ ဘယ်လိုသုံးထားသတုံး... ဆိုတဲ့ဥစ္စာ တကာကြွယ်တို့-တကာသစ်တို့ နားထောင်ပါနော် .... (မှန်ပါဘုရား)။

" တသမာတိဟ မံ အာနန္ဒ မိတ္တဝတာယ သမုဒါစရထမာ သပတ္တဝတာယ "လို့ သူဟောတယ်....(မှန်ပါ)။

ဒါက ပါဠိလိုဖြစ်နေလို့.... တကာတကာမတွေက အသာထား၊ ဘုန်းကြီးရှင်းပြပါမယ်....တဲ့၊ အာနန္ဒာ....တဲ့၊ ငါ....အခုချုတ်မည့်သတ္တဝါတွေ၊ငါ့ကြည်ညိုနေတဲ့သတ္တဝါတွေရော-မကြည်ညိုနေတဲ့ သတ္တဝါတွေရော၊ ငါ....ဘုရားရယ်လို့ ဂုဏ်ကြီးဒဋ္ဌိကြီးနဲ့ ဒီလိုမနေပါဘူးကွာ... တဲ့၊ ငါ့ကို မိတ်ဆွေကောင်းအဖြစ်ဖြင့် ကျင့်ကြယင် တော်ပါပြီ...တဲ့... (မှန်ပါ)။

တကာ တကာမတွေက မိတ်ဆွေကောင်း တယောက်ကနေပြီး ကျင့်ဘို့,ကြံဘို့ပြောတယ် လို့ ဒါလောက်တန်းတူထားပြီးသကာလ သူ့ကိုယုံကြည်ယင်ဘဲ တော်ပါပြီ...တဲ့ (မှန်လှပါဘုရား)။

တန်းတူထားပြီး ယုံကြည်ယင်....(တော်ပါပြီ....တဲ့) မာ သပတ္တဝတာယ ဆိုတာကတော့ ငါက ဒီလို ဟောလိုက်လို့ ရှိယင် သူတို့က ထော်လော်ကန့်လန့်နဲ့ လုပ်ပြီး ဒီလိုကျင့်မယ်-ဒီလိုကြံမယ် ပြောင်းပြန်လုပ်မယ်ဆိုတာတော့ဖြင့် မလုပ်ကြပါနဲ့တဲ့....(မှန်ပါဘုရား)။

ဒါဖြင့် တိုတိုပြောတဲ့အခါကျတော့ တကာကြွယ်- တကာသစ်တို့ မှတ်ရမှာက ငါ့ကို ရန်သူအဖြစ်နဲ့တော့ဖြင့် မင်းတို့က ကိုယ်တော်ကြီး ဒီလိုပြောလို့ တပည့်တော်တို့က ဒီလို- ဟိုလိုနေမယ်၊ ပြောင်းပြန်ချည့်နေမယ်ဆိုတဲ့ ရန်သူသဘောတော့ မလုပ်ကြနဲ့ ကွာ... တဲ့၊ မိတ်ဆွေကောင်းတယောက်က မှန်ရာပြောလို့ ဒီ-မှန်ရာကိုဖြင့် ဒို့ -လိုက်နာသင့်တယ်လို့ ဒီလိုမိတ်ဆွေသဘောအဖြစ်နဲ့ ယုံကြည်ပြီး လိုက်နာမယ်ဆိုလို့ရှိယင် တော်ပါပြီ....တဲ့ (မှန်လှပါဘုရား) ဆိုတော့ တကာတကာမတို့ ဒီအကြောင်းဟာ ဒီ့ထက်လျှော့စေးတော့ဖြင့် ရှိသေးသလား.... (မရှိပါဘုရား)။

တကာတကာမတို့ သေသေချာချာမှတ်ပါ၊ ခုနင်က ကျွင့်လာတာနဲ့စာယင် ဒီစကားသုံးဘို့မလိုဘူး.... (မှန်ပါ့) ပါရမီဆယ်ပါး,အပြားသုံးဆယ်,စုန့်ခြင်းကြီးငါးပါးဟာ သူ့အတွက်လားတဲ့၊ သတ္တဝါတွေကယ်တင်ချင်တဲ့အတွက် အပိုလုပ်ရတာလား (သတ္တဝါတွေကယ်တင်ချင်တဲ့အတွက် အပိုလုပ်ရတာပါဘုရား)။

ခင်ဗျားတို့, ကျုပ်တို့ စိတ်ကူးနဲ့ဆိုယင်ဖြင့် ဒီစိတ်ကူးဟာ အသားလှ,အရိုးလှ,အသက်စုန့်,သားမယားစုန့်,- လုပ်ရဲပါ့မလားလို့ မေးလို့ရှိယင်ဖြင့် မလုပ်ရဲဘူးလို့ အများအဖြထွက်မှာဘဲ (မှန်လှပါဘုရား)။

သို့သော်လဲ ဒါမှမလုပ်ရဲယင် ဘုရားမဖြစ်၊ ဘုရားမဖြစ်လို့ ရှိယင် မကယ်တင်နိုင်ဘူး.. (မှန်ပါ့) ဒါဖြင့် ကယ်တင်နိုင်တဲ့အကျိုးဌာ သူ့မှာ ဒီအလုပ်ကြီးကို သူတပါးစိတ်ကူးမှ မထည့်ဝံ့

တာ့ကြီး လုပ်ရတာထောက်ယင် ကျုပ်တို့က ဒီပုဂ္ဂိုလ်ကြီး ပြော တာကိုဖြင့် ရန်သူက ပြောတဲ့စကားလို့ မထားဘဲနဲ့ မိတ်ဆွေက ပြောတဲ့စကားရယ်လို့ထားပြီး ကြိုးစားယင် ငါဘုရား ကျေနပ် ပြီလို့ ပြောလိုက်တာ .. (မှန်ပါ့)။

ဒါဖြင့် တကာ့ကြွယ် ဒီ့ထက်လျှော့စေးမရှိတော့ဘူး....(မရှိ ပါဘုရား) ဦးမာဒင် ဒီ့ထက် လျှော့စေးကော....(မရှိပါ ဘုရား)။

သို့သော်....ခင်ဗျားတို့က ဘယ်လိုဖြစ်နေသတုံး....လို့ မေးလို့ ရှိယင်ဖြင့် ဘုရားကတော့ဖြင့် သီလလုံစေကွာ....သမာဓိတည်ကြ ပေ့....၊ ပြီးတော့ ဝိပဿနာဉာဏ်ကူးကြပေ့.... ဆိုငြားသော် လဲ ခင်ဗျားတို့က သားရေး, သမီးရေး, စီးပွားရေးကိုဘဲ အဓိက ထားတယ်....(မှန်ပါ့) သီလပျက်ချင်ပျက်ပစေကွာ၊ မတတ်သာ လို့ မုသားသုံးလိုက်တယ်ဆိုတော့ ထော်လော်ကန့်လန့်လုပ်တဲ့ အထဲပါတယ် (ပါ-ပါတယ်ဘုရား)။

မိတ်ဆွတယောက်က ပြောတဲ့စကားလို့ ယုံယုံကြည်ကြည် လိုက်နာတဲ့ သဘောမရောက်ဘဲနဲ့ ကိုယ်တော်ကြီးက ဒါမပြော ကောင်းဘူး တဲ့၊ ဒို့....မတတ်သာလို့ ပြောလိုက်ဦးမယ်.... (မှန်လှပါ) ဆိုတော့ တကာကြွယ်တို့က မိတ်ဆွပြောတဲ့စကား မိတ်ဆွပီပီ လိုက်နာတာလား....၊ ထော်လော်ကန့်လန့်လုပ်ဘာ လား....၊ သတိထား.... (ထော်လော်ကန့်လန့် လုပ်တာပါ ဘုရား)။

ဘယ်လိုအဓိပ္ပါယ်ရောက်နေပါလိမ့်.... (ထော်လော်ကန့်လန့် အဓိပ္ပါယ် ရောက်နေပါတယ်ဘုရား) ထော်လော် ကန့်လန့်

အဓိပ္ပါယ်ရောက်နေတော့ ဩော်.... လွန်ကျူးမည် ကြံတိုင်း·ကြံတိုင်း ဒို့အရေးကြောင့် အသက်စွန့်,အသွေးစွန့်,အသားစွန့် ပြီးသကာလ ဒို့ကို ချမ်းသာရာ ကယ်တင်ချင်လို့ ဒါလောက် ကျေးဇူးတွေကို ဒို့ဘို့ဆောင်ရွက်ချင်တဲ့ ကျေးဇူးကြောင့် အပင် ပန်းခံလိုက်တာ ဒို့က ထော်လော်ကန့်လန့်လုပ်လို့ မတော်ပါ လားဆိုတဲ့ တလုံးကလေးတောင်မှ ကတညုတကတဝေဒီ မရှိတဲ့ သဘောရောက်ပါ၏တယ်.... (ရောက်ပါတယ်ဘုရား) ကျုပ်တို့, ခင်ဗျားတို့လေ... (မှန်ပါ့)။

တကာကြွယ် တယ်ဆိုးတဲ့လူတွေပါလားလို့ ပြောလို့ရှိယင် မလွဲပါဘူး.... (မလွဲပါဘုရား)

အင်မတန်ဆိုးတဲ့လူတွေမို့ ထော်လော်ကန့်လန့် လုပ်ရဲတာ.... (မှန်ပါ့) ကျုပ်တို့အတွက်ကျင့်ရတာ လေးသင်္ချေနဲ့ ကမ္ဘာ တသိန်း....(မှန်ပါ့)။

သူ့အတွက်တော့ သုမေဓာရသေ့ လက်ထက်ကတည်းက ကိစ္စပြီးနိုင်တယ်.... (မှန်ပါ့) နိဗ္ဗာန်ရယင် ငါယူသွားမယ်လို့ တယောက်တည်းယူယင် ရပါတယဲဗျာ....(မှန်ပါ့)။

သို့သော်....ကျုပ်တို့ငဲ့ပြီး အသားလှူ, အသွေးလှူပြီးသကာလ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကျင့်ရရှာတယ်.... (မှန်ပါ့) ဒီ.... ကိုယ်တော်ကြီးက ဘယ်လိုပြောသလဲဆိုတော့ ခုနင်ကပြောခဲ့တဲ့ စကားနှစ်ခွန်းမှတ်ပါ....(မှန်ပါ့)။

အာနန္ဒာ....အခု ပုဂ္ဂိုလ်တွေသည်ကားလို့ဆိုယင်ကွာ....တဲ့.... ငါလို မိတ်ဆွေကောင်းတယောက်က ပြောတဲ့စကား....၊ ငါ....

ပြောတဲ့စကားကို မိတ်ဆွေကောင်းတယောက်က ပြောတဲ့စကား လို့ လို့က်နာယင် တော်ပါပြီ....တဲ့....(မှန်ပါ့)။

ဒါဖြင့် ရန်သူတယောက်ဘဲဆိုပြီး အထိမ်းအမှတ် ထားပြီး ထော်လော်ကန့်လန့် ဖြောင်းပြန် ပြန်လုပ်မယ်ဆိုတဲ့ အသွေးမျိုးကို မလုပ်ကြယင်ဘဲ ဒါ-ကျေနပ်ပါပြီ....တဲ့....(မှန်ပါ့) ဆိုတော့ ဦးမာဒင် ဒီထက်လျှော့စရာစကား ဘယ်နှယ်တုံး.... (မရှိပါဘုရား)။

လျှော့စရာစကား မရှိပေမဲ့ ခင်ဗျားတို့ မိတ်ဆွေကောင်း တယောက်ပြောတဲ့စကား လိုက်နာတဲ့ အချိုးအစားထဲကလား.... ထော်လော်ကန့်လန့်ထဲကလားလို့ မေးတဲ့အခါကျတော့ တကာကြွယ် အဖြောက်တယ်....(မှန်ပါ့) ဘယ်ဘက်ကမျှားနေသတုံး.... (ထော်လော်ကန့်လန့်ဘက်က မျှားနေပါတယ်ဘုရား)။

သြော်.... ဒါဖြင့် အင်မတန် ပါရမီ သည်းခံနိုင်တဲ့အတိုင်း တန်းကုန်ဖြစ်ပြီးသကာလ နေတဲ့ကိုယ်တော်ကြီးမို့ သဘဲကျုပ်တို့ ခင်ဗျားတို့ကို သဘသနာ ငါးထောင်ရယ်လို့ ထားပြီးသကာလ ကယ်ယူပို့ဆောင်ဘို့ ဓမ္မက္ခန္ဓာတွေ့ ဆရာလုပ်ထားခဲ့တယ်.... (မှန်ပါ့) သူ့တဝဝန်ကတော့ကုန်ပြီ....(ကုန်ပါပြီဘုရား)။

သူ့တဝဝန်ကကုန်ပြီ၊ တကာတကာမဘွဲ့က ထော်လော် ကန့်လန့်သမားတွေ့က ကိုယ့်တဝဝန်မကြေပြန်ကာ တကာကြွယ် ဆိုးလှတယ်....(ဆိုးပါတယ်ဘုရား)မဆိုထိုက်ဘူးလား....(ဆိုထိုက် ပါတယ်ဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ဆိုလို့ရှိယင် အသားလှပါဆိုလို့ရှိယင် ဘဲ....မရပါဘူး....(မရပါဘုရား)။

အသက်လှုပါဆိုယင်ကော....(မရပါဘူးရှား) သားသမီးလှုပါဆိုယင်....(မရပါဘူးရှား)သူက ဒီဟာတွေလှုရတာက သူ့အတွက်လား....၊ သူတပါးအတွက်လား.... (သူတပါးအတွက်ပါဘူးရှား) ခင်ဗျားတို့ကတော့ လောကွတ်ချော်တာပါတောင် ထင်ချင်မျှား ထင်နေဦးမလား မပြောတတ်ဘူး... (မှန်ပါ့)။

ဒါလောက်ထိအောင်ဆိုးတဲ့လူတွေဆိုတဲ့ အဓိပ္ပါယ်ရောက်နေတယ် တကာကြွယ်-ရေ....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ကတော့ ကိုင်း-ဒါလောက်တောင် ကျေးဇူးရင်ဖြင့် ကျေးဇူးစွပ်ဘို့ မကောင်းပါဘူး....(မှန်ပါ့)။

ကျေးဇူးရင်ကို.... (ကျေးဇူးစွပ်ဘို့ မကောင်းပါဘူးရှား) ဒါကလေးပြင်လိုက်ယင်ဘဲ တကာကြွယ် နိဗ္ဗာန်ရမယ်နော်- (မှန်ပါ့) ကျေးဇူးရင် ကျေးဇူးမစွပ်တော့ပါဘူး၊သူပြောတာ လိုက်နာပါ့မယ် မိတ်ဆွေကောင်းတယောက်က ပြောတာဘဲ၊ ဒါလောက်ကလေးကို....၊ ဂုဏ်ကြီး ဒြပ်ကြီးနဲ့ ငါ-မယူပါဘူးကွာ....တဲ့... (မှန်ပါ့ဘုရား)။

မိတ်ဆွေကောင်းတယောက်က ဒီလိုကျင့်လို့ပြောလို့ ဒီလိုကျင့်တယ်ဟော့၊ ဒါလောက်လိုက်နာယင်ဘဲ အကျေနပ်ကြီး ကျေနပ်ပါပြီဆိုတော့ တကာသစ်လျှဉ်သ၍ တန်းကုန်ပြီ.... (မှန်ပါ့ဘုရား)။

ဒါဥပရိပက္ကာသပါဠိတော်မှာ မဟာသုညတသုတ်ရှိတယ်၊ အဲဒီသုတ်မှာ ရှင်အာနန္ဒာပြောနေတာ... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘယ်လိုနေကြမလဲ....။ မိတ်ဆွေအဖြစ်နဲ့ဘဲ နေမလား၊ ထော်လော်ကန့်လန့်ဘဲ နေကြမလားလို့ မေးလို့ ရှိယင်ဖြင့် တကာကြွယ် ဘယ့်နှယ်ဖြေပါ့မလဲ.... (မိတ်ဆွေအဖြစ်နဲ့ဘဲနေပါ မယ်ဘုရား)တော်သေးတယ်နော်....(မှန်ပါ့)။

ဒါလဲ တခုစဉ်းစားပါ။ ကိုယ်တော်မြတ်ကြီးက ဒီ- အလုပ် မလုပ်နဲ့ဆိုလို့ ရှိယင် မတတ်သာလို့ လုပ်လိုက်ရတယ် ဆိုလို့ ရှိယင် တကာသစ် ဘယ်အထဲကကျသလဲ.... (ထော်လော်ကန့်လန့်ထဲက ကျပါတယ်ဘုရား)။

ကိုယ်တော်ကြီးက မုသားမသုံးနဲ့၊ မင်း- ပရိယာယ်မာယာ တွေမသုံးနဲ့ မာယာသာဋ္ဌေယျဆိုတာ သီလပျက်တယ်ကွ.... သီလ ပျက်ယင် သမာဓိမရနိုင်ဘူး၊ မရနိုင်ယင် မဂ်ဖိုလ်ဉာဏ်ဝေးတယ် ကွလို့ ဆိုငြားသော်လဲ မတတ်သာလို့ သုံးလိုက်ရတယ်ဆိုယင် ဖြင့် အဲဒီအချိန် ထော်လော်ကန့်လန့်အချိန်ဘဲ....(မှန်ပါ့) မဆိုး စ၀ါဘူးလား .. (ဆိုး၀ါးပါတယ်ဘုရား)။

သို့သော် များသောအားဖြင့် ဦးမာဒင်တို့ စဉ်းစားကြည့်.... မိတ်ဆွေကောင်းတယောက်က ပြောတဲ့စကား လိုက်နာတဲ့ပုဂ္ဂိုလ်နဲ့ ထော်လော်ကန့်လန့်လုပ်နေတဲ့ ပုဂ္ဂိုလ်နဲ့ ဦးမာဒင် ဘယ်သူက များမယ်ထင်သတုံး... (ထော်လော်ကန့်လန့်လုပ်နေတဲ့ ပုဂ္ဂိုလ်က များပါတယ်ဘုရား)။

ဒီအသင်းတော့ မပါ-ပါနဲ့ဗျာ .... (မှန်ပါ့) တကာကြွယ် ဒီအသင်းပါချင်သေးသလား....(မပါချင်ပါဘုရား)။

မပါချင်လို့ ရှိယင်ဖြင့်တဲ့ သူများကိုမဆုံးမနဲ့၊ ကိုယ်လွန်ကျူး မယ်ကြံလို့ ရှိယင် မင်း-ဘုရား၏ ရန်သူလားလို့ ကိုယ့်ကိုယ် ကိုယ် မေးလိုက် .. (မှန်ပါ့ဘုရား)။

ကိုယ်လွန်ကျူးမယ် ကြံတိုင်းကြံတိုင်း....(ဘုရား၏ရန်သူလား လို့ ကိုယ့်ကိုယ်ကိုယ်မေးရပါမယ်)ဘုရား၏ ရန်သူလားလို့ကိုယ့် ကိုယ်မေးလိုက်စမ်းပါ....(မှန်ပါ့) မေးလိုက်တဲ့အခါကျတော့ ငဲ့လုံးကလေးတော့ လာပါလိမ့်မယ်... (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ် သနားလို့ငဲ့လုံး... (မှန်ပါ့)ကိုယ်တော်မြတ်ကြီး ကျင့်ကြံကြိုးကုတ်လာတာတွေကို သြော် .... တကယ့်ကျေးဇူး ရင်ပါကလားဆိုတဲ့ ငဲ့လုံးပေါ့ဗျာ... (မှန်ပါ့) အပြီးသတ်တော့ ကြည်ညိုတာ-မကြည်ညိုတာ အပထား၊ လိုက်နာယင်တော်ပါပြီ-(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ) သဘောပါကြပလား .... (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင်တို့လူစုတွေ အသက်အရွယ်လဲ ကြီးကြပြီ၊ တကာကြွယ်တို့လဲကြီးကြပြီ၊ ငယ်ငယ်ကရန်သူလုပ်လာတာ မသိလို့ လုပ်ခဲ့တာ အပထား .... (မှန်ပါ့) ကြီးမှဘဲ့တိုက်တာတော့ မကောင်းဘူး .. (မကောင်းပါဘုရား)။

တကာသစ် ဘာတဲ့တုံးဗျာ....(ကြီးမှ ဘဲ့တိုက်တာမကောင်း ပါဘုရား)ငယ်ငယ်တုန်းကတော့ မသိလို့ မသိသလိုနေခဲ့ရတယ်၊ ရှိပါစေတော့....(မှန်ပါ့) ဒီလိုပြောမည့် ဆိုမည့်ပုဂ္ဂိုလ်ကလဲမရှိ၊ ဘုရားဒီလိုပြောတဲ့ အကြောင်းကိုလဲ မကြားဘူးတော့ ကိုယ့် မျိုးရိုးနဲ့ ကိုယ်ကြိုက်တာကို ကိုယ်လုပ်ပြီးသကာလ ဘဲ့တိုက်နေ တာ မသိလို့ ဘဲ့တိုက်တာကတော့ အပြစ်မရှိဘူး....(မှန်ပါ့) အခုအချိန်ကျလာတော့ဖြင့် အသက်အရွယ်ကြီးမှ ကိုယ်တော်ကြီး ဘဲ့တိုက်ရဦးမယ်ဆိုတာကဖြင့် ငရဲနှုတ်ဆက်တာနဲ့ အတူတူပါဘဲ့ (မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဘာဒုန္တဆက်တာနဲ့ အတူတူတုံး....(ငရဲဒုန္တဆက်တာနဲ့အတူတူပါဘုရား)။

အဲဒါလောက် ကျအောင်ဖြင့် ကျုပ်တို့သည် ဆိုးဝါးလုံးမသန်ပါနဲ့ဆိုတဲ့ဥစ္စာကို မဟာသူညတသုတ်မှာ လာတဲ့အတိုင်းရှေ့ပိုင်းမှာ နည်းနည်းပြောပါတယ်... (မှန်ပါဘုရား)။

ကိုယ်က ဘဲ့တိုက်မယ်ကြံယင် ဘုရားက ဒီသမာဓိနဲ့ဒီပညာကလေးလုပ်ကွ၊ ဒီဖြစ်ပျက်မြင်အောင် လုပ်ကွ၊ ဥဒယဗ္ဗယတွေ့မြင်အောင်လုပ်ကွလို့ ဆိုလို့ရှိယင်ဖြင့် သြော် .... မိဘ်ဆွေကြီးကပြောထားတာဘဲ၊ဒါဖြစ်လို့ရှိယင် ဒို့နိဗ္ဗာန်ဝင်မှာဘဲ၊ဒါဆုံးယင် နိဗ္ဗာန်ဘဲလို့ဆိုတာ ဆရာသမားကလဲ အကူအညီနဲ့ဟောထားတယ်။မဖြစ်-ဖြစ်အောင် လုပ်မှာဘဲကွာ မိတ်ဆွေကြီးပြောထားတဲ့စကားဘဲ၊မလုပ်ဘဲနေယင် အို... မလုပ်သေးပါဘူး ဖြေးဖြေးမှာဘဲဆိုလို့ရှိယင် တကာသစ် ဘယ်အဝေါပါယ် ရောက်နေသတုံး .... (ဘဲ့တိုက်တဲ့အဓိပ္ပါယ်ရောက်ပါတယ်ဘုရား)။

သူပြောတာလဲ ဟုတ်တာဘဲကွာ၊ ကိုယ်ကလဲ မအားသေးဘူးကွ....(မှန်ပါ) အင်း ... ဒါ ဘဲ့တိုက်ချင်လို့ စ,လာတဲ့ အစပါဘဲ....(မှန်ပါဘုရား)။

တကာကြွယ် ဘာဖြစ်တာပါလိမ့်....(ဘဲ့တိုက်မလို့စ,တာပါဘုရား)။

ဘဲ့တိုက်ချင်လို့စ,လာဘဲ့အစမျိုးဖြင့် ရှောင်ရှားနိုင်လို့ရှိယင်ဖြင့် ခင်ဗျားတို့ဒုက္ခသိမ်းလိမ့်မယ်....(မှန်ပါ့)ဘဲ့တိုက်တာစ,လာလို့ရှိယင် ဘဲ့တိုက်တာ ကြီးထွားသွားလိမ့်မယ် (မှန်ပါဘုရား)။

ထိုကဲ့သို့ ကြီးထွားသွားခဲ့သည်ရှိသော် ဘုန်းကြီးတို့ တကာတကာမတို့သည် ကိုယ် ကိုယ်မသနားတဲ့အထဲလဲ ကိုယ်အပါအဝင် (မှန်ပါ့) မိတ်ဆွေကြီးပြောတဲ့ စကားကိုလဲ မိတ်ဆွေအဖြစ်နဲ့ မယူနိုင်တဲ့အတွက် မိတ်ဆွေဖျက်တယောက်လဲ ကျုပ်တို့ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

မိတ်ဆွေဖျက်တယောက်ကော .... (ဖြစ်ပါတယ်)မိတ်ဆွေဆိုတာ ဒီသစ်ပင်နေဘူးတာတောင်မှ ဒီသစ်ကိုင်းချိုးလို့ရှိယင် မိတ်ပျက်ထဲကကိုးဗျ....(မှန်ပါ့ဘုရား)။

စကားမပြောတတ်တဲ့အဝိညာဏကသစ်ပင်တောင် သူ့အရိပ် ခိုပြီး သူ့အကိုင်းချိုးမိလို့ရှိယင် အပြစ်ရှိသေးတယ်....(မှန်ပါ့) ဒီမှာ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကျုပ်တို့ကိုဖြင့် သံသရာ ပဋိစ္စသမုပ္ပါဒ်ကြီးထဲမှ ကယ်တင်မယ်လို့ ဘုရားဖြစ်လာတဲ့ဥစ္စာ တခွန်းနဲ့ အမှန်ပြောတဲ့ ကိုယ်ခတော်ကြီးစကားကို မလိုက်နာနိုင်သေးဘူးလို့ ပြောလို့ရှိယင်ဖြင့် တကာတကာမတို့ ကိုယ် အရေးဟာဖြင့် အတော်မိုက်သေးတယ်ဆိုတာ ကိုယ် ကိုယ် ကိုယ်ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့) ဦးလှဘူး သဘောပါပလား (ပါ-ပါပြီဘုရား)။

အေး....ဒါ့ကြောင့် မသိတုန်းက မလိမ်မာခဲ့တာတွေတော့ အပြစ်ဆိုစရာအကြောင်းမရှိဘူးပေါ့ဗျာ... (မှန်ပါ့) အရှယ်ကြီးမှ ဘဲ့တိုက်တာကတော့ဖြင့် အတော်ဆိုးလိမ့်မယ်.... (ဆိုးပါတယ်) သဘောပါပလား ...(ပါ-ပါပြီဘုရား)။

အေး.... ဒါ့ကြောင့် ခင်ဗျားတို့က တဘဝတနပ်စာကလေး ကြည့်ပြီးသကာလ ငေ့ကလေး သောင်းကိုးထောင် ရလိုက်တာဟေ့....ဒီလိုစကားကလေး အပိုထည့်လိုက်တာနဲ့ ဆိုတဲ့ဥစ္စာ

ဒီသောင်းကိုးထောင်ကလဲ ဘာမှ ဖြစ်လောက်တာ မဟုတ်ဘူး.... (မှန်ပါ့)ဘဲ့တိုက်လိုက်ရတာက သိပ်နာတယ်... (မှန်ပါ့)မနာဘူး လား.....(နာပါတယ်ဘုရား)။

သူ့ဘဲ့တိုက်လို့သူက ဘာမှမလုပ်ငြားသော်လဲ ငရဲမှတ်တမ်း ဝင်ဖြစ်သွားတယ် (မှန်ပါတယ်) ငရဲမှတ်တမ်းဝင်၊ ဂေဇက်ဝင် ဖြစ်မသွားဘူးလား.....(ဖြစ်သွားပါတယ်ဘုရား)။

အဲ့ဒီတော့ သောင်းကိုးထောင်နဲ့ ငရဲဂေဇက်ဝင် ဖြစ်ရတာ သည် တကာတကာမတို့ သိပ်နစ်နာပါကလား.....(နစ်နာပါတယ် ဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့် နစ်နာတာတုံးလို့ အမေးထုတ် တော့မှ မိတ်ဆွေကောင်း တယောက်က ပြောတာကို ရန်သူ အဖြစ်နဲ့လုပ်လိုက်မိတဲ့အတွက်.....(မှန်ပါ့ဘုရား)။

မိတ်ဆွေကောင်းတယောက်က ပြောတာကို.... (ရန်သူအဖြစ် နဲ့ လုပ်လိုက်မိတဲ့အတွက်ပါ) ပေါ်ကြပလား.... (ပေါ်ပါပြီ ဘုရား)။

အေး.... ဒါကြောင့် ကြပ်ကြပ်စည်းစားကြပါ၊ ဒီအဓိပ္ပါယ် မျိုးဟာလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီနေရာမှာဘဲ သုံး တယ်.....(မှန်ပါ့)ဥပရိပက္ကာသပါဠိတော် မဟာသုညတသုတ်မှာဘဲ သူသုံးတယ်နော်... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သြော်.... ဒုိကျေးဇူးရင် ကြီးဖြင့် ကျေးဇူးသာ ဆပ်စရာရှိတယ်၊ဘဲ့တိုက်စရာ အကြောင်း တော့ဖြင့် လုံဝမသင့်လျော်ဘူး....(မှန်ပါ့) အသက်မရှိတဲ့သစ်ပင်

အရိပ်ခိုမိတာတောင်အကိုင်းချိုးယင် အပြစ်သင့်သေးတဲ့အဓိပ္ပါယ် ရှိနေသေးတော့ တကယ့်ကို နှုတ်ကဖွင့်ဟပြီးသကာလ တကယ် ဆုံးမပြီး ရာဟုလာသားကဲ့သို့ သနားတဲ့ဥစ္စာကို ဒို့က ကိုယ်တော် မသနား ဘာဖြစ်ရမတုံးဆိုတဲ့ နှုတ်လှန်ထိုးတဲ့ သဘောတွေနဲ့ဖြင့် ဒို့နေမှုဟာဖြင့် ဒို့အရုပ်ဆိုး အကျည်းတန်ဟာ တန်းကုန်ပါ ပေါ့လားလို့ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချ... (မှန်ပါ့) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီ အကြောင်းတွေ, ဒီ အကျိုးတွေကို ဒါလောက်သိရလို့ရှိယင်ဖြင့် ဦးမာဒင် တော်လောက်ပြီနော်... (တော်လောက်ပါပြီဘုရား)။

နောက် ဒါကဒလေးဖြင့် မတတ်သာလို့ ပြောလိုက်ရတယ်၊ မတတ်သာလို့ ဆိုလိုက်ရတယ်၊ မတတ်သာလို့ သွားလိုက်ရတယ်၊ အကုသိုလ်လုပ်တဲ့လမ်းတွေပေါ့ဗျာ....(မှန်ပါ့)။

မတတ်သာလို့ လုပ်မနေနဲ့ တကာကြွယ်ရ၊ တတ်သာတာချည့် ဘဲသာ မှတ်ရမယ်....(မှန်ပါ့) ကဲကွာ... မစားရချင်နေပေစေ.... ငတ်သေပေစေကွာ....(မှန်ပါ့)မပြောရချင်နေပေစေကွာ၊မုန်းပေ စေကွာ (မှန်ပါ့)ငရဲထက်တော့ ငါမကြောက်တော့ဘူးဟော့၊ ဒီလိုလုပ်ရမှာ .. (မှန်ပါ့)။

တေမိဇာတ်ထုပ် ထောက်ကြည့်တဲ့အခါကျတော့ မြေတွေနဲ့ တို့၊အိမ်တွေဆောက်ပြီး အိမ်နဲ့ထား, မီးနဲ့ရှို့ ဟင်.... (မှန်ပါ့) ငရဲထက်တော့ မဆိုးဘူးဟော့ဆိုပြီး ပေတော့ထာဘဲ.... (မှန်ပါ့) မပေဘူးလား .... (ပေပါတယ်ဘုရား)။

အဲဒီတော့.... ခင်ဗျားတို့ဟာ ဒီ စားမှုကလေးကိုတော့ဖြင့် အရေးတကြီးထားပြီး ငရဲကျတဲ့အခါကျတော့ မကြောက်တဲ့ပုံ အဓိပ္ပါယ် တကာသစ် ရောက်-မရောက်.... (ရောက်ပါ့တယ် ဘုရား)။

အေး....အဲဒီတော့ ရောက်မှ မှားခဲ့လေခြင်းဆိုလို့ အပိုဘဲနော်-(မှန်ပါ့ဘုရား) မရောက်ခင်က အမှားပြင်တာသည် မရောက်မှုကို ကန့်ကွက်တာဘဲ....(မှန်ပါ့) ဆိုတော့ ဒီအသွားဟာ သိပ်အဘိုး တန်ပါတယ်ဆိုတာ သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မာဂဏ္ဍိ ပရိုဗ်ဘ အကြိုက်ကတမျိုး.... (မှန်ပါ့) ဘုရားအကြိုက်က.... (တမျိုးပါဘုရား)။

မာဂဏ္ဍိပရိုဗ်ဘ အကြိုက်ကတော့ဖြင့် မြင်တယ်-အဆင်း တခုကို.... (မှန်ပါ့) ဒါ-အဆင်းတခုထားပါတော့.... (မှန်ပါ့) မြင်တယ် ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ မြင်တယ်ဆိုတဲ့ မျက်လုံးစိတ်ကလေးမပေါ်ဘူးလား(ပေါ်ပါတယ်)'စက္ခုံစ ပဋိစ္စ ရူပေစဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ' ဆိုလဲ မြင်စိတ်ကလေးပေါ်တယ်.... (ပေါ်ပါတယ်ဘုရား)။

မာဂဏ္ဍိပရိုဗ်တို့ကဘော့ မြင်တယ်ဆိုလို့ရှိယင်ဖြင့် ပဌား စည်းရမယ်ဆိုတဲ့ လိုချင်တဲ့စိတ်ပေါ်ရမယ်.... (မှန်ပါ့) စဲလမ်းတဲ့ စိတ်ကော....(ပေါ်ရပါမယ်)အားထုတ်တဲ့စိတ်-(ပေါ်ရပါမယ်) ဒါ....မာဂဏ္ဍိပရိုဗ်ဘို့၏ အလေ့အကျင့်... (မှန်ပါ့)။

ဘုရားကဘော့ဖြင့် ပဌားစည်းခြင်း ချုပ်တီးရမယ်ကွ.. တဲ့.... (မှန်ပါ့ဘုရား)။

ဘုရားကဘာတဲ့... (ပဌားစည်းခြင်းချုပ်တီးရမှာပါ) သြော်... ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေက ကြားကနေစဉ်းစား သြော်....ပဌားစည်းတာသည် အနာဂတ် အကြောင်းသုံးခုပေါ် တယ်... (မှန်ပါ့) ပဌားစည်းတာသည်.... (အနာဂတ်အကြောင်း သုံးခုပေါ်ပါတယ်ဘုရား)။

ဒါ- နားထောင်ပါ....၊ ဒါ-နားထောင်ပါ တကာတကာမတို့ ဒီဟာအရေးကြီးလာပြီ....(မှန်ပါ့) မြင်တယ်ဆိုတော့လို့ချင်တာ အနာဂတ်အကြောင်း လာဖြစ်တယ်... (မှန်ပါ့)။

အနာဂတ်အကြောင်းဆိုတာ နောက်အနာဂတ်မှာ အပါယ်လေးပါးကျဘို့ အကြောင်းလာဖြစ်တယ် .... (မှန်ပါ့) မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ပဋိသန္ဓေနေဘို့ အကြောင်းကော.... (ဖြစ်ပါတယ်ဘုရား) အိုဘို့,နာဘို့ အကြောင်းကော.... (ဖြစ်ပါတယ်ဘုရား) သြော်.... ပဌားစည်းလို ဖြစ်ရတာ....(မှန်ပါ့)။

မြင်ရုံတွင်မရပ်နိုင်တာနဲ့ ပဌားစည်းမှုကြောင့်.... (ဖြစ်ရပါတယ်ဘုရား) ဆိုတော့ မာဂဏ်ကတော့ သူတို့စာမှာ ဒီလိုလာပါတယ် တဲ့မြင်တယ်ဆို လိုချင်ရမယ်....(မှန်ပါ့)လိုချင်ပြီးသကာလ စဲလမ်းရမယ်, စဲလမ်းပြီး အားထုတ်ရမယ်... (မှန်ပါ့) ဒါ-သူတို့စာက ဒီအတိုင်းလာတယ်....(မှန်ပါ့ဘုရား)။

ဘုရားက ဒီဥစ္စာကို ပဌားစည်းမှုကို ရုပ်သိမ်းရမယ်ကဲ့....တဲ့.... မဟောဘူးလား... (ဟောပါတယ်ဘုရား)။

ပဌားစည်းမှုရုပ်သိမ်းရမယ်ဆိုတော့ ဘုန်းကြီးတို့တကာတကာမတွေ့ မသိမှာစိုးလို့ ဘုန်းကြီးက အကူအညီပေးလိုက်တယ် ....

(မှန်ပါ့) တကာဘကာမတို့ ပဋ္ဌးစည်းမှုရှုပ်သိမ်းဆိုတာ တခြားမဟုတ်ပါဘူး....၊ တဏှာဥပါဒါန်ကံ မလာဘူးပါဘဲ.... (မှန်ပါ့ဘုရား)။

ဘာပါလိမ့်....(တဏှာဥပါဒါန်ကံ မလာဘူးပါဘုရား)ဒါဖြင့် မြင်စိတ်ကို ကျုပ်တို့က ဖြစ်ပျက်ရှုရုံဘဲ...(မှန်ပါ့)။

ဒီမင်္ဂလာနဲ့ မြင်စိတ်ကို....(ဖြစ်ပျက်ရှုရမှာပါဘုရား) ဖြစ်ပျက်နဲ့မင်္ဂလာနဲ့ ကိုက်သွားတော့ ဒီမင်္ဂလာသည် ကြီးပွားမှုကို ဖြတ်ချလိုက်တယ်....(မှန်ပါ့) ပဋ္ဌးစည်းမှုကိုဖြတ်လိုက်တဲ့အတွက် အနာဂတ် အကြောင်းသုံးခု ဖြတ်လိုက်တဲ့အတွက် အနာဂတ် အကျိုးဆိုတဲ့ ဇာတိ, ဇရာ, မရဏတွေ လာဖေးရဲ့လား.... (မလာဘူးတဲ့ပါဘုရား)။

ဩ....ဒါဘာဖြတ်လိုက်တာပါလိမ့် (ပဋ္ဌးစည်းမှုဖြတ်လိုက်ပါတယ်ဘုရား)တကာကြွယ် ဘာဖြတ်လိုက်သလဲ.... (ပဋ္ဌးစည်းမှုဖြတ်ပါတယ်ဘုရား)။

ဒါက ဘုရား၏ဝါဒ(မှန်ပါ့) မာဂဏ္ဍီရဲ့ဝါဒက မဖြတ်ရဘူးလွန်ကျူးရုမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အဲဒီလိုဟောလိုက်လဲအခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြတ်ဆိုတာ ငါကတော့ ဒီလိုဖြတ်လိုက်တယ်၊ အဲဒါကို မင်းက ပဋ္ဌးစည်းခြင်းကိုဖြတ်တဲ့ပုဂ္ဂိုလ်ဆိုပြီး ငါ့ကို မကြည်ညိုဘူး၊ ငါနေတဲ့ နေရာတောင်မှ မင်းကကြည့်ရတာ မကောင်းသဖြင့် မြင်ရတယ်လို့ ပြောတာဟာ....တဲ့ အခု ငါ့သေးသေးချာချာ ပဋိစ္စသမုပ္ပါဒ်နဲ့ပြတော့မှ ပဋ္ဌးစည်းခြင်းကို ဖြတ်တာမင်း ဘာဆိုချင်သေးသတုံး....တဲ့.... (မှန်ပါ့ဘုရား) ဘုရားသခင်

ကိုယ်တော်မြတ်ကြီးကမေးတော့ ဘာမှမဆိုပါဘူးလို့သူဖြေတာ ဘဲ (မှန်လှပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပဉ္စားစည်းခြင်းမဖြတ်လို့ရှိယင် အနာဂတ်အကြောင်းနဲ့အနာဂတ် အကျိုး ဘယ်နှယ်တုံး-ပေါ်ရမယ်....(မှန်ပါ့) အနာဂတ်အကျိုးပေါ်ယင် မပေါ့နဲ့တော့ တကာတကာမတို့ ပဋ္ဌီစ္စသမုပ္ပါဒ်ပြန်လှည့်တော့မယ်... (မှန်ပါ့ဘုရား) "အဝိဇ္ဇာပစ္စယာ သင်္ခါရာ" မလှည့်ပေဘူးလား.... (လှည့်ပါတယ်ဘုရား)။

အဲ--"တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ... (မှန်ပါ့)ဇာတိ ဆိုလို့ရှိယင် ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ လာမယ် .. (လာပါတယ်ဘုရား)။

လာလို့ရှိယင် အဲဒီထဲက အဝိဇ္ဇာပါသောကြောင့် "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော"ဆိုပြီး ဒီခန္ဓာပြန်ရမယ်....(မှန်ပါ့ဘုရား) မရပေဘူးလား... (ရပါတယ်ဘုရား)။

ဒီလို ခန္ဓာပြန်ရတဲ့အခါကျတော့ တကာတကာမတို့ ခန္ဓာဒုက္ခသစ္စာ... (မှန်ပါ့) ဒုက္ခသစ္စာပြန်မရပေဘူးလား....(ရပါဘယ်ဘုရား)။

အဲ....မာဂဇ္ဈင်္ဂတို့အမျိုးက တကာတကာမတို့ ဒုက္ခရှိလျက်နဲ့ ဒုက္ခရတာကို ပဉ္စားစည်းမှဆိုပါတယ် .. (မှန်ပါ့) ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ ဒုက္ခရှိတာကို ဒုက္ခဖြတ်လိုက်တဲ့အတွက် ပဉ္စားစည်းမှုကို ရုပ်သိမ်းပါတယ်....(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီ) ပဉ္စားစည်းမှုကို ရုပ်သိမ်းတာ ဘုရား၏အလိုကျလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ပဉ်းစည်းမှုကို ရုပ်သိမ်းတာ ဘယ်နှယ်ဆိုကြမလဲ....(ဘုရား၏ အလိုကျပါဘုရား) ဘုရား၏ အလိုကျလို့ သေသေချာချာ မှတ်လိုက်စမ်းပါ....(မှန်ပါ)။

ဒါဖြင့် တကာကြွယ်တို့ ကျုပ်တို့ ပဉ်းစည်းမှုဆိုတာ ပဋိစ္စသမုပ္ပါဒ်ဆက်တာ....(မှန်ပါ) ပဉ်းစည်းမှုကို ပယ်ဖျက်တာသည် ပဋိစ္စသမုပ္ပါဒ်ကိုဖြတ်တာ(မှန်ပါ)ပဋိစ္စသမုပ္ပါဒ် ဖြတ်တာဆိုတော့ ဒုက္ခသစ္စာခန္ဓာအဆက်တွေ မလာအောင်ဖြတ်တာ(မှန်ပါဘုရား) ရှင်းပြီ....(ရှင်းပါပြီဘုရား)။

ကောင်းပြီ... ဒါဖြင့် ဤကဲ့သို့ ဟောလိုက်တော့ မားဂဏ္ဍိပရဗိုဇ်ကို မင်း-ဘာပြောချင်သေးသတုံး၊ မင်းတို့က ပဉ်းစည်းမှုဆိုတာ သံသရာဒုက္ခရောက်ထာကို ပဉ်းစည်းမှုဆိုတယ်၊ ငါကသံသရာကိုဖြတ်လိုက်တဲ့အတွက် ခန္ဓာသံသရာကိုဖြတ်လိုက်တယ်....(မှန်ပါ) ဒီခန္ဓာပြီး ဒီခန္ဓာတွေ လာနိုင်သေးရဲ့လား--(မလာနိုင်ပါဘုရား) ဪ.... ခန္ဓာသံသရာဖြတ်လိုက်တဲ့အတွက် ပဉ်းစည်းမှုဒုက္ခတွေ ရုပ်သိမ်းပါတယ်ကွာ၊ မင်း-ဘာဆိုချင်သေးသတုံး....လို့မေးတော့ ဘာမှ မဆိုလိုပါဘူး....၊ သူ့ရာတွင် ကျုပ်တို့စာက ပဉ်းစည်းရမယ်လို့ဆိုထားတယ်....(မှန်လှပါဘုရား)။

တကာတကာမတို့ သူတို့စာက ဘာတဲ့....(ပဉ်းစည်းရမယ်လို့ ဆိုပါတယ်ဘုရား)။

တကာတကာမတို့ စာဆိုတာ ရေးချင်တာ ရေးတာဘဲဆိုတဲ့ အဓိပ္ပါယ်ယူပါ... (မှန်လှပါဘုရား) သန်ရာဆဲရေးတယ်ဆိုဘဲ့ အဓိပ္ပါယ်ယူပါ....(မှန်ပါ)။

ကောင်းပြီ-ဒါဖြင့် တကာဘကာမတို့ ပဌားစည်းမှုကို ခင်ဗျားတို့ ကိုယ်တိုင် ယခု ပဋ္ဌိစ္စသမုပ္ပါဒ်ရှု့မှာ ချပြလိုက်တဲ့အတွက် ပဌားစည်းမှုသည် သံသရာရှည်မှုပါဘဲ....(မှန်ပါ့) ပဌားစည်းမှု ဖြတ်သိမ်းမှုသည် ဒုက္ခသိမ်းမှုပါကလား.... (မှန်ပါ့) တကာကြွယ် ရှင်းပြီ... (ရှင်းပါပြီဘုရား) ဦးမာဒင်တို့ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ မြင်တဲ့စိတ်ကလေး ဘာလုပ်ကြမယ်.... (ဖြစ်ပျက်နှုရမှာပါဘုရား)မြင်တဲ့စိတ်က ဖြစ်ပျက်၊ ရှုတာကမင်း-- (မှန်ပါ့) သေတာက ပဌားစည်းမှု... (မှန်ပါ့)။

ပဌားစည်းမှုတွေ ဘယ်နှယ်တုံး.... (သေပါတယ်ဘုရား) ဟာ .... ပဌားစည်းမှု သေတယ်ဆိုကတည်းက ပပဉ္စ သေတာလို့ မှတ်လိုက်.... (မှန်ပါ့ဘုရား) တဏှာ,မာန,ဒိဋ္ဌိသေတာဘဲ.... (မှန်ပါ့)။

ဘာသေဘာပါလိမ့်.... (တဏှာ,မာန,ဒိဋ္ဌိသေတာပါဘုရား) တကာသစ် ဒါလောက်ဆို ရိပ်မိပြီ... (ရိပ်မိပါပြီဘုရား)။

ဒါ ပဋ္ဌိစ္စသမုပ္ပါဒ် နားလည်ပြီးသားပဂ္ဂိုလ်တွေမို့ ဒီအမှုန်ဆိုက်တာနော်... (မှန်ပါ့) ပဋ္ဌိစ္စသမုပ္ပါဒ်မပါတဲ့တရားလို့ဆိုလို့ ရှိယင် တကားတကာမတွေ အခြောင်းအကျိုး အတော်ကင်းတယ်... (မှန်လှပါ) အခြောင်းအကျိုး ကင်းတဲ့ တရားဖြစ်ပြီး သကာလနေးတာ့ ဒါ... ခန္ဓာဖြစ်စဉ်ဘဲ၊ ပဋ္ဌိစ္စသမုပ္ပါဒ်ဘဲ၊ ဒါမှ အခြောင်းအကျိုးဆက်ပြီး ဒို့-ဥာဏ်ထဲ ရှင်းတော့တယ် ဆိုပြီး သကာလ ပဋ္ဌိစ္စသမုပ္ပါဒ်နဲ့ သစ္စာကို မလှတ်စေနဲ့.... (မှန်လှပါ) နာတဲ့ပဂ္ဂိုလ်မျှားနော်....(မှန်ပါ)။

ကိုင်း.... ဒါဖြင့် ဒီကဲ့သို့ပြောတော့ မာဂဏ္ဍိပရိုဇ်ကို .... မင်းက ပဉ္စဝါးစည်းမှုကြိုက်တာ နည်းနည်းပါကွာ....၊ ငါသည် သုဒ္ဓေါနမင်းကြီး၏သား သိဒ္ဓတ္ထမင်းသားဖြစ်ခဲ့ပါတယ်.(မှန်ပါ့) မောင်းမပေါင်း လေးသောင်းခြံရံ၍ ကိလေသာပဉ္စဝါးစည်းမှုတွေနဲ့ ငါသည်ကားလို့ဆိုယင် နေခဲ့ပါတယ်....တဲ့.. (မှန်ပါ့)နေခဲ့ပင်နေခဲ့ငြားသော်လဲ ငါသည် ဒီတရားတွေဟာ ရှေ့ပိုင်းမှာရှိတဲ့ အဆင်းတွေကြောင့် ကိုးလေသာပဉ္စဝါး၊ အသံးတွေကြောင့် ကိလေသာပဉ္စဝါးဆိုတာတွေ ငါအဲဒီ အပြစ်တွေမြင်သဟေ့... တဲ့(မှန်ပါ့ဘုရား) အသံတွေကိုလဲ ငါသြော်....ဖြစ်ပြီးပျက်တာဘဲ....လို့ အပြစ်မြင်လိုက်တယ်.... (မှန်လှပါဘုရား) သဘောကျပလား.... (ကျပါပြီ) အဆင်းတွေလဲ ဖြစ်ပြီးပျက်တာဘဲလို့ ငါ့မြင် လိုက်တယ်.... (မှန်ပါ့) ငါ့သုံးစွဲတဲ့ ပြာသာဒ်သုံးဆောင်ဟာလဲ သြော်__ဒါတွေလဲ ဖြစ်ပြီးပျက်တဲ့ အနိစ္စတရားတွေပါကလားလို့ ငါမြင်လိုက်တယ်... တဲ့.... (မှန်ပါ့) အဲဒါတွေ မြင်တဲ့အတွက် ငါ တောထွက်လာခဲ့တယ်....(မှန်ပါ့)။

ပဉ္စဝါးစည်းမှုသည် အလကားဟားတွေပါလား၊ အနိစ္စတရားတွေပါလားဆိုပြီး ငါမြင်လိုက်လို့ ပဉ္စဝါးစည်းတဲ့ တရားတွေပါလားလို့ ဒီဟာမြင်လိုက်တဲ့အတွက် ငါသည် ဒီပဉ္စဝါးစည်းမည့် တရားတွေ၏ အပြစ်အနာအဆာတွေ အနိစ္စအချက်,ဒုက္ခအချက်, အနတ္တအချက်တွေ ငါမြင်လိုက်လို့ .... ငါအခုဘုရားအဖြစ်ကို အရယူပါဘယ် တဲ့....(မှန်ပါ့)။

ဒါဖြင့် ဘုရားအဖြစ် အရယူတာသည် ခန္ဓာဖြစ်ပျက်မြင်လို့ ရတာ....(မှန်လှပါ) သဘောကျပလား...(ကျပါပြီ)။

ဘာ့ကြောင့် ဘုရားဖြစ်လာပါလိမ့်.... (ခန္ဓာဖြစ်ပျက်မြင်လို့ ဘုရားဖြစ်လာတာပါဘုရား) ခန္ဓာဖြစ်ပျက်မြင်လို့ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဋ္ဌကထာဆရာကလဲ ဒီအတိုင်းဘဲဖွင့်ပါတယ် တကာတကာမတို့ ခန္ဓာဖြစ်ပျက်မမြင်ဘဲနဲ့ ဘယ်သူမှ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာမဖြစ်နိုင်ဘူးတဲ့.... (မှန်ပါ့)။

ဒါကတော့ ဆုတောင်းလို့ဖြစ်တဲ့ အလုပ်မဟုတ်ပါဘူး၊အမြင်နဲ့ လုပ်ရတဲ့ အလုပ်ဆိုတာကိုလဲ သေသေချာချာမှတ်ပါ(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတွင်မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငါ - နန်း တော်ထဲ မောင်းမပေါင်း လေးသောင်းကျော်နဲ့, ရွှေနန်း သုံးဆောင်နဲ့ ယခုသာဓရာ အမှူးရှိတဲ့ .... မောင်းမတော်နဲ့ .... နေခဲ့တာ အလုံးစုံဖြစ်ပျက်တွေ့, အာဒီနဝတွေ့, ငါမြင်ခဲ့တယ်ကွာ....တဲ့... (မှန်ပါ့) ဒါကြောင့် ပွားစည်းမှုတွေ့ ငါဖြတ်လိုက်တယ်... (မှန်ပါ့) ဒီတဏှာဥပါဒါန်တွေ့ မဖြတ်ဘူးလား....(ဖြတ်ပါတယ်ဘုရား)။

ဟို .. အာရုံတွေ့ ဖြစ်ပျက်မြင်လိုက်ကတည်းက ဖြစ်ပျက်မြင်တာက မဂ်ဆိုတော့ လေးကိမဂ်နဲ့ ဖြတ်ပြီးသကာလ သူသည် တောထွက်လာတယ်... (မှန်ပါ့)။

တေးထဲကျတော့ တကယ်အားထုတ်လိုက်တော့ ပေခိပင်နဲ့ ရွှေပလွင်ရင်းမှာ တကယ်လေးကုတ္တရာမဂ်ရတယ်ကွာ... ၊ ရတော့ အခု ငါ-နိဗ္ဗာန်ချမ်းသာကြီး စတုတ္ထစျာန်ဖြစ်တဲ့ ဥာဏ်နဲ့အာရုံ

ပြုပြီး နိဗ္ဗာန်ချမ်းသာကြီး ခံစားလို့ ဂါ-အခုတော့ဖြင့် ချမ်းသာစစ်သိပါ့ပြီကွာတဲ့....(မှန်ပါ့)။

အရင်တော့ ချမ်းသာစစ် မသိခင်တုန်းကတော့ ဒါတွေနဲ့ နေရတာ ဟုတ်တယ်ထင်တာပေါ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့လဲ ချမ်းသာစစ်နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးတော့ သားနဲ့, သမီးနဲ့., ရွှေနဲ့., ငွေနဲ့., တိုက်နဲ့., တာနဲ့, စိန်နဲ့, ကားနဲ့ ဒီလိုနေရတာ တော်သေးတယ်....တဲ့....(မှန်ပါ့)။

အစစ်မမြင်သေးတော့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင် ဖြင့်တဲ့ တကာကြွယ်ရေ အတု,နိပ်စက်နေပြီ....(မှန်ပါ့)။

အစစ်မမြင်တော့ ...(အတုနိပ်စက်နေပါတယ်ဘုရား) အတု ဆိုတာ တကယ်ခိုင်တာမျိုးလား....၊အတုပါလို့ ဆိုနေပေါ့ တကာသစ်ရာ ကောင်းတဲ့ပစ္စည်းလား..၊ ဆိုးတဲ့ပစ္စည်းလား...(ဆိုးတဲ့ပစ္စည်းပါဘုရား)။

အဲ—ခင်ဗျားတို့မှာ အစစ်မမြင်သေးတော့ အခု ဘယ်သူနိပ်စက်နေတယ်ဆိုတာဖြင့် တကာကြွယ်တို့,ဦးမာဒင်တို့ပေါ့၊ပါပြီ....(ပေါ်ပါပြီဘုရား)။

နိဗ္ဗာန်တည်းဟူသော အစစ်ကို မမြင်သေးတော့ သားသမီးနဲ့ နေရတာ ချမ်းသာတယ်၊ ပစ္စည်းနဲ့ နေရတာ ချမ်းသာတယ် ဆိုတော့ ချမ်းသာမဟုတ်တာကို ချမ်းသာသုပ်ပြီး ကျေနပ်နေတာ အတုကနိပ်စက်နေတာ....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူက နှိပ်စက်နေတာတုံး.... (အတုကနှိပ်စက်နေတာပါ) တကာကြွယ် ခင်ဗျားတို့ အခု ဘယ်သူနှိပ်စက်နေသတုံး... (အတုက နှိပ်စက်နေပါတယ်ဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် အတုနှိပ်စက်နေသတုံးလို့ မေးတဲ့အခါ အစစ်မမြင်သေးလို့... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အစစ်မြင်အောင် ကြိုးစားလို့ ရှိယင် အတုကိုလိုချင်ပါဦးမလား.... (မလိုချင်ပါဘုရား)။

မှတ်ထား... ၊ မှတ်ထားနော်.... (မှန်ပါ့) အစစ်မြင်လို့ ရှိယင် အတုကိုမလိုချင်ဘူးဆိုတာ ဓမ္မတာဘဲ (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အတုကို လိုချင်ကြသေးရဲ့လား... (မလိုချင်ပါဘုရား) ဘာမြင်မိလို့ပါလိမ့်.... (အစစ်မြင်မိလို့ပါဘုရား)။

ထို့အတူဘဲတဲ့ ခင်ဗျားတို့ တကယ်ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ကြီးမြင်ကြမယ်ဆိုလို့ ရှိယင်ဖြင့် အတုဖြစ်တဲ့ သားတွေ, သမီးတွေ, မိမိခန္ဓာတွေ သြော်.... ခန္ဓာကြီး ကျန်းမာနေလို့ ချမ်းသာသေးတယ်ဆိုတာတွေ ဒါတွေဟာ ဦးမာဒင် အတုတရားတွေကိုအစစ်မမြင်ခင် ကျုပ်တို့ဖေါက်ပြန်နေတာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

အတုတရားတွေနဲ့ ပျော်မွေ့နေတာသည် ဘာမြင်သေးလို့ပါလိမ့်... (အစစ်မြင်သေးလို့ပါဘုရား) သဘောပါပြီ.... (ပါ-ပါပြီဘုရား)။

အဲဒီတော့ ငါကတော့ အစစ်မြင်တဲ့ အတွက်ကွာ....တဲ့ မင်းအခု ပွားစည်းရမည့် အလုပ်တွေ, ကိလေသာတက္ကားပွားတဲ့အလုပ်တွေကိုဖြင့် ငါသည် အစစ်မြင်လို့ အတုတော့ဖြင့် မတောင့်တ,တော့ပါဘူးတဲ့....(မှန်ပါ!) အစစ်မြင်လို့.....(အတုကိုမတောင့်တ,တော့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အနာဂါမ်တည်ယင်ဘဲ အိမ်ပျော်သေးရဲ့လား.... (မပျော်ပါဘုရား) အစစ်မြင်သောကြောင့်ဘာတုံး.... (အတုမတောင့်တပါဘုရား) အတုဖြစ်တဲ့ အိမ်မှာ ပျော်သေးရဲ့လား....(မပျော်ပါဘုရား)။

ထောက်ကြည့်လေ....၊ ဝိသာခသူဋ္ဌေးတို့ထောက်ကြည့်၊အနာဂါမ်တည်တဲ့နေ့ကျတော့ သူ့ခင်ပွန်းမ,က လက်ဆဲပြီး အိမ်ပေါက်ဝက ကြိုတာတောင်မှ အိမ်ပေါက်ဝကလက်ဆဲမခံပါဘူး(မှန်ပါ!)အိမ်ပေါ်ကျတော့လဲစကားမပြောဘဲ့ပါဘူး(မှန်ပါ) အနာဂါမ်တည်တော့လေ....(မှန်ပါ!)။

ဘယ်နှယ်ကြောင့် သူ့ခင်ပွန်းမလဲ အင်မတန်ချော, အင်မတန်လှ ပစ္စည်းကလဲ သူဋ္ဌေးဗျာ .... (မှန်ပါ!) ဒီဟာတွေကြည့်ပြီး၊ မပျော်ဘဲဖြစ်နေတာ ဘယ်နှယ်ကြောင့်ပါလိမ့်မတုံး အကဲခတ်ကြစမ်း....(အစစ်တွေ့လို့ပါဘုရား) အစစ်မြင်လို့ အတုစက်ဆုပ်တယ်...(မှန်ပါ!ဘုရား)။

နဂိုရှိတုန်းကတော့ ဒီခင်ပွန်းမနဲ့ တည်ထောင်ပြီးသကာလ တကာတကာမတို့ ဒီတိုက်,ဒီတာတွေ, ဒီရွှေတွေ, ကုဋေရှစ်ဆယ်၊ မိန်းမဘက်က ကုဋေလေးဆယ် သူ့ဘက်က ကုဋေလေးဆယ် ဆိုတာတွေနဲ့ အတော်ပျော်မွေ့တယ်.... (မှန်ပါ!)။

ဘယ်အာချိန်တုန်းက ပျော်ခမ့်တာတုံးလို့ ဖမ်းတဲ့အခါကျတော့ အစစ်မမြင်ခင်က အတုကလှည့်စားနေတယ်.... (မှန်ပါ့ဘုရား)။

အခုအစစ်မြင်လာတော့ အနာဂါမ်မြင်တဲ့နိဗ္ဗာန်ကို မြင်ရပြန်တော့ အိမ်ပြန်လာလဲ ပျော်သေးရဲ့လား(မပျော်တော့ပါဘုရား) အင်း .. ဘာဖြစ်လို့ပါလိမ့် ... (အစစ်မြင်လို့ပါဘုရား)။

အေး....မာဂဇ္ဈိရဲ့ ငါလဲ အစစ်မြင်လို့ အတုတွေပြန်မတောင့်တခဲတော့ဘူးဟော....လို့ ပြောလိုက်တယ် .... (မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

အဲဒီတော့ မင်းကို ငါ-ဥပမာတခုပြောမယ်ကွာတဲ့ မင်းနား ထောင်ကြည့်စမ်းပါတဲ့.... (မှန်ပါ့) လူတယောက်ဟာ လူချမ်းသာဘဲကွဲ... တဲ့၊ သူ့မှာဘာမှ လိုလေသေးမရှိဘူး၊အစားအဝတ် အနေအထိုင် အကုန်ပြည့်စုံပါတယ်တဲ့....(မှန်ပါ့)။

ပြည့်စုံပြီးသည့်နောက်မှာ သူသည် သူတော်ကောင်း အလုပ်လုပ်တယ်ကွာ....တဲ့၊ နတ်ရွာရောက်ကြောင်း အလုပ်တွေ့ လုပ်လိုက်တယ်တဲ့.... (မှန်ပါ့) ဖျတ်ဆို စုတေမသေ သေလွန်တော့ နတ်ပြည်ရောက်သွားတယ် ကွာ....တဲ့....(မှန်ပါ့)။

လူ့ပြည်က အာရုံတွေ ပြန်ကြည့်ချင်သေးရဲ့လား....၊ လိုချင်သေးရဲ့လား၊လွှမ်းသေးရဲ့လား လို့မေးယင် မင်း- ဘယ့်နှယ်ဖြေမတုံး....တဲ့....(မှန်ပါ့)။

ကဲ... တကာတကာမတွေဘဲ ဖြေပါဦး.... (မလိုချင်ပါဘုရား) အာရုံချင်း သိပ်ကွာသွားတယ်....(ကွာပါတယ်ဘုရား)။

ထို့အတူဘဲကွတဲ့ ငါလဲ .... အစစ်ဖြစ်တဲ့ နိဗ္ဗာန်ကြီးမြင်ရ တဲ့အတွက် ဟိုမောင်းမလေးသောင်းနဲ့ ရွှေနန်းသုံးဆောင်ဟာ တွေ စွန့်နိုင်တာ ဒါ-အစစ်မြင်လို့ပါကွာတဲ့ သဘောကျပလား-(ကျပါပြီဘုရား)။

မင်းတို့က ပွားစည်းခြင်း အလိုရှိဘယ်ဆိုတာ အစစ်မမြင်သေးလို့ ပြောနေတာပါတဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အစစ်မမြင်သေးတော့ဘာတုံး.... (ပွားစည်းခြင်း အလိုရှိပါတယ်ဘုရား) ပွားစည်းတာကြီးက်တယ်၊ သားသမီးပွားတာကြီးက်တယ်... (မှန်ပါ့) သံသရာကျယ်တာကော.... (ကြီးက်ပါပါတယ်ဘုန်း) ဒါ- ဘာမမြင်သေးတဲ့ပုဂ္ဂိုလ်ပါလိမ့်.... (အစစ်မမြင်သေးတဲ့ပုဂ္ဂိုလ်ပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ အစစ်မမြင်သေးဟဲ့ ပုဂ္ဂိုလ်များဘုရားရှေ့သုံးပြီးသကာလ လူချမ်းသာ, နတ်ချမ်းသာ အကြိမ်ကြိမ်ခံစားခဲ့ဆိုတာ ပွားစည်းခြင်းအလိုရှိဘယ်.... (မှန်လှပါဘုရား)။

ဘာမမြင်သေးလို့ ဒီဆုံးတောင်းကြီး ရဲရဲတောင်းပါလိမ့်.... (အစစ်ကိုမမြင်သေးလို့ပါဘုရား) ဒုက္ခတွေ ရဲရဲတောင်းယူတာလေ....(မှန်ပါ့)။

တကာကြွယ် ဒုက္ခကို ရဲရဲတောင်းယူတာမဟုတ်လား(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါ ဘာမမြင်သေးတာတုံး .... (အစစ်မမြင်သေးတာပါ) သြော်.... ခင်ဗျားတို့ အစစ်မမြင်သေးတော့ ဦးမာဒင်ရေ-ဖြစ်ချင်သလိုဖြစ်နေတာ...(မှန်ပါ့ဘုဆုံး)။

ဒါ့ကြောင့်တကာတကာမတွေ့ အစစ်မြင်အော်ဝင်ဖြင့်ဘုန်းကြီးပြောတဲ့ဉာဏ်စဉ်အတိုင်း ကြိုးစားလိုက်လို့ ရှိယင်ဖြင့် အစစ်မြင်ကမ္မာဘဲ့....(မှန်ပါ့) မြင်အောင်လဲ ကြိုးစားကြပါ။အတုန့်ပ်စက်တာ ဒီပဉ်းစည်းခြင်းကြောင့် အပါယ်ရောက်ပါလိမ့်မယ် .... (မှန်ပါ့)တကာသစ် သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကိုင်း....ဒါနဲ့ သူသည်ကားလို့ ဆိုလို့ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းဟာ ဘာနဲ့တူနေသတုံးလို့ မေးတဲ့အခါလောကလူသားတွေဟာ ဘယ့်နှယ်ကြောင့် သားနဲ့,မယားနဲ့, သားပု, သမီးပု, ဆွေပု, မျိုးပုတွေထဲမှာ သူသည်ကားလို့ ဆိုယင် နေနိုင်ပါလိမ့်မလဲလို့ မေးဘို့ရာ အကြောင်းရှိတယ်ကွာတဲ့... (မှန်ပါ့ဘုရား)။

သားနဲ့နေရတာလဲ ခင်ဗျားတို့က အေးတယ်ထင်ပေမဲ့ စင်စစ်ပူတာဘဲ့....(မှန်ပါ့) သမီးနဲ့ နေရတာကော... (ပူတာပါဘဲ့) ခင်ပွန်းလင်နဲ့နေရတာကော... (ပူတာပါဘဲ့) ပစ္စည်းတွေနဲ့နေရတာကော... (ပူတာပါဘဲ့ဘုရား)။

အဲဒီ့ အပူကိုပင်လျှင် ဒို့ဒါလောက်ပြည့်စုံလို့ ရှိယင်ကွာတော်-တော်သေးရဲ့ဆိုပြီး အေးတယ်ထင်တာဟာ ဒါဖေါက်ပြန်တာဘဲ့... (မှန်ပါ့ဘုရား)။

အေးတယ်ထင်တာ ဘာဆိုကြမယ်.... (ဖေါက်ပြန်တာပါ) ဖေါက်ပြန်တာနော်... (မှန်ပါ့ဘုရား)။

ဖေါက်ပြန်ပုံကလေး ငါတခုပြမယ်ကွာ မာဂဏ္ဍ မင်း- နားထောင်ပါဦးဆိုပြီး တရားဆက်ဟောတယ်... (မှန်ပါ့ဘုရား)။

လူတယောက်မှာ နှူနာစဲ့နေတယ်ကွာ,.... တဲ့၊ နှူနာစဲ့တယ်ဆိုတော့ ဝမ်းထဲမှာပိုးတွေက ကိုက်တာကိုး....(မှန်ပါ့) အနာတွေ

ကိုက်ကြတော့ အနာတွေ ဆိတ်ဆုံးပြီးနေရတယ်....(မှုန်ပါ!) ဒါနဲ့ မကျေနပ်တာနဲ့ဆိတ်ဆုံးပြီးသကာလ အနားနားမှာ မီးအိုးကလေး မီးဖိုကလေးနဲ့ မီးရဲရဲထည်ပြီးသကာလ တကာသစ်ရဲ့ကင်ကြတယ် ပိုးတွေအထဲဝင်သွားအောင်လို့....(မှုန်ပါ!) ပိုးတွေအထဲဝင်သွားအောင်လို့ မီးကင်ရတယ်ဆိုတာကော သဘောကျပလား .... (ကျပါပြီဘုရား)။

ကဲ·ကွာ· ဒီပုဂ္ဂိုလ်ဟာ ဒါဖြင့် မီးဟာသူ့မှာ ကျေးဇူးရင်ဖြစ်နေတာဘဲတဲ့ .. (မှုန်ပါ!) အနာလဲဆိတ်ဆုံးပြီးသကာလ မီးကင်ရတဲ့အလုပ်ဟာ သူ့အလုပ်ဝတ္တရား၊ ဒီဓတ်မှ ချမ်းသာတယ်ထင်တယ်တဲ့၊ မီးကင်မှချမ်းသာတယ် ထင်တာ အဲဒါ သူဟာတမျိုးဘဲလို့ မင်းစောစောစီးစီး မှတ်ထားလိုက်စမ်းပါတဲ့ .... (မှုန်ပါ! ဘုရား)။

နောက်ကျလာတော့ကွာ ဒီအန္ဒ၏ အမေမိဘတွေက ဆေးကောင်း ဝါးကောင်း ဆရာကောင်းတွေနဲ့ ကုသပြီးသကာလ နူနာပျောက်သွားတဲ့ အခါကျလို့ ရှိယင်ဖြင့်တဲ့၊ ဟေ့... နူနာပျောက်တဲ့လူ မင်းသည် ဆိတ်ဆုံးပြီးသကာလ ·မီးကင်ချင်သေးသလားလို့ မေးယင် သူဘယ့်နှယ်ဖြေပါ့မလဲတဲ့ .... (မကင်ချင်ပါဘုရား)။

ဘယ့်နှယ်ကြောင့် မကင်ချင်တာတုံးလို့ မေးတော့ ကိလေသာနူနာပျောက်လို့....(မှုန်ပါ!) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒီမှာလဲ သားနား,သမီးနား, ဆွေနား,မျိုးနားမှာ တကာကြွယ်တို့ ပျော်ကြတယ် ပါးကြတယ်ဆိုတဲ့ဥစ္စာ သားတွေကမီးဖို၊

သမီးတွေက မီးဖို၊ပစ္စည်းတွေက မီးဖိုနားမှာ တကာကြွယ်တို့....၊ ဦးမာဒင်တို့ .... မခွာနိုင်ဘူး....(မှန်ပါ့) ဟ့....ဘာဖြစ်ကြတာတုံး လို့ မေးလို့ရှိယင် ကိလေသာနှုနာထလို့ မီးကင်ရတယ်ဘုရဲ့.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (ကိလေသာ နှုနာထ,လို့ မီးကင်ရပါ တယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ ကိုးလသာရောဂါရှိတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ခုနင်က နှုနာသမားတို့ ဆရာသမားတွေနဲ့ ကုလိုက်လို့ပိုးတွေ ကလဲသေ ပင်ကိုယ်အသားတွေလိုလဲ ဖြစ်ပြီးသကာလ ကျန်းမာ ချမ်းသာတဲ့ ပုဂ္ဂိုလ်ကို ခင်ဗျားဟိုမှာ မီးကင်နေတဲ့ပုဂ္ဂိုလ်မြင်တယ် ခင်ဗျားကင်ချင်တဲ့ စိတ်ကလေးများ ပေါ်သေးသလား လို့ နှုနာသမားတယောက်ကိုကြည့်ပြီး သူ့မှာကင်ချင်တဲ့စိတ်များ လာသေးသလား လို့ မေးတော့(မလာပါ)ဘာဖြစ်လို့ မလာတာပါလိမ့်(နှုနာဓပျောက်သွားလို့ပါ) နှုနာကိုက်တဲ့ပိုးတွေ ပျောက်လို့ (မှန်ပါ့ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ကိလေသာပိုးတွေသာ ခုနင်က မဂ်ဆေးနဲ့ ကုပြီးသကာလပျောက်အောင်လုပ်လိုက်ကြမယ်ဆိုယင်ဘယ်သား, ဘယ်သမီး, ဘယ်ခင်ဗန်းမနားမှ ခင်ဗျားတို့ တကာကြွယ်တို့ ကပ် တော့မယ်မဟုတ်ဘူး... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ ဘုရား)။

ဒါဖြင့် သူ့ရောဂါရှိသေးလို့ ဒီမီးဖိုတွေနားကပ်သေးတာဘဲ (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ရောဂါရှိသေးလို့ မီးဖိုတွေ နားကပ်ပါတယ်ဘုရား)။

ဒါ့ကြောင့် မတင်းတိမ်နဲ့ဦး တကာတကာမတို့ ရောဂါ မပျောက်သေးဘူးဆိုတာ ပြောရတော့တယ်(မှန်ပါ့)မပြောယင် ကောင်းပါ့မလား....(မကောင်းပါ) ဦးမာဒင်ရေ သဘောပါ ပလား...(ပါ-ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် သားနား, သမီးနား, အိမ်နား,ရာနား, စက်နား ကပ်ချင်တာတုံးလို့ မေးလို့ရှိယင်ဖြင့် လိုချင်တဲ့ ကိလေသာပိုးက ထ,လာလို့ဘုရား.... (မှန်ပါ့ဘုရား) မာနဆိုတဲ့ ကိလေသာပိုးက ထ,လာတယ်ဘုရ့ ... (မှန်ပါ့) ဒေါသဆိုတဲ့ မှခံချင်တဲ့စိတ်ကသေးကကော....(ထ,လာပါတယ်ဘုရား)။

သြော်....ဒါ့ကြောင့် ဒီသားနား,သမီးနား, ဆွေနား,မျိုးနား အရောင်းအဝယ် ဆိုင်နားကပ်ကြတာဘဲ....(မှန်ပါ့ဘုရား)။

ကပ်တော့ ခင်ဗျားတို့ မပူဘူးလားလို့ မေးတော့ ကိလေသာ ပိုးကြောင့်ဖြစ်တော့ ကပ်ပင်ကပ်ငြားသော်လဲ ဒါသူတို့က အကူ အညီရတယ်ဆိုပြီး ခင်ဗျားတို့က ဝမ်းများသာလိုက်သေးတယ်.... (မှန်ပါ့) နူနာမပျောက်ခင် မီးဖိုနားကပ်တာကိုး.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

နောက်တကာသစ်ရေနူနာပျောက်သွားတဲ့ပုဂ္ဂိုလ်,ဆရာသမား နဲ့ကုလို့ ဘာမှမရှိဆိုတဲ့ပုဂ္ဂိုလ်ကျတော့နူနာသမားတယောက်က မီးကင်နေတာမြင်တော့ မင်း-ကင်ချင်သေးသလားလို့ မေးယင် တကာသစ် ဒီပျောက်တဲ့ပုဂ္ဂိုလ်က ဘယ်လိုအဖြေထုတ်မယ် ထင်ကြသတုံး....(မကင်ပါ) ဒါ ဘယ့်နှယ်ကြောင့်ပါလိမ့် .... (နူနာ ပျောက်လို့ပါဘုရား)။

အေး....ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပေးတဲ့ ဥပမာမို့ တကာ့ကြွယ်၊ ဦးမာဒင်တို့ သိပ်အဘိုးတန်ပါလား.... (တန်ပါတယ်) ဒို့ဟာ ဘယ်အမျိုးအစားထဲ ရောက်နေပါလိမ့် မတုံးဆိုတော့ နူနာသမားပိုးကိုက်လို့ မီးကင်ချင်တဲ့ အသွားထဲ ဒို့ရောက်နေတယ်.... (မှန်ပါ့ဘုရား)။

ဒီကနေပြီး ပြန်တယ်ဆိုယင် တကာသစ်တို့ကလဲ သင်ပန်းကုန်း မရောက်ရသေးလို့ ရှိယင်ဖြင့် အချိန်လွန်သွားမှာတောင် စိုးလိုက်သေးတယ်... (မှန်ပါ့)ဘာဖြစ်လို့တုံး - မီးဖိုနဲ့ ဝေးနေလို့.... (မှန်ပါ့) ကိလေသာပိုးက ကိုက်လှပြီ.... (မှန်ပါ့) တွေ့ချင်တဲ့ ပုဂ္ဂိုလ်နဲ့မတွေ့ရ၊ စိတ်အေးလက်အေးမှ ရှိပါ့မလား- သူတို့က မြော်နေရော့မလား၊ ကိုယ်ကမြော်နေတာဘဲလားဆိုတဲ့ ဥစ္စာတွေ ရှုပ်လို့....(ရှုပ်ပါတယ်) မရှုပ်ဘူးလား.... (ရှုပ်ပါတယ်ဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့် တကာ့ကြွယ်တို့က ဒီအသံတွေ နူတ်ဆက်တဲ့အခါကျတော့ မိုးချုပ်ပြီဗျာ၊ အိမ်ကလဲတော်တော်ကြာမြော်နေလိမ့်မယ်... (မှန်ပါ့) ကျုပ်နေလို့လဲ ကျုပ်ကလဲအလိုက်မသိရာရောက်သွားလိမ့်မယ် အစရှိသည်နဲ့ ဒီနူတ်ဆက်ခွန်းတွေဟာ ဘယ်ကလာတာတွေတုံး....(ကိလေသာပိုးကလာတာပါဘုရား)။

ပြောကြစမ်းပါဦး- ကျုပ်တော့နားမလည်သို့ ပြောပါဦး တကာသစ်ရာ၊ ရိပ်မိပလား .... (ရိပ်မိပါပြီ) ဘယ်ကလာတာတဲ့တုံး....(ကိလေသာပိုးကလာတာပါ) ကိလေသာပိုးကိုက်လို့ ထွက်တဲ့ အသံတွေကိုးဗျ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ) ဘာသံတွေဘာလိမ့်.... (ကိလေသာပိုးကိုက်လို့ ထွက်တဲ့ အသံတွေပါဘုရား)။

ဒါဖြင့် ကိုလေသာပိုးကိုက်တဲ့အသံတွေ ဟိုရောက်သွားတော့ အေးချမ်းသလားလို့....မေးတဲ့အခါကျတော့ ဟိုရောက်လို့ ရှိယင် ဘယ်သူက နေမကောင်း- ဘယ်သူက နေရာမကျ၊ ဘယ်သူနဲ့ အပြောအဆို အပေါက်အလမ်းမတည့် ဆိုတာတွေကော အိမ်ကျတော့ တခါတည်း ဒီလောက်တောင် မိုးချုပ်အောင်နေရမလား၊ အလိုက်မသိတဲ့အထဲမှာ ရှင်တို့အပါအဝင်ဘဲ....အစရှိသည်နဲ့ ဆိုလိုက်ပြန်တော့လဲ ဟိုကျတော့လဲ ပူရရှာတယ်.... (မှန်ပါ့) မီးဖို နား ရောက်သွားတာကိုး....(မှန်ပါ့)။

တကာကြွယ် ဒီက ဘယ်နှယ်ကြောင့် သွားသတုံး၊ ပိုးကိုက်လို့ သွားတာ....(မှန်ပါ့)ဟိုကျတော့ ဒီအပြောအဆိုတွေ တိုးတိုး-တိုးတိုးနဲ့ စောင်းမြောင်းလို့ မခံရဘူးလား(ခံရပါတယ်)အင်း-တကာကြွယ် ဘာဖြစ်တာတုံး ဒါ....(ပိုးကိုက်တာပါဘုရား) မဟုတ်ဘူးဗျ၊ မီးပူကပ်ပြန်တာ....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ်-ကောင်းတဲ့အလုံးပါရဲ့လား....(မပါ-ပါဘုရား) ကိုယ့်ကိုယ်က ကိုလေသာပိုးမပျောက်တော့ မီးဖိုနား ကပ်ရလို့ ရှိယင် ခင်ဗျားကလဲ ဒီကသွားကတည်းက ခပ်သုတ်သုတ်ဟော့.... ကားဖြစ်ဖြစ် မြန်မြန်မောင်းဟော့.... (မှန်ပါ့) အချိန်က မလှဘူးက္ခ၊ အိမ်ကဟာတွေက ဆူကုန်လိမ့်မယ်၊ ပူကုန်လိမ့်မယ်... (မှန်ပါ့ဘုရား)။

ဟိုကျတော့ ဆူတယ်, ပူတယ်ဆိုတော့ ကိုယ့်စိတ်ထဲမှာ ကောင်းသွားသလား-ဆိုးသွားသလား-(ဆိုးသွားပါတယ်ဘုရား) ဟိုမီးဖိုနား ရောက်တာကိုး....(မှန်ပါ့)။

ဒီကသွားတုန်းက ပိုးကိုက်တယ်.... (မှန်ပါ့) ဟိုကျတော့ မီးကင်တယ်....(မှန်ပါ့) အဲဒါကို မကင်ရလို့ ရှိယင် တကာကြွယ် တို့က ဘယ်နှယ်ဖြစ်နေသတုံး၊ မိုးမျှားချုပ်သွားယင် ဘယ်နှယ် လုပ်ပါ့မတုံး....တဲ့၊ မီးကင်နောက်ကျလို့....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

မိုးချုပ်သွားယင်.... (မိုးကင်နောက်ကျပါတယ်ဘုရား) ဒါ့ကြောင့် ကားတောင်နှေးတယ်ထင်သေး၊ အမြန်တောင်မသွား ဘူးထင်ဆိုတော့ တော်တော် ကိုလေသာပိုးကိုက်ချက်ပြင်းထန် ပါကလား(မှန်ပါ့) မီးဖိုနဲ့ဝေးမှာကိုလဲ နူနာသမားက အတော် စိုးရိမ်တယ် .... (စိုးရိမ်ပါတယ်ဘုရား)။

အဲဒီလိုကွာ....တဲ့၊ ကိုလေသာပိုးကိုက်တဲ့ပုဂ္ဂိုလ်ဟာ မီးကင်ရမှု ကျေနပ်တယ်ကွ....တဲ့... (မှန်ပါ့) တယောက်သောနူနာပျောက်တဲ့ ပုဂ္ဂိုလ်ကို ဟိုပုဂ္ဂိုလ်မီးကင်နေတာ ကိုလေသာပိုးကိုက်လို့ ဆုံရှုံးပြီး သကာလ မီးကင်နေတာကြည့်လိုက်တဲ့အခါကျလို့ ရှိယင် ဟာ-နူနာပျောက်တဲ့လူ အသားအရေတွေတောင်ဖဲ့ မြောက်ဖဲ့ ဖဲ့ပြီး သကာလ မီးကင်ပါဦးလားဆိုတော့ တကာသစ် ကင်ချင်တဲ့ စိတ်လာ-မလာ.... (မလာပါဘုရား) ရောဂါပျောက်တယ်.... (ပျောက်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

တကာကြွယ်,ရေ .... ရောဂါမပျောက်သေးတာနဲ့ ရောဂါ ပျောက်တာနဲ့ တယ်ကွာပါကလား .... (ကွာပါတယ်ဘုရား)။

ခုနင်ကပြောတဲ့ ဝိသာခတို့ကျတော့ တကာတကာမတို့ လာ သာလာခဲ့တယ်၊ မီးကင်ဘို့လာတာလား၊ ပစ္စည်းလဲအပ်ဘို့ လာ

တာလား.... (ပစ္စည်းလွဲအပ်ဘို့လာတာပါဘုရား) မီးကင်ဘို့လာတာ မဟုတ်ဘူးဗျ....နော် ...(မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဓမ္မဒိန္နာဆီမှာ စကားမပြောလို့ တကာမကတောင်အထင်တွေ့ လွဲလို့ ဟင်....(မှန်ပါ့) နောက်ဆုံးပိုတ်တနေ့ကျတော့ မင်းလဲ နှမလိုဘဲနေပါတော့....၊ ရှိတဲ့ပစ္စည်းလဲ အကုန်သိမ်းပြီး သကာလ မင်း-ဒီအိမ်မှာဘဲ ဝေယျာဝစ္စ ပြုနေမယ်ဆို နှမအဖြစ်နဲ့ ပြုနေပါ....(မှန်ပါ့) သို့မဟုတ် အိမ်ထောင်တည်ထောင်ချင်တယ်ဆိုလို့ ရှိယင်လဲ တည်ထောင်ပါ....တဲ့၊ ဒီကျမှ ရိပ်မိတယ်။ ကိလေသာပိုးငြိမ်းသွားတဲ့အသံကထွက်လာတယ်....(မှန်ပါ့)။

တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) ကိလေသာပိုးမငြိမ်းယင် ဒီအသံထွက်ပါ့မလား....(မထွက်ပါဘုရား) ဒီ မီးဖို နားရောက်ရတာဘဲ ပြုံးနေဦးမှာဘဲ.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာကြွယ်တို့ ဘာဘဲလောလောပေါ့ဗျာ ... (မှန်လှပါ) ဦးမာဒင်တို့ ဘာဘဲလောလောဆယ်ဖြစ်လာ- ဘာကြားလို့ဘုရာ့၊ ဘယ်လိုဘုရာ့....ဆိုယင် သြော်.... ဒါ တခြားမဟုတ်ဘူး၊ တကာသစ် ရိပ်မိပလား....(ရိပ်မိပါပြီ) ပြန်ချင်တယ်ဘုရာ့- သွားချင်တယ်ဘုရာ့-ဆိုလို့ ရှိယင် ဘာတုံး.... (ကိလေသာပိုးကိုက်တာပါဘုရား) ဘယ်ပြေးမှာတုံး၊ မီးဖိုဆီကို ... (မှန်ပါ့) ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ဘယ်ပြေးမှာတုံး ... (မီးဖိုဆီပါဘုရား) တကာကြွယ်,ရေ.... မိုးမျှားချုပ်နေလို့ ရှိယင် သွက်မှာလား-မသွက်ဘူးလား....(သွက်

မှာပါဘုရား) ဘာဖြစ်လို့တုံး....(ကိလေသာပိုးထိုးလို့ပါဘုရား) မီးဖိုနဲ့ဝေးနေလို့... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ပြီးတော့ ခင်ဗျားတို့က ကိုယ့်စိတ်ထဲက အရူးက မပျောက်သေးတော့ အခုမှဘဲ အိမ်ရောက်မှဘဲ အားလုံး စုံပြီးသကာလဟင်း....ချမိတော့တယ်ဆိုတော့ မီးဖိုနားလဲရောက်ရော ဟင်း.... ချမိသေးတယ်ဆိုတော့ မီးပူတာ ပူမှန်းမသိတဲ့အရူးသွားဖြစ်တယ် (မှန်လှပါဘုရား)။

ဘာများသွားဖြစ်သတုံး.... (အရူးသွားဖြစ်ပါတယ်ဘုရား) တကာကြွယ် ကျုပ်တို့ဖြစ်စဉ်လေ....(မှန်ပါ) တကာတကာမတွေ့ ရိပ်မိကြရဲ့လား... (ရိပ်မိပါတယ်ဘုရား) ပူတဲ့နေရာရောက်မှ အခုမှ အေးသွားတယ်ပြောတယ်.... (မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အေးတဲ့ဆီနေတုန်းက သူပူနေတယ်.... (မှန်ပါ) ပူတဲ့နေရာရောက်မှ....(အေးတယ်ပြောပါတယ်) ဟာ....တကာကြွယ် အသံတော့ အတော်ဆိုးတဲ့အသံဘဲ... (မှန်ပါ)။

အေးတဲ့နေရာရောက်တော့ ဘာဖြစ်နေသတုံး.... (ပူပါတယ်ဘုရား) ပူတဲ့နေရာရောက်တော့....(အေးပါတယ်ဘုရား) ဟာ.... ကျုပ်လဲ ဒီဆေးဟာ အတော်အရှာခက်တယ်....(မှန်ပါ)ခင်ဗျားတို့ ရောဂါက အဆန်းပါကလား....(မှန်ပါ)။

ဘယ့်နှယ်ဆိုမတုံး တကာကြွယ်.... (ရောဂါက် အဆန်းပါဘုရား)။

ရောဂါအဆန်း၊ ပူတဲ့နေရာရောက်တော့ အေးသတဲ့၊ အေးတဲ့နေရာကျတော့... (ပူပါတယ်ဘုရား) တယ်လဲ ဆိုးပါကလား.... (ဆိုးပါတယ်ဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးများ ကျေးဇူးတင်ဘို့ တယ်ကောင်းတယ်၊ ကျုပ်ဘို့ရှူးချက် သိပ်သန်တယ်နော် (သန်ပါတယ်ဘုရား) မသန်ဘူးလား....(သန်ပါတယ်) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့်.... ရောဂါမပျောက်သေးတဲ့ဥစ္စာ ကိုယ်အကြောင်းကိုယ်သိကြပြီ... (သိပါပြီ) ဒီနေ့ ဖေါ်လိုက်တယ်ပေါ့ဗျာ.... (မှန်ပါ့)။

ဒီတုံင ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မာဂဇ္ဈ....တဲ့၊ ရောဂါပျောက်တဲ့ပုဂ္ဂိုလ်နဲ့ ရောဂါမပျောက်တဲ့ပုဂ္ဂိုလ် မထူးခြားဘူးလားကွတဲ့....(မှန်ပါ့) ထူးခြားပါတယ်ဘုရား....တဲ့။

အဲဒါ မင်းက ပုဒ်းစည်းခြင်း အလိုရှိတဲ့ပုဂ္ဂိုလ်ဟာရောဂါရှိသေးလို့ကွ....(မှန်ပါ့) ငါကတော့ ပုဒ်းစည်းခြင်းဖြတ်တာကတော့ ရောဂါရောက်ပြီးသားပုဂ္ဂိုလ်မို့ဖြတ်တာကွ.... (မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါတုံင်မကသေးပါဘူးကွာ....တဲ့၊ မင်းသည်ကား....လို့ဆိုလို့ရှိယင်ဖြင့်... တဲ့ တဦးသောပုဂ္ဂိုလ် နှုနာရောဂါကပ်တဲ့အခါကျတော့ မီးဖိုကင်နေတယ်ကွ .. တဲ့.... (မှန်ပါ့ဘုရား) ကင်နေတော့ပျောက်တဲ့ပုဂ္ဂိုလ်ကို အားကောင်းတဲ့ လူနှစ်ယောက်က မင်းလဲအယင်တုန်းက မီးကြိုက်တဲ့ပုဂ္ဂိုလ်ဘဲဆိုပြီးသကာလ မီဖိုနားကို

အားကောင်းတဲ့ လူနှစ်ယောက်က သူ့လက်မောင်းတွေကိုင်ပြီး ပို့မယ်ဆိုလို့ရှိယင် ကျုပ်ကို မနှိပ်စက်ပါနဲ့လို့ ပြောလိမ့်မယ်တဲ့....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ဒီအသံထွက်ပါလိမ့်မတုံး မေးတဲ့အခါ ရောဂါပျောက်လို့....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့.... (ရောဂါပျောက်လို့ပါဘုရား) သူဟာ နဂိုရိတုန်းက မီးကင်နေတာဘဲ၊ မင့်ကိုဒီတခါ မီးထဲဆဲပြီး ကင်အောင်လုပ်ရဦးမယ်ဆိုတော့ ကြိုက်သေးသလား.... (မကြိုက်ပါဘုရား)။

နဂိုရိကလဲ သူ-ဒီလိုမီးကင်နေတဲ့ ပဂ္ဂိုလ်ထဲကဘဲ.... (မှန်ပါ့) သို့သော် ရောဂါပျောက်သွားတဲ့အခါကျတော့ မီးဖိုနား အားကောင်းတဲ့ လူနှစ်ယောက်က ပို့တာတောင်မှ ဟိုတိမ်း,ဒီစောင်း ကျုပ်မနှိပ်စက်ပါနဲ့ အစရှိသည်နဲ့ တကာကြွယ် ပြောသတဲ့.... (မှန်ပါ့) ဘုရားကဟောတာနော်....(မှန်ပါ့)။

ကိုင်း... ဒါကျတော့ ဦးမာဒင်တို့က ဘယ်နှယ်ဆုံးဖြတ်ချက်ချမလဲ....(ရောဂါပျောက်လို့ပါဘုရား)။

ဩော်.... ရောဂါပျောက်တော့လဲ မီးနား မကပ်ချင်ဘူး-.... (မှန်ပါ့ဘုရား)။

အခုတော့ဖြင့် ကိုယ့်အိမ်,ကိုယ့်ရာ နေရမှဘဲ စိတ်ချမ်းသာတဲ့ပုံဟာ ဘာပါလိမ့် (ရောဂါ မပျောက်သေးလို့ပါဘုရား) ရောဂါရှိတယ်....(မှန်ပါ့)။

ကိုယ့်အိမ်, ကိုယ့်ရာဆိုတာ မီးဖို.... (မှန်ပါ့) သူများအိမ် သွပ်တချပ်ကွာနေလဲ ကိုယ်နဲ့ဘာဆိုင်သတုံး....(မှန်ပါ့)ကိုယ့်အိမ် ရောက်ယင် ဖါချင်တဲ့စိတ်ကလေးက ပူလာပြီ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

သူများအိမ်မှာ ဘာမှ ဒီ·တံမြက်စည်းတခု မလဲရတာတော့ ချမ်းသာတယ်....(မှန်ပါ့) ကိုယ့်အိမ်ကျယင် ရှုပ်တာကြည့်နိုင်သေးရဲ့လား....(မကြည့်နိုင်ပါဘုရား)ကိုယ့်အိမ်ကျယင် ဝေယျာဝစ္စ အပူဓာတ်တွေ့ မရှုပ်ဘူးလား....(ရှုပ်ပါတယ်ဘုရား)။

နို့...ကိုယ့်အိမ်ကျယင် ဘယ်သူနေကောင်းရဲ့လား၊ ဘယ်သူနေမကောင်းဘူးလားဆိုတာ မေးရတယ်....(မှန်ပါ့) ဘယ်· ဒီမှာ ဘယ်သူ့မှ မေးစရာမရှိတဲ့လူကျတော့တကာကြွယ် ပျော်ရဲ့လား (မပျော်ပါဘုရား) ဘယ်နှယ်ဖြစ်တုံး....၊ အေးတဲ့နေရာကိုး.... (မှန်ပါ့) မပျော်ဘူး....(မှန်ပါ့) ပူဘဲ့နေရာတော့.... (ပျော်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ပူတဲ့နေရာကျတော့ သူ့စိတ်ကအေးတယ်....(မှန်ပါ့) အေးတဲ့နေရာကျတော့.... (ပူပါတယ်ဘုရား)။

ဟာ.... တကာသစ် တော်တော့်ကိုခက်တယ်....(မှန်ပါ့)သေသေချာချာ ဉာဏ်နဲ့စဉ်းစားမှ အတော်ကြီး ခက်ပါတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ်ရေ ဘုရားပေးတဲ့ ဥပမာကလေးနဲ့ ဥပမာ,ဥပမေယျ ဟပ်ပြီးသကာလ ဘုရားဟောလိုက်တာ မာဂဏ္ဍိပရိုဗ်

ကို သြော်....ဒို့ဖြစ်စဉ်နဲ့ ကိုက်လိုက်တာ....(မှန်ပါ့) ဒို့မှာလဲ အေးတဲ့နေရာနေရတော့ ပူသတဲ့....(မှန်ပါ့)ပူတဲ့နေရာနေရတော့-(အေးပါသတဲ့ဘုရား)။

သြော်....ဒါဖြင့် ရောဂါမပျောက်သေးတာဟာ ကျုပ်တို့ ရောဂါမှ အရှုးရောဂါကိုပါနေတယ်....(မှန်ပါ့ဘုရား)။

ဘာရောဂါတုံး.... (အရှုးရောဂါပါဘုရား) တကာတကာမတွေ့ ဒါဘုရားဟောတာနော်....(မှန်ပါ့) အဲဒီရောဂါမပျောက်သ၍လဲ လမ်းကောင်း,လမ်းမှန်နဲ့လမ်းဖြောင့်ကိုကျုပ်တို့လျှောက်လို့ ဖြစ်ပါ့မလား....(လျှောက်လို့မဖြစ်ပါ) တော်တော်အရေးကြီးတယ်နော်....(အရေးကြီးပါတယ်ဘုရား)။

ကဲ..ဒါနဲ့ ရောဂါပျောက်တဲ့ပုဂ္ဂိုလ် မီးဖိုနား ပို့ပြန်တော့ တကာသစ် လက်ခံသေးရဲ့လား..(လက်မခံပါဘုရား)ဘယ့်နှယ်ကြောင့်ပါလိမ့်.... (ရောဂါပျောက်လို့ပါဘုရား)။

အင်း....နဂိုရိုက မီးကင်နေတဲ့ပုဂ္ဂိုလ်ဟာ အခုမှ မင်းက ဘာချေးထူနေရတာတုံးဆိုတော့ ကျွန်တော် ရောဂါပျောက်လို့ပါဆိုတဲ့ အဖြေဘဲထွက်ရမယ်....(မှန်ပါ့)။

ဒီမှာလဲ ခင်ဗျားတို့ရောဂါ ပျောက်လို့ရှိယင်ဖြင့် သားနား, သမီးနား, ဆွေနား, မျိုးနား ကပ်ချင်ပါဦးမလား.... (မကပ်ချင်ပါဘုရား) အခုကပ်ချင်တာဟာ ဘာသတ္တိပါလိမ့် (ရောဂါသတ္တိပါဘုရား)ဘာရောဂါတုံး.... (ကိလေသာရောဂါပါဘုရား) ကိလေသာနှုနာရောဂါ....(မှန်ပါ့)။

ဘယ်ကပ်ရမှ သူ့စိတ်ထဲ အေးမယ်ထင်ပါလိမ့်.... (မီးဖိုနား ကပ်ရမှ အေးမယ်ထင်ပါတယ်ဘုရား)။

သြော်....တကာတကာမတို့ မီးဖိုဆိုတာ ပင်ကိုယ်ပူတာမနော်.... (မှန်ပါ့)မီးဖိုဆိုတာ ဘယ်သူ့ရွေးသေးသတုံး....(မရွေးပါဘုရား) ကောင်းတဲ့ပုဂ္ဂိုလ်ကင်လဲ ပူတာဘဲ....(မှန်ပါ့) နူးတဲ့ပုဂ္ဂိုလ်ကင်လဲ (ပူပါတယ်ဘုရား) မီးဖိုက လူရွေးသေးသလား .. (မရွေးပါ)။

ဒါနဲ့ ဘုရားကပြောလိုက်တယ်၊ ရောဂါပျောက်တဲ့ပုဂ္ဂိုလ် မီးဖိုနား ကင်တဲ့အခါကျလို့ ရှိယင် သူ့ကိုမနှိပ်စက်ကြပါနဲ့၊မီးဖိုနား ကျုပ်ကိုမပို့ကြပါနဲ့လို့ အော်ကာ, အင်ကာနဲ့ နောက်ဆုတ်တယ်တဲ့....၊အဲဒီတော့ မင်းဘယ် နှယ်လုပ်မလဲလို့ မာဂဏ္ဍိကို မေးလိုက်တဲ့အခါကျတော့ ရောဂါမရှိတဲ့ပုဂ္ဂိုလ် ဆေးမလိုပါဘူးလို့ ပြောတယ်နော်....(မှန်ပါ့)။

ဒီမှာလဲ တကာတကာမတွေ့ ရောဂါမရှိဘူးဆိုယင် မီးကို မကင်ချင်ဘူး....(မှန်ပါ့ဘုရား) သားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့, ပစ္စည်းရှာမှုနားများ တကာကြွယ် ကပ်ချင်သေးရဲ့လား-(မကပ်ချင်ပါဘုရား) အဲဒါ ဘာဖြစ်သွားသတုံး.... (ရောဂါပျောက်သွားတာပါဘုရား) ရောဂါပျောက်လို့.... (မှန်ပါ့)။

နဂိုရှိတုန်းက ရောဂါမပျောက်ခင်တုန်းကလဲ ဒီမီးဖိုဘဲ.... ဒီမီးဘဲ(မှန်ပါ့)ရောဂါပျောက်တဲ့ အခါကျတော့လဲ မီးဘဲ... တဲ့၊ တကာတကာမတို့ မကပ်ချင်တဲ့စိတ် ကွာနေတယ်....(မှန်ပါ့) ရောဂါရှိတုန်းကတော့ ကပ်ချင်တဲ့စိတ်....(ကွာနေပါတယ်) ရော

ဂါပျောက်တော့....(မကပ်ချင်တဲ့စိတ်ပါဘုရား) မကပ်ချင်တဲ့စိတ်ပေါ်နေတယ်... (မှန်ပါ့)။

တကာသစ် ဘယ်သူ့သတ္တိထင်သတုံးဗျာ....၊ ရောဂါသတ္တိကြောင့်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ရောဂါရှိယင် အပူကို အအေးထင်တယ်....(မှန်ပါ့)အအေးကို (အပူထင်ပါတယ်ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ရောဂါရှိလို့ရှိယင်....(အပူကို အအေးထင်ပါတယ်) အအေးကျတော့....(အပူထင်ပါတယ်ဘုရား)။

ဟာ....တကာကြွယ်တို့, ဦးမာဒင်တို့ သိပ်ခက်ပါကလား.... (မှန်ပါ့) ပုထုဇန်အရှုးဆိုတာ ....(ပေါ်ပါပြီဘုရား)မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ပုထုဇန်အရှုးလို့ ဘုရားကပြောလိုက်တာကိုယ်တော်ကြီးနှယ်ဆိုရက်လိုက်တာလို့ တကာကြွယ်တို့က ပြောချင်လဲပြောလိမ့်မယ်....(မှန်ပါ့) ကိုယ်-ကိုယ်တိုင် တကာတကာမတို့ မီးကင်ချင်တာနဲ့ နှစ်ခုထူးခြားအောင် တခုသေသေချာချာပြောတော့မှ သြော်... ရှုးသေးပါကလား.... (မှန်ပါ့) ရောဂါရှိတဲ့ အရှုးတယောက်ပါကလား.... (မှန်ပါ့) ပေါ်လာပလား.... (ပေါ်လာပါပြီဘုရား)။

ဒီနေတာတောင် တကာကြွယ် တခါတလေ တရားနာနေတဲ့အခါတောင်မှ အင်း.... ဘယ်လိုမျှား နေရမ်ပါလိမ့် မတုံးလို့

ကြားပေါက်မီးဖိုကလေးလာသေးတယ်....(မှန်ပါ့)မလာဘူးလား (လာပါတယ်ဘုရား)။

အေးတဲ့နေရာတောင်မှ ကိုယ်က အာရုံပြုလိုက်တဲ့အခါ ပူတာကလေးဟာ လာသေးတယ်.... (လာပါတယ်ဘုရား)။

ဒါ့ကြောင့်တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့အရူးတွေကို ငါသည်ကားလို့ ဆိုယင်ဖြင့် ကုန်ဉင်တဲ့စွမ်းရည်သတ္တိရှိအောင် လေးသခ်ျနဲ့ ကမ္ဘာတသိန်းပါရမီဖြည့်ပြီးသကာလ ကုရမှာဖြစ်လေသောကြောင့် မင်းတို့ငါ့ကိုဖဲ့မတိုက်ပါနဲ့တဲ့....(မှန်ပါ့) ရူးချက်သီပ်သန်တယ်....(မှန်ပါ့)တော်တော်လူ နားထောင်နိုင်တဲ့အခြေအနေမှ မရှိဘဲလား.... (မှန်ပါ့ဘုရား) ကိုယ်ကရောဂါသမားဆိုတော့ မီးဘဲ တခါတည်း အအေးထင်နေတယ်....(မှန်ပါ့ဘုရား)။

မီးကို ဘယ်နှယ်ထင်နေသတုံး .... (အအေးထင်နေပါတယ်) အေးတဲ့နေရာကျတော့....(ပူတယ်ထင်ပါတယ်) အံမာလေး.... တကာတကာမတွေ့ မလွယ်ပါကလား....(မလွယ်ပါ)မလွယ်ဘူး-မလွယ်ဘူး တကာတကာမတို့နော်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါနဲ့ တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောလိုက်ကယ်၊ မာဂဏ္ဍ ... မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အအေးကိုတော့ မင်းက အပူထင်တယ်၊ အပူကိုတော့ အအေးထင်တယ်၊ နှုနာပျော်က်တဲ့ပုဂ္ဂိုလ်နဲ့- မပျော်က်တဲ့ပုဂ္ဂိုလ် ငါထူးခြားအောင်ပြောလို့ မင်းစိတ်ထဲမှာ ရှင်းသွားပြီ .... (မှန်ပါ့ဘုရား)။

အခုရောဂါပျောက်တဲ့ပုဂ္ဂိုလ် မီးကင်ပါဆိုတော့ ကင်သေးရဲ့လား..... (မကင်ပါ) နဂိုက ကင်တုန်းကလဲ ပူတာဘဲ .... (မှန်ပါ့) ပျောက်တော့ မကပ်ချင်တာကော....(ပူပါတယ်)အဲ.... မီးဟာ ပင်ကိုယ်ပူဗျ၊ ဖေါက်ပြန်တဲ့ပုဂ္ဂိုလ်မို့ကပ်တာ.... (မှန်ပါ့ဘုရား)။

မီးဟာဘာတုံး....(ပင်ကိုယ်ပူပါ) ဖေါက်ပြန်တဲ့ပုဂ္ဂိုလ်မှ .... (ကပ်ပါတယ်) ဒါဖြင့် ဝိပဿနာသရှိတဲ့ ပုဂ္ဂိုလ်မှ တကာကြွယ်ကပ်ဘာ....(မှန်ပါ့ဘုရား)။

မီးသဘောဟာ ဘာပါလိမ့်....(ပူပါတယ်) ပင်ကိုယ်သဘောကိုက....(ပူပါတယ်ဘုရား)။

ဒါဖြင့် ဖေါက်ပြန်တဲ့ သဘောရှိတဲ့ ပုဂ္ဂိုလ်ဟာတော့ မီးကပ်ရလို့-မီးကပ်ရလို့ရှိယင် သက်သာတယ်လို့ထင်တယ်.... (မှန်ပါ့) ဖေါက်ပြန်တဲ့ သဘောတွေများ မဂ်ဉာဏ်နဲ့ ရုပ်သိမ်းလိုက်ပြီး ဝိပဿနာသတွေများ ရုပ်သိမ်းလိုက်မယ်ဆိုတော့ ပင်ကိုယ်ပူမို့ကပ်ချင်သေးရဲ့လား....(မကပ်ချင်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ သားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့ နီးနီးနားနား နေချင်ကြ, ထိုင်ချင်ကြတယ်ဆိုတာ ဒါတွေဟာ မီးဖိုတွေပါဘဲ... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတွေပါလိမ့်.... (မီးဖိုတွေပါ) ဘယ်နှယ်ကြောင့် နီးနီးနားနား နေချင်ကြပါလိမ့်မတုံးလို့ တကာသစ်တို့ ဦးမာဒင်တို့မေးယင် ဘယ်နှယ်ဖြေပါ့မလဲ.... (ကိုလေသာနှုနာထ

တာပါ)ကိုလေသာနှုနာထတော့ မီးကင်ရတယ်ဘုရာ့.... (မှန်ပါ့) သဘောကျပလား....(ကျေပါပြီဘုရား)။

ဒါဖြင့် ရောဂါမပျောက်သေးတဲ့ အဓိပ္ပါယ် ကိုယ့်.ကိုယ်က သက်သေခံနေတယ်....(မှန်ပါ့ဘုရား)။

ရောဂါမပျောက်သေးတဲ့ အဓိပ္ပါယ်ကို... (ကိုယ်ကသက်သေခံပါတယ်)ဒါဖြင့် တကာတကာမတို့ ရောဂါရှိကြောင်းတော့ ကိုယ့်ဟာကိုယ်သိပြီ....(မှန်ပါ့ဘုရား)။

ဒါဖြင့်ဘုရားက"ရောဂတော ဂဏ္ဍတော"လို့.များဟောတာ တောလေးဆယ်မှာ....(မှန်ပါ့) ဒီနေ့ သဘောကျဘို့ကောင်းပြီ.... (မှန်ပါ့ဘုရား)။

ရောဂတော = အနာရောဂါ အားဖြင့်ငင်း၊ ဂဏ္ဍတော= အိုင်းအမာနဲ့.တူသော အားဖြင့်ငင်း၊ ပဿ = မင်းတို့ခန္ဓာကိုယ်ကြီး ရှစမ်းပါဆိုတဲ့ဥစ္စာ ပေါ်လာတယ်.... (ပေါ်လာပါတယ်) သဘောကျကြပလား....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည်ကားလို့.ဆိုလို့.ရှိယင် အခု ဥပမာတွေပြောလိုက်တဲ့ အခါကျလို့.ရှိယင်ဖြင့် မာဂဏ္ဍီ-တော်တော်ကလေး အရည်လည်သွားတယ်....(မှန်ပါ့ဘုရား)။

ငါကတော့ ရောဂါကင်းလို့.ချမ်းတဲ့နေရာရောက်ပြီ၊မင်းက ရောဂါပွားတာ ကြိုက်တုံးရှိပါသေးကလားလို့. ဘုရားကသူ့.ကို စဲခဲ့ချက်တင်လိုက်တယ်....(မှန်ပါ့ဘုရား)။

ဒီတွင်မှ မာဂင္ဂိတဲ့ ရောဂါကင်းတဲ့ ဂါထာကလေးတခု ငါပြောပြမယ်တဲ့....(မှန်ပါ)ဆိုပြီး....

အာရောဂျပရမာ လာဘာ၊
နိဗ္ဗာနံ ပရမံ သုခံ။
အင်္ဂီကော စ မဂ္ဂါနံ၊
ခေမံ အမတဂါမိနံ။

ဘုရားကရွတ်လိုက်တယ်....(မှန်ပါ) အံမာ ရှင်ကြီးငါတမ ဒီဂါထာ သိပ်ကောင်းပါကလားတဲ့....(မှန်ပါဘုရား)။

သူက ဒီဂါထာရပြီးသားဖြစ်နေတယ် .. (မှန်ပါ) ဘုရားက ရွတ်ခါရှိသေးတယ်၊သူကရပြီးသားဖြစ်နေတယ်- (မှန်ပါ)ရှေးက ပုဏ္ဏားတွေအဆက်ဆက် တကာသစ် ဆောင်လာတယ်.... (မှန်ပါ ဘုရား)။

ရှင်ကြီးငါတမတဲ့ ဒီဂါထာ ရွတ်လိုက်တာ ကျုပ်သိပ် သဘောကျတယ်တဲ့....(မှန်ပါဘုရား)။

'အာရောဂျပရမာလာဘာ'ဆိုတာအနာကင်းတာဟာ လာဘ်ကြီးတခုဘဲ_(မှန်ပါ) 'နိဗ္ဗာနံ ပရမံသုခံ'ဆိုတာလဲ ချမ်းသာထဲမှာလဲ နိဗ္ဗာန်ဟာချမ်းသာတယ်ဆိုတာ ဟုတ်တာဘဲ .... (မှန်ပါ ဘုရား)။

ဒါဖြင့်ကဲ့ဘတဲ့ မင်းက ဒီဂါထာရတယ်ဆိုယင် ပြောစမ်းပါ၊ အနာကင်းတာ ဘယ်ဟာ၊ချမ်းသာတဲ့နိဗ္ဗာန်ဆိုတာ ဘယ်ဟာတုံးလို့ဆိုတော့ သူက ခန္ဓာကိုယ်ကြီးပုတ်ပြတယ်....(မှန်ပါဘုရား)။

ဘာပုတ်ပြဲယတုံး....(ခန္ဓာကိုယ်ကြီး ပုတ်ပြပါတယ်) သြော်.... မင်းခက်ပါသေးတယ်ကွာ၊ ဒီခန္ဓာကြီး ရောဂါတွေရှိနေလျက်သားနဲ့ မင်း 'အာရောဂျပရမာလာဘာ'လို့ ခန္ဓာကြီးဟာ ဒါအနာကင်းတာဘဲ၊ ဟောဒီခန္ဓာကြီးဟာ နိဗ္ဗာန်ဘဲလို့ မင်းပုတ်ပြတာဖြင့် ငါအံ့ပါရဲ့ကွာတဲ့....(မှန်ပါ့) ဘုရားက ပြောရတယ် (မှန်ပါ့) မာဂဇ္ဈိကလဲ ရှေးမှီ-နောက်မှီဘဲ.... (မှန်ပါ့ဘုရား)။

အဲဒီလို ဖြစ်ပြီးသကာလနေတော့ ရှင်ကြီးဂေါတမတဲ့ ကျုပ်ပြောတာ အခု ရှင်ကြီးဂေါတမက မှားသည်လို့ ဆိုတာကို ရှင်ကြီးဂေါတမပြောတဲ့အဘိုင်း ကျုပ်ယုံကြည်ပါတယ်တဲ့၊ အဲဒါယုံကြည်တော့ကို ကျုပ်ကို အနာကင်းအောင်- နိဗ္ဗာန်ရောက်အောင် လုပ်ပေးစမ်းပါဦးတဲ့....(မှန်ပါ့)ဒီကျမှတောင်းပန်တယ်-(မှန်ပါ့ဘုရား)။

အနာလဲကင်းအောင်,နိဗ္ဗာန်လဲရောက်အောင်ကျုပ်ကိုလုပ်ပေးစမ်းပါဦးလို့ သူကပြောတယ်....(မှန်ပါ့ဘုရား)။

ကွာ.... မင့်လုပ်ပေးဘို့ အာသာထားဦးတဲ့၊ မင့်မျက်လုံးကို ကုရဦးမယ်တဲ့ (မှန်ပါ့ဘုရား)။

မျက်လုံးက မင်းဟာက အနာမကင်းတာ အနာကင်းတယ်ထင်တယ်- (မှန်ပါ့) မင့်ကိုကုစရာကတဲ့၊ မင်းဟာ ဝမ်းတွင်းကတည်းက မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ ဖြစ်လာတယ်၊နေ့လဲမသိဘူး၊လ,လဲမသိဘူး၊အဖြူ-အနီလဲ မသိတဲ့ပုဂ္ဂိုလ်ကို၊ ဟောဒါအနာကင်းတာဘဲ၊ ဟောဒါသည် နိဗ္ဗာန်ဘဲလို့ မင်းလိုလူ ပြောလို့ နားလည်မှာမဟုတ်ဘူး၊ မျက်လုံးအရင် ကုရဦးမယ်ဆိုပြီး အရိယာမျက်လုံးတပ်ပေးရဦးမယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာတပ်ပေးရဦးမလဲ....(အရိယာမျက်လုံးတပ်ပေးရမှာပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် ဘာတပ်ပေးမှ သိမလဲ....(အရိယာမျက်လုံးတပ်ပေးမှ သိမှာပါဘုရား)။

နို့မဟုတ်လို့ရှိယင် တကာကြွယ်တို့လဲ ခန္ဓာကြီးကြည့်ပြီး "အာရောဂျပရမာ လာဘာ"ဆိုတာ ကျုပ်ခန္ဓာဘဲဗျ....(မှန်ပါ!) "နိဗ္ဗာနံ ပရမံသုခံ" ဆိုတာ ကျုပ်သားနဲ့, သမီးနဲ့, ဆွေနဲ့, မျိုးနဲ့ ပြည့်ပြည့်စုံစုံ ပျော်ပျော်ရွှင်ရွှင်နဲ့နေတာ ကျုပ်ဒါလောကနိဗ္ဗာန်ဘဲဗျ လုပ်ချင်လုပ်နေဦးမှာ .... (မှန်ပါ) မလုပ်ပေဘူးလား.... (လုပ်ပါတယ်ဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းအနာကင်းတာသိရအောင် နိဗ္ဗာန်ကိုသိရအောင် မင်းကလဲ စုံလုံးကန်းဖြစ်နေတော့ မျက်လုံးအယင်ကုရဦးမယ်၊ နောက်မှ အနာကင်းတာကို မျက်လုံးကုပြီးမှ အနာကင်းတာမင်းသိမယ်.... (မှန်ပါ!) နိဗ္ဗာန်ကိုလဲ မင်းသိမယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောရတယ်....(မှန်ပါ!)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာကုဘို့ အရေးကြီးသတုံး.... (မျက်လုံးကုဘို့အရေးကြီးပါတယ်ဘုရား)။

မျက်လုံးကလဲကန်းလာတာက ဘယ်တုန်းက ကန်းလာသတုံး (မွေးကတည်းကပါဘုရား) ဝမ်းတွင်းက ကန်းလာတာ.... (မှန်ပါဘုရား)။

ဝမ်းတွင်းက ကန်းလာတာဆိုတော့ နေ့လဲမမြင်ဘူး၊ လ့လဲမမြင်ဘူး.... (မှန်ပါ့) အဖြူ့၊ အနီ့၊ အကြောင့်၊ အကြားကော.... (မမြင်ပါဘုရား) သူမျှားပါးဖပ် လမ်းဆုံးနေတယ်.... (မှန်ပါ့ဘုရား)။

အဲဒီပုဂ္ဂိုလ်ဟာ ဒီ "အာရောဂျပရမာ လာဘာ" ခန္ဓာကြီး အနာကင်းရှင်းတာသည် တကာတကာမတို့ .... လာဘ်ကြီးဘဲ၊ ဒီနိဗ္ဗာန်သည် အချမ်းသာဆုံးဘဲလို့ သူ့ကို စုံလုံးကန်းကိုပြောလို့ အနာမှ မသိတဲ့ပုဂ္ဂိုလ် အနာကင်းတာ သိပါ့မလား....(မသိပါ့ဘုရား) ချမ်းသာမှ မသိတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ပြလို့ကော... (မသိပါဘုရား)။

အဲဒီတော့ မင်းကိုတဲ့ "အာရောဂျပရမာ လာဘာ" ဆိုဘဲ့ လာဘ်ကြီးကိုလဲ ငါမပေးနိုင်ဘူးတဲ့... (မှန်ပါ့) နိဗ္ဗာန်ချမ်းသာကိုလဲ မပြနိုင်သေးဘူးက္ခ.... (မှန်လှပါ) မင်း....မျက်လုံး အရင်ကုရဦးမယ်... တဲ့....(မှန်ပါ့)။

တကားတကာမတို့ ဘာလုပ်မယ်....(မျက်လုံး အရင်ကုရဦးပါမယ်ဘုရား) ရှင်းပလား တကာကြွယ်....(ရှင်းပါပြီ)။

မျက်လုံးကို အရင်ကုပြီးမှသာလျှင် တကာသစ်ရေ ဟာဒါအနာကင်းတာက္ခ၊ ဟာဒါ နိဗ္ဗာန်က္ခ....လို့ ပြောလို့ဖြစ်မှာကိုး (မှန်ပါ့) စုံလုံးကန်းကြီးကို ဟာဒါအနာကင်းတာ၊ ဟာဒါ နိဗ္ဗာန်က္ခ....လို့ ပြောလို့ သူကမှ ကောင်းကောင်း မသိတော့ ဘယ်နှယ်လုပ်ပြီး သူ့စိတ်ထဲမှာ ကျေနပ်ပါ့မလဲ.... (မကျေနပ်ပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် အရိယာမျက်လုံးတပ်ပေးပေးသ၍ ကာလပတ်လုံးဖြင့် ကျုပ်တို့မှာ စုံလုံးကန်း ဝမ်းတွင်းကန်းဘဲဆိုဦး.... (မှန်လှုပါဘုရား)။

ဒါဖြင့် တိုတိုပြောကြပါစို့-နာရီကစေ့လို့ တကာတကာမတို့ ဖြစ်ပျက်မမြင်သေးယင် စုံလုံးကန်းမှတ်....(မှန်ပါ့)။

ဖြစ်ပျက်မမြင်သေးယင်.... (စုံလုံးကန်းပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဆဲဒီတွင်မှ နက်ဖြန်ကျမှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကာ ဥပမာ, ဥပမေယျတွေနဲ့ အရိယာမျက်လုံးတပ်ပေးမယ်... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ နာရီစေ့ပြီ....တော်ကြဦးစို့။

သာ....မုသာဝု....သာဝု

ကျေးငှးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော
(ကြီးပွားရေးဖျက်ဆီးသူဟု....ဘုရားကိုစွပ်စွဲခဲသော)
မာဂဏ္ဍိပရိုင်ဝတ္ထု (၄)

နေ့အလုပ်ပေး-တရားတော်

(၈-၉-၆၁)

ယနေ့ မာဂဏ္ဍိပရိုင်ကြီးကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မျက်လုံးပြောင်းဘို့အရေးကို ပြောလိမ့်မယ်လို့ တကာတကာမတွေ့ မှတ်ထားရမယ်....(မှန်ပါ့)။

မာဂဏ္ဍိပရိုင်က မျက်လုံးက မပြောင်းသေးတော့ သူ့ခန္ဓာကိုယ်ကြီးကိုဘဲ ရောဂါကင်းတယ်လို့ထင်နေတယ်....(မှန်ပါ့) သူ့ခန္ဓာကိုယ်ကြီးကိုဘဲ နိဗ္ဗာန်လို့ထင်နေတယ်ဆိုတာ မှတ်ထားရမယ် (မှန်ပါ့)။

အဲဒီတော့ တကာကြွယ်တို့က စဉ်းစားရမယ်၊ သြော်... မျက်လုံးမပြောင်းသ၍ကာလပတ်လုံးရောဂါခန္ဓာကိုယ်ကြီး၊အနာတွေပြည့်နေတဲ့ခန္ဓာကိုယ်ကြီး၊ငြောင့်ကန်သင်းတွေသို့ ဟိုနေရာကနာ၊ ဒီနေရာက စူးရှနေတဲ့ခန္ဓာကိုယ်ကြီး....(မှန်ပါ့) အချည်းနှီးဖြစ်ဘဲ့ခန္ဓာကိုယ်ကြီး၊ •ဒီခန္ဓာကိုယ်ကြီး သူ့ကို အရိယာမျက်လုံး

တပ်မပေးရသေးတော့ သူ့ခန္ဓာကိုယ်ကြီးဟာ ဂိုဗွာန်....လို့ ထင်နေဘယ်... (မှန်လှုပါဘုရား)။

သူ့ခန္ဓာကိုယ်ကြီး သူ ဘယ်လိုထင်ပါလိမ့်....(နိဗ္ဗာန်ယို့ ထင်ပါတယ်ဘုရား)။

နိဗ္ဗာန်လို့ထင်နေတော့ကို အခု တကာတကာမတွေ့လဲ ပြောကြ-ဆိုကြတာဘဲ၊ ကိုယ့်သားနဲ့,သမီးနဲ့,, စီးပွားနဲ့. အကြောင်းညီညွတ်ယင် ဒါဟာ လောကနိဗ္ဗာန်ဘဲဆိုပြီးသကာလ တကာကြွယ် သုံးကြ,နှုန်းကြတယ်... (သုံးပါဘယ်ဘုရား) စင်စစ်တော့ ဒါ....မျက်လုံးက မပြင်ရသေးတော့ သူ့ဟာနဲ့သူ ဟုတ်နေတာသာ မှတ်ရမှာဘဲ....(မှန်လှုပါ)။

မျက်လုံးက မပြင်ရသေးတော့(သူ့ဟာနဲ့သူ ဟုတ်နေတာသာ မှတ်ရပါမယ် ဘုရား)။

ကိုင်း....ဒါနဲ့ဘုရားသခင်ကိုယ်စားတော်မြတ်ကြီးက....

အာခရောဂျပရမာ လာဘာ၊
နိဗ္ဗာနံ ပရမံ သုခံ။
အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊
ခေမံ အမတဂါမိနံ....လို့

ရွတ်လိုက်ဘော့ .... ဒီအဓိပ္ပါယ်က ဘာပါလိမ့်မလဲလို့.... မေးတဲ့အခါကျဘော့ အာရောဂျပရမာ လာဘာ-ဆိုတာ ခန္ဓာကိုယ်ထဲမှာ အနိစ္စ,ဒုက္ခ,အနတ္တ ရောဂါတွေမရှိယင် ဒါ... နိဗ္ဗာန်ဖြစ်တာဘဲ.... (မှန်ပါဘုရား) အနိစ္စ ဒုက္ခတွေ့ မရှိမှ....နော်....(မှန်ပါဘုရား)။

ဖြစ်ပျက်တွေ့ကို ရှုမတွေ့ဘဲ ဉာဏ်ဆဲမြင်နေမှ၊ ခန္ဓာကြည့် ထိုက်ယင်,ခန္ဓာမတွေ့ယင်, အဖြစ်အပျက်တွေ့မခံတွေ့ယင် ချုပ်ငြိမ်း တာသဲ့တွေ့နေယင် ဘာခေါ်ကြမယ်....(နိဗ္ဗာန်ပါဘုရား)။

အဲဒါ ဒီနေ့ တကာတကာမတွေ့ အာလုံးဘဲ သတိပေးပါ တယ်၊ ●ဩော်....ဒို့-ဝိပဿနာအဆုံးရောက်ပလားဗျ- မရောက်သေး ဘူးလားဆိုတာ ပဌမတော့ဖြင့် ခန္ဓာဖြစ်ပျက်တွေ့ တွေ့နေမှာဘဲ- (မှန်ပါ!) ဒုတိယခန္ဓာဖြစ်ပျက်ခံတွေ့ မုန်းကြမှာဘဲ....(မှန်ပါ!ဘုရား) တတိယကျတော့ ခန္ဓာကို ဒုက္ခသစ္စာလို့ရှုနေတဲ့ ဉာဏ်က မလို ချင်အောင် ဖြစ်လာမယ်....(မှန်ပါ!)။

ရှုနေတဲ့ဉာဏ်က.... (မလိုချင်အောင်ဖြစ်လာမှာပါဘုရား) အဲဒီလို မလိုချင်အောင် ဖြစ်လာတဲ့ အခါကျခေါ် ခုနင်္ကာ ခင်ဗျားတို့ မုန်းနေတဲ့ဖြစ်ပျက်တွေ့ဟာ အကုန်ပျောက်သွားတယ်၊ (မှန်ပါ!) ပျောက်သွားတဲ့ အခါကျတော့ တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ ရောဂါနဲ့တူဘာခံတွေကော ရှိသေးရဲ့လား.... (မရှိပါဘုရား) အိုင်းအမာနဲ့တူတာတွေကော....(မရှိပါဘုရား) ငြောင့်ထိုးသလို ဟိုကနေထိုး ဒီကနေအောင့်တာတွေကော.... ရှိသေးခဲ့လား.... (မရှိပါဘုရား) အဲဒါမှ နိဗ္ဗာန်.... (မှန်ပါ! ဘုရား)။

ဒါဖြင့် တကာသစ်တို့-ဦးမာဒင်တို့ ဩော်....ဒို့ ဆရာဘုန်းကြီး ဟာ ဒီဆောက်ခအောင်လုပ်ကြဆိုတဲ့ အဓိပ္ပါယ်ဘဲလို့ မှတ်သိုက်စမ်း ပါ....(မှန်ပါ!) ဘုရားကလဲ ဒီအဘိုင်းကိုးဗျ....(မှန်ပါ!)။

အဋ္ဌင်္ဂီခကော စ မဂ္ဂါနံ.... ဆိုဘဲ့ဥစ္စာ ဝိပဿနာမဂ်တွေကလဲ ရှိသေးတယ်-ဖြစ်ပျက်မြင်တာ....(မှန်ပါ!)။

ဝိပဿနာမဂ်က ဘာမြင်ပါလိမ့်.... (ဖြစ်ပျက်မြင်ပါတယ် ဘုရား) အဲ.... ဖြစ်ပျက် အနိစ္စ,ဒုက္ခရောဂါတို့ ဒါတွေမြင်တာပေါ့ဗျာ....(မှန်ပါ့)။

တကယ် မဂ္ဂင်ရှစ်ပါးကျတော့ "အင္ဂီကော စ မဂ္ဂါနံ" တဲ့၊ မဂ္ဂါနံ=ဝိပဿနာမဂ် အစရှိသည်တို့တွင်၊ အင္ဂီကော=အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံသော မဂ္ဂင်ရှစ်ပါးသည်၊ သေဋ္ဌော= မြတ်၏....တဲ့.... (မှန်ပါ့)။

ဒါဖြင့် ဝိပဿနာရှုတဲ့မဂ်ထက် နိဗ္ဗာန်မြင်တဲ့မဂ်က မြတ်တယ် (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဝိပဿနာရှုတဲ့အခါမှာ ကြပ်ကြပ်သတိထားပါ၊ ဒီနေ့ပြောတဲ့စကားဟာ.... (မှန်ပါ့) ဖြစ်ပျက်မြင်ယင် ဝိပဿနာမဂ်... (မှန်ပါ့) သို့သော်.... သူမျက်စိနှစ်ကွင်းအလင်းရပြီ....(မှန်ပါ့)။

မျက်စိနှစ်ကွင်း.... (အလင်းရပါပြီဘုရား) မိဘရိုးရာမျက်လုံးပျောက်ပြီ....(ပျောက်ပါပြီဘုရား)။

မိဘရိုးရာမျက်လုံး ဘယ်နှယ်နေကြသလဲ.... (ပျောက်သွားပါတယ်ဘုရား)။

အဲဒါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကုသ လိုက်တာ၊ 'တိကိစ္ဆကော' ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ဆိုပါတယ် (မှန်ပါ့) ဆေးဆရာကြီး....၊ ဆေးဆရာကြီးဆိုတာ သံသရာနာကုတဲ့ ဆေးဆရာကြီးဟာ ဘုရားပါဘဲ.... (မှန်ပါ့ ဘုရား)။

သူကုလိုက်လို့ ခန္ဓာကိုယ်ထဲမှာ ဖြစ်မှုတွေ, ပျက်မှုတွေ ရော ဂါနဲ့ တူတာတွေ ငြောင့်လိုလို, ဟိုကထိုး, ဒီကအောင့်, ဒီက တက်တာတွေကိုလဲ ခါတိုင်းတော့ သွားလာနေတော့ တကာသစ် တို့, ဦးမာဒင်တို့က မြင်ကို-မမြင်ဘူး... (မှန်ပါ့) ကျုပ်ဖြစ်တော့ ဖြစ်တာဘဲဗျာ၊ သွားရင်းလာရင်း ပျောက်သွားတာဘဲ၊ဒီလိုပြော လေ့ရှိတယ်....(မှန်ပါ့)။

စင်စစ်တော့ မဟုတ်ပါဘူးတဲ့ အမြဲတမ်းရှိနေတာပါ (မှန်ပါ့) ခုနင်က အမြဲတမ်း ကာယ ဂ်က ဒုက္ခကရှိနေငြားသော်လဲ လောဘ ဇော, ဒေါသဇောတွေက သူ့ထက်ကြီးကျယ်တာတွေက လွှမ်း မိုးနေတော့ မမြင်သလိုဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

လောကီ ဥပမာပြောကြပါစို့၊ ရှင်းသည်ထက် ရှင်းအောင် ပြောကြပါစို့ဆိုတော့ တကာတကာမတို့ ရှေးအခါတုန်းက ဘုန်းကြီးတို့ ဗုဒ္ဓဘာတွေကောင်းကင်က နေကြတဲ့အခါတုန်း က တကာတကာမတွေ တခါတည်း လမ်းခုလတ်ရောက်နေတော့ ဗုဒ္ဓကျင်းထဲ ပြေးကြရတယ်.... (ပြေးရပါတယ်ဘုရား)။

ပြေးရတဲ့အခါ လမ်းမှာခလုတ်တံသင်းတွေတိုက်လို့ ခြေတွေ ကွဲ, ဆူးတွေကခြစ်၊ ကျုပ်တို့ နာမှန်းပြုမှန်း သိသေးရဲ့လား.... (မသိပါဘုရား) ဆူးတော့ စူးတာဘဲ....(မှန်ပါ့)။

နောက် ဗုဒ္ဓကျင်းထဲမှာလေယာဉ်ပျံသိမ်းသွားလို့ အေးချိန် ရောက်တော့မှ သြော်....ငါ့-ဆူးခြစ်ရာ အနာတွေပါကလားဆိုတာ နဂိုရိကရှိပြီးသား တခြားအားရုံကလှမ်းမိုးနေလို့မပေါ်တာ .... (မှန်ပါ့ဘုရား)။

ဒီအတိုင်းပါဘဲ တကာတကာမတွေမှာ ဖြစ်ပျက်တွေအမြဲတမ်း ရှိနေငြားသော်လဲ သားရေး,သမီးရေး,စီးပွားရေး၊လောဘဇော, ဒေါသဇောတွေကြောင့် တကာကြွယ် မမြင်တာနော်.... (မှန်ပါ့ဘုရား)။

ဟဲဒီတော့ တကာသစ်က အရိယာတို့ပေးတဲ့ မျက်လုံးလို့ ဆိုလို့ ရသေးရဲ့လား....(မရပါဘုရား)။

အဲဒါ အခုတော့ဖြင့် ဘယ်အချိန်ဘဲ ကြည့်လိုက်-ကြည့်လိုက် တကာတကာမတို့ သြော်....ဟိုနေရာကအောင့်, ဒီနေရာကနာနဲ့ ရောဂါတုံး, ရောဂါခဲကြီးပါလားဆိုတာ တကာတကာမတွေ မေးစရာလိုသေးသလား.... (မလိုပါဘုရား)။

ဒါ အရိယာမျက်လုံး တပ်ပေးလိုက်တယ်....(မှန်ပါ့)တပ်ပေးလိုက်တော့မှ သြော်....ဒီခန္ဓာကြီးဟာ ဒီအမျိုးဟာ ဒီလိုပါကလားဆိုတာ တကာတကာမတို့ ရှင်းသွားတယ် ... (ရှင်းသွားပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေသည် ဒီနေ့ မျက်လုံးတော့ဖြင့် မာဂဇ္ဈပရဗိုဇ် တပ်ပေးတဲ့အခိုပွါယ်ဟာ ဒီ-တကာတကာမတွေ တပ်ပေးတဲ့သဘောဘဲဆိုတာ မှတ်ပြီး တရားနာရမှာဘဲ....(မှန်ပါ့)။

ခေမံအာမတဂါမိနံ=နိဗ္ဗာန်သို့ရောက်ကြောင်းဟာဖြင့် တကာတကာမတို့ မဂ္ဂင်ရှစ်ပါးမှတပါး တခြားသောတရား မရှိဘူးတဲ့....(မှန်ပါ့)။

နိဗ္ဗာန်ရောက်ကြောင်းဟာဖြင့်....(မဂ္ဂင်မှတပါး တခြားမရှိပါဘုရား) မဂ္ဂင်ရှစ်ပါးမှတပါး တခြားသောတရား မရှိဘူး၊ ဒီပြင်

ဟာတွေကတော့ဖြင့် ဝေးသောအကြောင်းလို့ မှတ်လိုက်....
(မှန်ပါ့) သူကတော့ဖြင့် ရောက်ခဲကြောင်းအနီးဆုံးလို့ မှတ်လိုက်-
(မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေးသောအကြောင်းနဲ့ နီးသော အခဲကြောင်းကို ခင်ဗျားတို့ဘဲ လမ်သွားကြည့်ယင် သိပါတယ်...၊ တိုတိုနဲ့ ရောက်တဲ့လမ်း ကျုပ်ပို့စမ်းဗျာ....၊ မောလွန်းလို့ ဆိုသလိုပေါ့ဗျာ.... (မှန်ပါ့)။

အဲဒီမှာလဲ တကာတကာမတွေက တိုတိုနဲ့ရောက်ချင်လို့ ရှိယင်ဖြင့် ရှေးဦးစွာ ဖြစ်ပျက်မြင်တဲ့ ဝိပဿနာမဂ်ကိုပွားပါ.... (မှန်ပါ့ ဘုရား)။

နောက်ကျလာလို့ ရှိယင် ဒီဖြစ်ပျက်တွေမုန်းလို့ ဒီဖြစ်ပျက်တွေ ဒုက္ခသစ္စာရယ်လို့ ထင်ပြီဆိုလို့ ရှိယင် ဆုံးသွားတာဘဲ.... (မှန်ပါ့) ဖြစ်ပျက်ဆုံးတာသည် နိဗ္ဗာန်... (မှန်ပါ့)။

အဲဒီနိဗ္ဗာန် တခါရောက်တယ်ဆိုယင် အပါယ် လေးပါး တံခါးပိတ်လို့ တကာတကာမတို့ ရောဂါတွေလဲပျောက်လို့ ပေါ့ဗျာ....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဝေးသလား..၊ နီးသလား လို့ တကာသစ်တို့, ဦးမာဒင်တို့ကို မေးယင်ဘယ့်နှယ်ဖြေပါ့မလဲ (နီးပါတယ်ဘုရား) ဩော်.. ကျုပ်တို့က ဆုံးအောင်မလိုက်လို့ ခက်နေတယ် ...(မှန်ပါ့ဘုရား)။

ဘုရားကလဲ သေသေချာချာ ဟောရှာတယ်၊တလံမျှလောက် သော့ ခန္ဓာကိုယ်အဆုံးမှာရှိပါတယ်ကွာ... တဲ့.... (မှန်ပါ့)။

ဘယ်အဆုံးမှာရှိသလဲ.... (တလုံမျှလောက်သော ခန္ဓာကိုယ် အဆုံးမှာရှိပါ၏တယ်ဘုရား)။

ကိုယ့်အလံနဲ့လံပါတဲ့၊ တလုံမျှလောက်သော ခန္ဓာကိုယ် ရှာမတွေ့တဲ့အခါကျလို့ရှိယင် ဩဩဲ.... ဒုက္ခဆုံးပါပေါ့လားလို့ဆိုတာ ဥာဏ်ထဲမှာထင်လာဘယ်.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါ့တယ်ဘုရား)။

ဒါဖြင့် တကာကြွယ်ကိုယ်တိုင်လုပ်ကြည့်တော့လဲ အရှင်းသားပေါ့ဗျာ....(မှန်ပါ့) နောက်ကတကာတကာမတွေ့ ကိုယ်တိုင်လုပ်ကြည့်ကြပါနော်....(မှန်ပါ့)ရှင်းအောင်တခါတည်း တကာကြွယ်တို့, ဦးမာဒင်တို့ ကိုယ်တိုင်ရှင်းအောင် လုပ်ကြည့်ပါ....(မှန်ပါ့) ဘာပြုလို့တုံးလို့ မေးတဲ့အခါ ရှိလို့ပြောတာပါ.... (မှန်ပါ့ ဘုရား)။

နိဗ္ဗာန်ဟာ= "အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ" ဆိုတဲ့ အတိုင်း၊ ဘိက္ခဝေ=ရဟန်းတို့၊ အဇာတံ=ပဋိသန္ဓေနေခြင်းမရှိတဲ့ နိဗ္ဗာန်သည်(ဝါ)ဖြစ်ဖျက်မရှိတဲ့နိဗ္ဗာန်သည်၊ အတ္ထိ=ရှိပါ၏တယ်ကွာ....တဲ့.... (မှန်ပါ့) ဥဒါန်းပါဠိတော်မှာနော်.... (မှန်ပါ့ ဘုရား)။

နိဗ္ဗာန်ဟာရှိပါ၏တယ်တဲ့၊ အဘူတံ=ဘယ်သူမှ ပြုလုပ်မထားတဲ့ နိဗ္ဗာန်လဲရှိတယ်.... (မှန်ပါ့) အသင်္ခတံ=ဘယ်တရားကမှ ပြုပြင်မထားတဲ့ နိဗ္ဗာန်ဟာလဲ.... (ရှိပါ၏တယ်) သဘောကျပလား.... (ကျပါ၏ပြီ)အကတံ=တဲ့ ဘယ်သူမှဖန်ဆင်းမထားတဲ့ နိဗ္ဗာန်လဲ.... (ရှိပါ၏တယ်ဘုရား)။

ဩော်....ကျုပ်တို့ ရှိလျက်နှင့်မတွေ့ဘာ ဘာ့ကြောင့်ပါလိမ့် မတုံးဆိုတော့ မျက်လုံးကမမြင်ရသေး၊ အသွားကခြေမသွက်လို့ (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဉာဏ်နဲ့သွားတာလဲ မသွက်သေးလို့.....၊ နို့... မဟုတ်၊တကာ ကြွယ်ရေ ရှိတာဟာ ရှိရာဆောက်ရမှာပေါ့.... (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကားတကာမတွေ့ ဘာမှမပူပါနဲ့ တဲ့ ဒုက္ခသိမ်း၍ ငြိမ်းတဲ့နိဗ္ဗာန်၊ ကိလေသာသိမ်း၍ ငြိမ်းတဲ့နိဗ္ဗာန် (မှန်ပါ့)။

ချမ်းသာဘကာတို့၏ အထွတ်အထိပ်ဖြစ်တဲ့ နိဗ္ဗာန်ကိုသွား သာသွားပါ၊ ရောက်ပါ့တယ်... (မှန်ပါ့) ခြေလျင်သွားလို့တော့ မရောက်ဘူးပေါ့ဗျာ.... (မှန်ပါ့) ဉာဏ်နဲ့သွားလိုက်ယင် (ရောက်ပါတယ်ဘုရား)။

အင်း .. ရှေးဦးစွာ ဝိပဿနာဉာဏ်နဲ့ လှမ်းလိုက်.... (မှန်ပါ့) တော်တော်တော်ကြာ မဂ်ဉာဏ်နဲ့ လှမ်းလိုက်ယင်.... (ရောက်ပါတယ်ဘုရား)ရောက်သွားတယ်လို့ ဆိုတာ တကာသစ်တို့ဦးမာဒင်တို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားက"နိဗ္ဗာနသေဝ သန္တိကေ"လို့ သံယုတ်များမှာဟောခဲ့တယ်.... (မှန်ပါ့) နိဗ္ဗာနဿသေဝ= နိဗ္ဗာန်၏သာလျင်၊ သန္တိကေ=မင်းတို့လျှောက်ကြည့်ပါ။ ခရီးမဝေးအနီးကလေးပါဘဲကွာလို့ သေသေချာချာဟောတယ်၊ နှတ်သားဟောနေတာ (မှန်ပါ့) ရှင်းကြပလား.. (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် ခန္ဓာကိုယ်သာ တခါတည်း တကာတကာမတွေ့က ဖြစ်ပျက်နယ်ကနေပြီး ခြေထောက်မှာ ဖြစ်ပျက်တွေ့ ခြေးထောက်မှာရှိ....(မှန်ပါ့)။

ခြေထောက်မှာ ဝေဒနာပေါ်လဲ ခြေထောက်ဝေဒနာဖြစ်ပျက်ပေါ့၊ ခြေထောက်မှာယားတာကလေးပေါ်လဲ ယားတဲ့စိတ်ကလေး ဖြစ်ပျက်ရှု...(မှန်ပါ့)။

ခြေထောက်မှာ ကောင်းတဲ့စိတ်ကလေး ပေါ်လာယင်ကော (ကောင်းတဲ့စိတ် ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဟာ....ဒီကောင်းတဲ့ စိတ်ကလေးဟာ ပြောင်းပြောင်းသွားတယ်ဘုရား ဆိုလို့ရှိယင်လဲ ပြောင်တဲ့ဆီ လိုက်ရှုပေါ့ဗျာ .... (မှန်ပါ့) ခြေဖျားက ခေါင်းဖျား၊ ခေါင်းဖျားက ခြေဖျားတိုင် ကျုပ်တို့လိုက်ရှုလိုက်လို့ ဟာဒီလိုလဲ ရှုစရာမရှိဘူးဆိုယင် ဝမ်းထဲမှာ စိတ်ကလေးတွေ့၏ ဖြစ်ပျက်ကို ရှုလိုက်တာပေါ့.... (မှန်ပါဘုရား)။

ရှုလိုက်လို့ရှိယင်ဖြင့် ခုနင်က လိုက်ထားတာတွေ့က ဖြင်ပျက်တွေ့ အကုန်ဖြစ်ပြီး ဖြစ်ပျက်တွေ့ဆုံးသွားတယ်....(မှန်ပါ့ဘုရား)။

ဆုံးသွားတဲ့ အခါကျတော့ ကိုယ့်ဉာဏ်က အယင်တော့ ဖြစ်ပျက်နဲ့ဉာဏ်နဲ့တည့်တယ်....(မှန်ပါ့)နောက်ကျတော့ဖြစ်ပျက် မရှိတာနဲ့ဉာဏ်နဲ့တည့်သွားလိမ့်မယ်... (မှန်ပါ့) ဖြစ်ပျက်မရှိတာနဲ့ ဉာဏ်နဲ့တည့်လို့ရှိယင် ဖြစ်ပျက်အဆုံးကနိဗ္ဗာန်၊ ဉာဏ်ကမဂ်ဉာဏ် အစစ်ဖြစ်သွားမယ်....(မှန်ပါ့) သဘောပါပလား .... (ပါ့ပါဘုရား)။

တကာကြွယ် ဒီအရေးဟာ နည်းနည်းကြီးတဲ့ အရေးမဟုတ်ပါဘူး... (မှန်ပါ့)ဒါနလုပ်ပြန်လဲ ဒီဖြစ်ပျက်အဆုံး တွေ့ချင်လို့ ဘဲ (မှန်ပါ့) သီလဆောက်တည်ပြန်ကော....(ဖြစ်ပျက်အဆုံးတွေ့ချင်

လို့ပါ) သမထအားထုတ်ပြန်ကော .... (ဖြစ်ပျက်အဆုံးတွေ့ချင်လို့ပါ) သို့ဆိုသော် အဲဒါတွေ ဝေးသောအကြောင်း....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) နီးသော အကြောင်းကဖြင့် ဖြစ်ပျက်အားထုတ်တဲ့ မှင်ဥာဏ်ဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် မင်္ဂသည် ရှေးပြေးမင်္ဂတမျိုး- (မှန်ပါ့)တကယ်ရောက်တဲ့ မင်္ဂတမျိုး (မှန်ပါ့) ရှေးပြေးမင်္ဂက ဖြစ်ပျက်မြင်တဲ့မင်္ဂ၊ ဖြစ်ပျက်မုန်းတဲ့မင်္ဂ (မှန်ပါ့ဘုရာ)နောက်လိုက်မင်္ဂက နိဗ္ဗာန်မြင်တဲ့ မင်္ဂ....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဆိုဘာ တကာဘကာမတို့ ဝိုင်းဝိုင်းကြီးလဲမဟုတ်ဘူး၊ ရှည်ရှည်ကြီးလဲ မဟုတ်ဘူး၊ ဝိုင်းဝိုင်းဆိုယင်လဲ အဝိုင်းပျက်ဦးမှာဘဲ.... (မှန်ပါ့) ရှည်ရှည်ဆိုယင်လဲ အရှည်ကျိုးသွားမယ် .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ နိဗ္ဗာန်သည် ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား၊ လင်းလင်းလား၊ မှောင်မှောင်လား၊လင်းလင်းဆိုလို့ရှိယင် မှောင်လိမ့်ဦးမယ်....(မှန်ပါ့)လင်းလာလဲရုပ်, မှောင်တာလဲရုပ်ဘဲ....(မှန်ပါ့) ဒါတွေလဲ မဟုတ်ပါဘူးတဲ့၊ ဖြစ်ပျက်ဆုံးပြီးသကာလ သြော်.... ဒုက္ခမရှိတဲ့ နေရာ ဒါကိုးလို့ ဉာဏ်ကဆုံးဖြတ်ချက်ချပြီး လုပ်တဲ့ ပုဂ္ဂိုလ်မှာ မြင်ပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

လုပ်တဲ့ပုဂ္ဂိုလ်မှာ .... (မြင်ပါလိမ့်မယ်) အေး....ဒါ့ကြောင့် ဒီတကာတကာမတွေဟာ မလုပ်ဘဲနဲ့တော့ဖြင့် လိုချင်တဲ့စိတ်လဲ ပေါ်ကြမယ်မဟုတ်ဘူး....(မှန်ပါ့) ဆောက်ကြမယ်လဲ မဟုတ်ဘူး (မဟုတ်ပါဘုရား)။

ဒါဖြင့် ဦးမာဒင်တို့မှတ်စရာ၊ တကာကြွယ်တို့ မှတ်စရာက သြော်....ဒို့ဖြစ်ပျက်ဆုံးအောင် လိုက်ဘို့ဘဲ....(မှန်ပါ့ဘုရား)။ ဝတ္တရားက ဘာပါလိမ့်ဗျာ.... (ဖြစ်ပျက်ဆုံးအောင် လိုက်ဘို့ပါဘုရား)။

ဖြစ်ပျက်ဆုံးအောင် လိုက်လို့ရှိယင်ဖြင့် ဖြစ်ပျက်ဟာ ဘာသစ္စာဘုံး - (ဒုက္ခသစ္စာပါ)ဒါဖြင့် ဒုက္ခသစ္စာဆုံးသွားတဲ့ဥစ္စာဘဲ၊ ဒုက္ခသစ္စာအဆုံးမှာဖြင့် ဥပမာ-ဒီတံတားကြီးမှာ အကျိုးတွေ့အပဲ့တွေနဲ့ လျှောက်နေရတယ်၊ ဟိုဘက်လမ်းကောင်းတွေ့တဲ့အခါကျတော့ ဟာ... ဒုက္ခကုန်ပြီဟေ့....(မှန်ပါ့)မဆိုနိုင်ဘူးလား—(ဆိုနိုင်ပါတယ်ဘုရား)။

ဒီမှာလဲ ဖြစ်ပျက်ဒုက္ခသစ္စာဆုံးယင် ဒုက္ခကုန်တဲ့နိဗ္ဗာန် တွေ့လိမ့်မယ်....(တွေ့မှာပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့် တကာကြွယ်တို့၊ တကာသစ်တို့၊ တကာကြီး ဦးမာဒင်တို့ မလျှော့ပါနဲ့တဲ့ ကပ်နေပြီ... (မှန်ပါ့) မလျှော့ကြနဲ့နော်၊ ကပ်နေပါပြီ၊ လုပ်ကြည့်ပါတကာတကာမတို့.... (မှန်ပါ့) အပြောနဲ့တော့မရဘူး၊ ဆုတောင်းနဲ့တော့ မရဘူး.... (မရပါ) လုပ်ကြည့်လိုက်လို့ရှိယင်တော့... (ရပါတယ်ဘုရား)။

ဆုတောင်းတာက ဟိုဘုရားတွေ့လဲတောင်း၊ ဒီဘုရားတွေ့လဲတောင်း၊ မပေးနိုင်တာခုည့် တောင်းနေတယ်- (မှန်ပါ့ဘုရား)။

မပေးနိုင်တာကို....(တောင်းနေပါတယ်) တကာသစ် မပေးနိုင်တာတောင်းတော့ ကိုယ်တော်ကြီးတွေကလဲ အားနာနာနဲ့ဘဲ ခင်ဗျားတို့ကလဲ မပေးနိုင်တာ တောင်းတော့ကို အရဲ့တိုက်တဲ့

သဘောလဲရောကဲ်ဘယ်....(မှန်ပါ့) နည်းပေးတာကို လုပ်ယူကြပါ (မှန်ပါ့ဘုရား)။

နည်းပေးတာကို.... (လုပ်ယူရမှာပါ) လုပ်ယူကြပါဆိုတဲ့ဥစ္စာ တကာတကာမတို့ သေသေချာချာ မှတ်ရလိမ့်မယ် .... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ကျုပ်တို့သည် ဒီနိဗ္ဗာန်ကို မမြင်ဘူး· မရောက်ဘူးဆိုလို့ရှိယင်ဖြင့် နိဗ္ဗာန်မရယင် တကာ၀တကာမတို့ ဒုက္ခဘဲရမှာဘဲ....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်မရယင် .... (ဒုက္ခဘဲ ရမှာပါ) ဒါဖြင့် ဒုက္ခဆုံးတော့ ဘာခေါ်မယ်... (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် သံသရာဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)သံသရာအဆုံးကို ဘာခေါ်ကြမယ်.... (နိဗ္ဗာန်ပါဘုရား)။

နို့ ဒါတွေရှင်းနေတော့ဖြင့် သြော်....သံသရာဆိုတာခန္ဓာတို့၏ မပြတ်ဖြစ်ပေါ်မှု· ဖြစ်လိုက်ပျက်လိုက် ဆက်နေကြတာဘာခေါ်ကြမယ်....(သံသရာပါဘုရား)။

ဟာ .. ဖြစ်ပျက်တွေကို ဉာဏ်ထဲမှာ မတွေ့ဘူးဘုရာ့၊ ကိုယ့်ခန္ဓာရယ်လို့ ကိုယ်အမှတ်ထားတာကလေးတောင် ယခုအခါမှာ ရှုလိုက်တဲ့အခါမှာ ရှာမတွေ့တော့ဘူးဘုရာ့ဆိုယင် တကာကြွယ်ဘဲဆုံးဖြတ်ချက်ချတာပေါ့....(မှန်ပါ့)ဘာဆိုကြမယ်.... (နိဗ္ဗာန်ပါ) ဒုက္ခတွေဆုံးသွားဘယ်... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ကို ဒုက္ခမှမသိဘဲပုဂ္ဂိုလ် ဒုက္ခအဆုံးဟာလို့လဲ တကာသစ်းရနိုင်ဘူး.... (မရနိုင်ပါဘုရား)။

ဒါ့ကြောင့် ဒုက္ခကိုရှေ့ပိုင်းထားပြီး ဟောရခြင်းသည် ဒုက္ခအဆုံးသွားချင်တဲ့စိတ် ဥာဏ်သွက်ပါစေလို့ ဟောရခြင်းဖြစ်ပါတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတွင်မှ မာဂလ္ဓပရဗိုဇ်ကို ပြောကြပါစို့၊ ဘုရားက ဒီဂါထာရွတ်လိုက်ပါဘယ်တဲ့၊ ခုနင်ကပြောတဲ့ ဂါထာရွတ်လိုက်တော့ သူက ဒီဂါထာရပြီးသားဖြစ်နေတယ်.... (မှန်ပါ့) တကာကြွယ်ရေ ဘာတဲ့တုံး... (ရပြီးသားဖြစ်နေပါတယ်ဘုရား)။

ရပြီးသား ဖြစ်နေတော့ သူတို့ရတာက ဘယ်လိုရတာတုံးဆိုတော့ လာဘ်သပွကာများဘို့ ရွတ်တာကိုး (မှန်ပါ့) သာသမီးရဘို့ရွတ်သာကိုး (မှန်ပါ့) စီးပွားဥစ္စာရတနာတိုးတက်ဘို့ .... (ရွတ်တာပါ)ဒီလိုဖြစ်နေတယ်၊ မိစ္ဆာဒိဋ္ဌိလက်ထဲ ရောက်နေတယ် (မှန်ပါ့ဘုရား)။

အဋ္ဌကထာဆရာက ဒီဂါထာဟာတဲ့ ဝိပဿီမြတ်စွာဘုရားလက်ထက်က ကျန်နေရစ်တာတဲ့... (မှန်ပါ့) ဝိပဿီဘုရားလက်ထက်က ကျန်နေရစ်တော့ ခုနင်က မိစ္ဆာဒိဋ္ဌေတွက ဆက်ဆက်-ဆက်ဆက်ပြီး ပေထက်အက္ခရာတွေ့ တင်တင်လာတော့ ကျုပ်တို့ ဂေါတမဘုရားလက်ထက်ကျအောင် ကျန်နေရစ်တယ်... (မှန်ပါ့) ဘာဖြစ်လို့ ကျန်သတုံးမေးတော့ ဒီတရား ကမ္ဘာပျက်တုန်းက မပါဘူး... တဲ့(မှန်ပါ့) အဲဒီတော့ အစဉ်တစိုက်ဆောင်လာတော့ ဦးမာဒင် မကျန်ပေဘူးလား... (ကျန်ပါတယ်ဘုရား)။

အဲဒီကျန်တာနဲ့ သူတို့လက်ထဲရောက်ပြီး သူတို့ကတော့ သားမယား ကျန်းမာချမ်းသာဘို့ သားသမီးထွန်းကားဘို့ ဒီဘက် အသုံးချတယ်....(မှန်ပါ့ဘုရား)။

အဲဒီလို အသုံးချပြီးသကာလနေတော့ ရှင်ကြီးဂေါတမက ဒီဂါထာရှတ်တာ ကျုပ်လဲရပါတယ်တဲ့၊ အဲဒီတော့ ဒီဂါထာအတိုင်းဆိုလို့ ရှိယင်ဖြင့် ကျုပ်ခန္ဓာကြီးဟာ အခုဘာဓာတုဒနာမမရှိသောကြောင့် နိဗ္ဗာန်ပါဘဲတဲ့(မှန်ပါ့) ခန္ဓာကိုယ်ပုတ်ပြတာပဲ-(မှန်ပါ့ဘုရား)။

တကာကြွယ် ဘာပုတ်ပြသလဲ.... (ခန္ဓာကိုယ် ပုတ်ပြပါတယ်ဘုရား)။

ဒါဟာ ရောဂါကင်းတာဘဲ၊ ဒါဟာ နိဗ္ဗာန်ကြီးလို့-သူကဘဲပြန်ပြောလိုက်တယ် တကာသစ်ဓရ....(မှန်ပါ့ဘုရား)။

ဤကဲ့သို့ ပြန်ပြောလိုက်တဲ့ အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တကာသစ်ရော၊ သြော် အရိယာမျက်လုံးမပါသေးတော့ ရောဂါတုံးကို နိဗ္ဗာန်မှတ်နေတယ်....(မှန်ပါ့) ဆိုပြီးသကာလ မင့်ပြောရဘာ သိပ်ခဲယဉ်းတယ်ကွာလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောရှာတယ်...(မှန်ပါ့) မင်းဟာဘာနဲ့တူနေသတုံးဆိုတော့ မျက်စိနှစ်ကွင်း ဝမ်းတွင်းက ကန်းလာတဲ့ပုဂ္ဂိုလ်နဲ့တူသကွ....(မှန်ပါ့ဘုရား)။

အဲဒီ့ပုဂ္ဂိုလ်က သူသည်ကားလို့ ဆိုလို့ရှိယင် တယောက်သော ပုဂ္ဂိုလ်ကို ကျုပ်နဲ့လိုက်တဲ့အဝတ်ဆင်မပေးစမ်းပါလို့ ဘုံးပြောတယ်တဲ့... (မှန်ပါ့) သူးပြောတော့ ဟိုက လူပြောင် တယောက်က ဆီသုတ်တဲ့အဝတ်ကြီးကို ခါးဝတ်စေပြီး ဆီသုတ်တဲ့ တဘက်လိုဘဲ မဲနေတဲ့အဝတ်ကြီးတခု၊ သိုးမွေးအမဲကြီးတခု ခေါင်းပေါင်းစေပြီးသကာလ ဒါမင်းနဲ့ အလိုက်ဆုံးဘဲလို့ပြော

လိုက်တယ်....(မှန်ပါ!) မျက်စိမြင်တဲ့ လူပြောင်ကပေါ့ဗျာ .... (မှန်ပါဘုရား)။

အဲဒါသူက လူတွေထဲ ဒီအဝတ်ကြီးနှစ်ခုဝတ်တဲ့ပြီး သကာလ ကျုပ်နဲ့ ဒီအဝတ်နဲ့ သိပ်လိုက်တာဘဲ၊ ကျုပ်သည်ကားလို့ ဆိုယင် ဒီအဝတ်နဲ့ အင်မတန်မှ ပြေပြစ်တယ်လို့ လည်ပြီး ပြောလိုက်သေးတယ်....(မှန်ပါ!) ဟာ....တကာကြွယ် ဘယ်နှယ်ကြောင့်ပြောပါ သိမ့်မတုံး... (မျက်စိနှစ်ကွင်း အလင်းမရလို့ပါ) သူများပြောနဲ့ ပြီးရတယ်.. (မှန်ပါဘုရား)။

မျက်စိနှစ်ကွင်း အလင်းမရလို့ တကာတကာမတွေ သူပြောတဲ့ စကား ကျုပ်တို့က အတည်ပြုနိုင်ပါ့မလား... (မပြုနိုင်ပါဘုရား)။

သို့သော်လဲ သူ့စိတ်ထဲမှာတော့ ဒီအဝတ်ကိုသူ့လူကမင်းနဲ့ အလိုက်ဆုံးဘဲ ပြောလိုက်တော့ ကိုယ်ကလဲ အလင်းမရတော့ ဒါနဲ့သာဟုတ်နေတာကိုး....(မှန်ပါဘုရား)။

အဲဒီလိုဖြစ်နေတယ်ကွ၊ မင်းကလဲ အရိယာမျက်လုံး မဘပ်ရ သေးတော့ မင်းခန္ဓာကြီး ရောဂါတုံးကြီးနဲ့ ဝတ်စားနေရတာ ကိုပင်လျှင် မင်းက ကျုပ်သည်ကား ဒါနိဗ္ဗာန်ဘဲလို့ ထင်နေတဲ့ အသွားဟာ မျက်စိနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ် ဆီသုတ်တဲ့ အဝတ်-ဝတ်ထားပြီးသကာလ ကြွားသလို-မော်သလိုဖြစ်နေတယ်ကွ၊ မာဂဏ္ဍိရလို့ဖြေရှာတယ်.. (မှန်ပါ!) သဘောကျပလား ... (ကျပါပြီဘုရား)။

ဒီမှာလဲ ဘုန်းကြီးတို့ တကာတကားမတွေ ကိုယ့်ပစ္စည်း၊ ကိုယ့်သားသမီးကလေးနဲ့ ပျော်မွေ့ပြီးသကာလ နေကြတာဟာ

တကာသစ်တို့၊ ဦးမာဒင်တို့ ရိပ်မိပါပြီ ... (ရိပ်မိပါပြီ) မျက်စိနှစ်ကွင်းအလင်းမရသေးတော့ ကိုယ့်ဟာနဲ့ကိုယ်လှပြီးကိုယ့်ဟာနဲ့ကိုယ် ဟုတ်နေတာဘဲ....(မှန်ပါဘုရား)။

ဦးလှဘူး ဘယ်လိုပါလိမ့်ဗျာ(ကိုယ့်ဟာနဲ့ကိုယ် ဟုတ်နေပါတယ်ဘုရား)။

ကိုယ့်ဟာနဲ့ကိုယ်လှပြီး ကိုယ့်ဟာနဲ့ကိုယ် ဟုတ်နေဘာဘဲဆိုတဲ့ အသွားဟာဖြင့် တကာသစ်ရေ ရှင်းသွားပြီ.... (ရှင်းသွားပါပြီဘုရား)။

ဒါကြောင့်တဲ့ အခုဆရာဘုန်းကြီးနဲ့လဲ တွေ့ကြ၊ သာသနာကြီးနဲ့ကြုံကြတော့ သြော်....ဒို့မျက်စိဟာ စုံလုံးကန်းရှိပါသေးကလား... (မှန်ပါဘုရား)။

ကိုယ့်ဟာနဲ့ကိုယ် ဟုတ်နေတာ ဘယ်လိုပါလိမ့်....(စုံလုံးကန်းရှိပါသေးကလားဘုရား)။

စုံလုံးကန်းတွေဖြစ်ပြီးသကားလ နေသေးတော့ တကားကြွယ်ရေ....ဆီသုတ်တဲ့အဝတ်- ဝတ်ပြီးသကာလ ကိုယ့်ဟာကိုယ်လိုက်နေတာနော်....(မှန်ပါဘုရား)။

ဆောဂါ ခန္ဓာကိုယ်ကြီးနဲ့ ဘယ့်နှယ်တုံး- တယောက်နဲ့တယောက်မေးကြတယ်၊ ခင်ဗျားဘယ့်နှယ်နေသတုံး၊ ဟာ .... ကျန်းမာပါတယ် .. (မှန်ပါ) အင်း- ဆောဂါခန္ဓာကိုယ်ကြီး မမြင်တော့ ဘာတဲ့....(ကျန်းမာပါတယ်ဘုရား)။

ခင်ဗျား စိတ်ဆောချမ်းသာရဲ့လား၊ ကိုယ်ဆောချမ်သားရဲ့လား၊ အို... စိတ်ချမ်းသာ ကိုယ်ချမ်းသာဆိုတာ ကျုပ်တသက်

ဒီတခါတွေ့သေးတာဘဲ.. (မှန်ပါ့) နိဗ္ဗာန်မျှားတောင် ထင်နေလိုက်သေးတယ်....(မှန်ပါ့ဘုရား)။

ဒါ ဘာဖြစ်တဲ့ပုဂ္ဂိုလ်က ဒီအမေး-မေးပြီး၊ ဒီအဖြေ- ဖြေပါလိမ့်မတုံးမေးတာ့၊ မေးတဲ့ပုဂ္ဂိုလ်ကလဲ စုံလုံးကန်း.... (မှန်ပါ့) ဖြေတဲ့ပုဂ္ဂိုလ်ကကော....(စုံလုံးကန်းပါဘုရား)။

အင်း....ဒါဖြင့် သူတို့ချင်း တကာတကာမတို့ အကန်းတောထဲမင်းမူနေကြတယ်....(မှန်ပါ့ဘုရား)။

ဘယ် နှယ်ဆိုကြပါမယ်....(အကန်းတောထဲ မင်းမူနေကြပါတယ်ဘုရား)။

အဲ.. ခင်ဗျားတို့ ကြားဝါနေတာတွေဟာ တကာကြွယ် ရိပ်မိပလား....(ရိပ်မိပ ါပြီ) ဘာပါလိမ့်ဗျာ.... (အကန်းတောထဲမင်းမူနေကြတာပါဘုရား)။

အကန်းတောထဲ ဘယ်သူက မင်းမူနေတာတုံးမေးတော့ .... (အကန်းကမင်းမူနေတာပါဘုရား)။

အံမာလေး... အတော်ဆိုးတဲ့စကား....(ဆိုးပါတယ်) အတော်ဆိုးဘဲ့စကားဆိုဘာဖြင့် တကာသစ်တို့ဦးမာဒင်တို့ရိပ်မိလောက်ပါပြီ... (ရိပ်မိပါပြီဘုရား)။

ခန္ဓာကိုယ်ကြီးဟာ ရောဂါအပြည့်နော်....(မှန်ပါ့) အတွင်းခဲကြည့် အသုဘတွေ့ကော... (အပြည့်ပါဘုရား)။

အဲဒါနဲ့လဲသူသည်ကားလို့ ဆိုယင်ဖြင့် ကိုယ် အဝတ်ကလေးနဲ့ ကိုယ် အစားကလေးနဲ့၊ ကိုယ် ကားကလေးနဲ့၊ ကိုယ် လက်ဝတ်ဆင်စားကလေးတွေနဲ့ ဆိုလို့ရှိယင်ဖြင့် ကျန်းမာလို့ တော်

တော်သေးရဲ့၊ ချမ်းသာလို့ တော်-တော်သေးရဲ့ .... (မှန်ပါ့) အင်း .... ဆီသုတ်တဲ့ အဝတ်နဲ့ဖြင့် အတော်ကြာနေကြပြီ .... (မှန်ပါ့ဘုရား)။

ဆီသုတ်တဲ့အဝတ်- ဝတ်ပြီးသကာလ....(ကြာနေကြပါတယ် ဘုရား)။

ဟိုက အရိယာမျက်လုံး တပ်ကြည့်လိုက်တဲ့အခါကျတော့ဖြင့် သြော် .... ဒါ သူကြီးပုံဟာ မသိတဲ့ပုဂ္ဂိုလ်၏ ကြာတာဘဲ ဆိုပြီးသကာလ မျက်စိနှစ်ဘက်မှ အလင်းရတဲ့ပုဂ္ဂိုလ်ကတော့ သူ ကြာလေလေ- ဟိုကပြုံးလေလေဘဲ... (မှန်ပါ့ဘုရား)။

သူကြာလေလေ....(ပြုံးလေးလပါ) ဘယ်လောက်မျှားဆိုး သလဲ....(ဆိုးပါတယ်ဘုရား)။

ဒီ တကာကြွယ်တို့လူစု၊ဦးလုဘူးတို့လူစုက အင်း....အခုမှဘဲဗျ စိတ်ချမ်းသာ ကိုယ်ချမ်းသာတဲ့၊ ကိုယ်ထဲချမ်းသာတာ တခုမှမရှိဘူး....(မှန်ပါ့) ကိုယ်ကလဲ တကာတကာမတို့ ဖြစ်ပျက်အနိစ္စတွေ (မှန်ပါ့) အသုဘတွေ့....(မှန်ပါ့)စိတ်ကလဲ အနိစ္စတွေ့, အသုဘ တွေ့....(မှန်ပါ့) ဒါထဲကနေပြီး စိတ်ချမ်းသာ, ကိုယ်ချမ်းသာ၊ နည်းနည်းကလေး အရှယ်ရောက်လာမှ အကျိုးပေးလာလို့ တော်-တော်သေးတယ်တဲ့... (မှန်ပါ့ဘုရား)။

အံမာ သူ့အဝတ်နဲ့သူ အတော်လိုက်တယ်.... (မှန်ပါ့) ဘာ အဝတ်ပါလိမ့်မတုံးဆိုတော့ သိုးမွေးအနက်ကြီး,ဆီသုတ်တဲ့အဝတ် ဒါနဲ့ ဟုတ်နေတာကိုး .... (ဟုတ်နေပါတယ်) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ကိုယ်က မျက်စိမမြင်လို့ ဒီအဝတ်ဝတ်ထားတာ၊ ဘေးက ပဂိုလ် တကာကြွယ်တို့လူစုကတောင်မှ မြောက်လိုက်သေးတယ် (မြောက်ပါတယ်) မင့်အဝတ်နဲ့ မင်းနဲ့ဖြင့်ကွာ- မင့်အခြေ-အနေနဲ့ မင်းဝတ်လာတာများ လိုက်ပါတယ်ကွာ .... (မှန်ပါ့ဘုရား)။

တချို့ကျတော့လဲ ခပ်စုတ်စုတ်- ခပ်ပြတ်ပြတ်- ခပ်နွမ်းနွမ်း ဝတ်လာတော့ မင်းဟာ ကိုယ့်ကိုယ်မှ မငဲ့ဘူးလားမေးတယ်.... (မှန်ပါ့) ကိုယ့်ဂုဏ်မှ ကိုယ်မငဲ့ဘူးလား....တဲ့၊ ဟော့- တကာကြွယ်တို့က ကဲ့ရဲ့တယ်....(ကဲ့ရဲ့ပါတယ်ဘုရား)။

နည်းနည်းကလေး တန်းတူအောင်ကလေး ဝတ်လာတဲ့အခါ အေး....ဒီလိုမှပေါ့ကွတဲ့....(မှန်ပါ့) ဘာဖြစ်တုံး၊ ဘာဖြစ်တာတုံး တကာကြွယ်ရ ပြော-ပြောစမ်းပါဦး၊ မျက်စိနှစ်ကွင်း အလင်းမရတာ သေချာတယ်....(မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် မာဂဏ္ဍိတဲ့၊ မင်းခန္ဓာကြီးရောဂါကင်းတယ်၊ ဒါနိဗ္ဗာန်ဘဲဆိုတာ မင်းက မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ ဆီသုတ်တဲ့ အဝတ်ကြီးဝတ်ပြီး ကျုပ်နဲ့ မလိုက်ဘူးလား .... မေးနေတော့ ငါ-အဖြေသိပ်ခက်နေပြီကွ....(မှန်ပါ့)။

တကာသစ် ပြောထိုက်-မပြောထိုက်.... (ပြောထိုက်ပါတယ် ဘုရား) ရှင်းကြပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ....တဲ့၊ ဒီလိုကျုပ်မှာဖြင့် မျက်စိနှစ်ကွင်း အလင်းမရဘူးလို့ ရှင်ကြီးဂေါတမက ဆိုလို့ရှိယင်

ကျုပ်ကိုဖြင့် ဆေး သမားလုပ်ပြီးသကာလ မျက်စိနှစ်ကွင်းအလင်း ရအောင်လုပ်ပြီး ကျေးဇူးဆောင်ပါဦးလို့ ဒီကျတော့မှ တကာ ကြွယ် တောင်းပန်တယ်....(မှန်လှုပါ)။

တောင်းပန်လာတော့လဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အေးဟေ့တဲ့- ဒီလို တောင်းပန်လာလို့ရှိယင်လဲ ငြုန်းကနဲကုလို့ ရတာလဲ မဟုတ်ဘူး....တဲ့....(မှန်ပါဘုရား) သူတော်ကောင်းများ ဆည်းကပ်ပါဦး....တဲ့....(မှန်ပါ့)။

မျက်စိကုမည့်ကြံလို့ရှိယင် တကာတကာမတို့ ဘယ်သူ့ဆီ ဆည်းကပ်ရမတုံး .. (သူတော်ကောင်းများ ဆည်းကပ်ရပါဦးမယ် ဘုရား) အဲဒါနဲ့လဲ မပြီးသေးဘူးကွတဲ့၊ တရားလဲ နာဦးမှတဲ့.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တရားနာရုံနဲ့လဲ ဒါက ၁-၂-သာပြီးသေးတယ်၊ ၃-မရောက်သေးဘူးဆိုတော့ လျော်စ့ာကျင့်ဦးမှကွ....တဲ့....(မှန်ပါ့) အဲဒါမှ မျက်စိနှစ်ကွင်း အလင်းရမယ်....တဲ့....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတို့ ပုထုဇန်စုံလုံးကန်းကို နိဗ္ဗာန်တည်းဟူသော အေးမြချမ်းသာတဲ့နေရာကြီး ပြရမယ်ဆိုလို့ရှိယင် ဖြင့် ဘုရားက သုံးချက်ပြောလိုက်ဘယ်.... (မှန်ပါ့) သူတော်ကောင်း ဆည်းကပ်ပါဦးကွ.... (မှန်ပါ့) သစ္စာတရားတွေကို.... (နာရပါမယ်ဘုရား) နာတဲ့အတိုင်းလဲ ကျင့်ပါဦးကွ.... (မှန်ပါ့) ဤသုံးချက် ညီလို့ရှိယင်ဖြင့် မင်းသည်ကား....လို့ ဆိုလို့ရှိယင် ရောဂါရှိတာလဲ သိလာမယ်.... (မှန်ပါ့) ရောဂါပျောက်တာလဲ (သိလာပါမယ်ဘုရား)။

တရားဆက်နာကြ....တရားဆက်နာကြ၊ ဒါဖြင့် တကာတကာမတို့ မျက်လုံးတပ်ချင်ပေမဲ့ ဗြုန်းကနဲတပ်ရတာလား၊ မျက်လုံးအခြံအရင်းတွေကုန်မှာဘဲ၊ ဒီမျက်လုံးကောင်းဖြစ်လာမည်ဆိုတဲ့ဥစ္စာတကာကြွယ် မှတ်ရမယ်....(မှန်ပါ့)။

သူတော်ကောင်း ဘာလုပ်ရမတုံး.... (ဆည်းကပ်ရပါမယ်ဘုရား) သစ္စာတရားကို.... (နာရပါမယ်ဘုရား) နာတဲ့အတိုင်း ဘာလုပ်ရမလဲ....(ကျင့်ရပါမယ်ဘုရား)။

အဲ....သစ္စာမြင်အောင်လို့ ကျင့်ရဦးမယ်....(မှန်ပါ့)ဒီလိုကျင့်လိုက်လို့ ရှိယင်ဖြင့်....တဲ့ တကာတကာမတို့ ခင်ဗျားတို့မှာ ပင်ကိုယ် မျက်လုံးပျောက်ပြီးသကာလ ပင်ကိုယ် အကန်းပျောက်ပြီးသကာလ အကြည် အလင်းရတဲ့မျက်လုံး ဖြစ်လာပါလိမ့်မယ်....(မှန်ပါ့)။

ဒါဖြင့် ဒီဥစ္စာ အရေးကြီးတာပေါ့.... (အရေးကြီးပါတယ်ဘုရား) တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်း- ဆီသုတ်တဲ့အဝတ်ကြီးဝတ်ပြီး မင်း- လှတယ်ထင်နေတာ မျက်စိနှစ်ကွင်း အလင်းမရလို့....လို့ စဲ့ချက်တင်လိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် အလင်းဖြစ်အောင် တပည့်တော် ကုသပေးပါဆိုတော့ ဗြုန်းကနဲကုပေးဘို့ တကာတကာမတွေ့ မလွယ်ကူတာနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူတော်ကောင်း ဆည်းကပ်ပါဦးကွ....တဲ့- (မှန်ပါ့) တရားကိုလဲ.... (နာရပါမယ်)တရားနာဦးကွ၊ သပ္ပာယတရားကိုလဲ နာပါဦးကွ....တဲ့- (မှန်ပါ့) နောက် သစ္စာ မြင်

အောင်လဲ ကျင့်ပါဦးက့....တဲ့- (မှန်ပါ့) ဤသုံးချက်ညီယင်ဖြင့် ဝမ်းတွင်းကန်းသည် အလင်းရောက်ပါလိမ့်မယ်....(မှန်ပါ့)။

တကာတကာမတို့.... ဒါကလေးနဲ့ ထောက်ကြည့်တော့မှ သြော်....တရားနာရင်း မင်္ဂိုလ်ဆိုက်တယ်၊ ဆုတောင်းနဲ့ မင်္ဂိုလ်ဆိုက်ဘယ်လို့ ယူတဲ့ပုဂ္ဂိုလ်မျှားအတွက်မှာဖြင့် ဦးမာဒင် ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

ဘုရားကိုက နှုတ်တော်က ဖွင့်ပြောတာ တကာကြွယ်-(မှန်ပါ့ ဘုရား)ဝဋ်ဘဝတိုတိုနဲ့ မင်္ဂိုလ် ရ,ရပါလို့၏ ဆိုတဲ့ ပုဂ္ဂိုလ်မျှားနဲ့ သူက ဆုတောင်းနဲ့ရလိမ့်မယ်လို့ သူ့ဟာသူ ထင်နေလို့ရှိယင် ဖြင့် ဘုရားက ဒီသုံးချက်ဟောဘို့ လိုသေးသလား (မလိုပါ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့ကတော့ သူမျှားပြောကိုမယုံဘဲနဲ့ ဘုရားဟောကို အတည်ပြုပြီးသကာလ တကာကြွယ်-ရေ....

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာကျင့်၊ မင်္ဂိုလ်ခွင့်၊ ရလင့်ကုန်သာ။

အဲဒါ တကာတကာမတို့ မာဂဏ္ဍိပရဗို့ဇ်ရဲ့ မျက်လုံးကို ခုနင်က အကန်းမျက်လုံးမှ အကောင်းမျက်လုံး ဖြစ်အောင် တကာကြွယ်ရေ ဒါလုပ်တာဘဲ... (မှန်ပါ့)။

ဒီအထဲ ဆုတောင်းပါသေးသလား.... (မပါ·ပါဘုရား) သူ့တော် ဆည်းကပ်ဆိုတာလဲ ဆုတောင်းမဟုတ်ပါဘူး--(မှန်ပါ့)

မြတ်တရားနာဆိုတာကော.... (မဟုတ်ပါဘုရား) လျော်စွာကျင့်ဆိုတာကော .. (ဆုတောင်းမဟုတ်ပါဘုရား)။

အင်း-ဒီသုံးချက်ပါမှ မင်း-အရိယာမျက်လုံးဖြစ်တယ်ဆိုတော့ အရိယာမျက်လုံးလဲ ဖြစ်ပါရော တကာသစ်ရေ- နိဗ္ဗာန်မြင်တော့ တာဘဲ.... (မှန်လှုပါဘုရား) ဒီအထဲ ဆုတောင်းပါရဲ့လား.... (မပါ-ပါဘုရား) ကဲ... တကာကြွယ် ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဒီလက်ဝဲကလေးကို တကာတကာမတွေ့ ခဏခဏနှစ်တိုင်းလိုလိုဘဲ ပြောပေးတယ်.... (မှန်ပါ့) ဆုတောင်းတွေနဲ့ ခင်ဗျားတို့က အားကိုးလုံးထုတ်ပြီး သံသရာရှည်နေမှာစိုးလို့.... (မှန်လှုပါ) သဘောပါကြပလား.... (ပါ-ပါပြီ) ဘယ်နှစ်ချက်ပါလိမ့်....(သုံးချက်ပါဘုရား)။

အဲ.... ဒီသုံးချက်သာ ညီအောင်လုပ်ပါ တကာတကာမတို့၊ ရှေးဦးစွာ သူတော်ကောင်း ဆည်းကပ်ပါ... (မှန်ပါ့) ပြီးတော့မှ သစ္စာနဲ့ပတ်သက်တဲ့တရားကို နာလိုက်ပါဦး.... (မှန်ပါ့) နာပြီး သကာလ လျော်စွာကျင့်ဆိုတာ ဒီကလဲ သစ္စာတရားဖြစ်ရမယ်၊ မြင်တာကလဲ သစ္စာလို့မြင်ရမယ်....(မှန်ပါ့)။

ကြားတာကလဲ.... (သစ္စာလို့ကြားရးပါမယ်) ကိုယ့်ညာဏ်နဲ့ ကြည့်လိုက်တော့လဲ....(သစ္စာလို့မြင်ရပါမယ်ဘုရား)။

အဲ.... အဲဒီလိုလျော်သွားလို့ရှိယင်ဖြင့် ဘာဆုတောင်းမှလဲ မလို၊ဘာပါရမီမှလဲမလိုဘဲနဲ့အရိယာမျက်လုံးဖြစ်ပြီးနိဗ္ဗာန်မြင်ပါ

လိမ့်မယ်....(မှန်ပါ့) အနာရှိတာလဲ မြင်ပါလိမ့်မယ်.... (မြင်ပါတယ်ဘုရား) နိဗ္ဗာန်ကော (မြင်ပါတယ်ဘုရား)။

ကဲ ဒါဖြင့် တကာကြွယ်-ရေ.... မာဂဏ္ဍိက သူ့မျက်လုံးကုပေးပါလို့ဆိုလို့ ဒီသုံးချက် ဘုရားက ဟောတယ်....(မှန်ပါ့) ကဲ....တကာကြွယ်တို့ ဦးမာဒင်တို့ ကျေနပ်ပလား.... (ကျေနပ်ပါပြီဘုရား)။

ဩော်... ဒါဖြင့် ဒို့သည်ကားလို့ဆိုယင် အလကားနေရင်း အချိန်တွေမျောပြီး ပင်ပန်းခံ တောင်းနေလို့ မဟုတ်သေးပါကလား.... (မှန်ပါ့) သူတော်ကောင်းဆည်းကပ်ဘို့ ၁-နံပါတ်.... သစ္စာဘရားနာဘို့....(၂-နံပါတ်ပါဘုရား)။

သစ္စာဘရားဆိုတာ ခန္ဓာကိုယ်ထဲကလဲ ဒုက္ခသစ္စာတွေရှိတယ် (မှန်ပါ့) ကိုယ့်အမြင်ကလဲ ဒုက္ခသစ္စာနဲ့ အမြင်ကိုက်သွားလို့ ရှိယင်ဖြင့် ဒုက္ခချုပ်တဲ့နိဗ္ဗာန်တွေ့ရမယ်....(မှန်လှပါ)။

အဲဒါ့ကြောင့်.... ယနေ့နာတဲ့ တကာ တကာမတွေ့မှာဖြင့် ဩော်....ဆုတောင်းအလုပ်လား၊ ဒီသုံးချက်ညီဘို့လားလို့ ကိုယ့် ဟာကိုယ် ဘာမှ မစဉ်းစားဘဲနဲ့ ဘုရားက မာဂဏ္ဍ ပရဗုဇကို မျက်စိနှစ်ကွင်း အလင်းရချင်လို့ နိဗ္ဗာန်မြင်ချင်လို့ ရှိယင်ဖြင့် မင်း- ဒီသုံးချက်ညီအောင်လုပ်ပါကွာ....ဆိုတာ သေဒဏ်ချာချာ ဟောထားပါတယ်.... (မှန်ပါ့ဘုရား) သဘောပါကြပလား.... (ပါ-ပါပြီဘုရား) ဒါဖြင့် တကာတကာမတို့ ဒီသုံးချက် မညီယင်ဖြင့် မရနိုင်ဘူး....(မှန်ပါ့)

တကာတကာမတို့ မျက်စိနှစ်ကွင်းဆိုတဲ့ သမ္မာဒိဋ္ဌိမျက်လုံး အလင်းရချင်ယင် ဘယ်နှစ်ချက်ပါလိမ့် .... (သုံးချက်ပါဘုရား)။

အဲဒီတော့ သုံးချက်ဆိုတာ တကာတကာမတွေက သိပြီးသား ဖြစ်နေတော့ သူတော်ကောင်း ဆည်းကပ်တယ်ဆိုတာလဲ အခု ဆည်းကပ်နေကြတာ အထင်အရှား ဖြစ်နေသောကြောင့်.... သူ့အတွက်လဲ လုံလောက်ပြီအောက်မေ့တာပေါ့ .... (မှန်လှပါဘုရား)။

မြတ်တရားနာဆိုတာ ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာတရားကိုလဲ ဆရာဘုန်းကြီး နေ့တိုင်း တကာတကာမတွေကို ပြနေတဲ့အတွက် ဒီတရားကလဲ နာရပါပြီ....(မှန်ပါ့) သြော်....ဒါဖြင့် နှစ်ချက်ကတော့ဖြင့် ပြည့်စုံပြီ .. (ပြည့်စုံပါပြီဘုရား)။

လျော်စွာကျင့် ဆိုတာကလေးတချက်ဟာ ကျန်နေတယ်.... (ကျန်နေပါတယ်ဘုရား) အဲဒါကလေး ယနေ့ ရှင်းအောင်ပြပါမယ်တဲ့....၊ မာဂဏ္ဍမဆုံးနိုင်ခင်ဘဲ တကာသစ် ဒါကလေးဟာ အရေးကြီးတယ်....(ကြီးပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ဟကာတကာမတွေ ဒီခုံကို ကြည့်ကြပါ....တဲ့ လျော်စွာကျင့်ဆိုတာ ပြောပြမယ်....(မှန်ပါ့)။

တကာတကာမတွေမှာ ယခု ခန္ဓာငါးပါး ရှိတယ်နော် .... သြော်....ဒါက တကာတကာမတွေလား၊ အပြာ တကာတကာမတွေ အရှိကတော့ ခန္ဓာငါးပါး....(မှန်ပါ့)။

အပြာကဖြင့် တကာတကာမတွေ တကာတွေ တကာမတွေဆိုတာ ပြောရမှာဘဲ....(မှန်ပါ့)မပြော့,မဖြစ် မဟော,မဖြစ်

လို့ ဟောရခြင်း ဖြစ်ပါတယ်...(မှန်ပါ့)အရှိသက်သက်ပြောစမ်း ပါဆိုတော့ ရုပ်,ဝေဒနာ,သညာ, သင်္ခါရ, ဝိညာဏ်ပါဘဲ... (မှန်လှပါဘုရား)။

သြော်....ဒါဖြင့် အဲဒီ အရှိကို ကြည့်လိုက်တော့ ရုပ်က ဒါ.... ဖေါက်ပြန်ပျက်စီးတာ....(မှန်ပါ့)ဝေဒနာ ကြည့်လိုက်ပြန်တော့လဲ တော်တော်ကြာ ဒုက္ခ၊ တော်တော်ကြာ သုခ၊ တော်တော်ကြာ ဥပေက္ခာနဲ့ သူတို့ ဖေါက်ပြန်ပျက်စီးနေတာဘဲ.... (မှန်ပါ့) သညာကြည့်လိုက်ပြန်တော့လဲ တော်တော်ကြာ အဖြူ့မှတ်တဲ့သညာ၊ တော်တော်ကြာ အဝါမှတ်တဲ့သညာ၊တော်တော်ကြာ ကျတော့ သားမှတ်တဲ့သညာ၊ သမီးမှတ်တဲ့ သညာနဲ့ သညာတွေ ပြောင်းလိုက်, ပျက်လိုက်ဘဲ....(မှန်ပါ့)။

စေဘနာဆိုတဲ့ သင်္ခါရကွန်ဒါကြည့်လိုက်ပြန်တော့လဲ တကာကြွယ်ရေ... တခါတလေ စေတနာကလေးက ထက်လာလိုက်....၊ နှံ့လာလိုက်နဲ့....(မှန်ပါ့)ဘခါတလေ စေတနာကလေးက ပျက်သွားတယ် .(မှန်ပါ့) ဒါဖြင့် သင်္ခါရကွန်ဒါကလဲ ဖြစ်ပျက်ဘဲ.... (ဖြစ်ပျက်ပါဘုရား)သဘောကျပလား....(ကျပါပြီဘုရား)။

ဝိညာဏကွန်ဒါစိတ်ဆိုတာတခါတလေမြင်စိတ်ပေါ်လိုက်၊တခါတလေ ကြားစိတ်ပေါ်လိုက်၊ အင်း... မြင်စိတ်ပျက်ပြီး ကြားစိတ်ပေါ်ချင်ပေါ်လိုက်....(မှန်ပါ့) တော်တော်ကြာ စားစိတ် ပေါ်ချင် ပေါ်လိုက်၊ တော်တော်ကြာ ကြံစိတ်ပေါ်ချင်ပေါ်လိုက်၊ ကြံတဲ့အထဲကမှ အဖြူ့ကြံချင်ကြံ၊ အနီကြံချင်ကြံ၊ ကြံစိတ်ကလဲ အမျိုးမျိုးခြောင်းတယ်....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ ရှိထာကတော့ တကာတကာမတို့.... မမြဲတဲ့ အနိစ္စဘဲ....(မှန်ပါ့)မရှိဘူးလား .. (ရှိပါတယ်ဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ အနိစ္စရှိလို့ အနိစ္စရယ် လို့ တကာတကာမတွေက သိသွားလို့ရှိယင် လျော်ပါပြီ .... (မှန်ပါ့)။

အနိစ္စအချိန်နဲ့ အနိစ္စအသိကိုက်ယင်....(လျော်ပါပြီဘုရား) **လျော်စွာကျင့်ဆိုတာ ဒါဘဲ** .. (မှန်ပါ့)။

တကာတကာမတို့ အရှိန်နဲ့ အသိကိုက်ယင် .... (လျော်စွာ အကျင့်ပါဘုရား)။

ဘယ်လိုပါလိမ့်.... (အရှိန်နဲ့ အသိကိုက်ယင် လျော်စွာအကျင့် ပါဘုရား)။

အရှိက ဒီခန္ဓာငါးပါးမှာ ဘာရှိသတုံး....(အနိစ္စရှိပါတယ်) အနိစ္စဘဲ ရှိဘယ်ဆိုတာ တကာသစ်တို့....ဦးမာဒင်တို့ မှတ်မိပါ ပြီ .. (မှတ်မိပါပြီဘုရား)။

အသိက ယောကျ်ား,မိန်းမ မဖြစ်ဘဲနဲ့၊ ကျန်းမာ ချမ်းသာ မဖြစ်ဘဲနဲ့ ဩော်....အနိစ္စရှိလို့ ဥာဏ်က ရှုလိုက်တဲ့အခါ အနိစ္စ သိလို့ရှိယင် လျော်စွာဖြစ်ပြီ ...(မှန်ပါ့) အရှိနဲ့ အသိကိုက်ယင် လျော်ပါပြီ....(မှန်ပါ့)။

အရှိနဲ့ အသိကိုက်ယင်....(လျော်ပါပြီ)ဩော်... ဒါ လျော်စွာ ကျင့်ဆိုတာ ဒို့ တခြားလား အောက်မေ့နေတယ်၊ မိမိသန္တာန် ရုပ်နာမ်ဓမ္မတို့၏ အရှိနဲ့ ဆရာပေးထားတဲ့ ဥာဏ်ကလေးယူပြီး သကာလ ကိုယ့်ဥာဏ်အသိနဲ့ ကိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ရမယ်.... (ကိုက်ရပါမယ်ဘုရား)။

တကာကြွယ် ဘာတဲ့....(ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်ရပါမယ်ဘုရား)။

ဒါ တကာတကာမတွေ့ ပေါ့ပေါ့တန်တန် မနာဘဲနဲ့ နိဗ္ဗာန်ရောက်ချင်တဲ့ ပုဂ္ဂိုလ်မှာ ဒီ ၃-နံပါတ်ဟာ အတော်အရေးကြီးတယ်....(ကြီးပါတယ်ဘုရား)ကိုယ်အရှိနဲ့ ဉာဏ်အသိ ကိုက်ရမယ် (မှန်ပါ့)တကာတကာမတို့ဘာတဲ့ တုံး....(ခန္ဓာအရှိနဲ့ ဉာဏ်အသိနဲ့ ကိုက်ရပါမယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒါကလေးဟာဖြင့် နိဗ္ဗာန်မရ,မချင်း ဒီ.... စကားဟာ ဒီဟာကလေးဟာ ဖျောက်ဖျက်ပစ်လို့ မဖြစ်ဘူး ... (မှန်ပါ့)နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ် ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ရမယ်....(မှန်ပါ့)။

နိဗ္ဗာန်ရောက်ချင်ယင် .... (ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ရပါမယ်ဘုရား)။

ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်လို့ရှိယင်ဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပါတယ်....(မှန်ပါ့)။

ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်လို့ရှိယင်.... (ဓမ္မာနုဓမ္မပဋိပတ္တိဖြစ်ပါတယ်) ဓမ္မာနုဓမ္မပဋိပတ္တိ ဖြစ်ပါတယ်ဆိုတာဖြင့် တကာတကာမတို့ မလွဲတမ်း မှတ်ပေတော့....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဩော်....သူတော်ဆည်းကပ်၊ မြတ်တရားနာဟာ လွယ်သကိုး....(မှန်ပါ့)ခန္ဓာအရှိနဲ့ ဉာဏ်အသိကိုက်ဘို့ရာက

(ခက်ပါတယ်ဘုရား) ကိုက်လဲကိုက်ရော တခါတည်း မျက်စိလင်းတာဘဲ....(မှန်ပါ့)ဉာဏ်မျက်စိလင်းလာတယ်....(မှန်ပါ့) အဝိဇ္ဇာမဖုံးနိုင်တော့ဘူး....(မှန်ပါ့)။

ဩော်.... ဦးမာဒင် သိပ်အရေးကြီးပါကလား .... (ကြီးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ကျုပ်တို့.... ခင်ဗျားတို့မှာ ခန္ဓာအရှိန်. ဉာဏ်အသိသည်ကားလို့ ဆိုယင် ကိုက်သွားလို့ ရှိယင်ဖြင့် ဩော်....မေ့းတုန်းက ဒို့ ဒီဟာ မမြင်ပါဘူး.. (မှန်ပါ့)တော်တော် အပျိုအရွယ်ကလေး ဖြစ်လာပြန်တော့လဲ .... (မမြင်ပါဘုရား)။

အင်း....တော်တော်စီးပွားရေးလိုက်စားတုန်းကလဲ....(မမြင်ပါဘုရား)။

ဟာ... ဘာမြင်မလဲ တကာတကာတွေက ကိုယ့်အမေကလဲ စုံလုံးကန်း... (မှန်ပါ့) သားကလေး မွေးလာပြန်တော့လဲ .... (စုံလုံးကန်းပါ) သဒ္ဒာကျပလား....(ကျပါပြီဘုရား)။

ဘုရားတည်းဟူသော ဆေးဆရာကြီးနဲ့ မတွေ့သ၍ ကာလပတ်လုံး အကန်းကမွေးပြီး အကန်းမြေး- မြစ်ဖြစ်လာတာဘဲ .... (မှန်ပါ့) အကန်းသားသမီး, အကန်းမြေး- မြစ်ဖြစ်လာတော့ အကန်းတောထဲမှာ အချိန်ကုန်ပြီးသကာလ လာခဲ့ကြရတယ်ဆိုတဲ့ ဥစ္စာဖြင့် ဘာမှသံသယမရှိနဲ့.... (မရှိပါဘုရား)။

အခု ဒီအချိန် ဒီအရွယ်ရောက်အောင်ဘဲ အရှိန်. အသိမကိုက်သေးလို့ ရှိယင်ဖြင့် အကန်းတောထဲမှာ ဒို့ သည်ကားလို့ ဆိုယင်

ဖြင့် အချိန်ကုန်ခဲ့သေးတယ်ဆိုတာ ဦးလှဘူးမှတ်ရမယ်.... (မှတ်ရပါမယ်ဘုရား)။

ဘယ်လို အချိန်ကုန်ခဲ့ကြပါလိမ့်....(အကန်းတောထဲမှာအချိန်ကုန်ခဲ့ကြပါတယ်) သဒ္ဓါကျပလား... (ကျပါပြီဘုရား)။

ဘာကြောင့်တုံး ခန္ဓာအရှိနဲ့ ဉာဏ်အသိမှမတည့်သေးဘူး.... (မှန်ပါ!) အရှိက အနိစ္စရှိတယ်၊ အသိက သားတွေ, သမီးတွေ, ဆွေတွေ, မျိုးခတွေ, ဘိုးတွေ, ဖွားတွေလို့ သိနေတော့ အရှိနဲ့ အသိကကိုက်ကဲ့လား....(မကိုက်ပါဘုရား)ဒါဖြင့် ကန်းတုန်းဘဲ.... (ကန်းတုန်းပါဘုရား)။

တကာသစ် ဘယ့်နှယ်ဆိုမလဲ ... (ကန်းတုန်းပါ) ဦးမာဒင် ဘယ်.နှယ်ဆိုမလဲ... (ကန်းတုန်းပါ) ကန်းတုံးဘဲဆိုတာ ငြင်းဘို့ကော လိုသေးသလား... (မလိုပါဘုရား)။

ဒါဖြင့် ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်တဲ့အချိန်မှ သာလျှင် ကျုပ်တို့အဝိဇ္ဇာမျက်လုံးဆိုတဲ့ အကန်းကြီးဟာ တကာတကာမတို့ ဝိဇ္ဇာဖြစ်ပြီးသကာလ လာခေတ့်တယ်ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ!)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဝိဇ္ဇာက ဘာဖြစ်လာသတုံး....(ဝိဇ္ဇာဖြစ်လာပါတယ်)အဲ.... ဒါကြောင့် "ဝိဇ္ဇာ ဥဒပါဒိ" ကျတော့မှ ဘုရားက အဲဒီကျမှ "အာလောကော ဥဒပါဒိ"ဟာ....လင်းပြီဟဲ့... (မှန်ပါ!) မဆိုဘူးလား....(ဆိုပါတယ်ဘုရား)။

'အာလောကော ဥဒပါဒိ' ဆိုတာ အလင်းရသွားပြီကွ .... (မှန်ပါ!) ကောင်္ကည် အလင်းရသွားပြီဆိုတာ ဒီပါဋိတော်က

ကောင်္ကာညဆီကလာတာ (မှန်ပါ့)ကဲ့...တကာကြွယ် ရိပ်မိပလား (ရိပ်မိပါပြီ) တကာသစ်တို့၊ ဦးမာဒင်တို့ကော .... (ရိပ်မိပါပြီဘုရား)။

အာလောကော ဥဒပါဒိ....(မှန်ပါ့) နဂိုရိုက ခင်ဗျားတို့က ရွတ်သာနေတာ· ကိုယ့်သန္တာန် အာလောကော ဥဒပါဒိဖြစ်အောင်လို့ စိတ်ကူးတာမဟုတ်ဘူး .. (မကူးပါ) ဓမ္မစကြာရတာ လူထဲပြောတာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ကောင်္ကာညည အလင်းရသွားပြီဆိုတာ နဂိုရိုက အကန်းမို့ဘုရားက ပြောရှာတာ....(မှန်ပါ့ဘုရား)။

အဲဒီမှာလဲ တကာတကာမတွေ့ ကိုယ့်ခန္ဓာအရှိကို ကိုယ့်ဉာဏ်အသိနဲ့ မကိုက်သေးသ၍ ကာလပတ်လုံးဖြင့် သြော်... ဒို့သည်ကားလို့ဆိုယင် စုံလုံးကန်းဘဲရှိပါသေးကလား....(မှန်ပါ့)မျက်စိနှစ်ကွင်း ဝမ်းတွင်းကပျက်လာတာဘဲ.... (မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

ဒါဖြင့် ဒို့တော့ ဒီနေ့ကစပြီး မှတ်လိုက်တာပေါ့· အကန်းအဖြစ်နဲ့တော့ အသေမခံနိုင်ဘူးဟေ့.... (မှန်ပါ့) အကန်းမသာဆိုတာ အလွန်ကြက်သရေယုတ်သဟေ့....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုပါ့မလဲ (အကန်းမသာဆိုဘာ အလွန်ကြက်သရေယုတ်ပါတယ်ဘုရား)။

အံမာမသး တကာသစ် ဒါဘုန်းကြီးခပြာလို့နော်....(မှန်ပါ့) နို့မဟုတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့က ဟင် .... သေသွားရှာပြီ၊ သနားပါတယ်၊ ဒါလောက်ကဲ့ ခင်ဗျားကိုက ပြောကြတယ်....

(ပြောပါတယ်) အာကန်းမသာလို့ မသိလိုက်ဘူး .. (မသိလိုက်ပါဘုရား)။

အဲ.... အခုတော့ဖြင့် တကာတကာမတွေ ကိုယ့်ကိုယ်တိုင်ဘဲ ဆုံးဖြတ်ချက်ချကြပါ....(မှန်ပါ့) အကန်းအဖြစ်နဲ့ဖြင့် မသေလို ပါဘူးဘုရား....(မှန်ပါ့ဘုရား)။

သေသေချာချာ တကာတကာမတွေ စိတ်ထားမှန်မြတ်ပြီး သကာလ အကန်းသေဖြင့်မသေပါရစေနဲ့၊ အမြင်ပေါက်ရောက်ပြီး သကာလ သေပါရစေဆိုတာကိုဖြင့် ဒီဆုကိုတောင်းသင့်ပါတယ်-(မှန်ပါ့ဘုရား)။

ကဲ....တကာတကာမတို့ ခန္ဓာအရှိနဲ့ ဥာဏ်အသိမကိုက်ယင် ဒီလိုသေတဲ့ ပုဂ္ဂိုလ်ဘာသေဆိုကြမလဲ....(အကန်းသေပါဘုရား)။

ဒါဖြင့် တကာသင်္ဘော် ဦးမာဒင်တို့ ဒီလိုမသာပေါင်း ဘယ်လောက်ပို့ဘူးပလဲ....(မရေတွက်နိုင်ပါ) တကာကြွယ် တယ်နာပါလား....(နာပါတယ်ဘုရား)။

ဒါ တကာတကာမတို့ အခုကိုယ်တိုင် သိသာတော့မှ လှိုက်လှိုက်လဲလဲ သြော် .... ဒို့ဘိုးအေ- ဖွားအေ အမျိုးမျိုး အဖုံဖုံတွေ ဘယ်လိုမျှား ဖြစ်ကြပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့မှ သြော် သိပ်သနားစရာပါကလား(မှန်ပါ့)မျက်စိနှစ်ကွင်းအလင်းမရဘဲနဲ့၊ မေ့တုန်းကလဲ အလင်းမရ.... (မှန်ပါ့) အရှယ်ရောက်မှလဲ အလင်းမရ....(မှန်ပါ့)သေသွားတော့လဲ.... (အလင်းမရပါ) သြော် ဒီမသာ ဘာမသာခေါ်ကြပါမယ်.... (အကန်းမသာပါဘုရား)။

ဒါဖြင့် ဒီအာကန်းကလဲ နောက်ဘဝလဲ လင်းမယ်မဟုတ်တော့ ရောက်ချင်တဲ့နေရာရောက်မှာဘဲ... (မှန်ပါ့) မရောက်ပေဘူးလား (ရောက်မှာပါဘုရား)။

ကဲ ရောက်ချင်တဲ့နေရာ ရောက်ဆိုတော့ အကန်းသေ လမ်း ဖြောင့်တွေဘို့ မြင်သေးဟား....(မမြင်ပါဘုရား)။

ဆပါယ်လေးပါး တည်းဟူသော ချောက်တွေ ကျင်းတွေ အပါယ်လေးပါးတည်းဟူသောသံသရာ့ထောင်တွေဆိုတဲ့ သုံးဆဲ့ တဘုံထဲမှာ လျှောက်ကျနေမှာဘဲ.. (မှန်ပါ့) မကျပေဘူးလား (ကျပါဘယ်)အင်း ဘယ်လိုသွားရှာလို့ပါလိမ့်.... (အကန်းသေမို့ပါဘုရား)။

အကန်းမသာအဖြစ်နဲ့ဘဲ ဒီဘဝဇာတ်သိမ်းပြီး၊ နောက်ဘဝကျပြန်လဲ မျက်စိနှစ်ကွင်းက အလင်းမရပြန်တော့ အကန်းသွား-သွားပြန်လို့ .. (မှန်ပါ့) အကန်းတို့၏ ရောက်ရာဌာနမှတပါး ဘယ်မှကျော်လွန်ပြီးသကာလ မြင်သောပုဂ္ဂိုလ်တွေ၏ ရောက်ရာဌာနဆိုတဲ့ အဓိပ္ပါယ်မရောက်ရှာဘူး.... (မရောက်ပါဘုရား)။

ဒါဖြင့် တကာကြယ်တို့၊ ဦးမာဒင်တို့ မျက်စိနှစ်ကွင်းအလင်း ရဘို့သည် အလွန်အရေးကြီးတယ် (ကြီးပါဘယ်ဘုရား)။

အားလုံး တရားတပဲလုံး တကာတကာမတို့ ဘာအရေးအကြီး ဆုံးပါလိမ့် .... (မျက်စိနှစ်ကွင်း အလင်းရဘို့အရေးကြီးပါတယ် ဘုရား)။

အဲ... မျက်စိနှစ်ကွင်း အလင်းရတယ်-မရတယ် ကိုယ့်ဟာကိုယ် ထင်ခြင်ကြလို့ ရှိယင် ခန္ဓာက အနိစ္စရှိတယ်.... (မှန်ပါ့)ကိုယ့်

ဥာဏ်ကလဲ အနိစ္စယို့သိယင်ဖြင့် မျက်စိနှစ်ကွင်း အလင်းရပြီ.... (ရပါပြီ) ဒီအတိုင်းမှ မမြင်သေးဘူး ဆိုလို့ရှိယင်ဖြင့် ငါသည် မမြင်-မြင်အောင်ကြည့်မဟဲ့ဆိုတဲ့ ဝိရိယတို့ ဆန္ဒတို့ တကာကြွယ်ပြင်းထန်ပေးရမယဲ့....(မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ဒီဘဝအကန်းမသာသေလို့ မြေထဲမြုပ်လိုက်တော့ နောက်ဘဝ သံသရာခရီး ဆက်သွားပြန်တော့ အကန်းသွား-သွားလိမ့်မယ်... (မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆို့ကြမလဲ(အကန်းသွားသွားမှာပါ) အကန်းလမ်းသွားတော့ တကာသစ်တို့၊ ဦးမာဒင်တို့ ချောက်တွေ ကျင်းတွေ ရှောင်နိုင်သေးရဲ့လား....(မရှောင်နိုင်ပါဘုရား)။

အပါယ်လေးပါးတည်းဟူသော ချောက်....(မှန်ပါ့) သံသရာ့ထောင်တည်းဟူသော သုံးဆဲ့တဘုံ၊ ဒီထောင်တွေ့ဒီးချောက်တွေထဲက လွတ်စရာမြင်သေးရဲ့လား (မမြင်ပါဘုရား) အဲဒါကြောင့် ဘုန်းကြီးတို့ တကားတကာမတွေ့ မာဂဇ္ဈ မျက်စိကုချင်လို့ရှိယင်ကွာ....တဲ့ ဓမ္မာနုဓမ္မပွဋိပတ္တိဆိုတဲ့ ခန္ဓာအရှိန်. ဥာဏ်အသိကိုက်ပါမှ အလင်းရသကွ တဲ့... (မှန်ပါ့)။

ခန္ဓာအရှိန်. ဥာဏ်အသိကိုက်ပါမှ--(အလင်းရပါတယ်ဘုရား) ကိုင်း တကာသစ်ဘဲ ဝေဘန်ပါတော့ ဦးမာဒင်တို့ ဝေဘန်ပါခဘဲ့၊ ဩ.... ဘယ်လိုများ သေသွားကြသတုံး၊ ဘယ်လိုများ နေသွားကြသတုံး...၊ ဆိုင်းဘုတ်တွေသာ ဆဲ့ပြီးသကားလ ဂူကြီးတွေတည်ပြီးသကာလ ဆိုင်းဘုတ်တွေသာ အမျိုးမျိုးအဖုံဖုံတွေ့ တပ်ပြီးသကာလ ထားကြငြားသော်လဲ့—တဲ့ သူများ ဖတ်ဖြစ်ရုံဘဲ၊ သေတဲ့ပုဂ္ဂိုလ်ဟာ အကန်းဘဲ... (မှန်ပါ့)။

သူများဖတ်တာကတော့ ဂုဏ်ယူဘို့ဖတ်ချင်ဖတ်မပေါ့ဗျာ.... (မှန်ပါ့) သေတဲ့ပုဂ္ဂိုလ်က....(အကန်းပါဘုရား)။

ဘာ့ကြောင့်တုံး....လို့ မေးတော့မှ ခန္ဓာအရှိန်နဲ့ ဥာဏ်အသိ ကိုက်မသွားရှာဘော့ တကာတကာမတို့ အကန်းမြုပ်တဲ့ဂူဘဲ.... (မှန်လှပါ) အကန်းမြုပ်တဲ့မြေဘဲ....(မှန်ပါ့)မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ်ဘုရား) အဲဒါ အင်မတန် ကြောက်စရာကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

အဲ ဒါဖြင့် တရားဟပဲလုံးဘဲ ဆုံးဖြတ်ချက်ချပြီး ဒီအကန်း သေ,ဒသရမှာလောက် လောကကြီးမှာ အရှုံးတကာ့အရှုံးဖြင့် မရှိတော့ဘူး....(မှန်ပါ့) မဲ့ပြီးသေမှာလဲ မကြောက်နဲ့.-(မှန်ပါ့) ချမ်းသားပြီးသေမှာလဲ မကြောက်နဲ့.... (မှန်ပါ့) အိုမှာသေမှာလဲ မကြောက်နဲ့.... (မှန်ပါ့ဘုရား) ဒါ.. ထုံးစံတွေ့ အဲဒါတွေက.... (မှန်လှပါ) မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ သေမှာသာ ကြောက်ပါ....(မှန်လှပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာကို အရေးတကြီးကြောက်ရမလဲ-(မျက်စိနှစ်ကွင်းအလင်း မရဘဲနဲ့ သေမှာသာ ကြောက်ရပါ့တယ်ဘုရား)။

တကာကြွယ် ဒါ- အမှန်အစစ်ကို ပြောလာတော့ ဒါဘဲ အသားယူရမယ်.... (မှန်ပါ့) ဦးလှဘူး သဘောကျရဲ့လား -(ကျပါတယ်ဘုရား)။

ဘာဖြစ်လို့လဲလို့ ဆိုလို့ရှိယင် ဘယ်လောက်ဘဲ ချမ်းသာတဲ့ ပုဂ္ဂိုလ်ဖြစ်စေကာမူလဲ မျက်စိနှစ်ကွင်း အလင်းမရလို့ရှိယင်ဖြင့် သံသရာ့ခရီးသည် သုံးဆဲ့တဘုံထောင်ထဲ လျှောက်ပြေးမှာဘဲ....

(ပြေးမှာပါဘုရား) အာပါယ်လေးပါးချောက်ထဲ ကျမှာဘဲ....
(ကျမှာပ့ါဘုရား) လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

နတ်ပြည်ရောက်တယ်ဆိုဘာ ထောင်ကျဘာဘဲ.... (မှန်ပါ့)
သဘောကျပလား.... (ကျပါပြီ) သုံးဆဲ့တဘုံထောင်ကိုးဗျ....
ထောင့်ပြင်ဘက်မှာ နိဗ္ဗာန်ရှိတာကိုး....၊ နိဗ္ဗာန်ရောက်တာလား၊
ထောင်ထဲကျတာလား....(ထောင်ထဲကျတာပါဘုရား)။

အဲဒါကြောင့် " တယောဘဝေ အဒ္ဒါယံရဲ့ဝိယ ဒဋ္ဌဗ္ဗာ "
တယောဘဝေ=ဘုံသုံးပါးတည်းဟူသော ဘဝတို့ကို၊ အဒ္ဒါယရဲ့
ဝိယ=အကျဉ်းချထားသော ထောင်ကြီးကဲ့သို့၊ ဒဋ္ဌဗ္ဗာ= မှတ်အပ်
ကုန်၏ .. (မှန်လှပါ)။

ခင်ဗျားတို့က ဘယ်ဘုံရောက်ကောင်းနိုးနိုး, ဘယ်ဘုံရောက်
ကောင်းနိုးနိုး မလုပ်ပါနဲ့၊ ထောင်ကျတာချည့်ပါဘဲ .... (မှန်ပါ့)
မျက်စိကန်း အရမ်းသွားလို့ကျတာ....(မှန်ပါ့)။

ဟိုးထောင်ထဲမှာ သူ့ခန္ဓာကြီးကလဲ ဘာသစ္စာတုံး (ဒုက္ခ
သစ္စာပါဘုရား) ပြီးတော့ ဒီဒုက္ခသစ္စာနယ်ထဲက မထွက်ရတော့
ကို... တဲ့ ထောင်မှာ တကာတကာမတို့ ဘေးကရဲ့ထားတာတွေ့
လဲတဲ့ ထောင်ကြီးသဘောဘဲ ပြန်ရောက်တယ်.... (မှန်ပါ့ဘုရား)
သဘောကျပလား ... (ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ယနေ့ ကြောက်စရာ
အကောင်းဆုံး ဘယ်ဟာပါလိမ့် ... (သံသရာထောင်ကြီးပါဘုရား)

ဒီလိုလုပ်ကြ၊ မျက်စိနှစ်ကွင်း အလင်းမရဘဲနဲ့ သေမှာကြောက်
စရာ အကောင်းဆုံး ... (မှန်ပါ့)။

ဘာကြောက်စရာအကောင်းဆုံးလဲ....(မျက်စိနှစ်ကွင်း အာလင်းမရဘဲနဲ့ သေမှာ ကြောက်စရာအကောင်းဆုံးပါဘုရား)။

အလင်းမရဆိုတာကတော့ တကာ တကာမတို့ ခဏခဏ ရှင်းပေးတဲ့အတွက် သတိလဲထားကြပါ-(မှန်ပါ)အရှိကဖြစ်ပျက် အနိစ္စ - (မှန်ပါ့) သိတာက ငါဘဲ-သူဘဲ....(မှန်ပါ့) သိတာတွေက ငါဘဲ သူဘဲ ယောကျ်ားဘဲလို့ထင်နေယင် ဒါ....မျက်စိနှစ်ကွင်း အာလင်းမရဘူး....(မှန်ပါ့)။

အရှိက ဖြစ်ပျက်မဟုတ်လားဗျာ... (မှန်ပါ့ဘုရား) ဘယ်ခန္ဓာ ကြည့်လိုက်,ကြည့်လိုက် ဖြစ်ပျက်ဘဲ.... (မှန်ပါ့)။

အဲဒါကို ယောကျ်ားတွေ, မိန်းမတွေ, သားတွေ, သမီးတွေ, ငါတွေလုပ်နေလို့ရှိယင်ဖြင့် အကန်းဘဲ.... (အကန်းပါဘုရား)။

တကာကြွယ် ဘယ်နှယ်ဆိုမလဲ....(အကန်းပါဘုရား) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ အရှိနဲ့အသိ အခု မကိုက်ဘူး.... (မှန်ပါ့) ကန်းလို့မကိုက်တာ... (မှန်ပါ့)။

ခုနင်က စဉ်းစားကြည့်လေ၊ သူ့အဝတ်နဲ့ သူလိုက်ပြီးတော့ကို သူ့အဝတ်က ဆီသုတ်ထားတဲ့အဝတ် ဟုတ်သား....(မှန်ပါ့ဘုရား) သိုးမွေးအနက်ကြီးတွေချုပ်ထားတဲ့အဝတ်....(မှန်ပါ့) အင်မတန် ဖြူဖွေးတဲ့အဝတ်တွေထင်ပြီး သူ့စိတ်ထဲ သူ့အဝတ်နဲ့သူ လိုက်တယ်လို့ သူ လည်ပြီးမော်တယ်...(မှန်ပါ့) အရှိနဲ့အသိ ဘယ်နှယ်တုံး....(မကိုက်ပါဘုရား) အရှိက အမဲတွေ....(မှန်ပါ့) အသိက အဖြူထင်နေတယ်... (မှန်ပါ့)။

အရှိက ဘာတုံး.... (အမဲတွေပါဘုရား) အသိက.... (အဖြူ ထင်နေပါတယ်ဘုရား)။

ကဲ... ဒါ ဘယ်.နှယ်ကြောင့် ကျုပ်.အဝတ်နဲ့.ကျုပ်မလိုက်ဘူးလား၊ အင်မတန် ဖြူဖွေးတယ်လို့ သူ လည်ပြီးသကာလ လူလိမ်က အဝတ်ခိုင်းတာနဲ့ ဝတ်ပြီးသကာလ သူ လည်ပြီး ကြွားလုံးထုတ်နေတာ တကာသစ်ဘဲ ဆုံးဖြတ်ချက်ချပါ၊ အရှိနဲ့ အသိ ဘယ်.နှယ်တုံး....(မကိုက်ပါဘုရား)။

ဒါ့ကြောင့် ဒီ မျက်စိနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ်ကို လူလိမ်လူပြောင်က ဆီသုတ်တဲ့ အဝတ်-ဝတ်ပြီး သိုးမွေး အနက်ကြီး ခေါင်းပေါင်း, ပေါင်းပြီးသကာလ ဆီသုတ်တဲ့ အဝတ်ကြီးနဲ့ ကျုပ်နဲ့ မလိုက်ဘူးလားလို့ အော်တာများဟာ သြော်.... အရှိနဲ့ အသိ မကိုက်တာဘဲ... (မှန်လှပါဘုရား) အရှိက အရုပ်ဆိုးကိုး.... (မှန်ပါ့)အသိက အင်မတန်တင့်တယ်တယ်ထင်နေတယ်....(မှန်ပါ့ ဘုရား)။

အရှိက.... (အရုပ်ဆိုးပါဘုရား) အသိက.... (တင့်တယ်တယ် ထင်ပါတယ်ဘုရား) အဲဒါဖြင့် ရိပ်မိကြရောပေါ့... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့်....တကာတကာမတို့ မာဂဏ္ဍိအား ဘုရားပေးလိုက်တဲ့ ဥပမာ မင်း-အရှိနဲ့.အသိ မကိုက်သေးလို့.ရှိယင်ဖြင့် အရှိနဲ့.အသိ ကိုက်အောင် မင်း-လုပ်ပါဦးဆိုတဲ့အဓိပ္ပါယ်ဟာ တကာဘကာမတို့ တိုက်တွန်းထိုက်တယ်... (တိုက်တွန်းထိုက်ပါတယ်ဘုရား) မတိုက်တွန်းထိုက်ဘူးလား.... (တိုက်တွန်းထိုက်ပါတယ်ဘုရား)။

သေသေချာချာ ဉာဏ်နဲ့ ထောင်ကြည့်တော့မှ တကာ့ကြွယ်-ခရေ....အရှိန်နဲ့ အသိ မကိုက်တာ ခုနင်က စုံလုံးကန်းမှာ သေချာတယ်.....(သေချာပါတယ်ဘုရား)။

ဒီမှာလဲ တကာတကာမတွေ့ ကိုယ့်ဟာကိုယ် ပြန်ကြည့်တဲ့အခါမှာ သားခတွေ့တွေ့- သမီးတွေ့တွေ့- ကိုယ့်ဟာကိုယ်တွေ့ တွေ့နေကြမယ်ဆိုယင် အလုပ်-မလုပ်တဲ့အချိန်တွေ့တာ အရေးမကြီးပါဘူး.....(မှန်ပါ့)။

အလုပ်-လုပ်တဲ့ အချိန်မှာဖြင့် အရှိနဲ့အသိကိုက်လို့ရှိယင်ဖြင့် အဲဒီ့အချိန်က စ,ပြီးသကာလ သူသည် အလင်းရပြီဆိုတာ မှတ်လိုက်တာပေါ့....(မှန်ပါ့)။

ဒါဖြင့်"ဝိဇ္ဇာဉဒပါဒိ"ဝိဇ္ဇာ=ဉာဏ်မျက်လုံးသည်၊ ဉဒပါဒိ=ဖြစ်၏....(မှန်ပါ့) အာလောကော=ဉာဏ်မျက်လုံး ရသည်ဖြစ်၍ သူ အလင်းရသည်၊ ဟောတိ=ဖြစ်၏....(မှန်ပါ့) သဘောပါပလား.....(ပါပါပြီဘုရား)။

ဒါဖြင့် "ဝိဇ္ဇာဉဒပါဒိ အားလောကော ဉဒပါဒိ"ဒီလို ဟောတာဟာ သောတာပန်တည်တုန်းဟော့တာ....(မှန်ပါ့) သောတာပန်တည်ပြီးသားပုဂ္ဂိုလ်ဟောတာ....(မှန်ပါ့)ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့ ရှေ့ပိုင်းက ဝိပဿနာ ဖြစ်ပျက်နဲ့ ဉာဏ်မင်နဲ့ မကိုက်သေးသ၍ ကာလပတ်လုံးဖြင့် ဆီသုတ်တဲ့ အဝတ်နဲ့ဘဲ အရှိနဲ့ အသိမကိုက်တဲ့ စုံလုံးကန်းပျော်ပျော်နေတယ်... (မှန်ပါ့) ဆိုထိုက်-မဆိုထိုက်.....(ဆိုထိုက်ပါတယ်ဘုရား)။

တကာသစ်....ဒါဖြင့် ဘယ့်နှယ်လုပ်မတုံးဗျ.... (အရှိန်. အသိကိုက်အောင် လုပ်ရပါမယ်ဘုရား)။

ဒါဖြင့် ခန္ဓာအရှိန်. ဥာဏ်အသိကို ငါ ယနေ့က,စပြီး ကိုက်အောင် လုပ်မယ်... (မှန်ပါ့)။

ခန္ဓာအရှိ.. (ဥာဏ်အသိကို ယခုနေ့က,စ၍ ကိုက်အောင်လုပ်ရပါမယ်ဘုရား)။

ဒါနားကြီးတဲ့ ပုဂ္ဂိုလ်မှ အဘိုးတန်တယ်နော်....(မှန်ပါ့) တကာကြွယ် .. ဘယ်လိုပုဂ္ဂိုလ်မှ အဘိုးတန်သတုံး... (နားကြီးတဲ့ ပုဂ္ဂိုလ်မှ အဘိုးတန်ပါတယ်ဘုရား)။

အဲ....နိဗ္ဗာန်သိချင်တဲ့ပုဂ္ဂိုလ် ဒုက္ခချုပ်ငြိမ်းချင်တဲ့ .... ပုဂ္ဂိုလ် အတွက်ဖြင့် ဒါကိုက်ယင် ပြီးတာဘဲ....(မှန်ပါ့) ခန္ဓာအရှိန်. .... (ဥာဏ်အသိကိုက်ယင် ပြီးပါတယ်ဘုရား)။

ဒါဖြင့် ဝိဇ္ဇာဥဒပါဒိဆိုတာ ဒါဆိုတာ....(မှန်ပါ့)အာလောကော ဥဒပါဒိဆိုတာကော....(ဒါဆိုတာပါ) အာလောကော= အလင်းရပြီကွဆိုတာလဲ ဒါဆိုတာဘဲ....(မှန်ပါ့)။

ဒါဖြင့် ဦးမာဒင်ရေ - ကျွန်ုပ်တို့မှာ အခု ကိုယ့်ဖြစ်ပျက်ကလေးနဲ. ကိုယ်တွေ့လိုက်ပြီဆိုလို.ရှိယင်ဖြင့် သြော် ... တသံသရာလုံး ဘယ်တော့မှ အလင်းမရခဲ့တာ ယနေ့က,စပြီး ငါသည်ကား လို.ဆိုယင်ဖြင့် အကန်းဘဝမှ အမြင်ဘဝသို့ ပြောင်းပြီ... (မှန်လှပါဘုရား) ဒီဟာလောက် ဝမ်းသာစရာ သိန်းထီဆယ်ခါပေါက်တာ ဝမ်းသာစရာမရှိပါဘူး....(မှန်ပါ့)ဒီဟာ ဝမ်းသာဘို့အရေးကြီးပါတယ် .. (မှန်ပါ့ဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ယနေ့ ထပ်ထပ် ပြောနေတယ်နော်....(မှန်ပါ့) ဉာဏ်မျက်စိနှစ်ကွင်း အလင်းရချင် လို့ရှိယင် ခန္ဓာအရှိန်နဲ့ ဉာဏ်အသိကိုက်ဘို့ (မှန်ပါ့)။

ခန္ဓာအရှိန်နဲ့.... (ဉာဏ်အသိကိုက်ဘို့ပါဘုရား) အဲဒီလိုဆိုယင် ခင်ဗျားတို့ ရ,ထားတဲ့ ဝိဇ္ဇာဉဒပါဒိကော ဟုတ်ပလား....(ဟုတ် ပါပြီဘုရား)အာလောကော ဉဒပါဒိကော... (ဟုတ်ပါပြီဘုရား) ဉာဏံဉဒပါဒိကော... (ဟုတ်ပါပြီဘုရား)ကိုင်း....ဦးမာဒင် ကျေ နပ်လောက်ပြီ....(ကျေနပ်ပါပြီဘုရား)ကျေနပ်လောက်တယ်။

ဩော်. ခန္ဓာထဲ ဟိုနေရာက ယားနေတာလဲ ယားထာ မရှိ ယင် ဖြစ်ပြီး ပျက်သွားတာဘဲ....(မှန်ပါ့) အဲဒါ မြင်လိုက်လို့ရှိ ယင် မျက်စိအလင်းရပါပြီ....(ရပါပြီဘုရား)။

ဟိုနေရာက အောင့်နေတာကလေးလျှော့ပြီး ဉာဏ်က ကြည့် လိုက်တယ်၊ ကြည့်လိုက်တဲ့အခါ အောင့်တာကလေး မရှိတာ သိ လိုက်တယ်... (မှန်ပါ့)။

ဩော်... နဂိုရိတုန်းက ခန္ဓာကိုယ်ထဲ ရောဂတောလို့ ဘုရားက ဟောထားတယ်၊ဟုတ်သားဘဲ ဒါ ရောဂါဘဲ (မှန်ပါ့)သဘော ကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ ခန္ဓာအရှိန်နဲ့ ဉာဏ်အသိ ဘယ့်နှယ်နေသတုံး .... (ကိုက်ပါတယ်ဘုရား)။

ဟိုနေရာက ယားတယ်၊ ယားတဲ့ နေရာကလေးဘဲ ဉာဏ်က ကြည့်လိုက်တယ် မရှိပြန်ဘူး... (မှန်ပါ့) အင်း....ယားနာနဲ့ ကိုယ့်

ကိုယ်ဆိုတော့ ခရောဂတောနဲ့ မကိုက်ဘူးလား .... (ကိုက်ပါတယ်ဘုရား)။

အေး.... ဒါကြောင့် မာဂဏ္ဍိပရဗိုဇ်ကို အဲဒီ မျက်လုံးရမှ ရောဂါတွေ အပြည့်ရှိတယ်ဆိုတာ မင်း သိမှာက္ခ....(မှန်ပါ့)။

မျက်စိနှစ်ဘက်စင်း အလင်းရမှ ဘာတုံး.....(ခန္ဓာကိုယ်ရောဂါတွေ အပြည့်ရှိတယ်ဆိုတာ သိမှာပါ) ခန္ဓာကိုယ် ရောဂါတုံး, ရောဂါခံကြီးဆိုတာ ပေါ်လာတယ်....(မှန်ပါ့)။

အခုအတိုင်း မင်း ကုပေးပါဆိုလို့ ငါမကုနိုင်သေးဘူးက္ခ၊သူတော်ကောင်း ဆည်းကပ်၊ မြတ်တရားနာပြီး ခုနင်က လျော်စ္စာသိတဲ့ ခန္ဓာအရှိနဲ့ ဥာဏ်အသိ ကိုက်မှသာလျှင် မင့်ကို ငါသည် ကားလို့ဆိုလို့ရှိယင် တရားဟောနိုင်မယ်...(မှန်ပါ့) သဘော ပါကြပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ယနေ့တရားမှာ အသားယူလိုက်တဲ့အခါကျတော့ကို ဘာနဲ့ဘာ ကိုက်ရမလဲ....(ခန္ဓာအရှိနဲ့ ဥာဏ်အသိ ကိုက်ရပါမယ်ဘုရား)။

အဲ_ ခန္ဓာအရှိနဲ့ ဥာဏ်အသိ ကိုက်လိုက်လို့ရှိယင်ဖြင့် ဘယ်ပါဋိဟေဝ်ထဲ ဝင်သွားသတုံးဆိုတော့ ဝိဇ္ဇာဥဒပါဒိ.... (မှန်ပါ့) အာလောကော...(ဥဒပါဒိပါဘုရား) ဥာဏ်... (ဥဒပါဒိပါ) ဟာ .. ဒါ သောတာပန်တည်သွားပြီ....(မှန်ပါ့ဘုရား) သဘော ပါကြပလား....(ပါပါပြီဘုရား)။

ဩော်.... ဒါဖြင့် သိပ်အရေးကြီးတဲ့ အချက်ပါလားဆိုတာ တကာသစ်ရေ- တော်တော့ကို ပေါ်လာပြီ.... (ပေါ်လာပါပြီ) မပေါ်လာဘူးလား....(ပေါ်လားပါပြီဘုရား)။

ဒါဖြင့် တကာဘကာမတို့ ခန္ဓာနဲ့ဉာဏ်နဲ့တွဲပေးလိုက်ပါပြီ ဘုန်းကြီးက....(မှန်ပါ့) ခန္ဓာကဖြင့် အနိစ္စခန္ဓာဘဲ.... (မှန်ပါ့) ခင်ဗျားတို့ကြည့်တဲ့ အခါကျလို့ ရှိယင်ဖြင့် ပကတိမျက်လုံးကို မှိတ်ပါ... (မှန်ပါ့) ပကတိမျက်လုံးပိတ်ပြီး ဉာဏ်မျက်လုံးကလေး တပေါက်တည်း ဖွင့်ထားပါ(မှန်ပါ့ဘုရား)။

ဉာဏ်မျက်လုံးဆိုတာ ပဌမတော့ မရသေးဘူး၊ ပဌမတော့ မနောနဲ့ရှုနေ... (မှန်ပါ့) ဒီမနောကလေးကြည်ကြည်-ကြည်ကြည် လာလို့ ရှိယင်ဖြင့် ခန္ဓာအရှိနဲ့ မနောအကြည် ဉာဏ်ကလေးနဲ့ ကိုက်ပါလိမ့်မယ်....(မှန်ပါ့) ကိုက်သည်နဲ့တပြိုင်နက်တည်း မျက်စိ နှစ်ကွင်း အလင်းရလို့ ဝိဇ္ဇာဥဒပါဒိဖြစ်ပြီဟ... (မှန်ပါ့)ဒါဝိဇ္ဇာ ပဋိဂိုလ်ဖြစ်ပြီ .. (မှန်ပါ့) အလင်းရတဲ့ပဋိဂိုလ် (ဖြစ်ပါပြီ) ဉာဏ် ရှိတဲ့ပဋိဂိုလ်....(ဖြစ်ပါပြီ)ကဲ....သဘောပါကြပလား.... (ပါပါပြီ ဘုရား)။

ကဲ .... ဒါကလေးကို ဒီနေ့ညကစပြီး၊ ဒီနေ့ဒီအချိန်ကစပြီး သကာလ ဇာတာတကာမတွေ့ လုပ်လို့ရှိယင်ဖြင့် အကန်းသေ အဖြစ်မှ လွတ်ပြီးသကာလတဲ့ တကာတကာမတို့ ငါသေလို့ ရှိယင်ဖြင့်ကွာ အကန်းမဟုတ်ပါဘူး.... (မှန်ပါ့) နိဗ္ဗာန်ဘဲသွား မယ်... (မှန်ပါ့ဘုရား)။

အကန်းသေကတော့ဖြင့် တကာတကာမတို့ သူများပစ်ချတဲ့ဆီ သွားဘဲ....(မှန်ပါ့) ကံပစ်ချတဲ့ဆီသွားဘဲ... (မှန်ပါ့) သူများစိမ် သလိုသွားရတယ်.... (မှန်ပါ့) ကိုယ့်မျက်လုံးနဲ့ ကိုယ်သွားတာ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ကိုင်း....ဒါဖြင့် ခန္ဓာအာရှိနဲ့ ဥာဏ်အသိကိုက်ပြီးသကာလနေတဲ့ ပုဂ္ဂိုလ်ကျတော့ အို .... ကိုယ်.ဟာကိုယ် ရှေးသွားမယ် ဆိုပြီး သကာလ မအို့မသေ အမြဲနေဘဲ့ဆီ သွားလိမ့်မယ်.... (မှန်ပါ့!) ရှင်းပလဲ့း(ရှင်းပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင်တော်ကြဦးစို့....။

သဗ္ဗေ....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
(ရှင်အာနန္ဒာ သောတာပန်တည်သည့်)

နွေ အလုပ်ပေး-တရားတော်

(၉ - ၉ - ၆၁)

အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတာ တကာတကာမတို့ အပါယ်လေးပါး ရောက်ကြောင်းပိတ်လို့ ပိတ်တယ်လို့မှတ်ထား ရမယ်နော်....(မှန်ပါ့)။

အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတာ ဘာပါလိမ့်.... (အပါယ်လေးပါးရောက်ကြောင်းပိတ်တာပါဘုရား) အပါယ်လေးပါး ရောက်ကြောင်းတရား ကိုယ့်သန္တာန်မရှိလို့ ပိတ်တယ်-(မှန်ပါ့)။

ဒါဖြင့် အားလုံး တကာတကာမတို့ အပါယ်လေးပါးတံခါးပိတ်တယ်ဆိုတဲ့ဥစ္စာ အပါယ်လေးပါး တံခါးဖွင့်တာလဲ ကိုယ့်သန္တာန်ရှိတဲ့ တရားက ဖွင့်တာ....(မှန်ပါ့ဘုရား) အပါယ်လေးပါး တံခါးပိတ်တာကော.... (ကိုယ့်သန္တာန်ရှိတဲ့တရားက ပိတ်တာပါဘုရား)။

ကိုယ့်သန္တာန်ရှိတဲ့တရား ချုပ်ငြိမ်းရုပ်သိမ်းယင် အပါယ်လေးပါး တံခါးပိတ်တယ်လို့ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ရမယ် .. (မှန်ပါ့ဘုရား)ဒီတရားကိုလက်သည်ရှာကြစို့... (မှန်ပါ့)။

ကိုင်း.... တရားနာကြ .... တရားနာကြ၊ တကာတကာမတို့ သန္တာန်မှာရှိဘဲ့ ဒီဌိဆိုတဲ့တရားသည် အပါယ်လေးပါး၏ တံခါး ဖွင့်တတ်တဲ့ တရားလို့ မှတ်ထားလိုက်ပါ... (မှန်လှပါ)။

ဒီဌိဆိုတဲ့တရားသည် အပါယ်လေးပါး၏တံခါးကို ဖွင့်ပေးခန ဘာ၊ ဝမ်းထဲက ဒီဌိဆိုတဲ့ တရားဘဲ့....လို့ မှတ်ထားပါ....(မှန်ပါ့ ဘုရား)။

အဲဒီ ဒီဌိတရားကို တကာတကာမဓတ္တက ဆရာသမားပေးတဲ့ နည်းဘုရားပေးတဲ့နည်းနဲ့ဒီဒီဌိကိုတဒင်္ဂဖြတ်ဖြတ် ဝိက္ခမ္ဘနဖြတ်ဖြတ် သမုဒစ္ဆေဒဖြတ်ဖြတ်တဲ့ဖြတ်နိုင်လို့ ရှိယင် တဒင်္ဂဖြတ်လဲ တဒင်္ဂလွတ် ရတာဘဲ့.... (မှန်ပါ့) ဝိက္ခမ္ဘန တော်ခေတ်ကြာကြာဖြတ်လဲ တော် တော်ကြာကြာဘဲ့ အပါယ်လေးပါးက လွတ်တာဘဲ့ .... (မှန်ပါ့ ဘုရာ)။

ဟာ--သူ့ကိုဖြင့် ဝမ်းထဲမရှိခင်အာင်ဘဲ့ ငါတို့ဖြတ်ပါတော့မယ် ဆိုလို့ရှိယင်လဲ တကာဘကာမတို့ ဘယ် အခါကာလမှ အပါယ်နဲ့ ဆက်သွယ်ရေးမရှိပါဘူး (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ဒီအပါယ်လေး ပါး ရောက်ရမှာကြောက်စရာကောင်းတယ်....(မှန်ပါ့) အဘယ့် ကြောင့်ဆိုသော် .. တဲ့ တကာတကာမတို့ တက်ပြီး ပြန်ပြီးသကာ လ လူ့ပြည့်,နတ်ပြည်ရောက်ဘို့အရေးဟာ တကာကြွယ် အတော် ဝေးတယ်နော်....(ဝေးပါတယ်ဘုရား)။

အဲဒါတွေ ဥာဏ်ထဲရောက်ပြီးသကာလ တကာတကာမတွေ့

ကဘုရားသခင်ကိုယ်တော်မြတ်ကြီး * အလိုတော်သိကဟောလိုက်တော့ " စတ္တာဒရော အပါယာ သဂ္ဂဂေဟ သဒိသာ " စတ္တာရော=လေးပါးကုန်သော၊ အပါယာ=အပါယ်ဘုံတို့သည်၊ သဂ္ဂဂေဟသဒိသာ=မိမိတို့အမြဲနေရာအိမ်ဂေဟာကြီးဘဲလို့ ဟောတယ် (မှန်ပါ့) အပါယ်လေးပါးဆိုတာ တကာတကာမတို့ ကိုယ်အမြဲနေတဲ့နေရာဘဲ....(မှန်ပါ့)။

လူ့ပြည်ဆိုတာ တကာတကာမတွေ အခု ဘုန်းကြီးများနဲ့ ခဏလာတွေ့ကြတာ .... (မှန်ပါ့) ဒီဒီဌိမပြုတ်သ၍ကာလပတ်လုံး တကာတကာမတို့ သီလ ဆောက်တည်နေလဲ ကျေးဇူးမှာဘဲ.... (မှန်ပါ့) ဒါနတွေလုပ်နေလဲ ဒါနကျေးဇူးခကြောင့် သုဂတိတော့ ရောက်ဦးမှာဘဲ.... (မှန်ပါ့) သူ့မှာ ဒိဌိက မပြုတ်ခသေးလို့ ပြန့်ဆဲချဉ်းမှာဘဲ... (မှန်ပါ့)။

အဲဒါကြောင့် ငှက်တကောင်ကို ကြိုးချည်လွှတ်လိုက်သလိုဘဲလို့ တကာသစ်တို့ ဦးမာဒင်တို့က မှတ်ရမယ်....(မှန်ပါ့)။

ငှက်တကောင်ကို ကြိုးချည် လွှတ်လိုက်တဲ့အခါကျလို့ ရှိယင် ငှက်စွမ်းရည်သတ္တိကြောင့် ပျံငြားသော်လဲ ကြိုးက ပါသွားတဲ့အတွက် နောက်ဆုံးပိတ် ကြိုးကိုင်တဲ့လူ၏ခြေရင်းမှာဘဲ ပြန်ကျရတယ်....(ကျရပါတယ်ဘုရား) ဘယ်နှယ်ကြောင့်တုံးဆိုတော့ ကြိုးပါသွားလို့....(မှန်လှပါ့)။

---

* မြတ်စွာဘုရားအလိုတော်သိ-ဆိုသည်မှာ အဋ္ဌကထာဆရာကို ဆင်ခြင်းဖြစ်သည်။ (ဗုဒ္ဓမကာသ။ အဋ္ဌကထာဆရာ) ဆိုသော စကား၏အဓိပ္ပါယ်ပင်ဖြစ်၏။

ထို့အတူဘဲ..တဲ့၊ ဒါန, သီလတွေကြောင့် သမထတွေကြောင့် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ဖြစ်ခြင်းသာလဲ ဒီဌိ ကြိုးပါသွားယင် အပါယ်လေးပါးတည်းဟူသာ ခြေရင်းမှာ ပြန်ကျရမယ်....(မှန်ပါ့)။

အဲဒါတွေ ထောက်ကြည့်တော့ ဩဝါဒိယည် အနေရုံး တကြိမ် ဒီဌိဖြုတ်မှပါလားဆိုတာ တကာကြွယ် ပေါ်လာတယ်-(ပေါ်ပါတဲ့ဘုရား) ရှင်းကြပလား ...(ရှင်းပါပြီ)။

ဩဝါဒိယ....တကာဘကာမတို့ အပါယ်လေးပါး၏ ရေသောက်မြစ်၊ အပါယ်လေးပါးကျစေတတ်တဲ့တရားအစစ် ဘယ်ဟာပါလိမ့်မလဲ.... (ဒိဌိပါဘုရား) ဒိဌိဘဲဆိုတာ သေသေချာချာ မှတ်ထားကြပါ ...(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒီဒိဌိကို ယနေ့တော့ဖြင့် ရှင်းပြီးသကာလ ဒီဒိဌိဘယ်ကသာပါလိမ့်မလဲ....ဘယ်အကြောင်းပြုပြီး ဘယ်နှယ်ကြောင့် ဒီဒိဌိ ဒို့ဝမ်းထဲမှာ ကိန်းနေပါလိမ်မလဲဆိုတဲ့ ညစ္စာ တကာသစ်တို့ ဦးမာဒင်တို့ မေးဘို့အခကြောင်းကုံလာတယ် (မှန်လှပါဘုရား)။

ဒိဌိဟာ အလိုလိုမလာဘူး တကာတကာမတို့- (မှန်ပါ့ဘုရား) တကာတကာမတို့ ဒိဌိဟာ မိုးပေါ်ကျမဟုတ်ပါဘူး ... (မှန်ပါ့ဘုရား)။

ဒိဌိ မိုးပေါ်ကျမဟုတ်ပါဘူး၊ ဒိဌိဟာ တကာတကာ့ခန္ဓာတို့၏ အမြင်မှား, အထင်မှား, အယူမှားခြင်းကြောင့် လာတယ်ဆိုတာ မှတ်ရလိမ့်မယ်....(မှန်ပါ့)။

အဲဒါကြောင့် ရှင်အာနန္ဒာ၏ဆရာ ရှင်ပုဏ္ဏဆိုတာရှိတယ်လို့ မှတ်ထားပါနော် (မှန်ပါ့) ရှင်အာနန္ဒာ့ဆရာဟာ ဘယ်သူပါလိမ့်... (ရှင်ပုဏ္ဏပါဘုရား)။

အဲ... ရှင်ပုဏ္ဏဆိုတာကလဲ တကာ့တကာမတို့ သူသာ ဟောရလို့ရှိယင်ဖြင့် ကိုးရာစလုံး - ဒီနား တရားနာနေတဲ့ရဟန်းကိုးရာ-ကိုးရာ၊လုံး သောတာပန်တည်အောင်ဟောနိုင်တဲ့ပုဂ္ဂိုလ်(မှန်ပါ့) အဲဒါသေးက်ဘဲ တရားဟောတဲ့နေရာမှာ တေဒဂ်ရပြီး စုမ်းရည်သတ္တိ ထက်မြက်တဲ့ပုဂ္ဂိုလ်လို့မှတ်ထားပါ... (မှန်ပါ့)။

အဲဒီတရားကို တကာ့တကာမတွေက ယနေ့ ဩဇော်....ငါတို့ဖြင့် ဒီနည်းနဲ့ဖြုတ်လို့ရှိယင် ဒီအပါယ်ရေသောက်မြစ် ပြုတ်မှာဘဲ.. (မှန်လှပါဘုရား)။

ဒီနည်းနဲ့ ဖြုတ်လို့ရှိယင် အပါယ်ရေသောက်မြစ်ဆိုတဲ့ ဒီဌိ ပြုတ်မှာဘဲဆိုတဲ့ဥစ္စာ တကာ့တကာမတွေ့မှတ်ပါ....(မှန်ပါ့)။

ဒီဒီဌိကဟာ တကာ့တကာမတို့ နိဗ္ဗာန်မမြင်ရသေးယင် ပဌမနိဗ္ဗာန်မမြင်ရသေးယင် သူက ဝမ်းထဲရှိလျက်ဘဲ... (မှန်ပါ့) ဝမ်းထဲမှာ အနုသယ,သဘောနဲ့ကိန်းလျက်အောင်းလျက်ဘဲဆိုတာမှတ်ထားလိုက်ပါ... (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဒီဒီဌိကရားကို ဖြင့် ငါတို့ အကြီးဆုံးရန်သူဖြစ်တဲ့အတွက် အမြန်ဆုံးဖြုတ်ရမယ်ဆိုတဲ့ဥစ္စာ တကာကြယ်,ရေ.... လေးလေးစားစားမှတ်ပါ... (မှန်လှပါဘုရား)။

ဒီအကြီးဆုံးရန်သူ ဘယ်သူပါလိမ့်....(ဒီဌိပါဘုရား) ကျုပ်တို့ကို အပါယ်လေးပါး တွန်းတွန်းချနေတာ သူဘဲ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဒီဒိဋ္ဌိကိုဖြင့် ရှင်ပုဏ္ဏားဟာနည်း- ဘုန်းကြီးများက တဆင့် ဦးမာဒင်တို့ကို ပြောရလိမ့်မယ် .. (မှန်ပါ့)။

ကိုင်း ဒါဖြင့် သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာသီဘင်းသုံးနေတုန်း ရှင်အာနန္ဒာက သောတာပန် တည်ပြီးသားဖြစ်ခဲတဲ့ ရှင်ပုဏ္ဏားဟာထားလို့ သောတာပန်တည်ပြီးသားဖြစ်ခဲတဲ့ ဘုရားဟောလို့ တည်တာမဟုတ်ဘူးနော်....(မှန်ပါ့)။

ရှင်အာနန္ဒာ သောတာပန်ဖြစ်တာ ဘုရားနဲ့မဆိုင်ဘူး(မှန်ပါ့) ရှင်ပုဏ္ဏားဟာလို့ ဒီဋ္ဌိပြုတ်ပြီး သောဘာပန်တည်ဘယ်လို့ တကာတကာမခတွက မှတ်ကြပါ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် "ပုဏ္ဏားနာမ အာဝုသော အာယသ္မာ မန္တာနီပုတ္တော အမှားကံ နဝကာနံ ဗဟုပကာရော ဟောတိ" ရှင်အာနန္ဒာက ပြောသိုက်တယ်....(မှန်ပါ့) " သော အမေ့ ကျမိနာ သြဝါဒေန သြဝဒဘိ၊ ဥပါဒါယ အသွိ ဟောတိ၊နော အနုပါဒါယ၊ ကိဉ္စ ဥပါဒါယ ရူပံ ဥပါဒါယ အသွိ ဟောတိ" ဒုါက သူ့ပါဠိတော် (မှန်ပါ့)။

အဓိပ္ပါယ် ရှင်းရှင်းပြောကြပါစို့ဆိုတော့ တကာကကာမတို့ ဥပမာကလေး အရင်ပြရတယ် ရှင်ပုဏ္ဏာကနော် ... (မှန်ပါ့)။

တက တကာမတို့ ဥပမာကလေး ဂရုစိုက်ပြီးတော့ နားထောင်စမ်းပါ....(မှန်ပါ့) ဘယ်နှယ်ကြောင့် ဆနာဘုန်းကြီးက ဤကဲ့သို့ ဥပမာကလေး ဂရုစိုက် နားထောင်ပါလို့ ပြောရသတုံး...လို့ မေးတဲ့အခါကျတော့ သြော်.... ဒို့ဖြစ်တာလဲ ဒါ့ကြောင့် ဖြစ်တာကိုးဆိုတာ ဥပမာသိချသဖြင့် တကာကြယ်ဘို့ ဦးမာဒင်တို့ ရှင်းသွားပါလိမ့်မယ် (မှန်ပါ့)။

ကိုင်း.... တကာတကာမတို့ ဒီဘက်က တရားနာနေတဲ့ ခန္ဓာငါးပါး... (မှန်ပါ့)။

ဒီဘက်က ဘာပါလိမ့်ဗျာ.... (တရားနာနေတဲ့ခန္ဓာငါးပါးပါဘုရား) တရားနာနေတဲ့ခန္ဓာငါးပါးလို့ မှတ်လိုက်ပါနော်.... (မှန်ပါ့)။

တရားနာနေတဲ့ ခန္ဓာငါးပါးကို တကာတကာမတွေက ပုထုဇန်တွေဖြစ်နေတော့ ပုထုဇန်မျက်လုံးနဲ့ ဒီကနေပြီး တရားနာနေတဲ့ပုဂ္ဂိုလ်က ကိုယ့်ကိုယ်ကိုယ်ပေါ့ဗျာ.... (မှန်ပါ့) ကိုယ့်ကိုယ်ကိုယ် ပုထုဇန်မျက်လုံးနဲ့ တကာသစ် ကြည့်စမ်း၊ ဒီက မိမိကိုယ်ပေါ့ဗျာ.... (မှန်ပါ့) ဒီက တရားနာနေတဲ့ပုဂ္ဂိုလ်က သူက အရိယာမျက်လုံးက မရှိသေး၊ ပုထုဇန်မျက်လုံးတပ်ပြီးသကာလ ကိုယ့်ကိုယ်ကြည့်လိုက်... (မှန်ပါ့)။

တကာသစ် ဘာတဲ့.... (ပုထုဇန်မျက်လုံးတပ်ပြီး ကိုယ့်ကိုယ် ကြည့်ရပါမယ်ဘုရား)။

တကာတကာ၄တို့ ဘယ်လိုပါလိမ့်....(ပုထုဇန်မျက်လုံးတပ်ပြီး ကိုယ့်ကိုယ် ကြည့်ရပါမယ်ဘုရား) ပုထုဇန်မျက်လုံးနဲ့ ဆိုလိုက်ပါတော့....(မှန်ပါ့) နဂိုရိုက ပါပြီးသားဘဲ....(မှန်ပါ့)။

ဘယ်သူမှ တပ်ပေးတာမဟုတ်ဘူး၊ မမြင်ရသေးဘူး-(မှန်ပါ့) အဲ... မမြင်ရသေးတဲ့ပုထုဇန်မျက်လုံးနဲ့ မိမိကိုယ်ကို ကြည့်လိုက်ပါတဲ့....၊ မိမိကိုယ်ကို ကြည့်လိုက်လို့ ရှိယင် တကာတကာမတွေ ဘာဖြစ်လာမလဲလို့ မေးတယ်....(မှန်ပါ့)ဒါက ပုထုဇန်မျက်လုံးပေါ့ဗျာ... (မှန်ပါ့)။

အခု တရားနာနေတဲ့ တကာတကာမတွေ မျက်လုံးနဲ့ မိမိကိုယ်ကိုယ်ကြည့်... (မှန်ပါ့) မိမိကိုယ်ကိုကြည့်လိုက်တဲ့အခါမှာတဲ့

တကာတကာမတွေ့ လောကီဥပမာအားဖြင့် ဒါက မှန်ပေါ့ဗျာ (မှန်ပါ့) ဒါကမှန်ကြည့်တဲ့လူ....(မှန်ပါ့ဘုရား)။

မှန်ကို တကာတကာမတွေ့ ကြည့်လိုက်ပြီဆိုမှဖြင့် အရိပ်ထွက်လာတယ်....(မှန်ပါ့) မထွက်ဘူးလား.... (ထွက်ပါတယ်ဘုရား)။

အရိပ်ထွက်လာတယ်ဆိုတော့ သြော်....ဒါဖြင့်တကာတကာမတွေ့ ဒါသည် အလယ်မှာ ဘာဆိုကြမလဲ-အရိပ် .... (မှန်ပါ့) မှန်ပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ဒီမှာ မှန်ကြည့်တဲ့လူ....(မှန်ပါ့)မှန်ကြည့်တဲ့လူဟာ မှန်ကြည့်လိုက်တဲ့အခါ အရိပ်မှာ အလယ်မှာပေါ်လာတယ်.... (ပေါ်လာပါတယ်) မှန်ထဲမှာ ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

မှန်ထဲပေါ်လာတဲ့အခါ အရုပ်ဆိုးတယ်, အကျည်းတန်တယ်, ညှင်းရှိတယ်, မဲ့ရှိတယ်ဆိုတာ တကာကြွယ် မသိရဘူးလားဗျာ... (သိရပါတယ်ဘုရား)။

သိရတယ်ဆိုတဲ့ဥစ္စာလဲ တကာတကာမတို့ မိမိ၏ကိုယ်ကို မိမိ၏မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ အရုပ်ဆိုးတာ, အကျည်းတန်တာသိရတဲ့ အရိပ်ထွက်လာတယ်... (မှန်ပါ့) မထွက်လာဘူးလား... (ထွက်လာပါတယ်ဘုရား)။

အလိုလိုထွက်တဲ့ အရိပ်လား· မှန်ကြောင့်ဖြစ်တာလား .... (မှန်ကြောင့်ဖြစ်တာပါဘုရား)။

မှန်ချည့်သက်သက် ဒီအရိပ်ထွက်ပါ့တော့လားလို့ မေးလိုက်ပြန်တော့ ကြည့်တဲ့လူ မကင်းဘူး....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်....(ကြည့်တဲ့လူ မကင်းပါ)ကြည့်တဲ့လူကလဲ မကင်းလို့... (မှန်ပါ့ဘုရား)။

သြော်...ဒါဖြင့် ကြည့်တဲ့လူရယ်, မှန်ရယ် တည့်နေမယ်ဆိုလို့ ရှိယင် အရိပ်ဟာ ထွက်ရတော့မယ်... (မှန်ပါ့) မထွက်ပါနဲ့ဆိုလို့ (မရပါ) သဘောပါကြပလား...(ပါ-ပါပြီ)ဒါ ရှင်ပုဏ္ဏားပေးတဲ့ ဥပမာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ကောင်းပြီတဲ့၊ မှန်ကို ပြင်ချင်,ဆင်ချင်တဲ့ပုဂ္ဂိုလ်က မှန်ရှေ့ရပ်လိုက်ပြီဆိုမှဖြင့် အရိပ်တွေဟာ မထွက်ပါနဲ့ဆိုလို့ မရဘဲနဲ့ ကိုယ်နဲ့တူတဲ့ အရိပ်တွေထွက်မလာဘူးလား....(ထွက်လာပါတယ်ဘုရား)။

သို့သော် ဒါတွေ စောစောစီးစီး ဥပမာကလေး ရှင်းလိုက်ပါဦး....(မှန်ပါ့) တကာသာစ် ဥပမာကလေး ရှင်းလိုက်ဦးမယ်ဗျ (မှန်ပါ့ဘုရား)။

ဒီအရိပ်ဟာ မိမိလား့လို့ မေးလို့ ရှိယင်လဲ တကာတကာမတွေ ဘယ့်နှယ်ဖြေကြပါ့မလဲ....(မဟုတ်ပါ)အရိပ်ဘဲ (အရိပ်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

မိမိလား့လို့ မေးယင် ဘယ့်နှယ်ပြောကြမလဲ.... (မဟုတ်ပါ) အရိပ်ဘဲ၊ မိမိမဟုတ်ဘူး....(မဟုတ်ပါ) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

သူတပါးလား့လို့ တခါဆက်ပြီး မေးပြန်တယ်....(မဟုတ်ပါဘုရား)သူတပါးလား့လို့ မေးရပြန်တော့လဲ တကာတကာမဘို့ သူတပါးမဟုတ်ဘူး ဖြေရမယ်....(မှန်ပါ့) ဘာပါလိမ့်ဗျာ .... (အရိပ်ပါဘုရား)။

ကောင်းပြီတဲ့ တကာတကာမတို့၊ ဩော်... မှန်နဲ့လူနဲ့ တည့်လိုက်ပြီဆိုမှဖြင့် တကာတကာမတို့မိမိ,သူတပါးနှစ်ဦးသားမဟုတ်တာ ပေါ်လေးတယ်....(ပေါ်လာပါတယ်ဘုရား)။

မှန်ထဲမှာမိမိလဲ မဟုတ်တာ... (မဟုတ်ပါ) သူတပါး မဟုတ်တာ.... (ပေါ်လာပါတယ်ဘုရား)။

မိမိမဟုတ်ဘူး ဆိုတာကလဲ တကာတကာမတို့ တကယ်လို့ သူ့ကိုယ်ကိုမိမိဆိုလို့ ရှိယင်လဲရပ်နေတဲ့ပုဂ္ဂိုလ်သူတပါးဖြစ်ရဲတဲ့မယ်....(မှန်ပါ့)ဒါကြောင့် မိမိဧကာ....(မဟုတ်ပါ) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် မှန်ထဲမှာပေါ်နေတဲ့ သဘောကလေးဟာ တကာတကာမတို့ မိမိလားမေးတဲ့ ဘယ့်နှယ်ဖြေကြမလဲ.... (မဟုတ်ပါဘုရား)မိမိမဟုတ်ဘူးဆိုတာ သေချာပြီနော်... (သေချာပါပြီဘုရား)။

ကောင်းပြီတဲ့ တကယ်လို့ သူ့ကို တကာတကာမတွေက မိမိလို့ထင်လိုက်မယ် ဆိုလို့ရှိယင်လဲ ရပ်နေတဲ့ဥစ္စာ သူတပါးဖြစ်ရမယ် .. (မှန်ပါ့ဘုရား)။

မှန်ရှေ့ရပ်နေတာ ဘာဖြစ်ရမလဲ.... (သူတပါးဖြစ်ရပါမယ်) သူတပါးဖြစ်ရမယ်၊ ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အခု ဒီအလယ်မှာပေါ်နေတဲ့ဥစ္စာ သူတပါးလားလို့ မေးယင်လဲ ဘယ့်နှယ်ဖြေကြမလဲ .. (မဟုတ်ပါ) သူတပါးလဲ မဟုတ်ဘူး....(မှန်ပါ့ဘုရား)။

သူတပါးမဟုတ်တာ ဘုန်းကြီးကရှင်းပြပ´ဦးမယ်... (မှန်ပါ့) ဟောဒီရပ်နေတဲ့ပုဂ္ဂိုလ်နဲ့ တူနေတယ်....(မှန်ပါ့) မတူဘူးလား....

(တူပါဘယ်) အဲဒီတော့ သူတပါးလို့လဲ ဆိုလို့ရရဲ့လား .... (မရပါဘုရား)။

ဒါဖြင့် မိမိလဲမဟုတ်....(မှန်ပါ့) သူတပါးလဲ.... (မဟုတ်ပါ) သြော်....မှန်ကြည်လို့ဖြစ်တဲ့အရိပ်... (မှန်ပါ့) ဘယ်လိုမှတ်ကြမယ် (မှန်ကြည်လို့ဖြစ်တဲ့အရိပ်ပါဘုရား)။

မှန်ကြည်လို့ဖြစ်တဲ့ အရိပ်လို့ဘုန်းကြီးတို့တကာတကာမတွေ ဒါ ရှင်းရှင်းလင်းလင်းမှတ်ထားပါ....(မှန်ပါ့)သဘောပါပလား (ပါ-ပါပြီဘုရား)။

ဒါဖြင့် မိမိ-သူတပါးနှစ်ဦးသား မဟုတ်တဲ့တရားပေါ့ဗျာ.... (မှန်ပါဘုရား)။

မိမို့သူတပါး....(နှစ်ဦးသားမဟုတ်တဲ့ တရားပါ)တကာကြွယ် ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

မိမို့ သူတပါး နှစ်ဦးသားမဟုတ်တဲ့ တရားဆိုတာ တကာ တကာမတွေ သေသေချာချာ မှတ်ထားပါ .... (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် မိမိ-သူတပါး နှစ်ဦးသားမဟုတ်တဲ့တရား၊ ဒါ ဥပမာဖြင့်ရှင်းပြီ....(မှန်ပါ့)ကိုင်းဒါဖြင့် ဥပမေယျလုပ်ကြစို့- (မှန်ပါ့ဘုရား)။

ဥပမေယျလုပ်ကြစို့ဆိုတော့ တကာတကာမတွေ ဒါက မိမိ ခန္ဓာကိုယ်ပေါ့ဗျာ....(မှန်ပါ့) မိမိကိုယ်ကို.... မိမိကြည့်လိုက်တဲ့ အခါကြလို့ရှိယင်ဖြင့် တကာတကာမတို့ ဘယ်နှယ် ဖြစ်လာသတုံးလို့ မေးတဲ့အခါ ငါလုပ်နိုင်-ကိုင်နိုင်သေးတယ်ဆိုတဲ့ ဒီဌိ ထွက်လာတယ်....(မှန်ပါ့ဘုရား)။

ဘာဆွက်လာသလဲ .... (ငါလုပ်နိုင် ကိုင်နိုင်သေးတယ် ဆိုတဲ့ ဒိဋ္ဌိထွက်လာပါတယ်)ငါဆိုဘဲ့ ဒိဋ္ဌိထွက်မလာဘူးလား(ထွက်လာပါတယ်ဘုရား)။

ဩော် .. တကာတကာမတို့နော်၊ မိမိခန္ဓာကိုယ်ကြီးကို ပုထုဇန်မျက်လုံးကလေးတပ်ကြည့်လိုက်ပါလား- ငါဆိုတဲ့ ဒိဋ္ဌိထွက်လာတယ်....(မှန်ပါ့) ဘာမျက်လုံးတပ်ကြည့်လိုက်သလဲ .... (ပုထုဇန်မျက်လုံးတပ်ကြည့်လိုက်ပါတယ်ဘုရား)။

အဲ....ပုထုဇန်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ တကာသစ်ရေ ကိုယ့်ခန္ဓာတည်းဟူသောမှန်ကို ပုထုဇန်မျက်လုံးနဲ့လဲ ကြည့်လိုက်ပါရောတဲ့၊ ငါသည်ကားလို့ ဆိုလို့ရှိယင် ထွက်လာတယ်....(မှန်ပါ့) ငါမထွက်သာဘူးလား .... (ထွက်လာပါတယ်ဘုရား)။

သေသေချာချာ စဉ်းစားပါ တကာတကာမတို့ ငါထွက်လာတာ ရှင်းရဲ့လား .. (ရှင်းပါပြီဘုရား)။

မိမိခန္ဓာကိုယ် ပုထုဇန်မျက်လုံးနဲ့ကြည့်လိုက်ဘဲ့အခါကျလို့ ရှိယင်ဖြင့် ငါနေနိုင်ပါသေးတယ်....(မှန်ပါ့)အင်း.... ဒိဋ္ဌိထွက်လာတယ်... (မှန်ပါ့ဘုရား)။

ကြည့်ပြန်တော့လဲ အို....ကိုယ့်ကိုယ်ဒီတော့ဖြင့် ကျေးရေးမွေးရမှာဘဲဆိုတဲ့ ခင်လုံးကလေးကော.... (ထွက်လာပါတယ်ဘုရား)။

ဟာ....ဒါဖြင့် တကာဘကားမတို့ ဒိဋ္ဌိလဲထွက်- တဏှာလဲထွက်လာတယ်....(မှန်ပါ့ဘုရား)။

ဒီဟာတော့ဖြင့် သူ့ကို လှူအောင်, ဝေးအောင်တော့ဖြင့် ကျန်းမာရေးအောင်ဇောတဲ့ ကျေးရမှာဘဲ .. (မှန်ပါ့)တဏှာလဲ ထွက်မလာဘူးလား. (ထွက်လာပါတယ်ဘုရား) ကျေးချင်တဲ့ စိတ်ကလေး

သထာတဲ့ စိတ်ကလေး ပေါ်လာတယ်.... (ပေါ်လာပါတယ် ဘုရား)။

ဒီတွင် မကပါဘူးတဲ့ တကာတကာမတို့ ပုထုဇန်မျက်လုံးနဲ့ မိမိခန္ဓာကြီး ကြည့်လိုက်ပြီဆိုမှဖြင့် ငါလုပ်နိုင်သေးတယ်၊ငါကိုင်နိုင်သေးတယ်၊ ဘယ်သူ့လက်အောက်မှ မကျသေးပါဘူးဆိုတဲ့.... မာနကော-(ထွက်လာပါတယ်ဘုရား)တကာတကာမတို့ တဏှာ, မာန, ဒိဋ္ဌိ ထွက်လာတာ သေချာတယ် .... (သေချာပါတယ် ဘုရား)။

တကာတကာမတို့ ဘာထွက်လာပါလိမ့်ဗျာ.... (တဏှာ,မာန, ဒိဋ္ဌိ ထွက်လာပါတယ်ဘုရား)။

အင်း... မိမိကိုယ်ကို ပုထုဇန်မျက်လုံးနဲ့ကြည့်လိုက်တာ တကာတကာမတို့ ဘာတွေမျှား ထွက်လာသတုံး (တဏှာ, မာန, ဒိဋ္ဌိ ထွက်လာပါတယ်ဘုရား)။

အဲ....ခုနင်က မှန်ကို ကြည့်လိုက်တဲ့အခါ အရိပ်ထွက်သလို.... တကာတကာမတွေ ယခုလဲ တဏှာတွေ, မာနတွေ, ဒိဋ္ဌိတွေ ပေါ်လာပါတယ်....(ပေါ်လာပါတယ်ဘုရား)။

တဏှာ, မာန, ဒိဋ္ဌိတွေ ပေါ်လာတယ်ဆိုတာ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဩော်... ဒီ တဏှာ, မာန, ဒိဋ္ဌိ ဘယ်က လာပါလိမ့်မတုံး-ဆိုတော့ တကာတကာမတွေ တဏှာ, မာန, ဒိဋ္ဌိဟာ ဘယ်ကမျှား လာပါလိမ့်မတုံးလို့ နဂိုရှိက တွေးနေရတယ်.... (နေရပါတယ် ဘုရား)။

အခုတော့ တွေးစရာမလိုတော့ဘူး.... (မလိုတော့ပါဘုရား) ဩော်.. ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ခန္ဓာကြည့်လိုက်လို့ ဖြစ်လာတာ (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ပုထုဇန်မျက်လုံးနဲ့.....(ကိုယ့်ခန္ဓာကြည့်လိုက်လို့ ပေါ်လာတာ ။ပါ)တကာကြွယ်... နေရာကျပြီ .. (ကျပါပြီဘုရား)လက်သည် ဖမ်းမိပြီ....(ဖမ်းမိပါပြီဘုရား)။

တဏှာ,မာန,ဒိဋ္ဌိဆိုတာ မိုးပေါ်ကျလား....တကာတကာမတို့ ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ခန္ဓာကြည့်မိလို့ ပေါ်လာတာလား.... (ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ခန္ဓာကြည့်မိလို့ ပေါ်လာတာပါ) ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ခန္ဓာကြည့်မိလို့ ပေါ်လာတာဆိုတာ ရှင်းပြီ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တဏှာ,မာန,ဒိဋ္ဌိဆိုတာ တကာသစ်တို့... ဦးမာဒင်တို့ အလိုလိုပေါ်လာတာ မဟုတ်ဘူး....(မဟုတ်ပါဘုရား) မျက်လုံးမှားနဲ့ ပြီးတော့ အစဲမှားနဲ့ ပေါင်းမိချက်....(မှန်ပါ့)ဒီက မျက်လုံးမှားဆိုဘာ ပုထုဇန်မျက်လုံး....(မှန်ပါ့) အစဲမှားဆိုတာက ဒီဥစ္စာ အနိစ္စ,ဒုက္ခ,အနတ္တလို့ မယူဘဲနဲ့ တကာတကာမတို့ မိမိကိုယ်လို့ ယူလိုက်တယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) ဒါဖြင့် မျက်လုံးမှားနဲ့ အစဲမှားနဲ့ ပေါင်းပြီးထွက်လာတာ....(မှန်ပါ့)။

မျက်လုံးမှားနဲ့....(အစဲမှားနဲ့ ပေါင်းပြီးထွက်လာတာပါ) သေးသေးချာချာမှတ်ပါ တကာတကာမတို့ ဒီဥစ္စာ ဆောတာပန်တည်အောင်လဲ ခင်ဗျားတို့ ကျေးဇူးမျှားမည့်တဆုံးဖြစ်နေတော့

အထူးကို ဂရုစိုက်ပြီး တကာကြွယ်တို့ နာဒီးထောင်ရလိမ့်မယ်... (မှန်ပါ့)။

အခု ဘာကို ဖမ်းမိသတုံးလို့ မေးတဲ့အခါကျတော့မှ တဏှာ ဘယ်က လာသတုံး....၊ ဒိဋ္ဌိ ဘယ်က လာသတုံး...၊ မာန ဘယ်က လာသတုံးဆိုတော့ သြော်.. ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ခန္ဓာကို တကာတကာမတွေက အတဲ့မှားနဲ့-အတဲ့မှားထားတဲ့ ခန္ဓာကြီးနဲ့ ပေါင်းမိလို့ ပေါ်လာတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘားတွေ့မျှား ထွက်လာပါလိမ့်မလဲ....(တဏှာ,မာန,ဒိဋ္ဌိထွက်လာပါတယ်ဘုရား)။

ဒါက တကာတကာမတို့ ဒါနပြုရုံနဲ့လဲ ဒီအစဲ့မှား မပြုတ်ပါဘူး....(မပြုတ်ပါဘုရား)သီလဆောက်တည်ရုံနဲ့....(မပြုတ်ပါ) သမထအားထုတ်ရုံနဲ့....(မပြုတ်ပါဘုရား)။

သေသေချာချာမှတ်ပါ။ ဒါန, သီလနဲ့ သူနဲ့ ဦးမာဒင်....ဆိုင်ကို မဆိုင်ဘူး... (မှန်ပါ့)ဆိုင်ကြရဲ့လား... (မဆိုင်ပါဘုရား)။

နို့... ဒီဥစ္စာသုံးခု ရှိနေလို့ရှိယင်လဲ ဒါအပါယ်သွားတဲ့ .... တရားသုံးခု, သံသရာခဲ့တဲ့ တရားသုံးခုဆိုတာလဲ တကာတကာမတွေ ငြင်းဘို့ လိုသေးသလား... (မလိုပါ)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒါနက ဒီသုံးခု ပယ်ပါလို့ ဆိုရမှာလဲ ပုထုဇန်မျက်လုံးကြောင့် ဖြစ်လာတဲ့ဥစ္စာကြီး ဒါနက သူ မပယ်နိုင်ဘူး ... (မပယ်နိုင်ပါဘုရား)။

ပုထုဇန်မျက်လုံးမှားနဲ့ အတဲ့မှားနဲ့ ပေါင်းပြီးဖြစ်လာတဲ့.... တဏှာ,မာန,ဒိဋ္ဌိကို သီလက ပယ်ပါဆိုလို့လဲ.... (မရပါဘုရား)။

ဒါ့ကြောင့် ဒါနကလဲ ငါလုပ်တာဆိုတဲ့ ငါမပျောက်ဘူး.... (မူန်ပါ့)သီလကလဲ ငါဆောက်တည်တာလို့ အောက်မေ့နေတဲ့ အဘွက်....(ငါ မပျောက်ပါဘုရား)။

ငါမပျောက်ဘူးတဲ့၊ ငါလို့ လူနိုင်တာ ငါလို့ သီလမြဲတာ ရှာမှ ရှားဆိုတဲ့ မာနတွေလဲ လာပါဒသေးတယ်... (မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတို့ သေသေချာချာ စဉ်းစား တော့မှ ရေြ့....ဒါန,သီလ,သမထနဲ့ ဖြုတ်လို့ မရပါကလား.... (မှန်ပါ့ဘုရား)။

တကားကြွယ် တဏှာ,မာန,ဒိဋ္ဌကို ဘာနဲ့ဖြုတ်လို့ မရသတုံး .. (ဒါန,သီလ, သမထနဲ့ဖြုတ်လို့ မရပါဘုရား)။

ဒါန,သီလ,သမထတွေနဲ့ ဖြုတ်မယ်ဆိုလို့ ရှိယင်ဖြင့် ဦးမာဒင် မရပါဘူး....(မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ကျုပ်တို့ ဒါနတွေရှိနေတာ ဘာပူ စရာရှိသတုံး၊ ဘာမှပူစရာမရှိဘူး၊ အပါယ်သွားစရာရှိသေးတယ်.. (မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒီဒိဋ္ဌကလဲ အပါယ်ပို့မှာ .... (မှန်ပါ့) တဏှာကကော... (ပို့မှာပါ)မာနကကော... (ပို့မှာပါဘုရား)။

ကျုပ်တော့ သီလတွေဆောက်ဘည်မယ်၊ တလေးသီတင်း ရှစ်သီဘင်းဘဲ-ဘာပူစရာရှိသလဲလို့ ဒီလိုမယူလိုက်ပါနဲ့.-(မှန်ပါ့) ဒီမျက်လုံး မခပျောက်သေးလို့ ဒီအထင်မှား မပြုတ်သေးယင် ဒီသုံးခုမချုပ်သေးဘူး....(မှန်ပါ့) ချုပ်ပါ့မလား .... (မချုပ်ပါဘုရား)။

ဉာဏ်နဲ့ထောင်ပါ....(မှန်ပါ့) ဉာဏ်နဲ့ထောင်ပါတဲ့၊

တကာတကာမတို့ ဒီဥစ္စာ အင်မတန်အရေးကြီးလို့ နှေးနှေးပြောနေတယ်လို့ တကာသစ် မှတ်ပါ.... (မှန်ပါ့)။

ကဲ... ဒါဖြင့် ဒါနနဲ့ဖြုတ်လို့လဲ သူက မသွားဘူး(မသွားပါဘုရား) သီလနဲ့ဖြုတ်ယင်ကော.... (မသွားပါဘုရား) သမထနဲ့ဖြုတ်ယင်ကော.... (မသွားပါဘုရား) မသွားဘူး တဲ့၊ တကာတကာမတွေ ပေါ်ကြပလား.. (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဩော် ... သာသနာတွင်းကရား ဝိပဿနာနဲ့ဖြုတ်ရလိမ့်မယ်၊ သာသနာတွင်းတရား ဝိပဿနာနဲ့ ဖြုတ်ရလိမ့်မယ် ဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကိုင်း....ဒါဖြင့် ဒါက ရှေ့ပိုင်းမှာ ရှင်းပြီးသားလို့ ဦးမာဒင် မှတ်လိုက်ပါ.. (မှန်ပါ့)။

ကဲ ဒါဖြင့် ဩော်....ဒီဟာ ယခုလ,ကွယ်နေ့ကြီး တရား ထူး, တရားမြတ် ဆရာဘုန်းကြီးက ချီးမြှောက်နေတယ် သောတာပန်တည်တဲ့ တရား... တဲ့၊ ကိုးရာသောရဟန်းတွေ တခါတည်းနဲ့ တည်တဲ့ဘရား....တဲ့ ဆိုပြီးသကာလ နာရတော့ ဒီ့ဟာတယ်ပြီး ဒီဋ္ဌ,မာန,တဏှာတွေက ဒို့-အားကြီးတယ်၊ အားကြီးတာတော့ သိပြီ....(မှန်ပါ့) ဘယ်ကလာမှန်းမသိဘူး....(မသိပါဘုရား) ဘယ်က ဖြုတ်ရမှန်းလဲ မသိဘူး .. (မသိပါဘုရား)တကာကြွယ် ဒါ....ခက်တာဘဲ.... (ခက်ပါတယ်ဘုရား)။

တဏှာ,မာနဒိဋ္ဌ,ရှိမှန်းတော့ သိပါရဲ့....(မှန်ပါ့) ဘယ်နှယ်ဖြစ်နေသတုံးဆိုတော့ လောကီဥပမာကျတော့ ကိုယ့်ဝမ်းထဲမှာလေနာ-ပန်းနာတွေကရှိတယ်.... (မှန်ပါ့ဘုရား) ဆေးမသိတော့ ခံရတုန်းရှိတယ်....(မှန်ပါ့) ဆေးမသိတော့....(ခံရတုန်းရှိပါတယ်ဘုရား)။

ဒီမှာလဲ တဏှာ မာန ဒိဋ္ဌိ ကိုယ့်သန္တာန်မှာ ရှိမှန်းတော့ သိစဲ့၊ ပျောက်စေတတ်တဲ့ဆေးမသိလို့ ရှိယင် အပါယ်သွားခံရုံဘဲ ရှိတယ်.... (မှန်ပါ့ဘုရား) ဒီ.ပြင် ဘာရှိသေးသတုံး.... (မရှိပါဘုရား)။

ကိုင်း... တကာတကာမတို့ မဖြုတ်ခင်ကလေးကို အပြစ်ကလေး ပြပါဦးမယ်နော်....(မှန်ပါ့) သေသေချာချာ နားထောင်ကြပါ။ ဒီတဏှာ မာန ဒိဋ္ဌိမချုပ်ခင် တကာကြွယ် အပြစ်ပြဦးမယ်နော်- (မှန်ပါ့)။

ဥပမာမယ်.... တကာကြွယ်က ဖြစ်စေ၊ ဦးမာဒင်က ဖြစ်စေ၊ တကာသစ်ကဖြစ်ခဲစေ- တဏှာ မာန ဒိဋ္ဌိ ဘယ်ကလာမှန်းမသိလို့ အခု ခန္ဓာထဲမှာတော့ သူ ကိန်းနေကြပြီ၊ အနုသယသဘောနဲ့ ကိန်းအောင်းနေကြပြီ .. (မှန်ပါ့)။

အဲဒီတော့ တဏှာကလဲ စုမ်းရည်သတ္တိရှိတဲ့တရားဘဲ-(မှန်ပါ့) ဒိဋ္ဌိကကော .. (စုမ်းရည်သတ္တိရှိတဲ့တရားပါဘုရား)မာနကကော-(စုမ်းရည်သတ္တိရှိပါတယ်ဘုရား) ရှိတယ်.... အပါယ်ပို့နိုင်တဲ့ စုမ်းရည်သတ္တိရှိတယ်... (မှန်ပါ့)။

အပါယ်ပို့နိုင်တဲ့စုမ်းရည်သတ္တိ....(ရှိပါတယ်ဘုရား) ဖျောက်ကြပြီ....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါပို့ပုံကလေးကိုလဲ တကာတကာမတွေ့ ပုတ္တဇန် မျက်လုံးတပ်ကြည့်လိုက်တော့ တဏှာ,မာန, ဒိဋ္ဌပေါ်ပါပြီ.. (မှန်ပါ့) မိမိကိုယ်ကို ပုထုဇန်မျက်လုံး တပ်ကြည့်လိုက်တာနဲ့ တဏှာ,မာန, ဒိဋ္ဌအရိပ်တွေ့ ဘယ့်နှယ်တုံး ..(ပေါ်ပါပြီ)။

ပေါ်လာတော့ ပေါ်ရုံတွင်မရပ်ပါဘူး....(မှန်ပါ့)ပေါ်တယ် ဆိုလို့ရှိယင် သူ့ ဓမ္မနိယာမက ရှိသေးတယ်ံ (မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့.... (ဓမ္မနိယာမက ရှိပါသေးတယ် ဘုရား)ဓမ္မနိယာမက ရှိပါသေးတယ်....(မှန်ပါ့)။

ဥပမာ ဒုါက ဒိဋ္ဌိ... (မှန်ပါ့) ဒိဋ္ဌိဆိုတာလဲတဲ့ ဒိဋ္ဌိရိုးရိုး တမျိုး၊ ဒိဋ္ဌုပါဒါန် တမျိုးမရှိဘူးလား.... (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်.... (မှန်ပါ့) ဥပါဒါန်ဖြစ်လို့ရှိယင် ဒိဋ္ဌိအုပ်ချုပ်တဲ့ကံက မလာဓပဘူးလား.... (လာပါတယ်ဘုရား) ဒါဖြင့် ကမ္မဘဝပစ္စယာ-အပါယ်ဇာတိ....(မှန်ပါ့)။

ကိုင်း... ဒိဋ္ဌိမဖြုတ်လိုက်တဲ့အတွက် ဒိဋ္ဌိက အဖေါ် အာသင်း, အပေါင်းနဲ့တကွ နိယာမသဘောနဲ့ လာတဲ့ပြီး အပါယ်ကျအောင် ပို့မယ်....(မှန်ပါ့) ပေါ်ကြာလား ...(ပေါ်ပါပြီဘုရား)။

ဩော်....ဒိဋ္ဌိဟာ တကာတကာမတို့ ရိုးရိုးပေါ်လာတာသား တဲ့၊ အပါယ်ရောက်အောင် ဆက်ပေးမလို့ ပေါ်လာတာလား.... (အပါယ်ရောက်အောင် ဆက်ပေးမလို့ ပေါ်လာတာပါ ဘုရား)။

တကာကြွယ် သေသေချာချာမှတ်ပါ.... (မှန်ပါ့) ဦးမာဒင် သေသေချာချာမှတ်နော်....(မှန်ပါ့)။

ဩော်....ဒိဋ္ဌိပေါ်တာ ရိုးရိုးလား....အောက်မေ့တယ် ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်-ဒိဋ္ဌိအုပ်ချုပ်တဲ့၊ ကမ္မဘဝပစ္စယာဇာတိ-အပါယ်ဇာတိ ပေါ်လာတယ်....(မှန်ပါ့)။

ဘုန်းကြီးက အပါယ်ရောက်လိမ့်မယ်လို့ ဟောဘာ မဟုတ်ပါဘူး... (မှန်ပါ့) တကာတကာမတွေ့ တရားက အစဉ်အတိုင်း

သွားလိမ့်မယ်လို့ ပြောတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ဒီဋ္ဌမပြုတ်လို့ ရှိယင် အပါယ်တော့ ရောက်မှာဘဲလို့ ဒီလို မပြောပါဘူး.... (မှန်ပါ့) ခင်ဗျားတို့သန္တာန် ဖြစ်စဉ်အတိုင်း ဖြစ်ပါလိမ့်မယ်.... (မှန်ပါ့ဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဘာတဲ့တုံး... (တပည့်တော်တို့သန္တာန် ဖြစ်စဉ်အတိုင်း ဖြစ်မှာပါဘုရား)။

ဖြစ်စဉ်က တကာတကာမတို့ တားလို့ကိုမရပါဘူး....(မှန်ပါ့ဘုရား) ဒီပဋိစ္စသမုပ္ပါဒ် ပြတ်အောင်မလုပ်နိုင်ယင်.... (တားလို့မရပါဘုရား)။

ကြည့်လေ....ဒါက ဘာပါလိမ့် ဒီဋ္ဌ.... (မှန်ပါ့) ဒါက ဒီဋ္ဌပါဒါန် သဘောကျပလား... (ကျပါပြီ) ဒါက ဒီဋ္ဌအုပ်ချုပ်တဲ့ကံ... (မှန်ပါ့) ဥပါဒါန်က အုပ်ချုပ်တာကိုး....(မှန်ပါ့)။

ဒီဘက်က ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား) ၎ သြော်... ဒါဟာ ဒီဋ္ဌက ပို့လိုက်တဲ့ဇာတိဆိုတော့ အပါယ်ခံလေးပါးဇာတိ (မှန်ပါ့)။

ကဲ....တကာတကာမတို့ ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ကိုယ် ကြည့်လိုက်တာ ငါ... ဆိုတဲ့ ဒီဋ္ဌိထွက်လာတယ်....(မှန်ပါ့) ခင် ဆိုတဲ့တဏှာ.... (ထွက်လာပါတယ်ဘုရား) ဆောင်....ဆိုတဲ့မာန ... (ထွက်လာပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ သူတို့တင် ထွက်တာလား၊ အဖေ၊ အသင်း, အပင်းနဲ့ထွက်တာလား....(အဖေ၊ အသင်းအပင်းနဲ့ ထွက်တာပါဘုရား)။

အဲဒါက ဓမ္မနိယာမ.... (မှန်ပါ့) တခုလဲ့ယင် အကုန်လာလိမ့်မယ်....(မှန်ပါ့) တခုလာယင် နောက်က သုံးခု....(ပါလာပါတယ်ဘုရား)။

ကဲ... ဒါဖြင့် ဒီဌိ၊ ဒီဌိဘက်က တဏှာပေါ်ပြန်တော့လဲ ကိုယ့် ကိုယ်ကိုယ်ခင်လို့ ပြုရ,စုရဦးမှာဆိုတော့ တဏှာ,ဥပါဒါန်, ကံ၊ ကဲ....ဇာတိလာဦးမှာ....(မှန်ပါ့) မလာပေဘူးလား.... (လာမှာပါဘုရား)။

အင်း.. မာနဆိုတာလဲ တကာတကာမတို့ " မာနော စတ္တူသု ဒီဌိဂတဝိပ္ပယုတ္တာသု" ဆိုသောကြောင့် မာနဆိုတာလဲ လောဘပါဘဲ... (မှန်ပါ့)။

ဒါဖြင့် မာနလာတယ်၊မာနပြီးတော့ ကိုယ့်မာနကို စွဲလမ်းတဲ့ဥပါဒါန်ကော....(လာပါတယ်ဘုရား)ဒီမာနအုပ်ချုပ်တဲ့ကံ့ကော (လာပါတယ်ဘုရား) လာမှာဘဲဆိုတာ သေချာပလား.... (သေချာပါ့ပြီဘုရား) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

ဟော.... ဘယ်ဇာတိတုံး၊ ဒီဇာတိသုံးခု အကဲခတ်ကြစမ်း.... (အပါယ်ဇာတိပါဘုရား)။

ကြည့်စမ်း.... တကာတကာမတို့ မြင်ကြပလား... (မြင်ပါပြီဘုရား)။

ကဲ-ဒါတကာသစ်ဘားမျက်လုံးနဲ့ကြည့်လိုက်လို့ ဒီပဋိစ္စသမုပ္ပါဒ်သုံးခု ပေါ်လာပါလိမ့်မလဲ... (ပုထုဇန်မျက်လုံးပါဘုရား)ပုထုဇန်မျက်လုံးနဲ့ မိမိကိုယ်ကို... ကြည့်လိုက်တယ်....(မှန်ပါ့)။

ဩော်— ခင်ဗျားတို့ ကိုယ့်ကိုယ် ကြည့်တိုင်း· ကြည့်တိုင်း အပြစ်သင့်နေတာ တကာကြယ်တို့ နဂိုရိုက မရိပ်မိဘူး.... (မရိပ်မိ

ပါဘုရား) ဦးမာဒင်တို့လဲ မရိပ်မိဘူး....(မရိပ်မိပါဘုရား) တကာသစ်ကော....(မရိပ်မိပါဘုရား)။

အခုတော့ဖြင့် သေသေချာချာ ဆရာက ပုံစံနဲ့တကွ ဆရာဘုန်းကြီးက သေသေချာချာ ပြတဲ့အတွက် သြော်.... ဒို့ဟာ ပုထုဇဉ်မျက်လုံးနဲ့သာ ကိုယ်.ကိုယ် ကြည့်မယ်ဆိုယင်ဖြင့် ကြည့်တိုင်း- ကြည့်တိုင်းအပါယ်သွားနေတာဘဲ .. (မှန်ပါ့)။

ကြည့်တိုင်း-ကြည့်တိုင်း....(အပါယ်သွားနေပါတယ်)အဲဒါကာသီလလုံပြီးသားလူသီလတန်ခိုးကုန်ယင် သွားရမယ်(မှန်ပါ့)ရိပ်မိပလား(ရိပ်မိပါပြီ)ဒါနအကြီးအကျယ်လုပ်ဦး ...(သွားရမှာပါ) သူ့တန်ခိုးကုန်ယင် သွားရမှာဘဲ(မှန်ပါ့)ဒါနတန်ခိုးကုန်တဲ့အခါသူတို့ဘက် ရောက်မှာဘဲ ...(မှန်ပါ့) သီလတန်ခိုးကုန်ယင်ကော-- (သူတို့ဘက်ရောက်မှ-ပါဘုရား) သမထတန်ခိုးကုန်ယင်ကော.... (သူတို့ဘက်ရောက်မှာပါဘုရား)။

ဒါဖြင့် ဦးမာဒင်တို့ တကာကြွယ်တို့ သူအရေးကြီးတယ်.... (ကြီးပါတယ်ဘုရား) တကာတကာမတွေ့ ဒီဥစ္စာ အင်မတန်အရေးကြီးတယ်လို့ ပြောနေတယ်ဆိုဘာကိုလဲ မှတ်ကြစမ်းပါ.... (မှန်လှပါ) သူပြုတ်ပြန်တော့လဲ သောတာပန်ဘဲ.... (မှန်ပါ့ဘုန်း) သူပြုတ်ပြန်တော့ (သောဘာပန်ပါဘုရား) ဒါဖြင့်သြော်.... ဒို့မျက်လုံး ပြင်ပေးမည့်လူမရှိလို့ ရှိယင်ဖြင့် ဒို့ဖြင့် ကိုယ်ကျိုးနည်းပေါ့.... (မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမလဲ ... (ပြင်ပေးမည့်လူ မရှိလို့ရှိယင် ကိုယ်ကျိုးနည်းပါပြီဘုရား)။

ဒီမျက်လုံးကလဲ တကာကြွယ် စဉ်းစားဦးတဲ့....(မှန်ပါဘုရား) ဒီမျက်လုံးနဲ့ချည့် ကြည့်လာလို့ ဒီသံသရာကြီးထဲမှာ ဒီခန္ဓာကြီးနဲ့ အရှက်တကဲ့ အကျိုးနည်းလည်နေရတယ် .... (မှန်ပါ) ဘယ်သူမှ ပြင်ပေးမည့်လူ နောက်က မတွေ့ခဲ့ဘူး.... (မတွေ့ခဲ့ပါ) တွေ့ခဲ့လို့ ရှိယင်လဲ ဒီဆရာနဲ့ ဒီတကာတကာမတွေ့နဲ့ မတွေ့တော့ပါဘူး.... (မှန်ပါ) သောတာပန်တည်ပြီ၊ သောတာပန်တည်တယ်ဆိုယင် ဖြင့် တကာတကာမတို့ အထက် သူ့ဟာသူ အားထုတ်ပြီး နိဗ္ဗာန် ခုနစ်ဘဝ နောက်ဆုံးပိတ်ထားဝင်တာဘဲ... (မှန်ပါ) ကေဗိဇတို့ ဆိုယင် တဘဝထဲနဲ့ဘဲ သကဒါဂါမ်, အနာဂါမ် တက်သွားတာ ဘဲ....(မှန်ပါ) သဘောကျပလား... (ကျပါပြီ) ကောလံကောလ ဆိုယင် သုံးလေးဘဝနဲ့ လေးငါးခြောက်ဘဝနဲ့ တက်သွားတာဘဲ (မှန်ပါဘုရား)။

အခုတော့ဖြင့် ဒီတကာတကာမတွေ့ ကိုယ့်ကိုယ်အကဲခတ်ပါ တော့တဲ့၊ ဒို့ အခုထက်ထိ အိုခြင်း,နာခြင်း, ခန္ဓာကြီးရှိနေသေး တယ်... (မှန်ပါဘုရား)။

အပါယ်ကလဲ ဒို့မှာစိတ်မချရသေးဘူး....(စိတ်မချရသေးပါ ဘုရား)ဒါဘယ် နှယ်ကြောင့်တုံးဆိုတော့ ဒို့မျက်လုံးပြင်ပေးမည့် ပုဂ္ဂိုလ် ဘယ်တော့မှ မတွေ့ခဲ့လို့ . (မှန်ပါဘုရား)။

ဒါ သေသေချာချာမှတ်ပါ....(မှန်ပါ) တကာကြွယ် ငေးသေ ချာချာမှတ်စမ်း - (မှန်ပါ) ဘာမတွေ့ခဲ့တာပါလိမ့် .... (ပြင်ပေး မည့်ပုဂ္ဂိုလ် မတွေ့ခဲ့တာပါ) မျက်လုံးပြင်ပေးမည့်ပုဂ္ဂိုလ် မတွေ့ခဲ့ ဘူး... (မှန်ပါဘုရား)။

ပုထုဇန်မျက်လုံးကို အရိယာတို့၏ တရားသည့်သာ မျက်လုံးဖြစ် အောင် ပြင်ပေးမည့်လူ ခင်ဗျားတို့မတွေ့ခဲ့တဲ့ အတွက် အခု

ငါသေယင် ဘယ်မျှား ရောက်မလဲဆိုတာလဲ ခင်ဗျားတို့တွေး လျက်ဘဲ... (မှန်ပါ့ဘုရား)။

ဒီတွေးလုံးတွေဟာ တကာ့ကာမတို့ သောတာပန်တည်ပြီး သားပုဂ္ဂိုလ်က ငါသေယင် အပါယ်ဧလေးပါး လွတ်တယ်ဆိုတာ သူ့ဟာသူသိဘယ်....(မှန်ပါ့ဘုရား)။

အခုတော့ တကာ့တကာမတွေက စိတ်မချ-လက်မချတွေးနေ ရသေးတယ်... (မှန်ပါ့) ငါသေယင် ငါ့သားနဲ့, ငါ့သမီးနဲ့, ငါ့ ပစ္စည်းနဲ့ အစဲ့အလမ်းကြီး ဖြစ်သွားယင် ပြိတ္တာဘုံမျှားရောက် သွားမလား....(မှန်ပါ့) ဆိုတာကလေးဟာက တကာသစ် ကွေး လုံးဟာ လူတိုင်းရှိဘယ်....(ရှိပါတယ်ဘုရား)။

အဲဒါတွေ ထောက်ကြည့်ကဲ့အခါကျတော့ ဩော်...နောက် တုန်းက မျက်လုံးပြင်းမည့်ပုဂ္ဂိုလ် မတွေ့ခဲ့ပါလား....(မှန်ပါ့ ဘုရား)။

ပုထုဇဉ်မျက်လုံးကို အရိယာတို့၏ တပည့်မျက်လုံးဖြစ်အောင် (ပြင်ပေးမည့်လူမတွေ့ပါဘုရား)။

ဒါဖြင့် တပည့်မျက်လုံးမဖြစ်တော့လို့ ရှိယင်ဖြင့် အရိယာ အစစ်ဖြစ်တဲ့ ကိုယ်တိုင်ဆရာမျက်လုံးကော ဖြစ်ပါ့မလား...(မဖြစ် ပါဘုရား)။

ဒါဖြင့် ဒီနေ့ပြင်တော့မယ်... (မှန်ပါ့) ဦးလှဘူး ဟေဟေ ချာချာနာစမ်းပါ တကာတကာမတွေကော .... (မှန်ပါ့ဘုရား)။

ဘုန်းကြီးကလဲ ဒီတရားကိုပြောရတော့မယ် ဆိုလို့ရှိယင်ဖြင့် ဦးမာဒင် ဝန်အလေးသားပါ....(မှန်ပါ့) မဒေါ်-ပေါ်အောင် မနည်းပြောရမယ်....(မှန်ပါ့ဘုရား)။

သို့သော်လဲ အခု သေသေချာချာ ဘုန်းကြီးတို့ တကာ တကာမတွေ့ စစ်တမ်းထုတ်လိုက်တော့မှ ဩဩ- ဒီမျက်လုံးနဲ့ချည့် လာခဲ့လို့ ဒီ ပပဉ္စတွေချည့် ပွားနေတာယ်-(မှန်ပါဘုရား)။

ဒီ တကျာ့မာန, ဒီဌိ....(ပွားပါတယ်) ဒီကနေ ပဋိစ္စသမုပ္ပါဒ် ကနေ ဆက်တဲ့ပြီး ဒီအပါယ်ချည့်ပို့နေတယ်... (မှန်ပါ့) မပို့ဘူး လား... (ပို့ပါဘာယ်ဘုရား)။

ကိုင်း.... ယနေ့တရားမှာဖြင့် တကာတကာမတို့ တော်တော် ဖြင့် အရေးကြီးပေါ့ဆိုတာ မှတ်လိုက်ကြစမ်းပါ....(မှန်ပါ့)ဘယ် လိုမှတ်ကြမယ်... (တော်တော်အရေးကြီးပါတယ်ဘုရား)။

တကာသစ် အေးအေးဆေးဆေး သေသေချာချာ မှတ်ကြ စမ်းပါ... (မှန်ပါ့) သာမည အရေးကြီးလို့ရှိယင်လဲ ရှင်ပုဏ္ဏက ရှင်အာနန္ဒာကို ဒီအကြောင်းမဟောပါဘူး... (မှန်ပါ့) ဘုန်းကြီး ကလဲ သူတို့ဆီက တဆင့်ယူပြီး သာမည အရေး ဆိုလို့ရှိယင်လဲ မဟောပါဘူး... (မှန်ပါ့ဘုရား)။

အခုတော့ တကာတကာမတွေ့ ပုထုဇန်မျက်လုံးနဲ့ ကိုယ့်ကိုယ် ကြည့်လိုက်လို့ရှိယင်ဖြင့် ဗာကျာပဋိစ္စသမုပ္ပါဒ် ဟုတ်လား.... (မှန်ပါ့)ဒိဌိပဋိစ္စသမုပ္ပါဒ်, မာနပဋိစ္စသမုပ္ပါဒ်.... (မှန်ပါ့) ဘယ် ကျအောင် ရောက်ရောက်သွားသတုံး(အပါယ်ကျအောင်ရောက် သွားပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကားကြွယ် ဘာပြင်ဘို့အရေးကြီးသတုံး.... (မျက်လုံးပြင်ဘို့ အရေးကြီးပါတယ်) ပေါ်ပြီဗျ .... (ပေါ်ပါပြီ ဘုရား)။

အားလုံး တရားနာတဲ့ တကာတကာမတွေ ဘာပြင်ဘို့အရေး ကြီးပါလိမ့်.... (မျက်လုံးပြင်ဘို့ အရေးကြီးပါတယ်ဘုရား)။

မျက်လုံးပြင်ဘို့... (မှန်ပါ့) အံ့မာလေး... တကာကြွယ် ဘယ် တော့မှ မကြားဘူးဘူး(မှန်ပါ့) မကြားဘူးဘူးတဲ့၊ မျက်လုံးပြင်မှ အပါယ်တံခါးပိတ်မှာ.... (မှန်ပါ့) မျက်လုံးမပြင်ယင်.. (အပါယ် တံခါးမပိတ်ပါဘုရား)။

တကာကြွယ် ကဲ....ဒီစကားဘယ်လောက် အရေးကြီးသတုံး (အရေးကြီးပါတယ်ဘုရား)။

ဒါ့ကြောင့် မျက်လုံးပြင်ဘို့ရာ အရေးဟာလဲ၊ ဦးမာဒင်မလွယ် ဘူးနော်....(မလွယ်ပါ)တကာသစ် လွယ်ပါ့မလား... (မလွယ်ပါ ဘုရား)။

ကိုင်း.... ဒါဖြင့် အခုမျက်လုံးမပြင်ခဲ့တဲ့အတွက် တဘဝလဲ တိရစ္ဆာန်ဖြစ်ပြန်လဲ ဒီပဋိစ္စသမုပ္ပါဒ် သုံးပါးကနေပြီး အပါယ် ချလိုက်တာဘဲ....(မှန်ပါ့) တိရစ္ဆာန်ကနေပြီး တခါ ငရဲပို့လိုက် တာဘဲ .. (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီမျက်လုံးမပြင်ရ သေးသ၍ ကာလပတ်လုံးဖြင့် အပါယ်လေးပါးဟာ ဒို့ အမြဲ နေရာဘဲဆိုတာ ပြောရုံဘဲ.... (ပြောရုံပါဘဲ) ရှင်းကြရဲ့လား .... (ရှင်းပါပြီဘုရား)။

အပါယ်လေးပါးဟာ.... (ဒို့နေရာ အမြဲပါ)ကြည့်လေ....တဲ့၊ ဘုန်းကြီးကစာပြေး ပြောနေတာလားတဲ့၊ ခင်ဗျားတို့ စိတ်ဖြစ် စဉ်အတိုင်း ပြောတာလား.... (စိတ်ဖြစ်စဉ်အတိုင်း ပြောတာပါ)

ဒါတော့ မယုံမရှိနဲ့တော့....(မှန်ပါ့) ဒါတော့ မယုံမရှိနဲ့တော့၊ ခင်ဗျားတို့ရထားတဲ့ ပါဠိနဲ့လဲ ကိုက်ပါတယ်၊ ခင်ဗျားတို့ စိတ် ဖြစ်စဉ်နဲ့ဓကာ....(ကိုက်ပါတယ်ဘုရား)။

ကြည့်လေ ဒီဠီ-ဒီဠုပါဒါန်- ဒီဠီအုပ်ချုပ်တဲ့ကံ၊ ကမ္မဘဝ ပစ္စယာ ဇာတိ'ငြင်းဘို့မလိုဘူး....(မလိုပါ) တဏှာ,ဥပါဒါန့်ကံ ဇာတိ၊ ငြင်းဘို့လိုသေးသလား... (မလိုပါ) မာန, ဥပါဒါန်,ကံ, ဇာတိ၊ဒါ ငြင်းဘို့လိုသေးသလား....(မလိုပါဘုရား)။

အားလုံ တကာတကာမတွေ ဩော်....ဒို့ နေ့တိုင်း ဘာလုပ် နေပါလိမ့်မတုံး....လို့ ကိုယ့်ကိုယ်ကိုယ် တနေ့ ဘယ်နှစ်ခါမျှား ကြည့်ကြပါလိမ့်....(မရေတွက်နိုင်ပါဘုရား)။

ဟာ... မရေတွက်နိုင်ဘူးတဲ့၊ တရားတပ်လုံးကို ထွက်လာတာ (မှန်ပါ့ဘုရား)။

တကာတကာမတွေ ဘယ့်နှယ်တုံး....ကိုယ့်ကိုယ်ကိုယ် တနေ့ ဘယ်နှစ်ခါကြည့်ကြပါလိမ့်... (မရေတွက်နိုင်ပါ့ဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ပေါင်း ဘယ်လောက်ဖြစ်မတုံး....(မရေတွက်နိုင်အောင် ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အပါယ်ချည့် မျက်စောင်းထိုးနေတယ်--(ထိုးနေပါတယ်ဘုရား)တကာကြွယ်....ပေါ်ပလား...(ပေါ်ပါပြီ ဘုရား)။

ဒါက သေသေချာချာ နားလည်ပါးလည် ပြောလိုက်တော့မှ ဦးမာဒင်ရေ.. ဟုတ်ပါလားဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)ဟုတ်ပါလားဆိုတာ တကာကြွယ်.... သေသေချာချာ ပေါ်လာဘယ်....(ပေါ်ပါတယ်ဘုရား)။

တကာကြွယ်....ခင်ဗျားကိုယ် ခင်ဗျား တနေ့ ဘယ်နှစ်ခါမျှား ကြည့်သတုံး... (မရေတွက်နိုင်ပါဘုးား) မရေတွက်နိုင်တာက တော့ ကိုစွမရှိပါဘူး၊ ပဋိစ္စသမုပ္ပါဒ်က တခါကြည့်ယင် သုံးမျိုး သုံးမျိုးလာတယ်....(မှန်ပါ့)။

တခါကြည့်ယင်....(သုံးမျိုး, သုံးမျိုးလားပါတယ်) သုံးမျိုး, သုံးမျိုးဖြစ်ပြီးသကာလ တကာတကာမတို့ ကံကျမှ ရပ်တာယ်.... (မှန်ပါ့)သေသည်၏အခြားမဲ့၌ ဒီကံကသာ ကျွေးဇူးပြုယင် အပါယ်ဇာတိ... (မှန်ပါ့)ဆိုနိုင်ကြရဲ့လား.... (ဆိုနိုင်ပါတယ် ဘုရား)။

သြော်... ဒါဖြင့် ဒို့ သံသရာရှည်ခဲ့ရာ ဒီအကြည့်မှားဘဲ.... (မှန်ပါ့ဘုရား)။

သံသရာ့လက်သည်တွေပြီ....(တွေ့ပါပြီဘုရား)ဘာပါလိမ့် ဗျာ... (အကြည့်မှားပါဘုရား)။

သံသရာ့လက်သည် ဘယ်သူပါလိမ့်....(အကြည့်မှားပါ)ဟုတ် ပြီ... ၊ သံသရာ့လက်သည်အကြည့်မှား၊ အကြည့်မှားကြောင့် ဒီဋ္ဌိ ဖြစ်တယ်....(မှန်ပါ့)။

အကြည့်မှားကြောင့်... (တဏှာ,မာန,ဒိဋ္ဌိဖြစ်ပါတယ်) ဒါဖြင့် အကြည့်ပြင်ပေးမည့်ဆရာဖြင့် မတွေ့ခဲ့ဘူး. (မတွေ့ခဲ့ပါဘုရား)။

မတွေ့သချိုကာလပတ်လုံးဖြင့် ဒီအကြည့်မှားနဲ့ဘဲဒီအပါယ် သွားနေတာဘဲ....(သွားနေပါတယ်ဘုရား)။

ဒီအကြည့်မှားနဲ့....(ဒီအပါယ်သွားနေပါတယ်)တကားတကာ မတို့ မသေနဲ့ဦး၊ အောင့်ထားဦး ခင်ဗျားတို့....(မှန်ပါ့)မရေသး

ဘူး၊ ဒါလုပ်ရဦးမယ်....(မှန်ပါ့)နို့မဟုတ်လို့ရှိယင် ဘာမှ စိတ် မချရသေးဘူး....(မှန်ပါ့)။

တကာသစ်... ဒါ စကားကြီးပြောတာလား....၊ ဖြစ်စဉ်ကိုက် ပြောတာလား....(ဖြစ်စဉ်ကိုက်ပြောတာပါဘုရား)ဖြစ်စဉ်ကိုက်ဆို တာ သဘောကျကြပလား....(ကျပါပြီဘုရား)။

သြော်....ဦးမာဒင်ရေ....တော်သေးတယ် ခင်ဗျားတို့ အသေ မစောတာ....(မှန်ပါ့)။

တကာကြွယ်... ဘယ်နှယ်တုံး....(အသေမစောတာ တော်ပါ သေးတယ်ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ဒီမျက်လုံးနဲ့ ဒီအကြည့်မှားနဲ့ ဒီ... အပါယ်သွားဘဲ... (သွားမှာပါဘုရား) ပြင်ပေးမှည့်လူလဲ မတွေ့ ဘူးဆိုယင်ဖြင့် ဒီလမ်းဘဲ ...(ဒီလမ်းပါဘုရား)။

အားလုံးသီလရင်တွေကော,နောက်ကဘကာတကာမတွေရော သြော် တော်တော်အရေးကြီးပါကလား. ဒီမျက်လုံးပြင်မည့်လူ မလာဃ၍ကာလပတ်လုံး ဘယ်နည်းနဲ့မှ ပဌမ သောတာပန် မတည်နိုင်..(မှန်ပါ့)မဘည်နိုင်ယင် အပါယ်လေးပါးက ကိုယ် ကြည့်တိုင်း သွားမယ်..(မှန်ပါ့)။

အပါယ်လေးပါးက....(ကြည့်တိုင်း သွားမှာပါဘုရား) ဒါန လုပ်လျက်နဲ့လဲ... (သွားမှာပါ) သီလဆောက်တည်လျက်နဲ့လဲ.... သွားမှာပါဘုရား) သမထပွားလျက်နဲ့ ... (သွားမှာပါ) ဝါ သမထအားထုတ်နေတယ်ဆိုတာ လာသေးတာကိုး....(မှန်ပါ့) ဝါလို သမထအားထုတ်နိုင်တာ ရှိသေးရဲ့လားဆိုတဲ့ မာနက

ကော....(လာပါတယ်ဘုရား) သဘောကျပလား .... (ကျပါပြီဘုရား) ငါ့ဟာမှု, ငါကွဆိုတဲ့ ဒီဌီကကော .... (လာပါတယ်ဘုရား)။

ကဲ... ဦးမာဒင်... စဉ်းစားတော့ဗျာ၊ ဘုန်းကြီးက စကားကြီးကျယ်အောင် ပြောတာလား....၊ ဖြစ်စဉ်ကဲ့ကြီးကျယ်ထွားကျိုင်းနေတာလား- -အကဲခတ်ပါတော့... (ဖြစ်စဉ်ကဲ့ကြီးကျယ်ထွားကျိုင်းတာပါဘုရား)။

တကာကြွယ်.... သေမှာတောင် အောင့်ထားဦးဆိုတာမျှားစကားမကြီးဘူးနော်.... (မကြီးပါ) မကြီးဘူးတဲ့... ဒီမျက်လုံးကလေး ပြင်ပါရစေဦးပြောတာ... (မှန်ပါ့)။

တကာသစ်....ဘာတဲ့တုံး .. (ဒီမျက်လုံးကလေး ပြင်ပါရစေဦးပြောတာပါဘုရား)။

ဒီမျက်လုံးကလေးကို တကာမကြီးတို့ ပြင်ပါရစေဦး၊ ပြင်ပြီးတော့မှ ခင်ဗျားတို့ ပြင်လိုက်လဲ ဒီသုံးခုချုပ်တယ်.... (မှန်လှပါဘုရား)။

ပြင်လိုက်ယင်....(ဒီသုံးခုချုပ်ပါတယ်)တဏှာ,မာန,ဒိဋ္ဌိဘယ်နှယ်တုံး... (ချုပ်သွားပါတယ်ဘုရား)။

သြော်....ပြင်လိုက်ပြန်တော့လဲ ချုပ်တယ် .. (မှန်ပါ့)မပြင်ဘဲထားပြန်တော့လဲ ပေါ်တယ်....(မှန်ပါ့-ပေါ်ပါတယ်ဘုရား)။

အဲဒီတော့ မပြင်ခင် သေသွားမယ်ဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့ .... အမှားမျက်လုံးနဲ့ သေသွားလေရဲ့....(မှန်လှပါဘုရား)။

အမြင်မှားနဲ့ သေသွားရှာပြီ....ဟုတ်လား....(မှန်ပါ့) အမှတ်မှားနဲ့ သေသွားရှာပြီ....(မှန်ပါ့)အယူမှားနဲ့... (သေသွားရှာပြီ)ဒါဘဲ သွားတယ်....(မှန်ပါ့)တကာကြွယ်....ပေါ်ပလားဗျာ... (ပေါ်ပါပြီဘုရား)အလွန် ကြောက်စရာကောင်းပါကလား.... (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ယနေ့တရားမှာ တကာတကာမတို့ .... ဘာပြင်ဘို့ အရေးကြီးသတုံး ...(မျက်လုံးပြင်ဘို့ အရေးကြီးပါတယ်ဘုရား)။

ဩော်. ပုထုဇဉ်မျက်လုံးက အရိယာတို့၏ တပည့်သား သုတဝါ အရိယသာဝကော ဆိုတဲ့အတိုင်း အကြားအမြင်များတဲ့ခင်ဗျားတို့ သာဝကရဲ့ မျက်လုံးဖြစ်ဘို့ အရေးကြီးတယ်....(မှန်ပါ့)။

အဲဒီ လာပဉ္စမျက်လုံးဖြစ်ပြီးမှ, ခင်ဗျားတို့ ရှုပြီးမှ သေကြပါ (မှန်ပါ့)ကဲ....တကာသစ် ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် အသေမစောပါနဲ့.ဦးလို့ဆိုတဲ့ဥစ္စာ ပြောရတယ် (မှန်ပါ့ဘုရား)။

မေးတနေ့, သေတနေ့ဆိုတာ လူမိုက်စကားကို တကာကြွယ်တို့....ဦးမာဒင်တို့က မယုံလိုက်ပါနဲ့.....(မှန်ပါ့ဘုရား)မယုံပါနဲ့တဲ့ ဒါမပြင်ယင် ဒီလမ်းချည့်ပါလား....(မှန်ပါ့)။

ဒါ ဘုန်းကြီးကဲ့ ပြောတာလား.... ဓမ္မနိယာမလား....(ဓမ္မနိယာမပါဘုရား)။

ကဲ....ဦးမာဒင် ပေါ်ပြီ....(ပေါ်ပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ဓမ္မနိယတတာ - ဓမ္မနိယာမာဆိုကဲ့ .... ဘုရားကိုက ဓမ္မ.

နိုယာမကွဘဲ့....၊ ဒါတော့ မှစနဲ့၊ ဒါ စ,ယင် ဒါလာမှာဘဲတဲ့.... (မှန်ပါ့)။

ဒါစ,ယင် ဒါ လာမှာဘဲ၊ ဒီဌစ,ယင် ဒီ ပဋိစ္စသမုပ္ပါဒ်လာမယ်....(မှန်ပါ့)တဏှာ စ,ယင် အလယ်ပဋိစ္စသမုပ္ပါဒ်....(လာမှာပါဘုရား)မာန စ,ယင်.... (လာမှာပါဘုရား) ပုထုဇန်မျက်လုံးကလဲ ကြည့်လိုက်ယင် ဒီသုံးခု ပေါ်တော့တာဘဲ....(မှန်ပါ့)။

ပုထုဇန်မျက်လုံးက မိမိကိုယ်သာ ကြည့်လိုက်ယင်တော့ဖြင့်.... (ဒီသုံးခုပေါ်ပါတယ်ဘုရား) ဂါဆိုတာလဲ ပေါ်လာတာဘဲ.... (မှန်ပါ့) ကိုယ့်.ကိုယ်ခင်တဲ့ တဏှာကလေးကနေကာ... (ပေါ်လာပါတယ်ဘုရား) ငါ....ဘယ်သူ.ဇာတ်မှ မကျနေးဘူးဆိုတဲ့ မာနကလေးကကော.... (ပေါ်လာပါတယ်ဘုရား) သဒ္ဒာကျပလား ...(ကျပါပြီဘုရား)။

အိမ်မှာ ခင်ဗျားတို့များ အို ...တကာမတွေ့များ ဆောင့်ကြီးအောင့်ကြီးနဲ့ ဖြစ်နေလိုက်တာ ဟ....ဘာဖြစ်ကြတာတုံး၊ ကိုယ့်.ဟာကိုယ် လုပ်စားနိုင်နေးတယ်..(မှန်ပါ့)ဒီလမ်းက လာတာဘဲ (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ)။

ကိုယ့်.ဟာကိုယ် လုပ်စားနိုင်ဒသးတယ်၊ ရှင်တို့ ယောကျ်ားတွေ့ လုပ်ခကျွးမှ မဟုတ်ပါဘူး·အစရှိသည်နဲ့.....(မှန်ပါ့) အေး...မင်းတို့ ချက်ခကျွးမှ ဒို့.စားရမှာ မဟုတ်ပါဘူး ဆိုတာသဲ့ ဒီလမ်းက လာတာဘဲ....(မှန်ပါ့ဘုရား) မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါက အိမ်မှာ တကာတကာမတို့ နှစ်ယောက် အလိုမကျ တိုင်း မကျတိုင်းသာတယ် .. (မှန်ပါ့) မာနက လာတယ်....(လာ ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အလိုမကျတိုင်း·မကျတိုင်း မာနပဋိစ္စသမုပ္ပါဒ်က တန်းသွား တယ်.... (မှန်ပါ့ဘုရား)။

တခါ အလိုကျနေတဲ့အချိန်ကျတော့ တယောက်တယောက် ခင်နေကြပြန်တော့ သူ့ကိုယ်ခင်· ကိုယ့်ကိုသူခင်ဆိုတဲ့တဏှာလာ တယ်....(မှန်ပါ့) ဟခါတည်း သူ့ ငါအားကိုး၊ ငါ့ သူအားကိုး ဆိုတဲ့ဒိဋ္ဌိကကော .. (လာပါတယ်) သွားပြီ-သွားပြီ ကယ်လို့ကို မရဘူး....(မှန်ပါ့) ရိပ်မိကြပလား .. (ရိပ်မိပါပြီ) အတော်ဆိုး နေတယ်ဆိုတာ ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

သြော်....ဒါဖြင့် ခင်ဗျားတို့အိမ်မှာ ဘာများလုပ်နေသတုံး လို့ တကာကြွယ် မေးပရှာစတော့နော်....(မှန်ပါ့)မမေးသင့်ဘူး လား ...(မေးသင့်ပါတယ်ဘုရား)။

တကာကြွယ်တို့အိမ်မှာ ဘာတွေများ နေ့တိုင်းစိမ်နေကြပါ လိမ့်မလဲ .... (တဏှာ,မာန, ဒိဋ္ဌိတွေပါ) အပါယ်လေးပါးသွား ဘို့ တပည့်ခေါ်တို့ဘုရား တခါဘလေများ ပြုံးရွှင်ပြီးများစိမ့် နေတဲ့အခါပါတယ်....(မှန်ပါ့) တခါတလေကျတော့လဲ မျက်နှာ ရှစ်ခေါက်ချိုးနဲ့ ယောကျ်ားကစိမ်လိုက်၊ မိန်းမကစိမ်လိုက် .... (ပါ-ပါတယ်) ဒီလိုကောမရှိဘူးလား....(ရှိပါတယ်ဘုရား)။

တခါတလေကျပြန်တော့ ယောကျ်ားက မျက်စိကမကောင်း၊ မိန်းမက သန်သန်ထွားထွား၊ သူ့ဘဲ အားကိုးရမှာဘဲ ... တဲ့

အင်း .... ဒီဌိပဋိစ္စသမုပ္ပါဒ်က လာပြီ .... (မှန်လှပါဘုရား) မိန်းမက နေမကောင်း, ထိုင်မသာရှိမယ်၊ အို .... သူအား ကိုး ရှိသားဘဲ၊ သူလုပ်လိမ့်မပေါ့....(မှန်ပါ့) အင်း....ဒီဌိက လာပြီ....(မှန်ပါ့)။

တကာကြွယ်တို့-ဦးမာဒင်တို့-တကာသားမ်တို့ အိမ်မှာ ဘာလုပ်နေကြသတုံး.... (တဏှာ,မာန,ဒိဌိတွေပဲပဲးနေကြပါတယ်ဘုရား)။

ပိုက်ဆံမရှိမှာ အရေးမကြီးပါနဲ့၊ သူများကဲ့ရဲ့မှာ အရေးမကြီးပါနဲ့၊ သဘောကျပလား.... (ကျပါပြီ) မျက်လုံး ပြင်ပေးမည်ဆရာ ဘယ်တော့ ရပါ့မတုံးဆိုတာသာ အရေးကြီးပါ.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကိုယ်ကတော့ဖြင့် ကိုယ့်စုံမ်းရည်နဲ့တော့ဖြင့် မပြင်နိုင်တာ အမှန်....(မှန်ပါ့) ကိုယ့်စုံမ်းရည်ကဖြင့်.... (မပြင်နိုင်တာ အမှန်ပါဘုရား)။

အကြံတုံး,ဉာဏ်တုံးဘဲ (မှန်ပါ့) ဒါ.... ဘုရား တဆူတဆူပေါ်မှ တခါတခါပြင်ပေးမည့်သူပေါ်တာ-(မှန်ပါ့) ဒါကလေးများ လဲကာ, ချောက်ကာနဲ့ တကာသစ် သုံးမယ်ဆိုယင်ဖြင့် အမြုပ်သမား,အဓမ္မာသမားဖြစ်လေဦး....(မှန်ပါ့)။

အမြုပ်သမားဆိုတာ အပါယ်လေးပါး ...(မှန်ပါ့) အဓမ္မာသမားဆိုတာ မသာကောင်ထမ်းပြီးသကာလ သုံးဆဲ့တဘုံလည်တာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အမြုပ်သမားဆိုတာက....(အပါယ်လေးပါးရောက်သွားဘာပါဘုရား) အပါယ်လေးပါးရောက်သွားတဲ့ပုဂ္ဂိုလ်က အမြုပ်

သမား....(မှန်ပါ့) အမျောသမားဆိုတာက မသာကောင်ထမ်း ပြီး သုံးဆဲ့တဘုံမှာ မသာကောင် လိုက်မြုပ်တာ.... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

တကာကြွယ် မသာကောင်ထမ်းတဲ့ အမျောသမား ဖြစ်ချင် သလား·အမြုပ်သမားကြိုက်သလား.... (ဘယ်ဟာမှ မကြိုက်ပါ ဘုရား) ဒါဖြင့် မျက်လုံးပြင်.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) ဘာလုပ်ကြရမယ်.... (မျက်လုံးပြင်ရပါမယ် ဘုရား)။

မြန်မြန်ပြင်ပါဘုရားတောင် လျှောက်ဘို့ ကောင်းနေပြီ... (မှန်ပါ့) မြန်မြန်ပြင်ပါဘုရားတောင် လျှောက်ဘို့ ကောင်းနေ ပြီ တကာကြွယ်,ရ....(မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီ) အင်မတန် အရေးကြီးနေပြီ....(မှန်ပါ့)။

ဒီ့ပြင်ဟာ သားကိစ္စနဲ့လဲ တကာကြွယ် အရေးမကြီးလိုက်ပါ နဲ့.(မှန်ပါ့) သမီးကိစ္စနဲ့လဲ.... (အရေးမကြီးပါနဲ့) ပစ္စည်းကိစ္စနဲ့ (အရေးမကြီးပါနဲ့ဘုရား)။

ဒီအပါယ်သွားတတ်တဲ့ ဒီမျက်လုံးနဲ့ ဒီကိုယ်သာ ကြည့်လိုက် မယ် ဆိုယင်ဖြင့် တကာတကာမတို့ ဒီအပါယ်သွားကဖြင့် ဘယ် နည်းနဲ့မှ မလွတ်ဘူး.... (မလွတ်ပါဘုရား) လွတ်ပါ့မလား.... (မလွတ်ပါဘုရား)။

အဲဒါတွေကြည့်တော့မှ သြော်-သာမည်အရေးလား အောက် မေ့နေတယ်၊ ဒို့ဆရာဘုန်းကြီးဟောနေတဲ့ဥစ္စာ အလွန်ကြီးတဲ့ အရေးကို ယနေ့ ကိုင်ပြီးသကာလ ပြောနေတာပါလားဆိုတာ

ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) တကာသစ် ကျေနပ်ပလား .. (ကျေနပ်ပါပြီဘုရား)။

ဒါ....ဘုန်းကြီးက တကာတကာမတွေ့ စကားတတ်လို့ ပြောတာလား၊ ဓမ္မဖြစ်စဉ်ပြောတာလား.... (ဓမ္မဖြစ်စဉ်ပြောတာပါဘုရား)။

ဓမ္မဖြစ်စဉ်-နော်.... (မှန်ပါဘုရား) ဒါကြောင့် ခင်ဗျားတို့ သူတပါးနဲ့ အပြဿနာမသွားလို့ဘူးနော်.... (မှန်ပါ) ကိုယ့် ကိုယ် အကြည့်မှားလို့ အပြဿနာတာ....(မှန်ပါဘုရား) ကိုယ့် ကိုယ် အကြည့်မှားယင်တော့ ဒီ ပြင် ပဋိကိုလ်လဲ ပြင်လို့မရဘူး....(မရပါဘုရား) ရပါဦးမလား.... (မရပါဘုရား) ကိုယ့် ကိုယ် အကြည့် တတ်လို့ရှိယင် ဒီပြင်ပဋိကိုလ်, တခြားပဋိကိုလ်ကလဲ အကြည့်ဘည့် ရတော့မယ်.... (မှန်ပါ) မတည့်ပေဘူးလား.... (တည့်ပါတယ် ဘုရား)။

ကိုင်း ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ မျက်လုံးပြင် ဘို့အရေးဟာ အကြီးဆုံးအချက်....(မှန်ပါ)။

တကာကြွယ် ဘာပါလိမ့် .. (မျက်လုံးပြင်ဘို့ဟာ အကြီးဆုံး အချက်ပါဘုရား)။

မပြင်ယင် ကြည့်တိုင်း,ကြည့်တိုင်း ပဋိစ္စသမုပ္ပါဒ် သုံးခုလာမယ်....(မှန်ပါ့)။

မပြင်ယင် ကြည့်တိုင်း,ကြည့်တိုင်း....(ပဋိစ္စသမုပ္ပါဒ်သုံးခုလာမှာပါဘုရား) ဒီဌိပဋိစ္စသမုပ္ပါဒ်.... (မှန်ပါ့) ဒီဘက်က တဏှာပဋိစ္စသမုပ္ပါဒ်.... (မှန်ပါ့) မာနပဋိစ္စသမုပ္ပါဒ်.... (လာပါတယ်

ဘုရား) တကာတကာမတို့ မျက်လုံး မပြင်ယင်ဖြင့် လာရမယ် ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

တကာကြွယ် ကိုယ့်.ကိုယ်လဲ ချိန်ကြည့်နော် .. (မှန်ပါ့) ဘယ် တော့မှ မပြင်ခဲ့ဘူးဆိုတာကော....(မပြင်ခဲ့ပါဘုရား) ရှင်းပလား။ (ရှင်းပါပြီဘုရား)။

မပြင်တာ,ပြင်တာ ဘာမှ အကဲခတ်မနေနဲ့.....၊ ကိုယ့်.မှာ အပါယ်လေးပါး စိတ်မချရတာသာ ကြည့်တော့....(မှန်ပါ့ဘုရား) ဪ... ဒီရှေးက မပြင်ခဲ့ဘူးဘူး....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကဲ... ဒါဖြင့် တကာတကာမတို့ မျက်လုံးပြင်ကြပါစို့.ဆိုတဲ့ ဥစ္စာကော သဘောတူ ဆုံးဖြတ်ချက်ချရမယ်.... (မှန်ပါ့ဘုရား) ပြဉ်ကြ.... (ပြင်ရမှာပါဘုရား) မပြင်ယင် ဖြစ်ကို့,မဖြစ်ဘူး— (မဖြစ်ပါဘုရား)။

တကာ တကာမတို့ နောက်က တကာ တကာမတွေကော မပြင်ယင် ဘယ်.နှယ်တုံး....(မဖြစ်ပါဘုရား)။

မပြင်လို့ ဒိယင် ခင်ဗျားတို့ ဒီပဋိစ္စသမုပ္ပါဒ် တခါကြည့်ယင် သုံးခု.... (မှန်ပါ့ဘုရား) တနေ့ ဘယ်နှစ်ခါကြည့်သတုံးဆိုတော့ မရေတွက်နိုင်ဘူး... (မှန်ပါ့) ကြည့်လိုက်တိုင်း, ကြည့်လိုက်တိုင်း ကလဲ ဒီသုံးခု ထွက်လာတယ်.... (မှန်ပါ့) မထွက်ဘူးလား.... (ထွက်ပါတယ်ဘုရား)။

ကဲ...ဒါဖြင့် လွတ်ရက်မျှားရှိသေးသလား အပါယ်လေးပါး မှ... (မရှိပါဘုရား) ဦးမာဒင် ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

ကဲ ဒါဖြင့် တကာကြွယ်,ရေ ဒီမျက်လုံး ပြင်ကြပါစို့နော် (မှန်ပါ့ဘုရား)။

ကိုင်း... ဒါဖြင့် ဆိုးဝါးတာတော့ သိပြီ၊ အပြစ်ပြပြီးသွားပြီ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့၊ တကာတကာမတို့ မျက်လုံးပြင်တော့မယ်၊ သတိထားပါ....(မှန်ပါ့)ဘာသတိထားရမဘုံး....(မျက်လုံးပြင်တော့မယ် သတိထားပါဘုရား)။

မျက်လုံး ပြင်တော့မယ်ဆိုတော့ တပည့်တော်တို့ဘုရား လို့မသိတဲ့လူတုံးသမားတွေကတော့ မေးချင်မေးမယ်.... (မှန်ပါ့) တပည့်တော်တို့မျက်လုံး ဘာများ ပြင်စရာရှိသေးသတုံး ...လို့ မေးချင်မေးလိမ့်မယ်.... (မှန်ပါ့) သူတို့က တိမ်သလောလောက် နားလည်တာကိုး.... (မှန်ပါ့) မျက်လုံးထဲမှာ တကာတကာမတို့ အမှားမျက်လုံးကြီးရှိနေလို့ပြင်ရမှာ.... (မှန်ပါ့)။

ဘာရှိနေသတုံး.... (အမှားမျက်လုံးကြီးရှိနေလို့ ပြင်ရမှာပါဘုရား) အမှားမျက်လုံးကြီးရှိနေလို့ပြင်ရမှာကို ခင်ဗျားတို့က စေ့းကိုင်မနေပါနဲ့တော့....(မှန်ပါ့) ကျုပ်မျက်လုံး သိပ်ကုရမထင်ပါဘူးလို့ လုပ်မနေနဲ့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မျက်လုံးဟာ သိပ်ကုရမည့်မျက်လုံးလား တကာတကာမတို့ အကြီးအကျယ်ကိုဘဲ ပြင်ဆင်ရမှာလား.... (အကြီးအကျယ် ပြင်ဆင်ရမှာပါဘုရား) သာမညဆေးဝါးနဲ့ တကာ့ကြွယ် မရသေးဘူး....(မရသေးပါဘုရား) သဘောပါကျပလား.... (ပါ,ပါပြီဘုရား)။

အကြီးအကျယ် ဝိပဿနာဆေးကို မကုရလို့ရှိယင် ရကို့,မရပါဘူး.... (မရပါဘုရား) ရကိုမရဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒီလိုလုပ်ကြစို့၊ ဒါလဲ မိမိကိုယ် မဟုတ်ပါဘူး (မဟုတ်ပါဘုရား) နဂိုရိုက မိမိကိုယ်ကို ပုထုဇန်မျက်လုံးနဲ့ ကြည့်တယ်....(မှန်ပါ့)။

ကဲ.... ဒီကစ,ပြီး တကာတကာမတို့ မှန်ကစ,ပြီး ဒီကနေပြီး ဒါ...မိမိကိုယ်မဟုတ်ပါဘူး တကာတကာမတို့ ခန္ဓာငါးပါးပါ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဒီခန္ဓာငါးပါးကလဲ ကံ,စိတ်,ဥတု,အာဟာရက လုပ်ထားတာပါ?....(မှန်ပါ့) ဘယ်သူက လုပ်ထားသလဲ... (ကံ,စိတ်,ဥတု,အာဟာရက လုပ်ထားပါတယ်ဘုရား)။

အင်း....နည်းနည်းတော့ရှင်းလာပြီ.... (မှန်ပါ့) နည်းနည်းရှင်းပြီ . ၊ မှန်ဘက်ကစ,ပြင်တယ်.... (မှန်ပါ့)။

ဒီ-ခန္ဓာငါးပါးဟာ တကာတကာမတို့ ကိုယ်ပိုင်လား....၊ ကံ စိတ် ဥတု အာဟာရကလုပ်ထားတာလား(ကံ စိတ် ဥတု အာဟာရက လုပ်ထားဘာပါဘုရား)။

ဒါဖြင့်ခန္ဓာငါးပါး၏ မူရင်းရှာတော့လဲ ကံ စိတ် ဥတု အာဟာရလာတွေ့တယ်....(မှန်ပါ့ဘုရား)။

ဘာလာတွေ့ပါလိမ့် (ကံ စိတ် ဥတု အာဟာရလာတွေ့ပါတယ်ဘုရား)။

ဒီအထဲက ငါ့ကိုယ်မဟုတ်ဘူး.... (မှန်ပါ့) ငါ့ဟာ....(မဟုတ်ပါဘုရား) ကြည့်လေ သူတို့စိမ်ထားတာက ဘယ်သူပါလိမ့်....

(ကံ စိတ် ဥတု အာဟာရပါဘုရား)အင်း....ဒီဌိကလေးနည်းနည်း ပြုတ်ချင်လာပြီ....(မှန်ပါဘုရား)။

ဒီဌိကလေး နည်းနည်းပြုတ်ချင်လာပြီ တကာကြွယ်ရ.... (မှန်ပါ)မျက်လုံးပြင်ပေးတာလေ.... (မှန်ပါ)။

အင်း....ခန္ဓာငါးပါးဟာ ဘယ်သူကမျှး တည်ထောင်လိုက်ပါလိမ့် .... (ကံ စိတ် ဥတု အာဟာရက တည်ထောင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ကံ စိတ် ဥတု အာဟာရတွေက တည်ထောင်လိုက်တယ်ဆိုတော့ သေချာသွားပြီ....(မှန်ပါ)။

နာမ်,ဓမ္မတွေလဲ တူတူဘဲ အာရုံဒွါရက တည်ထောင်လိုက်တယ်ဆိုတော့ သေချာသွားပြီ...(မှန်ပါ)မသေချာသေးဘူးလား (သေချာပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် နာမ်လဲ ကိုယ်ပိုင်ဟုတ်ပါရဲ့လား.... (မဟုတ်ပါဘုရား) ရုပ်ကော....(မဟုတ်ပါဘုရား) နာမကွန္ဓာလေးပါးလဲ ကိုယ်ပိုင်မဟုတ်ဘူး.... (မဟုတ်ပါဘုရား) ဒီက ရူပကွန္ဓာတပါးကကော....(မဟုတ်ပါဘုရား)။

ဩော်.... ရှိတာက နာမ်,ရုပ်၊ တခုမှလဲကိုယ်ပိုင်မဟုတ်ဘူး.... (မဟုတ်ပါဘုရား)။

ရှိတာက....(နာမ်,ရုပ်ပါဘုရား)တခုမှလဲ.... (ကိုယ်ပိုင်မဟုတ်ပါဘုရား)ကိုယ်ပိုင်မဟုတ်ကြောင်း သူတို့ကသက်သေခံနေတယ်.... နောက်ပိုင်းက သက်သေခံနေတယ်....(မှန်ပါ)။

တကာကြွယ် နေရာကျပလား....(ကျပါပြီ) ဘယ်သူက သက်သေခံသတုံး.... (နောက်ပိုင်းက သက်သေခံနေပါတယ်ဘုရား)။

နောက်ပိုင်းက ကံ စိတ် ဥတု အာဟာရကသူတို့ပြုပြင်တာပါတဲ့၊ အာရုံဒွါရတွေကလဲ သူတို့ပြုပြင်တာပါတဲ့၊ ခင်ဗျားတို့ခန္ဓာမဟုတ်ပါဘူးတဲ့....(မှန်ပါ့) သူတို့လုပ်ထားတာပါ.... (မှန်ပါ့ဘုရား)။

အဲဒီကတည်းက ခင်ဗျားတို့က ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ, ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ဒါ....မျက်လုံးကလေး ပြင်လိုက်ပြီနော်.... (မှန်ပါ့)မျက်လုံးပြင်လိုက်ပြီ... (မှန်ပါ့) ဒါက စောစောစီးစီး မျက်စဉ်းခပ်တာရှိသေးတယ်၊ အတွင်းဆေးမပေးရသေးဘူး....(မှန်ပါ့)။

ဘာဘဲရှိသေးသတုံး.... (မျက်စဉ်းခပ်တာဘဲ ရှိပါသေးတယ်ဘုရား)။

မျက်စဉ်းနဲ့ကုတုန်းရှိသေးတယ် တကာတကာမတို့ရဲ့၊အတွင်းဆေးက ဝိပဿနာကို ရှုရဦးမှာ....(မှန်ပါ့)အခုဟာက မျက်စဉ်းကလေးပေးတာ တည့်-မတည့် စမ်းတုန်းရှိသေးတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....တကာကြွယ် ဒါဖြင့် ခင်ဗျားတို့ရှိတာက ရုပ်,နာမ်.... ရုပ်,နာမ်ကိုဘယ်သူတည်ထောင်လိုက်ပါလိမ့်(ကံစိတ်ဥတုအာဟာရနဲ့အာရုံဒွါရကပါဘုရား)ကံစိတ်ဥတုအာဟာရ,အာရုံဒွါရတည်ထောင်လိုက်တာဆိုတာ သေချာပြီ.... (မှန်ပါ့) သေချာတော့

ဒီဥစ္စာ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ ဟုတ်သေးရဲ့လား-(မဟုတ်ပါဘုရား)။

ဩော်.. ဒီတရားဟာ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ မဟုတ်ဘူးဆိုတဲ့ အသိသဘောနဲ့ တဏှာမာနဒိဋ္ဌိတွေဖြင့် မပြုတ်သာမပြုတ်သေးတယ် ကိုယ့်ဟာမဟုတ်ကြောင်းတော့ ကောင်းကောင်းသိပြီ (မှန်ပါဘုရား) သို့သော် သက်သေခံတော့ ကောင်းကောင်းမလုံလောက်သေးဘူး.... (မလုံလောက်သေးပါဘုရား) ကံစိတ်ဥတု အာဟာရက ပြုပြင်လို့ ပေါ်လာတာဆိုတာတော့ တကာကြွယ်တို့, ဦးမာဒင်တို့က ယုံကြည်ပြီ....(ယုံကြည်ပါပြီဘုရား)။

ယုံကြည်တာလောက်ဘဲ ရှိသေးတယ်... (မှန်ပါ)ဒါလောက်နဲ့ မရသေးဘူး.... (မှန်ပါ) ဒါလောက်နဲ့ မရသေးဘူး-တဲ့ တကာတကာမတို့....(မှန်ပါ)။

ဒါ့ကြောင့် ဒါလောက်သိတာကတော့ သိမှလောက်ဘဲ ရှိသေးတယ်....(မှန်ပါ) ကျင့်မှမပါသေးဘူး.... (မပါသေးပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒါလောက်သိတော့ကို ဥာတပရိညာစခန်းပြီးသွားပြီ (မှန်ပါ) ပဌားမှုတီရဏပရိညာ စခန်းလုပ်ရလိမ့်မယ် .... (မှန်ပါဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့တော့၊ ကဲ ...ကံ,စိတ်,ဥတု, အာဟာရကြောင့် ဖြစ်တဲ့တရားကို ကျုပ်တို့က စောင့်ကြည့်မယ်....(မှန်ပါ) ကံကြောင့်ဖြစ်တဲ့တရား, စိတ်ကြောင့်ဖြစ်တဲ့တရား, ဥတုကြောင့်ဖြစ်တဲ့တရား, အာဟာရကြောင့်ဖြစ်တဲ့တရား, အာရုံဒါရကြောင့်

ဖြစ်တဲ့တရားတွေကို ကျုပ်တို့က စောင့်ကြည့်မယ်.... (မှန်ပါ့ဘုရား)။

ဖြစ်တာကတော့ သူတို့ ခုနင်က အကြောင်းတွေကြောင့်ဖြစ်ခဲ့တယ်....(မှန်ပါ့) ဖြစ်တဲ့တရားကို တကာကြယ်ကစောင့်ကြည့်၊ ဥပမာ ဒီ.ပြင်ဟာ မကြည့်ချင်နေဦး ဝေဒနာကလေးသုံးပါး၊ အာရုံဒွါရကြောင့်ဖြစ်တဲ့ ဝေဒနာကလေးသုံးပါးဘဲ၊ ကဲ.... ခန္ဓာငါးပါးလုံး မဟောပါဘူး....(မှန်ပါ့)။

ဝေဒနာသုံးပါးထဲက သုခဝေဒနာကလေးကလဲ အာရုံဒွါရထိခိုက်တော့ ပေါ်လာတယ်.... (မှန်ပါ့) ဒုက္ခဝေဒနာကလေးလဲ့ အာရုံဒွါရထိခိုက်တော့... (ပေါ်လာပါတယ်) ဥပေက္ခာဝေဒနာကလေးဟာလဲ.... (အာရုံဒွါရထိခိုက်တော့ ပေါ်လာပါတယ် ဘုရား)။

ပေါ်လာတာကလေးကို တကာသစ်က ပေါ်တော့ပေါ်ပြီဟုတ်လား....(မှန်ပါ့) မြေတော့တော့ပြီ ဘယ်သွားမတုံး၊ တွင်းထဲမဝင်ဘူးလား ဝင်သလား စောင့်ကြည့်သလိုပေါ့ဗျာ- (မှန်ပါ့) တော့လို့ရှိယင် စောင့်ကြည့်နေ....(မှန်ပါ့)။

စောင့်ကြည့်တော့ဝေဒနာကလေးပေါ်တာလဲတော့လိုက်တယ် (မှန်ပါ့) စောင့်ကြည့်နေတဲ့ပုဂ္ဂိုလ်ကို ဝေဒနာကလေးပျက်တာကော....(တော့ပါတယ်ဘုရား)။

ဩော်....နဂိုရိုက်လဲ ကိုယ်လုပ်ထားတာမဟုတ်ဘူး- (မှန်ပါ့) စောင့်ကြည့်တော့လဲ... တဲ့ အနိစ္စလို့ တော့တယ်....(မှန်ပါ့ဘုရား)။

နဂိုရိုက ကိုယ်လုပ်ထားတာမဟုတ်ဘူး.... (မဟုတ်ပါဘုရား) စောင့်ကြည့်တော့ ဘာတွေ့သတုံး.... (အနိစ္စကလေးတွေ့ပါတယ် ဘုရား)။

အနိစ္စတွေ့တယ်.... (မှန်ပါ့) ဒါဖြင့် ခင်ဗျားတို့ အနိစ္စမြင်တဲ့ မျက်လုံးတပ်ပေးတယ်....(မှန်ပါ့ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတပ်ပေးလိုက်သလဲ.... (အနိစ္စမြင်တဲ့ မျက်လုံးတပ်ပေးပါတယ်ဘုရား)။

တကာကြွယ် နေရာကျပြီ ...(ကျပါပြီဘုရား) အင်း... နဂိုရိုက ဘုန်းကြီးက ဒီ သုခဝေဒနာဆိုတာလဲ တကာတကာမတို့ စားကောင်းလဲ သုခဝေဒနာပေါ်တာဘဲ .. (မှန်ပါ့)အိပ်ကောင်းလဲ (သုခဝေဒနာပေါ်ပါတယ်ဘုရား)နေပူ,လေပူကလေးကိုကိုယ်ကကြိုက်လို့ တွေ့ပြန်တော့ကော.... (သုခဝေဒနာ ပေါ်ပါတယ်ဘုရား)နေပူ,လေပူမကြိုက်လို့ တွေ့ပြန်တော့ .. (ဒုက္ခဝေဒနာပေါ်ပါတယ်ဘုရား) အလတ်စားတွေ့ပြန်တော့ ... (ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား)။

ခန္ဓာကိုယ်ထဲမှာ ဝေဒနာတွေ့က အချိုးကျဆိုသလို သူ့ဟာနဲ့သူ ပေါ်ချင်သလိုပေါ်နေတယ် .. (မှန်ပါ့) အင်း....ဒါ- အာရုံဒါရိုက်ကြောင့်ဖြစ်တဲ့ ဝေဒနာတွေ့ဘဲ -(မှန်ပါ့) ဖဿပစ္စယာ ဝေဒနာဘဲ....(မှန်ပါ့)။

ဘယ်သူ့ကြောင့်ဖြစ်ပါလိမ့်.... (ဖဿကြောင့်ဖြစ်ပါတယ်ဘုရား)အဲ ... ဖဿပစ္စယာဝေဒနာကလေးတွေ့ ဖဿကလုပ်ထားတယ်.. (မှန်ပါ့)။

ဖဿကလုပ်ထားတဲ့ ဝေဒနာကလေးတွေတော့တကာတကာမ တွေ့ကသိပြီ၊ ဒီဝေဒနာသဘောဆိုးအောင် လိုက်ဦး.... (မှန်ပါ့ ဘုရား)။

တကာသစ် စောင့်ကြည့်လိုက်တော့ ဒီဝေဒနာကလေးဟာ ဘာဖြစ်သွားသတုံး-(အနိစ္စဖြစ်သွားပါဘယ်) ပျက်စီးသွားတယ် (မှန်ပါ့ဘုရား)။

ဩော်... ငါ့ဟာ နဂိုရှိကလဲ ငါ့ဟာမဟုတ်ဘူး ...(မှန်ပါ့) အခု ကိုယ်တိုင်စောင့်ကြည့်လိုက်ပြန်တော့လဲ ငါ့ဟာမဟုတ် ကြောင်း ဝေဒနာကသက်သေခံတယ်....(မှန်ပါ့ဘုရား)။

စောင့်ကြည့်တော့ ငါ့ဟာမဟုတ်ကြောင်းကို.... (ဝေဒနာက သက်သေခံပါတယ်ဘုရား)။

ဝေဒနာက သက်သေခံတယ်၊နဂိုရှိကလဲ ငါ့ဟာ မဟုတ်ဘူးလို့ သိထားတယ် (မှန်ပါ့)ငါ့ဟာမဟုတ်ဘူးလို့ သိထားငြားသော်လဲ စောင့်ကြည့်တဲ့သဘောနဲ့ စောင့်ကြည့်လိုက်ပြန်တော့ ဒီဝေဒနာကဘဲ မင်းတို့ဟာမဟုတ်ဘူးဆိုပြီး ပျက်ပြတယ်၊ပျောက်ပြတယ်.... (မှန်ပါ့)မပြဘူးလား....(ပြပါတယ်ဘုရား)။

အဲဒီပြတော့မှ တကာတကာမတို့ အင်း ....နဂိုရှိက ငါ့ဟာ မဟုတ်ဘူးသိရုံကလေး၊ အပြောနဲ့တင်သိရတယ် ... (မှန်ပါ့) အခု တော့ ကိုယ်ကိုယ်တိုင် ဘုန်းကြီးပေးတဲ့မျက်လုံး အရိယာသာဝက တို့၏ မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ပျောက်တာနဲ့ ပျက်တာဘဲရှိတယ်....(မှန်ပါ့) ဖြစ်တာနဲ့ ပျက်တာဘဲ .... (ရှိပါ တယ်ဘုရား)ဒီ.ပြင် ဘာရှိသေးသတုံး .. (ဘာမှမရှိပါဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဖြစ်တာနဲ့ ပျက်တာဘဲရှိတော့ ဒီကလဲ နဂိုရိကမိမိလုပ်ထားတာဟုတ်ရဲ့လား....(မဟုတ်ပါ)ကြည့်ပြန်တော့လဲ ဘာတွေ့သလဲ.... (ဖြစ်တာနဲ့ပျက်တာဘဲတွေ့ပါတယ်ဘုရား)ဖြစ်မှုနဲ့ ပျက်မှုတွေ့တယ်....(မှန်ပါ့ဘုရား)။

နဂိုရိကာ ကိုယ်လုပ်ထားတာကော ဟုတ်ရဲ့လား၊ ဝေဒနာကလေးတွေ့ဟာလေ....(မဟုတ်ပါဘုရား)။

နဂိုရိကာ ဝေဒနာကလေးတွေ့က ဥပမာ အပူဖဿနဲ့တွေ့ယင် အပူဝေဒနာပေါ်တာဘဲ.... (မှန်ပါ့) အအေးဖဿနဲ့တွေ့ယင် .... (အအေးဝေဒနာ ပေါ်ပါတယ်) အဲ့....အအေးနဲ့ထိယင် အအေးဝေဒနာပေါ်တယ် ...(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒါ နဂိုရိကဝေဒနာကလေးပေါ်လာတုန်းက ဖယ်ကြောင့် ပေါ်တာ.... (မှန်ပါ့) ပေါ်တာကြည့်လိုက်ပြန်တော့ တကာတကာမတွေ့က ဒီက ဆရာပေးတဲ့ မျက်လုံး, အရိယာသာဝက၏ မျက်လုံး ခင်ဗျားတို့ကိုပေးထားပါတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အခုပေါ်တာကလေး ဆုံးအောင်လိုက်စမ်း....(မှန်ပါ့)ဘာတွေ့သလဲ .. (အနိစ္စတွေ့ပါတယ်)ပျက်စီးသွားတာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကားတကာမတို့ သူများလုပ်ထားတာလဲ ကောန်.... (မှန်ပါ့) ကိုယ်တိုင်ကြည့်လိုက်တော့ ပျက်စီးတာလဲ အမှန်.... (မှန်ပါ့ဘုရား)။

သူများလုပ်ထားတာလဲ... (ကောန်ပါ) ကိုယ်တိုင်ကြည့်လိုက်တော့.... (ပျက်စီးတာလဲအမှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်မှာသာလျှင် ဒီဥစ္စာသည် ငါလို့ဆိုစရာကော... (မရှိပါဘုရား)။

ငါလို့ဆိုစရာမရှိကတည်းက တကာ တကာမတို့ နဂိုရှိက ဒီခန္ဓာကြောင့် တဏှာ,မာန,ဒိဋ္ဌိဖြစ်တယ်....(မှန်ပါ့) အခုတော့ သူတပါးလုပ်ထားတာလဲ သိရတယ်၊ ကိုယ်တိုင်ပုထုဇဉ်မျက်လုံးဖြုတ်ပြီး အရိယာသာဝကမျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျလို့ ရှိယင်လဲ ကိုယ့်ရှေ့တွင်ဘဲ ဝေဒနာကလေးက ပျက်သွားတယ်....(မှန်ပါ့ဘုရား)။

ပျက်သွားတော့ တကာတကာမတို့ ဒါ ငါမဟုတ်ဘူးဆိုတာ သေချာသွားပြီ....(သေချာပါတယ်ဘုရား)။

ငါမဟုတ်ဘူးဆိုတာဝိပဿနာဉာဏ်နဲ့ကြည့်လိုက်တော့ ဘယ့်နှယ်တုံး ...(သေချာပါတယ်) ဒါဖြင့် ဒီဋ္ဌိပဋိစ္စသမုပ္ပါဒ်ပြုတ်-မပြုတ်....(ပြုတ်ပါတယ်ဘုရား)။

ကြည့်ဦး....၊သုခဝေဒနာကလေး ပေါ်လာတာကိုလဲ မိမိလုပ်လို့ ပေါ်တာလား-ဖယ်ကြောင့် ပေါ်လာတာလား .... (ဖယ်ကြောင့်ပေါ်လာတာပါဘုရား)။

စောင့်ကြည့်ဦး- ဦးမာဒင်ရေ၊ စောင့်ကြည့်တော့ ဘာတွေ့တွေ့သလဲ....(အပျက်တွေ့တွေ့ပါတယ်) ပျက်စီးတာတွေ့တယ် ... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ပျက်စီးတာတွေ့တဲ့ အခါကျတော့ သြော်-ဒီဥစ္စာသည်ဖြစ်ပြီး ပျက်တဲ့ အသုဘသဘောဘဲ....(မှန်ပါ့) မွေးပြီးသေတဲ့ အသုဘ သဘောကော....(မှန်ပါ့)မရဘူးလား (ရပါတယ်ဘုရား)။

အဲဒါရတာ ကြည့်လိုက်တဲ့ အခါကျတော့မှ တကာဘကာမ တို့ ခင်စရာ,မင်စရာလာသေးသလား... (မလာပါ)ဒါဖြင့်အလယ် ပဋိစ္စသမုပ္ပါဒ်ပြုတ်တယ်....(ပြုတ်ပါတယ်) မပြုတ်သေးဘူးလား- (ပြုတ်ပါတယ်ဘုရား)။

ဘယ်ပဋိစ္စသမုပ္ပါဒ်ပြုတ်သတုံး.... (အလယ်ပဋိစ္စသမုပ္ပါဒ်ပြုတ် ပါတယ်) အလယ်ပဋိစ္စသမုပ္ပါဒ်ဆိုတာ တကျာ,ညပါဒါန်,ကံပြုတ် တယ်... (မှန်ပါ့ဘုရား)။

စောင့်ကြည့်ပါဦး- စောင့်ကြည့်ပါဦး တကာတကာမတို့ .... (မှန်ပါ့) ဒီခန္ဓာကြီးသည်ကား လို့ဆိုယင် တကာတကာမတို့ ဒီ ဝေဒနာသည်ကားလို့ဆိုယင်ဖြင့် ဖဿကပြုပြင်ထားတာ .... (မှန်ပါ့) စောင့်ကြည့်တဲ့အခါကျတော့ ဦးမာဒင်ရေ ဘာတွေ့ ပြန်သတုံး....(အပျက်တွေ့ပါတယ်ဘုရား)။

သြော်....နဂိုရှိကလဲ မိမိလုပ်ထားတာမဟုတ်ဘူး....(မှန်ပါ့) စောင့်ကြည့်လိုက်ပြန်တော့လဲ မိမိလုပ်ထားတာ မဟုတ်တဲ့အတွက် ပျက်စီးတာဘဲတွေ့ရတဲ့ အခါကျတော့ ကိုယ်ပိုင်လဲမဟုတ်လို့ မာနတက်စရာမရှိဘူး(မှန်ပါ့)ပျက်စီးတတ်တာ အမြင်သားဘဲလို့ ယူသောကြောင့်လဲ မာနမရှိနိုင်ဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် အဆုံးပဋိစ္စသမုပ္ပါဒ်ကော မပြုတ်ဘူးလား .... (ပြုတ် ပါတယ်)သဘောပါပလား....(ပါပါပြီဘုရား)။

ဒါ ဘယ်မျက်လုံးတပ်ကြည့်လိုက်တာပါလိမ့် .... (အရိယာမျက်လုံးတပ်ကြည့်တာပါ) အရိယာတို့၏ သာဝကမျက်လုံးတပ်ကြည့်တယ်... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာမျက်လုံးတပ်ကြည့်လိုက်ပါလိမ့်....(အရိယာတို့၏ သာဝကမျက်လုံးတပ်ကြည့်ပါတယ်ဘုရား)။

အဲ... အရိယာတို့၏- အရိယာကဟောတဲ့ ခင်ဗျားတို့သန္တာန်မှာ တပည့်ဖြစ်တဲ့၊ ဖြေသာ်....သူကဒီလိုဟောလို့ ဒီမျက်လုံး တပ်ကြည့်တယ်ဆိုပြီး ကြည့်လိုက်တော့ 'သုတဝါ အရိယသာဝကော' (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အကြားအမြင်များတဲ့ အရိယာတို့၏တပည့် မျက်လုံးတပ်ကြည့်လိုက်တော့ ခုနင်က တကာတကာမတို့ ဒိဋ္ဌိပဋိစ္ဆသမုပ္ပါဒ်ပြုတဲ့-မပြုတ်... (ပြုတ်ပါတယ်)ရှင်းပြီ....(ရှင်းပါပြီ) တဏှာပဋိစ္ဆသမုပ္ပါဒ်... (ပြုတ်ပါတယ်) မာနပဋိစ္ဆသမုပ္ပါဒ်.... (ပြုတ်ပါတယ်ဘုရား)။

ဖြေသာ်... ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုကြည့်လိုက်တဲ့အခါကျတော့မှ ဝေဒနာကခန္ဓာဆိုတဲ့ ဝေဒနာသုံးမျိုး ကြည့်လိုက်တဲ့အခါကျတော့မှ မူလအကြောင်းကလဲ ဝေဒနာဆိုတာဖဿကြောင့်ဖြစ်တာ...(မှန်ပါ့)သဘောကျပလား .... (ကျပါပြီဘုရား)။

ကိုယ်လုပ်ထားတာလား-ဒီဝေဒနာဟာ.... (မဟုတ်ပါဘုရား) ဝေဒနာသုံးမျိုးစလုံး ဘယ်သူကလုပ်ထားတာတုံး... (ဖဿကလုပ်ထားပါတယ်ဘုရား)။

ဖဿကလုပ်ထားတာသိပြီ....(မှန်ပါ့) သိတော့ အင်း-ဖဿကလုပ်ထားတာဆိုတော့ မိမိခန္ဓာလို့ ဆိုစရာကောရှိသေးသလား.... (မရှိပါဘုရား)။

သို့သော် ဒီလောက်နဲ့မကျေနပ်တာနဲ့အရိယာမျက်လုံးတပ်ပြီး ကြည့်လိုက်ပါဦးဆိုတော့ စောင့်ကြည့်လိုက်တော့ ဘာတွေ့သလဲ (အပျက်သာတွေ့ပါတယ်ဘုရား)။

ဟာ....ဒါဖြင့် သူများလုပ်လို့ဖြစ်တယ်၊ ဟုတ်လား(မှန်ပါ့) သူများလုပ်လို့ဖြစ် ကိုယ်တိုင်ကြည့်ဘော့ပျက်.... (မှန်ပါ့ဘုရား)။

သူများလုပ်ထားလို့ (ဖြစ်ပါတယ်)ကိုယ်တိုင်ကြည့်လိုက်တော့ (ပျက်ပါတယ်ဘုရား)။

ဒါဖြင့် တကာဘကာမတို့ ဖြစ်တုန်းကလဲ ကိုယ်မပါ....(မပါပါဘုရား)အပျက်ထဲမှာလဲ ကိုယ်လို့ချင်တာ ငါ့ဟာဆိုစရာမရှိ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အဖြစ်ထဲမှာလဲ ငါမပါ....(မှန်ပါ့) အပျက်ထဲမှာလဲ (ငါမပါပါ)ဒါဖြင့် ဒီဋ္ဌိပြုတ်ပြီ....(မှန်ပါ့ဘုရား)။

အဖြစ်ထဲမှာလဲ....(ငါမပါပါ) အပျက်ထဲမှာလဲ.... (ငါ-မပါပါဘုရား) ဘာပြုတ်သွားသတုံး (ဒီဋ္ဌိပြုတ်သွားပါတယ်ဘုရား)။

ဒါဖြင့် အဖြစ်ဟာလဲ ကိုယ်လုပ်ထားတာမဟုတ်လို့ ခင်စရာရှိရဲ့လား....(မရှိပါဘုရား) အပျက်ဟာလဲ ပျက်နေတာမို့ ခင်စရာကော....(မရှိပါဘုရား) ဒါဖြင့် တဏှာပဋိစ္စသမုပ္ပါဒ်ကော-(ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ဖြစ်တုန်းကလဲ ဖဿကလဲ ဖြစ်အောင်လုပ်ထားလို့ တကာတကာမတို့ ငါနဲ့မဆိုင်ဘူးဆိုပြီး မာနရှိသေးရဲ့လား ..

(မရှိပါဘုရား) စောင့်ကြည့်ပြန်တော့လဲ အပျက်ဘဲတွေ့တယ်.... (မှန်ပါ့) အပျက်ကြီးကိုင်ပြီး မာနကော တက်စရာရှိရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် ဖြစ်တုန်းကလဲ ငါ့ဟာမဟုတ်....(မှန်ပါ့) ပျက်သွားတာလဲ ငါ့ဟာမဟုတ်လို့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား) ဒါဖြင့် မာနပဋိစ္စသမုပ္ပါဒ်ကော _ (ပြုတ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဝေဒနာသုံးပါး ဖြစ်ပျက်သာ လှည့်ရှုနေကြမယ်ဆိုလို့ ရှိယင်ဖြင့် တဏှာ မာန ဒိဋ္ဌိ အကုန်ပြုတ်တယ်... (မှန်ပါ့ဘုရား)။

ဒါ-ဘယ်မျက်လုံးနဲ့တပ်ကြည့်မှပါလိမ့်.... (အရိယာမျက်လုံးနဲ့တပ်ကြည့်မှပါဘုရား)။

အေး....အရိယာတို့၏သဝကမျက်လုံးနဲ့ကြည့်လိုက်ပြီဆိုမှဖြင့် ဒါ- ဖြစ်ပျက်တွေသာရှိလို့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးပြတ်တယ်.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ) တကာကြွယ် နေရာကျပလား....(ကျပါပြီဘုရား)။

သို့သော်... ဒါလောက်နဲ့ ဖြစ်ပျက်တော့ တွေ့ပြီဘုရာ့ဆိုရုံနဲ့ ဦးမာဒင်တို့က မကျေနပ်ပါနဲ့....(မှန်ပါ့) နောက်ကျလာတော့ ဒီဖြစ်ပျက်တွေ့ဟာ မုန်းစရာကြီး ဖြစ်လာသည်တိုင်အောင်ရှုပါ- (မှန်ပါ့)။

နောက် ဒီဖြစ်ပျက်တွေ့ဟာ သြော်....ဖြစ်ဒုက္ခ, ပျက်ဒုက္ခတွေ့ပါကလားလို့ ဒီကျအောင် ရှုလိုက် (မှန်ပါ့ဘုရား) ဖြစ်ဒုက္ခ, ပျက်ဒုက္ခတွေ့ပါကလားလို့ ရှုလိုက်စမ်းပါ....(မှန်ပါ့)။

ထိုကဲ့သို့ရှုလိုက်တဲ့အခါ ဒုက္ခသစ္စာလို့ဆိုတာ တခြားလား အောက်မေ့တယ်- ဝေဒနာကဒုန္ဓာဆိုတာကိုး....(မှန်ပါ့) မပေါ်လာသေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒီလို ပေါ်လာတဲ့အခါကျတော့မှ ဝေဒနာတွေက တကာသစ် ဘာဖြစ်သွားမတုံး၊ ချုပ်သွားမယ်....(မှန်ပါ့)။

ဒါဖြင့် 'ဝေဒနာနံ ခယော ဘိက္ခု နိစ္ဆတော ပရိနိဗ္ဗုတော' (မှန်ပါ့) ဝေဒနာနံ=ဝေဒနာတို့၏၊ ခယော=ကုန်အောင် ရှုနိုင်သည် ဖြစ်သောကြောင့်၊ နိစ္ဆတော နိတ္တဏှော=တဏှာမရှိသည် ဖြစ်၍၊ ပရိနိဗ္ဗုတော= ကိလေသာ ပရိနိဗ္ဗာန်စံတဲ့ သောတာပန်တည်သည်၊ ဟောတိ=ဖြစ်၏.... (မှန်ပါ့) ဒီဌိကိလေသာပရိနိဗ္ဗာန်စံတယ်....(မှန်ပါ့) သဘောကျပလား .. (ကျပါပြီဘုရား) ဒါဖြင့် ဝေဒနာသုံးပါးလှည့်ရှုကြ....(မှန်ပါ့)။

အရိယာမျက်လုံးတပ်ပြီး ဝေဒနာသုံးပါးကို.... (လှည့်ရှုရပါ မယ်ဘုရား)။

အဲဒီတော့ အဖြစ်ထဲမှာလဲ ငါ့မပါတာ .... (မှန်ပါ့ဘုရား) အပျက်မို့လဲ ငါမဟုတ်တာရယ်....(တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ငါမပါနဲ့- ငါမဟုတ်တာတွေအောင်ဟာ အရိယာမျက်လုံးတပ်ကြည့်မှတွေ့တယ်....(မှန်ပါ့) နို့မဟုတ်ယင် တွေ့ပါ့မလား....(မတွေ့ပါဘုရား)။

ကဲ....ကြည့်တတ်ကြပလား....(ကြည့်တတ်ပါပြီဘုရား) ဒါဖြင့် သုခဝေဒနာတော့ တကိုယ်လုံးပေါ်တာဘဲ.. (မှန်ပါ့)ဒုက္ခဝေဒနာ (တကိုယ်လုံးပေါ်ပါတယ်ဘုရား)။

အဲ... ဥပေက္ခာဝေဒနာတေဲ့ ဘုန်းကြီးက ရှင်းပြမယ်၊ မျက်စိထဲမှာ မြင်ကာမျှမတ္တ ဥပေက္ခာ . (မှန်ပါ့) မြင်ကာမျှမတ္တ.... (ဥပေက္ခာပါဘုရား) မျက်လုံးထဲပေါ်တာဟူသ၍ ဥပေက္ခာဘဲ· (မှန်ပါ့ဘုရား) နားထဲပေါ်တာဟူသ၍ . (ဥပေက္ခာပါဘုရား) နှာခေါင်းထဲပေါ်သ၍.... (ဥပေက္ခာပါဘုရား) လျှာထဲပေါ်ပေါ်သ၍....(ဥပေက္ခာပါဘုရား) အဲ....ဥပေက္ခာဟာ ဒီလေးနေရာ....(မှန်ပါ့)။

ဝမ်းထဲကျတေဲ့ တခါတလေ "သဗ္ဗေသတ္တာ ကမ္မဿကာ" ဘဲ ထားလိုက်တာ ဝမ်းထဲမှာ ဥပေက္ခာပေါ်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဥပေက္ခာပေါ်တဲ့နေရာ ငါးနေရာ.... (မှန်ပါ့ဘုရား) သုခကတကိုယ်လုံး....(မှန်ပါ့) ဒုက္ခက....(တကိုယ်လုံးပါဘုရား)။

ကဲ....တခါ သောမနဿကလေးထည့်လိုက်ပါဦး ဝမ်းထဲကျတေဲ့ သောမနဿပေါ်တယ် (မှန်ပါ့ဘုရား) ဒေါမနဿလဲ ဝမ်းထဲမှာပေါ်တယ် .. (မှန်ပါ့ဘုရား) ကမ္မဿကာထားတဲ့အခါ ဥပေက္ခာလဲ ငမ်းထဲပေါ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီ ပေါ်ရာကို ခင်ဗျားတို့က ဖြစ်တုန်းကလဲ ငါမဟုတ်.... (မှန်ပါ့) ပျက်တာလဲ ငါမဟုတ် ...(မှန်ပါ့) ဒီနှစ်ခု မိုအောင်ရှု (မှန်ပါ့)။

ဖြစ်တုန်းကလဲ ငါလုပ်တာမဟုတ်-(မဟုတ်ပါဘုရား) ပျက်တဲ့အထဲလဲ ငါမပါ....(မပါ,ပါဘုရား)။

ဒါဖြင့် ငါမပါအောင် ရှုနိုင်လို့ရှိယင် ဒီဌိသတ်တာဘဲ.... (မှန်ပါ့) ရှင်းပလာဒီး....(ရှင်းပါပြီဘုရား)။

ဖြစ်တုန်းကလဲ ဓဝဒနာထဲမှာ ... (ငါမပါ-ပါဘုရား) ပျက်သွားတော့ကော ငါဟုတ်ကဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ငါမပါဘာနဲ့ ငါမဟုတ်တာကို ခင်ဗျားတို့ ပိုင်နေအောင် ရှုလိုက်လို့ရှိယင်ဖြင့် ခုနင်က ပဋိစ္စသမုပ္ပါဒ်သုံးမျိုးဟာ အကုန်ပြတ်မှာဘဲ (မှန်ပါ့) ပြတ်လို့ရှိယင်ဖြင့် ဒီဓဝဒနာတွေလဲ အကုန်ဆုံးရော တကာတကာမတို့ " ဓဝဒနာနံ ခယော ဘိက္ခု နိစ္ဆတော ပရိနိဗ္ဗုတော" သံယုတ်ပါဠိတော်မှာ....(မှန်ပါ့ဘုရား) ဓဝဒနာနံ=ဓဝဒနာတို့၏၊ ခယော=ကုန်သွားအောင် (ဝါ) ဒုက္ခသစ္စာဖြစ်၍ ခန္ဓာကိုယ်ထဲမှာမရှိအောင် ချုပ်နိုင်ခဲ့လို့ရှိယင်ဖြင့်တဲ့ နိဗ္ဗာန်တာဏော....တဲ့၊ ဒီဌိတဏှာမရှိသည်ဖြစ်၍၊ ပရိနိဗ္ဗုတော....တဲ့၊ ဒီဌိချုပ်ဘဲ့ ပရိနိဗ္ဗာန်ရောက်သည်၊ (ဝါ) ဒီဌိသေတဲ့ နိဗ္ဗာန်ကို ရောက်သည်၊ ဟောတိ=ဖြစ်၏....(မှန်ပါ့)။

ဒါဖြင့် အပါယ်လေးပါး သွားစရာရှိသေးရဲ့လား.... (မရှိပါဘုရား) ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

နာရီက ပိုသွားပြီ၊ နက်ဖြန်မှ ဆက်ဟောကြဦးစို့။

သာဓု....သာဓု....သာဓု...

နေ့အလုပ်ပေး-တရားတော်

(၁၀-၉-၆၁)

တကာတကာမတွေ့ ဝိပဿနာရှုတဲ့အရေးဟာဖြင့် ဘုရား သခင်ကိုယ်တော်မြတ်ကြီးကမာဂဏ္ဍိပရိုင်ကို ဟောတဲ့နေရာမှာ အရေးတကြီး အချက်တွေပါတယ် ဆိုတာကို တကာကြွယ်တို့ မှတ်ရမယ်နော်... (မှန်ပါ့)။

မင်းကွာ... တဲ့၊ ပုထုဇန်မျက်လုံးပြောင်းပြီး အရိယာတို့၏ မျက်လုံးကို မင်းတပ်ရလိမ့်မယ်တဲ့....(မှန်ပါ့)။

တပ်တဲ့အခါကျလို့ ရှိယင် မင်း အမြင်သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဒီခန္ဓာကြီးထဲရောဂါရှိတာလဲ သိလိမ့်မယ်၊ အနာတွေ ရှိတာလဲ သိလိမ့်မယ်... (မှန်ပါ့) ဒီမျက်လုံးမှ မတပ်ရသေးလို့ ရှိယင်လဲ မင်းဟာ မင်းခန္ဓာကိုယ်ကြီးဘဲ နိဗ္ဗာန်ထင်တယ်၊ အဲဒီ တော့ မင့်အထင်တွေသည် မျက်စိနှစ်ကွင်း အလင်းမရတဲ့ပုဂ္ဂိုလ်၏ အထင်တွေဖြစ်နေတော့ မင်းသည် အရိယာမျက်လုံးတပ်ပြီးမှ သာလျှင် ငါ-တရားဟောနိုင်မယ်လို့ ဘုရားက အမိန့်ရှိတယ် ... (မှန်ပါ့)။

ဒါဖြင့် အရိယာမျက်လုံးတပ်ဘို့အရေးဟာ ကြီးတယ်လို့ တကာတကာမတွေ့ မှတ်ရမယ်...(မှန်ပါ့)။

ကိုင်း....ဒါဖြင့် အရိယာမျက်လုံးဆိုတဲ့ဥစ္စာ ဘာပါလိမ့်မလဲလို့ မေးတော့မှ ဓမ္မာနုဓမ္မပဋိပတ္တိကို သဘောကျအောင်လုပ်ရမယ်....(မှန်ပါ့)။

ဓမ္မာနုဓမ္မပဋိပတ္တိ ဆိုတဲ့ ဥစ္စာကတော့ ဓမ္မက- တရား၊ အနုဓမ္မက- လျော်တာ၊ ပဋိပတ္တိက- ကျင့်တာ....(မှန်ပါ့)။

တကာတကာမတို့ ဓမ္မက ဘာပါလိမ့်....(တရားပါ)အနုဓမ္မကလျော်တာ....(မှန်ပါ့)ပဋိပတ္တိက....(ကျင့်တာပါဘုရား)ကျင့်တာဒါ- တရားနဲ့လျော်အောင်ကျင့်.... (မှန်ပါ့)။

ဘယ်လိုမှတ်မိကြသလဲ....(တရားနဲ့လျော်အောင် ကျင့်တာပါဘုရား)။

သြော်....တရားနဲ့လျော်အောင် မျက်လုံးထဲမှာ ဉာဏ်ထဲမှာ မြင်လာလို့ ရှိယင်ဖြင့် ဒါ-အရိယာမျက်လုံးရပြီလို့ ဘုန်းကြီးတို့ တကာတကာမတွေ့က အောက်မေ့ရမယ်.... (မှန်ပါ့)။

တကာကြွယ် ဒီမျက်လုံးတပ်ဘို့လဲ မလွယ်ပါလား....(မလွယ်ပါဘုရား)။

အားလုံး တကာတကာမတွေ့ ဒီမျက်လုံးဟာဖြင့် သြော်.... တသံသရာလုံးက ကန်းလာတဲ့မျက်လုံး ယနေ့ဖြင့် အဖွင့်ကြီးဖွင့်ရတော့မယ်ဆိုတဲ့ဥစ္စာ ဦးလှဘူးတို့ မှတ်ရလိမ့်မယ်... (မှန်ပါ့ ဘုရား)။

တကာသစ်ရေ.... ဂုရုစိုက်ပါနော်.... (မှန်ပါ့) ဦးမာဒင်တို့ ကြပ်ကြပ်ဂရုစိုက်ပါ....(မှန်ပါ့ဘုရား)။

အခုကြည့်စမ်း မာဂဏ္ဍိပရိဇ်က သူ့ကိုယ်ကြီးကိုအာရောဂျ ပရမာ လာဘာ၊နိဗ္ဗာနံ-ပရမံ-သုခံ ဆိုတာ သူ့ကိုယ်ကြီးကိုပုတ်ပြီ တယ်....(မှန်ပါ့)။

ဒါ- နိဗ္ဗာန်ဘဲတဲ့ ဒါ-အနာကင်းပြီး ဒါ-နိဗ္ဗာန်ခေါ်တာပါ ဘဲလို့ဆိုတော့ ဘုရားက မင်းဟာ မျက်စိနှစ်ကွင်း အလင်းက မရတော့ အနာရှိလို့လဲ အနာရှိမှန်းမသိ၊ မင်းအတွက်ကြောင့် ခက်ပါသေးတယ်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးတောင်မှ ညည်းလုံးထုတ်ရသေးတယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့လဲ ကိုယ့်ဟာ ကိုယ် ကျန်းမာတယ်လို့ထင်ပြီးသကာလနေကြလို့ရှိယင် အရှိ ယာမျက်လုံး မရှိသေးလို့.... (မှန်ပါ့ဘုရား) အရိယာမျက်လုံး ရှိလာပြီဆိုမှဖြင့် အို....ရောဂါတွေပါကလား၊ အနာတွေပါ ကလား ငြောင့်တံသင်း စူးနေတာတွေ့ပါကလား....၊ရောဂတော ဂဏ္ဍတောဆိုတဲ့အတိုင်းတဲ့ မင်းဒီလို အရိယာမျက်လုံးတပ်ပြီးမှ ဘဲ မင်းသည်ကားလို့ ဆိုယင်ဖြင့် အမှန်ကို မြင်လိမ့်မယ်ကွာ ဆိုတော့ တပည့်တော်မြင်ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် အရိယာ မျက်လုံးတပ်ရအောင် တရားဟောပေးပါလို့ဆိုတော့ မင်းက မျက်လုံးမမြင် ငါက ပြောရမယ်ဆိုလို့ ရှိယင်လဲတဲ့ မဖြစ် သေးဘူး မျက်လုံးမြင်အောင် အရင်လုပ်ပေးရဦးမယ်- (မှန်ပါ့ ဘုရား)။

ဘာအရင်လုပ်ရမှာတုံး .... (မျက်လုံးမြင်အောင် အရင်လုပ် ရမှာပါဘုရား)။

မျက်လုံးမြင်အောင် တကာတကာမတို့ အရင်လုပ်ပေးရမယ် ဆိုတဲ့အတိုင်း ဘုန်းကြီးတို့ တကာတကာမတွေလဲ ဩော်.... မျက်လုံးမြင်အောင် လုပ်မှာဲဆိုတဲ့စိတ်ကိုဖြင့် တသံသရာလုံးက ကန်းလာတဲ့ မျက်လုံးကို တကာကြွယ်ရေ ယနေ့မြင်ရအောင်လုပ်မယ် ဆိုတော့ အတေးကလေးအရေးတာကြီး လုပ်ရလိမ့်မယ်ဆိုတာ ဦးမာဒင်တို့မှတ်ရမယ်... (မှန်ပါ့ဘုရား)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ အရိယာမျက်လုံးတပ်ချင်တော့ကွာ....တဲ့ ဓမ္မာနုဓမ္မပဋိပတ္တိဟာအရေးကြီးတယ်.... (မှန်ပါ့ဘုရား)။

ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ ဓမ္မက· ခန္ဓာကိုယ်ကြီးကို မှတ်လိုက်ပါ.... (မှန်ပါ့) အနုဓမ္မက- လျော်တာကို၊ ပဋိတ္တိက- အကျင့် (မှန်ပါ့)။

ဒါဖြင့် ခန္ဓာကိုယ် ဓမ္မနဲ့ လျော်တဲ့အမြင်ကို (ဝါ)အကျင့်ကို ဓမ္မာနုဓမ္မာပဋိပတ္တိလို့ ဆိုပါတယ်.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာကိုယ်ကြီးကို ရောဂါရှိတာလဲသိရအောင်၊ အနာတွေရှိတာလဲသိရအောင်၊ ငြောင့်တံသင်းတွေလို့ ခဏခဏ ဟိုကယား, ဒီကနာ၊ ဟိုကစူး· ဒီကစူးနဲ့နေတဲ့ ခန္ဓာကြီးလဲသိရအောင် ဆိုတော့ဖြင့် တရားနဲ့ လျော်စွာကျင့်မှာဲရမယ်....(မှန်ပါ့ဘုရား)။

တရားနဲ့လျော်စွာ....(ကျင့်မှာဲရမှာဘဲဘုရား) ဓမ္မဿအနုဓမ္မ· ဓမ္မဿ=တရားနဲ့ ၊အနုဓမ္မ· =လျော်သော၊ပဋိပတ္တိ=အကျင့်၊တရားနဲ့လျော်တဲ့အကျင့်ကို ကျင့်ရလိမ့်မယ်....(မှန်ပါ့)။

ဘာလုပ်ကြရမယ်..(တရားနဲ့ လျော်တဲ့ အကျင့်ကိုကျင့်ရပါ့မယ်ဘုရား)။

တရားနဲ့လျော်တဲ့အကျင့် ကျင့်ရမယ်လို့ ဆိုတော့ ခန္ဓာကိုယ်ကြီးထဲမှာ တကာတကာမတို့ မှတ်ထားပါ..တဲ့၊ ခန္ဓာကိုယ်ကြီးထဲမှာက ဘာတွေရှိနေသတုံး မေးတဲ့အခါကျတော့မှတဲ့....၊ ရုပ်ကြည့်ပြန်လဲ ရုပ်မဟုတ်ဘူး၊ ဖြစ်ပျက်အနိစ္စဘဲ....(မှန်ပါ့) ဝေဒနာကြည့်ပြန်လဲ အပြောဝေဒနာ....(မှန်ပါ့)။

ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တော့ဖြစ်ပြီး ပျက်နေတာကလေးဘဲမြင်ရမယ်....(မှန်ပါ့) သညာကြည့်ပြန်တော့လဲအပြောသညာ....(မှန်ပါ့) ကိုယ့်ဉာဏ်မျက်လုံးနဲ့ကြည့်လိုက်တော့.... (ဖြစ်ပြီး ပျက်နေတာပါဘုရား) ဖြစ်ပြီး ပျက်နေတဲ့ အနိစ္စဘဲမြင်ရမယ်....(မှန်ပါ့ဘုရား)။

တခါ သင်္ခါရဆိုတဲ့ စေတနာကလေးတွေ သွားချင်တဲ့ စေတနာ ပြောချင်တဲ့ စေတနာကလေးတွေ ကြည့်လိုက်ပြန်လို့ ရှိယင်လဲတဲ့ သူများပြောတော့ စေတနာလို့ ပြောတာဘဲ ကိုယ့်ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်ပျက်အနိစ္စဘဲတွေ့တာဘဲလို့ ဒီလိုတွေ့သွားလို့ ရှိယင်ဖြင့် ဩဿ.... ဓမ္မဿအနုဓမ္မံ၊ ဓမ္မဿ=တရားအား၊ အနုဓမ္မံ=လျော်သော၊ ပဋိပတ္တိအမြင်အကျင့်ဘဲ....(မှန်ပါ့) ဒီလိုဆိုလို့ ရှိယင် တရားနဲ့လျော်တဲ့အမြင်ရပါပြီ....(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်.... (တရားနဲ့လျော်တဲ့ အမြင်ရပါပြီဘုရား) တရားနဲ့လျော်တဲ့ အမြင်ရအောင် ဘုန်းကြီးတို့ တကာတကာမတွေ ဩဿ.... တရားနဲ့မလျော်တဲ့ အမြင်ရှိလို့ ဘုရားက ဤဓမ္မဿနုဓမ္မပဋိပတ္တိကို မင်းကြီးစားပါဦးလို့ မာဂဏ္ဍိပရဗိုဇ်ကို ပြောတာဖြင့် ဦးမာဒင်တို့ သဘောကျလောက်ပါပြီ....(ကျပါဖြီ

ဘုရား) နဂိုရိုအမြင်က တရားနဲ့ မလျော်တဲ့အမြင်ကိုး (မှန်ပါ ဘုရား)။

နဂိုရိုအမြင်ကဖြင့်....(တရားနဲ့မလျော်တဲ့ အမြင်ပါဘုရား) ဘရားနဲ့မလျော်ဘဲ့အမြင်၊ တရားက ရှိတာက တကာတကာမတို့ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စ.... (မှန်ပါ့) ဖြစ်ပြီးပျက်နေတဲ့ဒုက္ခ.... (မှန်ပါ့) ဖြစ်ပြီးပျက်နေတဲ့ အနတ္တ....(မှန်ပါ့)မေ့ပြီးသေနေတဲ့ အသုဘ .. (မှန်ပါ့) တရားက ဒါဘဲရှိတယ်.... (မှန်ပါ့)။

တကာတကာမတွေက မြင်တာက လက်မောင်းမြင်တယ်, ခြေမြင်တယ်, ခေါင်းမြင်တယ်,ဆိုတော့ ဒါ- တကာကြွယ်တို့, တကာသစ်တို့ဘဲ ဆုံးဖြတ်ချက်ချပါ ရှိတာနဲ့,မြင်တာနဲ့တခြားစီ ဖြစ်နေတယ်.. (မှန်ပါ့ဘုရား)။

ရှိတာနဲ့မြင်တာနဲ့ . (တခြားစီပါဘုရား) ရှိတာနဲ့မြင်တာနဲ့ တခြားစီဖြစ်နေတော့ ဓမ္မဿ အနုဓမ္မ ဆိုတဲ့အတိုင်း တရားနဲ့ လျော်တဲ့ သဘောရောက်သေးရဲ့လား.... (မရောက်ပါဘုရား)။

ဒါဖြင့် ကိုယ့်အမြင်ဟာ အရိယာမျက်လုံးလားတဲ့....၊ စုံလုံးကန်းအမြင်လားတဲ့ - (စုံလုံးကန်းအမြင်ပါဘုရား)။

ဒါဖြင့် တကာကြွယ် ဒီမျက်လုံးဟာ မပြင်လို့ရှိယင်ဖြင့် သံသရာခဲ့မြဲမည့်မျက်လုံးဘဲ.... (မှန်ပါ့ဘုရား)။

မပြင်လို့ရှိယင်....(သံသရာခဲ့မြဲမည့်မျက်လုံးပါ) အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ အရေးကြီးတဲ့တရား- အရေးကြီးတဲ့ အမြင်ကိုပြရမှာဖြစ်ပြီးသကာလနေတော့ သြော.... ဒို့ အမြင်ဟာ ဘဝတိုင်းက ကန်းလာတာကိုး....(မှန်ပါ့)။

ဦးလှဘူး ဘယ့်နှယ်ဆိုပါ့မလဲ....(ဘဝတိုင်းက ကန်းလာတာ ပါဘုရား)။

ဘဝတိုင်းက ကန်းပြီးသကာလ လာတော့ ဘယ်တော့မှ အရှိနဲ့အသိနဲ့ ဟာဖြင့် ကိုက်ကိုမကိုက်ဘူး.... (မကိုက်ပါဘုရား)။

အရှိနဲ့အသိနဲ့ ဟာဖြင့်... (ကိုက်ကိုမကိုက်ပါဘုရား) ဒါဖြင့် အရှိနဲ့အသိဆိုတာက မြန်မာလိုရှင်းအောင်ပြောတော့ စင်စစ်တရားနဲ့ လျော်တဲ့အမြင်လို့ ဆိုတာပါဘဲ.... (မှန်ပါ့)သဘောပါ ပေလား... (ပါပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ တရားနဲ့ မလျော်တဲ့ အမြင်နဲ့ ကျုပ်တို့နေခဲ့ရတဲ့အတွက် ဒီဓနုဒ်ကိုယ်ကြီးကိုဘဲ ခုနင်က ဆီသုတ်တဲ့ အဝတ်ကြီးဝတ်ပြီး မဲလှစ္စာဒသောသိုးမွေးကြီး ခြုံနေရတာကို ကျုပ်အဝတ်နဲ့ကျုပ် သိပ်လိုက်တယ်လို့ ထင်တယ် .. (မှန်ပါ့) ဒါကြောင့် သူ့ဓနုဒ်ကိုယ်ကြီးကို သူစွဲလမ်းတယ်၊ တသံသရာလုံး စွဲလမ်းလာကြတယ်....(မှန်ပါဘုရား)။

ဘယ်လောက်ထိုးအောင် စွဲလမ်းသတုံးလို့ ပေးလို့ရှိယင် ဒီဓနုဒ်ကြီးကိုစွန့်ရတော့မယ်၊ ဒီဓနုဒ်ကြီး အန္တရာယ်တွေ့တော့ မယ်ဆိုလို့ရှိယင်ဖြင့်တဲ့ တကာတကာမတို့ စွန့်ချင်တဲ့စိတ်လာရဲ့ လား....(မလာပါဘုရား)။

မလာတော့ ဒီဓနုဒ်ကြီးကို ရောဂါတွေ, အနာတွေရယ်လို့ မသိတော့ တကာတကာမတို့က ဥပါဒါန်ဖြစ်နေတယ်....(မှန်ပါ့) ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ .... (ဇာတိပါ့) ဇာတိပစ္စယာ....(ဇရာမရဏပါဘုရား)။

ဇရာမရဏာဘာက်ချည့် လှည့်သွားနေဘော့ သြော်.. ဒီခန္ဓာကြီးစဲ့လမ်းလို့ နောက်ခန္ဓာဆို့တဲ့ ဇာတိဇရာမရဏာတွေ ပြန်ရနေတာဘဲဆို့တဲ့ဥစ္စာ အမြင်မှန်မရသေးတော့စဲ့လမ်းတယ်.... (စဲ့လမ်းပါတယ်ဘုရား)။

အမြင်မှန်မရသေးတော့(စဲ့လမ်းပါတယ်) သြော်....ဘုန်းကြီးတို့ တကာတကာမတွေ ဒီမျက်လုံးပြင်ဘို့ အရေးဟာဖြင့် တကာကြွယ် တယ်ကြီးပါကလား....(ကြီးပါတယ်ဘုရား)။

အားလုံးတကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးပွင့်လာတာသည် ဘယ်အကျိုးငှာတုံးလို့ ကျကျနနတွေးလိုက်တဲ့ အခါကျတော့ ပုထုဇန်မျက်လုံးမှ အရိယာမျက်လုံး အဖြစ်သို့ပြောင်းလိုလို့ ပွင့်လာတာဘဲလို့ ကျုပ်တို့ကျေးဇူးတင်မယ်ဆိုလဲ တင်စရာဘဲ ...(မှန်ပါ့ဘုရား)။

မြန်မာလို ရိုးရိုးပြောစမ်းပါဆိုတော့ အကန်းတွေ ဆေးကုမလို့ ဆေးဆရာပေါ်လာတာဘဲ....(မှန်ပါ့ဘုရား)။

အကန်းတွေဆေးကုမလို့ (ဆေးဆရာပေါ်လာတာပါ) ဆေးဆရာ ပေါ်လာတာဘဲဆိုတာ တကာတကာမတွေ ရှင်းသွားပြီ....(ရှင်းသွားပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီဆေးကလဲ သာသနာတွင်းမှ ပေါ်သနော်· (မှန်ပါ့ဘုရား)။

အခါတိုင်းပေါ်တဲ့ဆေးလား .... သာသနာတွင်းမှ ပေါ်တဲ့ဆေးလား....(သာသနာတွင်းမှ ပေါ်တဲ့ဆေးပါဘုရား)။

သာသနာတွင်းမှ ပေါ်တဲ့ဆေးဖြစ်နေတော့ ဒီဆေးမမှိုလိုက်လို့ ရှိယင်ဖြင့် အကန်းနေ-နေပြီး၊ အကန်းသေ-သေပြီး၊ အကန်းသွား-သွား၍ အကန်းတို့ကျရာ ချောက်မှတပါး ဘယ်မှုရောက်စရာမရှိဘူး....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အားလုံးတကာတကာမတွေသာသနာတွင်းဆေးကိုဖြင့် ကုဖြစ်အောင်ကုပါ။ ဒါမှ စုံလုံးကန်းအဖြစ်မှ မျက်စိနှစ်ကွင်း အလင်းရတဲ့အဖြစ်ကို တကာကြွယ် ရောက်တော့မပေါ့ဆိုတာ တကာကြွယ် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချပါ .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အေး.... ဒါကြောင့် မလွယ်ဘူး· မလွယ်ဘူးဆိုတာ ဆရာကောင်း သမားကောင်းရှာပါဆိုတာ ဦးမာဒင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး အကြိမ်ပေါင်း ၁၇၉၂-ကြိမ်တောင် ဆရာကောင်းရှာဟ· ဆရာကောင်းရှာဟာ၊ နို့မဟုတ် မျက်စိအလင်းရမှာမဟုတ်ဘူးဟာ၊ ၁၇၉၂-ကြိမ်မှာတယ်....(မှန်ပါ့ဘုရား)။

ဘယ်လောက်မှာပါလိမ့် .. (၁၇၉၂-ကြိမ်မှာပါတယ်ဘုရား) အံ့မာလေး .... ကိုယ်တော်ကြီး လွန်လွန်းလှချည့်လား၊ ဒါလောက်တောင် မှာရသလားလို့ ခင်ဗျားတို့ကများ အပြစ်တင်ချင်သေးသလားလို့ မေးတော့ တသံသရာလုံး ကန်းလာတာသာအကဲခတ်ပါတော့... (မှန်ပါ့) ထောင့်ခုနစ်ရာနဲ့ စာလို့ရှိယင် တသံသရာလုံးနဲ့ ဆိုလို့ရှိယင် မပြောပလောက်ပါဘူး(မှန်ပါ့) ထောင့်ခုနစ်ရာက နည်းပါသေးတယ်၊ အကန်းသက်ရှည်တာက များတယ်... (မှန်ပါ့ဘုရား)။

ထောင့်ခုနစ်ရာက....(နည်းပါသေးတယ်) အကန်းသက်ရှည်တာက... (များပါတယ်)ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် တကာကြွယ် မှာသင့်သဗျာ .... (မှာသင့်ပါတယ်ဘုရား) အားလုံး တရားနာတဲ့ တကာတကာမတွေ့ မှာပုံထောက်တော့လဲ မဟာကရုဏာတော်ရင်ကြီးပါလား ဆိုတာပေါ်လာတယ်... (ပေါ်ပါတယ်ဘုရား)။

ဘာတွေ့ပေါ်လာသတုံး .... (မဟာကရုဏာတော်ရင်ကြီးပဲလားဆိုတာ ပေါ်လာပါတယ်ဘုရား)။

ကျုပ်တို့ခင်ဗျားတို့တော့ ဒါလောက်တောင် ငါ သုံးခွန်း ငါးမြောချင်ဘူးဟေ့နော်- လုပ်လာမှာပဗျ .... (လုပ်လာမှာပါဘုရား)။

တကာကြွယ် တပည့်သားမြေးတွေဆုံးမ၊ အိမ်သူအိမ်သားတွေ ဆုံးမတဲ့အခါကျတော့ တခွန်းပြောယင် နားထောင်ယင်တော်တယ်ကွာ၊ နှစ်ခွန်းဆိုယင် လွန်တယ်ဟေ့၊ သုံးခွန်းဆိုယင် ငါလက်လျှော့တယ်ဆိုပြီး တကာကြွယ်တို့က လက်လျှော့မှာ .... (လျှော့မှာပါ)ဘုရားက ၁၇၉၂ ကြိမ် လက်မလျှော့ဘဲနဲ့ပြောတယ်....(မှန်ပါ့) ဘယ့်နှယ်ကြောင့် ဒါလောက်ပြောရပါလိမ့်မတုံး... ၊အကန်းသက်ရှည်ကြီးတွေ့ သနားလို့.... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(အကန်းသက်ရှည်ကြီးတွေ့ သနားလို့ပါဘုရား)။

ကြောက်စရာကောင်းလိုက်တာ ဦးမာဒင်ရေ-ကျုပ်တို့ခင်ဗျားတို့ အကန်းသက်ရှည်ကြီးဟာဓလေ....(မှန်ပါ့ဘုရား)။

သြော် .. နောက်တုန်းက ငါဘာဖြစ်ပါလိမ့်မတုံး ဆိုတော့ မှက်စိကန်း တစ္ဆေမကြောက် သွားနေတာဘဲဘုရာ့.... (မှန်ပါ့) ဘာရယ်လို့ မဟုတ်ပါဘူး၊ ဒါဘဲ တကာကြွယ်တို့၊ တကာသစ်တို့ အဖြေထုတ်ရုံဘဲရှိတယ်....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်လမ်းဆိုတာ ဘယ်နေမှန်းမသိဘူးဘုရာ့ .... (မှန်ပါ့) ကန်းလိုက်တဲ့ဖြစ်ခြင်းမှ တခါတည်းနတ်ပြည် ဒုက္ခသစ္စာရှိပါတယ် ဆိုလျက်သားနဲ့ နတ်ပြည်ရောက်ရပါလို့၏ (မှန်ပါ့)ကန်းလိုက်တဲ့ ဖြစ်ခြင်း၊ ကဲ... သေချာကြပလား....(သေချာပါပြီဘုရား)။

နတ်ပြည်ရောက်တော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) အဲဒါ နတ်ပြည်ရောက်ရပါလို့၏ဆိုတော့ တကာကြွယ်ဘဲ စဉ်းစားပါ၊ ဒါအကန်းမှ ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်ဘုရား)။

ဗြဟ္မာ့ပြည်ရောက်ရပါလို့၏ဆိုတော့ ဗြဟ္မာတွေဟာဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)ဒါကို ဆုတောင်းယူတယ်၊ အဲဒီမရောက်-ရောက်အောင်တိုးသွားတယ်၊ သမထတွေလုပ်ပြီးတော့.... (မှန်ပါ့ဘုရား)။

အင်း....ဒါ ဘာသွား-သွားတာတုံး ဦးမာဒင်ဘဲအကဲခတ်ပါ (အကန်းသွား-သွားတာပါဘုရား)။

အင်း .... နောက်ဘဝ လူချမ်းသာဖြစ်ချင်တယ်လို့ ဆိုပြန်တော့လဲ နောက်ဘဝ ဇာတိလာမယ်....(မှန်ပါ့)ဇရာဗျာဓိကော (လာမှာပါ) အဲဒါကိုဘဲရချင်ပါသေးတယ် ဆိုတော့ ဘာသွား-သွားသတုံး....(အကန်းလမ်းသွား-သွားတာပါဘုရား)။

ကိုင်း .... ဒီဆေးဆရာကြီးများ မပေါ်ယင်မခက်လား .... (ခက်ပါတယ်ဘုရား)။

ဒီဆေးဆရာကြီး-သံသရာ့ဆေးဆရာကြီးများ မပေါ်လာယင် တကာကြွယ် ခင်ဗျားသွားချင်တဲ့ဆီသွားနေမယ် .... (မှန်ပါ့) မသွားပေဘူးလား (သွားပါဘယ်ဘုရား)။

ကိုင်း....ဒါတွေကို အကြောင်းခြင်းရာတွေကို သေသေချာချာ ရေရေလည်လည် သိရတော့မှ ဩော်.... အဟုတ်ကန်းပေတာကိုး၊ ဒါ့ကြောင့် မင်းမျက်စိနှစ်ဘက်မင်း အလင်းရောင်လို့ ရှိယင် ဓမ္မာနုဓမ္မပဋိပတ္တိအလုပ်, လုပ်ပါဦးကွလို့ မှာတာများ ဦးမာဒင်-မှာသင့် မမှာသင့်....(မှာသင့်ပါဘယ်ဘုရား)။

တယ်လဲ ကိုယ်တော်မြတ်ကြီး ကရုဏာဟာ တကာ့ကြွယ်ကြီးပါလား (ကြီးပါဘယ်ဘုရား) ဆရာရှာပါဆိုဘာ ၁၇၉ ၂-ကြိမ်မှာတယ်(မှန်ပါ့)မျက်စိဖွင့်ပေးမည့် ဆရာရှာက့ (မှန်ပါ့) ဘယ်နှစ်ခါတဲ့....(၁၇၉ ၂-ကြိမ်ပါဘုရား)။

ဒါ့ကြောင့် တကာသစ်ဘို့ ပြောရတယ်၊ ဩော်.... "အဒ္ဓဇ္ဇပစနံ ဗုဒ္ဓံ" ဆိုတဲ့အဘိုင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီး နှစ်ခွန်း မပြောတဲ့ ကိုယ်တော်ကြီးက ၁၇၉ ၂-ကြိမ် ကရုဏာတော် ကြီးပါပေတယ်ဆိုပြီးသကာလ ကျုပ်တို့ ရှိခိုးထိုက်ပါဘယ် (မှန်ပါ့) ရှိမခိုးထိုက်ဘူးလား ...(ရှိခိုးထိုက်ပါတယ်ဘုရား)။

နို့မဟုတ်လို့ ရှိယင် ဒီအကန်းဇာတ်ဟာ ဆရာမရှာလို့ ရှိယင် ဒီအကန်းဇာတ်နဲ့ဘဲ အကန်းထဲခမ္မဲပြီး၊အကန်းထဲခနပြီး အကန်းသေ,သေကြ၊ နောက်ဘဝရောက်ပြန်ဘာမှလဲ ဒီအကန်းကလဲ မပွင့်ဘဲနဲ့ သွားပြန်ရော့ တကာသစ်·အကန်းကလေးမွေးဦးမှာဘဲ (မှန်ပါ့) ဘယ်နှယ်နေပါ့မလဲ....(အကန်းကလေးခမ္မဲးလာမှာပါဘုရား)။

ဒါဖြင့် အကန်းဆင်ပြသလိုဖြစ်နေပြီ... (မှန်ပါ့) အကန်းဆင်ပြတဲ့အခါကျတော့ သူက စမ်းကြည့်မှသိရတာဆိုတော့ အကန်းတယောက် ရှင်ဘုရင်ကခေါ်ပြီး ဆင်ဆိုတာ သိရအောင် မင်းတို့ စမ်းကြည့်ကြဟော... ဆိုတော့ အကန်း အယောက်က ဆင်ရဲ့ ရှေ့ခြေထောက်စမ်းကြည့်တယ်.... (မှန်ပါ့) တယောက်သော ပုဂ္ဂိုလ်ကတော့ အကန်းတယောက်က ဗိုက်ကို စမ်းကြည့်တယ်....(မှန်ပါ့) ပြီးတော့ သြော်... ဆင်ဆိုတာ ဒါကိုးဆိုပြီး သူ-နောက်ဆုတ်တယ်... (မှန်ပါ့)တယောက်သောပုဂ္ဂိုလ်က အမြီးစမ်းကြည့်တယ်၊ သြော်.... ဆင်ဆိုတာ ဒါကိုးလို့ ဒီလိုဘဲ သူနောက်ဆုတ်တော့ ရှင်ဘုရင့် ရှေ့တော်ရောက်ဘော့ ကဲ... ဆင်မြင်ဘူးကြပလား- တွေ့ဘူးကြပလား၊ တွေ့ဘူးပါပြီ..တဲ့။

ပြောစမ်းပါဆိုတော့ ဆင်ဆိုတာ တိုင်ကြီးနဲ့တူတယ်တဲ့(မှန်ပါ့ ဘုရား) ကိုင်း....အကန်းပြော-ပြောချလိုက်တယ်.. (မှန်ပါ့)။

တိုင်ကြီးနဲ့တူတယ်ဆိုတာ မှန်ကြရဲ့လား.... (မမှန်ပါဘုရား) မြင်တဲ့ပုဂ္ဂိုလ်က စဉ်းစားတော့လေ.. (မှန်ပါ့)။

တယောက်သောပုဂ္ဂိုလ်က ဆင်ဆိုတာ စဉ့်အိုးကြီးလိုဘဲ ဆိုတော့ ဗိုက်စမ်းမိတဲ့ပုဂ္ဂိုလ်က ဆင်ကို စဉ့်အိုးလုပ်ပစ်လိုက်တယ်.... (မှန်ပါ့) စပ်မိစပ်ရာကို စပ်ခြောလိုက်တယ်....(မှန်ပါ့)။

တယောက်သောပုဂ္ဂိုလ်က အမြီးစမ်းမိတော့ မင်းက ဆင်ဆိုတာ ဘယ်နယ်နေသတုံး-ပြောစမ်းလို့ ရှင်ဘုရင်ကမေးတော့ ဆင်ဆိုတာ တံမြက်စည်းနဲ့တူတယ်တဲ့-(မှန်ပါ့) ဆို တော့ တကာ တကာမတို့ ဘယ်သူမှန်သတုံး... (ဘုရား သူမှန်မမှန်ပါဘုရား)။

အဲ....ခင်ဗျားတို့လဲ နောက်တုန်းက ဆင်ကို တံမြက်စည်းလုပ်လာဘဲ့ လူချည့်မှတ်ပါ....(မှန်ပါ့) ဆင်ဆိုတာ တံမြက်စည်းဘဲ... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အံမာလေး.... ကြောက်စရာကောင်းလိုက်တာမှ မပြောပါနဲ့တော့ တကာကြွယ်ရာ ဇစ္ဆန္ဓသုတ်ဆိုပြီးတော့ ဘုရားက ဟောပစ်ခဲ့တယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဆင်၏တကိုယ်လုံး မြင်ရမှလဲ ဆင်အကြောင်း သိမှာကိုး....(မှန်ပါ့) ဟိုစမ်း ဒီစမ်းနဲ့ ဆိုယင်ဖြင့် မျက်စိကန်းစမ်းတော့ ကိုယ်ထင်ရာကိုယ်စုပ်ပြီးဖတော့ ပြောနေတယ်၊ ယုံကြည်နေတဲ့အဓိပ္ပါယ်မရောက်ဖပဘူးလား- (ရောက်ပါတယ်ဘုရား)။

ဒီမှာလဲ တကာတကာမတွေက ခန္ဓာကိုယ်ကြီး "အာဒီနဝပ္ပဟရမာ လာဘာ" ဆိုတော့ ကျုပ်က အရွယ်ကလေးက ငကောင်းသေးတော့ လူကလဲ ကျန်းမာသေးသကိုးဗျ၊ ဒါ့ကြောင့် ကျုပ်က လုပ်နိုင်, ကိုင်နိုင်သေးတယ်ဆိုတော့ ရောဂတောနဲ့တော့ ကွာသွားပြီ....(ကွာသွားပါတယ်ဘုရား) ဂဏ္ဍတော့နဲ့ကော.... (ကွာသွားပါတယ်ဘုရား)။

ရောဂါအပြည့်ပါကွ၊အနာတွေ အပြည့်ပါကွ-ဘုရား-က ဟောထားတယ်၊ သူက ကျန်းမာတယ် ဆိုပြီးသကာလ စမ်းမိစမ်းရာ ပြောနေတာ....(မှန်ပါ့ဘုရား) မဖြောဘူးလား ...(ပြောပါတယ်ဘုရား)။

အဲဒီလောက်ကျအောင် ခင်ဗျားတို့ ကျုပ်တို့ အရုပ်ဆိုးကာကိုလဲ....တဲ့ ဒီလို တရားထူး, တရားမြတ်တွေကို အဓိပ္ပါယ်နဲ့တကွ

သိရမှ ဦးမာဒင်,ရေ....ကိုယ့်အကြောင်း ကိုယ်သိတယ်.... (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ ရှိယင်ဖြင့် ကိုယ့်ကို ကျုပ်ငယ်ငယ်တုန်းက သိပ်ကျန်းမာတာဗျ၊ အခုသာ နည်းနည်းမကျန်းမာတာ၊ အင်း.... ကျုပ်မျက်လုံးက ၎ရှုးတုန်းက သိပ်ကြည်တာဗျ၊ မျက်မှန်ခတွေ ဘာတွေ မတပ်ပါဘူး၊ တကာကြွယ်ကလဲ ပြောချင်ပြောမှာ... (မှန်ပါ့) ကျုပ်က အင်မတန် အန္တရာယ်ကင်းတယ်ဗျ... အစရှိသည်နဲ့ အနာဇတွေ အပြည့်မမြင်ဖတဲ့ ကျုပ်က အင်မတန် အန္တရာယ်ကင်းတယ်လို့ ပြောချင်ပြောဦးမှာ.... (ပြောမှာပါဘုရား) မပြောပေဘူးလား... (ပြောပါတယ်ဘုရား)။

အခုတချိန်နာတဲ့ပုဂ္ဂိုလ်တွေ မေးကြည့်ပြန်လဲ ဝိပဿနာမလုပ်သေးတဲ့ပုဂ္ဂိုလ် မေးကြည့်မယ်ဆို ဘယ်နှယ်ကြောင့်တုံး၊ အို.... ကျန်းမာလို့ လားနိုင်တာဖပါ့ဘုရာ့၊ တပြိုင်တည်းဖြစ်မှာဘဲ... (မှန်ပါ့) တပြိုင်နက်ဖြစ်လိမ့်မယ်ဆိုတာ အဘင်အချားပေါ့ဗျာ.... (မှန်ပါ့)။

ဒါ-အရိယာမျက်လုံးမပါသေးလို့ ရှိယင်ဖြင့် " ရောဂတော ဂဏ္ဍဒတော သလ္လဒတော အဃတော အာဗာဓတော...." ဆိုဘဲ ဂါးခွက်ကို ဟော့မာဂဏ္ဍိပရဗိုင်ရဲ့ မျက်စိနှစ်ကွင်း အလင်းမရလို့ ရှိယင် ဒီဂါးခုကို မသိပါဘူးကွာ...တဲ့-(မှန်ပါ့)။

မင်းခန္ဓာကိုယ်ထဲ ရောဂါလဲရှိပါတယ်၊ အနာလဲရှိပါတယ်၊ ငြောင့်တံသင်းတွေလဲ စူးနေပါတယ်၊ ဟုတ်လား....(မှန်ပါ့ဘုရား) အဃတော....တဲ့၊ ဘာမှအသုံးမကျတာဒတွေလဲ စုဒနေပါတယ်၊ အာဗာဓတော... တဲ့ အနာမျိုးစုံရှိပါဘယ်....(မှန်ပါ့)။

အဲဒါမင်းသည်ကားလို့ဆိုယင် ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ကို မလုပ်သေးသ၍ကာလပတ်လုံး မျက်စိနှစ်ဘက်မှိတ်အလင်းမရသောကြောင့် 'အာရောဂျ ပရမာ လာဘာ'ဆိုတာ မင့်ကိုယ်ကြီးမင်း ပုတ်ပြနေတာ ငါ-ယုံပါတယ်ကွ... တဲ့... (မှန်ပါ့) အကန်းပြောပြောနေတာပါ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

တကာကြွယ် ဧရှ တုန်းက အမြင်တွေနဲ့ဖြင့် သိပ်ကွာခြားသွားတယ်....(ကွာပါတယ်ဘုရား) အခု ကိုယ်တိုင် ဝိပဿနာ ထိုင်ကြည့်တော့မှ ဘယ်အချိန် အနာကင်းကြသလဲ.... (မကင်းပါဘုရား)။

ဟိုက ယားတာနဲ့ ဒီကနာနေလိုက်၊ ခင်ဗျားတို့က ထခင်းစားဘိုရာ ခွေးကို အို့-အို့.. အို့-အို့... လို့ ခေါ်လိုက်တယ်၊ ထမင်းစားခွက်ကခလေး ကိုင်ပြီး... ခွေးက အယား ဖျောက်တုန်း ရှိသေးတယ်၊ ဒီခွေးများ တယ်ခက်ပါလား၊ အနာအဖေါ်ခေါ်လာတယ်၊ တကိုယ်လုံးက ဝဲချည့်ကိုး.... (မှန်ပါ့) အစချိသည်နဲ့ ခွေးများ ကဲ့ရဲ့နေလိုက်တာ.... (မှန်ပါ့) ခင်ဗျားတို့ ထိုင်နေတဲ့အခါကျတော့ ဟိုပြောင်း,ဒီပြောင်းနဲ့ ခွေးနေရာမရသလို၊ ဘာဖြစ်တာတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ၊ ရိပ်မိပလား- (ရိပ်မိပါပြီဘုရား)။

ဒီအတိုင်းဘဲ တကာတကာမခတ္တရဲ့ ရောဂါက ဘယ်သူမှ မကင်းဘူး... (မှန်ပါ့) တော်တော်ကြာ ဒီဘက်က ကျဉ်လိုက်, ဟိုဘက်က ကိုက်လိုက်, ဒီဘက်က ခဲလိုက်, ဒီဘက်က တံခွန်းထွေး ချင်လိုက်၊ ဟုတ်လား....(မှန်ပါ့) ဒီဘက်က နားထဲက ယားလိုက်

ခေါင်းပေါ်ကနေပြီးသကာလ ရှရှ,ရှရှဖြစ်လိုက်၊ ကြွမ်းတွေကပူပြီးသကာလ အသားတွေကပူပြီး ရွှေ့လိုက်၊ အဝတ်ကလေးကကပ်နေတဲ့အခါ ချွေးတွေလူးနေလို့ ခွါလိုက်၊ ဘာဖြစ်တာတုံး.... ခွေးနေရာမရသလိုဖြစ်တာဘုရား....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

တကာကြွယ် တောက်လျှောက်သွားနိုင်ရဲ့လား....(မသွားနိုင်ပါဘုရား) အိမ်ပေါ်မှာ တော်တော်ကြာ အိပ်ရာပေါ်ကနေပြီး ကုလားထိုင်ပေါ် ရွှေ့ပြန်ပြီ....(ရွှေ့ပြန်ပါပြီဘုရား) ကုလားထိုင်ပေါ်ကနေပြီး သင်ဖြူးကလေးခင်းပြီး ကြမ်းပေါ် ရွှေ့ပြန်ပြီ.... (ရွှေ ပြန်ပါပြီဘုရား) ကြမ်းပေါ်ကနေပြီး ကြမ်းပေါ်မှာ အနာရလာလို့ ကျဉ်တယ်,ကိုက်ဘယ်,ခဲတယ်နဲ့ ကုလားထိုင်ပေါ် ရွှေ့ပြန်ပြီ....(ရွှေ့ပြန်ပါတယ်ဘုရား)။

ဟာ.... နေရာမရပြန်ဘူး၊ ဘာဖြစ်တာတုံးခမားယင် တကာကြွယ် ဖြေတော်ပလား... (ဖြေတော်ပါပြီဘုရား) ရှင်းသွားပြီ.... (မှန်ပါ့)သဘောပါကြလား.... (ပါ့-ပါတယ်ဘုရား)။

အဲဒါ့ကြောင့် ခင်ဗျားတို့အိမ်တွေ လျှောက်ပြီးကြည့်လိုက်လို့ရှိယင်ဖြင့် နေရာအမျိုးမျိုး ဘာဖြစ်လို့ထားတာတုံး.. ၊အို.... အနာမျိုးစုံ တပည့်တော်တို့ကရှိခဲတဲ့ နေရာအမျိုးမျိုးနဲ့ ကုသရတယ်....(မှန်ပါ့ဘုရား)။

အိမ်ပေါ်မှာ ကုလားထိုင်အမျိုးမျိုးခင်ဗျားတို့က ဩဩ... သူက ပိုက်ဆံရှိလို့ထားနိုင်တာ, ဒီဆိုဖါကြီးတွေက ခုနစ်ရာဘန်, တထောင်တန်တွေ.... (မှန်ပါ့) မဟုတ်ဘူး အနာခပါက်လိမ့်ဦး

မယ် ရှေ့ဘို့လုပ်ထားတာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘာလုပ်ဘို့တုံး .. (အနာဒေါပါက်လို့ ရှေ့ဘို့လုပ်ထားတာပါဘုရား)။

အနာပေါက်လို့ ရှေ့ဘို့လုပ်ထားရတဲ့ဥစ္စာ....၊ သို့သော်လဲ ဒါက ဖေါ်ပြောလို့သာ တကာကြွယ်ရ သိတာကိုး.... (မှန်ပါ့ဘုရား)။

တကာကြွယ်တို့အလို့, ဦးမာဒင်တို့အလို့, တကာသစ်တို့အလို့, ဒါ- အိမ့်ကြက်သရေဘုရာ့....(မှန်ပါ့) အံ့မာလေး ဖြစ်ရပလေကိုယ့်အနားကိုယ်ပြန်မကြည့်ဘူး.... (မှန်ပါ့) အိမ့်ကြက်သရေတဲ့.... (မှန်ပါ့)။

တကာကြွယ် .... ဒီလိုဟာတွေထားရတာ ခင်ဗျားတို့ နဂိုရှိတုန်းကတော့ .... အနာပေါက်လို့ .... ရှေ့ဘို့လို့.... အောက်မေ့ရဲ့လား .... (မအောက်မေ့ပါ ဘုရား) ဘာမျှးအောက်မေ့နေသလဲ.... (အိမ့်ကြက်သရေလို့ အောက်မေ့ပါတယ်ဘုရား)။

အံ့မာလေး... လူနာသည် ရှေ့နေတာကြီး အိမ့်ကြက်သရလုပ်နေယင်ဖြင့် ခက်ပါသေးရဲ့ဗျာ .... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ့်နယ်ကြောင့် ဒီဟာတွေ နေရာပြောင်းစရာတတ်ထားရတာတုံး.... အိပ်ဘို့နေရာကတမျိုး, လေညှင်းခံဘို့နေရာကဘမျိုး, ကုလားထိုင်နဲ့နေဘို့ နေရာကတမျိုး, ထမင်းစားတဲ့နေရာကတမျိုး

မီးဖိုချောင်ကတမျိုး, တကာကြွယ် အိမ်ရှုပ်ဘဲရှုပ်လွန်းလှတယ်.... (မှန်ပါ့) ကယ့်နှယ်ကြောင့်တုံးဗျဆိုလို့ရှိယင် ဘယ်နှယ်ပြောကြမလဲ (အနှောင့်အယှက်လို့ ရှေ့ဘိုးပါဘုရား)။

ဆေးနာသပါက်တော့ ထမင်းအိုးချောင်မပါယင် မရဘူးဗျ.... (မှန်ပါ့) ဧည့်ခံနာ, ကိုက်နာဖာလာပြန်ဘော့ ကုလားထိုင်မပါလို့ယင်.... (မရပါဘုရား)။

ကုလားထိုင်ပေါ်ထိုင်ရင်းမတ္တန့်. တခါတည်း အဆစ်တွေ, ဘာဝေဒနာ, အကြောတွေ, ဘာတွေက တောင့်တောင့်လာပြန်တော့ အိပ်ယာမပါယင်ကော (မရပါဘုရား)။

အိပ်ချည့်နေပြန်တော့လဲ စင်းစင်းကြီးနေပြန်တော့လဲ တောင့်နေပြန်တာ့ ဖောင်းစဆုကလေး ပါပြန်တော့ကော ... (မှန်ပါ့) ခေါင်းကို ဒီအတိုင်း ထားပါတော့လား ဆိုလို့ရှိယင်ဖြင့်လဲ ခေါင်းအုံးက နိမ့်သလေး, မြင့်သလေးနဲ့ ရှုပ်လာပြီ....(မှန်ပါ့) ခေါင်းနာကြလာပြန်တော့ ခေါင်းအုံးအမျိုးမျိုးလဲရတယ်-(မှန်ပါ့)။

ဘယ်မှားတုံး ခင်ဗျားတို့ဟာ, ခင်ဗျားတို့ပစ္စည်းတွေ ဘာလုပ်ဘို့တုံး အနာကုဘို့တွေ....(မှန်ပါ့)။

ဘာလုပ်ဘို့လာပါလိမ့်....(အနာကုဘို့ပါဘုရား)ဒါကိုတကာကြွယ်တို့, ဦးမာဒင်တို့က ဂုဏ်မျှားယူနေလိုက်သေးတယ်(မှန်ပါ့) ဒို့ အကြောင်းညီညွတ်လို့.... ဒီပစ္စည်းတွေ ဘယ်အိမ်မှမရှိဘူးကွ၊ ဒို့အိမ်မို့ရှိတာလဲ လုပ်ချင်လုပ်နေသေးတယ်.... (မှန်ပါ့)

အံ့မာလေး....ဖြစ်မှဖြစ်ရပဒုလဗျာ တကာကြွယ်ရေ ဂုဏ်မယူသင့်တာ ဘယ်နှယ်တုံး....(ဂုဏ်ယူနေပါတယ်ဘုရား)။

စင်စစ်တော့ဖြင့် လူနာပြောင်းဘို့နေရာတွေဆိုတာ လွဲပါ့မလား-(မလွဲပါဘုရား)။

အဲဒါ ဂဏ္ဍဒတာ သဒ္ဒေါကျုလာတော့ ဩ်.... ဒါတွေဟာ ဘာအကျိုးဌာ ထားတာပါလိမ့်မတုံးလို့ ဆိုလို့ရှိယင်ဖြင့် ဆေးရုံပေါ်မှာ လူမမာသက်သေးတဲ့နည်းနဲ့ နေရမှအောင်လို့.... (မှန်ပါ့) အိမ်ကြီးကဆေးရုံ,တိုက်ကြီးကဆေးရုံဖေါ့ဗျာ(မှန်ပါ့) အတွင်းပရိဒေါဂဒတွက လူမမာသက်သာဘို့ထားတာ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအိမ်မှာ လူမမာ ဘယ်လောက်များသတုံး ဆိုတော့ ကကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီ) တအိမ်လုံးဖေါ့- (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ... (တအိမ်လုံးပါဘုရား) ဩ်-ရင်ဗျားတို့တအိမ်လုံး ဆုတောင်းပြည့်နေကြတာကိုး....၊ လူမမာဖျားဉ်ကိုးဆိုတာက အခုဖေါ်ပြောမှသိတယ်....(မှန်ပါ့)။

ကဋ္ဌိအိမ်သာကလေးတွေ ထားတာကလဲ တကာကြွယ် ဘာလုပ်ဘို့တုံးဗျ....(လူမမာသုံးဘို့ပါ) လူမမာလို့ ငမ်းထဲက မမာသာယင် အဲဒီသွားစွန့်ရမယ်.... (မှန်ပါ့)။

ကျင်ငယ်အိမ်ကလေးတွေ ထားတာကလဲ ဘာလုပ်ဘို့တုံး.... လူမမာစွန့်ဘို့ပါဘုရား) လူမမာကုဘို့ထားရတာတွေ.... (မှန်ပါ့ဘုရား)။

အဲဒါ တကာကြွယ်တို့က ကျုပ်တို့ကတော့ ကြွေအိုးနဲ့ ဘာနဲ့ ဆိုးတာ့ ဟုတ်သလိုလိုထင်နေသေးတယ်.... (မှန်ပါ့)စင်စစ်ဘာမှ မဟုတ်ဘူး သူ့ဟာက.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အံမာလေး.... တကာတကာမတွေက အနာရှိလို့လဲ အနာရှိမှန်းမသိဘူး၊ရှိပြန်တော့အနာနဲ့လဲ ကြားလုံးထုတ်တယ်....(မှန်ပါ့ဘုရား)။

ခုနင်က ဆိုတွေသုတ်ထားတဲ့အဝတ်ကြီးဝတ်ထားတဲ့မျက်လုံးကန်းတဲ့လူက ကျုပ်အဝတ်နဲ့ကျုပ် မလိုက်ဘူးလားဗျာလို့ လူတွေထဲ လည်ပြီးအော်သလိုဖြစ်နေတယ်....(မှန်ပါ့)။

တကာကြွယ် ဒီအတိုင်းမကျဘူးလား....(ကျပါတယ်) ကဲ.... ဒါဖြင့် မျက်လုံးဘာဖြစ်နေသတုံး... (ကန်းနေပါတယ်) ရှင်းကြပါလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အဲဒါ ဓမ္မာနုဓမ္မပဋိပတ္တိအကျင့်ကို မကျင့်ရသေးလို့ရှိယင်ဖြင့်တဲ့ ဒီကြားလုံးဟာ တကာကြွယ်လဲ ပျောက်မယ်မဟုတ်ပါဘူး... (မပျောက်ပါဘုရား) ဦးမာဒင်ကော.... (မပျောက်ပါဘုရား)။

ကဲ....ဘယ်သူက ကြားတာတုံးဗျ....၊ ပြောပါဦးခင်ဗျားတို့ ဂုဏ်မသိမ်ပါဘူးဗျ ၊ ဘယ်သူကကြားတာတုံး အကန်းကကြားတာ... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အံမာလေး ဒီအကန်းကလဲ အကန်းဘယ်အထဲကြားသတုံးမေးတော့မှ အကန်းတောထဲကြားတယ်....(မှန်ပါ့)။

ဘယ်အထဲကြားသတုံး ... (အကန်းတောထဲကြားပါတယ်ဘုရား)။

ဖြစ်မှဖြစ်ရပခလဗျာ၊ ဂုဏ်တော့မတက်ပါဘူး တကာကြွယ်ရေ....(မှန်ပါ့) တက်သေးရဲ့လား....(မဟက်ပါဘုရား)။

ကြားရတာက ဘယ်အထဲတုံး.... (အကန်းတောထဲပါဘုရား) အကန်းတောထဲမှာ အကန်းလူကြီးမင်းက ကြားတာလား... (မှန်ပါ့) အံ့မာလေး....ကြောက်စရာကြီးပါလား....၊တကာသစ်ရေ ဘုရားသာမကယ်ယင် ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင် အကန်းဘဝင်မြင့် ဖြစ်နေဦးမယ်.... (မှန်ပါ့) မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) ရှင်းကြပလား . (ရှင်းပါပြီဘုရား)။

အဲဒါ ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်. မလုပ်သေးသ၍ကာလပတ်လုံးဟာဖြင့် အကန်းထဲမင်းမူလိမ့်ဦးမယ်.... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ် .... (အကန်းထဲမင်းမူဦးမှာပါ) မြောက်တဲ့ပုဂ္ဂိုလ်ကလဲ အကန်း....(မှန်ပါ့) ကြဘဲ့ပုဂ္ဂိုလ်ကလဲ....(အကန်းပါဘုရား)ဖြစ်မှဖြစ်ရပခလ....။

တကာကြွယ် ဖြစ်မှဖြစ်ရပခလလို့ ပြောထိုက်-မပြောထိုက်-(ပြောထိုက်ပါတယ်ဘုရား)။

မြောက်တဲ့ပုဂ္ဂိုလ်က....(အကန်းပါ)ခင်ဗျားတို့တော့ ကာမဝစရရှိလို့ လိုတ-ရသကိုးတဲ့ .. (မှန်ပါ့) အင်း....မြောက်ပြန်ပြီ... (မှန်ပါ) ဘယ်သူကမြောက်ပါလိမ့် .... (အကန်းကမြောက်ပါတယ်ဘုရား)။

အင်း... လိုတရဆိုလဲကွာ ကိုယ့်အကျိုးပေးကလေးက အ
ကြောင်းညီညွတ်လို့ပါ၊ ဒီလိုတော့ဖြင့် လူနဲ့သူနဲ့တူအောင်ထား
လိုက်ရတာဘဲ၊ ဘယ်သူနဲ့တူအောင်လဲ .... (အကန်းနဲ့တူအောင်
ပါဘုရား)ရိပ်မိကြပလား....(ရိပ်မိပါပြီ) အံမာလေး .... အကန်း
ချင်းတူအောင်လုပ်ရတာ (မှန်ပါဘုရား)။

တကာကြွယ်ရေ ဒီတရားမနာဘူးသေးလို့ ဓမ္မာနုဓမ္မပဋိပတ္တိ
ကို မသိသေးသ၍ကာလပတ်လုံးဖြင့် ဒီကြီးလုံးနဲ့ဘဲ နေဦးမှာဘဲ
ကြီးလုံးကဘာကွာ, ဥပါဒါန်တွေ .... (မှန်ပါဘုရား)တကွာ,
ဥပါဒါန်တွေဆိုတော့ ကာယကံ,ဝစီကံတွေနဲ့ မဝယ်ပေဘူးလား
(ဝယ်ပါတယ်ဘုရား)ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

အင်း.... ဒါဖြင့် သူဟာ- သူ့အကန်းသည်ကားလို့ ဆိုယင်
အကန်းတော ပြန်ထောက်ပြန်ပြီ... (မှန်ပါ) မထောက်ပေဘူးလား
(ထောက်ပါတယ်ဘုရား)။

အဲဒါတွေ ဥာဏ်ထဲရောက်ဒေတာ့မှ ဘုရားသခင်ကိုယ်တော်
မြတ်ကြီးသည် ရှေးနန်းသုံးဆောင်ကစွန့်လာတယ်ဆိုဘာ ဦးမာဒင်
စွန့်ထိုက်-မစွန့်ထိုက်(စွန့်ထိုက်ပါတယ်) ရှေးအိုးကြီးလေးလုံးဟာ
တယူဇနာပတ်သည်ရှိတာကြီး စွန့်နိုင်-မစွန့်နိုင်ကော... (စွန့်နိုင်ပါ
တယ်ဘုရား)။

ယခုသင်ဓရာအမှုးရှိသော မောင်းမအပေါင်း လေးသောင်း
နဲ့ နေရတာတွေကိုလဲ တကာကြွယ် စွန့်နိုင်-မစွန့်နိုင်... (စွန့်နိုင်ပါ
တယ်ဘုရား)။

အဲဒါ 'ရောဂတော ဂဏ္ဍတော' ဆိုတာ သူမြင်လာတယ် ....
(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့မှာဘော့ ကိုယ့်ဟာကလေးနဲ့ကိုယ် ကိုယ့်ငါး ချဉ် ကိုယ်ချဉ်ပြီးသကာလ တကာကြွယ်တို့က ဘာမှမစွန့်နိုင်သေး ပါဘူး....(မစွန့်နိုင်ပါ) ရိပ်မိပလား ..(ရိပ်မိပါပြီဘုရား)။

ဘ များ စွန့်နိုင်သတုံးခမားတော့ မစွန့်နိုင်ဒေသးပါဘုရား .... ပါရမီက သေးနုပ်တယ်တဲ့၊ ပါရမီချနေယင် မျက်လုံးဖျ(မှန်ပါ့) ရိပ်မိ၊လား....(ရိပ်မိပါပြီဘုရား)။

နဂိုရိုက်ချနေတာ ဘာချနေသတုံး .... (ပါရမီချနေပါတယ်) စင်စစ်က ဘာတုံး... (မျက်လုံးပါဘုရား)။

မျက်လုံးက အမှန်မမြင်သေးလို့၊ဒါဟာ ငဆေးရုံကြီး၊ဒါဟာ လူမမာတို့၏ ကိရိယာဟုတ်လား(မှန်ပါ့) ကိုယ့်ကိုယ်ကလူနာကြီး-ဒါလူနာအဖြစ်လွတ်အောင်ဖြင့် လုပ်ပါတော့မယ်၊ ဒီလူနာ့ပစ္စည်း တွေကို မကြည့်ချင်ပါဘူးဆိုတာ စွန့်ကြမှာဘဲ .... (မှန်ပါ့)။

အခုတော့ကိုယ့်အကြောင်းကိုကောင်းကောင်းမသိတော့မျက်စိ နှစ်ကွင်းက အလင်းမရသေးဘော့ တကာကြွယ်ရေ ဥပါဒါန် ကလေးကရှိနေတယ်....(မှန်ပါ့) ဥပါဒါနပစ္စယာ.... (ကမ္မဘဝေါ ပါဘုရား) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)။

အဲ...ဥပါဒါန်ကလေးတွေ ရှိနေလို့ ဒါ အိမ့်ကြက်သရေ, မြို့ကြက်သရေ, ရွာကြက်သရေ, ကိုယ့် ကြက်သရေနဲ့ ဆိုပြီး ဥပါဒါန် ကလေးတွေကြောင့် ဒီလူနာ့ ပစ္စည်း တွေကိုလဲ ဝယ်နိုင်တယ်, ချမ်းနိုင်တယ်၊ သူများမပေးနိုင်တာ မစွန့်နိုင် တာ၊ ဒါတွေ သာယာနေတယ်ဆိုတာကိုလဲ ပဋိစ္စသမုပ္ပါဒ်ပေါ်

လာတာလို့ မှတ်ရမယ်....(မှန်ပါ့)သဘောကျပလား...(ကျပါပြီဘုရား)။

ဘာပေါ်လာတာတုံး ... (ပဋိစ္စသမုပ္ပါဒ် ပေါ်လာတာပါ) ဘယ်သူပေါ်လာတာတုံး- အကန်းပေါ်လာတာ ... (မှန်ပါ့) အံ့ဖွယ်လေး ...လျှော့စျေးလုပ်မနေနဲ့ ခင်ဗျားတို့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါတွေမစွန့်နိုင်တာက နဂိုရိကကန်းတော့ လူနာ့ပစ္စည်းလို့ သိသေးရဲ့လား....(မသိပါ) မသိတော့ ဒါ ဥပါဒါန်ရှိ, မရှိ.... (ရှိပါတယ်ဘုရား)။

ဥပါဒါန်ရှိတာ့ကို တဏှာတကာမတို့ ဥပါဒါနပစ္စယာ ကမ္မဘဝဖြစ်လာတာယ်....(မှန်ပါ့)ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)ဒါတွေဟာ ဇာတိပဋိသန္ဓေ ဖြစ်ကြောင်းတွေလို့ သိရဲ့လား ...(မသိပါ) ဘယ်နှယ်ကြောင့် မသိပါလိမ့် .... (ကန်းနေလို့ပါဘုရား)။

အဲဒါကြောင့် ဘုရားက ဟေ .... မျက်စိနှစ်ကွင်း အလင်းရအောင်ကုပြီ မှ မင်းသည်ကားလို့ ဆိုယင် အနာရှိတယ်-မရှိဘူး ဆိုတာသိလိမ့်မယ်ကွလို့ မာဂဏ္ဍိပရဗိုဇ်ကို ဟောတာမျှားတကာသစ် ဟောထိုက်-မဟောထိုက်....(ဟော့ထိုက်ပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ကျုပ်တို့တကာတကာမတွေလဲ နဂိုရိတုန်းက ဗေ့လာတာတော့ အကန်းဘဲ တကာကြွယ်ရေ .... (မှန်ပါ့) ၊သခု အချိန်မှာ အလင်းရအောင် ယူနိုင်ကြလို့ရှိယင်ဖြင့် ဦးမာဒင်တို့

တကာသစ်တို့ အဘိုးတန်ပြီ....(တန်ပါပြီ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါလဲ သာသနာတော်ဆေးနဲ့ကုမှနော်....(မှန်ပါ့) သာသနာတော်ဆေးနဲ့ မကုဘူးဆိုယင် ပျောက်ပါ့မလား .... (မပျောက်ပါဘုရား)။

အဲဒီတော့ ကိုယ်ပါရမီတွေဘာတွေချမခနဲ့၊ သာသနာတော်ရောက်ကတည်းက ဒီဆေးနဲ့တွေ့ပဟာ....(မှန်ပါ့)ဒီဆေးနဲ့တွေ့ယင် မျက်စိနှစ်ကွင်း အလင်းရမယ်၊ အလင်းရလို့ရှိယင် ဥပါဒါန်ချုပ်တယ်....(မှန်ပါ့)ဥပါဒါန်ချုပ်ယင် ကံကော... (ချုပ်ပါတယ်) ကံချုပ်ယင် (ဇာတိချုပ်ပါတယ်)'ဇာတိနိဒါနာဒေဝ နိဗ္ဗာနံ'ကိုး-(မှန်ပါ့) ဇရာနိရောဓော.... (နိဗ္ဗာနံပါ) မရဏနိရောဓော.... (နိဗ္ဗာနံပါဘုရား)။

သြော်....ဒါဖြင့် ကျုပ်တို့မျက်စိနှစ်ကွင်း အလင်းရလို့ရှိယင် ဒါတွေ့မစဲလမ်းတော့ဘူး....၊ မစဲလမ်းလို့ရှိယင်ဖြင့် ဥပါဒါန်က စ,ချုပ်တယ်(မှန်ပါ့) ဥပါဒါနနိရောဓော ဘဝနိရောဓော(မှန်ပါ့) ဘဝနိရောဓော... (ဇာတိနိရောဓောပါဘုရား)။

ကဲ... တကာသစ် မျက်စိနှစ်ကွင်း အလင်းရတော့ စဲသေးသလား (မစဲပါ) ကိုယ်ခန္ဓာလဲစဲသေးရဲ့လား .... (မစဲပါ) ပရိဇောဂတွေကော (မစဲပါ) မစဲတော့ တကာကြွယ် ဘယ်သူက စ,ချုပ်သတုံးဗျ... (ဥပါဒါန်ကစ,ချုပ်ပါဘယ်ဘုရား)။

ဥပါဒါန်က စ,ချုပ်တော့ ကျန်တာတွေ ဦးမာဒင်-ချုပ်စရာလိုသေးသလား .... (မလိုပါ) ဥပါဒါန်ချုပ်ကတည်းက ကံချုပ်

တယ်.. (မှန်ပါ့) ကာယကံ,ဝစီကံတွေနဲ့ လုပ်ဖြစ်သေးသလား... (မလုပ်ဖြစ်ပါဘုရား)။

အဲဒါခြင်္ကာင့် "ကမ္မဿကပစ္စယာ ဇာတိ" ဆိုးတာ့ ဒီဘဝမှာ ကာယကံ,ဝစီကံ ဇာတ်သိမ်းကတည်းက နောက်လာလတံ့ဖြစ်တဲ့ ဇာတိ,ဇရာ,မရဏလဲ တကာသစ်ဘာတုံး.... (ချုပ်ပါဘယ်ဘုရား) ဇာတ်သိမ်းတယ်.... (မှန်ပါ့ ဇာတ်သိမ်းပါတယ်) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အခုတော့ဖြင့် ဇာကာတကာမတို့ မျက်စိနှစ်ဘက်မှာ အလင်းမရသေးတော့ ဘုန်းကြီးကလဲ ရောဂါကြီးနဲ့. ရောဂါရှိတယ်လို့ မထင် (မှန်ပါ့)ရောဂါကုစရာကုလားထိုင်နဲ့တက္ခ ဆိုဖါအမျိုးမျိုး ပစ္စည်းတွေကိုလဲ သြော်... ဒါတွေဟာ လူနာကုစရာတွေဘဲ၊ ကြက်သရေမရှိပါကလားလို့ မလားသေးဘူး.... (မလားသေးပါဘုရား)။

ဒါကလေးကို တခါတည်း လူထိုင်ဘို့ ညှော်ကောင်း, စောင်းကောင်းလားယင် ဒီနေရာပို့.....၊ သူပြန်သွားတဲ့ အခါကျတော့ အပေါ်က အဝတ်ကလေးပုံးထားတယဲ... (မှန်ပါ့)။

အံမာ.. အင်မတန်ကြက်သရေရှိနေတာ၊ သူ့ဟာနဲ့သူ အင်မတန် ဟုတ်နေတာကိုးဗျ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အံမာကလေး....ဒါ-ဘာဖြစ်လို့ ဒီဥစ္စာ ဒါလောက် သာယာနေပါလိမ့်မတုံးဆိုလို့ရှိယင် တကာကြွယ် ပေါပလား (ပေါပါပြီဘုရား) ဥပါဒါန်ရှိတယ်... (မှန်ပါ့) သူ့အပြစ်မမြင်သေးတော့ (မှန်ပါ့ဘုရား)။

အပြစ်မမြင်သေးတော့ ဘာရှိနေသလဲ.... (ဥပါဒါန်ရှိနေပါတယ်ဘုရား)။

ဒါဖြင့် ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)။

ဩော်.... ဒါဖြင့် ခင်ဗျားတို့အိမ်မှာရှိတဲ့ ပစ္စည်းတွေ အပြစ်မမြင်သေးယင်လဲ ဥပါဒါန်ရှိဦးမှာဘဲ.... (ရှိပါတယ်ဘုရား) ဥပါဒါန်ရှိလို့ ရှိယင် ကမ္မဘဝက.... (ရှိပါတယ်ဘုရား) ကမ္မဘဝပစ္စယာ— (ဇာတိပါဘုရား) ဩော်.... အိမ်မှာရှိတဲ့ပစ္စည်းတွေ ဇာတိဖြစ်ကြောင်းချည်ပါလား . (မှန်ပါ့)။

ခန္ဓာကြီးကလဲ.... (ဇာတိဖြစ်ကြောင်းပါဘုရား) ပစ္စည်းတွေကလဲ....(ဇာတိဖြစ်ကြောင်းပါဘုရား)။

ဒါတွေကိုဘဲ ခင်ဗျားတို့ ဇာတိဖြစ်ကြောင်းတွေကို မမြင်သေးသ၍ကာလပတ်လုံး ဒါတွေ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တွေကို တကာကြွယ်တို့ မမြင်သေးသ၍ ကာလပတ်လုံးဖြင့် ဒီပဋိစ္စသမုပ္ပါဒ်ကြီး ဦးမာဒင်လည်မှာဘဲ.... (လည်မှာပါဘုရား) မလည်ပေဘူးလား....(လည်မှာပါဘုရား)။

တကာကြွယ် တော်တော်ရှင်းပြီ...(ရှင်းပါပြီဘုရား) ဒါဖြင့် ဘာပြင်ဘို့ အရေးကြီးပါလိမ့်.... (မျက်လုံးပြင်ဘို့ အရေးကြီးပါဟယ်ဘုရား)။

အံမာလေး... မျက်လုံးပြင်ဘို့၊ မျက်လုံးမှားကို ပြောနေရတာကိုက အတော်ကြာသွားတယ်....(မှန်ပါ့)အတော်ကြာသွားတယ် တကာတကာမတို့ မှားချက်က သန်တော့လဲ သေသေချာချာ

ဖေဖော်မှု ဩဩ....ဟုတ်ပါလားဆိုတာ လာတာနော်... (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် ကိုယ့်ကားနဲ့ ကိုယ့်ကိုယ်ဘဲ တကာကြွယ်ရေ ဆေးရောင်ကလေး သူ့ကာသူ့ကာနဲ့ ဟင်....(မှန်ပါ့) အင်း....လူမမာတင်ဘို့ပါလားရယ်လို့ လာရဲ့လား... (မလာပါဘုရား) ငါမို့ ဝယ်နိုင်တာဆိုတာ လာသေးတယ်.... (လာပါသေးတယ်ဘုရား) ဖြစ်မှဖြစ်ရပလေ....(မှန်ပါ့)။

ဖြစ်မှဖြစ်ရပလေ... စင်စစ်တော့ဖြင့် မာတဲ့ပုဂ္ဂိုလ်ဖြင့်လဲ သွားမှာပေါ့ ကိုယ့်စွမ်းရည်နဲ့ ဟင်... (မှန်ပါ့) အခုတော့အရေးကလဲကြီးတယ်၊ သွားဘို့ခရီးကလဲ ဝေးတယ်၊ ကိုယ့်ခန္ဓာကိုယ်ကြီးကလဲမသန်စွမ်းဘူး၊ ထောဂါတွေပြည့်စုံနေတော့ တကာကြွယ်ရေ... လျင်မြန်တဲ့ကားကိုဘဲ- အာဘိုးတန်တဲ့ကားကိုဘဲ စီးရတယ်ဆိုတဲ့ဥစ္စာ လူမမာတင်တာဗျ .. (မှန်လှပါဘုရား)။

ဘာဆိုကြမယ်(လူမမာတင်တာပါဘုရား)လူမမာတင်တာလို့ တကားကြွယ် သိပလား-(သိပါပြီ) ဦးမာဒင်ကော....သိပသား-(သိပါပြီဘုရား) ဘာတင်တာတုံး....(လူမမာတင်တာပါဘုရား)။

လူမမာဆိုတာက ဘယ်သူတုံး....လို့ မေးတဲ့အခါကျတော့မှ စဉ်းစားကြည့်ပါတဲ့ ကိုယ့်အတွက်ဝယ်တာ....(မှန်ပါ့)။

ဘယ်သူ့အတွက် ဝယ်တာ တုံး.... (ကိုယ့်အတွက်ဝယ်ဘာပါဘုရား) ဒါဖြင့် ကိုယ် လူမမာဘဲ.... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အဲဒါဘေးကလူခတွေက လက်ခုပ်တီးပေးဘယ်၊ အို.... သူတို့တော့ ကံက အကြောင်းသင့်တယ်၊ ဘံုက အကြောင်းသင့်ရမတုံး၊

လူမမာကြီးဖြစ်နေတဲ့ဥစ္စာ....(မှန်ပါ့ဘုရား) အခြောင်းသင့်စရာ ပါသေးရဲ့လား....(မပါ-ပါဘုရား)။

တကာကြွယ် ဘာတုံးဗျ၊ လူမမာမဟုတ်လား့ဗျ....(မှန်လှပါ) လူမမာတင်ဘို့ ထမ်းစင်သဘောလုပ်ရတယ် မဟုတ်လား....(မှန်ပါ့ဘုရား)။

အဲဒါကို ခင်ဗျားတို့-ကျုပ်တို့ ဘေးကမျက်စိနှစ်ကွင်းအလင်း မရတဲ့ပုဂ္ဂိုလ်ကတော့ သူတို့ကတော့ စီးနိုင်မှာဘဲ၊ အခြောင်းက ညီညွတ်နေတယ်....တဲ့.... (မှန်ပါ့) အခြောင်းက မညီညွတ်လို့ စီးရတာ....(မှန်ပါ့)။

ဒီက ဘယ်လိုအောက်ခံမှ ရမလဲ.... (မညီညွတ်လို့ စီးတာပါဘုရား) သို့သော်လဲ ဒီကလဲ အခု ဆရာဘုန်းကြီးပြောလို့သာကိုးဗျ....(မှန်ပါ့) သူက ညီညွတ်လို့ စီးတယ်အောက်မေ့နေတာ-(မှန်ပါ့) စင်စစ် စီးရတာကတော့.... (မညီညွတ်လို့ စီးရတာပါဘုရား)။

တကာကြွယ် ညီညွတ်လို့ စီးတာလား- မညီညွတ်လို့ စီးတာလား ... (မညီညွတ်လို့ စီးတာပါဘုရား) ဘာမညီညွတ်တာတုံး၊ ခန္ဓာတွေက ရောဂါချည့်ဘဲဘုရား....(မှန်ပါ့)။

နည်းနည်းသွားလို့ရှိယင် အတွင်းရောဂါတွေက အတွင်းကယင်လဲ ထ,မယ်ဘုရား့၊လေနာကယင်လဲ ထ,မယ်ဘုရား့၊ ဒုက္ခသာပါဒရက်ကသော်ငင်း ... (ထ,မှားပါဘုရား) နဂိုရိုက်ကဘာဖြစ်နေသတုံး၊ ငုပ်နာတွေနဲ့ ဖြစ်နေတယ် .... (မှန်ပါ့ဘုရား) ဒီဟာနဲ့မှမသွားလိုက်လို့ရှိယင် ပေါ်တဲ့အနာတွေ ဖြစ်လာမယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘယ်သူ့တင်ဘို့တုံး.... (လူမမာတင်ဘို့ပါဘုရား) အံမာလေး-လူမမာတင်ဘို့ရာကို ခင်ဗျားတို့ကလဲ ဘေးက မြောက်တဲ့ လူကလဲ စုံလုံးကန်းစီးတဲ့ပုဂ္ဂိုလ်ကလဲ မျက်စိနှစ်ဘက်လုံး အလင်းမှ၊ သူ့ဟာနဲ့သူတော့ ဟုတ်နေလိုက်ကြတာ.... (မှန်ပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒါ အာရိယာမျက်လုံးမရသေးသ၍ကာလပတ်လုံး တကာကြွယ် နောက် ဒါမျိုးစီးရပါလို့ဆိုတော့ ဒီလူမမာ ဖြစ်ရပါလို့လားတာ.... (မှန်ပါ)။

ဒါမျိုးစီးရပါလို့ဆိုတော့.... (လူမမာဖြစ်ရပါလို့လားတာပါဘုရား) ဒီ ထက်ကြီးတာကြီး စီးရပါလို့ ဆိုတော့ကော.... (လူမမာဖြစ်ရပါလို့ပါဘဲဘုရား)။

ဒီ့ထက်ကြီးတဲ့လူမမာကြီးထည့်ပါဦး-ထည့်ပါဦး တကာသစ်ရ လျှော့စျေးမလုပ်ပါနဲ့....(မှန်ပါ့)။

ဒီ့ထက်ကြီးကြီး ကျုပ်တို့ ခင်ဗျားတို့ လေးကျွန်းစီးတဲ့စကြာရတနာကြီး ရ,ရပါလို့ဆိုတော့ ဘယ့်နှယ်ဆိုပါ့မလဲ.... (လူမမာကြီးဖြစ်ရပါလို့ပါဘုရား) ဒီ့ထက်ကြီးတဲ့ လူမမာကြီးဖြစ်ရပါလို့... (မှန်ပါ့)။

တကာကြွယ် ဒါတွေဘဲဗျ၊ မျက်စိနှစ်ဘက်လုံး အလင်းမရလို့ အန္ဓဝင်ကြီးရှုပ်နေတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ့ဲ့.... ဒါတွေက ဥာဏ်စခန်းကို ပြောရတော့ ဦးမာဒင်မလွယ်ဘူးနော်.... (မလွယ်ပါဘုရား)။

ဒါ.... တဏှာသဘ်နောဘာ အောက်ခေ့ပါ.... (မှန်ပါ) ဒီဌိ သတ်နေတာကော ... (ဟုတ်ပါတယ်ဘုရား) တဏှာ ဒီဌိသတ်ခနတာ.... (မှန်ပါ့)။

ခင်ဗျားတို့ကတော့ ဒီဥစ္စာ ဒါတွေနဲ့ပတ်သက်ပြီး ယကာလှတကာကြွယ်တို့- တဏှာသစ်တို့- ဦးမာဒင်တို့က ဘော်,တော်သေးရဲ့များ ခင်ဗျားတို့က ထင်နေသေးတာ....(မှန်ပါ့)။

တော်,တော်သေးရဲ့ဘုရား၊ ဒါလောက် လူဘန်းဝေ့ကလေးကိုယ်မှာ ကာမဘဝစရရှိလို့....တဲ့၊ အခုတော့ မဟုတ်ဘူး၊ ကာမဘဝစရရှိလို့ လူမမာဖြစ်နေတယ်.... (မှန်ပါ့) လူမနာဖြစ်လို့ ထမ်းပင်ကြီးကြီးဝယ်....(မှန်ပါ့ဘုရား) ဒီလိုယူမှ တဏှာဒီဌိ သေတော့မယ်.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် မျက်လုံးကလေး နည်းနည်းတော့ ရှင်းလာပြီ--(ရှင်းပါပြီဘုရား)။

အရိယာမျက်လုံးကလေး နည်းနည်းတပ်မိပြီ တကာကြွယ်ရ-(မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ရှေးနန်းသုံးဆောင် စွန့်တာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား) တောလဲထွက်ပါရောမာရ်နတ်မင်းက ရှေ့ကနေပြီး မြင်းဆီးဆွဲပြီးထားတယ်-(မှန်ပါ့ဘုရား) ခုနစ်ရက်ရှိလို့ရှိယင် ထမ်းပင် အကြီးစားရမယ် ပြောတာ....(မှန်ပါ့)။

ဘုရားက ဟေ.....ဒီထမ်းစင် မသိုချင်ဘူးက္ခ....(မှန်ပါ!) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီမှာ ထမ်းစင်မလိုချင်လို့ နိဗ္ဗာန်ရသွားတာ.... (မှန်ပါ!) နို့မဟုတ် ထမ်းစင်ကြီးနဲ့ မသာလောင်းအဖြစ်နဲ့ လေးကျန်းလည်ဦးမှာ....(လည်ဦးမှာပါဘုရား) မလည်ပေဘူးလား....(လည်ပါတယ်ဘုရား)။

ကဲ....တကာကြွယ် မျက်စိအမှန်ရသွားတော့.... (မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကဲ... ဒါဖြင့် ဒီဥစ္စာလောက် ဆိုလို့ရှိယင် မေ့လဲမမေ့ကြပါနဲ့၊ စီးတိုင်း, သွားတိုင်း, လာတိုင်း, ဘယ်လောက်တန်ကြီးကို ဝယ်နိုင်, ဝယ်နိုင် သြော်.... လူမမာ ထမ်းစင်ပေါ်ရောက်တာမှတ်....(မှန်ပါ!) သဘောပါပလား....(ပါ·ပါပြီဘုရား)။

လူမမာဘာတဲ့ .. (ထမ်းစင်ပေါ်ရောက်တာပါဘုရား) မာယင် တကာတကာမတို့ ကိလေသာမရှိဘဲနဲ့ သာ နေကြမယ်ဆိုယင် ကွေးတဲ့လက် ဆန့်သလောက်နဲ့ ဗြဟ္မာ့ပြည်ရောက်တယ်....(မှန်ပါ! ဘုရား)။

မာသွားတော့ ကွေးတဲ့လက် ဆန့်သလောက်နဲ့ ဗြဟ္မာ့ပြည် မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား) အဲဒါမှ လူမာတွေ့ကိုးဗျ .. (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မမာလို့ ပက်ထရိုကုန်လိုက်တာ မပြောပါနဲ့ဘော့၊ ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

တော်တော်ကြာ တာယာကျတ်က လေးလွန်းလို့ ခန္ဓာကိုယ်ကြီးက အောက်ချည့်သွားမယ်လို့ ပြောနေလို့ ကျတ်ပေါက်ရတာနဲ့ တာယာပေါက်ရတာနဲ့ ရှုပ်ကုန်ပြီ - (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ... တကာကြွယ် ဒါ-ခန္ဓာကိုယ်လေးခြောင်း သေချာပလား....(သေချာပါပြီ) ဘာဖြစ်သို့ ဒီတာယားတို့ ကျတ်တော့ဟာ ဒါသောက်တောင် ပေါက်ရပါလိမ့်....(ခန္ဓာကိုယ်လေးလွန်းလို့ပါဘုရား) သူက ဘယ်သွားမယ် ပြောနေသတုံး....(အောက်သွားမယ် မပြောနေပါတယ်ဘုရား)။

ဖြစ်မှဖြစ်ရပလေ တကာကြွယ် သူက အောက်သွားမယ်ချည့်ပြောနေတာ တာယာ,ကျတ်က သက်သေခံနေတယ်.... (မှန်ပါ့) ရိပ်မိပလား_(ရိပ်မိပါပြီဘုရား)။

အဲဒါ ကိလေသာလေးတာလို့ မှတ်လိုက်....(မှန်ပါ့) ဆောဂါလေးတာလို့ ....(မှတ်ရပါမယ်) သဘောကျပလား (ကျပါပြီ) ကိလေသာနဲ့ ဆောဂါဟာ အလေးဆုံးဘဲ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် အရိယာမျက်လုံး တပ်ကြပါစို့ဗျာ... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတပ်ပေးရမတုံး... (အရိယာမျက်လုံးတပ်ပေးရပါမယ်) ပုထုဇန်မျက်လုံးတော့ဖြင့် အရူးချည့်ဖြစ်နေပြီ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပုထုဇန်မျက်လုံးနဲ့ ကြည့်လိုက်ယင်ဖြင့်.... (အရူးချည့်ဖြစ်နေပါတယ်ဘုရား)။

အရူးချည့် ဖြစ်နေတာဘဲဆိုတော့ အဲဒါက ဘုန်းကြီးတို့ တကာတကာမတွေတော့ နားလည်ထားလို့ ကိစ္စမရှိဘူးနော်.... (မှန်ပါ့) မြို့ထဲ ဒီအသွားမျိုး သွားမပြောနဲ့ ခင်ဗျားတို့ ရေနဲ့ ပက်ထုတ်လိမ့်မယ်၊ ရက်ိုမရဘူး....(မှန်ပါ့ဘုရား)။

သူတို့က ဒါကို အင်မဘန် ကြက်သရေမဂ််လာနဲ့, သပြေပန်းနဲ့ ကားသစ်ကလေးလာတယ်ဆိုလို့ ရှိယင်ဖြင့် အောင်စေသတည်းတွေ ရှုပ်နေတာဘဲ.... (မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာမှ ဒီဥစ္စာတွေ ဟုတ်တာတွေ မဟုတ်ဘူး, မျက်စိနှစ်ကွင်း အလင်းမရတဲ့ ပုဂ္ဂိုလ်တွေ၏ပစ္စည်းဆိုတာလဲ ယခု ယနေ့ပြောတော့ ပေါ်ပါပြီ....(ပေါ်ပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဓမ္မာနုဓမ္မပဋိပတ္တိ မရသေးယင် မျက်စိနှစ်ကွင်း အလင်းမရသေး....(မှန်ပါ့ဘုရား)။

ဓမ္မာနုဓမ္မပဋိပတ္တိမကျင့်ရသေးယင်....(မျက်စိနှစ်ကွင်းအလင်းမရသေးပါဘုရား) မျက်စိနှစ်ကွင်း အလင်းမရသေးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း... ဒါဖြင့် တကာကြွယ် ဒီနေ့ မျက်စိအလင်းရအောင် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးပေးတဲ့ ဝိပဿနာဉာဏ်ဆေး, မဂ်ဉာဏ်ဆေး ဒါနဲ့ ကုမှရမယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဝိပဿနာဉာဏ်ဆေး, မဂ်ဉာဏ်ဆေးနဲ့ ကုလို့ ရှိယင်ဖြင့် ဉာဏ်မျက်စိဟာ တကာတကာမတို့ နှစ်ကွင်းရလာမယ်ဆိုတာ သေချာပါပြီ....(သေချာပါပြီဘုရား) ကိုင်း....ရှင်းကြပလေစ.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ပြကြပါစို့... တဲ့၊ ယနေ့ တကာတကာမတို့ ဝေဒနာသုံးမျိုးဘဲပြမယ်.... (မှန်ပါ့) ငါးမျိုးယင်လဲ ပြဖြစ်လိမ့်မယ်နော်....(မှန်ပါ့)။

တကာတကာမတွေ့ရဲ့ ခန္ဓာကိုယ်ထဲမှာ ယားတယ်,နာတယ်, အောင့်တယ်....၊ တကာသစ် ဘာဝေဒနာတုံး.. (ဒုက္ခဝေဒနာပါဘုရား) ဩော်.... ဒုက္ခဝေဒနာနော်.... (မှန်ပါ့) ဒါ-နှစ်ခု အကြောင်းတိုက်ဆိုင်ယင် ဖဿပစ္စယာ ဝေဒနာကပေါ်နေတာဘဲ....(မှန်ပါ့)။

တခါတလေကျတော့ ယားတာပေါ်,နာတာ, အောင့်တာ, ကလေး ပျောက်သွားပြန်တယ်လို့ ဆိုပြန်တော့လဲ အခုမှ နေကောင်းတယ်.... (မှန်ပါ့) အင်း... သုခဝေဒနာပေါ်ပြန်ပြီ.... (ပေါ်ပါတယ်ဘုရား) မပေါ်ဘူးလား... (ပေါ်ပါတယ်ဘုရား)။

အခုလို ပန်ကာတော့လှည့်ပြီးနေတဲ့အချိန် တကာတကာမတွေ့ကလဲ အကြိုက်ဖြစ်နေတဲ့အချိန်ကျတော့ အင်း... ခေါင်းပေါ်မှာ ဖြစ်စေ, သုခဝေဒနာကလေးပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား) ဒါလဲ အဖေါ်ကလေးနဲ့ထိလို့ ပေါ့ဗျ....(မှန်ပါ့)။

ဒါလဲ ဖဿပစ္စယာ... (ဝေဒနာပါဘုရား) လေထဲမှာပါတဲ့ ခေတ်တွေကထိလို့....(မှုန်ပါဘုရား) ဖဿပစ္စယာ.... (ဝေဒနာပါဘုရား)။

သို့သော် ဖဿပစ္စယာ သုခဝေဒနာ.... (မှုန်ပါ့) အချို့ကျတော့ ပန်ကာလေကြောင့်ဘဲ တကာတကာမတွေ့ အအေးပတ်ပြီးတော့ ဒုက္ခဝေဒနာရတယ်....(မှုန်ပါ့) အဲဒါကျတော့လဲ ဖဿပစ္စယာ ဒုက္ခဝေဒနာ.... (မှုန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီအထဲ တကာတကာမတို့ တချို့လဲ ဒုက္ခဝေဒနာနဲ့ နေကြတယ်... (မှုန်ပါ့)တချို့လဲ.... (သုခဝေဒနာနဲ့ နေပါတယ် ဘုရား)။

တချို့ကျတော့လဲတဲ့ ဟိုကြည့်, ဒီကြည့်နဲ့. ဥပက္ခာဝေဒနာ ပေါ်နေတယ်.. (မှုန်ပါ့ဘုရား)။

မျက်စိတွေက ကြည့်ပြီးနားနဲ့ထောင်တဲ့အခါကျတော့ဘာတွေ့ ပေါ်နေသလဲ(ဥပက္ခာဝေဒနာ ပေါ်ပါတယ်ဘုရား)အဲ့....နားနဲ့ အသံတွေကြားနေတုန်းကတော့(ဥပေက္ခာဝေဒနာပေါ်ပါတယ်) တယောက်အနံ့တွေက .... တယောက်နှာခေါင်းထဲ ဝင်လာတဲ့ အခါကျတော့ .. - (ဥပေက္ခာ ဝေဒနာပေါ်ပါတယ်) ကိုယ့် တံတွေးကလေးတွေ့ ကိုယ်မျိုချနေတဲ့အခါကျတော့- (ဥပေက္ခာ ဝေဒနာပေါ်ပါတယ်ဘုရား)။

အင်း....ဒါဖြင့် မျက်စိ, နား, နှာခေါင်း, လျှာပေါ်မှာပေါ် တာတွေ့ ဥပေက္ခာဝေဒနာနော်- (မှုန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီနေရာမှာ သုခလဲပေါ့, ဒုက္ခလဲပေါ့, ဥပေက္ခာဝေဒနာလဲပေါ့နေဘယ်ဆိုတာ ပေါ့တိုင်း- ပေါ့တိုင်း တကာတကာမတို့ ဘာပေါ့တယ်ဆိုကြမတုံး- (ဝေဒနာပေါ့ပါတယ်ဘုရား) ဘယ်မှာ အန္တရယ်ကင်းသတုံး- (မကင်းပါဘုရား)။

တကာကြွယ် ဘာတွေမျှား ပေါ့ပေါ့နေသတုံး- (ဝေဒနာပေါ့ပါတယ်ဘုရား)။

အို....ကျုပ် ဝေဒနာက မပြောနဲ့တော့ အနားမရှိဘူး.... (မှန်ပါ့) ရှိသေးရဲ့လား-(မရှိပါဘုရား) ဘာတွေပေါ့နေသတုံး (ဝေဒနာတွေပေါ့နေပါတယ်) သဘောကျပလား.... (ကျပါပြီဘုရား)။

ဩော်....ဒါဖြင့် ရောဂတော ဝေဒနာအစုကြီးကွလို့ ဘုရားက ဟောလိုက်တာ အင်း....အခု နည်းနည်းကလေး မျက်လုံးကလေးလဲ အလင်းရမယ်ကြုံပါရော့ ဟုတ်သားဘဲဆိုတာသည် ဝေဒနာပေါ့၌ အလင်းရပေါ့....(မှန်ပါ့)အလင်းရတဲ့အခါဟုတ်သားဘဲ ဝေဒနာတွေ လှည့်နေတာဘဲ _ (မှန်ပါ့) ခင်ဗျားတို့ မြို့သုံးနဲ့ တခြားစီနော်.... (တခြားစီပါဘုရား)။

မြို့သုံးကတော့ တနေ့ရှေ-တနေ့ငွေ.... (မှန်ပါ့) ဒါ-ဝေဒနာသုံးနေတာ သူ့ဟာက...(မှန်ပါ့)ဝေဒနာကို ရှေ-ငွေလုပ်သုံးနေတာ... (မှန်ပါ့)။

မြို့သုံးကတော့ဘာ့တဲ့... (တနေ့ရှေ,တနေ့ငွေပါ)တကာကြွယ်တရားပေါ့မည့်ကြံ၊ ရှေငွေနဲ့, ပြန်ဖုံးထားတယ်....(မှန်ပါ့ဘုရား)

စင်စစ်ကတော့ တနေ့ရှေ့, တနေ့ငွေ့လား၊ ဝေဒနာထွေလှည့်ပတ်နေတာလား....(ဝေဒနာတွေ့ လှည့်ပတ်နေတာပါဘုရား)။

အဲဒါ ခင်ဗျားတို့က တရားရမှာစိုးတာနဲ့ တကာကြွယ်တို့က မြို့သုံးဘယ်လိုသုံးလိုက်ပါလိမ့် (တနေ့ရှေ့, တနေ့ငွေ့ပါဘုရား)။

ဖြစ်မှ, ဖြစ်ရလေဗျာ၊ တကာတကာမတွေ့ ဘုရားရှေ့မျှားသွားမသုံးပါနဲ့- တနေ့ရှေ့,တနေ့ငွေ့ဖြစ်နေတယ်လို့.... (မှန်ပါ့) ခင်ဗျားတို့ကိုယ်ထဲ ရှေ့လဲမပါဘူး .... (မပါ·ပါ) ငွေ့ကော.... (မပါ·ပါဘုရား)။

မပါတာ အလွဲသုံးစားလုပ်ပြီးသကာလ တခါတည်းသုံးမျှားနေလိုက်သေးတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်...ဘေးက ပုဂ္ဂိုလ်တွေကလဲ မျက်စိနှစ်ကွင်း ဆလင်းမရတော့ ဖြစ်ပေမှာဘဲ- ဖြစ်ပေမှာဘဲတဲ့....(မှန်ပါ့)အင်း .... တနေ့ရှေ့,တနေ့ငွေ့ကို ဟိုကလဲ ဖြစ်ပေမှာဘဲနဲ့ မြောက်ပြန်ပြီ.... (မှန်ပါ့ဘုရား)။

တကာကြွယ် အတော်လွဲကုန်ပြီနော်....(လွဲပါတယ်) ကိုင်း.... ဒါဖြင့် တကာ့တကာမတို့ ဒီအထဲမှာ ဝေဒနာဘယ်နှစ်မျိုးလှည့်ပေါ်နေကြသတုံး... (သုံးမျိုးပါဘုရား)။

အဲဒါ ပေါ်နေတော့ ဘယ်နေရာမှာ ပေါ်သတုံးဆိုတော့ တကာတကာမတို့ ခန္ဓာပေါ် အနှံ့အပြားပါဘုရား.... (မှန်ပါ့ဘုရား)။

ဘယ်နေရာပေါ်ကြသတုံး... (ခန္ဓာပေါ် အနှံ့အပြားပါ) ခန္ဓာအနှံ့အပြားမှာ ပေါ်နေပါတယ်ဆိုလို့ ရှိယင်ဖြင့် ငြင်းဘို့ မလိုဘူး....(မလိုပါ) အခု အောက်ပိုင်းက တကာတကာမတို့ ရှေ့ပေါ်သလား၊ဒုက္ခဝေဒနာပေါ်နေသလား.... (ဒုက္ခဝေဒနာပေါ် နေပါတယ်ဘုရား)။

အထက်ပိုင်းကတော့ ပန်ကာလေကလေး ဘာကလေးကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ အထက်ပိုင်းမှာတော့ ဘာဝေဒနာပေါ်နေသတုံး.... (သုခဝေဒနာပေါ်နေပါတယ်) သုခဝေဒနာ ပေါ်နေတယ်၊ တရားသံကလေးကြားလိုက်တော့ ဘာဝေဒနာ ပေါ်သတုံး .... (ဥပေက္ခာဝေဒနာခပေါ်ပါတယ်ဘုရား)။

ဟာ... ဒါဖြင့် ဦးမာဒင် ဝေဒနာမပြတ်ပါဘူး.... (မပြတ်ပါဘုရား)တနေ့မှေ့, တနေ့ငွေ့မလုပ်ပါနဲ့တော့ .... (မှန်ပါဘုရား)။

ဘာမပြတ်တာပါလိမ့်....(ဝေဒနာ မပြတ်တာပါ) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

အဲဒါ အရိယာမျက်လုံးကလေး တပ်လာတော့မှ ဘယ်အချိန် ဝေဒနာကင်းသတုံး မေးလိုက်ဘယ် .. (ဘယ်အချိန်မှ မကင်းပါဘုရား)။

ဩော် . ဒါဖြင့် ဒီခန္ဓာကြီးသည်ကားလို့ ဆိုယင် ဝေဒနာအစုအခဲကြီး, ဝေဒနာအစုအပုံကြီး ဆိုတဲ့ဥစ္စာ အရိယာမျက်လုံးကလေးတပ်ပေးလိုက်တော့မှ ဝေဒနာပေါ်တိုင်း, ပေါ်တိုင်း သတိထားလိုက်တော့မှ ပုဂ္ဂိုလ်သတ္တဝါ အလိုက်ပျောက်ပြီး သကာလ ဝေဒနာအစုအစိုင်အခဲကြီး ဝေဒနာတို့၏ ဖြစ်ရာဌာန

ကြီး....(မှန်ပါ့)လူသည် ရူပကွန္ဓာဆိုတဲ့ ဆေးရုံကြီးဆောက်ထား လို့ ဝေဒနာဆိုတဲ့ ဝေဒနာသည် အမျိုးမျိုးရောက်လာတယ်... (မှန်ပါ့) သဘောကျပလား ...(ကျပါပြီဘုရား)။

ရူပကွန္ဓာဆေးရုံကြီး ဆောက်မိတာနဲ့.... (ဝေဒနာသည်အမျိုး မျိုး ရောက်လာပါတယ်) ဝေဒနာသည် အမျိုးမျိုးရောက်လာ တယ်....(မှန်ပါ့ဘုရား)။

တကာကြွယ်ရေ လူ့ဘဝဆုတောင်းလိုက်တာနဲ့ ဒီရူပကွန္ဓာ ကြီး ဆေးရုံကြီးသွားဆုံးတောင်းမိတာနဲ့ အခုတော့ဖြင့် ကျက်သ ရေ မင်္ဂလာရှိသလား- ဝေဒနာသည်တွေချည့် ရောက်နေသလား (ဝေဒနာသည်တွေချည့် ရောက်နေပါတယ်ဘုရား)။

ဖဿပစ္စယာ ဒုက္ခဝေဒနာ- ဖဿပစ္စယာ သုခဝေဒနာ- ဖဿ ပစ္စယာ ဥပေက္ခာဝေဒနာ...(မှန်ပါ့)တကာတကာမတို့ ဝေဒနာ ကင်းကြရဲ့လား....(မကင်းပါဘုရား)။

တကာတကာမတို့ ဒါ ဘာမျက်လုံးပါလိမ့် .... (အရိယာ မျက်လုံးပါ) အရိယာမျက်လုံးဘပ်လိုက်တော့မှ ဦးမာဒင် အဖြေ မှန်လာတယ်....(မှန်ပါ့) အဖြေမမှန်ကြသေးဘူးလား .... (မှန်ပါ တယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်နေရာထားယင် ဝေဒနာကင်း ပါ့မဘုံး....(ဘယ်နေရာမှမကင်းပါဘုရား)။

ဟာ .. ဘယ်နေရာမှ ဝေဒနာမကင်းဘူး- တကာတကာမတို့၊ သဘောကျဖလား....(ကျပါပြီဘုရား)။

မကင်းတော့ ဒီဝေဒနာတွေက တခါ တကာတကာမတွေ နှိပ်စက်သေးတယ်....(မှန်ပါ့ဘုရား)။

ဝေဒနာတွေက....(နှိပ်စက်ပါသေးတယ်)ဘယ်လိုမျှားနှိပ်စက်ပါသတုံးလို့ မေးတဲ့အခါကျတော့ ဒီဝေဒနာက အင်း... တကာတကာမတို့ ကိုယ့်စိတ်ကိုလဲ နှိပ်စက်တာဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) သံသရာဆောက်အောင်ကော.... (နှိပ်စက်ပါတယ်ဘုရား)။

ဟော....ဒုက္ခဝေဒနာခနာက်က ဒေါသ, သောက, ပရိဒေဝ, ဥပါယာသ, အဝိဇ္ဇာဆိုတော့ သံသရာမနှိပ်စက်ဘူးလား .... (နှိပ်စက်ပါတယ်ဘုရား)။

သုခဝေဒနာကတော့ တဏှာ, ဥပါဒါန်, ကံ, ဇာတိ, ဇရာမရဏ မလိုက်ဘူးလား(လိုက်ပါတယ်)သူကလဲ ပစ္စုပ္ပန်လဲနှိပ်စက် (မှန်ပါ့) သံသရာကော - (နှိပ်စက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ဝေဒနာဟာ ဒုက္ခသစ္စာ ...(မှန်ပါ့)ညွှာတာမဖက် အမြဲနှိပ်စက်သောကြောင့် .... (ဒုက္ခသစ္စာပါ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဥပေက္ခဝေဒနာပေါ်မှန်း မသိတော့ တကာတကာမတို့ မသိတာက အဝိဇ္ဇာ ...(မှန်ပါ့) အဝိဇ္ဇာပစ္စယာ.... (သင်္ခါရာပါ) သင်္ခါရာပစ္စယာ....(ဝိညာဏံပါ) ဇာတိ, ဇရာ, မရဏကျအောင် မသွားဘူးလား....(သွားပါတယ်)အင်း....ဒါ ဥပေက္ခာဝေဒနာလဲ သံသရာမနှိပ်စက်ဘူးလား ...(နှိပ်စက်ပါတယ်)ယခုကော ဖြစ်ပျက်အာဖြစ်နဲ့ မနှိပ်စက်ဘူးလား....(နှိပ်စက်ပါတယ်ဘုရား)။

ဟာ....ဒါဖြင့်ခင်ဗျားတို့ ဝေဒနာကွန်းကြီး သည်ကားလို့ဆိုယင် ဇာတကာတကာမတို့ သံသရာလဲ ပဋိစ္စသမုပ္ပါဒ်အဖြစ်နဲ့ နှိပ်စက်လိုက်သေး....(မှန်ပါဘုရား)။

ပစ္စုပ္ပန်လဲနိုပ်စက်, သံသရာလဲနိုပ်စက်(မှန်ပါ့) တကာတကာမ
တို့ ဝေဒနာမရှိမှအေးမယ်....(မှန်ပါ့ဘုရား)။

ဝေဒနာမရှိမှ တကာကြွယ်.... (အေးပါမယ်) ဝေဒနာမရှိ
ဆိုတော့ ခန္ဓာမရှိတာဘဲ(မှန်ပါ့) ခန္ဓာကိုယ်ကြီးက ဝေဒနာကခန္ဓာ
ကိုးဗျ....(မှန်ပါ့)သူမရှိယင်....(အေးပါတယ်) အေးတာဘဲဆိုတာ
ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် အားလုံးတကာဘဝကာမတွေ ဝေဒနာတွေလွှဲ
ရှု(မှန်ပါ့)ဝေဒနာလှည့်ရှုပြီး ဝေဒနာနောက်ကနေပြီး သကာယ
တကာတကာမတွေက မဂ္ဂင်ကလေးတွေ လိုက်လိုက်ပေးပါ ....
(မှန်ပါ့ဘုရား)။

မဂ္ဂင်လိုက်ပေးဘာ့ မဂ္ဂင်ငါးပါးနဲ့ ဝေဒနာတွေကို တကာ
တကာမတွေက ဖြစ်ပျက် ဖြစ်ပျက်နဲ့ သာ လိုက်ရှုနေ.... (မှန်ပါ့)
သုခဝေဒနာလာလဲ ဖြစ်ပျက်ရှု....(မှန်ပါ့) ဒုက္ခဝေဒနာလာလဲ
(ဖြစ်ပျက်ရှုရပါမယ်) ဥပေက္ခာဝေဒနာလာလဲ.... (ဖြစ်ပျက်ရှုရ
ပါမယ်)ဝမ်းထဲ သောမနဿလာကော.... (ဖြစ်ပျက်ရှုရပါမယ်)
ဝမ်းထဲ ဒေါမနဿလာယင်ကော(ဖြစ်ပျက်ရှုရပါမယ်)ဝမ်းထဲမှာ
ဥပေက္ခာလာယင်ကော(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အကုန်ရှု-အကုန်ရှု ဆကုန်ရှုတကာဘကာမတို့နော်(မှန်ပါ့)
ရှုလိုက်တဲ့အခါကျတော့မှ သြော်.. ဘာတွေမျှား ရှုနေသတုံးလို့
မေးလိုက်တဲ့အခါ ပဌမတော့ဖြင့် ဝေဒနာဘဲဘုရား.... (မှန်ပါ့)
နောက်ကျတော့ဖြင့် ဒုက္ခသစ္စာတွေရှုနေရတယ်....(မှန်ပါ့ဘုရား)
ဖြစ်ပြီး ပျက်တာ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား)။

အင်း....နာတာကလေးနဲ့ ပဌမတွေ့တုန်းကတော့ ဝေဒနာဘဲ (မှန်ပါ့) နောက်ဉာဏ်နဲ့ စိုက်လိုက်တဲ့အခါကျတော့ ဘာတွေ့သလဲ.... (ဒုက္ခသစ္စာတွေ့ပါတယ်) ဖြစ်ပျက်ဒုက္ခသစ္စာတွေ့တယ် (မှန်ပါ့ဘုရား)။

အဲဒီလို ရှုလိုက်တဲ့အခါကျတော့မှ သြော်.... ခဏခဏမွေး-ခဏခဏသေတဲ့ရောဂါသည်ပါကလား....(မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ....(ခဏခဏမွေးပြီး-ခဏခဏသေတဲ့ ရောဂါသည်ပါဘုရား) ပေါ်ကြ၊လား....(ပေါ်ပါပြီဘုရား)။

သြော်.... တကာတကာမတို့ ကျန်းမာကြရဲ့လား- ခဏခဏမွေးပြီး ခဏခဏသေနေကြရသလား....(ခဏခဏမွေးပြီးခဏခဏသေနေကြရပါတယ်ဘုရား) ဘာနဲ့သေသတုံး၊ ဒီဝေဒနာနဲ့ဘုရား (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာနဲ့သေသတုံး....(ဝေဒနာနဲ့ပါဘုရား) ဝေဒနာနဲ့ သေကြတယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ နတ်ပြည်ရောက်လဲ ဒီဝေဒနာကွန္ဒာကြီးက နေရစ်ပါ့မလား....(မနေရစ်ပါဘုရား) အင်း....နတ်ပြည်ရောက် ဘာနဲ့သေကြမလဲ.... (ဝေဒနာနဲ့သေမှာပါဘုရား) နှိပ်စက်တော့ ဘယ်သူက နှိပ်စက်မှာတုံး....(ဝေဒနာကနှိပ်စက်မှာပါဘုရား)။

ဟာ....ဝေဒနာက နှိပ်စက်၊ ဝေဒနာက သေပွဲတုန်းလိုက်.... (မှန်ပါ့)တကာတကာမတို့ ဘယ်နေရာမှာ ခင်ဗျားတို့သည်ကားလို့ဆိုယင် နတ်စည်းစိမ်ဆိုတာ သူများပြောပါဘဲ.... (မှန်ပါ့) ခင်ဗျားတို့ကလဲ ရမ်းယုံတာ....(မှန်ပါ့)။

နတ်စည်းစိမ်လား· ဟိုမှာ သေပဲ့သွားရတာလား.... (သေပဲ့သွားရတာပါဘုရား) တကာကြွယ် ပေါ်ပြီဗျ.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ရောဂါတွေက ဟိုပါသွားတယ်....(မှန်ပါ့)ဝေဒနာရောဂါတွေက... (ဟိုပါသွားပါတယ်ဘုရား)။

နတ်ပြည်မကောင်းပါဘူး၊ ဗြဟ္မာ့ပြည် ရှေ့.ပါဦးမယ်ဆိုတော့ဒီဝေဒနာတွေက နေရစ်သလား၊ ဟိုမှာ အသစ်တွေ့ မပေါ်ဘူးလား.... (ပေါ်ပါတယ်ဘုရား) ဝေဒနာ အသေးပေါ်သလား၊ အကြီးပေါ်သလား... (အကြီးပေါ်ပါတယ်ဘုရား)။

သြော်....တကာတကာမတွေက မသိတော့ သုံးဆဲ့တဘုံကြီးကို တခါတည်း နိဗ္ဗာန်ဘုံကြီးထင်ပြီးသကာလ နေကြတယ်.... (မှန်ပါ့) ဟိုရှေ့·ဒီရှေ့နဲ့ တကာတကာမတွေ့ အရှေ့.မှားကုန်ပြီ· (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့... (အရှေ့.မှားကုန်ပါပြီဘုရား) အရှေ့.မှားကုန်ပြီဆိုတာ တဏှာက ရှေ့.တာနော်....(မှန်ပါ့) တဏှာက ဟိုတောင်း·ဒီတောင်းနဲ့.ဆိုတော့ ဦးမာဒင်-ရေ မမှားဘူးလား.... (မှားပါတယ်ဘုရား)။

မှားတော့ ဒီနေရာမှာ ဝေဒနာမကင်းလို့ ဟိုနေရာမှာကော ဝေဒနာကင်းသလား... (မကင်းပါဘုရား) ဗြဟ္မာ့ပြည်မှာ.... (ကင်းပါဘုရား) စကြဝဠတေးမန္တလာတိုင်ဖြစ်နေတော့ကော..... (မကင်းပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာမရှိမှဘဲ ကျုပ်တို့ ချမ်းသာတော့မယ်....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်.... (ဝေဒနာမရှိမှ ချမ်းသာမှာပါဘုရား) ဝေဒနာမရှိမှဘဲ ချမ်းသာတော့မယ်ဆိုတာ သေသေချာချာပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် ဒီလိုလုပ်ကြပေတော့ တကာတကာမတို့ ဝေဒနာမရှိအောင် လုပ်ကြပေတော့ဆိုတော့ ဝေဒနာသည်ကား လို့ဆိုယင် ခန္ဓာ... (မှန်ပါ့)ဝေဒနာနောက်က နောက်ခန္ဓာမလိုက်အောင် ကျုပ်တို့ လုပ်ရလိမ့်မယ် .. (မှန်ပါ့)ဒီဝေဒနာကတော့ဖြင့် ကျုပ်တို့ မရုန်းနိုင်ဘူး.... (မှန်ပါ့) ဆုတောင်းပြည့်နေသို့.... (မှန်ပါ့)။

လူဖြစ်ရပါလို့၏ဆိုတော့ဝေဒနာသုံးမျိုးကကျုပ်လိုက်ခဲ့ဦးမယ် (မှန်ပါ့) နတ်ဖြစ်ရပါလို့၏ဆိုတော့... (ဝေဒနာသုံးမျိုးက ကျုပ်လိုက်ခဲ့ဦးမယ်ဘုရား)။

ဗြဟ္မာဖြစ်ရပါလို့၏....(ဝေဒနာသုံးမျိုးက ကျုပ်လိုက်ခဲ့ဦးမယ်ဘုရား) သူတို့မပါဘဲနဲ့လဲ ဗြဟ္မာရယ်လို့ သမုတ်လို့ မဖြစ်ဘူး-(မဖြစ်ပါဘုရား) သူတို့မပါဘဲနဲ့ နတ်လို့ကော.... (မဖြင့်ပါဘုရား) သမုတ်လို့မဖြစ်ဘူးဆိုတာ ပေါ်လာကြပလား- (ပေါ်လာပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ နတ်ဆဝေဒနာနဲ့ သွေချင်သလား-ဗြဟ္မာဝေဒနာနဲ့ သွေချင်သလား-လူ့ဝေဒနာနဲ့ သွေချင်သလား၊ တကာကြွယ် တောင်းစမ်း.... (ဘယ်ဝေဒနာနဲ့မှ မသွေချင်ပါဘုရား)။

အင်း... ဒီကျဘော့ မျက်လုံးကလေးပွင့်လာတယ်....(မှန်ပါ့) မျက်လုံးကလေးပွင့်လာတယ်၊ ဒါ....ဘာဖြစ်လာတာလဲ(မျက်လုံး

ပဉ္စင့်လာတာပါဘုရား) ရောဂတော သဘောကျလာတာ....(မှန်ပါ ဘုရား) ဩော်.... ရောဂါချည့်ပါကလား- ဘယ်နေရာမှ မလွတ် ပါလား... (မှန်ပါ)။

"ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓ တော" ဒီတောင်းခုကို မာဂဏ္ဍိ မင်းမမြင်တာဟာကွာ....တဲ့ ခုနင်က မျက်လုံးမတပ်ရသေးလို့ပါ.... (မှန်ပါ) အခုတော့ မျက်လုံးတပ်လိုက်တဲ့အခါကျတော့ ရောဂတောဆိုတာလဲ ဟုတ် ပါပေတယ် (မှန်ပါ) ဂဏ္ဍတာ=အိုင်းအာမာနဲ့တူတယ်ဆိုတာကော (ဟုတ်ပါတယ်ဘုရား) သလ္လကော ခဏခဏရှဲ့နေရတယ်ဆိုတာ ကော.... (ဟုတ်ပါတယ်ဘုရား) ငြောင့်စူးလို့လေ.... (မှန်ပါ) ခန္ဓာကြီးက ရှဲ့-ရှဲ့ မနေရဘူးလား.... (နေရပါတယ်ဘုရား) အဃတော... တဲ့ ဘာမှကော အသုံးကျသေးရဲ့လား.... (မကျပါ ဘုရား) သဘောကျပလား.... (ကျပါပြီ) အာဗာဓတော....တဲ့ အနာမျိုးစုံနဲ့ကော မနေရဘူးလား.... (နေရပါတယ်ဘုရား)။

အဲဒါ အရိယာမျက်လုံးတပ်လာတော့မှ ဒါတွေကို ခန္ဓာထဲ မှာ မြင်လာတယ်ကွ... တဲ့....(မှန်ပါဘုရား) ဒါတွေ မြင်လာတော့ တကာ့တကာမတို့ဘဲ စဉ်းစားပါတော့....တဲ့၊ ဒါတွေ ဖြစ်ပျက်, ဖြစ်ပျက်နဲ့မြင်လာတော့ စဲလမ်းသေးရဲ့လား... (မစဲလမ်းပါ ဘုရား) မစဲလမ်းတော့ ဥပါဒါနိရောဓာ ဘယ်နှယ်ဆိုကြမလဲ- (ဘဝနိရောဓောပါဘုရား) ဘဝနိရောဓာ·(ဇာတိနိရောဓောပါ) ဇာတိနိရောဓာ... (ဇရာ,မရဏ,နိရောဓောပါဘုရား)။

ဩော်.... ဒီကျမှဘဲ ကိုယ့်အဝတ်အစားကြီးဟာ ဆီသုတ်တဲ့ အဝတ်, မဲလှစ်ဘာသာ သိုးမွေးကြီးနဲ့.ခြုံထားတဲ့ ခန္ဓာကြီးပါက

လား....(မုန်ပါ့) နဂိုရှိမျက်စိမမြင်တုန်းကတော့ ကိုယ့်အဝတ်နဲ့ ကိုယ်လိုက်နေတာဘဲ....(မှန်ပါ့)။

အခုတော့ဖြင့် ကိုယ့်အဝတ်နဲ့ကိုယ် လိုက်သလား- တကာတကာမတို့ ဒီအဝတ်ကြီးကိုဖြင့် တဏှာလှည့်စားလို့ ဝတ်ထားတာဟာ....နော်....(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီးဘုရား)။

ဒီခန္ဓာကြီး ရဲ့ထားဘာက(တဏှာလှည့်စားလို့ရဲ့ထားတာပါဘုရား)။

တဏှာလှည့်စားလို့ဝတ်ထားတာ၊ အဲဒီဘဏှာကို အခုတော့ဖြင့် တကာတကာမတွေက မျက်စိနှစ်ဘက်လဲ အလင်းရပါရောသူလိမ်တာ ယုံသေးရဲ့လား....(မယုံပါဘုန်း)။

ကိုယ်ဝတ်ထားတဲ့အဝတ်ကြီးက ရောဂါတွေ ဝတ်ကားတာကိုး (မှန်ပါ့ဘုရား) မဲနေတာဆိုတဲ့ ဝတ်ကားတယ်-ဟုတ်လား....(မှန်ပါ့ဘုရား) ကြည့်မကောင်းတာတွေ... (ဝတ်ဆားပါတယ်ဘုရား)။

အဲ....ကိုယ့်ခန္ဓာကိုယ် တကိုယ်လုံးထဲမှာ တကာတကာမတို့ အဆကောင်းပါကြရဲ့လား..(မပါပါဘုရား)။

အဲဒီတော့ အကောင်းမပါဘဲ့ ဘယ်ဆုတောင်းချင်သေးသတုံး.... (ဘယ်ဆုမှ မတောင်းချင်ပါဘုန်း) နောက်ထပ် ဒီခန္ဓာအဝတ်ကြီးကော ဝတ်ချင်သေးရဲ့လား.... (မဝတ်ချင်ပါဘုရား) မဝတ်ချင်တော့ ခန္ဓာစုံတဲ့ ဥပါဒါန်ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဆိုကြစမ်းပါ၊ ဥပါဒါနနိရောဓာ-(ဘဝနိရောဓောပါဘုရား) ဘဝနိရောဓာ.... (ဇာတိနိရောဓောပါဘုရား) ဇာတိနိရောဓာ ... (ဇရာ,မရဏ,နိရောဓောပါဘုရား)။

ဇရာမရဏနိရောဓောဆိုတော့ ဦးမာဒင်တို့က သိပြီ (မှန်ပါ့) ဩော်.... သူ့စဲလမ်းတာ ပြုတ်တော့လဲ နိဗ္ဗာန်ကိုး.... (မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ.... (သူ့စဲလမ်းတာပြုတ်တော့ နိဗ္ဗာန်ပါ ဘုရား)။

ရောဂါမှန်းသိသည်နဲ့တပြိုင်နက်တည်း စဲလမ်းသေးရဲ့လား-(မစဲလမ်းပါဘုရား) မစဲလမ်းတော့ကို ဥပါဒါန်မချုပ်ဘူးလား-(ချုပ်ပါတယ်ဘုရား)။

စဲလမ်းတာက ဥပါဒါန်၊မစဲလမ်းတာက ဥပါဒါန်ချုပ်တာ.... (မှန်ပါ့) ဥပါဒါန်ချုပ်လို့ရှိလို့ရှိယင်ဖြင့် ကံကောင်....(ချုပ်ပါတယ်ဘုရား) ကံချုပ်ယင် နောက်လားမည့်ဇာတိ.... (ချုပ်ပါတယ်ဘုရား) ဇရာမရဏကောင်.... (ချုပ်ပါတယ်ဘုရား) သောကပရိဒေဝ....(ချုပ်ပါတယ်ဘုရား)။

အဲဒါတွေချုပ်တာ တကာသစ်တို့က, ဦးမာဒင်တို့က ဆုံးဖြတ်ချက်ချ။ ဒါတွေ့ ဘာတွေ့ပါလိမ့်မတုံး... (နိဗ္ဗာန်ပါ)ဩော် နိဗ္ဗာန်တွေ့ပါလား....(မှန်ပါ့) ဒီကျမှ နိဗ္ဗာန်သိတယ်.... (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် မဲဂလွှာ်ကိုပြောတာ၊ သူက နဂိုရိတုန်းက "အာရောဂျပရမာ လာဘာ" ဆို သူ့-ခန္ဓာကိုယ်ကြီး ပုတ်ပြတယ်....

(မှန်ပါ့) ဒါဘဲ နိဗ္ဗာန်ဆိုတာလဲဒါဘဲ....(မှန်ပါ့) အနာဂတ်းတဲ့ လာဘ်အကြီးဆုံးဆိုတာလဲ ဒီခန္ဓာကြီးဘဲ၊ နိဗ္ဗာန်ဆိုတာလဲဒါဘဲ (မှန်ပါ့)။

ဒီလိုဘဲ ပြောနေတာ အခု သေးသချာချာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရောဂါတွေဖေါ်ပြပြီး ဝေဒနာနုပဿနာ တွေ ဟောလိုက်တဲ့ အခါကျမှတာ့မှတဲ့ တကာတကာမတို့ ဒီခန္ဓာကြီးဟာ နဂိုရိုက တဏှာကလှည့်စားလို့ ခက်နေကြတာ.... (မှန်ပါ့) ဒီခန္ဓာ့အဝတ်ကြီးကို ဝတ်နေကြတာ.... (မှန်ပါ့)ဘယ်သူကလှည့်စားတာတုံး.... (တဏှာက လှည့်စားတာပါဘုရား)။

အခု သေသေချာချာ တဏှာကလှည့်စားတာ မျက်စိနှစ်ကွင်း အလင်းရအောင် ဘုရားဟောတဲ့နည်းအတိုင်း ဘုန်းကြီးကကူညီလိုက်တော့ တကာတကာမတွေ ရောဂါတွေ မမြင်သေးဘူးလား (မြင်ပါတယ်ဘုရား) နောဂါအဝတ်ကြီး ဝတ်နေရတယ်၊ အရုပ်ဆိုးတာကြီး ဝတ်နေရတယ်.... (မှန်ပါ့) အဲဒီတော့ စုံလမ်းသေးရဲ့လား....(မစုံလမ်းပါဘုရား)။

ဖြစ်ပျက်တွေမြင်ဘော့ စုံလမ်းသေးရဲ့လား.... (မစုံလမ်းပါဘုရား) ရောဂါမှန်းသိတော့ စုံလမ်းသေးရဲ့လား....(မစုံလမ်းပါဘုရား)။

ဒါဖြင့် ဘာချုပ်သွားသတုံး.... (ဥပါဒါန်ချုပ်သွားပါတယ်) အဲ... ဥပါဒါန်ချုပ်ပြီးယင် နောက် ဘာချုပ်ဦးမယ်.... (ကံချုပ်ပါမယ်ဘုရား)။

ကံချုပ်ပြီးယင် ဘာချုပ်ဦးမယ်....(ဇာဘိချုပ်မှာပါ) ဇာတိဇရာမရဏတွေ မချုပ်ပေဘူးလား.... (ချုပ်ပါတယ်ဘုရား)။

သြော်....မျက်စိနှစ်ကွင်း အာလင်းလဲရပါ့ဆော တကာတကာမတို့ သြော်... ဒါမှ နိဗ္ဗာန်ပါ့ကလား.... (မှန်ပါ့) ဇာတိဇရာမရဏာ ချုပ်ဘားမှ နိဗ္ဗာန်ပါလား၊ ဆောဂါကင်းတာက ဒါပါလားဆိုတာ အာလင်းရတယ်... (မှန်ပါ့) သဘောကျပလား.... (ကျေပါပြီဘုရား)။

ဇရောဂါကင်းတာ နိဗ္ဗာန်.... (မှန်ပါ့)ဆောဂါရှိတာက ခန္ဓာ.... (မှန်ပါ့)။

အဲဒီတော့ ဆောဂါရှိမှန်းသိတော့ ခန္ဓာကြီးစဲသေးရဲ့လား.... (မစဲပါဘုရား) မစဲတာဟာ ဘယ်သူချုပ်တာလဲ.... (ဥပါဒါန် ချုပ်တာပါဘုရား)။

ဥပါဒါန်ချုပ်တော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အတိုင်း သွားရမှာ ဥပါဒါချုပ်ပြီး ကံချုပ်ရုံရှိမှာဘဲ.... (မှန်ပါ့) ကံချုပ်ယင် ဇာတိဇရာမရဏတွေကော....(ချုပ်ပါတယ်ဘုရား) သဘောကျပလား ...(ကျေပါပြီဘုရား)။

အဲဒီတွင်မှ မာဂဏ္ဍိပရဗိုဇ်ကဲ့ သြော်....တပည့်တော် တသံတရုလုံး ဆီသုတ်တဲ့အဝတ်ထဲ မဲနေတဲ့သိုးမွေးကြီး ဝတ်ပြီး သကာလ တဏှာကလှည့်စားပြီးနေလို့ မျက်လုံးစုံလုံးကန်းဆိုတာ ယုံပြီဘုရာ့(မှန်ပါ့)အခုတော့ဖြင့် မျက်စိနှစ်ကွင်း ဆောဂါကင်းဆိုတာက ဇာတိဇရာမရဏချုပ်မှပါလား.... (မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် ဆောဂါကင်းတဲ့ ဘာပါလိမ့်.... (နိဗ္ဗာန်ပါ) ဘာချုပ်မှပါလိမ့်.... (ဇာတိဇရာမရဏ ချုပ်မှပါဘုရား)။

ဒါဖြင့် ဇာတိဇရာမရဏခချုပ်တာ နိဗ္ဗာန်ဆိုတာ ထင်ရှားပလား....(ထင်ရှားပါပြီဘုရား)။

ဒါဖြင့် ရောဂါက ဒုက္ခသစ္စာ, သဘောကျပလား (ကျပါပြီ) မြင်တာက.... (မဂ္ဂသစ္စာပါ) မဂ္ဂသစ္စာတဲ့...၊ တဏှာဥပါဒါန် ချုပ်တာက သမုဒယသေတာ.... (မှန်ပါ့) နောက် ဇာတိဇရာမရဏတွေ မလာတာက.... (နိဏ္ဍောဓသစ္စာပါဘုရား) သစ္စာလေးပါးဟောတာ...(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင်တော်ကြပါဦးစို့....၊

သာဓု... သာဓု... သာဓု...

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရာပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
(သုညတတရားနာရမ္ဘ - သုညတနိဗ္ဗာန်ရောက်မည့်)

နွေ အလုပ်ပေး-တရားတော်

(၁၁ - ၉ - ၆၁)

အားလုံး တကာတကာမတွေ့ သုညတတရားနာရမ္ဘအဘိုးတန်မယ်လို့ ဆိုတာ မှတ်ထားကြပါ....(မှန်ပါ့)။

ဘာတရားနာရမလဲ....(သုညတ တရားနာရပါမယ်) သုညတတရားနာရမ္ဘ သုညတနိဗ္ဗာန် ရောက်မယ်.... (မှန်ပါ့)။

သုညတ တရားနာရမ္ဘ .... (သုညတနိဗ္ဗာန် ရောက်မှာပါဘုရား)။

ဩော်....ဒါဖြင့် သုညတဟာ တော်တော်အရေးကြီးတဲ့တရားပါကလားဆိုတဲ့ဥစ္စာ တကာတကာမတွေ့ မှတ်ထားဘို့ပါဘဲ.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုက မောဃဆရာဇရဟန်းကို ဟောထားလိုက်တာ....ဟ .... မင်း- မသေရာသွားချင်လို့ ရှိယင် သုညတဆိုက်အောင် လုပ်စမ်းပါကွာ....တဲ့.... (မှန်ပါ့) မအိုရာ, မနာရာ, မသေရာ, သွားချင်လို့ ရှိယင်ဖြင့် သုညတ ဆိုက်အောင်လုပ်ပါလို့ သေသေချာချာဟောထားတယ် (မှန်ပါ့)။

အဲဒီ မောဃရာဇရဟန်းဆိုတာလဲ တခြားသောရဟန်း မဟုတ်ပါဘူး တကာတကာမတို့ ခေါင်းပါးတဲ့ အကျင့်,ကျင့်တဲ့ နေရာမှာ ဝေဒင်္ဂရတဲ့ ရဟန်းပါဘဲ.... (မှန်ပါ့ဘုရား)။

သူက ဘယ်လိုလျှောက်ဆတုံးဆိုဘော့ တပည့်တော်သည် နိဗ္ဗာန်ကို အမြန်ဆုံးနည်းနဲ့ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကို သွားချင်ပါတယ်, ရောက်ချင်ပါဘယ်,ရချင်ပါတယ်ဘုရား....လို့ လျှောက်တဲ့အခါကျတော့မှ ဘုန်းကြီးတို့ တကားတကာမတွေ.... ကွာ...တဲ့ တခြားတရားအများ လိုက်မနေပါနဲ့၊ သုည်တ,တရား ကို မင်း-မြင်အောင်ရှုနိုင်လို့ရှိယင် သုည်တနိဗ္ဗာန် ကူးပါလိမ့် မယ်တဲ့ (မှန်ပါ့ဘုရား)။

သြော် .... သုည်တမြင်လို့ရှိယင်ဖြင့် သုည်တနိဗ္ဗာန်ကူးလိမ့် မယ်ဆိုတာ သေးသေးချာချာ မှတ်ရတော့မယ် .... (မှန်ပါ့ ဘုရား)။

သုည်တဆိုက်ယင်....(သုည်တနိဗ္ဗာန် ကူးရမှာပါဘုရား) အဲဒီ တော့ ဒါကလေးအသားထားပြီး ရှင်အာနန္ဒာက ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ဘယ်ဟာမဆိုလျှောက်ထားရဲတဲ့ ပုဂ္ဂိုလ် တဦးတယောက် ဖြစ်နေတော့ သုည်တလောကဆိုတာ ပြော စမ်းပါဘုရား· တပည့်တော်များ အင်မတန် သိချင်ပါတယ်လို့ လျှောက်တဲ့အခါကျတော့။

သုညောလောကော သုညောလောကောတိ
ဘန္တေဝုစ္စတိ၊ ကိတ္တာဝတာနု ခေါ လောကေ
ဘန္တေ သုညော်လောကောတိ ဝုစ္စတိ။

သူညလောက- သူညလောကဆိုတာ တယ်ပြောကြတယ် ဘုရား၊ အဲဒီသူညလောကကို တပည့်တော်အား ရှင်းပေးစမ်းပါ ဘုရား-ဆိုတော့မှ-

ကိတ္တာဝတာနုခေါ် သုညောလောကောတိ ဝုစ္စတိ။
ယသ္မာစခေါ် အာနန္ဒ သုညမေတံ အတ္တေနဝါ
အတ္တနိယေနဝါ။

တခုသောတရားမြင်တဲ့အခါ ငါ-ငါဉစ္စာ ဆိတ်သုဉ်းအောင် ကြည့်ပေးကွာတဲ့... (မှန်ပါဘုရား)။

တခုသောတရား မြင်လိုက်လို့ ရှိယင် ဘယ်လိုကြည့်ကြရမယ်- (ငါ-ငါဉစ္စာဆိတ်သုဉ်းအောင် ကြည့်ကြရပါမယ်ဘုရား)။

ငါ-ငါဉစ္စာ ဆိတ်သုဉ်းအောင်ကြည့်ပေးစမ်းပါကွလို့ ဘုရား သခင်ကိုယ်တော်မြတ်ကြီးက ဟောတော်မူတယ်ဆိုတာ ရှင်အာနန္ဒာလျှောက်လို့ ဟောတယ်နော် .... (မှန်ပါဘုရား) ပြီးတော့မှ ဘုရားက ဘယ်ဟာကြည့်ရမှာတုံးဆိုတော့....

ကိဉ္စ သုညံ အတ္တေနဝါ အတ္တနိယေနဝါ၊
စက္ခုသုညံ အးတ္တနဝါ အတ္တနိယေနဝါ။

မျက်လုံးထဲက မြင်ရုပ်ကလေးကိုလဲ ဩော် .... ငါ-ငါဉစ္စာ မဟုတ်ဘူးလို့ မြင်အောင်ကြည့်ရမယ်....(မှန်ပါဘုရား)။

"ရူပါသုညာ အတ္တေနဝါ အတ္တနိယေနဝါ"လို့ တခါဟော ပြန်တော့လဲ ဩော်....သူမြင်တဲ့ အဆင်းကလေးလဲ ငါ-ငါဉစ္စာ မဟုတ်ဘူးလို့ မြင်အောင်မင်းတို့ ကြည့်စမ်းပါ....(မှန်ပါဘုရား)။

'စက္ခုဝိညာဏ'' ဆိုးတာ့ တကာတကာမတို့ မျက်လုံးရယ် အဆင်းရယ် ပေါင်းမိတဲ့အခါ စက္ခုဝိညာဏ်ကလေးဟာ မြင်စိတ်ကလေး ပေါ်ပါတယ်.... (ပေါ်ပါတယ်) အဲဒီ့မြင်စိတ်ကလေးလဲ ငါ-ငါ့ဥစ္စာ မဖြစ်ဒေ အာင်ကြည့်စမ်းပါကွဲတဲ့ (မှန်ပါ့ဘုရား)။

"စက္ခုသမ္ဖဿဇာ သုခဉ္စာ အာဒေတ္တနဝါ အတ္တနိယေနဝါ'' ဖဿကလေးများ ပေါ်လာလို့ရှိယင်ကွာ စက္ခုသမ္ဖဿဇပေါ်လာယင် ငါ- ငါ့ဥစ္စာဖဟုတ်အောင် ကြည့်ခပ်စမ်းပါတဲ့ .... (မှန်ပါ့) သဘောကျပလား.. (ကျပါပြီဘုရား)။

" ယမိဒံ ဥပ္ပဇ္ဇတိ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ " ဆြော်....ဒီလိုအကြောင်းရင်းခံပြီး သကာလ မျက်လုံးနဲ့မြင်လိုက်ပြီဆိုမှဖြင့်လဲကွာ....တဲ့၊ ချမ်းသာတာလဲ ပေါ်တတ်ကယ်၊ဆင်းရဲတာလဲ ပေါ်တတ်ပါတယ်၊ အလတ်ကား ဥဒေကွာဝေဒနာလဲ ပေါ်တတ်ပါတယ်၊ အဲဒီ့ဝေဒနာသုံးမျိုးပေါ်ရာကိုလဲ 'အတ္တာ နဝါ အတ္တနိယေနဝါ, ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းအောင်ရှုးမ်းပါ (မှန်ပါ့ဘုရား)။

ဤကဲ့သို့ ရှုလိုက်လို့ရှိယင်ဖြင့်တဲ့ တကာတကာမကို "ဝေံ မစ္စုတရော သိယာ" ဝေံ=ဤသို့ မင်း ရှုခဲ့သည်ရှိသော်၊ မစ္စုတရော=သေမင်းနိုင်ငံမှ လွှန်မြောက်နိုင်သည်၊သိယာ=ဖြစ်ရာ၏.... (မှန်ပါ့ဘုရား)။

ဝေံလောကံ အဝေက္ခန္တံ၊ စက္ခုလောက, ရူပလောက, မြင်တတ်တဲ့ စက္ခုဝိညာဏ်လောက, ဖဿလောက, ဝေဒနာသုံးပါး

လောက၊ အဲဒီလောကသုံးပါးကို လွန်မြောက်လို့ ရှိယင်ဖြင့်၊ လောကံ=လောကသုံးပါးကို၊ အဝေကွန္တ = စေ့စေ့ငုံငုကြည့်ရှု သောပုဂ္ဂိုလ်ကို၊ မစ္စုရာဇာ=သေမင်းသည်၊ နပဿတို့ = မင့်ကို မမြင်တော့ဘူးတဲ့... (မှန်ပါ့ဘုရား)။

ဒီသူညတွေသာ မင်းထင်အောင် ရှုနိုင်လို့ ရှိယင် သူညတ နိဗ္ဗာန် မင်းကူးသွားတဲ့အတွက် သေမင်းမမြင်နိုင်ဘူးကွတဲ့ .... (မှန်ပါ့ဘုရား)။

ဒီသို့ဟောထားတာကို တကာတကာမတွေကသေသေချာချာ သိတော့မှ သြော် .... ဒို့ ဒီဥစ္စာ တိုတို့နဲ့ မိတဲ့တရားပါကလား ဆိုပြီး ဘုန်းကြီး ယနေ့ သူညတတရား ဟောလိမ့်မယ်လို့ တကာ တကာမတွေ မှတ်ထားစမ်းပါ....(မှန်ပါ့ဘုရား)။

ဘာဟောမှာပါလိမ့်.... (သူညတတရားဟောမှာပါ) ဒါဖြင့် ဒီသူညတတရားကို ဆရာဘုန်းကြီးက ဒီနေ့ဘာဖြစိလို့ ဒီတကာ တကာမတွေ ဟောချင်ရတာတုံးလို့ မေးတဲ့အခါကျတော့မှ ဒီသူညဘရားကွယ်လို့ ရှိယင် သူညတတရားဟာက တကာဘကာမ တို့ ကွယ်မည့်ဘရားတဲ့ ....(မှန်ပါ့)သူညတတရားက လူတိုင်းနား မထောင်နိုင်ဘူး... (မှန်ပါ့ဘုရား)။

အဲဒီ သူညဘတရားကွယ်လို့ရှိယင်လဲ သူညတနိဗ္ဗာန် ကွယ် မှာဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ အင်း .. ဒို့ သူညတတရားမှ သူညတနိဗ္ဗာန်ရောက်မှာကိုး.... (မှန်ပါ့)သူကလဲ ကွယ်မည့်ဘရား တဲ့....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ယနေ့ဟောမည့်တရားဟာ သုညတတရား၊ သူကလဲကွယ်မည့်တရားတဲ့ .... (မှန်ပါ့) ကွယ်တာမှ မပြောပါနဲ့ တော့တဲ့ တကာတကာမတို့ အခုသာသနာတွင်းကလေးတောင်မှ ကွယ်ချင်ချင်ဆိုတာ မှတ်ပါ... (မှန်ပါ့ဘုရား)။

သာသနာတွင်းကလေးတောင်မှ ဘာတုံး....(ကွယ်ချင်ချင်ပါ) ကွယ်ချင်ချင်ဘဲတဲ့၊ရုပ်တွေ နာမ်တွေ ဒါတွေ ငါ့ငါဉစ္စာမဟုတ်တဲ့ ရုပ်တွေ နာမ်တွေ ဝေဒနာတွေ ဖဿတွေ ဒါတွေရှောက်ပြောနေလို့ ရှိယင်ဖြင့် ကျုပ်တို့ မနာတတ်ပါဘူးတဲ့....(မှန်ပါ့ဘုရား)။

အင်း-ဘာတရားမို့ မှနာတတ်တာပါလိမ့်မတုံး တကာသစ်ရေ (သုညတတရားမို့ မနာတတ်ပါ)ငါ့ငါဉစ္စာမှ မဟုတ်တော့ဘဲကိုး ဗျ.... (မှန်ပါ့)အင်း... ရုပ်ဘဲ့ ဝေဒနာဘဲ့ သညာဘဲ ဖြစ်ပြီး ပျက်တာဘဲလို့ ဟောနေတဲ့အခါကျ သို့ ရှိယင် ဦးမာဒင်ရေ .... နာချင်တဲ့ ပုဂ္ဂိုလ်ကရှားတယ်... (ရှားပါတယ်) မရှားပေဘူးလား (ရှားပါတယ်ဘုရား)။

ကဲ .... ရှားလို့ ရှိယင်ဖြင့် သုညဘတရား မနာနိုင်လို့ ရှိယင် သုညတနိဗ္ဗာန် ဘယ့်နှယ်လုပ်ကူးကြမလဲ....(မကူးနိုင်ပါ) မကူးနိုင်ဘူးဆိုတာ သဘောကျပလား .... (ကျပါပြီ) ဒါဖြင့် ကွယ်မည့်တရားဖေါ်တာဘဲ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် (ကွယ်မည့်တရား ဖေါ်တာပါဘုရား) ဒါနဲကြောင့် — ကြိုးစားပြီး လာကြတဲ့ .... တကာတကားမတွေ သြော် .... ငါတို့ ဒီနေ့ဆရာဘုန်းကြီးက ဘာများ ထူးထူးလယ်လယ် ဆုကြီး,လာဘ်ကြီးကို ပေးပါလိမ့်မတုံး ဆိုတော့

ကွယ်မည့်တရားကို ခင်ဗျားတို့သန္တာန်မှာ မကွယ်အောင်လုပ်လို့ ရှိယင်ဖြင့် နိဗ္ဗာန်လဲ ခင်ဗျားတို့ရမှာဘဲ....(မှန်ပါ့ဘုရား)။

ကွယ်မည့်တရားကို မကွယ်အောင်ရှုနိုင်ကြလို့ ရှိယင်....(နိဗ္ဗာန်ရမှာပါ) နိဗ္ဗာန်ရမယ်ဆိုတဲ့ဥစ္စာ သေသေချာချာ မှတ်ကြပါ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် သည်တရားကိုမှ မနာရတော့ဘူး ဆိုလို့ရှိယင် သည်တရားနိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဘယ်နယ်လုပ် ကူးသန်းပြီး သကာလ သွားမဘုံးလို့ မေးလို့ရှိယင်ဖြင့် သြော်... အကြောင်းမှုမပါဘဲနဲ့ အကျိုးနိဗ္ဗာန်ရဘို့ အတော်ခဲယဉ်းပါတယ်(မှန်ပါဘုရား)။

အေး... ဒါကြောင့် ခန္ဓာအာယတန, ဓာတ်တို့နဲ့စပ်တဲ့တရားဟူသမျှ ဦးမာဒင်မှတ်လိုက်စမ်း သည်တရား.... (မှန်ပါဘုရား)။

ခန္ဓာအာယတနဓာတ်တို့ကို ဟောနေယင် (သည်တရားပါဘုရား) ခန္ဓာဟောလိုက်လဲ ပုဂ္ဂိုလ်,သတ္တဝါဆိတ်သုဉ်းဘယ်... (မှန်ပါ့) အာယတန ဟောလိုက်ပြန်လဲ... (ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းပါတယ်ဘုရား) သစ္စာတွေ ဟောလိုက်ပြန်လဲ.... (ပုဂ္ဂိုလ်သတ္တဝါဆိတ်သုဉ်းပါတယ်ဘုရား)။

အဲဒီမှာ ဘုရားကတော့ မှာခဲ့တယ်၊ အင်္ဂုတ္တိရဝါဠိတော်မှာ၊ မင်း-သည်တရား ကြိုးစားပြီး ဟောရစ်ပါကွာ....တဲ့၊ ငါဘုရား မရှိသည့်နောက် သည်တရားကို နာနိုင်တဲ့ပုဂ္ဂိုလ်လဲ မရှိဘူး....၊ ဟောနိုင်တဲ့ပုဂ္ဂိုလ်လဲ မရှိဘူး၊ ဟောပြန် ဟောပြန်လို့ရှိယင်လဲတဲ့ အပြစ်တောင် ဆိုကြလိမ့်ဦးမယ်... တဲ့.... (မှန်ပါ့) သေသေချာချာ မှာတာ....(မှန်ပါ့)။

အဲဒါကိုဖြင့် မင်းတို့ ငါ့ကိုတပည့်သား ရင်းရင်းချာချာဖြစ်ခဲ့လို့ ရှိယင်ဖြင့်... တဲ့ သူညာတရား ဟော်ပြီးသကာလ သူညာနိဗ္ဗာန်ပို့ရစ်ပါဆိုတဲ့ဥစ္စာလဲ အဂ်ုတ်ုရ်ပါဦးတော်မှာ အနာဂတံသသုတ်မှာ သေသေချာချာဟောတယ်... (မှန်ပါ့) အနာဂတံသသုတ်မှာ သေသေချာချာ အနာဂတ်ဘေးရန်တွေလို့ ဦးမင်းဒင်ဆိုပါတယ်....(မှန်လှပါဘုရား)။

အနာဂတ်မှာ သူညတ,တရားဟောလို့ရှိယင် ဘယ်သူမှ မနာချင်ဘူးတဲ့၊ မနာချင်တဲ့ပဂ္ဂိုလ်မျိုးပြီး အပြစ်တောင် ဖြောသေးသတဲ့.. (မှန်လှပါ) အဲဒီ အပြစ်ပြောဘာကိုလဲ မင်းတို့သည်-တဲ့ တိုက်ဖျက်ရစ်ပါဆိုတာကိုသဲ့ မှားပါတယ်... (မှန်လှပါ)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကားတာဘမတွေ ဩဝါဒိတရားကွယ်ပျောက်သဲ့ နိဗ္ဗာန်ကွယ်တော့မှာ ဟ. (မှန်ပါ့)။

သူညတ,တရားကွယ်ယင်လဲ- (နိဗ္ဗာန် ကွယ်ဘော့မှာပါဘုရား) နိဗ္ဗာန်ကွယ်ဘော့ ဘာယ်ခေါ်းပါး သုံးဆဲ့သဘုကြီးက တွန်းကားလာမှာစပါ့.... (မှန်ပါ) အိုခေါ်း,နာမခေါ်း,သေခေါ်းတွေနဲ့ ကျုပ်တို့ နယ်လှည့်ပြီး ဇနခုံးပါ့. (မှန်လှပါဘုရား)။

ဒါ့ကြောင့် ယနေ့ဗေဟာမည်ဘရား ဘာတရားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ တကာသစ်,ရှေ.... သူညာ,တရား ဟော လိမ့်မယ်....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း... ဒါဖြင့် မောဃရာဇရဟန်းကလဲ မူဘည်၊ ရှင်ဘာနန္ဒာကလဲ သူညတဆိုတာ ဘယ်ဟာတုံးဘုရာ့....သူညသေးဟဆိုဘာ ဘယ်ဟာတုံးဘုရာ့.. လို့ မေးလျှောက်တော့ ခုနင်က ပြောခဲ့တဲ့

အတိုင်း တကာတကာမတို့ သန္တာန်မှာ ရုပ်ပေါ်လာလို့ ရှိယင်လဲ သူညတမှတ်ပါ....(မှန်ပါ့) ဝေဒနာပေါ်လာယင်လဲ....(သူညတမှတ်ပါဘုရား) သညာပေါ်လာယင်ကော.... (သူညတမှတ်ပါဘုရား) အဲ့.... သူညတချည့်မှတ်....တဲ့.... (မှန်ပါ့) စိတ်ကလေးပေါ်လာယင်ကော.....(သူညတပါဘုရား)။

ဩ်း.... ဘယ်နှယ်ကြောင့် သူညတမှတ်ရပါလိမ့်မတုံးဆို အို ရုပ်က ရုပ်ပေါ်လာတာဘဲ၊ ရုပ်ပျက်သွားတာဘဲ၊ ဂါ-ငါ့ဥစ္စာ မဟုတ်ဘူးဆိုတော့ ဂါ-ငါ့ဥစ္စာမရှိဘူးလို့ ဆိတ်သုဉ်းသွားတာသည် တကာတကာမတို့ ဝမ်းထဲမှာ ဒါ- ရုပ်ဘဲလို့ သိလိုက်လို့ ရှိယင် ဂါ-ငါ့ဥစ္စာ ဆိတ်သုဉ်းသွားတယ်....(မှန်ပါ့)။

ဒါကလေးဟာ ဖြစ်ပြီးပျက်တဲ့အနိစ္စတရားကလေးဘဲလို့ သိလိုက်ပြန်တော့လဲ ဝမ်းထဲမှာ ဘာဆိတ်သုဉ်းသွားသတုံး.... (ဂါ-ငါ့ဥစ္စာဆိတ်သုဉ်းသွားပါတယ်)ဂါ-ငါ့ဥစ္စာဆိတ်သုဉ်းသွားတယ် (မှန်ပါ့)ကိုင်း-ဒါဖြင့် ဒီအတိုင်း ပြောနေတော့အဖြေတွမှားနေကြောင့်မယ် တကာတကာမတို့၊ ပုံစံနဲ့ချပြတော့မှ သူညတ ရှင်းပါလိမ့်မယ်....(မှန်လှပါ)။

ပုံစံနဲ့ပြလိုက်ယင်... (သူညတရှင်းပါလိမ့်မယ်ဘုရား) သူညတရှင်းတော့ တကာတကာမတို့ သန္တာန်၌ တကာတကာမတို့ဥပမာသုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာဆိုတဲ့ ဝေဒနာသုံးမျိုးဟာ လှည့်ပြီး တကာတကာမတို့ အာရုံတိုက်သလို မပေါ်ဘူးလားဗျာ....(ပေါ်ပါတယ်ဘုရား)။

ဒီဘက်က ဘာတုံးမေးတော့ သုခဝေဒနာ....(မှန်ပါ့ဘုရား) ဒါ- အာရုံဒွါရတိုက်လို့ ပေါ်ပြန်တဲ့ ဒီဘက်က ဘာဆိုကြ

မယ် . (ဒုက္ခဝေဒနာပါဘုရား) ဒါ....အာရုံဒွါရတိုက်လို့ ပေါ်ပြန်ယင်ကော... (ဥစ္စပက္ခာဒဝေနာပါဘုရား)။

ဩော်... ယားတယ် တကာတကာမတို့, နာတယ်,ကိုက်တယ်, ခဲတယ် ဘာဝေဒနာတုံး . (ဒုက္ခဝေဒနာပါဘုရား) အင်း....ဒုက္ခဝေဒနာလို့ ဆိုသဖြင့် .. တဲ့ ဒုက္ခဝေဒနာလို့ တကာတကာမတွေက သိလိုက်တယ်.... (မှန်ပါ့) ဒုက္ခဒဝေဒနာကို ဒုက္ခဝေဒနာမှန်း သိလိုက်တော့ကို တကာ တကာမတို့ ငါ-ငါနာဘာ ဆိုတာ ရှိသေးရဲ့လား... (မရှိပါဘုရား) ငါ့အသားကလေးက နာနေတာလို့ကော .. (မရှိပါဘုရား)။

ငါ-နာတာလဲ မရှိဘူး၊ ငါ့ဥစ္စာ အသားကလေးက နာနေတယ်လို့ကော....(မရှိပါဘုရား)။

ဩော်... ဒါဖြင့် ဝေဒနာ ဝေဒနာမှန်းသိလိုက်၊ ဝေဒနာပျက်တာကို ဝေဒနာပျက်မှန်းသိလိုက်ဆိုတော့ မဂ္ဂင်ကလေးဝင်လာလိုက်ယင်ဘဲ တကာတကာမတို့ အရင်တုန်းကတော့ ငါနာတယ်ဆိုတော့ ဒီဋ္ဌဖြစ်ဘယ်....(မှန်ပါ့)။

ငါနာတယ်ဆိုတော့ ဘာဖြစ်သွားသတုံး ... (ဒိဋ္ဌဖြစ်သွားပါတယ်ဘုရား) ဒိဋ္ဌဖြစ်သွားတယ်နော်.... (မှန်ပါ့) အဲ.... ဒါဖြင့် ဒိဋ္ဌဖြစ်သွားဘော့ ဒိဋ္ဌနောက်ကနေပြီးသကာလ ဒိဋ္ဌပါဒါန်ဖြစ်တယ်.... (မှန်ပါ့) မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) တော်တော်ကြာကျတော့ ဒိဋ္ဌအုပ်ချုပ်တဲ့ကံကော.... (ဖြစ်ပါတယ်ဘုရား)။

ဟော....ဦးမဒင်,ရေ ဒိဋ္ဌတဏှာရယ်, ဒိဋ္ဌပါဒါန်ရယ်, ဒိဋ္ဌအုပ်ချုပ်တဲ့ကံရယ် ပဋိစ္စသမုပ္ပါဒ် ဆက်သွားဘယ် (ဆက်ပါတယ်ဘုရား) ဒါ-ငါနာတယ်ယူလိုက်တာ ..(မှန်ပါ့)။

ဝေဒနာ ငါဖြစ်သွားတဲ့အဘွက် တကာတကာမတို့ ငါဆို တာက ဒီဌိ.. (မှန်ပါ့) ဒီဌိလာလို့ ရှိယင် ဒီဌုပါဒါန်က နေရစ် ပါ့မလား (မနေရစ်ပါဘုရား) ဒီဌိအုပ်ချုပ်ဘဲ့ကံကကော.... (မနေရင်ပါဘုရား)မနေရစ်ဘတဲ့ ဩဩ.. အနာဂတ်အကြောင်း သုံးခုဖြစ်လာတယ်....(မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်... (အနာဂတ်အကြောင်းသုံးခုပေါ်လာ ပါတယ်ဘုရား)။

အနာဂတ်အကြောင်းသုံးခုပေါ်လာတာကို ထောက်လိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် ဘယ်နှယ်ခြောင့်တုံးခိုဖတဲ့ အို....ငါ-ငါဥစ္ဆာဆိုတဲ့ဟာကို သူညတဖြင့်အောင် ကိုယ်က မလုပ်တတ်လို့ ပေါ့ဗျာ (မှန်ပါ့) သူညဘဖြစ်အောင် မိမိက မလုပ်တတ်တဲ့ အတွက် တကာဘကာမတို့ ငါ-ဆိုတဲ့ဒီဌိ ဝမ်းထဲမှာ ပေါ်ပြီ (မှန်ပါဘုရား) ဒီဌုပါဒါန်ဆိုတဲ့ ငါဥစ္စာဆိုတဲ့ စဲလမ်းမှုကော.... (ပေါ်ပါတယ်ဘုရား) ဟာ.... ဒါဖြင့် ဒီဌိအုပ်ချုပ်တဲ့ကံတွေက ငဲ့ [illegible] လုပ် ခံနိုင်ဝိုးလားဆိုတဲ့ ကာယကံ, ဝစီကံဘွေကော.... (လာပါတယ်ဘုရား)။

အင်း... ဒါကယ်နှယ်ကြောင့် ပေါ်လာပါလိမ့်မတုံးဆိုတော့ သူညဘမဖြစ်လို့.. (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်.... (သူညတ မဖြစ်လို့ ပါဘုရား)။

ဒါကလေးဟာ ငါ-ငါဥစ္စာ မဟုတ်ဘူးဆိုတဲ့ဉာဏ်ကလေး မဝင်နိုင်တာနဲ့ ပဋိစ္စသမုပ္ပါဒ်တန်းတယ်.. (မှန်ပါ့)။

ဒါလှတ်လို့ဖြင့် အားလုံး တကာတကာမတွေ့ ခင်ဗျားတို့ ဝိပဿနာ လှတ်လိုက်သည်နဲ့ တပြိုင်နက်တည်း ဦးမာဒင်,ရေ.... ပဋိစ္စသမုပ္ပါဒ်တန်းဘို့သာ မှတ်ပေတော့....(မှန်ပါ့)။

ဝိပဿနာလွှတ်လိုက်သည်နဲ့တပြိုင်နက်တည်း- (ပဋိစ္စသမုပ္ပါဒ်ကန်းပါတယ်ဘုရား) တရားသစ် ကြောက်စရာကြီးပါလား.... (ကြောက်စရာကြီးပါဘုရား) ဦးလှကူး,ဖရဲ... ကြောက်စရာကြီးနော်... (ကြောက်စရာကြီးပါဘုရား)။

ခင်ဗျားတို့ သာမညအသိနဲ့သိတာ ကျေဉ်. ကျုပ်ဖြင့် အမြင်လွဲသွားပြီဗျာ.... (မှန်ပါဘုရား) အမြင်လွဲသွားပြီဆိုတော့ ဦးမာဒင်တို့က သာမညမှတ်နေတယ်... (မှန်ပါ) အမြင်လွဲသွားတာ ဒီဋ္ဌိပြောင်ဘယ်... (မှန်ပါ) ဒီဋ္ဌိဖြစ်တာ့ ဒီဋ္ဌိက သူတခုတည်း နေသလားဆိုတာ့ တရားတကာမတို့ ဒီဋ္ဌိတဏှာ၊ ဟဏှာ ပစ္စယား ဥပါဒါနံ ဒီဋ္ဌုပါဒါန်မလာဘူးလား ... (လာပါတယ်) ဥပါဒါန်လာလို့ရှိယင် ဥပါဒါနပစ္စယာ ကမ္မဘဝေါဆိုတော့ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ လားဖြစ်တယ်(မှန်ပါ)မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား) ဒါဖြင့် အနာဂတ်အကြောင်းသုံးခု ဘယ်နှယ်တုံး (ဖေါ်ပါဘယ်ဘုရား)။

ဒါဖြင့် အနာဂတ်အကျိုးသုံးခုလဲ မလာပါနဲ့ဆိုလို့ ဇာတိ, ဇရာ, မရဏ မလာပါနဲ့ဆိုလို့ တရားတကာမတို့ ရပါ့မလား.... (မရပါ)ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒါဖြင့် တိုးဝိုးမှတ်ကြပါ. ကကာဘကာမတွေ သူညတမဆိုက်လို့ရှိယင် သမုဒယသစ္စာသုံးခုနဲ့ ဒုက္ခသစ္စာသုံးခုပေါ်တယ်(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်....(သမုဒယသစ္စာ သုံးခုနဲ့ ဒုက္ခသစ္စာသုံးခုပေါ်ပါတယ်ဘုရား)။

ဒါ တကာတကာမတို့ ခင်ဗျားတို့အမြင်လဲပြတယ်၊ အမှန်လဲ ဟုတ်ပါတယ်(မှန်ပါ့) အမြင်လဲ ဒီအတိုင်းဘဲ....(မှန်ပါ့) ဝမ်းထဲ ဖြစ်တာကော .. (ဒီအတိုင်းပါဘုရား)။

ဩော်....ဒါဖြင့် သူညတကင်းလိုက်ယင်ဖြင့် တကာတကာမတို့ သံသရာတွင်းဆင်းပြီ-(မှန်ပါ့) သူညတကင်းလိုက်ယင်....(သံသရာတွင်း ဆင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီတရားကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ ငါမရှိသည့် နောက်ကွာ .... တဲ့။ ဒီသူညတတရား ဟောပြန်လို့ ရှိယင်လဲ မည်သူမှလဲ မနာတတ်ဘူး၊ ဟောတဲ့ပုဂ္ဂိုလ်ဘဲ အပြစ် ဆိုကြပါလိမ့်ဦးမယ်....(မှန်ပါ့) ဒီတရားကွယ်လို့ ရှိယင်လဲ မင်းတို့ သာသနာကွယ်ပေါ့လို့ အောက်မေ့တဲ့.... (မှန်ပါ့)ဆိုတော့ ဒီတရားသည် အားလုံး ဦးလှဘူးတို့နဲ့တက္ခ အားလုံး ဦးမာဒင်တို့ တကာသစ်တို့ မည်မျှလောက် အရေးကြီးတယ်ဆိုတာလဲ ကိုယ်တော်မြတ်ကြီး အနာဂတံသဉာဏ်နဲ့ မှာပစ်ခဲ့တယ်....(မှန်ပါ့)။

ကဲ ခင်ဗျားတို့လက်တွင်း ရောက်လို့ရှိယင်ဖြင့် ဩော်.... ဒို့မှာ နိဗ္ဗာန်ရောက်ကြောင်းကလေး ဒို့မှာရှိပါသေးကလား-သူညတနာနိုင်လို့... (မှန်ပါ့) ဒီသူညတမှ မနာနိုင်တဲ့ပုဂ္ဂိုလ်တွေ ဟူသမျှဟာဖြင့် ဒီပဋိစ္စသမုပ္ပါဒ်အတိုင်းသွားလေရော့....(မှန်ပါ့) ရှင်းကြပလား.. (ရှင်းပါပြီဘုရား)။

ဩော်... ဒါဖြင့် ဒို့ ဒီနေ့သည်ကားလို့ ဆိုယင် ခဲခဲယဉ်းယဉ်း လာကြရတယ်း လာကျိုးနပ်အောင်လို့ ဆရာဘုန်းကြီးကလဲ အရေးတကြီးတရားကိုဖြင့် ပြောပြီ, ဆုံးမပြီ, သွန်သင်ပြီဆိုတာ

တကာသစ် သေသေချာချာ လေးလေးနက်နက်မှတ်ပါ။ (မှန်ပါ့) လေးလေးနက်နက် မှတ်ကြပါ တကာတကာမတို့ ဒီဟာ မလွယ်ကူဘူး .. (မှန်ပါ့ဘုရား)။

ကိုင်း... တကာတကာမတို့ သူညာကွယ်ယင်နိဗ္ဗာန်ကွဲသ်တယ် (မှန်ပါ့ဘုရား)။

သူညာကွယ်ယင်....(နိဗ္ဗာန်ကွယ်ပါတယ်) သြော် ... ဒါဖြင့် ဒို့အခုလူနည်းစုအဖြစ်နဲ့ တရားနာပြီးသကာလ နေကြတယ်၊ အခု။ မိုးသံ-လေသံကြောင့် မလာနိုင်ကြငြားသော်လဲ သူညာကွယ်လို့ ရှိယင် နိဗ္ဗာန်ကွယ်တယ်ဆိုတဲ့ဥစ္စာ သူ့ခမျာများ မသိရဘူး . (မှန်ပါ့)ခင်ဗျားတို့မှာ ထူးထူးလည်လည်သိရတယ်ဆိုတော့ သူညတမဆိုက်ဘဲပဋိပုဂ္ဂိုလ်မှာ တကာတကာမတို့ ငါ-ငါ့ဥစ္စာလိုက်ပါတယ်.... (လိုက်ပါတယ်ဘုရား)။

ဝေဒနာကို ငါထင်တယ်၊ငါ့ဥစ္စာထင်တယ်... (မှန်ပါ့ဘုရား) ထင်တော့ ဒိဋ္ဌတဏှာ မလာဘူးလား.... (လာပါတယ်) ငါကဒိဋ္ဌိ ငါ့ဥစ္စာက တဏှာကိုးဗျ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီဘက်က ခုနင်က ဒိဋ္ဌ,ဒိဋ္ဌပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံကို ပဋိစ္စသမုပ္ပါဒ်ဘန်းလိုက်ဘော့ ဇာတိ, ဇရာ, မရဏ ဆိုတာ ဒိဋ္ဌိဘက်ကသွားတဲ့ ပဋိစ္စသမုပ္ပါဒ် (မှန်ပါ့) သဒ္ဓာကျပလား။ (ကျပါပြီဘုရား)။

ငါ့ဥစ္စာလို့ - ငါ့ဥစ္စာကခေလးနာနေတာ ငါ့သားကလေးနာနေတာဆိုတော့ ငါ့ဥစ္စာနာနေတယ် (မှန်ပါ့)ငါ့သားကခေလးနေကောင်းနေတယ်ဆို့တာလဲ သုခဝေဒနာကို ငါ့သားလုပ်ထားတယ်။ တဏှာနဲ့ ငါ့သားလုပ်ထားတယ် ..(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် အဲဒီကျတော့ တဏှာ,ဥပါဒါန်,ကံ,ဇာတိ,ဇရာ, မရဏ, လာပြန်ပြီ .. (မှန်ပါ့)ဒါက ငါ့ဥစ္စာကြောင့်လာတဲ့ ပဋိစ္စသမုပ္ပါဒ် .. (မှန်ပါ့)ခုနင်က ငါ့ကြောင့်လားတဲ့ ... (ပဋိစ္စသမုပ္ပါဒ် ပါဘုရား)အခုဟာကတော့ (ငါ့ဥစ္စာကြောင့်လာတဲ့ပဋိစ္စသမုပ္ပါဒ် ပါဘုရား)ငါ့ဥစ္စာကြောင့်လာတဲ့ ပဋိစ္စသမုပ္ပါဒ်ဆိုတာ သေချာကြပလား (သေချာပါပြီဘုရား)။

အဲဒါ တကာတကားမတို့ လေးခလေးနက်နက် မှတ်စမ်းပါ။ သူညာဆိုက်အောင် မကြည့်နိုင်လို့....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် .... (သူညတဆိုက်အောင် မကြည့်နိုင်လို့ ပါဘုရား)သူညတဆိုက်အောင် မကြည့်နိုင်လို့....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘယ်လောက်အရေးကြီးသတုံး....(ကြီးပါတယ်) ကြီးတယ်တဲ့၊ ခင်ဗျားတို့ကတော့ ငါနဲ့ငါ့ဥစ္စာမှာဘဲ ခင်ဗျားတို့မှာဖြင့် ကိုယ့်အရေးကြီးတဲ့အချက် မှတ်နေတယ်... (မှန်ပါ့)ငါက ဒိဋ္ဌိ-ငါ့ဥစ္စာကတဏှာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ငါက .. (ဒိဋ္ဌိပါ) ငါ့ဥစ္စာက(တဏှာပါ) ကဲ... ငါကြောင့်လဲ ပဋိစ္စသမုပ္ပါဒ် တချက်သွားပြီ .. (မှန်ပါ့) ငါ့ဥစ္စာကြောင့်ကော့-(ပဋိစ္စသမုပ္ပါဒ်တချက်သွားပါတယ်ဘုရား)။

ကိုင်း ... ဒါဟာ ဒီပဋိစ္စသမုပ္ပါဒ် နှစ်သံသရာခရီးလမ်းကြီး နှစ်ခုပေါ်လားတာဟာ ဦးမာဒင်၊ ဦးလှဘူးတို့ စဉ်းစားပါတဲ့ သူညတမြင်လို့....(မှန်ပါ့) ဘယ်လိုဆိုကြပါ့မယ် .... (သူညတမြင်လို့ပါဘုရား)။

အားလုံး တကာတကာမတွေ ဒီပဋိစ္စသမုပ္ပါဒ်ပေါ်လာတယ် ဆိုကတည်းကိုက ခင်ဗျားတို့ သံသရာခရီးလမ်းကြီးကဖြင့် ဒါလဲ မိမိသွားတာ ဘဲ....(မှန်ပါ့) ဒီဟာကော .... (မိမိသွားတာပါ) ဒါနောက်ကော....(မိမိသွားတာပါဘဲ) ဒါလဲ မိမိရောက်တာဘဲ.... (မှန်ပါ့ဘုရား)။

ကဲ....တကာတကာမတို့ ဒီဥစ္စာ သူများသွားနေတာလား- မိမိသွားနေတာလား....(မိမိသွားနေတာပါ)ဆြော် ... ဒီပဋိစ္စသမုပ္ပါဒ်ဟာ မိဘဉာဉ်းထောင်တဲ့ပဋိစ္စသမုပ္ပါဒ် ...(မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

သူများတည်ထောင်တာလား- မိမိတည်ထောင်တာလား .... (မိမိတည်ထောင်တာပါဘုရား)။

ဆြော်....ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေက ဘယ်နှယ်ကြောင့် ဒီပဋိစ္စသမုပ္ပါဒ်နှစ်ခုကို ကိုယ်ဆင်းရဲကြောင်း ပဋိစ္စသမုပ္ပါဒ်နှစ်ခုကို- ကိုယ်ကိုယ်တိုင် ပဓေယျဂကြီးနဲ့ လုပ်ပါလိမ့်မလဲ မေးတို့ အခကြောင်းကြုံလာတယ်....(ကြုံလာပါတယ်ဘုရား)။

ထိုကဲ့သို့ကြုံလာတာကြုံချင်လို့ ကြုံရတာမဟုတ်ဘူး၊ခင်ဗျားတို့ သူညတဆိုကဲ့အောင် မကြည့်နိုင်လို့... (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (သူညတဆိုက်အောင် မကြည့်နိုင်လို့ ပါဘုရား)။

ဆြော်.... တကာသစ်ရေ ဒါဖြင့် ဦးမာဒင် ဆရာကောင်းသမားကောင်းသိပ်လိုတယ်... (လိုပါတယ်) လိုပြီ-လိုပြီ ဦးလှဘူရေ... (လိုပါတယ်ဘုရား)။

ကဲ....တကာတကာမတို့ ဒါ အခုပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပြီးသွားပလဲ... (နှစ်မျိုးပါ) နှစ်မျိုးပြီးသွားပြီ၊ဒီဋ္ဌေကြခင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်တမျိုး၊ ငါ့ကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်....(တမျိုး ပါဘုရား) ငါ့ဥစ္စာကြောင့်ဖြစ်တဲ့ ပဋိစ္စသမုပ္ပါဒ်.... (တမျိုး ပါဘုရား) ပဋိစ္စသမုပ္ပါဒ် တမျိုးလို့ဆိုတာ တကာတကာမတွေ့ သိထားပြန်တော့ ဩော်... ငါ့ကြောင့်လဲ အပါယ်သွားတယ် .... (မှန်ပါ့)ငါ့ဥစ္စာကြောင့်လဲ .... (အပါယ်သွားပါတယ်ဘုရား)။

အင်း ခင်ဗျားတို့ အိမ်မှာနေတဲ့အခါကျတော့ ငါမရှိယင် ဖြင့် ခက်တော့တာဘဲ_(မှန်ပါ့) အင်း.... ငါမရှိလို့ရှိယင် ခက် တာမဟုတ်ဘူး၊ငါမရှိယင် နိဗ္ဗာန်ရောက်တယ်.... (မှန်ပါ့ဘုရား)။

သို့ဆိုသော်....ခင်ဗျားကိုကတော့ ဘာတဲ့ .... (ငါမရှိယင်ခက်ပါ သတဲ့) သူညာနားမလည်တော့ ဒီဥစ္စာ တကယ်အရေးတကြီး သုံးပါဘယ်....(သုံးပါတယ်ဘုရား)။

တကာတကာမဘဲ့ ဒီစကားကလေးတလုံးက နားထောင် စမ်းပါ..(မှန်ပါ့) ဒီစကားကလေးတလုံး နားထောင်စမ်းပါ ဦးလှဘူးရ....(မှန်လှပါဘုရား)။

ခင်ဗျားတို့ ဒီကနေပြန်သွားတဲ့အခါ တခုခုချို့ယွင်းနေတဲ့ အခါကျလို့ရှိယင် ငါမရှိယင် ဒီလိုချည့်ဘဲ.... (ပြောပါတယ် ဘုရား)။

ဒါက ဒီဋ္ဌစ္စလိုက်ဘာ....(မှန်ပါ့)ဒီဋ္ဌစ္စလိုက်တော့ ကိုယ်က လဲ သူညတ နားမလည်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတော့ အားလုံး တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်ဆက်သွားပြီ.... (မှန်ပါ့) မသွားပါနဲ့

ဆိုလို့.....(မရပါဘုရား) မသွားပါနဲ့ဆိုလို့ မရဘူးဆိုတာ သေချာကြပလား... (သေချာပါပြီဘုရား)။

အင်း... ငါမရှိတော့ ဘာဖြစ်သတုံး၊ ဟိုငါ့ဥစ္စာတွေ ပျောက်ကုန်တာပေါ့.... (မှန်ပါ့) ငါ့ဥစ္စာတွေ ပျက်စီးကုန်တာပေါ့.... (မှန်ပါဘုရား)။

အင်း... ငါ့ဥစ္စာတွေတဲ့ တကာတကာမတို့ တဏှာပဋိစ္စသမုပ္ပါဒ် ဖွင့်ပြန်ပြီ... (ဖွင့်ပါတယ်ဘုရား)။

ခုနင်တုန်းက ငါ-ပဋိစ္စသမုပ္ပါဒ်... (မှန်ပါ့) ငါ-ပဋိစ္စသမုပ္ပါဒ် ဆိုတော့ ဒိဋ္ဌပဋိစ္စသမုပ္ပါဒ်... (မှန်ပါ့ ရှင်းပလား (ရှင်းပါပြီဘုရား)။

နောက်ကျတော့ ငါမရှိလို့ရှိယင် ငါ့စည်းတွေဟာ ကစင့်ကရဲဖြစ်ကုန်တာ ဟာကုန်ဘာဘဲ ၊ ငါ့ဥစ္စာတွေ ဟာကုန်ပြီ (မှန်ပါ့) ငါ့ဥစ္စာတွေ ဟာတယ်ဆိုးတော့ ဘာပဋိစ္စသမုပ္ပါဒ်တုံး... (တဏှာပဋိစ္စသမုပ္ပါဒ်ပါဘုရား)။

အင်း. ခင်ဗျားတို့ အိမ်ပြန်မှာကို ဘုန်းကြီးက စိုးရိမ်ဘယ်.... (မှန်ပါ့) ဦးမာဒင် အိမ်ပြန်မှာစိုးရိမ်ဘယ်.... (မှန်ပါ့) ဦးလှဘူး မစိုးရိမ်ထိုက်ဘူးလား... (စိုးရိမ်ထိုက်ပါတယ်ဘုရား)။

ဟ....အိမ်ပြန်တာ ဘုန်းကြီးက ဘာစိုးရိမ်စရာရှိသလဲ ... ဆိုအို....ဒီနှစ်ခုက သွားခတော့မလို့.. (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ ကိုယ့်အိမ်ကိုယ်ပြန်တာကို မသဏာလို့မဟုတ်ပါဘူး....(မှန်ပါ့) ဩော်....အိမ်ပြန်တာလား....၊ အပါယ်ပြန်တာ

လားဆိုဘာ....(အပါယ်ပြန်တာပါဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား) အံမာလေး ... ကြောက်စရာကြီးပါကလား....(မှန်လှပ်ဘုရား)။

ဒါက ဘုန်းကြီးက စကားတင်လို့ ရေရေလည်လည်ပြောတတ်လို့ ဒီ-အဓိပ္ပါယ်ရောက်သွားတာကိုး .. လို့ တကာသစ်က ဆိုချင်သလား... ၊ ဖြစ်စဉ်ကိုက်လား.... (ဖြစ်စဉ်ကိုက်ပါဘုရား)။

ဒါ.... ဘာမှမငြင်းကြနဲ့နော်.... (မှန်ပါ့) ဖြစ်စဉ်ကိုက်ပါဆိုတော့ ဘုန်းကြီးက ဒီတကာတကားမတွေ့ မန္တလေးက တကာတကာမတွေ့လဲ မန္တလေးပြန်... ၊ အိမ်ရောက်သွားလို့ ရှိယင်ဖြင့် နှလုံးသွင်းမှားမှာတော့ သိပ်စိုးရိမ်ဘယ် .. (မှန်ပါ့ဘုရား)။

ဩော်... ဘုန်းကြီးတို့ တကာတကာမတွေ့ ပြန်လို့ ရှိယင်ဖြင့် ဒီနှစ်လုံးဟာ တလုံးလာယင် နှစ်လုံးလာမှာဘဲ... (မှန်ပါ့)ငါမရှိယင်က စ,တယ်... (မှန်ပါ့) ငါမရှိယင်က စ,တော့ ဒီဌိပဋိစ္စသမုပ္ပါဒ် အရင်စ,လိုက်တယ်.... (စ,ပါဘယ်ဘုရား)။

တော်တော်ကြာကျတော့ ငါမရှိယင် ဘာဖြစ်သဘုံးမေးကြည့်တဲ့အခါကျတော့ ငါဥစ္စာတွေ့ ကစင်္ကရဖြစ်ကုန်တယ်... (မှန်ပါ့) ဟာ....တဏှာပဋိစ္စသမုပ္ပါဒ် စ,ပြန်ပြီ....(စ,ပါတယ်)မစဘူးလား....(စ,ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ အိမ်ပြန်တာသားတဲ့....၊ အပါယ်သွားကြတာလား....(အပါယ်သွားကြတာပါဘုရား)။

ဒါ.... ဘာနားမလည်လို့ ဒီအဖြစ် ရောက်သွားပါလိမ့်.... (သူညတ နားမလည်လို့ပါဘုရား) အဲ....' သူညတ အနေရးကြီးတာပေါ့ဗျ....(မှန်ပါ့ဘုရား)။

ကဲ....တကာတကာမတို့ ဘုန်းကြီးက သူက ထုံးလိုမှေ ရေလို နှောက်ပြီးသကာလ စကားကလဲတတ်၊ တရားကလဲတတ်မို့ ဒီလို ပြောတာလို့ တကာကြီး ဦးမာဒင်တို့က မဆိုနဲ့.... (မဆိုပါဘုရား) အမှန်ပါ-အမှန်ပါ....(မှန်ပါ့)ဒီမှာကြည့်ပါ ဖြစ်စဉ်ကိုက် ပါ....(မှန်ပါ့)။

တကာတကာမတို့ ဒီအတိုင်းပါဘဲ....တဲ့၊ အဲဒီတော့ ကိုယ့်အိမ် ကိုယ်ပြန်တာ ဘာအပြစ်ရှိသတုံး... လို့ အံမာ... မေးမျှးငေါ့ ယင်အခက်ကြီး....(မှန်ပါ့ဘုရား)။

ဟ....အပြစ်က နည်းတဲ့အပြစ်မှမဟုတ်ဘဲ....(မှန်ပါ့)ဒီ... သူညတကို နားမလည်ယင် နည်းတဲ့အပြစ်လား.... (မနည်းပါ ဘုရား)။

မနည်းဘူးတဲ့၊ ဒီဌိ ဒိဋ္ဌိပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုတော့ အနာဂတ်အကြောင်း သုံးခုကိုပေါ်လာတယ်.... (ပေါ်လာပါ တယ်ဘုရား) ပေါ်လာတော့ အနာဂတ် အကျိုးကျတော့တဲ့ ဦးလှဘူး ဖြတ်လို့ရသေးသလား....(မရပါဘုရား)။

ကိုင်း....ဒါဟာငါမရှိယင်ဆိုတဲ့ အဓိပ္ပါယ်....(မှန်ပါ့)ငါ့ဥစ္စာ တွေ ကစင့် ကရဲ ဖြစ်ကုန်ပြီဆိုတော့ ငါ့ဥစ္စာဆိုတာက တဏှာက လာတဲ့ ငါ....(မှန်ပါ့)။

တဏှာ လာတော့ တဏှာချည့် နေသေးရဲ့လား....(မနေပါ ဘုရား) တဏှာပစ္စယာ.... (ဥပါဒါနံပါ) ဥပါဒါနပစ္စယာ.... (ကမ္မဘဝါ) ကမ္မဘဝပစ္စယာ....(ဇာတိပါဘုရား)အဲ.... ဇာတိ ဆိုယင်ဘဲ ဇရာမရဏသွားရုံဘဲရှိတယ်... (မှန်ပါ့)။

အဲဒီဓတ့ ခင်ဗျားတို့ ဒီကနေပြီးတော့ ကိုယ့်အိမ်ကိုယ့်ရာ ပြန်ကြတဲ့ဥစ္စာသည် ဘုန်းကြီးက ဟာ....တရားချည့် အားထုတ် နေစေချင်တဲ့သဘောဘဲ....၊ ဒါကြောင့် ဒို့ကိုးပြောတာဘဲလို့ ဒီလိုမဆိုပါနဲ့ .. (မှန်ပါဘုရား)။

အားထုတ်စေချင်တာကတော့ဖြင့် မှန်ပါတယ်.... (မှန်ပါ) သို့သော် ခင်ဗျားတို့ကလဲ ဒီပဋိစ္စသမုပ္ပါဒ်နှစ်ခုကို ခင်ဗျားတို့က အိမ်ပြန်ပြီး နှုတ်ဆက်ချင်သေးတယ်.... (မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဟ....တချို့.များ လောလောဆယ် နှုတ်ဆက်ချင်တယ်.... (မှန်ပါဘုရား)။

ဦးလှဘူးဘာတဲ့တုံး .. (လောလောဆယ် နှုတ်ဆက်ချင်ပါ တယ်ဘုရား) အရောက်နှေးမှာစိုးတယ်....(မှန်ပါ)ဟ.... ဘယ်တုံး အရောက်နှေးမှာ ပြောစမ်းပါဦး....၊ ကိုယ့်အိမ် ကိုယ့်ရာတဲ့... ၊ ကိုယ့်အိမ်,ကိုယ့်.ရာလို့.မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဘုရားဟာနဲ့,,ကိုက်ပြီ. (မှန်ပါ)"စတ္တာရော အပါယာ သကဂေဟသဒိသာ" တဲ့၊ စတ္တာရောအပါယာ= အပါယ်လေးဘုံတို့သည်၊ သကဂေဟသဒိသာ= မိမိအမြဲနေရာ အိမ်ဟာကြီးနဲ့.တူကုန်၏....တဲ့....(မှန်ပါ)သဘောကျပလား.... (ကျပါပြီဘုရား)။

အ.မာဓလေး ကြောက်စရာကြီးပါလား တကာတကာမတို့.... (မှန်ပါ)ခင်ဗျားတို့သိတာနဲ့ အခု ဘုန်းကြီး သေသေချာချာ ပါဦးတော်တော့,အဋ္ဌကထာတွေကိုးပြီးသကာလ ရှင်းရှင်းလင်းလင်း

ပြလိုက်တော့ သူညတမပါဘဲနဲ့ ပြန်ကြတော့မယ် ဆိုလို့ရှိယင် ဦးလှဘူး တယ်စိုးရိမ်စရာကောင်းဘယ်... (စိုးရိမ်စရာပါဘုရား)။

သူတို့ကတော့ ဆိုလိမ့်မယ်တဲ့၊ ကိုယ့်အိမ်ကိုယ်ပြန်တာ ဘာအပြစ်ရှိသတုံးလို့ ပြောလိမ့်မယ်၊ ဘုရားကဘဲ ကိုယ့်အိမ်ဆိုတာ အပါယ်လေးပါးကွတဲ့....(မှန်ပါ့) မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

ပမတ္တဿနာမ=သူညတကိုမေ့တဲ့ပုဂ္ဂိုလ်မည်သည်ကား စတ္တာရောအပါယော= အပါယ်လေးဘုံတို့သည်၊ သကဂေဟသဒိသော= အမြဲနေရာ မိမိအိမ်ဂေဟာကြီးပါပေတည်း....(မှန်ပါ့) သေသေချာချာ ဓမ္မပဒအဋ္ဌကထာမှာလဲဖွင့်ပါတယ်... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိုယ့်အိမ်ကိုယ့်ရာ ပြန်ကြဦးမလား... လို့ မေးလို့ရှိယင်ဖြင့် မပြန်လဲမဖြစ်ဘူး.... (မှန်ပါ့ ဘုရား)။

ဟာ...ဘယ့်နယ်ကြောင့်တုံး ပြောစမ်းပါဦး...၊ ဘယ့်နယ်ကြောင့်တုံး ပြောစမ်းပါဦးဆိုလို့ရှိယင် ဒီဌိတဏှာကြောင့်ဘုရား (မှန်ပါ့)။

ကဲ.... ဒါဖြင့် ပြန်တော့ပြန်တာပေါ့ တကာဘကာမတို့က အိမ်ရောက်လို့ရှိယင် သူညတမခမ့်စေနဲ့....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဘာမမေ့ရမှာလဲ(သူညတမမေ့ရမှာပါဘုရား)ဝေဒနာပေါ်တာကို ဝေဒနာလို့လဲသိလိုက်၊ ဖြစ်ပျက်လို့လဲ သိလိုက် (မှန်ပါ့)

သညာဓေါ်လာယင်....(သညာလို့လဲသိ,ဖြစ်ပျက်လို့လဲသိ) စိတ်ကလေးပေါ်လာယင်.... (စိတ်လို့လဲသိ-ဖြစ်ပျက်လို့လဲသိရပါမယ်ဘုရား)။

ဒီလိုဆိုတော့ ငါ-ငါ့ဥစ္စာမဟုတ်ကြောင်း မထင်ရှားဘူးလား (ထင်ရှားပါတယ်ဘုရား) အဲဒီလိုထင်ရှားတော့ကို ဒီပဋိစ္စသမုပ္ပါဒ်နှစ်ခုဟာ လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား)။

ကြော်... ဒါဖြင့် ဒီလိုဆိုလို့ရှိယင်လဲ အင်း... နိဗ္ဗာန်ဆိုတာကိုယ့်အိမ်ကသွားလဲ ရတာဘဲ... (မှန်ပါ!) ဓမ္မာရုံကသွားလဲ.... (ရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်သွားတဲ့ဥစ္စာသည်ကားလို့ဆိုယင် နေရာရွေးစရာရှိသေးရဲ့လား... (မရှိပါဘုရား) မရှိပါဘူး၊ ဟင်း ချက်ယင်း မီးဖိုချောင်ထဲက သွားတာတွေလဲ ရှိနေတာဘဲ... (မှန်ပါ့)။

ကဲ ဒါဖြင့် တကာတကာမတို့ ဘာအရေးကြီးသတုံးဆိုတာဖြင့် တကာသစ် ယနေ့တရားပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) ကဲ.. ဘာပေါ်ကြသတုံး .. (သူညတအရေးကြီးပါတယ်ဘုရား) သူညတဖြစ်ဘို့.... (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီ)။

အင်မတန် အဘိုးတန်တယ် ဦးမာဒင်ရေ.... (တန်ပါတယ်ဘုရား) အင်မတန်အဘိုးတန်တယ်လို့ဆိုတာ သေချာပြီ....(သေချာပါပြီဘုရား)။

သို့သော်....ဘုန်းကြီးသည်ပဋိစ္စသမုပ္ပါဒ်ကလေးတခုပြပါရစေဦးတဲ့၊ အခု ဒီဒ္ဒပဋိစ္စသမုပ္ပါဒ်ပြပြီးပါပြီ .... (မှန်ပါ့) လောဘပဋိစ္စသမုပ္ပါဒ် .... (ပြပြီးပါပြီ) မောဟပဋိစ္စသမုပ္ပါဒ်ကလေးကကျန်သေးတယ်....(မှန်ပါ့ဘုရား)။

မောဟ ပဋိစ္စသမုပ္ပါဒ်ကလေးက တခြားမဟုတ်ဘူး... တဲ့... ၊ ဝေဒနာကလေးပေါ်လာတယ် ဆိုလို့ရှိယင်ဖြင့် တကာဘကားမတို့သည် ဝေဒနာရယ်လို့ မသိလိုက်ဘူး....(မှန်ပါ့) မသိဘဲနဲ့ သူ့ဟာသူဖြစ် သူ့ဟာသူချုပ်သွားမှာ ခင်ဗျားတို့က သိလိုက်သေးရဲ့လား....(မသိပါ) မသိလို့ပဲတော့ ဒုက္ခသစ္စာမသိတာကဲ့ (မှန်ပါ့) မသိလိုက်တော့ မသိဘဲအဝိဇ္ဇာကလာတယ်.... (လာပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါ) သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား)။

ဟော.. တကာတကာမတို့တဲ့ ယခုဘဝ အဝိဇ္ဇာသင်္ခါရနဲ့နောက် (မှန်ပါ့) အနာဂတ်ဖြစ်တဲ့ ဝိညာဏ်နဲ့သွားဆက်ပြန်တယ် (မှန်ပါ့) မဆက်ဘူးလား...(ဆက်ပါတယ်ဘုရား)။

ဒါဖြင့် သူညတမသိလို့ရှိယင် ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပေါ်တယ်....(မှန်ပါ့ဘုရား)။

သူညတ,မသိယင်.... (ပဋိစ္စသမုပ္ပါဒ် သုံးမျိုးပေါ်ပါဘယ်ဘုရား) ဒီဟာ အင်မတန်အခြေပါတယ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

သြော်....ငါတို့ သိနိုင်ခဲ့တဲ့အဓိပ္ပါယ်လား၊ ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူညတဆိုက်ယင်လဲ သေမင်းမမြင်

နိုင်တဲ့ နိဗ္ဗာန်ရောက်တယ်ကွာ....တဲ့ .. (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

သူညတဆိုက်ယင်-(သေမင်း မမြင်နိုင်တဲ့နိဗ္ဗာန်ရောက်ပါဘယ် ဘုရား) သေမင်းမမြင်နိုင်တဲ့နိဗ္ဗာန်ရောက်တယ်လို့ သေးသေချာ ချာ ဟောထားပြန်တော့လဲ သြော်....သူညတ,တရားလဲ အထူး အရေးကြီးတဲ့တရားထဲ အဝင်အပါ-ပါကလားဆိုတာ အားလုံး ဦးလှဘူးနဲ့တက္က ဦးမာဒင်တို့ ကကာသစ်တို့ မှတ်ရလိမ့်မယ်... (မှန်ပါ့) မမှတ်ထိုက်ဘူးလား....(မှတ်ထိုက်ပါတယ်ဘုရား)။

ဒီသူညဆိုက်ယင်လဲ သေမင်း မမြင်နိုင်တဲ့နေရာရောက်သတဲ့ (မှန်ပါ့ဘုရား) သူညတဆိုက်ယင်_(သေမင်း မမြင်နိုင်တဲ့နေရာ ရောက်ပါတယ်ဘုရား)။

အင်း....ဒါသမုတိသစ္စာနယ်ကနေပြီး သေမင်းမမြင်နိုင်တဲ့နေ ရာ ရောက်တယ်ဆိုဘာ နိဗ္ဗာန်ကိုဆိုတာပါဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာ့ကကာမတို့ ဘာဆိုက်ဘို့အရေးကြီးသတုံး... (သူညကဆိုက်ဘို့အရေးကြီးပါဘယ်ဘုရား)။

သူညတဆိုက်ဘို့ဆိုတော့ တကာသစ် သေးသေချာချာ မှတ် စမ်းပါ တခုသောတရားတော့လိုက်လို့ ရှိယင် ငါမဟုတ်ကြောင်း သိလို့ ရှိယင်လဲ သူညာဖြစ်ပါတယ် .(မှန်ပါ့) ငါ့စ္စာ မဟုတ် ကြောင်း သိလို့ ရှိယင်လဲ.. (သူညတဖြစ်ပါဘယ်ဘုရား)။

သြော်.. ဒါဖြင့် ငါမဟုတ်ကြောင်း သိလိုက်လို့ ရှိယင်လဲ သူညတဖြစ်တယ်... (မှန်ပါ့) ငါ့စ္စာမဟုတ်ကြောင်း သိပြန်ယင် လဲ (သူညတဖြစ်ပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ဒို့-ဒီနှစ်လုံးသိတို့ ဇာယ် အရေးကြီးပါက လား... (ကြီးပါတယ်ဘုရား) ဒီနှစ်လုံးသိလိုက်ယင် တကာတကာ မတို့ ကိုယ့်သန္တာန်မှာ သူညတမဂ်ဟာ ဖြစ်ခဲပါလာဘယ်.... (မှန်ပါ!)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သူညတမည်တဲ့ မဂ်လာတာဘဲ....(မှန်ပါ!) မသာပါနဲ့ဆိုလို့ (မရပါဘုရား)။

ဩော်.... ဒါဖြင့် ဒီလိုလုပ်ကြစို့ဘနော်.... ကကာဘကာတို့ အလုပ်လုပ်မှာဘဲ ပေါ်တောမယ် (မှန်လှပါဘုရာ) အလုပ်မလုပ်လို့ရှိယင်ဖြင့် (မပေါ်ပါဘုရား) ပေါ်စရာအခြောင်း မရှိဘူးဆိုတာ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ပြပါဦးမယ် ကကာကာမတို့ အရေတွေ အရေးကြီးတဲ့တရားလို့ဆိုတာကိုလဲ ဘကာတာကာမတွေ ကိုယ့်အတွက်မှာဖြင့် အနာရှိတဲ့ပုဂ္ဂိုလ်ဟာဖြင့် ကုရမည့်ဆေးဝါးရင် အရေကြီးတယ်ယူမှာ (မှန်ပါ!)။

အနာပျောက်တဲ့ဆေးဝါးလို့ရှိယင် အနာရှိတဲ့ပုဂ္ဂိုလ်မှာဖြင့် အနာပျောက်တဲ့ဆေးဝါးလိုက်ရလို့ရှိယင်ဖြင့် ကိုယ့်အတွက်မှာဖြင့် အရေးကြီးဘယ်ယူဆမှာ....(မှန်လှပါ)။

အဲဒီတော့ တကာတကာမတွေ သန္တာန်မှာ ခန္ဓာကိုယ်ကြီးဟာ "ဆောဂဘော ဂဏ္ဍဘော သလ္လဘော အဃဘော အာဗဓဘော" ဆိုဘဲ့ မနေ့က ပြောခဲ့တဲ့တရားအတိုင်း ဆောဂါ အမျိုးမျိုးရှိတဲ့ ခန္ဓာကိုယ်ကြီးကို သူညတမဂ်နဲ့ တကာတကာမတွေ ကုလိုက်လို့ရှိယင် ပျောက်သွားလို့ရှိယင်လဲတဲ့ ဩော်.... ဒို့

ရေဂါရှိလို့ ဒီတရားဆေးဟာ အရေးကြီးတာဘဲ မှတ်လိုက်.... (မှန်ပါ့ဘုရား)။

ရောဂါမပျောက်သေးယင်ဖြင့် (အရေးကြီးပါတယ်ဘုရား) အရေးကြီးတာခုည့်ဘဲဆိုတာ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

ရောဂါမပျောက်သေးယင်.... (အရေးကြီးတာခုည့်ပါဘုရား) အရေးကြီးတာခုည့် မှတ်ကြဆိုတော့ တကာတကာ့မတို့ ဒါဖြင့် အလုပ်သင်ပါတော့မယ် သူညတဆိုက်အောင်....(မှန်လှပါ)။

သူညဆိုက်အောင် ဘာလုပ်တာ့မယ်.... (အလုပ်သင်ပါတော့မယ်ဘုရား)။

ဒုတိယပိဿင်ငေးမယ် ဆိုပေတော့ ငေးသွာ်.... ဘုန်းကြီး တရားပေးတာနဲ့ပဲ နားလို့တော့ ကောင်းပါရဲ့၊ ဘာလုပ်ရမှန်း မသိဘူးကွ၊ ခင်ဗျ၊ ဒီတို့ တော်ပေတဲ့ကြာမပြောနဲ့... (မှန်ပါ့)။

ဘုန်းကြီးက တရားဟောတာဘဲ ဆရာပြောလဲကောင်းပါ့တယ်၊ နားလည်ဉာဏ်ရှိအောင်ကဲ့ ပြောပါကယ်၊ လုပ်တော့ ဘာလုပ်ရမှန်းတောင်းလဲ၊ ဒီအလဲ တခါ့ကလဲ ပါချင်ပါမယ်.... (ပါပါဘုရား) ဒီလိုမပါ ဖစ်နဲ့တဲ့၊ အခုအလုပ်သင်တော့မယ်လို့မှတ်....(မှန်လှပါဘုရား)။

ဘာပါလိမ့် (အလုပ်သင်ပါကောင်းမယ်ဘုရား)။

အလုပ်သင်တော့ အစ,က ဒီနာမရူပဝိဝဒ္ဓဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်တွေ့ ဒါတွေ့က ပြီးခဲ့ပြီ၊ နေ့တိုင်း,နေ့တိုင်း မသင်နိုင်ဘူး. (မှန်ပါ့) ရှုနည်းမှတ်နည်းဘဲ သင်ဘို့ဘဲ... (မှန်ပါ့) တကာတကာ့မတွေ့ ရိပ်မိပလား .. (ရိပ်မိပြီ)။

ဘာသင်မှာပါလိမ့်.... (ရှုနည်း, မှတ်နည်းသင်မှာပါဘုရား) အေး....ဒါကို သင်ကြပါစို့-ဒါကိုသင်ကြပါစို့၊ ဒီပြင်ဟာခေတ္တသင်နေလို့ရှိယင်ဖြင့် အယင်လူတွေက တယ်နာတယ် တကာသစ်,ရ....(မှန်ပါ!) မနာဘူးလား....(နာပါဘဘုရား)။

အရင် ရှာနာမ်ကွဲပြီးသား အခကြောင်းအကျိုး ဆက်ဘာပြီးသား၊ နာမရူပရိစ္ဆေဒဉာဏ်လောက် သိပြီးသား၊ ပစ္စယပရိဂ္ဂဟဉာဏ်လောက် သိပြီးသား၊ ပစ္စယပရိဂ္ဂဟဉာဏ်ဆိုတာကတော့ ဘုန်းကြီးဟောနေတယ်, ဦးမာဒင် နေ့တိုင်း ပဋိစ္စသမုပ္ပါဒ်ပါနေတာ ဒါပစ္စယပရိဂ္ဂဟဉာဏ်တွေပါဘဲ....(မှန်လှပါဘုရား)။

အဲ ဒါဖြင့် တကာတကာမတို့ သူညတ,မဆိုက်ယင် ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးလာသတုံး ... (သုံးမျိုးလာပါတယ်ဘုရား) သြော် .. သူညတ,မဆိုက်ယင် သုံးမျိုးလာတယ်နော်.... (မှန်ပါ! ဘုရား)။

သုံးမျိုးလာလို့ရှိယင်ဖြင့် တကာတကာမတို့ သမုဒယနဲ့ဒုက္ခသစ္စာလာတယ်.... (မှန်ပါ!) သုံးမျိုးစလုံးဟာ သမုဒယနဲ့ ဒုက္ခချည့်ဘဲ .. (မှန်ပါ!)။

သုံးမျိုးစလုံးဟာ....(သမုဒယနဲ့ ဒုက္ခချည့်ပါဘုရား) ဟောင်းပြီ သူညတဆိုက်သွားယင် သမုဒယနဲ့ ဒုက္ခချုပ်ဘယ် (မှန်ပါ!) ဒါဖြင့် နှစ်ခုချုပ်ယင် နှစ်ခုပေါ်မှာဘဲ... (မှန်ပါ!)။

နှစ်ခုချုပ်ယင်.... (နှစ်ခုပေါ်မှာပဲ်ဘုရား) အောင်း... ဒါဖြင့် တကာတကာမတို့ သမုဒယနဲ့ ဒုက္ခချုပ်သွားတယ်ဆိုယင် နိဗ္ဗာန

နဲ့ မဂ္ဂပေါ်ဘို့ဘဲ... (မှန်ပါ့ဘုရား) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အေး .. ဒါ့ကြောင့် ရိုရိုသေသေ ကျိုးကျိုးနွံနွံလိုလိုချင်ချင် သံဃရတနာဘေးကြောက်ပြီးသကာလ ကိုင်း.... တကာတကာမတို့နာကြ၊ ဆုလုပ်ပြုတော့မယ်....(မှန်ပါ့) ကဲ....အာလုပ်ပြုတော့မယ် သေသေချာချာကြည့်ကြ.... ။

တကာတကာမတို့သန္တာန်မှာ ဝေဒနာလဲ သုံးမျိုးဘဲရှိတယ်-(မှန်ပါ့ဘုရား) အလွန်ဆုံး ငါးမျိုးရှိတာ့ထားလိုက်ပါတော့ သို့ဟုတ် သုံးမျိုးထဲ ပေါင်းလိုက်ယင်လဲ အတွင်းဝင်သွားလို့ ဘုရားက သုံးမျိုးဘဲလို့ ဟောလိုက်ပါတယ်.... (မှန်ပါ့ဘုရား)။

ကိုင်း...ဟကာတကာမတို့ ကိုယ်ပေါ်မှာ ယားမယ်,နာမယ်, ဧအောင့်မယ်ဆိုတာ ဘာဝေဒနာတုံး.... (ဒုက္ခဝေဒနာပါဘုရား)။

အင်း . ဒုက္ခဝေဒနာ သိသွားကတည်းက ဒါပုဂ္ဂိုလ်သတ္တဝါပျောက်နေပြီ... (မှန်ပါ့ဘုရား)ပုဂ္ဂိုလ်သတ္တဝါပျောက်ပြီ တကာတက ့မတ္တံ....(မှန်ပါ့) ဒီကတည်းက ပုဂ္ဂိုလ်သတ္တာဝါပျောက်တယ်ဆိုတာ ငါ့ပျောက်တာဘဲ.... (မှန်ပါ့ဘုရား) ငါတခု ဆိုတ်သည်းသွားပြီ—(မှန်ပါ့)ဝေဒနာပေါ်တာကိုဝေဒနာပေါ်မှန်းသိယင် ငါတခုဆိတ်သည်းသွားပြီ .... (မှန်ပါ့ဘုရား)။

သို့သော်လဲ တကာတက ့မခံတ့က ဝေဒနာပေါ်တာ ဝေဒနာပေါ်မှန်းသိယင် ငါပျောက်ပြီ ့ (မှန်ပါ့)ဝေဒနာကိုး တကာသစ်ရ .. (မှန်ပါ့) ငါဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ဒီဝေဒနာကလေးကို တခါ ဦးမာဒင့်က ဖောင့်ဆိုင်းပြီးနည်းနည်းကြည့်လိုက်တာပေါ့ဗျာ .... (မှန်ပါ့) ကြည့်လိုက်ဘော့

ဝေဒနာကလေးဆိ သက်တမ်းကလဲ ၁-နဲ့ ၂-ဘဲရှိတယ် ... (မှန်ပါ့) ၁-မှာဖြစ်ပြီး ၂-မှာ ပျက်ရှာတယ်.... (မှန်ပါ့) မပျက်ဘူးလား.... (ပျက်ပါတယ်ဘုရား)။

ဒါဖြင့် အပျက်မြင်လိုက်တယ် .... (မှန်ပါ့) အပျက်မြင်လိုက်တော့ ငါ့ဉစ္စာရှိသေးရဲ့လား....(မရှိပါဘုရား)။

ဟာ....ဒါဖြင့် အဖြစ်မြင်ယင် ငါပြုတ်တယ်....(မှန်ပါ့ဘုရား) အပျက်မြင်ယင်ဲ ငါ့ဉစ္စာပြုတ်တယ် (မှန်ပါ့) သေချာပလား .... (သေချာပါပြီဘုရား)။

အဖြစ်မြင်ယင်.... (ငါပြုတ်ပါတယ်) အပျက်မြင်ယင် .... (ငါ့ဉစ္စာပြုတ်ပါတယ်ဘုရား)။

သြော် .ဒါဖြင့် ဒီဟာ ဖြစ်ပျက်မြင်ဘို့ အရေးကြီးဘယ်.... (မှန်ပါ့) ဦးမာဃင် ဒီဆောက်တာဘဲ... (ရောက်ပါတယ်) ဒီဆောက်တာဘဲ။ဒီကလဲသို့ကို ဟောသို့မရဘူး.. (မှန်ပါ့) သုံးဆဲ့တဘုဲထဲမှာရှိတာကလဲ ဖြစ်ပျက်ဲဘဲ ရှိဘာကိုး....(မှန်ပါ့) ဒီ့ပြင်ဟဲ့ကတန်းဆာသားဆင်နေရတယ် တကာတကာမတို့ ဒါရှုဘို့ပါဘဲ.... (မှန်ပါ့ဘုရား)။

ကဲ ... တကားတကာမတို့ ငါက ဒီဌိ၊ ငါ့ဉစ္စာက တဏှာ.... (မှန်ပါ့)ငါ့-ငါ့ဉစ္စာမပြုတ်သို့ ရှိယင်လဲပဋိစ္စသမုပ္ပါဒ်တန်းတာဘဲ (တန်းပါတယ်ဘုရား)။

ဘယ့်နယ်ခကြောင့် ငါ့-ငါ့ဉစ္စာ မပြုတ်သဘုံးလို့ မေးတဲ့အခါလဲ ဒီက ဓမ္မအပေါ်၌ သုညတမဖြစ်လို့ ... (မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဓမ္မအပေါ်၌....(သူညတ မဖြစ်လို့ပါ)ဓမ္မအပေါ်၌ သူညတ မဖြစ်လို့လို့ သေဿသချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ယားဖယ်· ဘာဝေဒနာတုံး.... (ဒုက္ခဝေဒနာပါ) ရေဩ် ယားတိုင်း-ယားတိုင်း ဒါ ဒုက္ခဝေဒနာပါကလား- ဒါ ဒုက္ခဝေဒနာပါကလားလို့ သိနေလို့ ရှိယင်လဲ တကာတကာမတို့ ဓဝဓနာ့အလုပ်သာ ဖြစ်တော့တယ်၊ ငါ့အလုပ်မရှိဘူး.... (မရှိပါဘုရား)ဒီကတည်းက ငါပြုတ်ပြီ (မှန်ပါ့)မပြုတ်သေးဘူးလား- (ပြုတ်ပါဘယ်ဘုရား)။

ကဲ ယားတတ်ကြပလား ခင်ဗျားတို့....(ယားတတ်ပါပြီ) ယားတိုင်း-ယားတိုင်း ဒါ ဘာဝေဒနာတုံး .... (ဒုက္ခဝေဒနာပါ) နာတိုင်း နာတိုင်း ဘာဝေဒနာတုံး(ဒုက္ခဝေဒနာပါ) သို့သော်လဲ ဒုက္ခဝေဒနာတော့ သိပြီဆိုဘော့ ဦးမာဒင် ဘာပြုတ်သွားသတုံး- (ငါပြုတ်သွားပါတယ်)ငါပြုတ်သွားတယ်....(မှန်ပါ့) ငါပြုတ်ပြီနော်....(မှန်ပါ့ဘုရား)။

ငါပြုတ်ဘယ်၊ စောင့်ကြည့်-စောင့်ကြည့် တကာတကာမတို့ ဝိပဿနာဆိုတာ စောင့်ကြည့်ရတဲ့အလုပ်မျိုး.... (မှန်ပါ့) စောင့်ကြည့်တော့ ဝေဒနာကလေးကလဲ ပျောက်ပျက်သွားတာဘဲ.... (မှန်ပါ့) ပျောက်ပျက်မသွားဘူးလား.... (ပျောက်ပျက်သွားပါတယ်ဘုရား) ပျောက်ပျက် သွားတော့ ငါ့ဥစ္စာ မဟုတ်လို့ ပျောက်တာ... (မှန်ပါ့ဘုရား)။

အင်း... ပျောက်သွားတော့ ဘာပြုတ်သွားပါလိမ့် (ငါ့ဥစ္စာ ပြုတ်သွားပါတယ်) တဏှာပြုတ်တယ်.... (မှန်ပါ့) ငါ့ဥစ္စာဆိုတဲ့ တဏှာပြုတ်တယ်...(မှန်ပါ့ဘုရား)။

ဒါဖြင့် ပေါ်လာတယ်လို့ သိလို့ ရှိယင် ငါပြုတ်တယ်(မှန်ပါ့) ပျက်သွားပြီလို့ သိယင် .... (တဏှာပြုတ်ပါတယ်) ငါ့ဥစ္စာပြုတ်တယ် .. (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကလေးရှင်းနေအောင် ဦးမာဒင်ပြောဦးမယ် (မှန်ပါ့) ပြောရမယ်-ပြောရမယ် ဒီဥစ္စာကလေ.ဟာ သြော်.... ဒို့ဖြစ်ပျက်အလွန်ကျေးဇူးများဟာပါကလား ဆိုတဲ့ဥစ္စာ တကာပ ကာမတို့ယနေ့ ရှင်းရှင်းလင်းလင်းကြီး နားလည်ရတဲ့အတွက် သေမပျော်တဲ့တရား... (မှန်ပါ့) ငယပျော်တဲ့တရားလို့ သေသေချာချာ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ့ဘုရား)။

ကဲ....ယားတယ်. ယားတယ် တကာတကာမတို့ ကျောကယားတယ် ဟုတ်လား....(မှန်ပါ့) ကျောမှာယားနေယင်- ယားတာ ဘာဝေဒနာတုံး....(ဒုက္ခဝေဒနာပါ) အင်း .... ဒုက္ခဝေဒနာကလေးတခု ပေါ်တာဘဲလို့ မသိလိုက်ဘူးလား.... (သိလိုက်ပါတယ်ဘုရား)ဘာပြုတ်သွားသတုံး....(ငါပြုတ်သွားပါတယ်) ဟာတကာသစ် နေရာကျပြီ .. (မှန်ပါ့ဘုရား)။

ဦးမာဒင်ဘာပြုတ်သတုံး....(ငါပြုတ်ပါတယ်) မြန်မာလို့ ငါပြုတ်တယ်၊ စာလိုတော့ ဒိဋ္ဌိပြုတ်တယ် ... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ) ဝေဒနာ့အာသုယ်သာရှိတော့တယ် ငါ့အလုပ်ရှိသေးရဲ့လား .. (မရှိပါဘုရား)။

ကိုင်း....စောင့်ကြည့်ပါဦး-စောင့်ကြည့်ပါဦးဆိုတော့ပျက်တာကလေးတွေ့လိမ့်မယ်....(မှန်ပါ့) မတွေ့လား ဗျာ . (တွေ့ပါတယ်) ပျက်တာကလေးတွေ့တော့ ငါ့ဥစ္စာမဟုတ်လို့ ပျက်ဘာပေါ့ ....

(မှန်ပါ့)ငါ့ဉစ္စာဖြင့် ငါစီမံသလိုနေဘို့ဘဲ.... (မှန်ပါ့) ဒီလိုကော နေကြရဲ့လား .... (မနေပါ) မနေတာဆောက်တော့ ပျက်တာ မြင်လိုက်ဘော့ ဘာပြုတ်သတုံး.... (ငါ့ဉစ္စာပြုတ်ပါတယ်) နေရာ ကျပြီ - (မှန်ပါ့ဘုရား)။

မြန်မာလို ပြောလိုက်တဲ့အခါကျသို့ ရှိယင် တကာတကာမတို့ ငါ့ဉစ္စာပြုတ်တာဘဲ... (မှန်ပါ့) စာလိုပြောကြစို့ ဆိုးတော့ တဏှာ ပြုတ်သွားတယ်....(မှန်ပါ့ဘုရား)။

စာလိုပြောကြစို့ ဆိုတော့....(တဏှာပြုတ်ပါတယ်) သြော်.... ဒါဖြင့်အဖြစ်မြင်ယင် ငါပြုတ်....(မှန်ပါ့)အပျက်မြင်ယင်-ငါ့ဉစ္စာ ပြုတ်....(မှန်ပါ့ဘုရား)။

အဖြစ်မြင်ယင်....(ငါပြုတ်ပါတယ်) အပျက်မြင်ယင် .... (ငါ့ဉစ္စာပြုတ်ပါတယ်) သဘောကျပလား....(ကျပါပြီ) ရှင်းပြီ နော်... (ရှင်းပါပြီဘုရား)။

ကိုင်း-တကာတကာမတို့ငါ့,ငါ့ဉစ္စာပြုတ်ခဲတော့ကို ဒါ-သူညတာ ဆိုက်သွားပြီ (မှန်ပါ့) ဝေဒနာ့အပေါ်၌ သူညတဆိုက်သွဲားပြီ (မှန်ပါ့) မဆိုက်သေးဘူးလား....(ဆိုက်ပါပြီဘုရား)။

ဘယ်အပေါ်၌ဆိုက်ပါလိမ့် .... (ဝေဒနာ့အပေါ်၌ဆိုက်ပါတယ်ဘုရား)ဝေဒနာ့အပေါ်၌ ငါကောရှိသေးရဲ့လား... (မရှိပါဘုရား)အင်း... ငါ့ဉစ္စာကော....(မရှိပါ) အင်း.... ဒါဖြင့်ဝေဒနာ့ အပေါ်၌ သူညတဆိုက်သွားတော့ ဒီတရားသည် သူညတာ မဂ်သွားဖြစ်တယ်....(မှန်ပါ့ဘုရား)။

ရှုတဲ့တရားကလေးက.... (သုညတမဂ်သွားဖြစ်ပါတယ်ဘုရား) ရှင်းပလှ.... (ရှင်းပါပြီဘုရား)။

ဘာဖြစ်သွားပါလိမ့်....(သုညတမဂ် သွားဖြစ်ပါတယ်ဘုရား) အဲ....ဒီက သုညတဖြစ်တော့ ဒီက ရှုတာကလဲ သုညတမဂ်ပေါ့.... (မှန်ပါ) ရှင်းပလှ....(ရှင်းပါပြီဘုရား)။

ဒီဘက်က ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပြုတ်သွားပါလိမ့်... သုံမျိုး... (မှန်ပါ့) ဒုက္ခသစ္စာလို့ မသိတဲ့ အဝိဇ္ဇာပဋိစ္စသမုပ္ပါဒ်လဲ ပြုတ်ပါတယ်.... (ပြုတ်ပါတယ်ဘုရား) ဒုက္ခသစ္စာလို့ စွဲလမ်းနေတဲ့ တဏှာပဋိစ္စသမုပ္ပါဒ်လဲ... (ပြုတ်ပါတယ်ဘုရား)ဒုက္ခသစ္စာလို့ စွဲထားတဲ့ ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ်လဲ.... (ပြုတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဦးလှဘူးတို့၊ ညီးမာဒင်တို့၊ တကာသစ်တို့၊ ပဋိစ္စသမုပ္ပါဒ် တချက်ခုတ် သုံးချက်ပြတ်.... (မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ.... (တချက်ခုတ် သုံးချက်ပြတ်ပါတယ် ဘုရား)။

ဩော်....ဒါဖြင့် ဒီဘက်မှာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာချုပ်တယ်....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ.... (သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာချုပ်ပါတယ်ဘုရား)။

ဟာ....တကာသစ် သမုဒယနဲ့ ဒုက္ခချုပ်ငြိမ်းလို့ ဦယင်ဖြင့် ၄-ထဲမှာ ၂-နှုတ်ယင်(၄-၂=၂) ၂-ကျန်ရမယ်.. (မှန်ပါ့) သစ္စာလေးပါးကိုး....(မှန်ပါ့) ချုပ်ပျောက်သွားတာက ဘယ်နှစ်သစ္စာတုံး....(နှစ်သစ္စာပါ) ဒါဖြင့် ကျန်ရစ်တာက ဘယ်နှစ်သစ္စာတုံး-

(နှစ်သစ္စာ၂၂ဘုရား) ကျန်ရစ်တာ နိဗ္ဗာနဲ့မဂ္ဂင်္ကျန်ရစ်ရမယ်.... (မှန်ပါဘုရား)။

ကဲ... ဒါဖြင့် သြော်....နိဗ္ဗာန်နဲ့ မင်္ဂလာရစ်ဘော့ဘာဘဲဆိုတာကို ခင်ဗျားတို့ သူညတဆိုက်တဲ့ပုဂ္ဂိုလ်မှာ ဒါနကြောင့် သေမင်း မမြင်နိုင်ဘူးဆိုတော့ သူ့နိဗ္ဗာန်ရောက်လို့ မမြင်ဘူးပြောတာ.... (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်... ဟောတာတာဝမတို့ သေပျော်တဲ့ တရားဆိုတာပေါ်ကြပလား.... (ပေါ်ပါပြီ) ကိုင်း... ခင်ဗျားတို့ရှေ့တွင် ဖြတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ပါ....(မှန်ပါဘုရား)။

ဦးမာဒင် ဒီဥစ္စာ အပြောလား....၊ အမြင်လားဗျာ....(အမြင်ပါဘုရား)ခန္ဓာဖြစ်စဉ်နဲ့လဲ ဒီအတိုင်းဘဲမဟုတ်လား.... (ဒီအတိုင်းပါဘုရား) ဒါ-ခန္ဓာဖြစ်စဉ်ကိုပြဘာ ... (မှန်ပါ) ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာဖြစ်စဉ်ကို ပြခြင်းဖြစ်ပါတယ်... (မှန်ပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့၌ သူညတဖြစ်ဘို့ သူညဖြစ်ဘို့ အဓိတ်အရေးကြီးပါလားဆိုတာ ပေါ်လာတယ်... (ပေါ်လာပါတယ်ဘုရား) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီက သူညတမင်ဖြစ်ခဲတာ့ကို ဒီဘင်္ဂမှာ သမုဒယနဲ့ ဒုက္ခချုပ်သွားတဲ့အခါကျတော့ အင်း .. ဒါလဲ တကာတကာမတို့ ဒီပဋိပုဂ္ဂိုလ် သတ္တဝါဆိတ်သုဉ်းတဲ့.. ၊ သန်ဓါရဆိတ်သုဉ်းတဲ့... နိဗ္ဗာန်ပေါ်လာတယ် ... (ပေါ်လာပါတယ်) မပေါ်လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

သူညတနိဗ္ဗာန်ဘဲပေါ်လာတယ်- (မှန်ပါ့)သဘောကျပလား- (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ရှုစရာသည် ကဲ....သုခဝေဒနာကလေး စိတ်ထဲချမ်းသာတာကလေး ပေါ်လာတယ် တကာတကာမတို့၊ ဘာဝေဒနာပါလိမ့်.... (သုခဝေဒနာပါဘုရား)။

အင်း .. ဒီလိုသိလိုက်တယ်၊ ပေါ်တာကလေး သိလိုက်တယ်.... (မှန်ပါ့) ဒီကတည်းက ဘာပြုတ်ပြန်သတုံး (ငါပြုတ်ပါတယ်) ငါပြုတ်ပြန်ပြီ....(မှန်ပါ့)။

စောင့်ကြည့်- စောင့်ကြည့်ဆိုတော့ ကြည့်ရင်းမတွန့်ပျက်လာတယ်... (မှန်ပါ့) မပျက်ဘူးလား.... (ပျက်ပါတယ်) ဘာပြုတ်သွားသတုံး.... (ငါ့ဉစ္စာပြုတ်သွားပါတယ်ဘုရား)။

ဒါဖြင့် ငါ-ငါဉစ္စာပြုတ်သွားတော့ကို သူညတမင် သွားရတယ်(မှန်ပါ့)ငါ-ငါဉစ္စာပြုတ်သွားတာ်ဆိုကတည်းကိုက တကာတကာမတို့ သူ သူညတခြောင့် ဖြစ်တဲ့မင်္ဂလာနေပြီ (မှန်ပါ့) မရသေးဘူးလား ...(ရပါတယ်ဘုရား)။

ရယင် ပဋိစ္စသမုပ္ပါဒ်က သုံးခုစလုံးဘယ်နှယ် နေသတုံး.... (ပြတ်ပါတယ်ဘုရား)။

သုံးခုကိုလဲ သစ္စာဖွဲ့လိုက်တော့ သစ္စာနှစ်ခု... (မှန်ပါ) ဘာသစ္စာ-ဘာသစ္စာတုံး....(သမုဒယနဲ့ဒုက္ခပါဘုရား) သမုဒယနဲ့ဒုက္ခပြုတ်ထွက်သွားတယ်....(မှန်ပါ့)။

ဩော်.... တကာတကာမတို့ သမုဒယနဲ့ ဒုက္ခနှစ်ခုပြုတ်ပါတယ်ဆိုကတည်းက ၄-ထဲ ၂-နှုတ်ပါ....(၂-ဘဲကျန်ပါတယ်ဘုရား) ဘာကျန်ပါလိမ့်ဗျာ.... (နိရောဓနဲ့မဂ္ဂပါ) နိဗ္ဗာနနဲ့ မဂ္ဂမကျန်ရစ်ဘူးလား....(ကျန်ရစ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ တကာတကာမတို့သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် အဓိပ္ပာယ်ကြီးလားအောက်မေ့နေတယ်၊ တခုပြုတ် တခုကျန်တာဘဲဆိုတာ သိလိုက်သဖြင့် တကာတကာမတို့ အင်မတန် အဘိုးတန်သွားပါပြီ (တန်ပါပြီဘုရား) မတန်သေးဘူးလား.... (တန်ပါတယ်ဘုရား)။

ကိုင်း...ဒီဖြင့် ဓဝဒနာဒေါတိုင်းသိ, ဝေဒနာဝယ်တိုင်းသိ-(မှန်ပါ့) ရှင်းပလား..(ရှင်းပါပြီဘုရား)။

ဝေဒနာဓေါတိုင်း....(သိရပါမယ်) ဝေဒနာဝယ်တိုင်း....(သိရပါမယ်) ဒါဖြင့် ဓေါဘာသိတော့ကို ဘာပျောက်သွားလဲ....(ငါပျောက်ပါတယ်) အပျက်သိတော့.... (ငါဥစ္စာပျောက်ပါတယ်ဘုရား)။

ငါဥစ္စာ ပျောက်ပါတယ်ဆိုတာ သေချာတော့ သူညတဆိုက်မဆိုက်....(ဆိုက်ပါတယ်ဘုရား) ငါ-ငါဥစ္စာဆိတ်သုဉ်းတဲ့တရား....(မှန်ပါ့ဘုရား)။

ဒီ-သုဒဓဝဒနာဘလေးဟာ ဘာတဲ့.... (ငါ-ငါဥစ္စာမှ ဆိတ်သုဉ်းတဲ့ဘရားပါဘုရား) ဒါဖြင့် သူညဘမှဆိုက်သေးဘူးလား....(ဆိုက်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် သူညတဆိုက်ဘော့ ဒီမင်္ဂသည်ကားလို့ ဆိုယင် ဖြင့် သူညတမင်္ဂသားဖြစ်တာဘဲ့....(မှန်ပါ့) ဒီမင်္ဂသည် ဘာဖြတ် ပါလိမ့်မတုံးမေးတော့မှ သမုဒယနဲ့ဒုက္ခကို.... (ဖြတ်ပါတယ် ဘုရား)။

ဒါ- ခုနင်္ဂက ပဋိစ္စသမုပ္ပါဒ် ပြပြီးမို့ ဦးမာဒင် ရှင်းသာနော် (မှန်ပါ့) နို့မဟုတ်ယင် ရှင်းပါ့မလား....(မရှင်းပါဘုရား)။

ကိုင်း... ဒါဖြင့် အားလုံးတကာတာဝမတို့ ဖြေသွော်.... သူညတ တလုံးဟာလဲ ကိစ္စပြီးပါကလား...(မှန်ပါ့ဘုရား)။

သူညတ တလုံးဟာလဲ... (ကိစ္စပြီးပါဘဲ) ကိစ္စပြီးတယ်ဆို ထာခင်ဗျားတို့ စာမသင်္ဂ,ပေမသင်္ဂနဲ့လဲ ရှိပါဖေတော့-(မှန်ပါ့) ဆရာကောင်း,သင်္ဂားကောင်းလဲ မဖတ္တတော့ဘူးဆိုယင် စာအုပ် ထဲဘာတွေ ရေးထား,ထား ဦးမာဒင် မသိဘူး. (မှန်ပါ့)သိပါ့မလား (မသိပါဘုရား)။

အခုဘော့ဖြင့် သြော် တခုပါလာတာကို ဝေဒနာပါလာတာကို ဝေဒနာရဲလို့ သိယင်ဘဲ ဒီဌိပြုတ်ပြန်ပြီ..(မှန်ပါ့) ဝေဒနာပျက်ဘာမေးး ဘုဏ်နဲ့မြင်လိုက်ယင်ဘဲ... (တဏှာပြုတ် ပါတယ်ဘုရား)။

တဏှာပြုတ်ပြီဆိုတော့ ငါပြုတ်-ငါ့ဥစ္စာပြုတ်.... (မှန်ပါ့) ဘုဏ်နဲ့ပြုတ်ယင်ပြီးတာဘဲ.... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဘာနဲ့ဖြုတ်ရမတုံး (ဥာဏ်နဲ့ဖြုတ်ရပါ့မယ် ဘုရား) ဘုဏ်နဲ့ ပြုတ်သွားဘာဆိုဘာမှသချာပလား.... (မသချာပါပြီဘုရား)။

ဩော်... ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ဖူးတဲ့ ဒီဟာ ကလေးတလုံးဟာ ပေါ်လာတဲ့တရားကလေးတွေ၏ ပေါ်တာသိမှု, ပျက်တာသိမှုသည် ပေါ်တာသိယင် ဒီဋ္ဌဖြုတ်.... (မှန်ပါ!) သဘောကျပလား-(ကျေပါပြီ) ပျက်တာသိယင် တက္ခာဖြုတ်.... (မှန်ပါ!) သဘောကျပလား....(ကျေပါပြီဘုရား)။

ပေါ်တာသိယင်... (ဒီဋ္ဌဖြုတ်ပါတယ်ဘုရား) ပျက်တာသိယင်... (တက္ခာဖြုတ်ပါတယ်ဘုရား) က ...တကာသစ် နေထုကျေပြီ (ကျေးဇူးပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တရားတကာမတို့ တက္ခာဒီဋ္ဌဖြုတ်ပါတယ် ဆိုကတည်းကိုကဘဲ... တဲ့ ပဋမနိဗ္ဗာန်မရဘဲ ခံနိုင်ပါ့မလား-(မခံနိုင်ပါဘုရား)။

ပဋမနိဗ္ဗာန်ဟာ ဘာမှ ကျင့်စရာမလိုဘူး၊ ဒီဋ္ဌဖြုတ်အောင် လုပ်နိုင်ယင် ပြီးတာဘဲ....(မှန်ပါ!) ဒီဋ္ဌနဲ့တဲ့နေတဲ့တက္ခာဖြုတ်သွားလို့ ရိုးရိုးလေးပြီတာဘဲ (မှန်ပါ!)ရှင်းကြပလား.... (ရှင်းပါပြီဘုရား

သို့ဆိုသော် ပဋမနိဗ္ဗာန်ကိုတော့ ဒီဋ္ဌခေါင်းဆောင်.... (မှန်ပါ!) ဒီဋ္ဌဖြုတ်ယင် ပဋမနိဗ္ဗာန်ရတာဘဲ....(မှန်ပါ!) ရှင်းကြပလား .. (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကျေပ်ဘို့ သူညာ,တရား ဟောမကုတ်ဘဲပုဂ္ဂိုလ်မျှား ပဋမနိဗ္ဗာန်ရဘို့ကို တကာသစ် ဝေးပါသေးတယ်- (ဝေးပါတယ်ဘုရား) ပဋမနိဗ္ဗာန်ကို ကန့်ကွက်နေတာသည် သူညတနားမလည်မှု....(မှန်ပါဘုရား)။

ပဌမနိဗ္ဗာန် မရောက်မှုသည်(သူညတနားမလည်မှုပါ)သူညတ နားမလည်မှုလို့ဆိုတော့ အခု သေးသေးချာချာကြည့်တော့ စာ သိနဲ့မရပါဘူး....(မရပါ)ဉာဏ်ကြည့်နဲ့မှရမယ်.... (မှန်ပါ့ဘုရား)။

စာသိနဲ့....(မရပါ) ဉာဏ်ကြည့်နဲ့မှ....(ရပါမယ်) ကဲ....ဒါဖြင့် တကာတကာမတွေ သန္ဓာန်၌ လေကလေးကတိုက် ပန်ကာ ကလေးက အပေါ်ကလည်နေတော့ လေကလေးက တိုက်တော့ ဖေါင်ဖျာရုံက လာထိတော့ သုခသဟဂုတ် ကာယဝိညာဏ်ဆိုတဲ့ ဝေဒနာကလေးမှာပေါ်ဘူးလား.... (ပေါ်ပါ့တယ်) သုခဝေဒနာ ကလေးပေါ်တယ်... (ပေါ်ပါတယ်ဘုရား)။

သုခဝေဒနာကလေး ပေါ်တာကို ပေါ်တာသိလိုက်တဲ့အခါ ကျတော့ ဉာဏ်နဲ့သိမယ်....(မှန်ပါ့)မျက်လုံးနဲ့ကြည့်လို့မြင်တာမှ မဟုတ်ဘဲ... (မှန်ပါ့) ဉာဏ်နဲ့ကြည့်ရမယ်....(မှန်ပါ့ဘုရား)။

အင်း....မြင်တော့ သုခဝေဒနာအလုပ်ပါကလား၊သုခဝေဒနာ ပေါ်နေတာပါကလားဆိုတော့ မရှင်းလား .... (ရှင်းပါတယ် ဘုရား)။

ကဲ....ဒါဖြင့် ဦးမာဒင်ဘဲ အကဲခတ်ပါတော့၊ ဦးလှဘူးဘဲ အကဲခတ်ပါတော့ ပုဂ္ဂိုလ်သတ္တဝါပျောက်နေပြီ.... (ပျောက်နေ ပါပြီဘုရား) ငါကော .. (ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် ငါဟူသော ထင်မှတ်မှုမှ ဆိတ်သုဉ်းတယ်... (မှန်ပါ့) သူညတဖြစ်နေပြီ....(မှန်ပါ့)။

ဒါဖြင့် စောင့်ကြည့်ပါဦးလို့... ဆိုတော့ ဒီဝေဒနာကလေး ဟာလဲ နောက်ပန်ကာလေမလာလို့ရှိယင် ပျက်ပြန်တယ် ....

(မှန်ပါ့) မပျက်ဘူးလား.. (ပျက်ပါတယ်ဘုရား) အပျက် မြင်လိုက်တဲ့အခါကျတော့ ငါ့ဉစ္စာကော- (ပျောက်ပါတယ်ဘုရား) ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ငါ-ငါ့ဉစ္စာမဟုတ်လို့ သိတဲ့ဉာဏ်ကလေးသည် ဒီသုညတ- သူ့အပေါ်မှာ ငါ-ငါ့ဉစ္စာ ဆိတ်သုဉ်းတာကို သိတဲ့ဉာဏ်... (မှန်လှပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်သိတဲ့ဉာဏ်သည် ငါ·ငါ့ဉစ္စာ ဆိတ်သုဉ်းတာသိတဲ့ဉာဏ်.... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီဉာဏ်သည် ပဌမဝိပဿနာဉာဏ်.... (မှန်ပါ့ဘုရား) ရှုပါမျှားယင် မဂ်ဉာဏ်ဖြစ်ရမယ်....(မှန်ပါ့)။

ရှုပါမျှားယင်....(မဂ်ဉာဏ်ဖြစ်ရပါမယ်ဘုရား) မုန်းလာမယ်၊ ဒီသုညတတွေဟာ သုညတလဲ ဟုတ်တာဘဲ၊ ဖြစ်ဒုက္ခ,ပျက်ဒုက္ခလဲ ဟုတ်တာဘဲ....(မှန်ပါ့) " ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ " ဆိုပြီး ဉာဏ်တက်လိုက်..(မှန်ပါ့ဘုရား) ၎ဩ်.... ဖြစ်တာလဲ ဒုက္ခဘဲ၊ ပျက်တာကော.... (ဒုက္ခပါဘဲဘုရား)။

ဒီလို ဉာဏ်တက်လိုက်တဲ့အခါ ဒုက္ခကို ပရိညျယျနဲ့ပိုင်းခြားသိလိုက်တယ်... (မှန်ပါ့) ဖြစ်တာလဲ ဒုက္ခဘဲ, ပျက်တာလဲဒုက္ခဘဲ၊ ဒီအထဲ ဒုက္ခမှတပါး ဘာမှမရှိလို့ ဆုံးဖြတ်ချက်ချလိုက်လို့ ရှိယင် ဒါ... ပရိညျယျနဲ့ ပိုင်ပိုင်နိုင်နိုင်သိတာဘဲ.... (မှန်ပါ့) ဓသိဓသးဘူးလား....(သိပါတယ်ဘုရား)။

အဲဒီကဲ့သို့ ပိုင်ပိုင်နိုင်နိုင် သိလိုက်တဲ့အခါကျတော့ ဒီမင်ဟာ ဝိပဿနာမင်က လောကုတ္တရာမင်ဖြစ်သွားတယ်....(မှန်ပါ့)မဖြစ်သေးဘူးလား (ဖြစ်ပါတယ်ဘုရား) ရှင်းပြီ ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် လောကုတ္တရာမင်ဖြစ်သည်နဲ့တပြိုင်နက်တည်း ခုနင်ကဖြစ်ပျက်တွေဟာ တကယ်သစ်စ,ရေ....အကုန်ချုပ်ဆုံးရမယ် .. (ချုပ်ဆုံးရပါမယ်ဘုရား) ချုပ်ဆုံးသွားတဲ့အခါကျတော့ ဒီဘက်မှာ နိဗ္ဗာန်ရောဓသစ္စာ ပေါ်,မပေါ်.... (ပေါ်ပါတယ်ဘုရား) ဒါဖြင့် ဒုက္ခနိရောဓောနိဗ္ဗာနံ....(မှန်ပါ့) ဒုက္ခနိရောဓော ... (နိဗ္ဗာနံပါဘုရား)။

တကယ်တကယ်မတို့ ဖြစ်ဒုက္ခ,ပျက်ဒုက္ခလဲ ကိုယ့်ဉာဏ်ထဲမှာလဲထင်ပါရော ဒုက္ခတွေကော ချုပ်မသွားဘူးလား (ချုပ်သွားပါတယ်ဘုရား)ဒါဖြင့် ဒုက္ခနိရောဓော ...(နိဗ္ဗာနံပါဘုရား)သဘောကျပလား ...(ကျပါပြီဘုရား)။

ဒါဖြင့် ဒီဘက်က ဒုက္ခနိရောဓောနိဗ္ဗာနံလဲ ပေါ်ပါရော-ဒီဘက်က တဏှာနိရောဓောနိဗ္ဗာနံလဲဖြစ်သွားမယ်.... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

တဏှာနိရောဓော (နိဗ္ဗာနံပါဘုရား) ဟော....မင်္ဂသည်ကားလို့ ဆိုယင်ဖြင့် ဒုက္ခကိုလဲ တကယ်တကယ်မတို့သိတယ်၊ နိဗ္ဗာန်ကိုလဲ မြင်တယ်.... (မှန်ပါ့)ဟဏှာကိုလဲသတ်တယ်(မှန်ပါ့)မင်္ဂကိစ္စသည် သေးသလား.... (မသေးပါဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါကြောင့် အဋ္ဌကထာဆရာများ ဥပမာပြတော့ လှေတခုကို တကယ်သစ်,ရေ....ဝန်တင်လိုက်စမ်းပါ....(မှန်ပါ့) ဒီဘက်ကမ်းကဟိုဘက်ကမ်းကိုလှော်ပြီး ပို့လိုက်ဗျာ....(မှန်ပါ့)။

လေ့ကိစ္စသည် တကာတကာမတို့ ဝန်ကိုလဲ ဟိုဘက်ရောက် အောင်ပို့တယ်.... (ပို့ပါတယ်ဘုရား) ရောကိုလဲ ဖြတ်တယ်.... (ဖြတ်ပါတယ်ဘုရား) ဒီမှာဘက်ကမ်းမှလဲ ခွါတယ်... (ခွါပါတယ်ဘုရား) ဟိုမှာဘက်ကမ်းလဲ ရောက်တယ်....(ရောက်ပါတယ်ဘုရား) အင်း... လေ့သည် ဘယ်နှစ်လုပ်, လုပ်ပါလိမ့်- (လေးလုပ်ပါဘုရား)။

ဒီမှာဘက်ကမ်းမှ ခွါတာလဲ လေ့ဘဲ... (မှန်ပါ!) ဟိုမှာဘက်ကမ်း ပို့တာလဲ.... (လေ့ပါဘဲဘုရား) ဝန်ကိုဆောင်တာလဲ.... (လေ့ပါဘဲဘုရား) ရောဖြတ်တာလဲ... (လေ့ပါဘဲဘုရား) ဩော်.... လေ့သည် ဘယ်နှစ်လုပ်, လုပ်ပါလိမ့်....(လေးလုပ်ပါဘုရား)။

အဲ... ဒီမှာလဲ ခင်ဗျားတို့ အားထုတ်နေတဲ့မဂ္ဂင်ဟာ တဏှာ ဖြတ်တာလဲသူဘဲ....(မှန်ပါ!ဘုရား)ဒုက္ခဝန်ကြီးတွေကို ချုပ်ကင်း အောင် လုပ်တာလဲ... (သူပါဘဲဘုရား) နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်း ပို့တာကော.... (သူပါဘဲဘုရား) ဤမှာဘက် ကမ်းတည်းဟူသော သက္ကာယဒိဋ္ဌိနယ်မှ ခွါတာကော.... (သူပါဘဲဘုရား)။

ဩော်... ဒါဖြင့် ဒို့မင်္ဂလာသည်ကား....လို့ ဆိုယင်ဖြင့် ဘာမှ သံသယရှိဘို့မလိုဘူး၊ နိဗ္ဗာန်တည်းဟူသော ဟိုမှာဘက်ကမ်းကို သူပို့တာဘဲ... (မှန်ပါ!ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဥပေက္ခာဝေဒနာကလေးတလုံး ကျန်သေးတယ်(မှန်ပါ!)ကဲ....မျက်လုံးထဲမှာ မြင်ကာမျှမတွေ့ ဘာ

ဝေဒနာတုံး.... (ဥပေက္ခာဝေဒနာပါဘုရား) ကြားကာမျှမတ္တ ... (ဥပေက္ခာဝေဒနာပါဘုရား) နံကာမျှမတ္တ.... (ဥပေက္ခာဝေဒနာပါဘုရား) ဒါ....အလုပ်သင်နေတာနော်....(မှန်ပါ့) စားကာမျှမတ္တ.... (ဥပေက္ခာဝေဒနာပါဘုရား) အဲ....လျှာပေါ်မှာ ပေါ်တာကလေးဟာ ဥပေက္ခာဝေဒနာ.... (မှန်လှပါ) ဝမ်းထဲမှာ အလုံးစုံအကုန် တကာတကာမတို့ ကမ္မဿကာ ထားနိုင်တာတွေကော....(ဥပေက္ခာဝေဒနာပါဘုရား)။

အဲဒီ .... ဥပေက္ခာပေါ်တိုင်းပေါ်တိုင်း ဥပေက္ခာငါးခုပေါ့ဗျာ....(မှန်ပါ့) အဲဒါ ပေါ်တိုင်း,ပေါ်တိုင်း ပေါ်လာတာ သိလို့ရှိယင်ဖြင့် ဥပေက္ခာလို့သိလိုက် ... (မှန်ပါ့) ငါပြုတ်ပြီ.... (မှန်ပါ့) ပျက်သွားတာမြင်လိုက်ခေတာ့.... (ငါဥစ္စာပြုတ်ပါတယ်ဘုရား) ငါဥစ္စာပြုတ်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဥပေက္ခာကလေးပေါ်လာတာသိတော့.... (ငါပြုတ်ပါတယ်ဘုရား) ပျက်သွားတာသိတော့.... (ငါဥစ္စာပြုတ်ပါတယ်ဘုရား) ငါဥစ္စာပြုတ်တယ်ဆိုကတည်းက သူညတဆိုက်မဆိုက် .. (ဆိုက်ပါတယ်ဘုရား)။

ဒါ....ငါ.ငါဥစ္စာမဟုတ်တဲ့တရား ဘယ်သူတုံး....လို့ မေးလို့ရှိယင် ခုနင်က ဒီအနားး ဖြစ်ပျက်ဘုရာ့....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ငါငါဥစ္စာမဟုတ်တဲ့တရား, ဘယ်တရားပါလိမ့်.... (ဖြစ်ပျက်ပါဘုရား) တပည့်တော်တို့ ရှုနေတဲ့ဖြစ်ပျက်ဘုရာ့.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ငါ-ငါ့ဉစ္စာ မဟုတ်တဲ့တရား ဘယ်တရားပါလိမ့်.... (တပည့်တော်တို့ ရှုနေတဲ့ဖြစ်ပျက်ပါဘုရား)။

တပည့်တော်တို့ ရှုနေတဲ့ဖြစ်ပျက်ဟာ ငါ-ငါ့ဉစ္စာ မဟုတ်တဲ့တရားဘဲ.... (မှန်ပါ့) အဖြစ်မြင်ကတည်းက ငါပြုတ်နေပြီ.... (မှန်ပါ့ဘုရား) အပျက်မြင်ကတည်းက.... (ငါ့ဉစ္စာပြုတ်ပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့ လုပ်နေတဲ့ဖြစ်ပျက်ဟာ ဒီဋ္ဌဓမ္မိကပြီးသား.... (မှန်ပါ့) တဏှာဒုက္ခပြီးသား....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား) ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်တန်းပါဆိုလို့ ရသေးရဲ့လား.... (မရပါဘုရား) သြော်....တကာသစ် သေပျော်ပြီ.... (မှန်လှပါဘုရား)။

ဒါဖြင့် ဝေဒနာသုံးပါးကို တကာတကာမတို့ မျက်လုံးထဲမြင်တဲ့ဝေဒနာကလေးပေါ်လာယင် ဥပေက္ခာကလေးပေါ်တယ်လို့ သိပေးပါ (မှန်ပါ့) အင်း....ဒါဖြင့် ငါ ပြုတ်ပြီ....(မှန်ပါ့ဘုရား)။

ဒါကလေးဟာလဲ ကြည့်ရင်းမတွန့်ဘဲ ပျောက်ထုတ်သွားတယ်.. (မှန်ပါ့) ပျောက်ထုတ်သွားတော့ ဖြစ်ပြီးပျက်သွားတယ်.... (မှန်ပါ့) ပျက်သွားတာ သိလိုက်တော့ ငါ့ဉစ္စာက ... (ပြုတ်သွားပါတယ်ဘုရား) ငါ့မျက်လုံး ဟုတ်သေးရဲ့လား.... (မဟုတ်ပါဘုရား)။

အဲ....နဂိုရိုကလဲ ငါမဟုတ်၊ အပျက်မြင်တဲ့အတွက် ငါ့ဉစ္စာလဲ မဟုတ်.... (မှန်ပါ့ဘုရား) သဘောကျပြီလား.... (ကျပါပြီဘုရား)။

ဒါ့ကြောင့် စာက အဖြစ်မြင်ကတည်းကကွာ... အဖြစ်မြင်ကတည်းက တကာတကာမတို့ဉာဏ်ဆွေဒဿီဒ္ဒီလဲ သေပါပြီကွာ... တဲ့ (မှန်ပါ့) ပျက်တာမြင်တော့ သဿတဒိဋ္ဌိသေပါပြီကွာ၊ဒိဋ္ဌိကလဲ သေတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဖြစ်မြင်လိုက်တော့.... (ဉာဏ်ဆွေဒဿီဒ္ဒီသေပါတယ်ဘုရား) အပျက်မြင်လိုက်တော့....(သဿတဒိဋ္ဌိသေပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာ ပဌမနိဗ္ဗာန် မရောက်ပါနဲ့ဆိုလို့ မရတော့ဘူး ဒိဋ္ဌိချုပ်တာဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ....အခု နောက်ဆုံးပိတ်ပြောလိုက်ဘော့ ဒိဋ္ဌိကို အဓိကထားတယ်....(မှန်ပါ့) သေကော့ ဒိဋ္ဌိနဲ့တဲ့နေတဲ့ တဏှာလဲ ရောပြီးတော့သေတာဘဲ....(မှန်ပါ့) မသေပါနဲ့ဆိုလို့ ရရဲ့လား ... (မရပါဘုရား)။

သို့သော် အဓိကထားသော်ဘာက ဒိဋ္ဌိလို့မှတ်လိုက်-(မှန်ပါ့) သူညတတရားမှာ ဒိဋ္ဌိအဓိကထားသတ်တယ်....(မှန်ပါ့)ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကားမတို့ အဖြစ်မြင်လိုက်ယင် ဘယ်ဒိဋ္ဌိသေသတုံး.... (ဉာဏ်ဆွေဒဿီဒ္ဒီသေပါတယ်) အပျက်မြင်လိုက်ယင်.... (သဿတဒိဋ္ဌိသေပါတယ်ဘုရား)။

အဲ....အဖြစ်ဆိုတာလဲ ဖဿပစ္စယာ ဝေဒနာကိုး....(မှန်ပါ့) ဒီကတည်းက အဖြစ်ကို မြင်လိုက်ကတည်းကိုက အကြောင်းကြောင့် အကျိုးဖြစ်တာ သိလိုက်ကတည်းကိုက ဉာဏ်ဆွေဒဿီဒ္ဒီရှိသေး

ရဲ့လား....(မရှိပါဘုရား)အပျက်မြင်လိုက်ကတည်းကိုက ခိုင်တာရှိသေးရဲ့လား.... (မရှိပါဘုရား) ဖဿချုပ်လို့ ဝေဒနာချုပ်တာဘဲလို့ အပျက်မြင်လိုက်ကတည်းကိုက သဿတဒိဋ္ဌရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ကိုမြင်တဲ့ တကာတကာမမျှား ဒိဋ္ဌနှစ်ပါးသေတဲ့ ပဌမနိဗ္ဗာန်ရောက်မယ်.... (မှန်ပါ့) သင်္ကာယဒိဋ္ဌိကတော့ သူတို့ နှစ်ခုသေယင် ရောပြီးသေတာဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သင်္ကာယဒိဋ္ဌိကိုလဲ စောစောကဖြတ်ခဲ့ပါပြီ(မှန်ပါ့) သဿတဥစ္ဆေဒကိုလဲ အခုနောက်ဆုံးပိတ် ဖြတ်ပေးလိုက်တဲ့အဖြစ်မြင်လို့ ရှိယင် ဥစ္ဆေဒဒိဋ္ဌိသေပြီ....(မှန်ပါ့)အပျက်မြင်လိုက်ယင်.... (သဿတဒိဋ္ဌိ သေပါပြီဘုရား)။

အထူးသတ်လို့ သေတာလား-တကာတကာမတို့ အကြောင်းဖြစ်လို့ အကျိုးဖြစ်တယ်လို့ ခင်ဗျားတို့သိပြီးသား.... (မှန်ပါ့) အကြောင်းချုပ်လို့ အကျိုးချုပ်တယ်ဆိုတာကော.... (သိပြီးသားပါဘုရား)။

အဲဒီတော့ သုညတလဲဆိုက် ဒိဋ္ဌိကလဲသေ ဖြစ်သောကြောင့် "ဒိဋ္ဌိနိရောဓော နိဗ္ဗာနံ".. (မှန်ပါ့)ပဌမနိဗ္ဗာန်ရတယ် (မှန်ပါ့) ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ရှုကော ရှုတတ်ပလား....(ရှုတတ်ပါပြီ)ဘယ်ဝေဒနာပေါ်လာ,လာ ဖြစ်ပျက်ရှု....(မှန်ပါ့) သုခပေါ်လဲ....(ဖြစ်ပျက်ရှုရပါမယ်) ဒုက္ခပေါ်လဲ....(ဖြစ်ပျက်ရှုရပါမယ်)ဥပေက္ခာပေါ်လဲ (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုလိုက်လို့ ရှိယင်ဖြင့် သုညတမဆိုက်ဘူးလား....(ဆိုက်ပါတယ်ဘုရား)။

ဒါဖြင့် ငါပြုတ်, ငါ့ညစ်ပြုတ်, သဿတပြုတ်, ဥစ္ဆေဒပြုတ်, သက္ကာယပြုတ်.... (မှန်ပါ့) မပြုတ်ပါနဲ့ဆိုလို့ ရသေးရဲ့လား.... (မရပါဘုရား) ကဲ....ဘယ်လောက်အဘိုးတန်သတုံး.... (တန်ပါတယ်ဘုရား)။

အဲ့....မောဃရာဇ ရဟန်းဟောလိုက်တာ မင်း-ဒါသာမြင်လို့ ရှိယင် သေမင်း မမြင်နိုင်တဲ့နိဗ္ဗာန်ရောက်ပါပြီကွာ ဆိုတာကော ဟောထိုက်·မဟောထိုက်.... (ဟောထိုက်ပါတယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ ယနေ့ တော်ကြဦးစို့....။

သာဓု....သာဓု... သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အာမရပူရမြို့မမှာရုံ၌ - ဟောကြားတော်မူသော
(ဒီဓနဉ္စာစွန့်ပြီး နောက်ဓနဉ္စာရဖြင်းသည် အကြီးဆုံးအပြစ်သင့်ကြောင်း)
နွေ အလုပ်ပေး-တရားတော်
(၁၂-၉-၆၁)

အားလုံး တကာတကာမတို့ မိမိစိတ်ထဲမှာ ထားရမှာ အမြ
တမ်းထားရမည့်အလုပ်က ဘာထားရမလဲလို့ ဆိုတော့ ဘုရား
သခင် ကိုယ်တော်မြတ်ကြီးက ဟော့ခဲ့တယ်၊ ငါ့-အမှုန်းဆုံး ငါ့
သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါမှာ အပြစ်အကြီးဆုံး
တွေ့တာ မင်းတို့ကို ဆုံးမ,မယ်ဆိုပြီးသကာလ အမြဲတန်း တကာ
တကာမတွေ့ သတိထားဘို့အလုပ်က....

"ဣမံ ကာယ နိက္ခိပတိ၊
ပရဉ္စ ကာယ ဂဏှာတိ၊
တမဟံ မဟာသာဝဇ္ဇောတိ ဝဒါမိ"။

လို့ မြတ်စွာဘုရားက ဟောတယ်နော်.... (မှန်ပါ့ဘုရား)။

ဒါက ဘုရားဟောတာ ပါဠိလိုဖြစ်နေလို့ မသိပါဘူး....၊ မြန်မာလို ရှင်းရှင်းပြောပါ့မယ်ဆိုတော့ ဣမံကာယ = ဤခန္ဓာ ကိုယ်ကြီးကို၊ နိက္ခိပတိ=သုသာန်သို့ပစ်ချ၏၊ ဒီခန္ဓာကိုယ်ကြီး တော့ ဒီဘဝပစ်ချရမှာပါဘဲဆိုတာ အမှန်ပါဘဲ.... (မှန်ပါ့)။

ပရဉ္ဇကာယံ ဂဏ္ဌာတိ၊ ပရံ=တပါးသော၊ ကာယံ=ခန္ဓာကိုယ်ကြီးကို၊ ဂဏ္ဌာတိ=ယူရပြန်၏....၊ သြော်.... ဒီခန္ဓာစုန့်ပြီးနောက်ခန္ဓာယူရပြန်တယ်တဲ့... (မှန်ပါ့)တံ=ထိုယူခြင်းကို၊ အဟံ=ငါဘုရားသည်၊မဟာသာဝကော်တိ=ကြီးသောအပြစ်သင့်၏ဟူ၍၊ ဝဒါမိ=ဟောဒ်... တဲ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒီခန္ဓာစုန့်ပြီး နောက်ခန္ဓာရတာဟာ အပြစ်အကြီးဆုံးသင့်တာဘဲ့....၊ဒါကို မင်းတို့စဉ်းစားကြလို့ မှာပါတယ်... (မှန်ပါ့ဘုရား)။

ဒီခန္ဓာစုန့်ပြီး နောက်ခန္ဓာရတာ ဘာတဲ့တုံး(အပြစ်အကြီးဆုံးသင့်တာပါဘုရား)။

ဒီခန္ဓာရပြီး ဒီခန္ဓာတော့ မစုန့်ရမဖြစ်ပါဘူး၊ လူတိုင်းစုန့်ကြရမှာချည့်ဘဲ၊ စုန့်ဘို့ရာ ရလာတာကိုး ..(မှန်ပါ့)အကြီးဆုံး အပြစ်သင့်တာဘဲ့... (မှန်ပါ့)ဆိုတော့ တကာကြွယ်တို့၊ တကာသစ်တို့၊ ဦးမာဒင်တို့က စဉ်းစားရမယ် ၊ သြော်... ဘုရားအကြောက်ဆုံးက ဒါပါကလား....(မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး အကြောက်ဆုံး, အရှံရှာဆုံး, အစက်ဆုပ်ဆုံးဆိုတာ ဒီခန္ဓာစုန့်ပြီးနောက်ခန္ဓာရတဲ့အလုပ်ဟာ သူ့ အပြစ်အကြီးဆုံးသင့်တဲ့ ပုဂ္ဂိုလ်ဘဲ့....၊ ကြောက်စရာအကောင်းဆုံး ပုဂ္ဂိုလ်ဘဲလို့ သဗ္ဗညုတဉာဏ်နဲ့ကြည့်တော့ မြင်တော်မူတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)ဘုရားအကြောက်ဆုံးကို ကျုပ်တို့က နှစ်သက်လို့ ရှိယင်ဖြင့် ဘုရားကို ထောင်လောင်ကန့်လန့် လုပ်တဲ့ပုဂ္ဂိုလ်ဘဲ့....(မှန်ပါ့ဘုရား)။

ဘယ်.နှယ်ဆိုကြမလဲ....(ဘုရားကို ထောင်လောင်းကန်လန်လုပ်တဲ့ ပုဂ္ဂိုလ်ပါဘုရား)။

ဘုရားအကြောက်ဆုံးကို တကာတကာမတွေက တပည့်တော် တို့ ဒီဘဝက စုတေမနေ သေလွန်ရလို.ရှိယင် လူ.ပြည့်,နတ်ပြည် အကြိမ်ကြိမ် ခံစားရဆိုတော့ ဒါ ဘုရားရှေ.မှာ တကာတကာမ တွေက တောင်းလိုက်တဲ့ဆုဟ့ာ ဘုရားကို ကန်လန်သွားလုပ်တာ (မှန်ပါ့ဘုရား)။

ကြည့်စမ်းလေ ၊အခု သူ-ဟောထားတာက ဤခန္ဓာကိုယ်ကြီး ကိုစွန့်၍ နောက်ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟာ အပြစ် အကြီးဆုံးသင့် တယ်လို. ငါဘုရား ဟောတော်မူခဲ့ဘယ် ဆိုတော့ နောက်ခန္ဓာ ရမှုကို တကာတကာမတွေ မကြိုးစားနဲ.လို.ပြောတာ.... (မှန်ပါ့ ဘုရား)။

တကာကြွယ် ဘာတုံးဗျာ.... (နောက်ခန္ဓာရမှာကို မကြိုးစား နဲ့လို. ပြောတာပါဘုရား)။

နောက်ခန္ဓာရမှုကို မကြိုးစားပါနဲ. ဆိုတဲ့ဥစ္စာ ဦးမာဒင်ရေ-အကြီးဆုံးအပြစ်သင့်မှာစိုးလို.ပေါ့ဗျာ....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့ အသိဉာဏ် တလုံး ဆရာဘုန်းကြီးသည် ဥပရိပဏ္ဏာသပါဠိတော်မှာ လာလို. ရှင်သာရိပုတ္တရာ ဟောတဲ့နေရာမှာ အရေးကြီးသောစကား ရှေ. နားထားပြီးသကာလ တကာတကာမတွေ ဘုရားဟောတာ ဆုံးမရသဖြင့် ငါတို့လဲတာတွေ, ချော်တာတွေဖြင့် ယနေ့ဇာတ်

သိမ်းမှ တော်မယ်ဆိုတဲ့ဥစ္စာ စိတ်ထဲမှာ အကြီးအကျယ်မွေးရမယ် (မှန်ပါ့) အကြီးအကျယ်မွေးကြပါဆိုတာ တိုက်တွန်းရင်း ဘုန်းကြီးများကလဲ ကန့်ကွက်တယ် .. (မှန်ပါ့ဘုရား)။

တကာကြွယ် ကန့်ကွက်ထိုက်- မကန့်ကွက်ထိုက်ဗျာ .... (ကန့်ကွက်ထိုက်ပါတယ်) ကန့်ကွက်ထိုက်တယ်လို့ ဆိုတာက ဘုန်းကြီးတို့တကာတကာမတွေ့ ဘယ့်နှယ်ကြောင့်ကန့်ကွက်ထိုက်တယ်ဆိုတာ သြော်....ဒီတကာတကာမတွေ့ဟာ သစ္စာတရား နဲ့ တိုင်း နာနေကြတယ်....(မှန်ပါ့) သစ္စာတရား နဲ့တိုင်းနာနေရတော့ ဒါ ဘာသစ္စာတုံးမေးလိုက်ယင် ဒုက္ခသစ္စာလို့ တပြိုင်နက် ဖြေကြမယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒီခန္ဓာစွန့်တဲ့'မရဏမှ ဒုက္ခ' ....(မှန်ပါ့) နောက်ခန္ဓာ ရတာက 'ဇာတိပိ ဒုက္ခာ' .... (မှန်ပါ့) ဒါဖြင့် နာမည်သာပြောင်းရ၍ ဒုက္ခသစ္စာ အတူတူဘဲ.... (မှန်ပါ့ဘုရား)။

နာမည်တော့ဖြင့်.... (ပြောင်းပါတယ်) ရတာကတော့.... (ဒုက္ခချည့်ပါဘဲ)ဒါ့ကြောင့် ဘုရားစက်ဆုပ်တာဘဲ .... (မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာဖြစ်လို့ ဘုရားစက်ဆုပ်ပါလိမ့်.... (ဒုက္ခချည့်မို့ ပါဘုရား) ဒုက္ခသစ္စာသိလို့ စက်ဆုပ်တာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဤကဲ့သို့မှ တကာတကာမတွေ့ကို မဆုံးမရလို့ရှိယင်ဖြင့် ငါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ခြင်းချက်နဲ့ပရိနိဗ္ဗာန်စံသွားတယ်ဆိုတဲ့အဓိပ္ပါယ် ရတယ်....(မှန်ပါ့) သတ္တဝါတွေ့ သနားတယ်ဆိုပြီး သကာလ

လိုရင်းအချက်ကို မပြောဘဲနဲ့ ပရိနိဗ္ဗာန်စံသွားရတယ် ဆိုတဲ့ အဓိပ္ပါယ်ကရလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဆုံးမစရာ မကုန်သေးယင် ငါပရိနိဗ္ဗာန်မစံသေးဘူးတဲ့.... (မှန်ပါ့) ရှင်းပ လား .. (ရှင်းပါပြီဘုရား)။

ဆုံးမစရာမကုန်သေးယင် .... (ပရိနိဗ္ဗာန်မစံသေးပါ) ဒါဖြင့် အားလုံး ဇာတ်မျိုးမိဘ ဉာတကာ မတော်ဘူးသည် မည်သည် မရှိတဲ့၊ တကာတကာမတော့သည် ဤခန္ဓာကိုစွန့်ပြီး နောက်ခန္ဓာ ရမ္မအလုပ်ကိုဖြင့် ယနေ့ကစပြီး သကာလ မလုပ်ပါနဲ့ .... (မှန်ပါ့ ဘုရား)။

ဒီခန္ဓာစွန့်ပြီးသည်၏ အခြားမဲ့ ဤ နောက်ခန္ဓာရမ္မ အလုပ်ကို အခုက မလုပ်ဘဲနေယင် တကာတကာမတို့ မရပါဘူး.... (မှန်ပါ့ ဘုရား)။

ဘာဖြစ်လို့ ဒါလောက်တောင် အကြီးအကျယ် ကန့်ကွက် မှုကြီးကို ပြောဆိုရပါလိမ့်မယ်လို့ မေးတော့ သဒ္ဓာသိပြီးသား တကာတကာမတွေ့မတော့ ရှင်းသွားပါပြီ... (မှန်ပါ့) ဒီခန္ဓာ စုတိကဘာသစ္စာ(ဒုက္ခသစ္စာပါ)နောက် ခန္ဓာပဋိသန္ဓေက....(ဒုက္ခ သစ္စာပါဘဲဘုရား)။

ဒါဖြင့် တကာသစ်ရာ တခုသော ထောင်ကျပြီး တခုသော ထောင်ကျရတယ်ဆိုတဲ့ဥစ္စာ ဘယ်နည်းနဲ့မှ ကြက်သရေမင်္ဂလာ မတိုးတဲ့အပြင် ဒုက္ခသာတိုးတော့တယ် ဆိုတဲ့ဥစ္စာ ပေါ်လာတယ် (ပေါ်လာပါတယ်) မပေါ်လာဘူးလား.... (ပေါ်လာပါတယ် ဘုရား)။

အဲဒါကြောင့် ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြော ဆိုတဲ့စကားကို မိတ်ဆွေကောင်းတယောက်က ပြောတဲ့စကားလို့ မှင်းတို့လိုက်နာယင် တော်ပါပြီတဲ့....(မှန်ပါ) ရန်သူအဖြစ်နဲ့ တော့ မလုပ်ကြပါနဲ့တဲ့ (မှန်ပါဘုရား)။

ဒါဖြင့် ဘုံဘဝဆုတောင်းနေတဲ့ ပုဂ္ဂိုလ်မျိုး ဘယ်အထဲ သွင်းကြပါမတုံး .... (ရန်သူထဲ သွင်းရပါမယ်) ရန်သူထဲသွင်းရ တယ် .. (မှန်ပါဘုရား)။

အဲဒီကျအောင်မသိတော့ ခင်ဗျားတို့ကလဲ ပန်းကလေးလှူ, ဆီမီးကလေးထွန်း, ဖယောင်းတိုင်ကလေးတွေ လှူကြ၊ ပြီးတော့ ဘုရားရှေ့သွားပြီး ဦးမာဒင်ရေ အရှေ့က တိုက်သေးတယ် .... (တိုက်ပါတယ်) တကာသစ် ဘာလုပ်တာတုံးဗျ .... (အရှေ့တိုက် တာပါဘုရား)။

အံမာလေး.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးလဲ မကြိုက် တော်မူလိုက်တာ ဤခန္ဓာစွန့်ပြီး နောက်ခန္ဓာရမှာ အကြီးဆုံး အပြစ်သင့်တဲ့ပုဂ္ဂိုလ်ကွာ- မလုပ်ပါနဲ့ကွ....(မှန်ပါ့)မဆုံးမရသေး ယင် ပရိုဇွာန်မစံသေးဘူးဘဲ့....(မှန်ပါ့)ဒီဟာ ဆုံးမရဦးမယ်.... (မှန်ပါဘုရား)။

ဒီအထဲ ဆုံးမတဲ့အထဲ ကိုယ်တော်က ဒီလိုဆုံးမ၊ တပည့်တော် တို့က ဒီလိုတောင်းယူမယ် ဆိုလို့ရှိယင်ဖြင့် တကာကြွယ်တို့၊ ဦးမာဒင်တို့ တကာသစ်တို့ကဖြင့် အင်း....အတော်ရိုင်းတဲ့ပုဂ္ဂိုလ်ထဲ သွင်းရမှာဘဲ့....(သွင်းရမှာပါ) မသွင်းသင့်ဘူးလား.... (သွင်းသင့် ပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က ဒီလိုမှတ်ကြပါ၊ သြော်.... ဒို့က တော့ဖြင့် နှုတ်တက်တာ ဒို့အမြင်နဲ့ဒို့-ဒီဘဝစွန့်ပြီး နောက် ဘဝရတာ ဒို့အမြင်နဲ့ ဒို့တောင်းတာ....(မှန်ပါ့)ဒို့အမြင်ကလဲ့ ပညာမျက်လုံးပေါ်မှာ ကိုလေသာ တိမ်သလာဖုံးနေတယ် .... (မှန်ပါ့ဘုရား)။

ပညာမျက်လုံးပေါ်မှာ .... (ကိုလေသာ တိမ်သလာဖုံးနေပါ တယ်ဘုရား)။

အဲဒီ အမြင်သမားရဲ့ အမြင်ကဖြင့် ဘုံဘဝတွေ အမြင်ကို ပညာမျက်လုံးပေါ်၌ တိမ်သလာဖုံးတဲ့ ပုဂ္ဂိုလ်က မဟာရဇကွမ္မ ပုဂ္ဂိုလ်လို့ ဘုရားက ဟောလိုက်တယ်....(မှန်ပါ့)ပညာမျက်လုံး ပေါ်မှာ ကိုလေသာမြူတွေ ဖုံးပြီးသကာလ တောင်းတဲ့ဆုကို ဦးမာဒင်တို့၊ တကာကြွယ်တို့ အမှုန်ယူလို့ရပါ့မလား....(မရပါ) သူ့မျက်လုံးက မှုန်မှားမှားဗျ.... (မှန်ပါ့) အမှုန်မြင်ရဲ့လား .... (မမြင်ပါဘုရား)။

ပညာမျက်လုံးပေါ်မှာ ကိုလေသာ တိမ်သလာ ဖုံးနေတယ် လေ... (မှန်ပါ့)အဲဒီ ပုဂ္ဂိုလ်က တောင်းတာဟူသ၍ဖြင့် တကာ ကြွယ်ရေ-အလွဲနဲ့ အချော်ချည့်ပေါ့ဗျ .. (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တောင်းတဲ့ပုဂ္ဂိုလ်ကလဲ တကာတကာမတို့ ကိုလေသာ ဖုံးနေတဲ့ ဉာဏ်မျက်လုံးပေါ်မှာ ကိုလေသာ တိမ်သလာ ဖုံးနေ တာ ရှိလို့သာ သူတောင်းဖြစ်တာကိုး....(မှန်ပါ့ဘုရား)။

သြော် .... ဒါဖြင့် ဆရာဘုန်းကြီးက ကျမ်းအမျိုးမျိုးတွေ ကြည့်ပြီးသကာလ မဟာရဇကွမ္မပုဂ္ဂိုလ်လို့ အင်္ဂါတ်တိုရ်ကလဲ ဟော

ထားပြန်တော့ မဟာရဇကွဆိုတာ မဟာက=များတာ၊ရဇ က=မြူ....(မှန်ပါ့) ကိလေသာမြူတွေ ဖုံးနေလို့တောင်းတာဟော့.... (မှန်ပါ့ဘုရား)။

ဘာဖုံးနေလို့လဲ.... (ကိလေသာမြူတွေ ဖုံးနေလို့ပါဘုရား) ကိလေသာမြူတွေ ဖုံးနေလို့ ဒီဘဝက စုတေမနေ သေလို့ရှိယင် လူ့စည်းစိမ်,နတ်စည်းစိမ်,အကြိမ်ကြိမ်ခံစားရဆိုတော့ အကြိမ်ကြိမ် ဒုက္ခရောက်ရဆိုတာကို သူမမြင်ဘူးက္ခ....(မှန်ပါ့) အကြိမ်ကြိမ် ဒုက္ခရောက်တာမြင်သေးရဲ့လား ...(မမြင်ပါဘုရား)။

အဲဒါ့ကြောင့် ဒီတောင်းတဲ့ပုဂ္ဂိုလ်မှာ ရိပ်မိကြပါပြီတဲ့....၊ သြော်.... ဘယ်လိုကြောင့် တောင်းဖြစ်ပါလိမ့်မတုံး ဆိုတာလဲ တကာသစ်ရေ- ကောင်းကောင်းရိပ်မိပြီ(ရိပ်မိပါပြီဘုရား) ဥာဏ်မျက်လုံးပေါ်မှာ....(တိမ်သလာဖုံးနေပါတယ်ဘုရား)ထည့်-ကည့်ပေးပါဦး....၊ ကိလေသာ တိမ်သလာ ဖုံးနေတာယ်ဟု..(မှန်ပါ့ဘုရား)။

ဥာဏ်မျက်လုံးပေါ်မှာ....(ကိလေသာ တိမ်သလာ ဖုံးနေပါတယ်ဘုရား) ဒါ့ကြောင့် သူ့အမြင်နဲ့ သူတောင်းတာ... (မှန်ပါ့ဘုရား)။

သူ့အမြင်ကလဲ တကာတကာမတို့ သိတဲ့အတိုင်း ဥာဏ်မျက်လုံးပေါ်မှာ ကိလေသာ တိမ်သလာဖုံးနေတော့ မကောင်းတာကို အကောင်းထင်တယ်....(မှန်ပါ့)ဒုက္ခကို သုခထင်နေတယ် (မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) အနတ္တကို အတ္တထင်နေတယ်....(မှန်ပါ့) အသုဘကို သုဘထင်နေတယ်.... (မှန်ပါ့ဘုရား)။

ဦးမာဒင် .... ဒီပုဂ္ဂိုလ်တောင်းတဲ့ ဆုဟာ တောင်းချင်လို့ တောင်းတာလား၊ဉာဏ်မျက်လုံးပေါ်မှာ ကိုလေသာတိမ်သလာဖုံးပြီးသကာလ မမြင်လုံးလုံးနဲ့ အမှားတွေ့ တောင်းတာလား ဆိုတာ အကဲခတ်ကြည့်ပါ.... (ကိုလေသာဖုံးပြီး မမြင်လုံးလုံးနဲ့ အမှားတွေ့တောင်းတာပါဘုရား)။

အမှားတွေ့တောင်းတယ်.... (မှန်ပါ့)ဒီလို ထိုးထိုးထွင်းထွင်း သိရတော့မှ သြော်....အပြစ်ကြီးသင့်တဲ့ ပုဂ္ဂိုလ်ဟာအခြားကြောင့် သင့်တာ မဟုတ်ပါလား ဉာဏ်မျက်လုံးပေါ်မှာ ကိုလေသာတိမ်သလာဖုံးနေလို့ တောင်းဖြစ်တာပါကလားဆိုတာ အခုလို အကြောင်းအကျိုး လည်လည်ပတ်ပတ်နဲ့ သိရတဲ့ ငါ့အမှားတယ်ကြီးပါကလား... (မှန်ပါ့) ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား)။

ငါ့အမှား ဘယ်နှယ်တုံး— (ကြီးပါတယ်ဘုရား) ဦးလှဘူး ပေါ်ပြီဗျာ....(ပေါ်ပါပြီဘုရား)။

ကဲ.... ဦးမာဒင်တို့ တကာသင်္ဘောတို့ ဝေဘန်တတ်ပလား.... (ဝေဘန်တတ်ပါပြီဘုရား)။

သြော်... ဘုရားကလဲ ဤခန္ဓာစွန့်- နောက်ခန္ဓာရတာ အပြစ်အကြီးဆုံးသင့်တာကွာလို့ ဟောရှာတယ်....(မှန်ပါ့) ဒီအထဲက တကားတကားမတွေ့က ဘာဖြစ်လို့ ဘောင်းပါလိမ့်မတုံး၊ ဘုံဘဝတွေ့, ဟိုဘဝ, ဒီဘဝဆက်ပြီး လိုချင်ကြပါလိမ့်မလဲ... လို့ မေးတော့မှ သြော်.... ဒီပုဂ္ဂိုလ်ဟာ ဒီလိုဘုရား ဉာဏ်မျက်လုံးပေါ်မှာ ကိုလေသာတိမ်သလာဖုံးလို့ ရုတ်ချင်းသိုရုတ်ပြီး ဘတ်

ချင်သလိုဘတ်နေတာဘုရာ့....(မှန်ပါ့) ဆိုတော့ ပေါ်သွားပြီ.... (ပေါ်ပါ်ပြီဘုရား) တကာကြွယ် ပေါ်ပလားဗျ.. (ပေါ်ပါပြီဘုရား)။

အင်း....အဲဒါ သစ္စာမသိဘဲညာဏ်မျက်လုံးမပေါ်မှာ အဝိဇ္ဇာတိမ်သလာဖုံးတာဘဲ.... (မှန်ပါ့) ရှင်းကြပလား . (ရှင်းပါပြီဘုရား)။

ဘာဆက်ဖုံးသလဲ-(ညာဏ်မျက်လုံးပေါ်မှာ အဝိဇ္ဇာဘင်မ်သလာဖုံးပါတယ်ဘုရား)။

ကဲ....ဒါဖြင့် သြော်... ဒီနှစ်လုံးဟာ စကားနှစ်ခုစပ်ပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောခဲတဲ့ ဆရာဘုန်းကြီးကလဲ အမျိုးမျိုးအဖုံဖုံ တကာတကာမတွေ နားလည်မှု ဒီကျမ်းကဟာနဲ့ ဟိုကျမ်းကဟာနဲ့ ဘုရားတဆူတည်း ဟောတာ ညှိပြီးပြောလိုက်ပြန်တော့ သြော် .... တောင်းတဲ့ပုဂ္ဂိုလ်ဟာ တကယ် ဆိုးဝါးပါကလား ဆိုတဲ့ဥစ္စာပေါ်လာတယ်....(မှန်ပါ့)၊

တပည့်တော်တို့တော့ ဘာမှ မသိဘူးဘုရာ့ လူ့ပြည်ကောင်းတယ်ဆိုတာနဲ့၊ နတ်ပြည်ကောင်းဘယ်ဆိုတာနဲ့၊ ဗြဟ္မာ့ပြည်ကောင်းတယ်ဆိုတာနဲ့ အကြိမ်ကြိမ်တောင်းချလိုက်ဘာဘဲ....လို့ဆိုတော့ ဘယ်သူကပြောသတုံး....လို့ မေးလို့ ရှိယင်ဘဲ ကိုယ်လို့စုံလုံးကန်းတိမ်သလာဖုံးကပြောတာ....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ် .. (စုံလုံးကန်းတိမ်သလာဖုံးကပြောတာဘုရား)။

ဒါဖြင့် ဒီအထဲ ကျုပ်တို့က မနေ့ကပြောသလို ဆင်ခြင်းသလိုတော့ စမ်းမနေကြပါနဲ့တော့.... (မှန်ပါ့) တော်ပါ့မလား ...

(မတော်ပါဘုရား) ဒါ....မျက်စိကန်း ဆင်စမ်းသုံ စမ်းနေကြ မယ်ဆိုလို့ ရှိယင်ဖြင့် တကာတကာမတို့ ကိုယ့်အထင်နဲ့ ကိုယ် ဆင်ဖြစ်နေဦးမှာဘဲ့....(မှန်ပါဘုရား) ဆင်အစစ်တော့ ဖြစ်နိုင်ပါ့ မလား....(မဖြစ်နိုင်ပါဘုရား)။

အဲဒါတွေ သေသေချာချာ ဘုန်းကြီးတို့ တကာတကာမ၊တွေ က သိတော့မှ ပြော်... ဒို့အမှားကိုဖြင့် ယနေ့ ဘုရားအကူအညီ နဲ့ ဆရာဘုန်းကြီးက တဆင့် ငါတို့ကိုဖြင့် ကယ်ယူပို့ဆောင်ပြန် ပြီ၊ နိဗ္ဗာန်မှတပါး အကောင်းမရှိဘူးဆိုတာ ပြောပြတာဘဲ့.... (မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်မှတပါး ကျန်တာ အဓကောင်းရှိကို့မရှိပါဘူးလို့ ဆုံး ဖြတ်ချက်ချပါ....(မှန်ပ့ါ) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ အခု တရားနာတာသည် ကာလို့ ဆိုယင် မိနစ်သုံးဆယ်လောက် နီးသွားပြီ .... (မှန်ပါ့) အဓိပ္ပါယ် ဘယ်နှယ်လုံးသိရသတုံးဆိုလို့ ရှိယင် နှစ်လုံးသိသွားပြီ- (မှန်ပါ့) နှစ်လုံးသိသွားပြီနော်....(မှန်ပါ့)။

ဤခန္ဓာစွန့် ခနာက်ခန္ဓာရတာ အကြီးဆုံး အပြစ်သင့်တာကို လဲ သိရပြီ....(မှန်ပါ့) ဘယ်နှယ်ကြောင့် ဒီပုဂ္ဂိုလ်တွေ နောက် ခန္ဓာ၄ချင်းကွာပါလိမ့်မတုံး....လို့ ဆိုပြန်တော့လဲ ပညာမျက်လုံး ပေါ်မှာ ကိုလေသာမြူတွေဖုံးလို့... (မှန်ပါ့) ဆိုတော့ တကာ တကာမတို့ ပညာမျက်လုံးပေါ်မှာ ကိုလေသာတိမ်တွေဖုံးတော့ သစ္စာမသိ... (မှန်လှပါ) သစ္စာမသိတော့ ဒုက္ခသစ္စာကို မရယင် မနေနိုင်ဘူးဆိုပြီး တောင်းတာ... (တောင်းပါတယ်ဘုရား)။

ဒုက္ခသစ္စာကို.... (မရယင် မှနေနိုင်ဘူးဆိုပြီး တောင်းပါဘယ် ဘုရား)။

ကဲ... အာခု နည်းနည်းကလေး ကျုပ်တို့ ပညာမျက်လုံးပေါ်ဦ ကိုလေသာတိမ်သလာ အနည်းငယ်ပါးတဲ့ ပုဂ္ဂိုလ်က တယောက် သော ပုဂ္ဂိုလ်က တောင်းနေယင်ဘဲ ခင်ဗျားတို့ ရိပ်မိပါပြီ.... (ရိပ်မိပါပြီဘုရား)။

ဩော်....တယ်ကိုလေသာထူပြောပါကသား....(မှန်ပါဘုရား) ထူပြောလို့ဘဲ ဘုရားရှေ့မှာဖြစ်စေ၊ညည်းယင်းညူယင်းနဲ့ဖြစ်စေ ဒီသား, ဒီသမီး, ဒီမြေး, ဒီမြစ်နဲ့ ရောက်ရာဘဝ မခွဲရပါလို့၏ ဆို တော့ ဘဝတွေလဲ ရောက်ရာဘဝက နည်းလှမယ် မဟုတ်ဘူး... (မနည်းပါဘုရား) ဒီဒုက္ခတွေကိုလဲ ဆက်လက်ပြီးသကာလ ခံပါ ရစေဆိုတာနဲကာ တကာကြွယ် မပါဘူးလား.... (ပါ၊ပါတယ် ဘုရား)။

သို့သော် . နဂိုရိတုန်းကတော့ ခင်ဗျားတို့လဲ ဒီအထဲကပါဘဲ၊ ဩော်... ခင်ရှာလွန်းလို့ဘဲ.....(မှန်လှပါ)ခင်ရှာလွန်းဘဲလို့ ပြော ကြမှာဘဲ.... (ပြောပါတယ်ဘုရား) ခင်ရှာလွန်းလို့ဆိုကတည်း က ကိုလေသာမြူဖုံးတာ သေချာပြီ....(သေချာပါပြီဘုရား) ဥာဏ် မျက်လုံးပေါ်မှာ ကိုလေသာမြူဖုံးနေဘယ်ဆိုတာ ပြောဘို့ လို သေးသလား... (မလိုပါဘုရား) ကိုင်း....ရှင်းကြပြီ.... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒီနေ့တရား ဘယ်နှစ်လုံး မှတ်မိပလဲ.... (နှစ်လုံးမှတ်မိ ပါပြီဘုရား) ဒီနှစ်လုံးဟာ တကာကြွယ် ဧသဓမ္မာတဲ့နှစ်လုံး.... (မှန်ပါ)။

ဒီနှစ်လုံးဟာ ဘာပါလိမ့် တကာတကာမတို့... (သေပျော်တဲ့ နှစ်လုံးပါဘုရား)။

ဒီလို သစ္စာကို ဟောမည့်ဆရာနဲ့ သစ္စာ၏ အကြောင်းအကျိုး ကို လည်အောင်ပြောပေးမည့် ဆရာကောင်း,ဆရာမြတ်နဲ့ တကာ တကာမတွေ့ မတွေ့လို့ ရှိယင်ဖြင့် ဟို.... တောရွာ-တောင်ယာ တွေမှာ ဒီလို သာသနာနဲ့ ဝေးနေတဲ့ ပုဂ္ဂိုလ်တွေမှာ ထောက် ကြည့်လိုက်မယ်ဆိုလို့ ရှိယင်ဖြင့် ဒါတွေ့ မိုးမှန်နေမှာဘဲ ဦးမာဒင် ရေ.. (မှန်လှပါ) မိုးမှန်နေမှာဘဲ....(မှန်လှပါဘုရား)။

ဒီသားနဲ့,ဒီသမီးနဲ့,ဒီမြေးနဲ့,ဒီလယ်နဲ့, ဒီယာနဲ့ ဒီရွာကကို ဘဲ မထွက်ပါရစေနဲ့.... (မှန်ပါဘုရား) အံမာလေး....ကြက်လိုဘဲ ချေးကျရာပျော်ဆိုသလို တကာကြွယ်-ရေ... ရှုပ်နေလိုက်တာနော် (မှန်ပါ)။

ဘယ်နှယ်ကြောင့် ဒါလောက် စဲသမ်းပါလိမ့်မတုံးလို့ မေးတဲ့ အခါကျတော့ ပညာမျက်လုံးပေါ် ကိလေသာတိမ်သလာဖုံးနေလို့ တကာသစ်,ရေ.... မပြောင်းနိုင်တော့ဘူး၊ မရှေ့နိုင်တော့ ဘူး၊ အဟုတ်ထင်တော့တာဘဲ....(မှန်လှပါဘုရား)။

ဘယ်နှယ်ဆိုကြမလဲ... (မဟုတ်တာ အဲဟုတ်ထင်ပါတယ် ဘုရား) ဘယ်လောက် ကြောက်စရာကောင်းဘယ်ဆိုတာ ပေါ်ပြီ (ပေါ်ပါပြီ) ရှင်းကြပြီနော်....(ရှင်းပါပြီဘုရား)။

ချော်... ဒို့သည်ကားလို့... ဆိုယင် တော်-ခတော်သေးတယ်၊ ပညာမျက်လုံးပေါ်မှာ တိမ်သလာဖုံးနေတာကလေးဆဲပစ်မည့် ဆရာကောင်း-သမားကောင်းတွေနဲ့ အေးတူကြီးတွေလိုက်ရတာနဲ့

အင်း....အမှားတော့ဖြင့် တော်တော်ကလေးမြင်ဘို့ အခြေအနေကလေး ရောက်လာပြီဆိုတဲ့ဥစ္စာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) မပေါ်လာဘူးလား ... (ပေါ်လာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီနှစ်လုံးကိုဖြင့် တကာတကာမတို့ မမေ့ပါနဲ့ဆိုတာ ဘုရားက သတိပေးတယ်.... (မှန်ပါ့) ဘုန်းကြီးတို့ကလဲ ထပ်ပြီး သတိပေးပါတယ်... (မှန်ပါ့ဘုရား)။

ဒီခန္ဓာစုန့်ပြီး နောက်ခန္ဓာရယ်ဟင် တကာသစ်ဘာတဲ့-(အကြီးဆုံး အပြစ်သင့်ပါတယ်ဘုရား)အပြစ်အကြီးဆုံးသင့်တယ်(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ဒီပုဂ္ဂိုလ် အပြစ်အကြီးဆုံး သင့်ရပါလိမ့်မတုံးလို့ အမေးထုတ်လို့ရှိယင်လဲ ဘယ်နှယ်ကြောင့်ပါလိမ့်.... (ဥာဏ်မျက်လုံးပေါ်မှာ ကိုးလသာ တိမ်သလာဖုံးလို့ပါဘုရား)။

ကဲ ဥာဏ်မျက်လုံးပေါ်မှာ ကိုလေသာတိမ်သလာဖုံးလို့တဲ့ဦးမာဒင်ရေ...(မှန်ပါ့) အကောင်းကို ပါသေးသလား .. (မပါပါဘုရား)။

ကဲ....တကာကြွယ်တို့ ပြင်နိုင်ပလား (ပြင်နိုင်ပါတယ်)နောက်က တကာတကာမတို့ အားလုံးပြင်ဖြစ်အောင် ပြင်ပါနော်.... (မှန်ပါ့ဘုရား)။

ပြင်ဖြစ်အောင်ပြင်ကြစမ်းပါ....(မှန်ပါ့) ကိုယ့်အမြင်ကဖြင့် တကာတကာမတို့သိတဲ့အဘိုင်း-တဲ့ ပညာမျက်လုံးပေါ်မှာ တိမ်သလာဖုံးနေလို့ ပြောဆိုချင်သလို ဆိုနေတာဘဲ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ကို ဒါကိုကိုယ့်ဟာကိုယ် အထင်တွေ့ အကုန်ဖြုတ်ပြီးသကာလ ကိုယ့်ဉာဏ်ကလေးနဲ့ သစ္စာသိတဲ့ ဉာဏ်ကလေးနဲ့ သော်၎င်း, ဘုရားကိုယုံကြည်၍သော်၎င်း၊ ဒါကိုဖြင့် မတောင်းပါနဲ့....(မှန်ပါဘုရား)။

ကိုယ့်အမြင်မှားကို ကိုယ်သိတာကိုတော့ ရှိပါစေတော့.... (မှန်ပါ) အကုန်က စင်အောင်က မသိသေးလို့.... (မှန်ပါ) ဘုရားကို ယုံကြည်သဖြင့် ဒီအလုပ်ဟာ မတော်ဆုံးအလုပ်ဘဲ.... (မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒီအလုပ်ဟာဖြင့်....(မတော်ဆုံးအလုပ်ပါဘုရား) မတော်ဆုံးအလုပ်, မသင့်မလျော်ဆုံးအလုပ်ဆိုတာ ဦးမာဒင်တို့ သဘျာပလား....(သဘျာပါပြီဘုရား)။

ကဲ....ဒါဖြင့် ဒီနှစ်လုံးဟာဖြင့် တကာတကာမတို့ အရေးအကြီးဆုံးအချက်ဘဲဆိုတာ ပေါ်သွားပြီ.... (ပေါ်သွားပါပြီ) သံသရာဖြတ်လိုက်တာပါဘဲ....(မှန်ပါ)။

သံသရာကို တကာတကာမတို့ ဒါ အလုပ်နဲ့မဖြတ်သေးဘူး... အသိနဲ့ဖြတ်တာလို့ မှတ်လိုက်....(မှန်ပါဘုရား)။

သံသရာ ဘာနဲ့ဖြတ်လိုက်သလဲ(အသိနဲ့ဖြတ်ပါတယ်)အသိနဲ့ဖြတ်တာပါ တကာတကာမတို့ အလုပ်နဲ့ဖြတ်တာ မဟုတ်သေးပါဘူး.. (မှန်ပါ့)။

အင်း....ဒါကိုဘဲ တကာကြယ်, ဦးမာဒင်တို့ အတော်ပြင်ရတယ်နော်....(မှန်ပါ့) အတော်ပြင်ရတယ်....၊ အဘော်ပြင်ရဘယ် အကြောင်းအကျိုး မစုံဘူး....(မှန်ပါ့)။

တရားနာနည်းတဲ့ပုဂ္ဂိုလ်မျိုးအတွက်မှာဆိုလို့ရှိယင် အတော်သနာစရာကောင်းတယဲ့....(မှန်ပါ့ဘုရား)။

တရားနာနည်းတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် တကာသစ် ကိုယ်ပိုင်ဥာဏ်နဲ့ စဉ်းစားကြည့်စမ်း....၊ ပြော် သနားစရာပါကလား ... (မှန်ပါ့) တယ်လဲ ရှုးချက်သန်ပါကလား..၊ မှားချက်သန်ပါကလား... ၊ အမြင်မမှန်ဘာတွေ့ မျာ လှချည့်ကလား... ပေါ်လာတယ်....(ပေါ်လာပါတယ်) မပေါ်ဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဒီနေ့ပြော့တဲ့ နှစ်လုံးသည် တကာတကာမတို့ အာသိနဲ့ဘဲ ခင်ဗျားတို့ဖြတ်လိုက်ပါ (မှန်ပါ့ဘုရား)။

ဒီဘဝစုတေမနေသေလွန်ရလို့ရှိယင်ဖြင့် ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကြီးကိုသာလျှင် ရောက်ရပါလို့၏,မျက်မှောက်ပြုရပါလို့၏ လို့ ပြင်ပစ်ပါ.... (မှန်ပါ့ဘုရား) ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဘာကလေး လှူ့လှူ့, ဘာကလေး တန်·တန်း ဤဒုက္ခခပ်သိမ်းငြိမ်းရာကိုသာလျှင် အရောက်ကြီးခရောက်ပြီး အရကြီးရ,ရပါလို့၏၊ ဒါမှတပါး ဘာမှ အဆစ်မထည့်ပါနဲ့ဗျာ.... (မှန်လှပါဘုရား)။

စျေးသည်မှာ အဆစ်ထည့်ခတဲ့ စျေးဝယ်က အမြတ်ရအိုက်ယင် တော်ပါခဲသေးတယ်. (မှန်ပါ့) အခုဟာက တကာတကာမတို့ ဒီအဆင့်ကို သွားဆည့်လို့ရှိယင် အဆစ်ထည့်မိခဲသောကြောင့် မြုပ်ပါလိမ့်မယ်....(မှန်ပါ့) မျောပါလိမ့်မယ်..(မှန်ပါ့)ဆိုထိုက်မဆိုထိုက်....(ဆိုထိုက်ပါတယ်ဘုရား)။

အေး .. ဒါခြင်္ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေကို ဒီ-တလုံးနှစ်လုံးကလေးကိုဘဲ အင်မတန်အရေးတကြီး နာရီဝက်တိုင်တိုင် ဆရာဘုန်းကြီး ဆုံးမသွန်သင်နေတယ် ဆိုတာဖြင့် သြော် ...သာဓုသည်အရေးမဟုတ်လို့ ပြောသာဘဲဆိုဘာ ဦးမာဒင်တို့ သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

သာမည အရေးလား ဗျာ (မဟုတ်ပါဘုရား)သာမည အရေးမဟုတ်ပါဘူး၊ ဘုရားအဆူဆူနဲ့လွဲရပါလို့၏နဲ့ အတူတူဘဲ-(မှန်ပါ့ဘုရား)။

ဘယ်.နှယ်ဆိုကြမယ် (ဘုရားအဆူဆူနဲ့လွဲရပါလို့၏နဲ့.အတူတူပါဘုရား)။

တကာကြွယ် တကယ်နှစ်နှစ်ခြိုက်ခြိုက် ပြောလိုက်တော့ ဒါလောက်ကျအောင် နာသွားတယ်... (မှန်ပါ့ဘုရား)။

သူက အကြိမ်ကြိမ်ဆိုဘာက တကာတကာမတို့သိတဲ့အတိုင်း အကြိမ်ပေါင်းဘယ်နလောက်တုံးဆိုတာ ရေတွက်လို့. ရရဲ.လား... (မနှပါဘုရား)။

ဒီအကြား ဘုရားကပဲ့ပ်တော့သူ.ဆုတောင်းကြီးကခံနေတယ် (မှန်ပါ့)ကျဘ်တမ်းဝင်ပါ့မလား(မဝင်ပါဘုရား)သူ.ဘဝတက္ကသိုလဲ သူ.ကိုပျော်အောင်ချေဉထားတယ်. (မှန်ပါ့) လွတ်ရေး, ကျတ်ရေး မြင်သေးရဲ.လား... (မမြင်ပါဘုရား)။

ဒါဖြင့် သူ.ဆုတောင်းသည် ဉာဏ်မျက်လုံးပေါ်မှာ မဟာရဇကွဲပုဂ္ဂိုလ်ဆိုတဲ့အတိုင်း ကိလေသာတိမ်သလာတွေ ဖုံးနေတဲ့အတွက် သူ.မှာ အရှုံးကြီး ရှုံးရတာဖြင့် အခုကြည့်စမ်းတဲ့....။

ပေါ်ထုတ်ပြီးပြောလိုက်တော့ ဘုရားအဆူဆူနဲ့ လဲ့ရပါလို့၏နဲ့ အတူတူဘဲ.... (မှန်ပါ့) တယ်ကြောက်စရာကောင်းတယ်.... (ကြောက်စရာကောင်းပါတယ်ဘုရား)တကာကြွယ် ရှင်းပလား.... (ရှင်းပါပြီဘုရား)။

သွားများမတို့ပါနဲ့ဗျာ.... (မှန်ပါ့) ဦးမာဒင် သွားများမတို့ လိုက်နဲ့နော်.... (မှန်ပါ့) အဆစ်ကလေးများ ထည့်ချင်သေး ထလား....(မထည့်ချင်တော့ပါဘုရား)။

အရှင်ဘုရား.... အရိုအသေအလေးအမြတ် ရှိခိုးပါ၏ဘုရား၊ ရှိခိုးရသောအကြောင်း ကြောင့်ဆိုယင် သူဆက်တော့မလို့နော်.... (မှန်ပါ့)။

ရှိခိုးရသော အကျိုးအားကြောင့် ဆိုလို့ရှိယင် သူ့ အဆစ် ထည့်မလို့....(မှန်ပါ့) တကာကြွယ် လျှာပြင်တာ အဲဒါ-(မှန်ပါ့ ဘုရား)။

ဘာပြင်တာထင်ကြသတုံး....(လျှာပြင်တာပါဘုရား) အဆစ် ထည့်မလို့လျှာပြင်တာ.... (မှန်ပါ့) အဆစ်ထည့်လိုက်လို့ရှိယင် ဖြင့် တကာတကာမတို့ နဂိုရိုက တပိုသာထဲမှာ တပိုသာအစိတ် ဖြစ်သွားလို့ရှိယင် ရေထဲချကြည့်၊ တပိုသာနဲ့ တပိုသာအစိတ် ဘယ်သူက အရင်မြုပ်ပါမတုံး....(တပိုသာအစိတ်က အရင်မြုပ် ပါတယ်ဘုရား) အဆစ်ထည့်ခနဘာ ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

အဲ့မာသေး....တကာတကာမတွေရ မနည်းကို ဆုံးမ,ရတယ်.... (မှန်ပါ့) တော်ခေတ်ကြာ ခင်ဗျားတို့အိုမ်ကျတော့ ဘုန်းကြီး

ကတော့ ပြောရှာတယ် ကိုယ်ကမနေနိုင်ဘူးလို့လဲ လုပ်မနေနဲ့ ဦးနော် .. (မှန်ပါ့ဘုရား)။

ကိုယ်က မနေနိုင်ဘူးလို့ တကာကြွယ် ဆင်ခြေမျှား လဲချင်သေးသလား .. (မလဲချင်ပါ) မနေနိုင်လို့ရှိယင်ဖြင့် ဘုရားကို မယုံကြည်ရာရောက်သွားတယ်... (မှန်ပါ့ဘုရား)။

မနေနိုင်ယင် ဘယ့်နှယ်တုံး.... (ဘုရားကိုမယုံကြည်ရာရောက်ပါတယ်) သဒ္ဓာဘပါပလား... (ပါ·ပါပြီဘုရား)။

အဲဒီတော့ သူ့ရှေ့မှာ သူ့ကိုမယုံကြည်ဘူးဆိုတော့ ပြောင်တိုက်တာ....(မှန်ပါ့ဘုရား)။

သူ့ရှေ့မှာ သူ့မယုံကြည်ဘူးဆိုတော့ .... (ပြောင်တိုက်တာပါဘုရား) အံမာလေး ... ခင်ဗျားတို့ သာမညလူတွေ့မဟုတ်ဘူး၊ အတုမရှိတဲ့ကိုယ်ဘော်ကြီး သွားပြီး ပြောင်တိုက်တာ....(မှန်ပါ့) အတောင်ဆိုးတယ်... (ဆိုးပါတယ်) အတောင်ဆိုးတဲ့ အဓိပ္ပါယ်ကဖြင့် တကာကြွယ်ရ စကားတတ်လို့ပြောတာမဟုတ်ဘူး၊ လုံပ်ပုံဆိုးဝါးတာပြောတာ ... (မှန်ပါ့) စကားတတ်လို့ ပြောတာမဟုတ်ပါဘူး၊ လုပ်ပုံက အလွန်ဆိုးဝါးနေလို့ပြောတာပါ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပြီးတော့ တချို့တကာတကာမတွေက ဘဝဆုမတောင်းဘဲနဲ့ ဘယ်လိုလုပ်ပြန်သတုံး ဆိုလို့ရှိယင် သူသည် ဒီဘဝကစုတိမနေ သေလွန်ရလို့ရှိယင်ဖြင့် ငမတွေ့ယျ ကိုယ်တော်မြတ်ကြီး ကြာင်းခိုင်နဲ့ ချွေးဦးစွဲလူပြီး နိဗ္ဗာန်ဝင်ရပါလို့၏ .... (မှန်ပါ့ဘုရား)။

အင်း....ဗြုန်းကနဲ နားထောင်တော့ သူက မေတ္တာယျကိုယ်တော်မြတ်ကြီး လက်ထက်မှာဖြင့် သူသံသရာမရှည်ချင်လို့ နိဗ္ဗာန်ဝင်တော့မယ်ဆိုတဲ့ဥစ္စာ ဘေးကမျှား ကြားလို့ ရှိယင်ဖြင့် ကိုလေသာ မျက်လုံးသမားကဖြင့် တော်သေးတယ်လို့ ဆိုချင်လဲ ဆိုလိမ့်မယ်.. (မှန်ပါ!) သွားမဆိုနဲ့၊ဒါလဲ ဆိုးဝါးတာတမျိုးဘဲ.... (မှန်ပါ!ဘုရား)။

ဆိုးဝါးတာ တမျိုးဘဲဆိုတာ ယနေ့ခေါ်ပြောပြပါဦးမယ် .... (မှန်ပါ!) ဘယ်လိုဆိုးဝါးသတုံးဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကျုပ်တို့ ဂေါတမ မြတ်စွာဘုရားက....

"ဣမေ စတ္တာရော သတိပဋ္ဌာနေ ဘာဝေယျ သတ္တဝဿာနိ ဒ္ဝေ ဒ္ဝေ ဟသာနံ အညတရံဖလံ ပါဋိကင်္ခံ တဿ"။

ငါဘုရားဟောထားတဲ့ သတိပဋ္ဌာန် အားထုတ်လို့ ရှိယင် ခုနစ်ရက်နဲ့ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်နိုင်ပါတယ်ကွာတဲ့ (မှန်ပါ!) ငါဘုရားရဲ့ သတိပဋ္ဌာန်အားထုတ်လို့ ရှိယင်တဲ့ .... (မှန်ပါ!)ဂေါတမ မြတ်စွာဘုရားဟောတာဗျ ဟုတ်လား....(မှန်ပါ!ဘုရား)။

ဒီလိုမှမဟုတ်လို့ မင်းတို့ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုလို့ ရှိယင် "ဣမေစတ္တာရော သတိပဋ္ဌာနေ ဘာဝေယျ သတ္တာဟ ခုနစ်ရက်နဲ့လဲ ရနိုင်ပါတယ်ကွာလို့ ကိုယ်တော်မြတ်ကြီးကလဲ ဟောရှာတယ်... (မှန်ပါ!) လုပ်ယင်လဲရမှာဘဲ....(မှန်ပါ!) ခုနစ်ရက်နဲ့လဲ ရပါတယ်လို့ ဟောလိုက်တယ်...(မှန်ပါ!ဘုရား)။

အဲဒါတော့သူကမကြားချင်ယောင်ဆောင်ပြီး မေတ္တာယျကိုယ်တော်မြတ်ကြီး မျက်နှာလိုက်ပြီးတော့ အရှင်ဘုရားမှာ တပည့်

ငတော်က ကြာငါးခိုင်လှူပြီး အရှင်ဘုရားနဲ့မှ အတူနိဗ္ဗာန်ဝင်ချင် တယ်ဆိုတော့ ဂေါတမဘုရားလဲ သူအရဲ့တိုက်ပြန်တာဘဲ — (မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုမတုံး .. (အရဲ့တိုက်တာပါ) ဂေါတမကိုယ်တော် မြတ်ကြီးကိုဘဲ သူ့စိတ်ထဲမကြည်ညိုတဲ့ ဟန်ပေါ်တကာကြွယ်ရာ· (မှန်ပါ) ဧတ္တေယျ ကိုယ်တော်မြတ်ကြီးကျမှ ကြာလှူတော့ မည်ပုံ· သူချတ်မှာဘဲ ကျတ်မည်ပုံ· ဒီကိုယ်တော်ကြီးနဲ့ ရန်ဖြစ် ထားတဲ့ပုံ· ဒီလိုကောမကျဘူးလား.... (ကျနေပါတယ်) အဲဒါလဲ တမျိုးဆိုးတာဘဲ....(မှန်ပါဘုရား)။

တကာကြွယ် ဒါကော တောင်းဘူးသေးသလား (မသိခင်က တောင်းဘူးပါတယ်) မသိခင်က တောင်းဘူးတယ်၊ ရှေ့နေက လိုက်ပေးသို့ တော်·တော်သေးတယ်.... (မှန်ပါ) ဟိုက ပြုံးနေ တယ်၊ သူကတောင်းပြီးပြီ... (မှန်ပါ) အတော်ဆိုးနေတယ်ဆိုတာ တကာတကာမတွေ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတွေ ကျုပ်တို့ ဂေါတမ မြတ် စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောလို့ ဟောလို့ သိရတာ ကျုပ်တို့... (မှန်ပါဘုရား)။

ပြောလို့ ဟောလို့သိရတဲ့အပြင်မှာ ကျင့်ကြစမ်းပါကွာ... ၊ ခုနစ်ချက်, ခုနစ်လ, ခုနစ်နှစ်၊ အဖျင်းဆုံးလူ ခုနစ်နှစ်၊ အလတ် စားလူ ခုနစ်လ၊ အမြန်ဆုံးလူ ခုနစ်ရက်လို့ တကာသင်မဟာ လားဗျာ....(ဟောပါတယ်) သူများဟောတာလား, ဂေါတမ

ကိုယ်တော်ကြီးက ဟဲ့ဘတာလား....(ဂေါတမကိုယ်တော်ကြီးက ဟောတာပါဘုရား)။

သူက ဒါကိုတော့ မကြားချင်ယောင် ဆောင်နေတယ် .... (မှန်ပါ့) မေတ္တေယျကိုယ်တော်မြတ်ကြီးပွင့်တဲ့အခါ လက်ဦးစွာ မျှား ဖူးတွေ့ချင်သေးသတဲ့ .. (မှန်ပါ့) အင်း... လက်ဦးစွာဖူးတွေ့ချင်ကော ဒီအလုပ်မပါကော ရမှားလား(မရပါ)ဒါဖြင့်သူ့ဟာတွေ့ပေမဲ့ငတွေ့နဲ့ပြန်ရမှာဘဲ (မှန်ပါ့)ဘာမျှားကျေးဇူးမျှားစရာမြင်သေးသတုံး ....(မမြင်ပါဘုရား)။

အဲဒါကြောင့် ဒီအပိုအလုပ်တွေလဲ မလုပ်ဘဲနဲ့ ဒီသာသနာတွင်းမှာ ဒီကျတ်တမ်းဝင်နိုင်တဲ့ တရားရှိပါလျက်သားနဲ့ဂေါတမမြတ်စွာဘုရားပေးတဲ့ နိဗ္ဗာန်လဲမဟုတ်ပါဘူး၊ ကိုယ့်ဉာဏ်နဲ့သွားရမည့်နိဗ္ဗာန်ပါ... (မှန်ပါ့) မေတ္တေယျ မြတ်စွာဘုရားပေးတဲ့ နိဗ္ဗာန်လဲ မဟုတ်ပါဘူး....(မှန်ပါ့)ကိုယ့်ဉာဏ်နဲ့.ကိုယ်သွားရမည့်နိဗ္ဗာန်ပါ....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ချင်းက ထူးခဲသားရဲ့လား (မထူးပါ) အဲ....မထူးတာကိုသူ့ဟာသူ အထူးလုပ်ပြီး ပုဂ္ဂိုလ်စွဲ, စွဲနေတဲ့ အဓိပ္ပါယ်ကော မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။ *

တနည်းအားဖြင့်လဲ လမ်းညွှန်ကမကောင်းတာနဲ့. ပြောင်းမိပြောင်းရာ ပြောင်းတာနဲ့.လဲ တူပါတယ်... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

---

* ဤ အခက်းမျှားပါ စကားတွေမှာ နောက်ဘုရားသာသနာမစောင့်ဘဲ ယခုဘုရားသာသနာ၌ပင် တမက်တဖိုလ်ရအောင်အားထုတ်ဘို့တိုက်တွန်းခြင်းဖြစ်ပါသည်။

ဒါဖြင့် တကာတကာမတို့ ဒီတကာတကာမတွေတော့ဖြင့် ဘုန်းကြီးများ၏ တပည့်တပန်းတွေလဲဖြစ်- ဂေါတမ မြတ်စွာဘုရားသာခင် ကိုယ်တော်မြတ်ကြီး၏ သာသနာတော်နဲ့ ကြုံလို့ သူ၏ဝေနေယျတွေလဲ ဖြစ်နေတဲ့အတွက်၊ အေး__တော်ပြီ, တော်ပြီ၊ ဒုက္ခတော့မရှည်ချင်ပါဘူး....(မှန်ပါဘုရား)။

ဒီခန္ဓာစုန့်ပြီး ဟိုခန္ဓာမရတဲ့ ခုနစ်ရက်,ခုနစ်လ, ခုနစ်နှစ်နဲ့ရတဲ့ သတိပဋ္ဌာန်အလုပ်ကိုဘဲ ငါတို့နိုးနိုးကြားကြားနဲ့ ကြိုးကြိုးစားစား ဘဝဆုံးပါစေသားဆိုပြီး ကြိုးသာကြိုးစား__ (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သသံရာထဲမှာ တရက် ရှည်ရယင် တရက်ဒုက္ခပိုတာဘဲ....(မှန်ပါ!) နှစ်ရက်ရှည်ရယင်.... (နှစ်ရက်ဒုက္ခပိုပါတယ်ဘုရား) နှစ်ရက်ဒုက္ခပိုတာဘဲဆိုတာ သေချာပလား. (သေချာပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ခင်ဗျားတို့တရက်ရှည်ယင် တရက်သက်ဆိုးရှည်တယ်....(မှန်ပါ!) နှစ်ရက်ဆိုလို့ရှိယင် ဒီထက်သက်ဆိုးရှည်တယ် (မှန်ပါ!)သုံးရက်ရှည်သွားမယ်ဆိုယင်ဒီထက်ဒီသက်ဆိုးရှည်သွားမယ်....(မှန်ပါ!) သက်ဆိုးရှည်ဖြင့် ခင်ဗျားတို့မနေပါနဲ့ တော့တဲ့ တကာတကာမတို့ မြန်မြန်သာ မဂ်ဉာဏ်, ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်အာရုံပြုနိုင်တဲ့နည်း ခုနစ်ရက်နဲ့ရတဲ့နည်း၊ ဟာ....ဆဲလေးရက်နဲ့ ရတဲ့နည်း တကာကြွယ် ဒါဘဲ လိုက်ပါတော့ဗျာ.... (မှန်ပါ!) သက်ဆိုးရှည်-ရှည်ချင်သေးသလား.... (မရှည်ချင်ပါဘုရား)။

ကိုင်း.... ဒါတွေဟာ အင်မတန် တကာတကာမတို့ ကရုဏာမေတ္တာနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဟောလို့ ဓမ္မက္ခန္ဓာတွေ့ မင်းတို့ ငါ့ကိုယ်စား ဆရာတွေ့ ရှိပါတယ်လို့ ဟောခဲ့လို့ ဘုန်းကြီးများကလဲ အဲဒီ ဓမ္မက္ခန္ဓာတွေ့ ကြည့်ပြီးသကာလ ကိုယ်တိုင် ကြုံးစား၊ သူတပါးကိုလဲ ဟောဆိုတဲ့ အဝိပ္ပါယ်မျိုးနဲ့ တကာကြွယ်တို့ ချီးမြှောက်နေတာ....(မှန်လှပါ)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ မေတ္တာယျမြတ်စွာဘုရားလဲ မမြော်နဲ့ (မှန်ပါ့) အမေကျော် ဒဲ့တော်လှမ်းတာ မကောင်းဘူး ... (မှန်ပါ့)။

အမေကျော်ဒဲ့တော်လှမ်းတာ(မကောင်းပါ)အမေလောက်တော့ ဘယ်သူအရေးကြီးစရာရှိသတုံး(မှန်ပါ့)ဒီမှာလဲ သာသနာတော်ကြီးမှာ ကျွတ်တမ်းဝင်နိုင်တဲ့နည်း၊ သတိပဋ္ဌာန်လေးပါး. တပါးပါးအားထုတ်ခဲ့လို့ ရှိယင်ဖြင့်လိုရာခရီး အပြီးတိုင်ရောက်ပါလိမ့်မယ်ဆိုတာ သိလျက်သားနဲ့ဖြင့် ဥာဏ် မျက်လုံးပေါ်မှာ ကိုလေသာတိမ်သလာဖုံးနေတာနဲ့ဖြင့်ကိုယ်ကကြိုက်ကြိုက်.မကြိုက်ကြိုက် ဘုရားဟောတာ ယုံကြည်လိုက်ပါ....(မှန်ပါ့)ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကိုယ်က ကြိုက်တာ-မကြိုက်တာတော့ အမှန်ကိုမထားနဲ့ကော့ (မှန်ပါ့) ဘာ့ကြောင့်တုံး ကိုယ်က မျက်လုံးက မဟန်ဘဲကိုး.... (မှန်ပါ့)။

တကာကြွယ် ကိုယ်ကြိုက် သူကြိုက်ကတော့ မျက်လုံး ဘယ့်နှယ်နေသတုံး ...(မဟန်ပါဘုရား) မဟန်ဘူး,မဟန်ဘူး မျက်လုံးက....နော်....(မှန်ပါ)။

အဲဒီတော့.... ဘုရားအပေါ်မှာသာ တထစ်ချ ယုံကြည်ပြီး သကာလ သူပြောတာဟာ အဒ္ဓဇ္ဇဝစနံဗုဒ္ဓ=နှစ်ခွန်းမပြောဘူးတဲ့ (မှန်ပါ့) တခွန်းမှလဲ တခွန်းနဲ့အကျိုးရှိတာမှ ပြောသတဲ့.... (မှန်လှပါ) သဒ္ဓာကျပလား.... (ကျပါပြီ) တခွန်း အကျိုးရှိတာမှ ပြောသတဲ့ဆိုတာ မှတ်ပြီးသကာလ ခုနစ်ရက်နဲ့ရနိုင်ပါတယ်ကွာဆိုပြီး တခွန်းတည်းနဲ့အကျိုးရှိတာ ပြောခဲ့တဲ့အတွက် ကျုပ်တို့ ဒီသတိပဋ္ဌာန်လုပ်ရတော့မယ်(မှန်လှပါ)မလုပ်လို့ရှိယင် တော်ပါ့မလား .. (မတော်ပါဘုရား)။

ကိုင်း... ဒါဖြင့် ခင်ဗျားတို့ ကိလေသာနဲ့ဟာတွေ အကုန် ပယ်ပြီးသကာလ သူ ခုနစ်ရက်နဲ့ရမည်ဆိုတဲ့ဥစ္စာကို ငါတို့သည် ကိုယ့်ဒုက္ခ ကိုယ်သိမ်းချင်ကြလို့ရှိယင်ဖြင့် ဒါ.... ကိုယ့်အကျိုး စီးပွား အစစ်ဘဲဆိုပြီး ဒီ-ဝိပဿနာအလုပ်သာ တကာကြွယ် လုပ်ရလိမ့်မယ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

ဘာလုပ်ရမယ်.... (ဝိပဿနာအလုပ်သာလုပ်ရပါမယ်ဘုရား) ဝိပဿနာအလုပ်- လုပ်ရလိမ့်မယ် ဆိုတာ တကာသစ် သေချာပလား....(သေချာပါပြီဘုရား)။

အဲ....ဝိပဿနာအလုပ်-လုပ်ရတော့မယ်ဆိုလို့ရှိယင် ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အို.... **ဥာဏ်မျက်လုံးပေါ်မှာ ကိလေသာတွေဖုံးတာ ဖယ်တဲ့အလုပ်ဟာ ဝိပဿနာအလုပ်** .. (မှန်လှပါ) ပေါ်လာပြီ ပေါ်လာပြီ... (မှန်ပါ့) ပေါ်လာပြီ-တကာတကာမတို့၊ ဒါကလေးပေါ်အောင် မနည်းပြောရတယ်... (မှန်ပါ့)။

ဒါကလေး ပေါ်အောင်ကို တကာကြွယ်ရေ... နာရီဝက် ကျော်သွားပြီ....(မှန်ပါ့) ဘယ်နှယ်ကြောင့် ဝိပဿနာ အရှုခိုင်း ပါလိမ့်၊ ဆရာဘုန်းကြီးက ဝိပဿနာအရှုခိုင်းတာသည် ဘယ် အကျိုးငှါပါလိမ့်မတုံးဆိုလို့ ရှိယင်ကော ပေါ်ပလား... (ပေါ် ပါပြီဘုရား) ဉာဏ်မျက်လုံးပေါ်မှာ ကိလေသာအဖုံးတွေ ပွင့် အောင်လို့ အလုပ်ခိုင်းတာ....(မှန်ပါ့)။

ဝိပဿနာဆိုတာ ဘာပါလိမ့်... (ဉာဏ်မျက်လုံးပေါ်မှာ ကိလေသာ အဖုံးတွေပွင့်အောင် အလုပ်ခိုင်းတာပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ အဆိုးကို အကောင်းဖြစ် အောင် လုပ်ဘာဘဲ....(မှန်ပါ့)။

အဆိုးကို (အကောင်းဖြစ်အောင်လုပ်တာပါဘုရား) ဒါဖြင့် ကျုပ်တို့ဟာ အဆိုးကို အကောင်းဖြစ်အောင်လုပ်တဲ့အလုပ်ဆိုလို့ ရှိယင်ဖြင့် ပျင်းလဲ မနေပါနဲ့တော့နော်.... (မှန်ပါ့) ဖျင်းလဲ မနေပါနဲ့တော့ ၊ ပါရမီတွေလဲချပြီး မနေပါနဲ့ဘော့ .... (မှန်ပါ့) အဆိုးကို အကောင်းဖြစ်တဲ့အလုပ်ဆိုသောကြောင့် ကိုယ့်အဆိုးကို ကိုယ်အကောင်းပြင်ရတဲ့အလုပ်ကိုဖြင့် တကာ တကာမတို့ ကိုယ့်အဝတ်ဟာ နောက်ပိုင်းကဲ့စုတ်နေတယ် ဆိုလို့ရှိယင်ဖြင့် ကိုယ့်အဆိုးဟာ ရှိနေတာဘဲ (မှန်ပါ့) ဒီ ကိုယ့်အဆိုးကိုမှ ကိုယ်မချုပ်ခတ်ဘူး ဆိုလို့ရှိယင်ဖြင့် အရှက်မရှိရာလဲရောက် .... (မှန်လှပါ) အကြောက်မရှိရာ ကော.... (ရောက်ပါတယ်ဘုရား) ဒါ....မပြင်သင့်ဘူးလား. ပြင် သင့်သလား....(ပြင်သင့်ပါတယ်ဘုရား)။

အဲဒီလိုမှတ်ပြီးသကာလ ကိုယ့် အဆိုးကိုကမကောင်းလို့ ကိုယ် ကိုယ်တိုင်ဘဲ ပြင်ရတော့မှာဘဲ၊ ပြင်နည်းလဲ ဘုရားပေးပေါ့ဘဲ ဆိုပြီးသကာလ တကာတကာမတို့ အရှက်ရှိလဲ ပြင်ပါ--(မှန်ပါ့) ရှက်စရာကောင်းတဲ့အဖြစ်လို့လဲ ပြင်ရလိမ့်မယ်....(မှန်ပါ့)။

ရှက်စရာကောင်းဆိုတာ ခင်ဗျားတို့ အသုဘပဲကြီးပြရဦးမယ် (မှန်ပါ့) ခင်ဗျားတို့ ဖုံးလေသ၍,ဖိလေသ၍ဟာ တကာတကာ မတို့ တကယ်မမာဘူးတော့ လုံခြုံသေးရဲ့လား....(မလုံခြုံပါဘုရား) အဲဒါ အရှက်ပဲကြီးကလဲ လာဦးမယ်.... (လာပါတယ်ဘုရား) ခန္ဓာကြီးရလို့ အရှက်တကဲ့ပဲကြီးကလဲ လာကာနီးနေပြီ(မှန်ပါ့) နောက်ခန္ဓာရမယ်ဆိုတော့ တခါရှက်လား- နှစ်ခါရှက်လား.... (နှစ်ခါရှက်ပါဘုရား) ဟာ.... အကြိမ်ကြိမ်ဆိုပြန်တော့.... (အကြိမ်ကြိမ်ရှက်ပါဘုရား)။

ဩော်... အရှက်ပဲလဲ ဇာတ်သိမ်းရအောင် တကာတကာမတို့၊ ဒီဝိပဿနာ အလုပ်- မလုပ်ပြန်လို့ရှိယင် အပါယ် လေးပါးကို ရောက်သွားမှာလဲ အင်မတန် ကြောက်စရာ ကောင်းပါတယ်.... (ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် အရှက်အကြောက်သိမ်းတဲ့ကိစ္စကိုဖြင့် ကျုပ်ဟာ ကျုပ်တို့၏အရှက်သိမ်း၊ ကျုပ်တို့၏အကြောက်သိမ်းမှု အလုပ်ကို ကျုပ်တို့ လုပ်ရလိမ့်မယ်....(မှန်ပါ့)။

အဲဒီအလုပ်တွေ့ လုပ်ရမှာဖြစ်နေတော့ ကိုယ့်အရေးလား- သူ့အရေးလားဆိုတာလဲ ဘာမှ မေးနေစရာမလိုတော့ပါဘူး.... (မလိုပါဘုရား)လိုသေးသလား, တကာသစ်....(မလိုပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာသုပ်ကြစို့.... (မှန်ပါ့) ဝိပဿနာလုပ်လိုက်တဲ့အတွက် အကျိုးဘယ်နှစ်ခုပြီးသွားသတုံးလို့ မေးတော့မှ တကာတကာမတို့ နောက်ခန္ဓာမရမှု အကျိုးတခုပြီးတယ်....(မှန်ပါ့) နှစ်ခါမရွက်ရမှု .... (အကျိုးပြီးပါဘယ် ဘုရား) ကြောက်စရာတွေ နေရာဌာန မရောက်ရမှုကောဗျာ.... (အကျိုးပြီးပါတယ်ဘုရား) မတွေ့ယျ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို .... မမြင်ဘဲနဲ့ .... ဒီဘုရားလက်ထက် အရယူလိုက်တဲ့အတွက် တကာဘကာမတွေ့ အမေကျော် ဒေးတော်လွှမ်းတဲ့ကိုစတွေလဲ ဇာတ်သိမ်းပါတယ် .. (မှန်ပါ့) မသိမ်းဘူးလား (သိမ်းပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီအလုပ်-လုပ်ထိုက် မလုပ်ထိုက်.... (လုပ်ထိုက်ပါဘယ်) ကိုယ့်အရှက်ကင်းအောင်လဲ ဝိပဿနာလုပ် (မှန်ပါ့) ကိုယ့်အကြောက်တွေ သိမ်းရအောင်လဲ.. (ဝိပဿနာလုပ်ရပါမယ်) ဝိပဿနာဘဲ လုပ်ရမယ်ဆိုဘာ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ နောက်အသေကြီး လာမှာကို မတွေ့ရအောင်လဲ ဘာလုပ်ရမယ် .. (ဝိပဿနာလုပ်မှပါ) ဟာ....ဒါဖြင့် တကာတကာမတို့ ကိုယ့် အရေးချည့်ပါလား ...(မှန်ပါ့) သူများအရေးပါသေးသလား .. (မပါ-ပါဘုရား)။

ကဲ... ဒါဖြင့် တကာကြွယ် ဝိပဿနာလုပ်ကြစို့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာဆိုတာ တကာဘကာမတို့ ယနေ့ဘော့ဖြင့် ဝိပဿနာအစစ်ကိုပြရတော့မယ်ဆိုတော့ ဝိပဿနာဆိုဘာ ဘာဘုံးလို့

မေးလို့ရှိယင် ကိုယ်ကရှုလို့ ဝိပဿနာတမျိုး....(မှန်ပါ့)ဝိပဿနာ နှစ်မျိုးဟောမလို့__(မှန်ပါ့ဘုရား)။

တချို့ကတော့ မိမိဉာဏ်ကရှုလို့ ဝိပဿနာလို့ဖြစ်တာက တမျိုးရှိတယ် (မှန်ပါ့) တချို့ကတော့ ဓမ္မကြပြနေလို့ ဓမ္မအပြကိုမြင်ရတဲ့ ဝိပဿနာလဲရှိတယ်....(မှန်ပါ့)တချို့ကကိုယ်ကရှုလို့မြင်တာ. (မှန်ပါ့) တချို့ကတော့ ဓမ္မကပြလို့မြင်တာ.... (မှန်ပါ့) နှစ်ချက်ရှိတယ်....(နှစ်ချက်ရှိပါတယ်ဘုရား)။

ဒါ ဆေးဆေးချာချာမှတ်ပါ။ ဒီတရားမဟောဘူးသေးလို့ ခင်ဗျားတို့ဉာဏ်တိုးအောင်လို့ဟောနေတယ်.. (မှန်ပါ့ဘုရား)။

ကိုယ်ကရှုလိုက်တာနဲ့မြင်လိုက်တဲ့ဝိပဿနာကတမျိုး(မှန်ပါ့) အရှုခံတဲ့တရားကပြနေလို့ ကိုယ်ကရှုတဲ့အတိုင်း မှတ်မြင်နေရတာက....(တမျိုးပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဝိပဿနာဆိုတာသည် တကာတကာမတို့ ကိုယ်ကရှုလို့ ဝိပဿနာဖြစ်တာလဲရှိတယ် (မှန်ပါ့)ဓမ္မကပြလို့ ကိုယ်ရှုမိသောကြောင့် ဝိပဿနာဖြစ်တာကော .... (ရှိပါတယ်) ရှိတယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ တချို့ဒါတွေ အင်မတန်ရှင်းကြတယ်_ (မှန်ပါ့) ဝိပဿနာဆိုတာ ကိုယ်ကရှုလို့ ဝိပဿနာဖြစ်တာ... (မှန်ပါ့)တချို့ကလဲ ဓမ္မကပြလို့ ကိုယ့်မှာဝိပဿနာဉာဏ်ရတာ... (မှန်ပါ့) ဒီလိုနှစ်မျိုး နှစ်ခုပြားပြီး သကာလနေတာကို ဘုန်းကြီးကဘဲ ဒီတကာတကာမတွေ့ကို လုပ်နည်း,

ကိုင်နည်းနဲ့တက္ခ ဒီဥစ္စာနှစ်ခုဟာ မမှားကြပါဘူး ဆိုတာကိုလဲ ရှင်းပြမယ်နော်.... (မှန်ပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတွေ့ ခန္ဓာကိုယ်ကြီးကတော့ဖြင့် ခင်ဗျားတို့က မရှုလဲဖြစ်လိုက်ပျက်လိုက်နဲ့ နေမှာဘဲ.... (မှန်ပါ့)။

ခင်ဗျားတို့က မရှုလဲ .... (ဖြစ်လိုက်, ပျက်လိုက်နေမှာပါဘဲ) သူ့ကိုတားလို့ ဆီးလို့ ရကြရဲ့လား....(မရပါဘုရား)။

မရတော့ကို တကာတကာမတွေ့က ကိုယ်ကမရှုးတော့လဲ ဒါ ဝိပဿနာဖြစ်သေးရဲ့လား... (မဖြစ်ပါ) သဘောကျပလား (ကျပါပြီဘုရား)။

ကိုယ်ကမရှုယင်....(ဝိပဿနာ မဖြစ်ပါဘုရား) "ဝိသေသနပဿတိတိ ဝိပဿနာ"ဆိုတဲ့ အဘိုင်းတဲ့ ကိုယ်ကအထူးတလည် ရှုမှ ဒီ့ပြင်ငါးပါးအာရုံ ကာမဂုဏ်တွေဇာတ်သိမ်းပြီး သူ့ဘက်ကို လှည့်ထားမှဝိပဿနာ ဖြစ်တယ်....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ကိုယ့်ဉာဏ်ကလေးကိုတဲ့ တကာတကာမတွေ့ သိတဲ့အတိုင်း ခန္ဓာဘက်ကိုလှည့်ထားမှ ဝိပဿနာဖြစ်ပါတယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ဉာဏ်ကခလေးကို ဘယ်ဘက်လှည့်ရမလဲ .... (ခန္ဓာဘက်လှည့်ရမှာပါ) ကိုယ့်ဉာဏ်ကခလေး ခန္ဓာဘက်လှည့်လိုက်တဲ့အခါကျတော့ခန္ဓာဖြစ်စဉ်ကိုဉာဏ်ကမြင်တယ် ...(မှန်ပါ့ဘုရား)။

ခန္ဓာဖြစ်စဉ်ကို....(ဉာဏ်ကမြင်ပါတယ်)ခန္ဓာဖြစ်စဉ် ဉာဏ်ကမြင်တော့ ဒါဟာ တကာတကာမတွေ ရှုလို့မြင်တာ....(မှန်ပါ့) မရှုယင်ဖြင့်....(မမြင်ပါ) မရှုယင် မမြင်ဘူးဆိုတာ သေချာပလား... (သေချာပါပြီ) ဒါဖြင့် တကာတကာမတို့ ဉာဏ်ကဝိပဿနာ....(မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

ဉာဏ်က ဝိပဿနာသွားဖြစ်တယ်....(မှန်ပါ့)ရှုတဲ့ဉာဏ်သည် ဝိပဿနာ... (မှန်ပါ့ဘုရား)။

ရှုတဲ့ဉာဏ်သည်(ဝိပဿနာပါ)ဒါက ဉာဏ်ကိုအသားယူပြောတာ....(မှန်ပါ့) ဒီဘက်ကရှုတဲ့ဉာဏ်ကို အသားယူပြောနေတာ.... (မှန်ပါ့ဘုရား)။

ကဲ .... ရှုတဲ့ဉာဏ်က ရှုပြီးသကာလ နေပြန်လို့ရှိယင်လဲတဲ့ ဓမ္မတွေက ဖေါက်ပြန်ပျက်စီးမှုကို တကာတကာမတွေက မပြလို့ရှိယင်လဲ ဒီဉာဏ်သည် ဝိပဿနာဉာဏ် ဖြစ်နိုင်ပါ့မလား .... (မဖြစ်နိုင်ပါဘုရား)။

ဒါဖြင့် ဓမ္မတွေကလဲ သူ့အကြောင်းနဲ့ သူ့အကျိုး၊ အကြောင်းချုပ်လို့ အကျိုးချုပ်ပုံ၊ ဓမ္မတွေကလဲ ပြဉီးမှသာလျှင်လဲ ဝိပဿနာဖြစ်ပါတယ်....(မှန်ပါ့) ဓမ္မက မပြလို့ရှိယင်(ဝိပဿနာမဖြစ်ပါဘုရား)။

ဒါဖြင့် သူတို့နှစ်ခုသည် ဓမ္မကြောင့်လဲ ဝိပဿနာဉာဏ်ဖြစ်ရတယ်... (မှန်ပါ့) သဘောကျပလား(ကျပါပြီ) ဉာဏ်ကရှုလို့လဲ ဉာဏ်သည် ဝိပဿနာဖြစ်ရတယ်... (မှန်ပါ့) နှစ်ခုပေါင်းမှ ဖြစ်တယ်လို့မှတ်...(မှန်ပါ့)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

နှစ်ခုပေါင်းမှ(ဖြစ်ပါတယ်) ဓမ္မကလဲပြော ဉာဏ်ကလဲလှည့်မှ ဝိပဿနာ.. (မှန်ပါ့ဘုရား)။

ဓမ္မကလဲ....(ပြောမှပါ)ဉာဏ်ကလဲ....(လှည့်မှပါဘုရား) ဒါမှ တကာသစ် ဝိပဿနာဖြစ်မယ်... (မှန်ပါ့ဘုရား)။

အဲဒီတော့ဘုန်းကြီးတို့ တကာတကာမတွေ့မှာတော့ ဓမ္မက တော့မပြောမရှိပါဘူး(မှန်ပါ့)ဉာဏ်ကသာလှည့်မိပါစေ(မှန်ပါ့) ဒီလိုဆိုလို့ရှိယင် ဝိပဿနာသည် တကာတကာမတို့ ခဲယဉ်းတဲ့ အလုပ်လားလို့ မေးကြလို့ရှိယင်ဖြင့် ဓမ္မကလဲမပြောတဲ့တရား မရှိပါဘူး.... (မှန်ပါ့ဘုရား)။

ဘာ့ကြောင့် မပြောတဲ့တရား မရှိသတုံးဆိုတော့ "ဝိပရိဏာမ လက္ခဏံ ဒုက္ခသစ္စံ"တဲ့(မှန်ပါ့) ဖေါက်ပြန်တတ်တဲ့လက္ခဏာဟာ ဒုက္ခသစ္စာတဲ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနာကလဲဖြစ်ပြီး ပျက်တာ ဖေါက်ပြန်သွားတာ ဘဲ....(မှန်ပါ့)ရုပ်ကလဲ ဖြစ်ပြီး ပျက်တာ....(ဖေါက်ပြန်သွားတာ ပါဘုရား)။

ဒါဖြင့် သူကလဲ သူ့သဘောသူပြောမှာဘဲ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ) ဉာဏ်က သူပြောတဲ့နောက်ကို ကျူပ်တို့ကလဲ အစဉ်မပြတ်လိုက်ရလိမ့်မယ်-(လိုက်ရမှာပါ)ဒါဖြင့် ဓမ္မကပြော ဉာဏ်ကလှည့်ယင် ဝိပဿနာဖြစ်ပါတယ် (မှန်ပါ့ ဘုရား)။

ဓမ္မကပြောတဲ့နောက် ဉာဏ်ကလိုက်ယင် ....(ဝိပဿနာဖြစ်ပါ တယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာကွယ်တယ်, ကွယ်တယ် ဆိုတာသည် အဲဒါနဲ့ ထောက်ကြည့်(မှန်လှပါ)ဓမ္မက မပြောလို့ ကွယ်တာလား....၊ဉာဏ်မလှည့်လို့ ကွယ်တာလား....(ဉာဏ်မလှည့်လို့ ကွယ်တာပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဓမ္မကလဲ ပြောမယ်.... (မှန်ပါ့) ဉာဏ်ကလဲ အဲဒီ့ပြောတဲ့ဓမ္မဘက်လှည့်ပါ... (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီတော့ကို မမေ့ကြနဲ့.... (မှန်ပါ့) မမေ့ကြနဲ့ ဆိုတာ ဟိပဿိကောပနိဘဲ....(မှန်ပါ့)ဓမ္မက ဟိ=လာခဲ့ပါဟုတ်လား (မှန်ပါ့) ဉာဏ်က ပဿ=ရှုပါ.... (မှန်ပါ့) ဒါဖြင့် ဟိနဲ့ပဿတဲ့ပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်လိုတဲ့ရမလဲ....(ဟိနဲ့ပဿ တဲ့ရပါမယ်)ဟိဆိုတာ ဓမ္မကခေါ်တာ....(မှန်ပါ့) ပဿ=ရှုပါဆိုတာက တကာတကာမတို့ တဲ့၊ဉာဏ်ကလဲ ရှုမှဖြစ်မယ်... (မှန်ပါ့)ဒါဖြင့် ဟိနဲ့ပဿတဲ့လို့ ရှိယင်ဖြင့် ဝိပဿနာဖြစ်ပေါ့....(မှန်ပါ့ဘုရား)။

ဟိနဲ့ပဿတဲ့ယင်.... (ဝိပဿနာဖြစ်ပါပြီဘုရား)တကာကွယ် မေ့စရာရှိသေးသလား... (မရှိပါဘုရား)ဟိက=ဓမ္မကခေါ်လိမ့်မယ်....(မှန်ပါ့) ပဿက- ကျုပ်တို့ကရှုရလိမ့်မယ်.... (မှန်ပါ့) ဟိနဲ့ပဿတဲ့ယင် ဘာဖြစ်သတုံး (ဝိပဿနာဖြစ်ပါတယ်ဘုရား) အံမာလေး နေရာကျလိုက်တာ၊ တော်တော့ကို နေရာကျပြီ တကာကွယ်....(မှန်ပါ့)။

ဩော်....ဒို့သည်ကားလို့ ဆိုယင်ဖြင့် သံသရာရှည်ခဲ့တာ ဟေ ရှိလျက်သားနဲ့ ပဿမပါလို့ ဘဲဟာ.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဟေရှိလျက်နဲ့....(ပဿမပါလို့ သံသရာရှည်ခဲ့ပါတယ်)ရှုတာ မပါလို့....(မှန်ပါ့)။

ဦးလှဘူးကြီးတို့ သံသရာရှည်မနေတာ ဘုန်းကြီးတို့ သံသရာ ရှည်နေတာ, ဦးမာဒင်တို့ သံသရာရှည်နေတာ ဓမ္မက ဟေဆိုကာ တော့အခေါ်သားဘဲ....(ခေါ်ပါတယ်ဘုရား)ပဿက....(မရှုလို့ ပါဘုရား)။

အဲ .. ပဿက မလိုက်မိဘူး၊ ရှုညာဏ်က မလိုက်မိဘူး....(မလိုက် မိပါဘုရား) အဲဒီမလိုက်မိလို့ ကိုယ်ကျိုးနည်းခဲ့ရတယ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဟိန့်ပဿ တဲ့မိအောင် တဲ့ပါ....(မှန်ပါ့)။

ဘာတုံး....(ဟိန့် ပဿ တဲ့မိအောင်ဘဲ့ပါဘုရား) ဩော်... ဒါ ဘယ်နေရာမဆိုတဲ့ရမယ်(မှန်ပါ့)ဟိန့် ပဿကဲ့ယင်-နိဗ္ဗ နဲ့ ဝေးပြီ .. (မှန်ပါ့)ဟိန့်ပဿတဲ့ယင်ဖြင့် နိဗ္ဗာန်ရောက်ပြီ(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဟိန့် ပဿကဲ့နေယင်....(နိဗ္ဗာန်နဲ့ ဝေးပါဘယ်)ဟိန့် ပဿ တဲ့နေယင်... (နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန်ရောက်ပြီ... တဲ့ ပဌမ ဝိပဿနာညာဏ်ကခေါ်မယ်....၊ တော်ဘော်ကြာ နိဗ္ဗာန်ကနေ

ဒီဥာဏ်ကို ခေါ်ယူမယ်....(မှန်ပါ့) မခေါ်ပေဘူးလား....(ခေါ်ပါဘယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အရေးကြီးနေတာ ယနေ့ပြောလိုက်တာ စကားလေးလုံးရှိသွားပြီ.... (မှန်ပါ့) ဟိန္ဓံပဿကဲ့ယင် သံသရာမြုပ်ကြ မျောကြပေတော့.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဟိန္ဓံပဿ ကဲ့သွားယင်ဖြင့်.... (မြုပ်ကြ မျောကြပေတော့ ဘုရား)။

ဟိန္ဓံပဿတဲ့မိပြီဆိုမှဖြင့် သံသရာစခန်းသိမ်းပြီ....(သိမ်းပါပြီဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ ဘာမှတ်ကြပါလိမ့်....၊ ဟိန္ဓံပဿမကဲ့စေနဲ့.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာမှတ်မိကြသလဲ.... (ဟိန္ဓံပဿ မကဲ့စေပါနဲ့ဘုရား) ဟိန္ဓံပဿ မကဲ့စေနဲ့....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)

ဘာနဲ့ဘာမခဲ့ရမှာတုံး .. (ဟိန္ဓံပဿ မခဲ့ရပါဘုရား)ဟိုက ဖြစ်ပျက်အနိစ္စ....(မှန်ပါ့) ပဿက ခင်ဗျားတို့ဥာဏ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဟိန္ဓံပဿကဲ့လို ရှိယင်ဖြင့် သံသရာဆက်ပေါ့.... (မှန်ပါ့) ဟိန္ဓံပဿမကဲ့ယင် ....(သံသရာပြတ်ပါတယ်)သံသရာပြတ်ပြီဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့သံသရာရှည်ခဲ့တာ ဘာ့ကြောင့်ပါလိမ့် (ဟိန့်ပဿကဲ့လို့ပါဘုရား)။

ဖြစ်မှဖြစ်ရပလေဗျာ....၊ သူများကတော့ အဝိဇ္ဇာနဲ့တဏှာလို့ ပြောကြတယ်၊ဘုန်းကြီးက ဟိန့်ပဿကဲ့လို့ဆိုတာ ခင်ဗျားတို့က မယုံဘဲနေမှာစိုးရတယ်....၊ အခုတော့ သေချာပြီ..(သေချာပါပြီဘုရား)။

ဟာဒီဓမ္မက ဖြစ်ပျက်၊ အနိစ္စက ခန္ဓာကိုယ်ထဲက ဝေဒနာက ခေါ်ခေါ်, စိတ်က ခေါ်ခေါ် သူကတော့ဖြင့် ဟိယ်ဟာခဲ့ပါဘဲ (မှန်ပါ့)ပဿက မလိုက်ဘူး...(မလိုက်ပါဘုရား) မလိုက်တော့ သူ့ဘက်မရှုမိတဲ့အတွက်တဲ့ တကာတကာမတို့ မရှုမိတော့ သတိမရဘူး....(မှန်ပါ့)။

သတိမရလို့ မေ့တာက အဝိဇ္ဇာ....(မှန်ပါ့) အဝိဇ္ဇာပစ္စယာ-(သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ....(ဝိညာဏံပါ) ဟိန့်ပဿမတဲ့မိတော့ တကာတကာမတို့ သံသရာရှည်ပေါ့.... (မှန်ပါ့) မရှင်းသေးဘူလား....(ရှင်းပါတယ်ဘုရား)။

ကိုင်း...ဒါဖြင့် ဒီအဝိဇ္ဇာတွေ, သင်္ခါရတွေ အသာထားစမ်းပါဦး....၊ ဟိ ခန္ဓာကိုယ်ထဲက ရုပ်ကခေါ်ခေါ်, နာမ်က ခေါ်ခေါ်၊ ဖေါက်ပြန်ပျက်စီးတာတွေက ခေါ်တဲ့ အခါကျတော့ ပဿဆိုပြီး ကျုပ်တို့က ဉာဏ်ကလေးနဲ့ရှုလိုက်တယ် ... (မှန်ပါ့) ပဿဆိုတာ ရှုတာဘဲ....(မှန်ပါ့ဘုရား)။

ရှုလိုက်သည်နဲ့ တပြိုင်နက်တည်း တကာတကာမတို့ မရှုမိတာလား....၊ ရှုမိတာလား....(ရှုမိတာပါ) ရှုမိတာသည် အဝိဇ္ဇာလား... ဝိဇ္ဇာလား....(ဝိဇ္ဇာပါဘုရား)။

ဝိဇ္ဇာလာတော့ ဟောဒီမှာ အဝိဇ္ဇာချုပ်တယ်.... (မှန်ပါ့) သင်္ခါရကော.... (ချုပ်ပါတယ်ဘုရား) ဝိညာဏ်ကော.... (ချုပ်ပါတယ်ဘုရား) အင်း....ဘာနဲ့ဘာ တဲ့မိလို့ပါလိမ့်.... (ဖေါနဲ့ပဲသာတဲ့မိလို့ပါဘုရား)။

ဟာ....နေရာကျပြီ ဦးမာဒင်ရေ.. (မှန်ပါ့) သံသရာပြတ်ချင်ယင် ဖေါနဲ့ပဲသာတဲ့ပါ....(မှန်ပါ့) သံသရာရှည်ချင်ယင်....(ဖေါနဲ့ပဲသာခဲ့ပါ) ဖေါနဲ့ပဲသာခဲ့ပါ၊ သဘောကျပလား.... (ကျပါပြီ) ဖေါနဲ့ပဲသာခဲ့လို့ကလို့ရှိယင်ဖြင့် သံသရာမဆုံးတော့ဘူး....(မှန်ပါ့ဘုရား)။

ဖေါနဲ့ပဲသာ တဲ့လို့ကလို့ရှိယင်ဖြင့် သံသရာအစက ပြတ်ပါတယ်....(မှန်ပါ့) မပြတ်ဘူးလား.... (ပြတ်ပါတယ်ဘုရား)။

ဩော်.... ဒို့ဆရာဘုန်းကြီး အခု ဓမ္မဂုဏ်တော်ထဲကနေပြီး သကာလ ဒီတရားကို ဒို့နားလည်အောင် ရှင်းလင်းပြီး ပြောလို့က်တဲ့အခါကျလို့ရှိယင် ဒို့သည်ကားလို့ဆိုယင်ဖြင့် ဖေါနဲ့ပဲသာမခဲ့ဘဲနေလို့ရှိယင်ဖြင့် ဒို့ကိစ္စပြီးတာဘဲ....(မှန်ပါ့)။

ခုနင်ကနောက်ထပ်အသေကော လာဦးမလား... (မလာပါ) ကိလေသာတိမ်သလာကော ဖုံးဦးမလား.... (မဖုံးပါဘုရား)။

ဩော် ဒါဖြင့် ဆုတောင်းလဲ မမှားတော့ဘူး၊ နောက်ခန္ဓာလဲမရတော့ဘူး....(မှန်ပါ့) ဘုရားလဲ အရှဲ့တိုက်ဘဲ့ဇာတ်သိမ်းပေါ့....(မှန်ပါ့) မသိမ်းသေးဘူးလား....(သိမ်းပါတယ်)အင်း.... ဘာနဲ့ဘာ တဲ့လိုက်တာပါလိမ့်.... (ဖေါနဲ့ပဲသာ တဲ့လိုက်တာပါဘုရား)။

တကာကြွယ် နိဂုံးချုပ်တော့ ဒီလာချုပ်တယ်.... (မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီ) ဘာနဲ့ဘာတဲ့ဘို့ အရေးကြီးသတုံး .... (ဟိန္နဲ့ ပဿတဲ့ဘို့အရေးကြီးပါတယ်ဘုရား)။

အခုတော့ တကာတကာမတွေက ဟိန္နဲ့ ပဿတဲ့တော့ တဲ့ပါရဲ့တဲ့၊ ခြင်ကိုက်တော့ ယားတဲ့နေရာကလေးတခု မရှိပေဘူးလား....(ရှိပါတယ်) ယားတဲ့နေရာကလေးက ကျုပ်ကိုဖျောက်ပေးပါလို့ မခေါ်လား.... (ခေါ်ပါတယ်) အဲ....ခေါ်တဲ့နေရာကျတော့ ခင်ဗျားတို့က လက်ကလေးနဲ့ဖြစ်စေ၊ ဒုတ်ကလေးနဲ့ဖြစ်စေ သွားတယ်... (သွားပါတယ်ဘုရား)။

အဲဒီကျတော့လဲ သွားပြန်တယ်.... (မှန်ပါ့) ဟိက=လာခဲ့ဆိုယင် ပဿကသွားပြီ၊ အဲဒီဘက်ကို....(မှန်ပါ့) ဥာဏ်နဲ့မသွားဘဲနဲ့ ဒေါသနဲ့သွား, တဏှာနဲ့သွားနေလို့ သံသရာရှည်တာ.... (မှန်ပါ့)ဥာဏ်နဲ့သွားယင်....(သံသရာတိုပါတယ်ဘုရား)။

ဒါဖြင့် ဦးမာဒင်တို့ ရှေးကဘာနဲ့မျှား သွားနေကြသလဲ.... (တဏှာနဲ့သွား, ဒေါသနဲ့သွားပါတယ်ဘုရား)။

ဟိကတော့ ခေါ်လျက်ဘဲ.... (ခေါ်လျက်ပါဘုရား)ပဿနဲ့ မသွားဘဲနဲ့ တကာဘကာမတို့ တဏှာနဲ့ ဒေါသနဲ့ မသွားဘူးလား (သွားပါတယ်ဘုရား) ဩော် ဒါ့ကြောင့် သံသရာရှည်နေတာ (မှန်ပါ့)။

တကာကြွယ် ယားတဲ့အခါကျတော့ ကိုက်, ကိုက်လွန်းလွန်းတယ်ကွာ၊ ယား-ယားလွန်းသွတယ်ကွာလို့ နင်းမျှား ဖျောက်

နေလိုက်တဲ့အခါ ပါသေးတယ် .... (ပါ-ပါတယ်ဘုရား) ဟိုက ခေါ်သကိုးဗျ....(မှန်ပါ့)။

ဒီနေရာ ယားတဲ့ဒုက္ခဝေဒနာက ခေါ်လိုက်တဲ့အခါ တကာ ကြွယ်က ဒေါသကြီးနဲ့သွားလိုက်တယ်... (သွားပါတယ်ဘုရား) မသွားဘူးလား....(သွားပါတယ်ဘုရား)။

ဩော်....ခင်ဗျား ခေါ်တော့,ခေါ်တယ် သွားတာက အလွဲနဲ့သွားနေတာကိုး(မှန်လှပါ)ကိုလေသာတိမ်သလာဖုံးပြီးသွားနေတာ....(မှန်ပါ့) ဥာဏ်နဲ့ သွားလိုက်လို့ရှိယင်ဖြင့် ဝေဒနာအနိစ္စသွားတွေ့မယ်.... (မှန်ပါ့) မတွေ့ပေဘူးလား.... (တွေ့ပါတယ်ဘုရား) ဒါဖြင့် တကာကြွယ် သွားတတ်ပလား.... (သွားတတ်ပါပြီဘုရား)။

တော်·တော်သေးတယ်၊ အခုသွားတတ်တာ အခု အသက်ခြောက်ဆယ်ကျော်မှ... (မှန်ပါ့) အလကား သွားတတ်နေတာ နဂိုရိတုန်းက... (မှန်ပါ့) နဂိုရိတုန်းသွားကို သွားတတ်တာမဟုတ်ဘူး....(မဟုတ်ပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ သွားတတ်ပေ....၊သွားတတ်ပေ-ဆိုတာ အခုမှ ကိုက်ပေတော့တယ်... (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အံ့မာလေး.... မနည်းမှ မနည်းပြောရပါလား.... (မှန်ပါ့) တကာကြွယ်ရေ အတော်ပြောရခက်နေတယ်ဗျ.... (မှန်ပါ့)။

လူကြီးတွေလဲပြောရပြန်၊နဂိုရိုးလဲ မသွားတတ်ပြန်ဆိုတော့ (မှန်ပါ့) အခုတော့ဖြင့် တကာတတကာမတို့ ဥာဏ်နဲ့ သွားပါ

ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) ဘာနဲ့သွားရမလဲ... (ဥာဏ်နဲ့ သွားရပါမယ်ဘုရား)။

ကဲ... ဦးမာဒင်တို့ သွားတတ်ပလား....(သွားတတ်ပါပြီ) အင်း.... နဂိုရိုက လေးဘက်သွားဟာ အခု နှစ်ဘက်သွားတော့ ဖြစ်လာပြီ တော်ခတော်ခနရွာကျလာပြီ.(မှန်ပါ့)တော်တော်နေရာ ကျလာပြီ....။

တကာတကာ့မတို့ ငယ်ငယ်တုန်းက လေးဘက်သွားကခလေး ဟာ ဘာမှမသိဘူး၊တော်တော်ကြာ နှစ်ချောင်းသွား- သွားမယ် ဆိုတော့ အမေမိဘများက ပြုံးရှာကြတယ်... (မှန်ပါ့) ဘာဖြစ် လို့လဲ... ၊ သွားတတ်လာလို့.....(မှန်ပါ့)။

ဒီမှာလဲ ဆရာသမားနဲ့တကွ ဘုရားရှင်က သြော်.... ငါ၏ တပည့်သာဝကတွေသည်ကားလို့ ဆိုယင်ဖြင့် အခု ဟော နောက်ကို ပဿဒ္ဓိက်တတ်ပြီ....(မှန်ပါ့)။

သွားတတ်ပြီ.... သွားတတ်ပြီ... ၊ ဟိခေါ်ရာကိုပဿနဲ့သွား တတ်ပြီဆိုတော့ တကာသစ်ရေ ဝမ်းသာရတယ်.... (မှန်ပါ့ ဘုရား)။

နဂိုရိုက ဒေါသနဲ့သွားတာ.... (မှန်ပါ့) လောဘနဲ့ခေါ.... (သွားပါတယ်ဘုရား)။

အင်း... ခေါ်တော့ ခေါ်တာဘဲ....၊ သွားတာက အသွားက မတတ်တော့ အပါယ်လေးပါးသွားချည့်ဖြစ်နေတယ်.... (မှန်ပါ့) အခုတော့ဖြင့် နိဗ္ဗာန်သွား- သွားတတ်ပါပြီ.... (သွားတတ်ပါပြီ ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာသုံးပါးက ခေါ်ချင်ရာက ခေါ်ပါလိမ့်မယ်(မှန်လှပါ)သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာ ဝေဒနာတွေရယ်လို့ ဝေဒနာတွေကဖြင့် ဦးမာဒင် ခေါ်ချင်ရာက ခေါ်မှာဘဲ.... (မှန်ပါ့) ခေါ်ချင်ရာက ခေါ်လို့ရှိယင်ဖြင့် ဒေါသနဲ့ မသွားနဲ့, လောဘနဲ့ မသွားနဲ့,ဥာဏ်နဲ့သာသွားလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ဥာဏ်နဲ့သွားတဲ့အခါကျတော့ ဩဇာ. ကိုယ်လဲဒီနေရာရောက်ပါရော ဟိုကလဲမရှိပါဘူး....(မှန်ပါ့) ဒါဖြင့် မရှိတာက အနိစ္စ၊ သွားတာက မဂ္ဂ (မှန်ပါ့)။

မရှိတာ... (အနိစ္စပါ) ဥာဏ်နဲ့သွားလိုက်ဘာက.... (မဂ္ဂပါဘုရား)။

ဒါဖြင့်.... ဒီလိုသွားလို့ရှိယင် မဂ်ဖိုလ်ဟာ တကာကြွယ်ဆုတောင်းယူတာလား....၊ ဟိနောက် ပဿလိုက်တာနဲ့ ရဘာဘဲလား.. (ဟိနောက် ပဿလိုက်တာနဲ့ ရတာပါဘုရား) ဟိနောက် ပဿလိုက်တာနဲ့ရတယ်ဆိုတာ တကာသစ်ရေ. သေချာပါပြီဗျာ... (သေချာပါပြီဘုရား)။

ဒါဖြင့်ကျုပ်တို့နဂိုရှိက အလိုက်လဲ, အသွားလဲ, အနေလဲနေတာကိုး... (မှန်ပါ့) အခုလိုဥာဏ်နဲ့သာ သွားလိုက်မယ်ဆိုလို့ရှိယင်ဖြင့် ဒါ အနိစ္စနဲ့, မဂ္ဂနဲ့ တန်းနေတာဘဲ.... (မှန်ပါ့) ဒီဘက်က အနိစ္စ၊ ဒီဘက်က....(မဂ္ဂပါဘုရား)။

ဒီဘက်က ခုနင်ကပြောခဲ့တဲ့ တဏှာဥပါဒါန်ကံဒတွေကျုပ်ဘာက တဏှာနိရောဓမဖြစ်ဘူးလား... (ဖြစ်ပါတယ်) တဏှာနိရောဓ

ဆိုတတည်းက ဒီဘက်က နောက်ခန္ဓာမလာမည့် နိဏောဓမဖြစ်သေးဘူးလား .. (ဖြစ်ပါတယ်) ဒါဖြင့် သစ္စာလေးပါး မကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

ဟိုက ဒုက္ခသစ္စာ၊ ပဿက မဂ္ဂသစ္စာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)သူ့နောက်က မလိုက်တာက သမုဒယချုပ်တာ.... (မှန်ပါ့) သမုဒယချုပ်ခြင်းကြောင့် ငြိမ်းခုမ်းတာက ဒုက္ခသိမ်းတာ .. (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒီလိုရှုမယ်ဆိုလို့ရှိယင်ဖြင့် ဦးမာဒင်ရေ သစ္စာလေးပါးဟာတချက်တည်းရှုလိုက်ယင် လေးပါးဖြစ်တာဘဲ....(မှန်ပါ့) တကာကြယ် နေရာကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ဟိနောက် ဘာနဲ့လိုက်မယ်-(ပဿနဲ့လိုက်ရပါမယ်) ပဿနဲ့လိုက်-လိုက်တော့ ဟိက ဘာသစ္စာ.... (ဒုက္ခသစ္စာပါ) ပဿက... (မဂ္ဂသစ္စာပါ) ပဿက ဖြတ်တောက်သားလိုက်ဘာက (သမုဒယသေတာပါ) သူ- ဖြတ်တောက်ထားလိုက်တဲ့အကွက် နောက်ခန္ဓာမလာတာက .. (နိဏောဓသစ္စာပါဘုရား)။

နိဏောဓသစ္စာဆိုတော့ တကာသစ် ဒီအတိုင်း ခေါ်ရာသာ ဟိနောက်ကို ပဿလိုက်ပြီး ရှုနေမယ်ဆိုယင်ဖြင့် သမုဒယချုပ်၍ ဒုက္ခသိမ်းပါတယ်ဆိုတဲ့ဥစ္စာ ငြင်းခုန်လိုသေးသလား.... (မလိုပါဘုရား) ကဲ .. သဘောကျကြပလား... (ကျပါပြီဘုရား)။

ကိုင်း....ယခုနဲ့ ဒီတွင်တော်ကြပါဦးစို့.... ၊

သာဓု....သာခု....သာဓု ..

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော
(ကိလေသာမြူ ဖယ်နည်း နိဿယည်း)

နေ့အလုပ်ပေး-တရားတော်

(၁၃-၉-၆၁)

မနေ့ကပြောခဲ့တဲ့တရားမှာ တကာတကာမတွေ ဆုတောင်းမှားတာလဲ ပညာမျက်စိပေါ်၌ ကိလေသာမြူတွေ ဖုံးနေလို့ ဆုတောင်းမှားတယ်လို့ အားလုံးဘဲ ပြောခဲ့တယ်နော်....(မှန်ပါ့ဘုရား)။

ဆုတောင်းမှားတာ ပညာမျက်စိပေါ် ကိလေသာမြူတွေ ဖုံးနေတာနဲ့ တောင်းမိတောင်းရာ တောင်းပြီးသကာလ ဗဟုတ်တာဒုတ္ထ အရယူချင်တဲ့ သဘောတွေသိပ်များနေတယ်....(များပါတယ်ဘုရား)။

အဲဒါ ပညာမျက်စိပေါ်၌ ကိလေသာမြူတွေက ဖုံးပြီးနေတဲ့အတွက် ဖြစ်ရပါတယ်....(မှန်ပါ့ဘုရား)။

တခါ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ ခန္ဓာကိုယ်ထဲ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်, အသုဘအချက်, ဒုက္ခသစ္စာ အချက်အလက်တွေကို မမြင်တာလဲ ဘာ့ကြောင့်တုံးလို့

တွေးလုံးထုတ်သို့ရှိယင်ဖြင့် ပညာစိတ်ပေါ် ကိလေသာမြူတွေ ဖုံးနေလို့ဘဲ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ပညာမျက်စိပေါ် ကိလေသာမြူ ဖုံးသ၍ ကာလ ပတ်လုံးဖြင့် ဆုတောင်းလဲ မမှန်ပေါ့ဗျာ....(မှန်ပ!)အမြင်းကာ-(မမှန်ပါ့ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့၌ မျက်မမြင်လမ်း သွားဖြစ်နေမှာဘဲ... (မှန်ပါ့) မျက်မမြင်လမ်း သွားဖြစ်ခဲ့သော် ဘုန်းကြီးတို့ တကာတကာမတွေ့၌ အပါယ်လေးပါး တည်းဟူသော ချောက်ကျင်းတွေဟာဖြင့် လွတ်စရာ, ကျွတ်စရာ မရှိဘူးဆိုတာ မှတ်ရတော့မယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့၌ ကိလေသာမြူဖုံးပိုကို ယခုနဲ့ ကိလေသာမြူဖယ်နည်း နိဿယည်းကိုဘဲ တကာကြွယ်တို့ မှတ်သားရတော့မယ်နော်....(မှန်ပါ့)။

ပညာမျက်စိပါ၌ ကိလေသာမြူဖုံးတယ်ဆိုတာ မြူကလဲ နည်းတာမဟုတ်ဘူး.... (မှန်ပါ့) မြူဘယ်နှစ်မျိုးရှိသတုံး....လို့ ဘုန်းကြီးတို့ တကာဘကာမတွေ့ မှာဘ်ချင်ကြလို့ရှိယင် မြူ ငါးမျိုးရှိတယ် မှတ်ရမယ်....(မှန်ပါ့ဘုရား)။

လောဘဆိုဘဲ့ တရားဟာလဲတဲ့ တကာတကာမတို့၏ ဥာဏ်မျက်လုံးပေါ်၌ ဖုံးအုပ်တတ်တဲ့ တိမ်သလာတမျိုးလို့ မှတ်ပါ.... (မှန်ပါ့ဘုရား)ဒေါသဆိုတဲ့တရားတခုဟာလဲဥာဏ်မျက်စိပေါ်မှာ တိမ်သလာဖုံးတဲ့တရားတမျိုးလို့ဘဲ့ မှတ်လိုက်ပါ _ (မှန်ပါ့ဘုရား)။

ဘယ်နှစ်မျိုးရှိသွားပလဲ.... (နှစ်မျိုးရှိသွားပါပြီဘုရား) ထိန မိဒ္ဓဆိုတဲ့ နှစ်ခုတဲ့ဟာလဲ တကာတကာမတို့ သူတို့က လာလို့ ရှိယင် နှစ်ခုတဲ့တဲ့ပြီးလာတယ် (မှန်ပါ့) အဲဒီ ထိနမိဒ္ဓဆိုတာ ကိုယ့် စိတ်မနိုင့်,ကိုယ့် စေတသိက်မနိုင်တာဘဲ၊ ဤမနိုင်တဲ့ ထိနမိဒ္ဓဆိုတဲ့ တရားနှစ်မျိုးဟာလဲ ပညာမျက်စိပေါ်၌ ဖုံးနေတဲ့ ကိလေသာမြူတမျိုးလို့ မှတ်လိုက်စမ်းပါ.. (မှန်လှပါ) ဘယ်နှစ်မျိုးရပလဲ.... သုံးမျိုးရပါပြီဘုရား)။

တခါ သွားပါဦး.. တဲ့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မဟာဝဂ္ဂသံယုတ်မှာ မြူငါးမျိုးရှိဘယ်ကွ၊အဲဒီမြူငါးမျိုးမပယ်နိုင်သ၍, မရှင်းနိုင်သ၍လဲ ဆုံးတောင်းမှားကြီးက လာနေဦးမှာဘဲ....(မှန်လှပါ) တကယ့်မြင်ကောင်းတဲ့ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတွေလဲ မမြင်အောင် ဖုံးဦးမှာဘဲ.... (မှန်ပါ့) နိဗ္ဗာန်ကိုလဲ ကန့်ကွက်ဦးမှာဘဲ.. တဲ့.... (မှန်ပါ့ဘုရား) ဆိုးတော့ တကာတကာမတို့ အင်မတန် ကြောက်စရာကောင်းတဲ့ တရားဘဲလို့ ဆိုရမယ်နော်... (မှန်ပါ့)။

တနည်းက ဘာပါလိမ့်မတုံးဆိုးတော့ စတုတ္ထဈာန်ကတော့ ကိုတဲ့ ဥဒ္ဓစ္စဆိုတဲ့ စိတ်၏ ပျံ့လွင့်မှု, ကုက္ကုစ္စဆိုတဲ့ သံသယရှိမှု (မှန်ပါ့) ဤနှစ်ခုသည်လည်း တကားတကာမတို့ ခန္ဓာကိုယ်ထဲမှာ ပညာမျက်စိကို တိမ်သလာဖုံးတဲ့ အကုသိုလ်နီဝရဏတရားတွေဘဲလို့ မှတ်လိုက်ဦးမ်းပါ....(မှန်ပါ့) ဥဒ္ဓစ္စ ကုက္ကုစ္စ နော်.... (မှန်လှပါဘုရား)။

ဝိစိကိစ္ဆာကတော့ တကာတကာမတို့ သူ တခုတည်းနဲ့ဘဲ ပညာမျက်စိပေါ်မှာ ကိလေသာဆိုတဲ့ မြူတခုတည်း ဖုံးတာနဲ့ဘဲ

ဆုတောင်းလွဲကိုလဲ အားထုတ်တတ်ပါတယ်....(မှန်ပါ့) လက္ခဏာရေးသုံးပါးကိုလဲ ဖုံးအုပ်ဘတ်ပါဘယ် ... (မှန်ပါ့) နိုင္ဗာန်ကိုလဲ မမြင်အောင် ကန့်ကွက်တတ်ပါတယ်.... (မှန်ပါ့) ဒါ့ကြောင့် ဝိဝိကိစ္ဆာလဲ နီဝရဏတရားလို့ ဆိုလိုက်ပါ ...(မှန်ပါ့)။

ဒါဖြင့် တိမ်သလာ ဘယ်နှစ်မျိုးရှိပါလိမ့် ... (၇ ါးမျိုးပါ့ဘုရား) ၇ ါးမျိုးရှိတယ်လို့ တကာကြွယ်တို့ ဦးမာဒင်တို့ သေခဿ ချာချာ မှတ်ရလိမ့်မယ်....(မှန်ပါ့)။

ဩော်.... ဒို့သည်ကားလို့ဆိုယင် တသံသရာလုံး အမြင်မှားတွေ့ အမှတ်မှားတွေ့ ဆုတောင်းလွဲတွေ့ နိုင္ဗာန်နဲ့ အလွဲကြီးဖြစ်ခဲ့ရတာတွေ့ လက္ခဏာရေးသုံးပါးကို ဖုံးအုပ်ပြီး သကာလထားခဲ့လို့ အကန်းဖြစ်ခဲ့ရတာတွေ့သည် ဘယ်နှစ်မျိုးမျှား ပိတ်ပင် ဆည်းတားထားလို့ ပါလိမ့်မလဲလို့ တကာတကာမတွေ့က အမေးထုတ်လို့ ရှိယင်ဖြင့် ဒီ ၇ ါးမျိုးလို့ မှတ်လိုက် .. (မှန်ပါ့)။

ဩော်.... ဒါဖြင့် တကာတကာမတို့ ဒီ ၇ ါးမျိုးဟာ အလွန်ကြောက်စရာကောင်းတဲ့ ၇ ါးမျိုးဘဲဆိုတာ ဦးမာဒင်တို့ သေသေချာချာမှတ်ရမယ်....(မှန်ပါ့)။

ကဲ....တကာတကာမတွေ့ လောဘဟာလဲ တကာတကာမတို့ ပညာမျက်စိပေါ် ဖုံးတတ်တဲ့ တိမ်သလာတမျိုး....(မှန်ပါ့ဘုရား) ဒါ့ကြောင့် သူ့ကို နီဝရဏလို့ ခေါ်လိုက်ပါတယ်.... (မှန်ပါ့) ကာမစ္ဆန္ဒနီဝရဏ....(မှန်လှပါ) သဒ္ဓေဘာကျပလား.... (ကျပါပြီဘုရား)။

ဒေါသဆိုတဲ့တရားဟာလဲ တကာဘကာမတို့ ပညာမျက်စိပေါ်မှာ ဖုံးတဲ့ တိမ်သလာတမျိုးဖြစ်လေသောကြောင့် ဗျာပါဒနီဝရဏ ဖုံးလွှမ်းတတ်တဲ့ နီဝရဏ-ကွ....လို့ ဘုရားက ဟောတော်မူပြန်တယ်... (မှန်ပါ့) နှစ်မျိုးရှိသွားပြီ.... (မှန်ပါ့)။

တကာတကာမတွေ တော်တော်ကြာငိုက်လိုက်, တော်တော်ကြာ မျည်းလိုက်, အိပ်ချင်လိုက်, ငိုက်မျည်းတဲ့စိတ်တွေဟာလဲ ပညာမျက်စိပေါ်မှာ ဖုံးတဲ့ နီဝရဏတမျိုးကွ-ကိုးလသာဘဲ.. တဲ့ (မှန်ပါ့ဘုရား) ဘယ်နှစ်မျိုးရှိသွားပလဲ.... (သုံးမျိုးရှိသွားပါပြီဘုရား)။

ဥဒ္ဓစ္စ=စိတ်ကလေးဟာ ထားရာမနေဘဲနဲ့ ပျံ့လွင့်ပျံ့လွင့်သွားတယ်၊ ကုက္ကုစ္စ=ပြုအပ်ပြီးသော ဒုစရိုက်, မပြုရသေးသော သုစရိုက်ကိုလဲ အဖန်တလဲလဲ အောက်မေ့နေခြင်းသည်ကားလို့ ဆိုလို့ရှိယင် ပညာမျက်စိပေါ်မှာ ကိလေသာမြူ ဖုံးခြင်းကြောင့် မဂ်ဖိုလ်နိဗ္ဗာန် ပိတ်ပင်တတ်သောကြောင့် နီဝရဏတရားကွ လို့ ဟောလိုက်ပြန်တယ်.... (မှန်လှပါ) ဘယ်နှစ်မျိုးရှိသွားပလဲ.... (လေးမျိုးရှိသွားပါပြီဘုရား) လေးမျိုးရှိသွားပြီဆိုတာ သတော ကျပလား.... (ကျပါပြီ)။

ဝိစိကိစ္ဆာဆိုတာကတော့ သံသယ၊ ရှေ့တက်မည်ကြံ-နောက်တလှမ်းဆုတ် ... (မှန်လှပါ) ရှေ့တက်မည်ကြံ- နောက်တလှမ်းဆုတ်-ဆိုတော့ တကာသစ်,ရေ.... ရောက်စရာမြင်သေးရဲ့လား.... (မမြင်ပါဘုရား) သွားလိုရာခရီး အပြီးတိုင်ရောက်ဘို့ ဝေးပါသေးရဲ့.....(မှန်ပါ့)။

အဲဒီ နိဝရဏတရားသည်ကား.. လို့ ဆိုလို ရှိယင်ဖြင့် ပညာမျက်စိပေါ်ဦးကိလေသာတိမ်သလောဖုံးတယ်ဆိုတာ ဒီတိမ်ငါးမျိုးကို ဆိုပါတယ်....(မှန်ပါ့)။

မနေ့က ဉာဏ်မျက်စိပေါ်ဦး ကိလေသာတိမ်သလော ဖုံးပြီး မဟာရင်ကွဲပုဂ္ဂိုလ်၊ မျှားစွာသော မြူတွေ ဖုံးနေတဲ့ ပုဂ္ဂိုလ်၊ ဒါ့ကြောင့် ဆုတောင်းလဲ ဒုက္ခသစ္စာတွေ့ချည့် တောင်းယူကြ၊ မတောင်းကောင်းတာတွေ့တောင်း၊ မရထိုက်တာတွေ့ရလာကုန်တော့မှ ကိုယ်ကျိုးနည်းပေါ့-ဆိုပြီးသကာလ ကိုယ့်ဟာကိုယ် နောင်တ, ရတာတွေ့ဟာ... တဲ့ ပညာမျက်စိပေါ်မှာ ဖုံးနေတဲ့ ကိလေသာမြူတွေ့ကြောင့်ဘဲ....(မှန်လှပါ)။

ယနေ့ ကိလေသာမြူ ဘယ်နှစ်မျိုးတွေ့ရပါလိမ့်.... (ငါးမျိုးတွေ့ရပါတယ်ဘုရား) နေရာကျပြီ၊ ဒါဖြင့် ဦးမာဒင်တို့ နေရာကျပါပြီ.... (မှန်ပါ့ဘုရား) ဒီငါးမျိုးကို ဘုန်းကြီးက ဖယ်နည်းရှားနည်း နီဿယနည်းနဲ့ ပြောလိုက်ရ, ဟောလိုက်ရလို့ ဘုရား သခင်ကိုယ်တော်မြတ်ကြီး နည်းယူပြီးသကာလ ဆုံးမတော်မူတဲ့ အတိုင်း ဟောရ, ပြောရလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ဉာဏ်မျက်စိနှစ်ကွင်း အလင်းရတော့မယ်....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဉာဏ်မျက်စိနှစ်ကွင်း ယနေ့ အလင်းရတော့မယ်၊ အလင်းရလို့ ရှိယင် အဆိုးနဲ့အကောင်း ရွေးတတ်ပြီ (မှန်ပါ့) အဆိုးနဲ့အကောင်း ရွေးတတ်လို့ ရှိယင်ဖြင့် အဆိုးဖယ်၍ အကောင်းကို

သုံးဆောင်ရတော့မည့်နေ့ဘဲဆိုတဲ့ဥစ္စာ တကာကြွယ့်ရေ-မင်္ဂလာ ရှိတဲ့နေ့လို့ မှတ်ပါ....(မှန်ပါ့)။

ဘာ့ကြောင့် ဒီနေ့ မင်္ဂလာရှိတဲ့နေ့လို့ ပြောရပါလိမ့်မတုံး၊ "ကာလေန ဓမ္မဿဝနံ ဇေတံ မင်္ဂလမုတ္တမံ" ကိုး... (မှန်ပါ့ဘုရား) ကာဇလန=လျှောက်ပတ်တဲ့အခါကာလ၌၊ ဓမ္မဿဝနံ=တရားနာရခြင်းသည်၊ ဇေတံ=ကျိုတရား နာမှုသည်၊ မင်္ဂလံ = အကြီးဆုံးသော နိဗ္ဗာန်ရောက်ကြောင်း မင်္ဂလာပါတည်း....တဲ့.... (မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီနေ့ မင်္ဂလာရှိတဲ့နေ့ဆိုတာ တရားထူး-တရားမြတ် နာရတဲ့နေ့မို့ မင်္ဂလာရှိတဲ့နေ့လို့ မှတ်ပါ-(မှန်ပါ့ဘုရား) တကာကြွယ် ဘာနေ့ပါလိမ့်ဗျာ.... (မင်္ဂလာရှိတဲ့နေ့ပါဘုရား)။

"ကာလေန ဓမ္မဿဝနံ၊ဇေတံ မင်္ဂလမုတ္တမံ" ဆိုတော့ ခင်ဗျားတို့ရ,ထားကာက အန္တရာယ်ကင်းရ,ထားတာ.... (မှန်ပါ့) ယနေ့ဟောမှာကတော့ ကာလေန ဓမ္မဿဝနံ၊ကာဇလန=လျှောက်ပတ်တဲ့အခါကာလ၌၊ ဓမ္မဿဝနံ= တရားတော်ကို နာရခြင်းသည်၊ အတ္ထိ=ရှိ၏၊ ဇေတံ= ကျိုတရားနာမှုသည်၊ ဥတ္တမ = မြတ်သော၊ မင်္ဂလံ=မင်္ဂလာမည်၏လို့ ဆိုဇသောကြောင့် ဩဿာ....ဒို့နိဝရဏ တရားကို ဖယ်ရှားရမည့်တရား နာရမည့်နေ့ဖြစ်သောကြောင့် ယနေ့သည်ကားလို့ ဆိုယင် နိဗ္ဗာန်တည်းဟူဇသာ မင်္ဂလာသည် ငါတို့၏ဥာဏ်ဘဝမှာဖြင့် အဆောက်ပို့တော့ မှာဘဲဆိုတာ တကာသစ်ရေ- ထင်ရှားသွားပြီ.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဒီနေ့ဘာနေ့တုံးလို့ ဆိုလို့ရှိယင်ဖြင့် မင်္ဂလာရှိတဲ့နေ့....(မှန်ပါ့ဘုရား)။

တကယ်ကြည် ဘာနေ့တုံး... (မင်္ဂလာရှိတဲ့နေ့ပါ)"ကာလေန ဓမ္မဿဝနံ၊ တေံမင်္ဂလမုတ္တမ"ဗျာ....(မှန်ပါ့) ဒီပါဠိ ခင်ဗျားတို့ ရပါတယ် တကာကြည်တို့....(မှန်ပါ့ဘုရား)။

ဘာတဲ့တုံးဗျာ.... (ကာလေန ဓမ္မဿဝနံ၊ တေံမင်္ဂလမုတ္တမံပါ ဘုရား)။

အဲဒါ ရဿာရထားတာကိုး၊ ရတဲ့အတိုင်း ဒီနေ့ငါမင်္ဂလာရှိ-မရှိ တွေးမှမတွေးဘဲ....(မေးတွေးပါ) တွေးလိုက်တဲ့ အခါကျတော့ဖြင့် သြော်... ဒီနေ့ တရားထူး တရားမြတ်နားတာ၊ သြော်... ဒီနေ့ဖြင့် မင်္ဂလာရှိတဲ့နေ့၊ မင်္ဂလာဆိုတာသည် ဟကာတကာမဟု"မင်္ဂံပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ"ဆိုတဲ့အတိုင်း မနကောင်းတဲ့ဟာတွေ ဖြတ်ပြီးသကာလ ကောင်းတာတွေသာ ကိုယ့်သန္တာန်၌ရောက်တဲ့နေ့ . (မှန်ပါ့)ဒါကြောင့် မင်္ဂလာရှိတဲ့နေ့ဆိုတာဦးလှဘူးပေါ့ပြီ (ပေါ့ပါပြီ)သဘောကျပလား....(ကျပါပြီဘုရား)။

သြော်... ဒို့သည်ကားလို့ဆိုယင်ဖြင့် နဂိုရှိတုန်းက သုံးနှုန်းပြီး သကာလ နေလိုက်ကြတယ်၊ "ကာလေန ဓမ္မဿဝနံ တေံမင်္ဂလမုတ္တမ" အရှင်ဘုရား-ဆွမ်းဘုဉ်းပေးပြီး မင်္ဂလသုတ်ကာလးများ ချီးမြှောက်ခဲ့ပါဘုရာ့....(မှန်ပါ့ဘုရား)။

ဘာဖြစ်လို့တုံးဓမ်းတော့ တပည့်တော်တို့ မင်္ဂလာရှိအောင်လို့ (မှန်ပါ့) အမင်္ဂလာတွေ ပြေးအောင်လို့....(မှန်ပါ့) ဟာ-သူများရွတ်ဓပေးတာပါကလား တကာတကာမတို့....(မှန်ပါ့)

အင်း....ကိုယ့်ဟာကိုယ် မင်္ဂလာရှိအောင်လုပ်တာ ဟုတ်ကဲ့လား.... (မဟုတ်ပါဘုရား)။

ဟာ....ဦးမာဒင် ဒီတွင်လဲကုန်ပြီ....(မှန်ပါ့) လဲကုန်ပြီ-လဲကုန်ပြီ.... (မှန်ပါ့) တကာကြွယ်တော့လဲ မင်္ဂလသုတ်ကလေးတွေ ချီးမြှောက်ခဲ့ပါဘုရားလို့ ဆိုလိုက်တယ်နော်.... (မှန်ပါ့ဘုရား)။

ကြည့်....သူဆိုထားတာက "ကာလေန ဓမ္မဿဝနံ၊ တေမင်္ဂလမုတ္တမ"... (မှန်ပါ့)ကာလေန=လျောက်ပတ်တဲ့အခါ၌၊ဓမ္မဿဝနံ တရားနာခြင်းသည်၊ တေ=ဤတရားနာခြင်းသည်၊မင်္ဂလံ=မင်္ဂလာဘဲဆိုတော့ နို့တရားမှမနာဘဲနဲ့ ခင်ဗျားတို့ မင်္ဂလာဖြစ်ပါ့မလား (မဖြစ်ပါ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

အံမာလေး .... တရားမှမနာဘဲနဲ့ တပည့်တော် မင်္ဂလာရှိအောင် လုပ်ပေးခဲ့စမ်းပါဘုရားဆိုတော့ တကာကြွယ်မို့ လျောက်ရပါပေတယ်ဗျာ....(မှန်ပါ့) နှုတ်ရပြီး လျောက်တာပါဘဲ.... (မှန်ပါ့ဘုရား)။

တကယ်ကတော့ ကိုယ်လုပ်ရမှာလား- သူမျှားပေးတာ ယူရမှာလား... (သူမျှားပေးတာ ယူရမှာပါ) ကိုယ်တိုင်လုပ်ရမည့်အလုပ်- သူမျှားပေးတာယူမယ်ဆိုတော့ တကားကြီး ဦးမာဒင် ရနိုင်ပါ့မလား....(မရနိုင်ပါဘုရား)။

မရနိုင်တာကြီးကိုဘဲ တကာကြွယ်တို့က နှုတ်သီးကောင်း၊လျှာပါးနဲ့ ဟင်-အရှင်ဘုရားတို့ မင်္ဂလသုတ်ကလေး ချီးမြှောက်ပေးခဲ့စမ်းပါဦးဆိုတဲ့ အဓိပ္ပါယ်ဟာဖြင့် "ကာလေန ဓမ္မဿဝနံ၊ တေမင်္ဂလမုတ္တမ"ဆိုတော့ ကိုယ်တိုင်တရားနာယင် ကိုယ်တိုင်မင်္ဂလာ

ရှိတယ်ဆိုတဲ့အဓိပ္ပါယ်ရောက်တယ်... (မှန်ပါ့) ဘာမင်္ဂလာတုံးလို့ မေးခွန်းထုတ်တဲ့အခါကျတော့မှ သြော်.... တရားနာရတဲ့ အခါကျတော့ကို မှတ်မိတယ်....(မှန်ပါ့ဘုရား)။

တရားနာရတော့ ဘာဖြစ်သတုံး ... (မှတ်မိပါတယ်)မှတ်မိတော့ ကျင့်ဖြစ်တယ်... (မှန်ပါ့) ကျင့်ဖြစ်တော့ နိဗ္ဗာန်ရတယ်.... (မှန်ပါ့)အဲဒါမင်္ဂလာဘဲ.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

တရားနာတော့ ဘာဖြစ်သတုံး....(မှတ်မိပါတယ်) အဲ .... မှတ်မိယင် မင်္ဂလာဝင်လာတယ်.... (မှန်ပါ့) တော်တော်ကြာကျတော့ ကျင့်တဲ့မင်္ဂလာကော....(ဝင်လာပါတယ်) "ဒါနဥ္စ ဓမ္မစရိယာ"ကိုးဗျ....(မှန်ပါ့)တရားလဲကျင့်ရမယ်ဆိုတယ်....(မှန်ပါ့) အဲဒါမှမင်္ဂလာကိုး... (မှန်ပါ့ဘုရား)။

အဲဒီတော့ တရားနာရင်ကော့ မှတ်မိတယ်၊ မှတ်မိတော့ကျင့်ဖြစ်တယ်(မှန်ပါ့) ကျင့်ဖြစ်တဲ့အတွက်ကြောင့် အို,နာ,သေ သိမ်းတဲ့ နိဗ္ဗာန်ကို(ရပါ၏တယ်) ရတယ်လို့မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ မင်္ဂလာဘဲတဲ့... (မှန်ပါ့)ဆိုတော့ မင်္ဂလာသုတ်ရွှေကျင်ကြည့်တဲ့အခါကျတော့ တကာကြွယ်တို့သိတဲ့အတိုင်း၊ ဦးမာဒင်တို့သိတဲ့အတိုင်း၊ တကာသစ်တို့သိတဲ့အတိုင်း တရားနာမှမှတ်မိမယ်၊ မှတ်မိမှ ဒါနဥ္စ ဓမ္မစရိယာဆိုတာ လာမယ်... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ဒီသိမှုတက်မှ နိဗ္ဗာန်မင်္ဂလာမရဘူးလား ... (ရပါတယ်ဘုရား)။

ဒါ့ကြောင့်"တပေါစ ဗြဟ္မစရိယဉ္စ"လို့ မလာဘူးလားဗျာ (လာပါတယ်) မြတ်သောအကျင့်ကို ကျင့်ရမယ်ကွ.... (မှန်ပါ့) "အရိယသစ္စာန ဒဿနံ"တဲ့၊ အရိယာတို့၏ အမြင်ဖြစ်အောင်လဲ ခင်ဗျားတို့အားထုတ်တဲ့ ဉာဏ်ကနိဗ္ဗာန်မြင်အောင် လုပ်ပါတဲ့.... (မှန်ပါ့)ဒါမှ'တေမင်္ဂလမုတ္တမ" ဖြစ်မယ်လို့ မဆိုဘူးလား .... (ဆိုပါတယ်)ဒါဖြင့် ကိုယ်တိုင်လုပ်ယူရမှာချည့်ဘဲ... (မှန်ပါ့) အင်္ဂါးနဲ့ဘာ့ .. (မရပါဘုရား)။

ဟာ့....တကာကြွယ်တို့၊ ဦးမာဒင်တို့က နဂိုရိကအင်္ဂါးကြိုက်နေတာ ခက်လိုက်တာ ... (မှန်ပါ့) ဘယ့်နှယ်တုံး တကာသစ်က အင်္ဂါးဘက်ကဘဲလား အင်္ဂါးဘက်ကတော့ မလုံးပါနဲ့၊ ကိုယ်တိုင်လုပ်ရမှာဆိုတာ သေချာကြပလား... (သေချာပါပြီဘုရား)၊

ဘာလုပ်ရမယ်... (ကိုယ်တိုင်လုပ်ရပါမယ်ဘုရား)တကဲာကြွယ်နောက် အင်္ဂါးဝါသနာပါလို့တော့ မဖြစ်ဘူးပေါ့ဗျာ (မှန်ပါ့ဘုရား)။

ကိုယ်တိုင်လုပ်ရမည့်ဥစ္စာ အင်္ဂါးယူလို့ရှိယင်ဖြင့်တဲ့ တကာတကာမတို့ ကိုယ့်ဝမ်းထဲရှိတဲ့ ကိလေသာငှါးပြီးသကာလ ရှင်းပေးစမ်းပါဆိုလို့တော့ မဖြစ်ပါဘူး....(မဖြစ်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ဝမ်းထဲရှိတဲ့ကိလေသာ ကိုယ့်ဉာဏ်နဲ့ကိုယ်ရှင်းရမယ်... (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ကိုယ့်ဝမ်းထဲရှိတဲ့ ကိလေသာ ကိုယ့်ဉာဏ်နဲ့ရှင်းရပါမယ်ဘုရား)။

ကိုယ့်ဉာဏ်နဲ့ ကိုယ်ရှင်းရမယ် ဆိုတာဖြင့် တကာသစ်ရေ့ဒီမက်လသုတ်ကဘဲ ပြောပါတယ်.... (မှန်ပါ့) တဖေါ်စ=ခြိုးခြံသောအကျင့်, ကျင့်ရမယ်ဆိုတာ သူများကျင့်ရမှာလား....ကိုယ်ကျင့်ရမှာလား....(ကိုယ်ကျင့်ရမှာပါဘုရား)။

ဓမ္မစရိယဥ္စ=မြတ်သောမဂ္ဂင်အကျင့် ကျင့်ရမယ်ဆိုတာကော (ကိုယ်ကျင့်ရမှာပါ)ဟာ....အဋ္ဌင်းကိုမပါဘူး တာကာကြွယ်.... (မပါပါ) ပါခဲသးသလား....(မပါပါဘုရား)။

အရိယသစ္စာန ဒဿနံ=အရိယာတို့၏ အမြင်ကိုလဲ ကိုယ်မြင်အောင်လုပ်ရမယ်... (မှန်ပါ့) အဲဒါမှ မင်္ဂလာဖြစ်တယ်ဆိုခဲတာ့ဦးမာဒင် အဋ္ဌင်းပါခဲသးသလား(မပါပါ)ကိုယ်ကိုယ်တိုင်လုပ်ရမှာချည့်ဘဲ.....(မှန်ပါ့ဘုရား)။

ဟာ....တကာကြွယ်တို့က ခက်လိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့ .. (မှန်ပါ့)ဒီနေရာ သက်သာခိုလို့ကိုယ့်အကျိုးပြီးမှာလား (မပြီးပါဘုရား)။

သို့ဆိုသော် သူ့ပရိတ်ဆိုတာသည်ကားလို့ဆိုယင် အရုံအဘားကောင့်ဖြစ်ပါတယ် တကာတကာ့တို့ အဘွင်းကိုခဲလသာတော့ မသတ်နိုင်ဘူး... (မသတ်နိုင်ပါဘုရား)ပေါ်ကြပလာ ...(ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မိစ္ဆာဒိဋ္ဌိက်ကြီးမရှိသို့ရှိယင်လဲ ကာကွယ်ပေးနိုင်ပါတယ်၊ ကံကြီးလဲမရှိဘူး၊ယုံလဲယုံကြည်မယ်ဆိုလို့ရှိယင် ကာကွယ်ပေးနိုင်ပါဘယ်ဆိုတာ ဗဟိဒ္ဓဖေးရန်ကိုဆိုပါတယ်.... (မှန်ပါ့။)

အဇ္ဈတ္တဘေးရန်တော့ဖြင့် ခုနင်ကပြောခဲ့တဲ့ "ကာလေန ဓမ္မသာဝဏံ" လုပ်ရမယ်... (မှန်ပါ့) ဗြဟ္မစရိယဥ္စ= မဂ္ဂင်အကျင့်ကိုလဲ ကျင့်ရမယ် (မှန်ပါ့)အရိယသစ္စာနဒဿနံ=သစ္စာလေးပါးကိုလဲ မြင်အောင်ကြည့်ရမယ်....(မှန်ပါ့)။

ဒါမှသာလျှင် တကာတကာမတို့ နိဗ္ဗာန်တည်းဟူသော မင်္ဂလာကြီးကို မြတ်သောနိဗ္ဗာန်တည်းဟူသော မင်္ဂလာကိုရနိုင်တယ်၊ ဆိုတဲ့အတိုင်း တကာသစ်ရေ ကိုယ်တိုင်လုပ်ယူရမှာ(မှန်ပါဘုရား) ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဒါဖြင့် အငှါးသည်ကားလို့ဆိုယင် သာမည အကျိုးပေါ့.... (မှန်ပါ့) ကိုယ်တိုင်လုပ်သလောက်တော့.... (မရပါဘုရား) သဘောပါပလား.... (ပါ-ပါပြီဘုရား) ဒါဖြင့် ကိုယ်တိုင်လုပ်ယူပါဆိုတာကော ရှင်းပလား .. (ရှင်းပါပြီ)။

ကောင်းပြီ.... ဒါလောက်ဆိုလို့ရှိယင်လဲ နောက်တော့ဖြင့် အင်း .. သူများကို အန္တရာယ်ကင်းအောင်တော့ ရွတ်ခိုင်းတာဘဲ၊ ဒါ-ပြင်ဘက်အန္တရာယ်ကင်းရော၊ အဘုံးအန္တရာယ်ကင်းအောင်တော့ ကိုယ်တိုင်လုပ်မှဘဲ .. (မှန်ပါ့) ဒီလို နှစ်ဘက်ထားမှပေါ့.... (မှန်ပါ့)ခင်ဗျားတို့ဟာက အင်း....ဒို့ - ဆွမ်းကလေးကျွေးပြီကွာ ပရိတ်ကလေး ရွတ်ပြီကွာ· အိမ်တွင်း သန့်ရှင်းအောင် လုပ်ရအောင်တဲ့ .. (မှန်ပါ့) အိမ်သာသန့်ရှင်းတာ ဝမ်းထဲက မသန့်ရှင်းဘူး... (မှန်ပါ့) ရိမ်မိပလား... (ရိပ်မိပါပြီဘုရား)။

အိမ်ကတော့ တကာကြွယ် ဘာတဲ့.... (သန့်ရှင်းပါတယ်ဘုရား) ဝမ်းထဲကော့ ရှုပ်နေတာဘဲ....(မှန်ပါ့) ဒါဖြင့် အိမ်ရှင်းတာနဲ့

စမ်းထဲရှုပ်တာ ဘယ်သူက အရုပ်ဆိုးသတုံး.... (ဝမ်းထဲရှုပ်တာက အရုပ်ဆိုးပါတယ်ဘုရား)။

အိမ်ရှင်းတာကြောင့် ခင်ဗျားတို့ ဘာမှအကျိုးမရှိပါဘူး တဲ့၊ လူကြည့်ကောင်းရုံပါဘဲ.... (မှန်ပါ) ဝမ်းထဲရှုပ်တာကတော့ အပါယ်ထောက်လိမ့်မယ်....(မှန်ပါ)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် အိမ်ရှင်းတာနဲ့ ဝမ်းထဲရှုပ်တာ တကာတကာမတို့ ဘယ်ဟာရှင်းရမှာတုံး...(ဝမ်းထဲရှုပ်တာ ရှင်းရမှာပါ) ပေါ့ကြပလား....(ပေါ့ပါပြီဘုရား)။

အေး... ဒါ့ကြောင့် တကာတကာမတွေ ပေါ့ပေါ့တန်တန်နဲ့ မနေဘဲနဲ့ ဘုရားကဟောဆားခဲ့တယ်- အဇ္ဈတ္တဟောထားတယ်၊ ခင်ဗျားတို့က ပြင်ဘက်ချည့် အလုပ်,လုပ်နေမယ်ဆိုယင် ဦးမာဒင်လွဲချော်ကုန်လိမ့်မယ် (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဆရာဘုန်းကြီးသည် နေရာတိုင်းမှာဘဲ အမှန်ထောက်အောင် ပြုပြင် ပြင်ဆင်ပေးနေတာယ်ဆိုတာ တကာသစ်မှတ်ရမှာဘဲ....(မှန်ပါ့ဘုရား)။

ကိုင်း တကာတကာမတို့ အဲဒီလိုအမှားတွေ ကိုယ်တိုင်လုပ်ရမှာ သူများလုပ်ပေးပါခိုင်းတဲ့ အသွားတွေဟာလဲ ဘာ့ကြောင့် ပါလိမ့်မတုံးလို့ မေးတဲ့အခါကျမှ ပညာမျက်လုံးပေါ် ကိလေသာမြူဖုံးနေတာ အမှန်မြင်လို့ ငါလုပ်မှမည့်အလုပ်ကို သူများလုပ်စေတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ကိုယ်လုပ်ရမည့်အလုပ်ကို တကာကြယ် ဘယ်သူ လုပ်ရမှာတုံး....(ကိုယ်လုပ်ရမှာပါဘုရား) ကိုယ့်ဟာကိုယ် လုပ်ခမယ် (မှန်ပါ့)။

ကိုယ်လုပ်ရမည့်အလုပ်ကို.... (ကိုယ့်ဟာကိုယ်လုပ်ရပါမယ်ဘုရား) ရှင်းပလား_ (ရှင်းပါပြီဘုရား)။

ကဲ... သက်သေသာဓကကလေး လုံလောက်အောင် နည်းနည်းကလေး နားထောင်ကြည့်ပါနော်.... (မှန်ပါ!) ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ကိုယ်တိုင်လုပ်တာနဲ့ ဘုရားအဖြစ်သို့မရောက်ဘူးလား .. (ရောက်ပါတယ်ဘုရား) သူမျှားပို့ပေးလို့ ရောက်တာလား....(မဟုတ်ပါဘုရား)။

ကိုယ်တိုင် မဂ္ဂင်္ဂဟစရိယအကျင့်ကို ကျင့်လိုက်တာနဲ့ ဘုရားအဖြစ်သို့ရောက်တယ်....(မှန်ပါ!) ဘုရားအဖြစ်သို့ရောက်ပြီး နိဗ္ဗာန်ငင်ရာပယ်ဆိုကြပါစို့....(မှန်ပါ!)။

ရာဟုလာကလေးဟာ နိဗ္ဗာန်မငင်သေးဘူး.... (မှန်လှုပါ) ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ငတ္ထေးတယ်၊ ရာဟုလာ နိဗ္ဗာန်မြင်ဘို့ကို ငါက လက်ညှိုးညွှန်ပြလို့လဲ သူမြင်မှာ မဟုတ်ဘူး.... (မှန်ပါ!) ရာဟုလာကျင့်ဘို့အလုပ်ကို ခိုင်းဦးမှာဆိုပြီး ရာဟုလောဝါဒသုတ်ဆိုပြီး ရာဟုလာကျင့်ဘို့ နိဿယညွှန်းပေးတဲ့အလုပ်စဉ်ကြီးကို ဘုရားက မငေးရဘူးလား... (ငေးရပါတယ်ဘုရား) အင်း .. သူ လက်ညှိုးညွှန်ပြလို့ မရနိုင်လို့ပေါ့...(မှန်ပါ!) မင်း-ဒီအတိုင်းလုပ်မှသာလျှင် မင်းမြင်မယ်ဆိုတော့ ကိုယ်လုပ်မှ ကိုယ်မြင်တယ်လို့ ပြောလိုက်တာ ... (မှန်ပါ!) သဒ္ဓာကျပါသား_ (ကျပါပြီ)။

ရာဟုလာကို ဘုရားက ဟောဟိုဟာ နိဗ္ဗာန်ဘဲလို့ ပြန်ဝင်ရဲ့လား-(မပြန်ဝင်ပါဘုရား)မပြန်ဝင်ခဲတဲ့ နိဗ္ဗာန်မြင်နည်း နိဿယညွှန်း

ဆိုပြီး ရပါစေတော့လို့ ဆိုပြီး ရာဟုလော၀ါဒ=နာဟုလာ,ဆုံးမ တဲ့ သုတ်ဆိုပြီးသကာလ ဦးမာဒင်တို့ မကြားဘူးဘူးလား.... (ကြားဘူးပါတယ်ဘုရား)။

ဒါဖြင့် သူ့ဟာသူ ဒီသုတ်အတိုင်း ကျင့်လိုက်တော့မှ သူမြင် လာတယ်....(မှန်ပါ့)။

ဒါဖြင့် သူမျှားပြလို့မြင်တာလား....(ကိုယ်တိုင်လုပ်လို့ မြင် တာပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် တကာကြွယ်,ရေ နောက်တော့ ခင်ဗျား စဉ်းစား နော်..(မှန်ပါ့) အရှင်ဘုရား တပည့်တော်တို့ ဘယ်လိုလုပ်ပေး ပါဦးလို့ တောင်းပန်မနေနဲ့ဦး...(မှန်ပါ့) နည်းကလေးခပေးပါ ဘုရာ့ဆိုယင် ပေးဘို့ဘဲ....(မှန်ပါ့)။

ကိုယ်တိုင်မြင်ဘို့ ကိုယ့်ကိုလေသာရှင်းဘို့ အလုပ်ကခတော့ဖြင့် ကိုယ်ရှင်းမှ ကိုယ့်မျက်လုံးဟာ မြူကင်းမှာဘဲ...(မှန်ပါ့ဘုရား) ကိုယ်မရှင်းယင် မြူကင်းပါ့မလား....(မကင်းပါဘုရား)။

အေး.... ဒါ့ခြောင့် ခင်ဗျားတို့က မေတ္တာယျဘုရားရှင်ကို လက်ဦးစွာ ဖူးတွေ့ရပါလို့၏....လို့၊ ဖူးရရုံမျှနဲ့လဲ ကိုယ့်ကိုလေ သာက မရှင်းသေးတော့ မင်းဟာမင်း နေရစ်လေကွာ-(မှန်ပါ့) ဖူးခဲတော့ ဖူးပေါ့..(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) နိဗ္ဗာန်လိုက်နိုင်ရဲ့လား...(မလိုက်နိုင်ပါဘုရား)ဘာဖြစ်လို့မလိုက် နိုင်တာပါလိမ့်-(ကိုယ့်ကိုလေသာ မရှင်းသေးလို့ပါဘုရား) ကိုယ့် ကိုးလသာ ကိုယ့်ဥာဏ်နဲ့မရှင်းသေးလို့....(မှန်လှပါ) ဦးလှဘူး ရိပ်မိပလား..(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားတွေနဲ့ တွေ့ကြတာလဲ ကျုပ်တို့လဲ များတော့ များကြပါပြီ.... (မှန်ပါ့) ဂင်္ဂါဝါဋ္ဌ သဲစုမက-ဆိုတော့ တွေ့ခဲ့ကြတဲ့ဘုရားနဲ့လဲ တွေ့ခဲ့ကြမယ်ဆိုတာ သံသယ-ရှိဘို့ မလိုပါဘူး.... (မှန်ပါ့) သို့ရာတွင် ဘယ့်နှယ်ကြောင့် ကျုပ်တို့သည် အခု ဒုက္ခပင်လယ်ဝေနေရစ်ပါလိမ့်မလဲဆိုတဲ့အမေးကို ထုတ်ကြည့်တဲ့ အခါကျတော့မှ သြော်.... ကိုယ်ကျင့်ရမည့် အလုပ် မကျင့်တာနဲ့ ပါမသွားတာကိုး....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လိုပါလိမ့်.... (ကိုယ်ကျင့်ရမည့်အကျင့်မကျင့်တာနဲ့ ပါမသွားတာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ တွေ့မှုက လိုရင်းလား- ကျင့်မှုက လိုရင်းလား....(ကျင့်မှုက လိုရင်းပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် တယောက်သောပုဂ္ဂိုလ်ကို ချွတ်ယင်းကြံလို့ ရှိယင် စောင့်နေတယ်ဆိုတော့ ကိုယ်တော်မြတ်ကြီးက ဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ်အတွက် စောင့်နေတာတုံး၊ အို.... သူ့ဟာသူကျင့်တာ ရင့်ပါစေဦး....လို့.... (မှန်လှပါဘုရား) မေးပါသေးဘူးလား....(ပေါ်ပါပြီဘုရား)။

သူ့ဟာသူကျင့်နေတာ.... (ရင့်ပါစေဦးလို့ စောင့်နေပါတယ်ဘုရား) ဣန္ဒြေရင့်-မရင့် ကြည့်ရသေးတယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မဟောသေးဘူးလား....(မှန်လှပါဘုရား)။

အဲဒီတော့ တကာတကာမတွေဘဲ စဉ်းစားကြည့်ပါတော့၊ ကိုယ်တော်မြတ်ကြီး စောင့်တောင် ကြည့်ရတာသည် အင်း....

သူ့အကျင့် မရင့်သေးလို့ စောင့်တာ - (မှန်လှပါ) ဘယ်လို ဆိုကြမလဲ.... (သူ့အကျင့်မရင့်သေးလို့ မစောင့်ဘာပါဘုရား)။

ဒါဖြင့် သူ့အကျင့်နဲ့သူ ရင့်တဲ့အခါကျတော့မှ ကိုယ်တော် မြတ်ကြီးက ဟောပြ,ညွှန်ပြ ဆုံးမလိုက်တဲ့အခါ သူရင့်ဘာက နေပြီးသကာလ ကိစ္စပြီးသွားတယ်.... (မှန်ပါ!) တကာကြွယ် သဘောပါပလား....(ပါ-ပါပြီဘုရား)။

နို့ ဘုရားနဲ့တွေ့ရုံနဲ့ပြီးတာလား၊ ကိုယ့်အကျင့်-ကျင့်ပါ မျှားလို့ ရင့်ခဲတဲ့ ပြီးတာလား....(ရင့်တော့ ပြီးတာပါဘုရား)။

ဒါဖြင့် ဘုရားဘဲ ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည် ဂျန်ဒြိယပဆောပရိယတ္တိ သူ့နဲ့ဂုဏ်ရင့်-မရင့်၊ သူ ဉာဏ်ရင့်-မရင့် ကြည့်ရဦးမယ်ကွာ....ဆိုပြီးသကာလ ဂုဏ်ဆြ မရင့်ဖူးလို့ ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ဉာဏ်ထဲမှာ လာပြီး တော့ ဒီပုဂ္ဂိုလ်ချတ်ခွင်ကို မထင်လာသေးဘူး.... (မှန်ပါဘုရား) သူကျင့်လို့ သူ့ဟာသူရင့်တဲ့ပုဂ္ဂိုလ်ကျတော့ ဉာဏ်ထဲ လာထင် လာတယ်....(မှန်ပါ!)။

အဲဒီလိုပုဂ္ဂိုလ်ကျဘော့ ကပြာကရာပြေးတဲ့ပြီး အဖုံးကလေး ဖွင့်ပေးသလို ကကာကြွယ် ဖွင့်ပေးလိုက်တာဘဲ.... (မှန်ပါ!) ဒဲဒီ မှာ နိဗ္ဗာန်မြင်ပြီးသကာလ ဦးမာဒင် ကိစ္စပြီးသွားတယ်-(မှန်ပါ! ဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားနဲ့တွေ့မှုက လိုရင်းလား- ကိုယ့်ကျင့် မှုက လိုရင်းလား ... (ကိုယ့်ကျင့်မှုက လိုရင်းပါဘုရား) သဘော ပါ-ပါပြီ....(ပါ-ပါပြီဘုရား)။

အံမာလေး.... ဒါတွေကလဲ မသိလို့ ဆုံးမနေရတယ်လို့ ဦးမာဒင့်ရေ... မှတ်ရမှာဗျ... (မှန်ပါ့ဘုရား) နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့က ဘုရားနဲ့တွေ့ယင်တော့ ပြီးတော့တာဘဲ... (မှန်ပါ့) မတွေ့လို့ ဖြစ်ခဲ့ကြတယ်လို့ထင်နေမှာစိုးတယ်....(မှန်ပါ့)။

ဘုရားမရှိဘဲနဲ့ ကျတ်သွားတဲ့ ပုဂ္ဂိုလ်တွေ သိဟိုဠ်ကျန်းမှာ၊ အိန္ဒိယမှာ တကာသစ် နည်းသလားဗျာ.... (မနည်းပါဘုရား) ဘုရားပရိနိဗ္ဗာန်စံပြီးမှ မွေးတဲ့ပုဂ္ဂိုလ်တွေ မဟုတ်ဘူးလား· (မှန်ပါ့ဘုရား) ဒါတွေ ကျတ်တမ်းဝင်သွားတာ အထင် အရှားဘဲ မဟုတ်လား.... (မှန်ပါ့) အဲဒါတွေ ဗြဟ္မစရိယအကျင့်-ကျင့်လို့ ဝင်သွားတာတွေဆိုတာ တကာကြွယ် သေချာတယ်.... (မှန်ပါ့) မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ကိုင်း.. ဒါဖြင့် ဗြဟ္မစရိယအကျင့်· ကျင့်နေတော့ကို မဖယ်တတ်လို့ရှိယင်လဲ မကျင့်တတ်ပါဘူး....(မှန်ပါ့)။

မဖယ်တတ်ယင်.... (မကျင့်တတ်ပါဘုရား) ကိုင်း.... ဒါဖြင့် ကျုပ်တို့, ခင်ဗျားတို့ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာတွေ့ ခန္ဓာကိုယ်ထဲ အပြည့်ရှိလျက်သားနဲ့ ဒါတွေ့မမြင်ဘဲနဲ့. ဖြစ်နေတဲ့ဥစ္စာ အဖုံးဘယ်နှစ်ချက်တဲ့တုံး.... (ငါးချက်ပါဘုရား)။

တကာသစ် ဘယ်နှစ်ချက်တဲ့တုံး.... (ငါးချက်ပါဘုရား) ကာမစ္ဆန္ဒနိဝရဏဆိုတာ လောဘ.... (မှန်ပါ့) ဗျာပါဒနိဝရဏဆိုတာ ဒေါသ....(မှန်ပါ့) ထိနမိဒ္ဓနိဝရဏက ငိုက်မျည်းတာ.... (မှန်ပါ့) ဥဒ္ဓစ္စကုက္ကုစ္စက ပျံ့လွင့်တာနဲ့ နောင်တ,တဖန် ပူပန်

ခြင်းဖြစ်ဘာ.... (မှန်ပါ့) ဝိစိကိစ္ဆာနိဝရဏက သံသယရှိတာ... (မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

အဲဒီမြူတွေ ဒါ-ပညာမျက်လုံးပေါ်မှာ ကိုလေသာမြူတွေ ဖုံးနေတယ်၊ ဒါကြောင့် ဆုတောင်းမှားပြီးသကာလ နေကြတာ တဲ့တမျိုး .. (မှန်ပါ့) လက္ခဏာရေးသုံးပါးနဲ့တကွ သစ္စာတွေ့ မမြင်တာလဲ သူတို့ဘဲဆိုတာ ပေါ်လာတယ် ...(ပေါ်လာပါတယ်ဘုရား)မပေါ်လာကြသေးဘူးလား (ပေါ်လာပါတယ်ဘုရား)။

နေဆုကျပြီ တကာကြွယ်ရေ... (ကျပါပြီဘုရား) ဒါဖြင့် ဒီ-ငါးခု ဖယ်ရှားပါစို့ရဲ့.... (မှန်ပါ့) ဒီငါးခုကို ကျုပ်တို့ ဖယ်ကြ ရှားကြလို့ရှိယင်ဖြင့် နိဗ္ဗာန်မြင်ရတော့မယ် . (မှန်ပါ့)လက္ခဏာ ရေးသုံးပါးကော.....(မြင်ရမှာပါဘုရား)။

ဩော်... ဒါတွေကတော့ ပါရမီမရှိလို့ မမြင်တာလား- ဖယ် နည်းနိဿယညဉ်းမရလို့လားဆိုတာသဲ ပြောကြပါဦး.... (ဖယ် နည်းနိဿယညဉ်းမရလို့ပါဘုရား) ဒါ- ပါရမီနဲ့မဆိုင်ပါဘူး.... (မဆိုင်ပါဘုရား)။

ဖယ်နည်းနိဿယညဉ်းပေးတတ်တဲ့ ပုဂ္ဂိုလ်နဲ့ ခင်ဗျားတို့ကျကျ နန တွေ့သွားမယ်ဆိုလို့ရှိယင်ဖြင့် တကာကြွယ် မဂ္ဂင်ဟင်္ဂမိုယ ဟုတ်လား၊ နိဗ္ဗာနဒဿနဆိုတဲ့အတိုင်း တကာတကာမတို့ နိဗ္ဗာန် မြင်မှာဘဲ...(မှန်ပါ့)။

နိဗ္ဗာန်ဟာ ရှိသလား... မရှိဘူးလားဆိုယင်လဲ ဘယ့်နှယ်ဖြေ ကြမလဲ....(ရှိပါတယ်) ရှိတာမှ တလံမျှလောက်သော ခန္ဓာကိုယ် အဆုံးမှာရှိတယ်... (မှန်ပါ့)။

ကဲ... မရှိဘူးလား.... ရှိသလား....(ရှိပါတယ်ဘုရား) တလံမျှ လောက်သော ခန္ဓာကိုယ်အဆုံးမှာ....(ရှိပါတယ်ဘုရား)။

ရှိလျက်နဲ့ မမြင်တာ ဘာတုံးဆိုတော့ ဟာဒီကိုလေသာ ငါးမျိုးဘုရာ့... (မှန်ပါ့)ပညာမျက်လုံးပေါ်ဖုံးနေလို့ မမြင်တာ (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) နိဗ္ဗာန်မြင်သည်နဲ့ တပြိုင်နက်တည်း အပါယ်လေးပါး တံခါးက ပိတ်တာဘဲ.... (မှန်ပါ့)။

နိဗ္ဗာန်မြင်သည်နဲ့ တပြိုင်နက်တည်း... (အပါယ်လေးပါး တံခါးပိတ်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် တကာတကာမတွေက တရားပေးပါ ဘုရာ့-တရားပေးပါဘုရာ့....၊ တပည့်တော်များ အိုဘေး, နာဘေး, သေဘေး ကယ်ယူတော်မူပါဘုရား-ဆိုပြီး အရှင်ဘုရားများ နာမည်နဲ့, အရှင်ဘုရားများဟောကြားတဲ့ စာအုပ်တွေနဲ့ တပည့်တော်များ အင်မတန် အလိုရှိပြီးတော့ လိုက်လာတယ်ဆိုတော့ ဒီဟာ...ဖယ်လိုက်လို့ ရှိယင် မြင်ပါလိမ့်မယ်.. (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီ) ဒီငါးခုဖယ်လိုက်ယင်.... (မြင်ပါတယ်ဘုရား)။

ကောင်းပြီ ဖယ်တာကတမျိုး၊ ပယ်တာကတမျိုး- (မှန်ပါ့) ဖယ်တာဆိုတာက အခုမရှိအောင်လုပ်တာ.... (မှန်ပါ့) ပယ်တာဆိုတာက ဘယ်နေတော့မှမရှိအောင်လုပ်တာ... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့က တတ်နိုင်တာကတော့ ဖယ်နည်းနိဿယညွှန်းပေးနိုင်တယ်....(မှန်ပါ့) ပယ်နည်းနိဿယညွှန်းကတော့ ဆားထုတ်မှုရမယ်....(မှန်ပါ့ဘုရား)။

ဖယ်နည်းနိဿယည်းကတော့ ဘုန်းကြီးတို့ နည်းပေးပါ့မယ်-(မှန်ပါ့) ပယ်နည်းနိဿယည်းကတော့ ခင်ဗျားတို့အားထုတ်မှာဲ့ ရပါ့လိမ့်မယ်ဆိုဘာ သေသေချာချာမှတ်ပါ... (မှန်ပါ့)ဦးလှဘူး ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်နှင့်တကွ လက္ခဏာရေးသုံးပါး ဖုံးအုပ်နေတာ ဦးမာဒင် ဘယ်နှစ်မျိုးရှိသလဲ....(ငါးမျိုးရှိပါတယ်) ဩော်....နိဝရဏတရား ငါးပါး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဝရဏတရား ငါးပါးတဲ့ တကာတကာမတို့ (မှန်ပါ့) နိဝရဏဆိုတာ ပိတ်ပင်တာ .... (မှန်ပါ့) ဘာပိတ်ပင်တာတုံးဆိုတော့ လက္ခဏာရေးသုံးပါးမမြင်အောင် ပိတ်ပင်တာလဲ သူတို့ ငါးပါးဘဲ(မှန်ပါ့)နိဗ္ဗာန်ကြီးမမြင်အောင် ပိတ်ပင်တာလဲ-(သူတို့ ငါးပါးပါဘုရား) သစ္စာခေါ်းပါး မမြင်အောင် ပိတ်ပင်တာကော ..(သူတို့ငါးပါးပါဘုရား)။

ဒါဖြင့် ပညာမျက်လုံးပေါ်ဖို့ကိုခေါ်သာမြူငါးခု ခဏခဏဆက်ပြီးအုပ်နေမယ်ဆိုလို့ရှိယင် တကာကြွယ်ရေ- မြင်ပေါက်မရှိဘူး....(မှန်ပါ့) မြင်စရာအခေကြောင်းမရှိဘူး... (မရှိပါဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဒီဟာဖယ်နည်းနိဿယည်းမရဘဲနဲ့ ဝိပဿနာ ရှုနေကြမယ်ဆိုလို့ရှိယင်ဖြင့် ဘယ်တော့မှမနီး-(မှန်ပါ့ဘုရား)။

မျက်လုံးထဲမှာ တကာတကာမတွေက ဥပမာ.... အမှိုက်ဝင်နေတယ်၊ ဖုံမှုန်ကခေလးဝင်နေတယ်၊ သစ်ရွက်ကခေလးဝင်နေ

တယ်၊ နှစ်ဖက်စလုံးဝင်နေတယ်ဆိုလို့ရှိယင် တကာတကာမတွေ့ဘေးကလူတွေလာတာ ကြည့်စမ်းပါ၊ ဘယ်သူ-ဘယ်သူ ခွဲစမ်းပါဆိုလို့ရှိယင်ဖြင့် သူတို့ခွဲမှု အရေးကြီးသလား....၊ မျက်လုံးပေါ်က အမှိုက်ကလေးတွေ ပစ်မှု အရေးကြီးသလား .. (မျက်လုံးပေါ်က အမှိုက်ကလေးတွေပစ်မှု အရေးကြီးပါတယ်ဘုရား)။

ဒီအမှိုက်ကလေးဘေ့ မရှင်းဘဲနဲ့ ဟိုလူထုကို ဘယ်သူ-ဘယ်သူ ခွဲနိုင်ပါ့မလား .. (မခွဲနိုင်ပါဘုရား)။

ဒီမှာလဲ ထို့နည်းအတူဘဲ... တဲ့၊ ခန္ဓာငါးပါး ရုပ်နာမ် တရားဖြစ်ပျက်တွေကိုကြည့်မယ်ကြံလို့ရှိယင်ဖြင့် ဉာဏ်မျက်လုံးပေါ် အုပ်နေတဲ့ သစ်ရွက်အမှိုက်နဲ့တူတဲ့ နီဝရဏတရားငါးပါး အရင်ရှင်းပြီးမှ သူ့ကြည့်ရမယ်....(မှန်ပါ့) သဘောပေါ်ပလား.... (ပါ-ပါပြီဘုရား)။

သြော်....ဒါဖြင့် ဒို့-ဝိပဿနာရှု- ဝိပဿနာရှုဆိုတာ မျက်လုံးထဲ အမှိုက်မဖယ်ဘဲနဲ့ လူတွေရေတွက်ချင်လို့တော့ မဖြစ်နိုင်သလို....(မှန်ပါ့ဘုရား)။

ဒီမှာလဲ တကာတကာမတို့ ဝိပဿနာရှုဆိုကာ နီဝရဏ ဖယ်နည်းနီဿယည်းမှုမရဘဲနဲ့ဖြင့် တကာသစ်ရေ ဘယ်နှယ်လုပ်မြင်မတုံး....(မမြင်နိုင်ပါဘုရား) ဦးမာဒင် မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား)။

ဒါဖြင့် ဒီဥစ္စာလဲ တမျိုးသင်ရဦးမှာဘဲဆိုတဲ့အဓိပ္ပါယ် ရှင်းသွားပြီ....(ရှင်းသွားပါပြီ)မသင်ယင်တော့ဖြင့်.....(မရပါဘုရား)

မရဘူးဆိုတဲ့အဓိပ္ပါယ်ဟာဖြင့် တကာတကာမတို့ သေသေချာချာ မှတ်ကြတာပေါ့....(မှန်ပါဘုရား)။

ကဲ .... တကာကြွယ် နာရီ တော်ခတော်မျှားသွားပြီ ... ၊ ဒီဥစ္စာ အကြောင်းအကျိုးတွေ ပြောနေရလို့နော် .... (မှန်ပါဘုရား)။

ကဲ... ဒါဖြင့် သူ့ကိုဖယ်နည်း နိဿယည်းကို ပြောကြပါစို့ (မှန်ပါ) ဖယ်နည်းနိဿယည်းကို ပြောကြပါစို့ဆိုတော့ ပဋ္ဌာန်းပါတ်အင်္ဂါတို့ရှိမှသာလေးတဲ့ သင်္ခါရဝကို သူ့ကိုအကြောင်းရင်း ခံပြီးသကာလ တကာသစ် ပြောရခဘဲ့မယ်... (မှန်ပါ) မပြောမဖြစ်ကူးဘဲ့ (မှန်ပါဘုရား)။

မြင်စဉ်ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သီတင်းသုံးဒနတုန်း သင်္ခါရဝ သတ္တိသားက ဘုရားသွားလျှောက်ဘယ်၊ သူက ပုဏ္ဏားကလေး....(မှန်ပါဘုရား)။

ဒီပုဏ္ဏားကလေးက သွားလျှောက်တယ်၊ အရှင်ဘုရား ... တပည့်တော် တခါတလေကျဒတဲ့ မရဒသေးတဲ့ ပညာတွေ တောင်မှ ဝမ်းထဲမှာပေါ်နေတယ်တဲ့....(မှန်ပါ, ပြီးသားပညာတွေကျတော့ ဒေါက်ဒေါက်- ဒေါက်ဒေါက်နဲ့ ပြန်နိုင်, အံနိုင်ပါတယ်တဲ့... (မှန်ပါဘုရား)။

တခါတလေကျတော့ မရဒသေးတဲ့ပညာဒဝေးလို့ ရပြီးသားတွေတောင်ပျောက်ခဲနေတာ ဘယ်အကြောင်းကြောင့်ပါလိမ့်မလဲတဲ့....(မှန်ပါ) တကာသစ် မမေးထိုက်ဘူးလား — (မေးထိုက်ပါတယ်ဘုရား)။

မရသေးတဲ့ ပညာတွေတောင် တခါတခဲလေ ပေါ်လာတယ်.... (မှန်ပါ့) ရပြီးသားပညာတွေကိုတော့ဖြင့် ကြံလို့ အံလို့ရှိယင် အကုန်ဘဲ လုံးစေ့ပါဦးစေ့ဘဲ တကာကြွယ် ရသတဲ့နော် .... (မှန်ပါဘုရား)။

တခါတလေကျပြန်တော့ မရသေးတဲ့ ပညာဝေးလို့ ရပြီးသားပညာတောင် အစုံဖေါ်မတွေ့ဘူးတဲ့ ... (မှန်ပါဘုရား)။

အဲဒါ ဘာဖြစ်တာတုံးဘုရား၊ တပည့်တော် ရှင်းပေးစမ်းပါဦးဆိုတော့မှ ဒီနိဝရဏဟောတာ... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မရသေးတဲ့ပညာတွေကိုလဲ ပျောက်အောင်-ရပြီးသားတောင်မှ ကွယ်သွားအောင်လုပ်တာ နိဝရဏဘဲ .... (မှန်ပါ့) တကာကြွယ် ရိပ်မိပလား (ရိပ်မိပါပြီ) နိဝရဏဘရား ဘယ်နှစ်ပါးပါလိမ့်....(ငါးပါးဘုရား)။

သြော်... တကာတကာမတို့ ဒီအရေးဟာ ခင်ဗျားတို့ကျုပ်တို့မှာဖြင့် ဉာဏ်မျက်လုံးပေါ် ကိလေသာမြူဖုံးဘယ်ဆိုတဲ့ မနေ့ကဟောခဲ့တာ ဒီနေ့ ဒီငါးမျိုး တခါပြောပြန်တော့ ဒီငါးမျိုးကို မဖယ်ဘဲနဲ့ ကျုပ်တို့သည် ဘယ်လိုဆုံးတောင်း- ဆုတောင်း မရပါဘူး....(မှန်ပါ့) နိဗ္ဗာန်ဆုတောင်းလို့.... (မရပါ) ဒီငါးမျိုးဖယ်ပြီးသကာလ ကိုယ်တိုင်လုပ်ယူမှရမယ် ဆိုတာလဲ ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

ကိုင်း ဒါနဲ့ ပုဏ္ဏားကမေးတဲ့အတိုင်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဥပမာနဲ့- "ဥပမာယ မိဓေကစ္စေ အတ္ထဝေနန္တိ

ပဏ္ဍိတာ” ဆိုတဲ့အတိုင်း ဥပမာနဲ့ပြလို့ရှိယင် ပညာရှိမျှားသိကောင်းပါတယ်၊ သိထိုက်ပါတယ်ဆိုတော့ သင်္ဂါရဝတဲ့ ပင်ကိုယ်ရေဟာ အင်မတန်ဖြူပါတယ်ကွာတဲ့.... (မှန်ပါ့) ရေဒွက်ထဲရောက်လေးထည့်ကွာတဲ့(မှန်ပါ့)ကဲ.... ဒီရောက်လေးကို မင်းမျက်နှာကလေးနဲ့ ဟပ်လိုက်တာနဲ့ပါတဲ့....(မှန်ပါ့) ရေနဲ့ မျက်နှာနဲ့ဟပ်လိုက်ယင် အရိပ်ထင်တယ်....(မှန်ပါဘုရား)။

ဘယ်နေရာမှာညှင်း, ဘယ်နေရာမှာ တင်းတိတ်, ဘယ်နေရာမှာ နှာခေါင်းတိုတယ်, နှာခေါင်းရှည်တယ်၊ သွားဘယ်နှစ်ချောင်းရှိတယ်ဆိုတာ ရောက်ညည်တော့ ရောက်ဘဲပြောနေတယ်....(မှန်ပါ့)မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ညောင်း—ဘယ်သူကပြောပါလိမ့်...(ရောက်ပြောပါတယ်) ကြည်တဲ့ရောကပြောတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဘယ်သူက ပြောပါလိမ့်...(ကြည်တဲ့ရောက ပြောပါတယ်) ကြည်တဲ့ရောက ပြောတယ်ဆိုတာ သေချာသလိုက္ခ၊ ကိုင်း-ဒါဖြင့် မင်းသည် အဲဒီကြည်တဲ့ရေထဲ ဆေးနှီ, ဆေးဝါကလေးတွေ့ ရောလိုက်စမ်းကွာတဲ့—(မှန်ပါ့)ရောပြီးမှေလိုက်ကွာ၊မွေ့ပြီး ခုနင်ကလို မျက်နှာကလေးနဲ့ ပြန်ဟပ်လိုက်စမ်း၊ မင်းခုနင်က မြင်ရသလို မြင်ရသေးရဲ့လား လို့ မေးလိုက်တယ်.... (မှန်ပါ့) ဘယ်နှယ်ဖြေကြမလဲ....(မမြင်ရပါ) ရော့,သွားလို့....(မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့်တုံး (ရော့,သွားလို့ပါ)ရောသွားလို့ မမြင်တာဘဲဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒီမှာလဲ တကာတကာမတို့ တခါတလေ ဖြစ်ပျက်ကလေးတွေ မတွေ့ရဘူးဘုရာ့ ပျောက်နေပြီ....(မှန်ပါ့) တပည့်တော်ဘာမျှး ဖြစ်သတုံး....(မှန်ပါ့ဘုရား)။

တပည့်တော် ဘာမျှးဖြစ်သတုံး၊ တရားမျှးကျသွားရော့ လားတဲ့၊ အင်း... တချို့ တကာတကာမတွေက လျှောက်သေး တယ် တကားကြွယ်ရ.... (မှန်ပါ့) တရားမျှးကျသွားရော့လား လို့ လျှောက်သေးငယ်.... မှန်ပါ့ဘုရား)။

တရားက ဘယ်ကျမှာတုံးဗျ၊ သူ့ရောပစ်လိုက်တာ သူမသိလိုက် ဘဲကိုး....(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ခုနင်က လောဘကလေးလေ ရောနေပြီဆိုမှဖြင့် ဒီကလောဘစိတ် ကလေး ခင်မှ,မင်မှ, ကြင်နာမှကလေးတွေ လာပြီဆိုမှဖြင့် ဖြစ်ပျက်ကိုကြည့်ငြားသော်လဲ တကာတကာမတို့ သူကနေဖုံး အုပ်ပြီးသကားလ ထားလိုက်တော့ ဆေးနီ,ဆေးပြာနဲ့, ရေပေါ်မှာ သူက လှိမ်းမိုးပြီးဖုံးနေတော့ မျက်နှာရိပ် ထင်ပါ့မလား.... (မထင်ပါဘုရား)။

ဒီမှာလဲ ခန္ဓာကိုယ်ထဲ အနိစ္စရိပ်, ဒုက္ခရိပ်,အနတ္တရိပ်တွေဆိုတဲ့ တရားတွေက ရှိပြီးသားဘဲ.... (မှန်ပါ့) မမြင်ဘူးဘုရား တပည့် တော်တို့ရှုလိုက်တာ ဖြစ်ပျက်တွေကို ကောင်းကောင်းမတွေ့ဘူး၊ ဘာမျှးဖြစ်ဘယ် မပြောတတ်ပါဘူး၊ ပါရမီဘဲလား....တရားဘဲ ကျသွားလေးရော့လား ... (မှန်ပါ့) ဟ.... ဘာမှမဟုတ်ဘူး- သူ ရောထားလို့.....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာဖြစ်တာပါလိမ့်....(ရောထားလို့ပါ) အေး....ခင်ဗျားတို့ ပါရမီလဲ မချုနဲ့.နော် .... (မှန်ပါ့) တရားအောက်ကျသွားတယ်

လို့သဲ့ မယူနဲ့.....(မှန်ပါ့)အင်း....ကိုယ့်အဆရောကြောင့် ကိုယ်ဖြစ်ရလေခြင်း... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်လိုညည်းရမှာပါလိမ့်.... (ကိုယ့်အဆရောကြောင့် ကိုယ်ဖြစ်ရတာပါ)ဒီလိုသာညည်းပါတကာကြွယ်ရ....(မှန်ပါ့) ညည်းတတ်ပလား... (ညည်းတတ်ပါပြီဘုရား)။

တကယ်လို့ တရားအောက်ဆင်း သွားတယ်၊ ဖြစ်ပျက်ခတွေတောင် မမြင်ပြန်ဘူးဘုရာ့၊ ဟုတ်လား... (မှန်ပါ့)အင်း.... တဆားဘဲ အောက်ကျသွားလို့လား၊တပည့်တော်ကဘဲ ပါရမီကသေးနုပ်လို့လား ဒီဘဝ ဒီမျှနဲ့ထင်ပါရဲ့ဆိုတဲ့ သဘောတွေမျှား ပေါ်လာလို့ရှိယင်ဖြင့် ကိုယ့်ဟာကိုယ် အပြစ်တင်ပါ... (မှန်ပါ့)ဟော့... သင်္ကါရဝ မင်းမျက်နှာရိပ်မထင်တာ ရောထားလို့ကွလို့ ဘုရားမဟောဘူးလား.... (ဟောပါအယ်ဘုရား)။

ဒီမှာလဲ ခန္ဓာကိုယ်ထဲ အနိစ္စရိပ်,ဒုက္ခရိပ်,အနတ္တရိပ်ခတ္ရှိပါလျက်သားနဲ့ ဉာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့အခါ မမြင်တာသည် ခုနင်က လောဘတည်းဟူသော ဆေးနီ,ဆေးဝါ,ဆေးပြာတွေ ရောထားတဲ့အတွက်တဲ့ တကာတကာမတို့ မျက်နှာရိပ်မထင်သလို ဉာဏ်ထဲ အနိစ္စရိပ်,ဒုက္ခရိပ်, အနတ္တရိပ်တွေ မပေါ်လာခတဲ့ဘူး....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဦးမာဒင် နေရာကျပြီ....(ကျပါပြီ) အင်း....တရားဘဲ အောက်ကျသွားလို့လား- ပါရမီက ကျိမျှဘဲလား- ဘယ်နှယ်မျှား ဖြစ်တယ်လို့ မပြောတတ်ပါဘူးလို့ ဒီတခါ မစောင့်နဲ့တော့... (မှန်ပါ့) တကာကြွယ် မစောင့်နဲ့ဘော့ (မှန်ပါ့ဘုရား)

နောက်က တကာတကာမတွေကော ဘယ့်နှယ်ဆိုကြမလဲ .... (ရောထားလို့ပါ) ပညာက ရောတာလား- ကိုယ့်ကိုယ်ကိုယ်က ရောချင်ချင်လား... (ကိုယ့်ကိုယ်·ကိုယ်က ရောချင်ချင်ပါဘုရား)။

ဟာ....ကိုယ်ရောလို့ ကိုယ်မမြင်တာတော့ မတတ်နိုင်ဘူး.... (မှန်ပါ့) ပါရမီနဲ့မဆိုင်ဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တရားကျသွားလို့လဲ မဟုတ်ဘူး....(မဟုတ်ပါဘုရား) ရောလို့မမြင်တာ....(မှန်ပါ့) တကားကြွယ် နေရာကျပလား-(ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ နည်းပေးရတယ်၊ ငါသည် ဒီလိုရောမိတဲ့အခါကျတော့ ကိုင်း....ခါတိုင်း အနီစွတ်တွေ,ဖြစ်ပျက်တွေ, ထိုင်လိုက်တယ်ဆို ဉာဏ်နဲ့ စိုက်ကန့်, စိုက်ကန့်တွေပါလျက်သားနဲ့ ယခု ဒီအပတ်မှာ ဘာဖြစ်လို့မမြင်ပါလိမ့်မလဲ တွေးလိုက်လို့ ရှိယင်ဖြင့် လောဘတွေကဝင်၍ ကာမစ္ဆန္ဒနီဝရဏ ဝင်နေပြီ (မှန်ပါ့)။

ဝင်နေတဲ့အခါကျတော့ ရေကိုပြန်စစ်လိုက်၊ ဆေးတွေမရောစေနဲ့....(မှန်ပါ့) ခပ်ကြည်ကြည် ရေတည်ပြီးသကာလ ရေကြည်ကလေးတွေထားပြီး ပြန်ကြည့်လိုက်၊ မျက်နှာရိပ်ထင်လိမ့်မယ်.... (မှန်ပါ့) မထင်ပေဘူးလား.... (ထင်ပါတယ်ဘုရား)။

ထို့အတူဘဲတဲ့ သူ့ထားပစ်လို့ရှိယင်ဖြင့် ခုနင်က အနယ်တွေ ဖယ်ပစ်ခဲ့လို့ရှိယင်ဖြင့် မျက်နှာရိပ်ထင်သလို တကာတကားမတို့ သူ့ကိုဖယ်ပစ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဖယ်ပစ်ရတော့မယ် တကာတကာမတို့... (မှန်ပါ့) ဖယ်ပစ်ရတော့မယ်ဆိုတော့ ဖယ်နည်း နိဿယညည်း ပြောစမ်းပါဆိုတော့ ကိုယ့်ဖြစ်ပျက် မရှုနဲ့ဦး....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား) ဒီ-ရောနေတဲ့ လောဘစိတ်ကလေး သူက ဝင်နေလို့ သူ့ကို အရင် ဖြစ်ပျက်ရှုပေး....(မှန်လှပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာလုပ်ရမလဲ ... (လောဘကို အရင် ဖြစ်ပျက်ရှုရပါမယ်ဘုရား) ခုနင်က အထောကလေး ဖြစ်ပျက်ရှုလိုက် ... (မှန်ပါ့) အထောကလေး ဖြစ်ပျက်ရှုလိုက်ဒီတော့ သူက ပျောက်သွားတယ်- (မှန်ပါ့)ဖြစ်ပျက်ရှုလိုက်တော့သူပျောက်သွားတဲ့အချိန်ကျတော့ မှ တကာကြွယ်တို့ ဦးမာဒင်တို့က နဂိုရိုက်ဝေဒနာဆိုယင် ဝေဒနာကို ပြန်ရှု....(မှန်ပါ့) သူ့ကို မရှုဘဲနဲ့တော့ ကိုယ့်ဝေဒနာရှောက်ရှာမနေနဲ့....(မှန်ပါ့)မရဘူး၊အထောကို အရင်ဖယ်ပစ်ပါဦး (မှန်ပါ့)။

တကာကြွယ် နေထောကျပလား... (ကျပါပြီ)ဒါဖြင့် ဖယ်တတ်ရှားတတ်ပလား....(ဖယ်တတ်,ရှားတတ်ပါပြီဘုရား)။

ဒါဖြင့် ပညာမျက်လုံးပေါ် ကိလေသာမြူဖုံးတာကို မြူအရင် ဖယ်ပစ်ရမယ်....(မှန်ပါ့)ဒါမှ ပညာနဲ့ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တွေ,သစ္စာလေးပါးအချက်တွေ မြင်မယ်ပေါ့ဗျာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် တကာတကာမတို့ ရှုပုံရှုနည်း နိဿယညည်းဟာ ယနေ့ဆရာဘုန်းကြီး ဘယ်လိုပေးပါလိမ့်မတုံး ဆိုလို့ရှိယင်ဖြင့် ပင်ကိုယ်က မြင်နေတဲ့ ပင်ကိုယ်အရှိကို မြင်ချင်လို့ရှိယင်ဖြင့် ကြား

က ရောနေတဲ့တရားက အဖုံးအဖိုဖြစ်နေတယ်....(မှန်ပါ့) အကာအကွယ်ဖြစ်နေလိမ့်မယ်(မှန်ပါ့)အဲဒီ အကာအကွယ်ကိုဖြစ်ပျက်ရှု (မှန်ပါ့) ပြီးတော့မှ ပင်ကိုယ်ဝေဒနာပြန်ရှုပေး.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဘာလုပ်ရမယ်.... (အကာအကွယ်ကို အရင်ရှုရပါမယ်ဘုရား) အကာအကွယ် အရင်ရှုပစ်လိုက်.... (မှန်ပါ့) ရောနေတဲ့ အကာအကွယ် အရင်ရှုပစ်လိုက်....(မှန်ပါ့) ပြီးတော့မှ ကိုယ်လုပ်နေကျဝေဒနာကို ပြန်ပြီးရှု.... (မှန်ပါ့) ပြန်ရှုတော့ ဦးမာဒင့်ရေ.... တွေ့ရတော့မယ်....(မှန်ပါ့ဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒါ....နိဝရဏဖယ်တတ်ပြီပေါ့.... (မှန်ပါ့) ကာမစ္ဆန္ဒနိဝရဏ ဖယ်တတ်ပြီ....(မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

ကိုယ့်မျက်နှာရိပ် ကိုယ်မမြင်ရခြင်းသည် ကိုယ့်အနိဋ္ဌရိပ်, ဒုက္ခရိပ်ကို ကိုယ့်ဉာဏ်နဲ့မှ မမြင်ရခြင်းသည် တကာတကာမတို့ကာမစ္ဆန္ဒနိဝရဏဆိုတဲ့ ဆေးနို့,ဆေးပြာ,ဆေးဝါတွေ ရောနေလို့ (မှန်ပါ့) သူတို့ ဖယ်လိုက်လို့ရှိယင်ဖြင့် ကိုယ့်ခန္ဓာတည်းဟူသော မဟာဘုတ်လေးပါး အကြည်ရုပ်ကြီးကို ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်ယင် ဖြစ်ပျက်တွေ့တွေ့ပါလိမ့်မယ်.... (တွေ့ပါတယ်ဘုရား)။

ဒါဖြင့် အခုအခံရှိလို့ မတွေ့တာပေါ့.... (မှန်ပါ့) ဘယ်လို ဆိုကြမယ်....(အခုအခံရှိလို့မတွေ့တာပါဘုရား)။

ကဲ....ဒါဖြင့် ဦးမာဒင် ဘာကို အရင်ဖယ်မယ်.... (အခုအခံကို အရင်ဖယ်ရပါမယ်ဘုရား) အခုအခံကို အရင်ဖယ်.... (မှန်လှပါဘုရား)။

ဖယ်လို့ သူ့ကိုဖြစ်ပျက်ရှုပြီးသည်၏အခြေးမဲ့ဌ် ကိုယ်ရှုနေတာက ဝေဒနာဖြင့်....(ဝေဒနာကို ပြန်ရှုရပါမယ်ဘုရား) စိတ်ရှုနေတဲ့ပုဂ္ဂိုလ်ဆိုယင်.... (စိတ်ပြန်ရှုရပါမယ်ဘုရား) အဲ့ပြီးတော့မှ မူလကမ္မဋ္ဌာန်းပြန်လိုက်....(မှန်ပါ့) ဥည့်သည် အရင်ရှုပစ်....(မှန်ပါ့)။

ရောလာတဲ့ဥည့်သည်ကို....(အရင်ရှုရပါမယ်ဘုရား) သဘောပါကြပလား....(ပါပါပြီဘုရား)။

သြော်... နေရာကျပြီ-နေရာကျပြီ တကာကြွယ့်ရေ.... ဒါဖြင့် ပညာမျက်စိပေါ်မှာ တိမ်သလာကို အရင်ဖယ်ပေါ့ဗျာ-(မှန်ပါ့) တိမ်သလာဖယ်ပြီးတော့မှ ဒီခန္ဓာကြည့်· နိဗ္ဗာန်ကြည့်ဆိုတော့ မတွေ့ရပေဘူးလား (တွေ့ရပါတယ်ဘုရား)။

အေး....ဒီလိုဆိုတော့ ဘုန်းကြီးများကလဲ ကျေနပ်ပါပြီ.... (မှန်ပါ့) ဒါ....သင်္ခါရဝကို ဘုရားဟောနေတာ....(မှန်ပါ့ဘုရား) တကာကြွယ် နေရာကျပြီနော်....(ကျပါပြီ) ဖယ်တတ်ကြပလား-(ဖယ်တတ်ပါပြီဘုရား)။

တခါတလေကျတော့လဲ တကာ တကာမတွေ့ သင်္ခါရဝသတို့သားက ပြောပြန်တယ် .. (မှန်ပါ့) တခါတလေမမြင်တာက ဒီလိုကွာတဲ့ဘုရားက တကာတကာမတို့နော်... (မှန်ပါ့) ရေခွက်ထဲထည့်တဲ့ရေဟာ ဆူနေတယ်... တဲ့.... (မှန်ပါ့) ပွက်ပွက်....

ပွက်ပွက်နဲ့ ဆူနေတယ် ၊ အဲဒီအချိန် မျက်နှာ သွားဟပ်တော့ မျက်နှာရိပ်ထင်ပါ့မလား....(မထင်ပါဘုရား) ဘာဖြစ်လို့တုံး.... (ရေဆူနေလို့ပါဘုရား) ရေဆူနေလို့ မထင်ဘူး....တဲ့ (မှန်ပါ့) ရိပ်မိပလား.....(ရိပ်မိပါပြီ)။

ထို့အတူဘဲ တဲ့.....၊ မင်းတို့သန္တာန်မှာ မင်းတို့ ဝမ်းထဲမှာ ဗျာပါဒနီဝရဏဆိုတဲ့ စိတ်မချ,လက်မချ ဒေါသတွေ ဝင်နေတဲ့ အချိန်မှာလဲ ကိုယ့်မျက်နှာရိပ်မထင်ဘူးတဲ့.....(မှန်ပါ့) အနိစ္စရိပ်, ဒုက္ခရိပ်,အနတ္တာရိပ်တွေကို ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဖြစ်ပျက်တွေ မြင်သေးရဲ့လား.... (မမြင်ပါဘုရား) ဘာဖြစ်လို့တုံး.... ဒေါသရေတွေဆူနေလို့.....(မှန်ပါ့)။

အဲဒါကြောင့် တကာကြွယ် ဘယ်သူ့ကို အရင်ရှုမယ် .. (ဒေါသကိုရှုရပါမယ်ဘုရား) ဒေါသရှုပစ်လိုက်... (မှန်ပါ့ဘုရား) ဒေါသရှုပစ်လို့ ဒီဒေါသဖြစ်ပျက်တွေနဲ့ ဉာဏ်အောက် ရောက်လာပြီ....၊ နောက် သူမပေါ်လာတဲ့အချိန်ကျမှ မူလကမ္မဋ္ဌာန်း ပြန်ကြည့် (မှန်ပါ့ဘုရား) မူလကမ္မဋ္ဌာန်းဆိုတာ ဘာပါလိမ့်.... (ဝေဒနာပါဘုရား)။

အဲ....ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်မူလဝေဒနာ.... (မှန်ပါ့) စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ.... (စိတ်ရှုရပါမယ်ဘုရား) ကိုယ့်မူလဟာ စိတ်ဘဲ....(မှန်ပါ့ဘုရား) အဲဒီအချိန်ကျမှ ပြန်ကောက်ရတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဓရှုနေတုန်း မျက်နှာရိပ်မထင်သလိုပေါ့ဗျာ.... (မှန်ပါ့) ရေကို မဆူအောင်ပြန်လုပ်ရဦးမယ်....(မှန်ပါ့)ရေငြိမ်အောင် ပြန်

လုပ်ရဦးမယ်....(မှန်ပါ့) တကာကြွယ် သေချာပလား...(သေချာပါပြီဘုရား)။

ဦးလှဘူး,ရေ.... ဒီနေ့ ရှုရတာဖြင့် ဘာများဖြစ်တယ် မပြော တတ်ပါဘူးဘုရား၊ ဖြစ်ပျက်မမြင်ပါဘူး တဲ့....(မှန်ပါ့) တရား များ အောက်ကျသွားရော့လား....တဲ့ (မှန်ပါ့) အံ့မာ လာ ချင် လာဦးမယ် သူ... (မှန်ပါ့) မလာပေဘူးလား တကာကြွယ် (လာပါတယ်ဘုရား)။

အင်း... ပါရမီက ကျွှမ္မထင်ပါရဲ့နဲ့ မဟုတ်တာတွေ လျှောက် တွေးနေပြီ.... (မှန်ပါ့) သူ့ဟာသူ ရေဆူနေတာ သူမသိဘူး.... (မှန်ပါ့)။

သူ့ညာဏ်ပေါ်မှာ ဒေါသဇာတ်ဉီးဟူသော ရေဆူနေတယ်... (မှန်ပါ့) ညာဏ်ပေါ်မှာ ဒေါသတည်းဟူသော မြူတွေ အုပ်နေ တယ်....(မှန်ပါ့)။

အဲ....ဒါဖြင့် တကာသစ် ဒီမြူ ဘာလုပ်ရမလဲ.... (သူ့ကိုရှုရ ပါမယ်ဘုရား) သူ့ရှုလို့ နိုင်တဲ့အချိန်ကျ ဒေတာမှ မူလကမ္မဋ္ဌာန်း ပြန်ကောက်....(မှန်ပါ့) ရိပ်မိကြပလား....(ရိပ်မိပါပြီ)။

ဘာလုပ်ရမယ်. (မူလကမ္မဋ္ဌာန်းပြန်ဒကာက်ရပါမယ်ဘုရား) မူလကမ္မဋ္ဌာန်းဆိုတာ ကိုယ်ကြိုက်တဲ့ ကိုယ်နှစ်တိုင်း အားထုတ် နေတဲ့ ကမ္မဋ္ဌာန်း... (မှန်ပါ့) ဝေဒနာဖြစ်ပျက်ဖြင့် ဝေဒနာ ဖြစ်ပျက်.... (မှန်ပါ့) စိတ်ဖြစ်ပျက်ဖြင့် စိတ်ဖြစ်ပျက်၊ ဒါကို ပြန်ကောက်ရမယ်.... (မှန်ပါ့) သူ့ကို အရင်ဖယ်ဦး.... (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား) တော်တော် နေရာကျပြီဗျ (မှန်ပါ့)။

ဒါ....ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပဥ္စကနိပါတ်အဂုံတို့ရှိ
မှာ ကိလေသာမြူ ဖယ်နည်း နိဿယညွှန်းကို ဟောပါတယ်....
(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း... တခါသွားပါဦး တကာတကာမတို့ တခါတလေ
တပည့်တော်ဘုရား မမြင်တာရှင်းပါဦး....တဲ့၊ သင်္ဂါရဝက အို....
မင်း ဒီလိုက္ခ....တဲ့၊ ရေထဲမှာက္ခာ....တဲ့ မှောင်ရိပ်တွေက လွှမ်း
နေတယ်... (မှန်ပါ့ဘုရား) ရောက်ထဲ ရေမှော်တွေလွှမ်းနေတော့
မျက်နှာရိပ် ရေပေါ်မှာ ဟပ်ကြည့်သော်လဲ တည့်ပြီးကြည့်တော့
လဲ မြင်နိုင်ပါ့မလား....(မမြင်နိုင်ပါဘုရား) မှော်တွေရှုပ်နေတယ်
(မှန်ပါ့ဘုရား)။

ဒါဖြင့် မှော် ဖယ်လိုက်ပြီးတော့မှ ရေငြိမ်မှ မျက်နှာနဲ့
ဟပ်လိုက်ယင် အရိပ်ထင်တယ်....(မှန်၁ါ့)။

ဒီမှာသဲက္ခာ....တဲ့၊ မင်း တရားအားထုတ်နေတော့ ထိုနမိဒ္ဓ
ဆိုတဲ့ ငိုက်မျည်းခြင်း....(မှန်ပါ့) အဲဒီဥစ္စာက မင်း ဖုံးလွှမ်း
နေလို့ရှိယင်လဲ မင်းဖြစ်ပျက်နဲ့ မင်း ဉာဏ်နဲ့ တွေ့မှာ မဟုတ်
ဘူး....တဲ့... (မှန်ပါ့)။

ဒါဖြင့် ရေမှော်ဖယ်သလို ထိနမိဒ္ဓဖြစ်ပျက်ရှုပြီး ဖယ်လိုက်....
(မှန်ပါ့) တကာကြွယ် နေရာကျပလား....(ကျပါပြီ)။

ဘာ ဖယ်လိုက်မယ်....(ထိနမိဒ္ဓ ဖယ်ရပါ့မယ်ဘုရား) ထိနမိဒ္ဓ
လာလို့ရှိယင်ငိုက်တယ်မျည်းတယ်ဆိုလို့ရှိယင် မင်းငိုက်တဲ့မျည်းတဲ့
စိတ်ဘဲဆိုပြီး သကာလ “ သံခိတ္တ • ဝါ စိတ္တ • သံခိတ္တ • စိတ္တန္တိ
ပဇာနာတိ” ပါဠိလို .. (မှန်ပါ့)မြန်မာလိုတော့ ထိနမိဒ္ဓဖြစ်ပျက်

ရှုလိုက်.....(မှန်ပါ့) ရှုပြီးတော့မှ ဦးမာဒင် ဘယ်သွားမတုံး-(မူလကမ္မဋ္ဌာန်းပြန်ရပါမယ်ဘုရား)။

အဲ့....ကိုယ့်ဝေဒနာကို အဲ့ဒီ့ကျတော့မှ ပြန်ကောက်ပါ.... (မှန်ပါ့) သူ့ကိုတော့ အရင်ရှုပစ်လိုက်ရသေးတယ်....(မှန်ပါ့) သဘောပါပလား . (ပါ-ပါပြီ)။

ဒါဖြင့် ဘယ်နှစ်ခု ဖယ်ပြီးပလဲ....(သုံးခုဖယ်ပြီးပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် နာရီလဲ ကျန်ပါသေးတယ် တကာတကာမတို့ သင်္ဂါရဝကို ဘုရားဟောနေတယ်နော်.... (မှန်ပါ့) တခါတလေကျတော့ မမြင်ပုံကို အရှင်ဘုရား ရှင်းပါဦးဘုရားဆိုတော့ အေးကွာ....တဲ့၊ ရေပေါ်မှာ ကောင်းကင်က သစ်ပင်ရိပ်ကြီးတွေကလှမ်းမိုးပြီးတော့ လေတွေကတိုက်တော့ လှိုင်းတွေ,ဂယက်တွေကထ,နေတယ်....(မှန်ပါ့ဘုရား)။

အဲ့ဒီလှိုင်းဂယက် ထ,နေတုန်း မျက်နှာသွားဟပ်တော့ ရေထဲအရိပ်ထင်ပါ့မလား .. (မထင်ပါဘုရား)အဲ့ဒီလိုဘဲကွ လှိုင်းဂယက်ငြိမ်မှ လုပ်ရတယ်....၊ ဒါမှ မျက်နှာရိပ်ထင်မယ်ဘဲ့ ... (မှန်ပါ့ဘုရား)။

ထို့အတူဘဲ ဥဒ္ဓစ္စကုက္ကုစ္စဆိုတာ လေတိုက်နေလို့ ရေတွေလှုပ်နေသလိုဘဲ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲ့ဒီဘော့ ခင်ဗျားတို့ သန္ဓာန်မှာလဲ ဒီဟာတွေ ဥဒ္ဓစ္စနဲ့ကုက္ကုစ္စဝင်လာလို့ရှိယင် တကာကြွယ်တို့, ဦးမာဒင်တို့က ဥဒ္ဓစ္စ

ကုက္ကုစ္စဖြစ်ပျက်ရှု(မှန်ပါ့) "ဝိက္ခေါတ္တံ ဝါစိတ္တံ ဝိက္ခေါစိတ္တန္တိ" ပဇာနာတိ" ပါဠိလို....(မှန်ပါ့) မြန်မာလိုတော့ ဥဒ္ဓစ္စကုက္ကုစ္စ ဖြစ်ပျက်ရှုပစ်လိုက်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူ့ရှုပြီးတော့မှ ဘယ်သွားရမလဲ.... (မူလကမ္မဋ္ဌာန်းပြန်ရပါမယ်ဘုရား)။

အဲ....မူလကမ္မဋ္ဌာန်းဆိုတာ ကိုယ်ရှုနေတာ ဝေဒနာ၊ အဲဒီကျမှ ဖြစ်ပျက်ရှု .. (မှန်ပါ့) မတွေ့နိုင်ဘဲခံနိုင်ပါ့မလား.... (မခံနိုင်ပါဘုရား)။

ဒါဖြင့် ရေလှုပ်နေလို့ လှုပ်တာ ငြိမ်အောင် လုပ်ရဦးမယ်ဆိုတော့ လှုပ်တာက ဥဒ္ဓစ္စကုက္ကုစ္စ .. (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

အင်း....တကာကြွယ်ရေ ဖယ်တတ်ပလား....(ဖယ်တတ်ပါပြီ) ဒါဖြင့် ဝိပဿနာ၏အန္တရာယ်ကို မဖယ်တတ်ပြန်လို့ ရှိယင်လဲ ဝိပဿနာရှုဟဲ့- ရှုဟဲ့လို့ ဆရာကဆိုငြားသော်လဲ မရနိုင်ဘူး.... (မရနိုင်ပါဘုရား)မဖယ်တတ်,မရှားတတ်လို့- (မှန်ပါ့)ပေါ်ကြလား... (ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံးဗျာ.... (မဖယ်တတ်မရှားတတ်လို့ပါဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကိုင်း... ဒါဖြင့် သင်္ဂါရဝ ဟောနေတာနော်... (မှန်ပါ့)ငါးခု မြောက် သူပြောပြန်တော့ ဘုရားက သင်္ဂါရဝရေ-တဲ့ .. ၊ မင်း-ရပြီးသားစာတွေပျောက်၊ မရသေးတဲ့စာတွေဆိုတာ လုံးလုံးမပေါ်လာ၊ အဲဒါ တခြားမဟုတ်ဘူးကွ-တဲ့ ရေကအောက်မှာ အနယ်ထိုင်နေတယ်....(မှန်ပါ့)။

အမဲအနယ်တွေကထိုင်နေတော့ အပေါ်က မျက်နှာရိပ် ဟပ်ငြားသော်လဲ အောက်က အမှောင်ခံနေတဲ့အတွက် ဦးမာဒင်ရေ-မျက်နှာရိပ်ထင်နိုင်ပါ့မလား....(မထင်နိုင်ပါဘုရား)။

ဘယ်နေရာမှာမဲ့, ဘယ်နေရာမှာတင်းတိတ်လို့ သိပါ့မလား-(မသိပါဘုရား) ဘာဖြစ်လို့တုံး ... (အောက်ကအနယ်ခံနေပါ့ တယ်ဘုရား) ရေအနယ်ထိုင်နေလို့တဲ့ တကာတကာမတို့.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒီမှာလဲတဲ့ တကာတကာမတွေက အလုပ်-လုပ်ရတာ ဟုတ်မှ ဟုတ်ပါ့မလား....၊ ရမှ, ရပါ့မလား၊ မရဘဲနေလေမလား၊ ကိုယ်က အသက်အရွယ်ကလဲကြီး ရောဂါကလဲထူနဲ့ သူဝင်ပြီ တကာ တကာမတို့....(မှန်ပါ့)အသက်အရွယ်ကလဲကြီး, ရောဂါကလဲထူ ဖြစ်မှ-ဖြစ်ပါ့မလား... တဲ့....၊ အင်း.... ရေထဲ အနယ်ထိုင်ပြီ.... (မှန်ပါ့ဘုရား)ဝိစိကိစ္ဆာဆိုတာ အနယ်ထိုင်တာဆိုတာ....(မှန်ပါ့ ဘုရား)။

အဲဒီမှာ မျက်နှာရိပ်ဟပ်ကြည့်သလို ဝိပဿနာရှုကြည့်တော့ ဖြစ်မှ ဖြစ်ပါ့မလားက ခံနေတယ်....(မှန်ပါ့)။

တကာကြွယ် ဘယ်ဟာက ခံနေသလဲ.... (ဖြစ်မှဖြစ်ပါ့မလား ခံနေတယ်.... (မှန်ပါ့) ဖြစ်မှဖြစ်ပါ့မလားဆိုတော့ ဝိစိကိစ္ဆာ .. (မှန်ပါ့)။

အဲဒီတော့ ဦးမာဒင်တို့က ဒီလိုလုပ်ရမယ်၊ ဒီဝိစိကိစ္ဆာ ဖြစ်မှ ဖြစ်ပါ့မလားလို့ဆိုတော့ ဘယ်နှယ် ဘုရားက ဖြစ်ပါတယ် ခုနစ် ရက်နဲ့ရပါတယ်ဟောတာ မင်းကဖြစ်မှဖြစ်ပါ့မလားနဲ့ မင်း....

ဝင်ရှုပ်နေတယ်....(မှန်ပါ)ဆိုပြီး ဒီအနယ်တွေဖယ်သလို သူ့ကို ဖြစ်ပျက်ရှုပစ်လိုက်....(မှန်ပါ့)။

ဝိစိကိစ္ဆာ ဘာလုပ်ရမလဲ .. (ဖြစ်ပျက်ရှုပစ်ရပါမယ်) ဖြစ်မှ ဖြစ်ပါ့မလားဘူး....၊ ရမှ, ရပါ့မလားဘူး... အဲဒါတွေကလဲ ခင်ဗျားတို့ ချက်ကောင်းမှ ရတတ်တာနော်....(မှန်ပါ့)။

အဲဒါကဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်) အဲ....ဖြစ်ပျက်ရှုပစ်ပြီးတော့မှ မူလကမ္မဋ္ဌာန်းပြန်ကောက်....(မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ နဂိုရိုက်ရှိတဲ့ ခန္ဓာအရိပ်ဆိုတဲ့ အနိစ္စ, ဒုက္ခ, အနတ္တဟာ မမြင်ဘဲနေပါ့မလား.... (မနေပါဘုရား) ဖယ်စရာရှိတာ ဖယ်ပြီးပြီပေါ့ဗျာ....(မှန်ပါ့) လောဘလဲဖယ်ပြီးပြီ....(မှန်ပါ့) ဒေါသလောယင်ကော....(ဖယ်ပြီးပါပြီဘုရား)။

ဖယ်ဆိုတာ တခြားဆိုတာမဟုတ်ဘူး၊ သူတို့ကိုဖြစ်ပျက်ရှုပေး(မှန်ပါ့) ထိုနမိဒ္ဓလာလဲ... (ဖြစ်ပျက်ရှုရမှာပါဘဲ) ဖယ်ဆိုတာ တခြားလား....၊ သူတို့လာတာ ရှုရမှာလား.... (သူတို့လာတာကို ရှုရမှာပါဘုရား)။

ဥဒ္ဓစ္စကုက္ကုစ္စလာယင်ကော(ရှုရမှာပါဘဲ)ဥဒ္ဓစ္စဆိုတာ စိတ်ကထွက်ထွက်ပြေးတာ....(မှန်ပါ့)အဲ.... ထွက်ပြေးတဲ့စိတ် ဖြစ်ပျက်ရှု(မှန်ပါ့) သူက ထွက်ပြေးတာ မဟုတ်ဘူး၊ ဒီနေရာကနေပြီးတောင်လှည့်, မြောက်လှည့်-လှည့်နေတာ....(မှန်ပါ့) အဲဒီတော့ ဒီနေရာကိုစိုက်ရှုလိုက်.... (မှန်ပါ့)။

သူလှည့်တဲ့နေရာမှာ သူ့ကို အင်း....မင်းလဲ ဖြစ်ပြီးပျက်တာဘဲဆိုပြီး သူ့နေရာဉာဏ်ရောက်သွားယင် သူပြေးတာဘဲ(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဝိစိကိစ္ဆံ့ဝလာလဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ကိုင်း.... ဒါဖြင့် တာဒုမြစ်တတ်တဲ့ ကိလေသာမြူငါးမျိုး တကာကြွယ်ရေ- နေရာကျပြီ....(ကျပါပြီ) ဖယ်တတ် ရှားတတ်ပလား... (ဖယ်တတ်ရှားတတ်ပါပြီဘုရား)။

ဖယ်တတ်ရှားတတ်တဲ့ အခါကျလို့ ရှိယင်ဖြင့်....တဲ့....၊ မူလကမ္မဋ္ဌာန်းပြန်ကောက်တော့ ချက်ခြင်းမတ္တဲပေဘူးလား.... (တ္တဲပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဖြစ်ပျက်နဲ့မဂ်နဲ့ ဦးမာဒင်ကိုက်ပြီ ... (ကိုက်ပါပြီ) ဘယ်နှယ်ကြောင့် ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်-ကိုက်နေပါလိမ့်မတုံးဆိုတော့ အို....အရောတွေ့ မချိဘူးဘုရဲ့ ... (မှန်ပါ့) လောဘအရောကော ... (မရှိပါဘုရား) ဒေါသအရောကော-(မရှိပါ) ထိနမိဒ္ဓအရောကော....(မရှိပါ) ဥဒ္ဓစ္စကုက္ကုစ္စ အရောကော....(မရှိပါ) ဝိစိကိစ္ဆာအရောကော....(မရှိပါဘုရား)။

အကယ်၍ ရောလာပြန်ပြီ တကာဘကာမတို့ ဘယ်နှယ်လုပ်မလဲ... (ဖြစ်ပျက်ရှုရပါမယ်) ရောတာကိုဖြစ်ပျက်ရှု (မှန်ပါ့) ရှုပြီးတော့မှ ကိုယ့်ကို ဆရာပေးထားတဲ့ ကမ္မဋ္ဌာန်းကို.... (ပြန်ကောက်ရပါမယ်) ပြန်ကောက်ရမယ်ဆိုတော့ ကမ္မဋ္ဌာန်းချင်းဆက်မသွားဘူးလား- (ဆက်သွားပါတယ်ဘုရား)အဲ ...ကမ္မဋ္ဌာန်းချင်းဆက်သွားလို့ ရှိယင်ဖြင့် တကာသစ် မရ မရှိပါဘူး-(မှန်ပါ့ဘုရား)။

ဒါဖြင့် တချို့ ပါရမီဆိုကြမလား....၊ တရားကျသွားတာဆိုကြမလား တကာတကာမတို့၊ မဖယ်တတ်လို့ ဖြစ်ရတာလား ..

(မဖယ်တတ်လို့ ဖြစ်ရတာပါဘုရား) သဒ္ဓါဘာပါပလား....(ပါပါပြီဘုရား)။

ဩော်.... ဆရာသမား သိပ်လိုပါကလားဆိုတာ တကာ့ကြွယ်ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ဒီလိုမှ ဖယ်နည်း နိဿယညွှန်းကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးပေးတဲ့နည်းနဲ့ တကာတကာမတွေကို သင်ပြမပေးခဲ့သော် ဒီတကာတကာမတွေဟာ ပါရမီကြောင့်သော်ငင်း, တရားဘဲ ကိုယ်နဲ့မထိုက်တန်လို့ သော်ငင်း, ဒီဘဝ ကျွတ်တမ်းမဝင်နိုင်တဲ့ ပုဂ္ဂိုလ်ထဲက ကိုယ်ပါသွားလို့ ထင်ပါရဲ့ ဆိုပြီး သကာလ ဦးမာဒင် ဆုတ်နစ်တဲ့စိတ်တွေ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

နဂိုရိုက ပုထုဇန်မိုက်ရတဲ့အထဲ ပျင်းရတဲ့အထဲမှာဟင် .... (မှန်ပါ့) နဂိုရိုကမှ ဒီဥစ္စာ တွန်းထိုးခိုင်းရတဲ့အထဲမှာ ခုနင်က ကိုယ်အလိုမကျတာနဲ့တွေ့တော့ အပျင်းနဲ့ အဖျင်းနဲ့ရောပြီး ဆင်းသွားမှာလဲ စိုးရသေးတယ် (စိုးရပါတယ်ဘုရား)။

ဘာစိုးရိမ်ရသလဲ....(အပျင်းနဲ့ အဖျင်းရောသွားမှာစိုးရိမ်ရပါတယ်ဘုရား)။

အပျင်းက နဂိုရိုကရှိပြီးသား....(ရှိပြီးသားပါ)ဒီလိုလုပ်တော့ မဖယ်တတ်, မရှားတတ်တော့ ကိုယ်ကလဲဥာဏ်က မထုတ်နိုင်တော့ အဖျင်းကရောလာတယ် (ရောပါတယ်ဘုရား)။

ဒါဖြင့် အပျင်းနဲ့ အဖျင်းရောလို့ ရှိယင်ဖြင့် တကာတကာမတို့ အပါယ်လေးပါးစာဖြစ်မယ်....(မှန်ပါ) မဖြစ်ပေဘူးလား....

(ဖြစ်ပါတယ်)တကာကြွယ် ကြောက်စရာကြီးပါလား(ကြောက်စရာကြီးပါဘုရား)။

နဂိုရိုက သံသရာ့ခရီးသည်မို့ ကိလေသာထူထူတဲ့ ပုဂ္ဂိုလ်များအပျင်းကပါပြီးသား....(ပါပြီးသားပါ)ဒီအထဲမဖယ်တတ် မရှင်းတတ်ပြန်တော့ အဖျင်းက ဝင်နေပြန်တယ်.... (ဝင်နေပါတယ်) သဘောပါလား....(ပါပါပြီဘုရား)။

အပျင်းနဲ့အဖျင်းရောပြီးဆဲ့ချလိုက်တာ ဒီပုဂ္ဂိုလ်ဘယ်ရောက်သွားသတုံး....(အပါယ်ရောက်သွားပါတယ်) တယ်နာသဗျာ... (နာပါတယ်)မနာဘူးလား....(နာပါတယ်ဘုရား)။

အဲဒါ့ကြောင့် တရားဟောပုဂ္ဂိုလ် ညံ့လို့လဲ မဂ်ဖိုလ်မရတာရှိသေးတယ်....(မှန်ပါ့) တရားနာညံ့လို့လဲ မဂ်ဖိုလ်မရတာရှိတယ် (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တရားနာညံ့ဖျင်းလို့.... (မဂ်ဖိုလ်မရတာ ရှိပါတယ်ဘုရား) တရားဟော ညံ့ဖျင်းလို့ .... (မဂ်ဖိုလ် မရတာ ရှိပါတယ်ဘုရား)။

အဲ....အခုတော့ဖြင့် တရားနာလဲ မညံ့ကြပါနဲ့တော့(မှန်ပါ့) ဖယ်တတ်ပြီဘုရာ့ .... (မှန်ပါ့) မဖယ်တတ်သေးဘူးလား.... (ဖယ်တတ်ပါပြီ) ဒါဖြင့် တရားနာဘက်ကလဲ မညံ့ပါဘူး.... (မှန်ပါ့ဘုရား)။

အင်း.... နဂိုရိုက ဖယ်တတ်တဲ့နည်းသိပြီး နာယင် နာတတ်ပါပြီတဲ့၊ အခုဖယ်နည်း နိဿယည်းကိုလဲ ဆရာဘုန်းကြီးက

ဟောပါပြီ..(မှန်ပါ့) တရားဟောလဲ မည့်ပါဘူး .... (မည့်ပါဘူးရား)။

ဒါဖြင့် တရားနာလဲမည့်၊ တရားဟောလဲ မည့်ဆိုယင်ဖြင့် တကာသစ် မင်္ဂိုလ်ကန့်ကွက်တာမရှိဘူး.... (မရှိပါ) ရှိသေးရဲ့လား....(မရှိပါဘူးရား)။

ဒါဖြင့် တကာသစ်ရေ ကိုယ့်ဘက်ကမလိုစေနဲ့.... (မှန်ပါ့) ဆရာ့ဘက်ကကော....(မလိုပါဘူးရား)။

မလိုတော့ဘူးတဲ့၊ ပညာမျက်စိပေါ်၌ ကိုလေသာမြူတွေဖုံးနေတာ ဖယ်ပေးလို့ ရှိယင်ဖြင့်ဒီပညာမျက်စိဟာ တကာတကာမတို့ အရှိန်နဲ့- အသိကိုက်ရတော့မယ်.... (ကိုက်ရမှာပါ) မကိုက်ပေဘူးလား (ကိုက်ပါတယ်) အရှိကဖြစ်ပျက်၊ အသိကမင်္ဂ.... (မှန်ပါ့ဘူးရား)။

အရှိက... (ဖြစ်ပျက်ပါ) အသိက....(မင်္ဂပါ) ဒီလိုကိုက်သွားတယ်ဆိုလို့ ရှိယင် ဒီဖြစ်ပျက်အဆုံးမှာ၊သခ်ၤါရအဆုံးမှာ အသခ်ၤတာနိဗ္ဗာန်ရှိတယ်....(မှန်ပါ့) သခ်ၤါရဆုံးအောင် လိုက်ဘို့ရာကျုပ်တို့တာဝန်....(မှန်ပါ့ဘူးရား)။

သခ်ၤါရဆုံးအောင် လိုက်သွားလို့ ရှိယင် အသခ်ၤတနိဗ္ဗာန်ကို ဘယ်နှယ်တုံး....(တွေ့ရမှာပါဘူးရား)။

ဒါဖြင့် ကျုပ်တို့သည်ကားလို့ ဆိုလို့ ရှိယင် ဖယ်လဲဖယ်တတ်ပြီ၊ ဖယ်တတ်လို့ သခ်ၤါရတွေ့ပြီ၊ သခ်ၤါရဆုံးအောင် ကျုပ်တို့လိုက်လိုက်ရလို့ ရှိယင်ဖြင့် တကာကာမတို့ အသခ်ၤတခါတ် နိဗ္ဗာန်မြတ်နဲ့ ကျုပ်တို့ဥာဏ်နဲ့ဟာ တခါတည်း ဟပ်မိသွားမယ် ....

(မှန်ပါ့ဘုရား) မဟပ်မိပါနဲ့ ဆိုလို့ရသေးရဲ့လား .... (မရပါဘုရား)။

ဒါဖြင့် တကာဘကာမတို့ တရားဟောဘုန်းကြီးလဲ မည့်ပါဘူး....(မည့်ပါဘုရား) တရားနာတွေလဲ....(မည့်ပါဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်တွေဟာတဲ့ ဘာမှသံသယမရှိဘဲနဲ့ သြော်.... ဒုက္ခဇာတ်သိမ်းငြိမ်းရမည့် ကျတ်တမ်းဝင်ပုဂ္ဂိုလ်ဖြစ်ရတော့မှာဘဲ ဆိုတာ သေချာနေပြီဆိုတာ ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက်ချ.... (မှန်ပါ့)။

နို့မဟုတ်လို့ရှိယင် ဒီလို ပြင်ပေးတတ်တဲ့ဆရာနဲ့ မြတ်စွာဘုရားဟောတော်မူတာတွေမကြည့်နိုင် မရှုနိုင်လို့ မစုံပြန်လို့ ရှိယင်လဲဦးမာဒင် မလွယ်ဘူးနော်....(မလွယ်ပါ)လွယ်ပါ့မလား-(မလွယ်ပါဘုရား)။

အဲ....အခုတော့ဖြင့် ဆရာ့ဘက်ကလဲကုန်၊ တကာ့ဘက်ကလဲ စုံဆိုသလိုပေါ့ဗျာ....(မှန်ပါ့) ဆရာဘက်ကလဲ တကာတကာမတို့ ဟောစရာရှိတာ အကုန်ဟောပြီ... (မှန်ပါ့) တကာတကာမတွေကလဲ ကျင့်စရာရှိတဲ့အတိုင်းဒါတွေဖယ်ဖယ် ဖယ်ဖယ်ပြီးသကာလ ကျင့်ကြံကြိုးကုတ် အားထုတ်သွားမယ်ဆိုလို့ရှိယင်ဖြင့် သင်္ဂါရဝလိုဘဲ ကိစ္စပြီးမှာဘဲ....(မှန်ပါ့) မပြီးဘဲနေနိုင်ပါ့မလား.... (မနေနိုင်ပါဘုရား)။

ဒါဖြင့် ယနေ့တရားသည် တကာတကာမတို့ အလုပ်၏ အာနိသင်ကို ဖယ်ရှားပြီးသကာလ အလုပ်တွင်မှုကို အားပေးတဲ့ တရား....(မှန်ပါ့ဘုရား)။

အလုပ်အန္တရာယ်တွေ.... (ဖယ်ရှားပြီးပါပြီဘုရား)အလုပ်တွင်
မှုကို....(အားပေးတဲ့တရားပါဘုရား)။

ဒါမြင့် အလုပ်သက်သက်ကို ဒီနည်းနဲ့ လုပ်ရလိမ့်မယ် ...
(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ ယနေ့တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အာမခပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အာမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
လောင်စာသိမ်းရှိ မီးငြိမ်းရန်
ဝိပဿနာရှုနည်း

နွေအလုပ်ပေး-တရားတော်

(၁၂-၉-၆၁)

တရားနှလုံးသွင်းကြ- တရားနှလုံးသွင်းကြ၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခန္ဓာကိုယ်ကို မကျေးမွေးရဘူးလို့ မဆိုပါဘူး (မှန်ပါ့ဘုရား)။

သို့သော် လူမိုက်တို့၏ ကျေးမွေးခြင်းတမျိုး၊ လူလိမ်မာတို့၏ ကျေးမွေးခြင်းတမျိုး၊ နှစ်မျိုးထားရမယ် (မှန်ပါ့ဘုရား)။

လူမိုက်တို့၏ ကျေးမွေးခြင်းက ပါဏာတိပါတကံတွေ လွန်ကျူးပြီးသကာလ အသက်မွေးရတယ်နော်(မှန်ပါ့) အဒိန္နာဒါနကံတွေ သူများပစ္စည်း ခိုးပြီးသကာလ မိမိခန္ဓာကိုယ်ကျေးမွေး၊ သားမယားတွေကျေးမွေး(မှန်ပါ့)အပြစ်ရှိတဲ့ကာယကံသုံးပါးနဲ့ ခန္ဓာကိုယ်ကျေးမွေး၊ ဝစီကံလေးပါးနဲ့ ကျေးမွေး၊ မနောကံသုံးပါးနဲ့ ကျေးမွေးပြီးသကာလ ခန္ဓာကိုယ် အသက်ရှည်အောင် လုပ်တယ်....(မှန်ပါ့ဘုရား)။

အဲဒီလိုလုပ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ကို တကာကြွယ်တို့၊တကာသစ်တို့က ဩော်....လူမိုက်များကျေးမွေးနေတာ ပါကလား....

(မှန်ပါ့ဘုရား) အသက်ရှည်လေ ဆိုးဝါးလေဘဲ .... (မှန်ပါ့ဘုရား) ဘယ်လိုဆိုကြမယ်....(အသက်ရှည်လေဆိုးဝါးလေပါဘဲဘုရား)။

အသက်ရှည်လေလေ ဆိုးဝါးလေလေတဲ့.... (မှန်ပါ့)လောကီဥပမာပြောကြပါစို့ ဆိုလို့ ရှိယင်ဖြင့် ကျေးမွေးပြီးသကာလ ခန္ဓာကိုယ်ဝဖိုးပြီး အသက်ရှင်နေငြားသော်လဲ ဝက်အသားတိုးသလိုဖြစ်နေတယ် .... (မှန်ပါ့) ဝက်အသားတိုးတော့ ဘာဖြစ်သတုံးလို့ မေးတဲ့အခါကျတော့မှ အသားတိုးတဲ့ဝက်သည် အရင်လုံခြက်မိရတယ်....(မှန်ပါ့ဘုရား)။

အသားတိုးတဲ့ဝက်ဟာ.... (အရင်လုံခြက်မိရပါတယ်ဘုရား) အရင် လုံခြက်မိရတာ ဘာဖြစ်လို့တုံးလို့ မေးတော့မကောင်းသဖြင့် စားလို့မကောင်းသဖြင့်ဘေးတွေ့တယ်....(မှန်ပါ့ဘုရား)။

ဒီမှာလဲ တကာတကာမတွေ့ လူမိုက်တို့၏ ကျေးမွေးခြင်းဖြင့် ခန္ဓာကိုယ်ကို မကောင်းသဖြင့် ရောင်းဝယ်ဖေါက်ကားပြီး ကျေးမွေးနေကြမယ်ဆိုလို့ ရှိယင် အပါယ်လေးပါး လုံခြက်မိဘို့ရာဘဲ (မှန်ပါ့) လူမိုက်တို့၏ ကျေးမွေးခြင်းဆိုတာ ဒါပါဘဲ....(မှန်ပါ့ဘုရား)။

လူလိမ်မာတို့၏ ကျေးမွေးခြင်းကတော့ ကာယကံသုံးပါး ရှောင်ကြဉ်တယ်၊ ဝစီကံလေးပါး ရှောင်ကြဉ်တယ်၊ မနောကံသုံးပါး ရှောင်ရှားပြီး သကာလ ကျေးမွေးတယ်၊ သူတော်ကောင်း အလုပ်ဖြစ်တဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရောက်ကြောင်းအလုပ်တွေ့ ကျင့်ကြံကြိုးကုတ်ပြီးသကာလ သွားပြန်တော့လဲ

ခန္ဓာကိုယ်ကျေးခြင်းမွေးခြင်းဝန်ထမ်းပြီးသကာလ နိဗ္ဗာန်မက်ဖို့လိုကို အပို့ခိုင်းလိုက်တယ်.... (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ် ထမ်းမြဲတိုင်း ကျေးမွေးပြီးသကာလ သူတော်ကောင်း အလုပ်ထမ်းမယ်ဆိုလို့ရှိယင်လဲ ဒီခန္ဓာကိုယ်ကြောင့်ဘဲ ဥပနိဿယပစ္စယော·ဆိုတဲ့အတိုင်း အားကြီးသော အကြောင်းကြောင့် တကားကြွယ်,ရေ....နိဗ္ဗာန်ပို့ပြန်တယ်....(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ လူမိုက်ဘို့၏ ကျေးမွေးခြင်းဖြင့် မကျေးမွေးကြပါနဲ့.... (မှန်ပါ့) လူလိမ်မာတို့၏ ကျေးမွေးခြင်းဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ခန္ဓာကိုယ် ကျေးမွေးပြီးသကာလ သူတော်ကောင်းအလုပ်ကို အင်း.... သူ့ထမ်းပြီးသကာလ သူ့ဘဲ အပို့ခိုင်းရမှာဘဲဆိုပြီး သကာလ ခန္ဓာကိုယ် သမ္မာအာဇီဝနဲ့ အသက်မွေးပြီးသကာလ နိဗ္ဗာန်ရောက်ကြောင်း အလုပ်ကိုလဲ လုပ်ပြီးသကာလ နိဗ္ဗာန်ကူးကြပါဆိုတာ လူလိမ်မာတို့၏ ကျေးမွေးခြင်းပေါ့ဗျာ....(မှန်ပါ့)။

ဒါဖြင့် လူမိုက်တို့၏ ခန္ဓာကိုယ် ကျေးမွေးခြင်း, လူလိမ်မာတို့၏ ခန္ဓာကိုယ် ကျေးမွေးခြင်းတို့တွင် ကာယကံသုံးပါး, ဝစီကံလေးပါး, မနောကံသုံးပါး ရှောင်ပြီးသကာလ ကျေးယင် လူလိမ်မာတို့၏ အသက်မွေးခြင်း.... (မှန်ပါ့ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

မရှောင်ဘဲနဲ့ ကာယကံသုံးပါးလွန်ကျူး, ဝစီကံလေးပါး လွန်ကျူး, မနောကံသုံးပါး လွန်ကျူးပြီးသကာလ ဒီခန္ဓာကိုယ်ကြီး ကျေးကြ, မွေးကြမယ်ဆိုယင် ဝက်အသားတိုးသလို မှတ်

လိုက်တော့....(မှန်ပါ့) ကြပ်ကြပ်အသက်ရှည်လေလေ- အပါယ် အသက်ရှည်လေလေဘဲ....(မှန်ပါ့)။

အဲဒီတော့ အပါယ်ရောက်သွားတဲ့အခါ အပါယ်မှာဆိုတာ ကတော့ နှစ်ကန့်သတ်လို့မရှိဘူး....(မှန်ပါ့) အပါယ်မှာ ဘယ် နှစ်နှစ်ခံရမှာတုံး ဘုရား....လို့ မေးလို့ ရှိယင်ဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ယာဝ ကမ္မံ နဒယတိ၊ တာဝ စရဏ ဘာဝဘော"လို့ ဟောထားတယ်....(မှန်ပါ့) သူပြုတဲ့ကံအတိုင်း ခံရတာကို အသက်တမ်းမပါဘူး...တဲ့ (မှန်ပါ့ဘုရား) ဒါဖြင့် ခင်ဗျားတို့ ငထောင်က အနှစ် နှစ်ဆယ်ဆိုယင် တန်းကုန်သေးတယ် နော်... (မှန်ပါ့) အပါယ်က ဒီလို တန်းကုန်ရှိရဲ့လား... (မရှိပါ ဘုရား)။

အဲဒါကြောင့် ဦးမာဒင်တို့ အားလုံးဘဲ တကာတကာမတို့ တဘဝ တခဏတာကလေးနဲ့ဖြင့် ခန္ဓာကိုယ်ကို မတရားသဖြင့် မကျေးပါနဲ့.... (မှန်ပါ့) တခါတည်း ရှောင်ကြဉ်ပြီး ဒီ့ပြင် ရှောင်ကြဉ်တဲ့အလုပ်ကို လုပ်ပြီးသကာလ တကာတကာမတွေ စားကြ,ေသာက်ကြပြီး သူတော်ကောင်း အလုပ်ကိုလဲ မင်းဘဲ ကျေးမယ် မင်းဘဲ ခိုင်းပြီးသကာလ နိဗ္ဗာန်အပို့ ခိုင်းမယ်ဆိုလဲ တကာ့ဘာစ် ခရါတယ်.... (ရပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒေါင်ပြီ...ဒါဖြင့် တကာတကာမတို့ ဒီနေ့ပြောရမှာက အဂိုဓနွှာပမသုတ်နဲ့ အသားတူနိဒါနဝဂ္ဂသံယုတ် ပါဠိတော်မှာ တကာတကာမတွေ ကုသိုလ်မပြုကြလို့ မီးပုံကြီးကြီးပွားတယ်.... (မှန်ပါ့) အဲဒါက တမျိုးနာကြရလိမ့်မယ်ဆိုတဲ့ဥစ္စာ မှတ်ရလိမ့် မယ်နော် (မှန်ပါ့)။

ကိုင်း.... သေးသေးချာချာ တကာတကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်လာတဲ့အချိန်မှာ သတ္တဝါတွေမှာတဲ့ ဘယ်လိုဖြစ်နေသတုံးဆိုလို့ ရှိယင်ဖြင့် သုံးဆဲ့တဘုံကြီးဟာက တကာ့သစ်တို့ ဦးမာဒင်တို့ မှတ်စဆုံက သြော်.... မီးဟုန်းဟုန်းတောက်နေတဲ့ ဟုံကြီးလို့ မှတ်သိုက်စမ်းပါ.... (မှန်ပါ့)။

သုံးဆဲ့တဘုံမှာ ခန္ဓာကိုယ်ရတဲ့ပုဂ္ဂိုလ်ဟာ မီးဘောက်တဲ့ ခန္ဓာကြီးရနေတယ်.... (မှန်ပါ့) မီးတောက်တဲ့ခန္ဓာကြီးရတယ် ဆိုတော့ တကာတကာမတွေက ဗြုန်းကနဲ မသိမှာစိုးသော ကြောင့် ဇာတိမီး, ဇရာမီး, မရဏမီးတွေကလဲ လောင်လျက်.... (မှန်ပါ့) ခန္ဓာကြီးမှာခလ ...(မှန်ပါ့)။

ခန္ဓာကြီးမှာ မီးသုံးမီးကလဲ.... (လောင်လျက်ပါဘုရား) ကိုးလသားမီးတွေကလဲ ဝမ်းထဲကနေပြီး လိုချင်, ရချင်မှု, စိုးရိမ်ကြောင့်ကြမှုဆိုဘဲ့ မီးတွေကလဲ ဝမ်းထဲမှာ ဘယ်နှယ်ဖြစ်နေသတုံး (လောင်လျက်ပါဘုရား)။

သြော်.... ဘုန်းကြီးတို့ တကာတကာမတို့၏ ခန္ဓာကိုယ်ကြီးဟာ ဘယ်လိုခန္ဓာကိုယ်ကြီးပါလိမ့်မတုံး....ဆိုတော့ မီးနဲ့ထင်းနဲ့တွဲနေတဲ့ လောင်စာ ခန္ဓာကိုယ်ကြီး.... (မှန်ပါ့) ရှင်းပါသား... (ရှင်းပါပြီဘုရား)။

ဒီခန္ဓာကိုယ်ကြီးက ဘာဖြစ်နေသတုံး မေးဘဲ့အခါ ဇာတိမီး, ဇရာမီးကလဲ လောင်လျက်ပါဘဲ့ ...(မှန်ပါ့) ကိလေသာမီးတွေကကော....(လောင်လျက်ပါဘုရား)။

ဩဩ်.... ဒါဖြင့် တကာတကာမတို့ ထာဝရလောင်တဲ့မီး, ခဏခဏပြောင်းပြီး လောင်တဲ့မီး.... (မှန်ပ!) ထာဝရလောင်တဲ့မီးက ဇာတိမီး, ဇရာမီး, မရဏမီး၊ ခန္ဓာကြီးလောင်နေတာလေ.. (မှန်ပ!)။

ခဏခဏ ပြောင်းပြောင်း-ပြောင်းပြောင်းပြီးလောင်တဲ့ မီးက တော့ဒေါသဖြစ်လိုက်.ဒေါသမီးက ခန္ဓာကိုယ်လောင်လိုက်(မှန်ပ! ဘုရား)လောဘဖြစ်လိုက်. လောဘမီးက ခန္ဓာကိုယ်လောင်လိုက်၊ မောဟဖြစ်လိုက်- မောဟမီးက ခန္ဓာကိုယ်လောင်လိုက်၊ သောက ဖြစ်ပြန်ခဲတာ့လဲ သောကမီးကလဲ ခန္ဓာကိုယ် လောင်လိုက်.... (မှန်ပ!ဘုရား)။

ဩဩ်.... ဒါဖြင့် တကာတကာမတို့၏ ခန္ဓာကိုယ်ကြီးဟာ မီ လောင်စာ ခန္ဓာကိုယ်ကြီး မီးနဲ့တဲ့နေတဲ့ ခန္ဓာကိုယ်ကြီးကို တကာ့ကြွယ်တို့, ဦးမာဒင်တို့ ရ,ထားကြတယ် (ရပါတယ် ဘုရား)။

အင်း....ဒီခန္ဓာကြီး ရ,ထားတာကဖြင့် ဒီအတိုင်း ဥာဏ်မပါဘဲနဲ့ နေကြလို့ရှိယင် အရတော်လေစ့လို့ အောက်မေ့ချင် အောက်မေ့ကြမယ်နော်....(မှန်ပ!)။

သေသေချာချာ ဥာဏ်မျက်လုံးနဲ့ ကြည့်လိုက်တဲ့ အခါကျ တော့ ဇာတိဆိုတဲ့မီးကလဲ လောင်လျက်ဘဲ....(မှန်ပ!) ဇရာဆိုတဲ့ မီးကကော....(လောင်လျက်ပါဘုရား)။

လောင်ဇယ် မလောင်တယ် ကိုယ့်ခန္ဓာ မှန်ရှေ့မှာထားပြီး ကြည့်လိုက်တော့မှ အိုပါပေါ့လားဆိုတာ ဇရာမီး.... (မှန်ပ! ဘုရား)။

အင်း....ဝမ်းထဲမှာ အနာမျိုးစုံကရှိနေတော့ ဗျာဓိမီးက ထဲ.... (လောင်လျက်ပါဘုရား) အင်း... တော်တော်ကြာကျမှ သုသာန်ပို့ရတဲ့အခြေမျိုးထိ အောင်လောင်တဲ့ မရဏမီးက လာဦးမယ်....(မှန်ပါ)။

ဩော်....ဒါဖြင့် ခန္ဓာကိုယ်ကြီးသည် တကာတကာမတို့ သေသေချာချာ စဉ်းစားကြည့်တဲ့အခါကျလို့ ရှိယင်ဖြင့် အမြဲလောင်တဲ့မီးက လေးမီးပေါ့ (မှန်ပါ) တခါတခါမှဝင်ပြီး ဖျတ်ကန်-ဖျတ်ကန် လောင်တဲ့မီးကလဲ မိုးလင်းလာယင် ရချင်တဲ့ လောဘမီးစိုးရိမ်တဲ့ သောကမီးတွေ, အလိုမကျတဲ့ ဒေါသမီးတွေ.... သားနဲ့ သမီး ဆိုသလို, အမေနဲ့အဖေဆိုသလို အမျိုးမျိုးအဖုံဖုံ လောင်နေကြတော့ ဧဩော်....တကာတကာမတို့၏ ခန္ဓာကိုယ်ကြီးသည် ဘယ်ရောက်ရောက် မီးလောင်စာ ခန္ဓာကိုယ်ကြီး....(မှန်ပါ ဘုရား)။

ဘယ်လိုဆိုကြမယ်... (ဘယ်ရောက်, ရောက် မီးလောင်စာခန္ဓာကိုယ်ကြီးပါဘုရား) ဘယ်ခေါက်, ရောက် မီးလောင်စာခန္ဓာကိုယ်ကြီးဆိုတာ သေသေချာချာမှတ်ပါနော်....(မှန်ပါ)။

ငါတို့ဆံပင်တွေ ဘယ်နှယ်ကြောင့် ဖြူပါလိမ့်၊ အသားအရေတွေ ဘယ်နှယ်ကြောင့်မဲပါလိမ့်၊ အသားအရေတွေ ဘယ်နှယ်ကြောင့် တွန့်လိပ်ပါလိမ့်၊ အသားအရေတွေ ဘယ်နှယ်ကြောင့် တဲ့ပါလိမ့်မတုံးလို့ မမေးပါနဲ့တော့ တကာတကာမတို့ ဇာတ်မီးလောင်လို့သာ မှတ်သိုက်ပါ (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ဇရာမီး လောင်လို့ပါ) ဘယ်လိုဘဲ အပေါ်ကဖုံးဖုံး, အမျိုးမျိုးအဖုံဖုံ အဝတ်ကောင်းတွေနဲ့ဖုံး ဟုတ်လား...၊ ရရဲ့လား.... (မရပါဘုရား) တနေ့တခြားဆိုးဝါးလာတယ်....(ဆိုးဝါးလာပါတယ်ဘုရား)။

တနေ့တခြား ဆိုးဝါးလာတာ ထောက်လိုက်တဲ့ အခါကျလို့ ရှိယင် သြော်.... ဒို့ခန္ဓာကိုယ်ကြီးဟာ မီးပုံကြီးပါကလား.... (မှန်ပါ့) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

ခန္ဓာကိုယ်ကြီးဟာ ဘာပါလိမ့်မတုံး.... (မီးပုံကြီးပါဘုရား) မီးပုံကြီးဘဲဆိုတာ ငြင်းဘို့မလိုဘူး.... (မလိုပါဘုရား)။

ဒီအထဲ မိုးလင်းလို့ ရှိယင် ကိစ္စကြီးငယ်ကလေးနဲ့ဆုံပြီဆိုတော့ တကာသစ်တို့ သွားရမည့်ကိစ္စက ပျာပျာသလဲ မမှီမှာစိုးရတဲ့ ဒေါသမီး....(မှန်ပါ့) ဒါတွေကလဲ ဘယ်သူ့လောင်တာတုံး.... (ခန္ဓာကိုယ်လောင်ပါတယ်ဘုရား) အတွင်းမီးက အတွင်းလောင် တာပေါ့ဗျာ....(မှန်ပါ့)။

အေး....ဒီလိုမီးတွေကလဲ တနေ့ အကြိမ်ပေါင်းဘယ်လောက် လောင်သလဲလို့ ဦးမာဒင်တို့မေးယင် ဘယ်နှယ် ဖြေကြမလဲ.... (မရေတွက်နိုင်ပါဘုရား)။

သြော်....ဒါဖြင့် လူ့ဘဝအရတော်လေစ့လား....၊လောင်စာနဲ့ မီးမပြတ်ဘဲ လောင်နေရတာဘဲလားလို့မေးယင် တကာကြွယ် ဘယ်နှယ်ဖြေပါ့မလဲ.... (လောင်စာနဲ့မီးမပြတ်ဘဲ လောင်နေတာပါဘုရား) မပြတ်အလောင်ခံ နေရတယ်....(မှန်ပါ့) ရှင်းကြပြီ....(ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် တကာတကာမတွေ့ မသိလို့ ဉာဏ်မျက်လုံး တပ်ကြည့်လိုက်တဲ့အခါကျတော့ မသိလို့သာပျော်ရတယ် ဉာဏ်မျက်လုံးတပ်ကြည့်မယ်ဆိုယင်ဖြင့် ဒီလောင်စာနဲ့မီးဖြင့် သိမ်းမှ ကိုက်မှာဘဲဆိုတဲ့ စိတ်ကလေးပေါ်ဘို့ တယ်ကောင်းတယ်.... (မှန်ပါ့) ပေါ်ဘို့တယ်ကောင်းတာဘဲ....(မှန်ပါ့ဘုရား)။

ဒီအထဲ တကာတကာမတွေ့က ဟိုဘုံရောက်ချင်, ဒီဘုံရောက်ချင်၊ ဟ....ဘာဖြစ်ချင်တာတုံးလို့ တကာကြွယ် မေးလို့ရှိယင်ဖြင့် မီးပြောင်းချင်လို့ပေါ့ဘုရာ့....(မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ.... (မီးပြောင်းချင်လို့ပါဘုရား) အင်း-မသိတဲ့ပုဂ္ဂိုလ်များကတော့ တကာကြွယ်ရေ မီးပြောင်းချင်တယ် (မှန်ပါ့)။

ဒီဘုံမှာလောင်ရတာ ကိစ္စပြီးသွားတဲ့ အခါကျလို့ရှိယင် ဟိုဘုံရှေ့ပြီးသကာလ လောင်မီးကျချင်သေးတယ် ... (မှန်ပါ့) ကောင်းတဲ့တွေးလုံးတွေကို မလာဘဲ ဆိုးတဲ့းတွးလုံးချည့်ဘဲ လာတယ်ဆိုတာ ငြင်းဘို့လိုသေးသလား... (မလိုပါဘုရား)။

ဒါကြောင့် ဦးမာဒင်တို့မှတ်ရမှာ တကာကြွယ်တို့ မှတ်ရမှာက သြော်....လောင်စာသိမ်းချိ မီးငြိမ်းဘဲ့နေရာဟာ အဓကောင်းဆုံးဘဲ... (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (လောင်စာသိမ်းချိ မီးငြိမ်းတဲ့နေရာဟာ အကောင်းဆုံးပါဘုရား) လောင်စာသိမ်းချိ မီးငြိမ်းတဲ့နေရာဟာ အကောင်းဆုံးလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ ပုထုဇန်မျိုးဟာကွာ သူ့ခန္ဓာကြီးလဲ မီးလောင်နေတယ်...၊ မီးလောင်နေတဲ့အထဲမှာ တခါ ဘာတွေ လုပ်ပြန်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့်တဲ့ ဒီခန္ဓာကိုယ်ကို ခုနင်ကလိုဘဲ မတရားသဖြင့် ရှာကြံပြီး ကျွေးမွေးတဲ့ အကုသိုလ်အလုပ်တွေ လုပ်ပြန်တယ်....(မှန်ပါ့) ဘုံဘဝ- နောက်ဘဝ ကောင်းစားဘို့ ဆိုတဲ့ ကုသိုလ်ကိုလဲ လုပ်ပြန်တယ်...(လုပ်ပါတယ်ဘုရား)။

ဘာလုပ်ပြန်တာတုံးလို့ မေးတဲ့အခါ မီးမငြိမ်းအောင် ထင်းထည့်တာဧဟာ့.. (မှန်ပါ့ဘုရား)။

အင်း... အကုသိုလ်တွေလုပ်တာလဲ ဘာလုပ်တာပါလိမ့်.... (ထင်းထည့်တာပါဘုရား)ခန္ဓာကြီး တခါတည်း တကာတကာမတို့ မီးဟုန်းဟုန်းတောက်နေတာ ငြိမ်းမှာစိုးလို့.... (မှန်ပါ့)။

အကုသိုလ်တွေလုပ်တာလဲ ခန္ဓာသစ် ထင်းထည့်လိုက်တယ်.... (မှန်ပါ့) ဘုံဘဝတောင့်တတဲ့ ကုသိုလ်တွေ လုပ်လိုက်ပြန်လို့ ရှိယင်ကော....(ထင်းထည့်တာပါ) ခန္ဓာသစ်တခု ထင်းထည့်တယ် (မှန်ပါ့) အာရင်မီးထဲကပ်ထည့်တယ်....(မှန်ပါ့)။

တကာကြွယ် ငြိမ်းစရာမြင်သေးရဲ့လား.... (မမြင်ပါဘုရား) ငြိမ်းစရာမမြင်ပါဘူး တကာတကာမတို့.... (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ မီးဟာ ငြိမ်းတာ ကောင်းတာ ဘယ့်နှယ်ကြောင့် ထင်းချည့် ထည့်နေပါလိမ့်မလဲ ဆိုတဲ့ဥစ္စာသည် ဩော်... တပည့်တော်တို့က ပုထုဇန်မိုက်ဘုရား.... (မှန်ပါ့ဘုရား)။

မီးငြိမ်းချင်လို့ဆိုပြီး ထည့်တော့ထည့်တာဘဲ သို့ဖေသာ်၊ မီးအားပေးသလိုဖြစ်နေတယ်....(မှန်ပါ့ဘုရား)။

မီးငြိမ်းချင်လို့....(ထည့်တော့ထည့်ဘာပါဘဲဘုရား) သို့သော်ဘာဖြစ်သတုံး.... (မီးအားပေးသလိုဖြစ်နေပါတယ်ဘုရား)။

ဩော်... ဒီဘဝမကောင်းလို့ ဟိုဘဝပြောင်းရယင် ကောင်းလိမ့်မယ်လို့ထင်လိုက်တာဟာ အားချင်လို့တော့ သူသုပ်တာဘဲ ထင်းသစ်ဆည့်မိလို့ ရှည်နေတယ်....(မှန်ပါ့ဘုရား)။

အားချင်လို့ ထည့်ငြားသော်လဲ.... (ထင်းသစ်ထည့်မိလို့ ရှည်နေပါတယ်ဘုရား) တကာသစ် တယ်ဆိုးဝါးပါကလား.... (ဆိုးဝါးပါတယ်ဘုရား)။

ဒါ-ဘုန်းသခင်ကိုယ်တော်မြတ်ကြီးက အနားကပေးနေပြီးကြည့်တယ်၊ ဟော မီးသုပ်ကျွဲတဲ့ပုဂ္ဂိုလ် မင်းသည်ကားလို့ ဆိုယင် မီးကိုငြိမ်းစေချင်လို့ရှိယင်ဖြင့် ထင်းသစ်မထည့်ရဘူးက (မှန်ပါ့) ဘုရားကအနားကပြောတယ်....(မှန်ပါ့ဘုရား)။

တကာကကား သို့ပေသိ ဘော့ ဝဋ်ကုသိုလ်တွေပြုပြီး ဘုံဘဝတွေဆုတောင်း(မှန်ပါ့)ပုထုဇဉ်မိုက်ခြင်းတွေကဖြင့်ခန္ဓာကိုယ်ကိုမတရားသဖြင့် ငကျွးမှု,မွေးမှုဆိုတဲ့ အကုသိုလ်တွေ လုပ်ပြန်ခတော့ အကုသိုလ် ထင်းကောင်ကြီးတွေ ပေါမလားဘူးလား.... (ပေါလာပါဘယ်ဘုရား)။

ကုံသိုလ်ထင်းဘွေ့ ပုညဘိသန်ါရဆိုတဲ့ ဘုံဘဝဆိုတဲ့ နတ်ခန္ဓာထင်းကြီးတွေ့, လူခန္ဓာထင်းကြီးတွေ ပေါမလာဘူးလား... (ပေါလာပါတယ်ဘုရား ။

အင်း....အရင် ခန္ဓာ မီးပုံကြီးဟာ မရပ်ဘဲနဲ့ ဒီထင်းတွေထည့် မိမယ်ဆိုလို့ ရှိယင် ဒီမီးနဲ့ ဒီထင်းဟာ ပြတ်စရာရှိသေးရဲ့လား.... (မပြတ်ပါဘုရား)။

သြော်.... ဒါဖြင့် မကောင်းဘဲ့ အကုသိုလ်တွေလုပ်တာလဲ ထင်းထည့်တာဘဲ....(မှန်ပါ့) ဘုံဘဝတောင့်တတဲ့ ကုသိုလ်တွေ လုပ်တာလဲ ဘယ့်နှယ်ဆိုကြမလဲ.... (ထင်းထည့်တာပါဘုရား)။

တကားကွယ် ဒါ-ကြပ်ကြပ်သတိထားပါ.... (မှန်ပါ့) တကာ ဝါကာမတွေမှာ မီးငြိမ်းချင်လို့ ထင်းထည့်တဲ့အဓိပ္ပါယ် ရောက် တယ်-(ရောက်ပါတယ်ဘုရား)။

ဦးမာဒင် ဘယ့်နှယ်ဆိုပါ့မလဲ....(မီးငြိမ်းချင်လို့ ထင်းထည့်တဲ့ အဓိပ္ပါယ်ရောက်ပါတယ်ဘုရား)။

တကာသစ်ဘဲ ဘေးကင်းနေကြည့်ပါလား....၊ မီးငြိမ်းချင်ယင် ထင်းထည့်ရမှာလား....၊ ဒီအတိုင်းမထည့်ဘဲနေရမှာလား ... (ဒီ-အတိုင်းမထည့်ဘဲ နေရမှာပါဘုရား)။

ရော....ဘယ့်နှယ်ဖြစ်နေသတုံး၊ ဟိုဘဝဆုတောင်း, ဒီဘဝ ဆုတောင်းပြီး ခန္ဓာထင်းတွေချည့် အရင်မီးပုံထဲ ထပ်ထပ်ထည့် နေတယ်.... (ထည့်ပါတယ်ဘုရား) တကာကွယ် တယ်ဆိုးပါ ကလား....(ဆိုးပါတယ်ဘုရား) သူ့စိတ်ထဲကတော့ ငြိမ်းချင်တယ် (မှန်ပါ့ဘုရား)။

သူ့စိတ်ထဲကတော့ ဘာတဲ့....(ငြိမ်းချင်ပါတယ်ဘုရား) ငြိမ်း ချင်ယင် ဒီအတိုင်းနေရမယ်.. (မှန်ပါ့) ထင်းတွေဖြင့် ထည့်လို့ တော်ပါ့မလား....(မတော်ပါဘုရား)။

သြော်.... တကာတကာမတွေ အသိဆိုးဝါးလိုက်တဲ့ ဖြစ်ခြင်း ဦးမာဒင်ရေ... (မှန်လှုပါဘုရား)။

သားရေး, သမီးရေး, စီးပွားရေး, အကုသိုလ် အလုပ်ကလဲ ဘာပါလိမ့်ဗျာ.... (ထင်းထည့်တာပါဘုရား) အင်း... တိရစ္ဆာန် အကောင်ဖြစ်တော့ တိရစ္ဆာန်ထင်းဖြစ်ပြန်တယ်.... (မှန်ပါ့)။

အရင် ဇာတိဇရာမရဏမီးတွေမှ မငြိမ်းသေးဘဲကိုးဗျ(မှန်ပါ့) ဇာတိဇရာဗျာဓိမရဏမီးတွေက နိဗ္ဗာန်ကျမှ ငြိမ်းတဲ့ဥစ္စာဘဲ၊ အဲဒီမီးပုံထဲမှာ တိရစ္ဆာန်ထင်း, ပြိတ္တာထင်းထည့်လိုက်တော့ ဦးမာဒင်ရေ ငြိမ်းလက်စသတ်ပါ့မလား....(မသတ်ပါဘုရား)တဟုန်းဟုန်း သာတောက်နေတော့မယ်ဆိုတာ ငြင်းဘို့လို့သေးသလား.... (မလိုပါဘုရား)။

တခါ ကုသိုလ်ရယ်လို့ လုပ်ပြန်တော့လဲ လူချမ်းသာ,နတ်ချမ်းသာ လိုချင်လို့ လုပ်တဲ့ ကုသိုလ်တွေဟာလဲ တကာကြွယ် ဘာလုပ်ပြန်တာလဲ...(ထင်းထည့်တာပါဘုရား)။

အရင် ဇာတိ,ဇရာ,မရဏ မီးတွေ ငြိမ်းပလား....(မငြိမ်းသေးပါဘုရား) မငြိမ်းသေးခင် ဒါတွေထင်းလုပ်ပြီးသကာလ ထည့်ပြန်တော့ အရင်မီးနဲ့နောက်မီးဟာ ဆက်ဆက်သွားတယ်-(ဆက်သွားပါတယ်ဘုရား)။

ဥာဏ်နဲ့နာကြပါတကာတကာမတို့၊နိဒါန်ဝဂ္ဂသံယုတ်ပါဠိတော်မှာ ဘုရားကိုယ်တော်တိုင်ဟောတာပါ (မှန်ပါ့)။

ကဲ....ဘယ်နှယ်နေကြသတုံး တကာတကာမတို့ မီးလောင်ရင်းအေးချမ်းချင်လွန်းလို့ ဟိုဘုံဆုတောင်း, ဒီဘုံဆုတောင်းဆိုတဲ့

ဥစ္စာဟာ ဦးမာဒင်ရေ ယခု သေသေချာချာကြည့်တော့ အရင်မီးမငြိမ်းခင် နောက်ထင်းထည့်တာဘဲ.... (မှန်ပါ!) အရင်မီး.... (မ၊ငြိမ်းခင် နောက်ထင်းထည့်တာပါဘုရား)။

တကာကြွယ် ဒါတွေသိရတော့မှ ဩော်.... အမှားနှယ်ပြင်းထန်လိုက်တာ, ကြီးကျယ်လိုက်တာ ဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား)။

အမှားကြီးကျယ်လိုက်တာ, ပြင်းထန်လိုက်တာဆိုတာ တကာ့တကာမတွေ့ ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

ဦးမာဒင်ကို တော်သေးတယ်-တော်သေးတယ်နော်-(မှန်ပါ!) ဒီထဲက မထည့်ကောင်းဘူးဆိုတာသိပြီ.... (သိပါပြီဘုရား) သူ့ဟာသူ သူ့မျက်စိထဲက ဦးမာဒင်ရဲ့ ခင်ဗျားတို့ ဆတ်ဆော့တာနဲ့ မီးပုံကြီးကြီးကြီးလာတယ်....(မှန်ပါ!)။

သူ့ဟာသူ ဇာတိ,ဇရာ,ဗျာဓိ,မရဏမီးပုံနဲ့ဥစ္စာ နောက်ထုပ်သာခန္ဓာထင်းတွေ့ မလုပ်ကြတော့ဘူးဆိုလို့ ရှိယင်ဖြင့် ဒီလောင်စာနဲ့ ဒီထင်းကုန်သွားယင်အေးသွားမှာဘဲ....(အေးသွားပါတယ်ဘုရား)။

အခုတော့ မဟုတ်ပါဘူး၊ တကာတကာမတွေက မီးလုပ်ကျွေးတဲ့ တကာတကာမတွေဖြစ်နေတော့ အကုသိုလ်လဲ လုပ်လိုက်၊ ခန္ဓာဖြစ်ပြီး ထင်းဖြစ်လိုက်....(မှန်ပါ!) ကုသိုလ်တွေ့ လုပ်ပြန်တော့လဲ ဘုံဘဝဆုခံတောင်းတဲ့ ဝဋ်ကုသိုလ်တွေ့ လုပ်ပြန်တော့လဲ ခုနင်က ဇာတိ,ဇရာ, ဗျာဓိ,မရဏမီးကလဲ မငြိမ်းသေး.... (မှန်ပါ!) အဲဒီ အထဲခန္ဓာကြီးက သွားပြီး ထည့်မိလျက် ကြုံပြန်

ဒေတဲ့လဲ မီးပုံကြီးကလဲ မသေစရာဖြစ်....(မှန်ပါ့) ဦးလှဘူး-ရေ ကြောက်စရာကြီးပါလား....(ကြောက်စရာကြီးပါဘုရား)။

အဲဒီဟာ တကာတကာမတွေက မသိကြဘေဲ့ အင်း....သူတို့ ကုသိုလ်ပြုနေလိုက်တာ၊ သာဓု... သာဓု... သာဓု.. တဲ့၊ အံမာ.... ဦးမာဒင်တို့ လူစုတွေက ခေါ်လိုက်သေးတယ်... (ခေါ်လိုက်ပါတယ်ဘုရား) တကာကြွယ်တို့ကကော.... (ခေါ်လိုက်ပါတယ်ဘုရား)။

ဟ....ဟိုမသိတဲ့လူပြုတဲ့ကုသိုလ်တွေကတော့ မီးငြိမ်းမှာစိုးလို့ ထင်းထည့်နေတယ်....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ ... (ထင်းထည့်နေပါတယ်ဘုရား) ငဋ္ဌေတာင့်တတဲ့ကုသိုလ်တွေဆိုပါတယ် (မှန်ပါ့)။

ဘယ်သူပါလိမ့်- (ငဋ္ဌေတာင့်တလုပ်တဲ့ကုသိုလ်တွေပါဘုရား) အဲဒါကတော့ ဘာလုပ်တာပါလိမ့်.... (ထင်းထည့်နေတာပါဘုရား)။

မီးငြိမ်းပလား.... (မငြိမ်းသေးပါဘုရား) မငြိမ်းခင်က ဘာလုပ်တာတုံး .. (ထင်းထည့်တာပါဘုရား) ဒါဖြင့် ငြိမ်းမှာစိုးလို့ (မှန်ပါ့) ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

တကာကြွယ်-ခရေ .. တော်တော့်ကို ပြောနိုင်,ဆိုနိုင်မှ ဦးမာဒင်တို့ သင့်ရုံကျမယ်နော်.... (မှန်ပါ့) သင့်ရုံကျမယ် တကာတကာမတို့၊ ဒါတောင်မှ ထင်းထည့်ဘာ ဇာတ်သိမ်းလိုက်ကြစမ်းပါဆိုယင် မျက်ခည်များကျမလား မပြောတတ်ဘူး.... (မှန်ပါ့)

အချင်ဘုရား...တပည့်တော်တို့က လုပ်နေကျဘုရာ့၊သားရေး, သမီးရေး,စီးပွားရေးဆိုတာ လုပ်ရတယ်ဘုရာ့...တဲ့.... (မှန်ပါ့)

မလုပ်နဲ့ ဟောတာမဟုတ်ပါဘူး၊ မတရားသဖြင့် မရှာပါနဲ့ဟော တာပါ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကုသိုလ်လဲ မလုပ်နဲ့ ဟောတာမဟုတ်ပါဘူး၊ ထင်းဖြစ်မည့် ကုသိုလ်မလုပ်နဲ့၊ မီးငြိမ်းတဲ့ကုသိုလ်လုပ် ပြောတာ... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မသိတဲ့ တကာတကာမတွေက မလဲသာလို့ဘုရား၊ သားရေး သမီးရေး စီးပွားရေးကြောင့် မလဲသာလို့-တဲ့၊မတော်မတရားတဲ့ စကားကလေးတွေလဲ ပါသွားတာဘဲဘုရာ့....(မှန်ပါ့)။

အင်း....သူက ထင်းထည့်ရမှာကို ထည့်ချင်တဲ့သဘောကလေး ပါလာတယ်....(ပါ၊ပါတယ်ဘုရား)။

နိဗ္ဗာန်ကလဲ ပြုန်းကနဲရမှာမဟုတ်တော့ဘုရား· နိဗ္ဗာန်မရမီ စပ်ကြား ဆင်းရဲနေမှာစိုးတဲ့အတွက် လူကောင်, နတ်ကောင်, ဗြဟ္မာကောင်ကြီး ဖြစ်ဘို့လဲ ဆုတောင်းလိုက်ရတယ် ဘုရာ့.... (မှန်ပါ့ဘုရား) အင်း... ထင်းထည့်ပြန်ပြီ... (ထည့်ပါတယ်ဘုရား) သဘောကျပလား... (ကျပါပြီ)။

ဘာလုပ်ကြရတာတုံး....(ထင်းထည့်ကြတာပါဘုရား)မီးငြိမ်း ပလား... (မငြိမ်းသေးပါဘုရား)။

သြော်.... ဒါဖြင့် တကာတကာမတို့ မီးပုံကြီး၊ ခင်ဗျား တို့က ထင်းထည့်ကြဦးမယ် ဆိုလို့ ရှိယင်ဖြင့် တသံသရာလုံး မီးမငြိမ်းဘူး....(မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ.... (တသံသရာလုံး မီးမငြိမ်းပါဘုရား) ဘာဖြစ်လို့ မငြိမ်းပါလိမ့်မတုံး.. လို့ တကာသစ်တို့,ဦးမာဒင်တို့ မေးလို့ ရှိယင်ဖြင့် တပည့်တော်တို့က မီးလုပ်ကျွေးတဲ့လူမို့ဘုရား (မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ.... (မီးလုပ်ကျွေးတဲ့လူမို့ပါဘုရား) အဲ့မာလေး.... ခင်ဗျားတို့ သူတော်ကောင်းအလုပ်လား အောက်မေ့တယ်၊ မီးလုပ်ကျွေးနေတဲ့လူတွေဆိုတော့ တကာသစ်-ရေ.... တော်တော်ဆိုးသွားတဲ့စကားဘဲ....(မှန်ပါ့!) မဆိုနိုင်ကြဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ.... တကာကြွယ် ဘယ်အထဲကတုံး၊ မီးလုပ်ကျွေးတော့မလား၊ မီးငြိမ်းအောင်ဘဲ ဒီအတိုင်း ထိုင်နေတော့မလား မေးယင် ဘယ်နှယ်ပြောပါ့မလဲ... (ဒီအတိုင်းနေပါမယ်ဘုရား) ဒီအတိုင်းနေယင် ငြိမ်းသွားတာဘဲ.... (မှန်ပါ့ဘုရား) လုပ်ကျွေးနေယင်တော့ဖြင့် .. (မငြိမ်းပါဘုရား)။

အဲဒါကြောင့် အကုသိုလ်လဲမလုပ်ပါနဲ့....(မှန်ပါ့)သဘောကျပလား... (ကျပါပြီ) အကုသိုလ်လုပ်ဘော့လဲ ထင်းထည့်တာတွေဘဲ....(မှန်ပါ့)ဝဋ်ကုသိုလ်ဆိုတဲ့ ဘုံဘဝ တောင့်တလုပ်ပြန်တော့လဲ... (ထင်းထည့်တာပါဘုရား)။

အဲဒါကြောင့် အကုသိုလ်ကိုရှောင်၊ ကုသိုလ်လုပ်တဲ့အခါမှာလဲ ဆဲတပါးသောမီး ငြိမ်းရပါလို၏၊ ငြိမ်းချင်လို့ လုပ်တယ်ဆိုပြီးသကာလ မီးငြိမ်းရာ တောင့်တလို့ရှိယင်လဲ ထင်းမဖြစ်ပါဘူး (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့်ကျုပ်တို့သံသရာရှည်ခဲ့တာဖြင့်ယနေ့အကြီးအကျယ်ဘဲ ပင်ရင်းလက်သည် ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား) ခန္ဓာမီး ဘယ်နှယ်ကြောင့် မငြိမ်းခဲ့ပါလိမ့်မတုံးဆိုတော့ အို... တပည့်တော်တို့က ဆတ်ဆော့လို့... (မှန်ပါ့)။

ဘယ်နှယ်ဆိုကြမလဲ... (တပည့်တော်တို့ ဆက်ဆော့လို့ပါဘုရား) တပည့်တော်တို့က ဆက်ဆော့လို့ဆိုတဲ့စကား သေချာသွားပြီ....(သေချာသွားပါပြီဘုရား)။

တပည့်တော်တို့က သားရေး, သမီးရေး, ကိုယ့်အရေးဆိုပြီး မတရားသဖြင့် စီးပွားတွေရှာတော့ အကုသိုလ်ခန္ဓာတွေက ပေါ်ပေါ်လာတယ်...(ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ အဲဒါတွေက ဇာတိဇရာ မရဏမီးထဲမှာ ဒီခန္ဓာကြီးက ထင်းအဖြစ်နဲ့ သွားပြီးသကာလ ပေါ်ရပြန်တယ်-(မှန်ပါ့ဘုရား) အဲဒါကြီး မီးထဲမှာ ထင်းထည့်လိုက်ပြန်တော့ ဦးလှဘူး ပိုတောက်တယ်.... (တောက်ပါတယ်ဘုရား) သဘော ပါကြပလား....(ပါ.ပါပြီဘုရား)။

ကောင်းပြီ... ကုသိုလ်တွေ လုပ်ပြန်တော့လဲ ခင်ဗျားတို့က စိတ်မချ, လက်မချနဲ့. နိဗ္ဗာန် မရနိုင်သေးသည့်စပ်ကြား ဆိုပြီး သကာလ လူ့ဘဝ,နတ်ဘဝ အကြိမ်ကြိမ် ခံစားပြီးမှဆိုတော့ ထင်းတွေကို ဘယ်တော့မှ မီးမသေမှဆိုတဲ့ အဓိပ္ပါယ်ပါတယ်....(ပါ ပါတယ်ဘုရား) မီးမသေယင် ဘယ်မှာ နိဗ္ဗာန်တုံးဗျ... (မှန်ပါ့ဘုရား) ဆဲ့တမီးငြိမ်းမှ နိဗ္ဗာန်မဟုတ်သား. (မှန်ပါ့ဘုရား)။

သူက မီးမသေတဲ့ထင်းတွေထည့်ပြီးသကာလ ထားပြန်တော့ ဆဲ့တမီးငြိမ်းတဲ့နိဗ္ဗာန်နဲ့ တကာသစ် အဝေးကြီးပေါ့.... (အဝေးကြီးပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီကရှေ့ တကာဘကာမတို့ ထင်းထည့်လုပ်ငန်းကို သိမ်းရလိမ့်မယ်....(သိမ်းပါမယ်ဘုရား)။

တကာကြွယ် ဘယ်ဟာ သိမ်းရမလဲ(ထင်းထည့်လုပ်ငန်းသိမ်းရမှာပါဘုရား)ထင်းထည့် လုပ်ငန်းသိမ်းရလိမ့်မယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ထင်းထည့်လုပ်ငန်းဆိုတာ ခုနင်က ပြောခဲ့တဲ့ မဘရားသဖြင့် လုပ်ငန်းနဲ့ ခန္ဓာကိုယ်ကျွေးတာလဲ ထင်းထည့်လုပ်ငန်း- (မှန်ပါ့) ဘုံဘဝတွေ တောင့်တပြီးသကာလ ဝဋ်ဖြစ်တဲ့ ဆွမ်းလှူ, ဘုရားတည်ဆိုတာတွေလဲ.... (ထင်းထည့်လုပ်ငန်းပါဘဲဘုရား) ဒါတွေ ဘာလုပ်ရမလဲ.... (သိမ်းရပါမယ်ဘုရား)။

သိမ်းရလိမ့်မယ်၊ မီးပုံကြီးထဲ ထင်းဖြစ်ပြီးသကာလ မီးလက်စ မသတ်အောင်လုပ်တဲ့အလုပ်တွေ ဖြစ်လေသောကြောင့် သိမ်းရလိမ့်မယ်....(မှန်ပါ့)။

နိဗ္ဗာန်ရောက်ကြောင်းသစ္စာသိပြီး လုပ်တဲ့ ကုသိုလ်တွေဖြင့် ဒါနလဲလုပ်, သီလလဲလုပ် ဆဲ့တမီးငြိမ်းတဲ့နေရာ ရောက်ရပါလို၏၊ရောက်ချင်လို့ လုပ်ပါတယ်ဆိုယင် လုပ်သာလုပ်(မှန်လုပါ) ရှင်းပလား....(ရှင်းပါပြီ) ထင်းထည့်ချင်လို့ လုပ်တဲ့အလုပ်ဖြင့်.... (မလုပ်ပါနဲ့ဘုရား) မလုပ်ထိုက်ဘူး မလုပ်သင့်ဘူးဆိုဘာဖြင့် ပေါ်ပြီ. (ပေါ်ပါပြီဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အဲ . ဒါဖြင့် ခင်ဗျားဘို့က တဏှာအုပ်ချုပ်နေတဲ့ပုဂ္ဂိုလ်းတွ ဖြစ်နေတယ် ... (မှန်ပါ့) ခင်ဗျားတို့ ခန္ဓာကိုယ်ဟာ တဏှာက အုပ်ချုပ်တယ်.... (အုပ်ချုပ်ပါတယ်ဘုရား) သားကလေး နေမကောင်းလဲ သူနေကောင်းဘို့ကျွေးရဦးမယ် ... (မှန်ပါ့)။

အင်း....ဒါထင်းထည့်တဲ့အလုပ်ဘဲ (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) သူ့သက်စေ့ ငါးလုတ်ရဦးမယ်....(မှန်ပါ့) ဘာလုပ်ကြဘာတုံး....(ထင်းထည့်တာပါဘုရား)။

အင်း... သူ ကျွန်းမာဘို့ဆိုတော့ ကိုယ်လဲ ကုသိုလ်ရဘို့ဆိုတော့ ဒါဟာတကာတကာမတို့ ထွက်ရပ်လမ်း တောင့်တလုပ်တာလား-ခန္ဓာကြီးပွားရေးလုပ်တာလား.... (ခန္ဓာကြီးပွားရေးလုပ်တာပါဘုရား) ဒါဖြင့် ဒီအလုပ် ဘာအလုပ်ခေါ်ကြမလဲ....(ထင်းထည့်တဲ့ အလုပ်ပါဘုရား)။

ဩော်... ဘာဖြစ်လို့ တကာကြွယ်-ဦးမာဒင်တို့က ဒီအလုပ်တွေ့ လုပ်ဖြစ်ပါလိမ့်မလဲ....ဆိုတော့ ဩော်... သူတို့အပေါ်၌ အုပ်ချုပ်ရေးတဏှာကရှိတော့ ခိုင်းတာ လုပ်ရှာစာဘဲ- (မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုပါ့မလဲ... (အုပ်ချုပ်ရေးတဏှာကရှိတော့ ခိုင်းတာ လုပ်ပါတယ်ဘုရား) ခိုင်းတာ လုပ်ကြတာဘဲဆိုတာ ပေါ်ပလစ်း....(ပေါ်ပါပြီဘုရား)။

အင်း....သားကလေးက နေမကောင်းဘူး၊ သမီးကလေးက အချိုးမကျ၊ ရောဂါဝေဒနာကထူ၊ ဒို့အိမ်များ ဘာဖြစ်တယ်မသင်္ဘူး၊ ဆွမ်းကလေး ကျွေးကြဦးစို့ပေ့ာ.... (မှန်ပါ့ဘုရား) ရှာမီးကလေး ပူဇော်ကြဦးစို့ သက်စေ့-သက်စေ့တဲ့ (မှန်ပါ့) တကာကြွယ် ဘာလုပ်တာတုံးဗျာ- (ထင်းထည့်တာပါဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သို့သော်လဲ ဘေးကတော့ တကာကြွယ်တို့က ပြုန်းကနဲဆိုတော့ သူ့ကို ထင်းထည့်တဲ့ကိစ္စ ကျကျနန မသိသေးတော့ ကုသိုလ်လုပ်တယ်... တဲ့....(မှန်ပါ့)။

ကုသိုလ်တော့ ဟုတ်ပါရဲ့... တဲ့၊ မီးငြိမ်းတဲ့ကုသိုလ်ကတမျိုး ထင်းထည့်တဲ့ကုသိုလ်ကတမျိုး....(မှန်ပါ) ဘယ်နှစ်မျိုးရှိပါလိမ့်, (နှစ်မျိုးပါဘုရား)။

သို့သော်.... သမုဒယ တဏှာက အုပ်ချုပ်မိပြီဆိုမှဖြင့် တဏှာနဲ့ ရောတဲ့ ကုသိုလ်ဟူသ၍ သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ပုညာဘိသင်္ခါရကုသိုလ်ဖြစ်ပါတယ်....(မှန်ပါ့) သင်္ခါရပစ္စယာ ဝိညာဏံ ဆုတ့် ဝိညာဏံနာမရူပံ,သဠာယတန,ဖဿ,ဝေဒနာ ဆုတ့် ခန္ဓာငါးပါးဖြစ်ကြောင်းမှတပါး ဘာမှ မလုပ်ဘူး .. (မှန်ပါ့)တဏှာ အုပ်ချုပ်တဲ့ကုသိုလ်ကလေ ...(မှန်ပါ့)။

တဏှာက စဉ်းစား ကြည့်စမ်းပါလား တကာတကာမတို့ ကာမာသဝံ....တဲ့....(မှန်ပါ့)။

တဏှာက ဘာတဲ့တုံး.... (ကာမာသဝပါဘုရား) ဒါဖြင့် အာသဝက လုပ်ခိုင်းဘာသာ လုပ်တယ်.... (မှန်ပါ့) အာသဝ အုပ်ချုပ်တဲ့ကုသိုလ်....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ.... (အာသဝအုပ်ချုပ်တဲ့ ကုသိုလ်ပါဘုရား) ကောင်းနိုင်ပါ့မလား....(မကောင်းနိုင်ပါဘုရား) နိဗ္ဗာန်ဆိုတာ အာသဝဝါကုန်တာ....(မှန်ပါ့)။

ခင်ဗျားဘို့ အခု သားမှာလို့, သမီးမမာသို့ ကိုယ့်ရေ သယောက်နဲ့ ကိုယ်နဲ့ ရေသဒယာက်သွယ်မှ အသက်ရှည်မယ်ဆိုတဲ့ အသုံးမျိုးကဖြင့် တကာတကာမတို့ ခန္ဓာငဲ့တယ်....(မှန်ပါ့) မငဲ့ဘူးလား.... (ငဲ့ပါတယ်ဘုရား) ဒါဖြင့် ထင်းဖြစ်ကျိုး ငဲ့တယ်.... (မှန်ပါ့) မဆိုထိုက်ကြဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကတော့ တကာတကာမတို့ စဉ်းစားကြည့်ပါတော့တဲ့၊ ဒီဥစ္စာသည်ကား....လို့ဆိုယင် အရင်မီးမသေခင် ထင်းထည့်တဲ့

အလုပ်ဘဲ ... (မှန်ပါ့ဘုရား) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

တကာကြွယ် တယ်ဆိုးပါကလား.... (ဆိုးပါတယ်ဘုရား) ခင်ဗျားတို့ကဆိုးတာသား· ခင်ဗျားတို့ အရှင်သခင်ကြီးက စိမံတာကို ကျွန်တော်မျိုးက လိုက်နေရတာလား အကဲခတ်ပါဦး.... (အရှင်သခင်ကြီးက စိမံရာကို လိုက်နေရတာပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

တဏှာအရှင်သခင်ကြီးက တအိမ်လုံး အုပ်ချုပ်ထားတယ်.... (မှန်ပါ့) တဏှာ အရှင်သခင်ကြီးက တအိမ်လုံး အုပ်ချုပ်ပြီး သကာလထားတော့ ပြုလုပ်တဲ့ကုသိုလ်ကလဲ သူ့လက်အောက်ခံ, သွားရုတယ်.... (မှန်ပါ့)။

ဒါဖြင့် သူက ကာမာသဝ၊ အာသဝအုပ်ချုပ်တဲ့ကုသိုလ်.... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်နှယ်ဆိုပါ့မလဲ.... (အာသဝအုပ်ချုပ်တဲ့ကုသိုလ်ပါဘုရား)။

ဩဩ. ဤကုသိုလ်သည် အာသဝနယ်ထဲသာ အကျိုးပေးရမယ်....(မှန်ပါ့) အာသဝေါကုန်ရာနိဗ္ဗာန်ကို အကျိုးမပေးနိုင်ဘူး.... (မပေးနိုင်ပါဘုရား) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်တို့ ကြိုက်တာက နိဗ္ဗာန်... (မှန်ပါ့) အရှင်သခင်ကြီးခိုင်းတဲ့အတိုင်း လုပ်နေကာက မီးငြိမ်းခအောင်လုပ်ကဲ့လား .. (မလုပ်ပါဘုရား) ကောင်းသေးရဲ့လား ... (မကောင်းပါဘုရား)။

သေသေချာချာ ဉာဏ်နဲ့ထောင်ကြည့်တော့မှ သြော်.... ဒို့ဟာ အလွဲနဲ့အချော်ချည့်ပါလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်ဘုရား) တကာသစ် မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဘာလုပ်တာမျှားသတုံးလို့ မေးလို့ရှိယင် တကာတကာမတို့ အကုသိုလ်လုပ်တာကတော့ သက်သက်ထင်းလုပ်တာ.... (မှန်ပါ့) အရင်မီးပုံထဲမှာ ခန္ဓာကိုယ် အပါယ်ကောင် ထင်းဖြစ်အောင် တိရစ္ဆာန်ကောင် ထင်းဖြစ်အောင်လုပ်ဘာ....(မှန်ပါ့)။

ဝဋ်ဆောင့်တပြီးသကာလ ဓ့ပြီးလုပ်တာတော့ကဖြင့် တကာကြွယ်ရေ- အရင်မီး ဇာတိ,ဇရာ,မရဏမီးက မငြိမ်းခင်လုပ်တာဖြစ်လေသောကြောင့်လဲ ထင်းဆက်မီအောင်လုပ်တာ.... (မှန်ပါ့ဘုရား)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ.... (ထင်းဆက်မီအောင် လုပ်တာပါဘုရား)။

တကာကြွယ် ဒါတွေဟာ စဉ်းစားရတယ်.... (မှန်ပါ့) ဒါတွေလဲ သာသနာတွင်းမို့ မြတ်စွာဘုရားဒေသနာတော်တွေနဲ့မို့ ဘုန်းကြီးကလဲ ဦးမာဒင် ပြောနိုင်တာနော်....(မှန်ပါ့ဘုရား) သာသနာပမှာဆိုယင် ထင်းထည့်တဲ့အလုပ်မှတပါး ဘာမှမရှိဘူး (မှန်ပါ့ဘုရား)။

သာသနာပ အကုသိုလ်ဟူသ၍ဟာဖြင့် ဘာလုပ်ကြတာတုံး.... (ထင်းထည့်တာချည့်ပါဘုရား) အရင်မီးမငြိမ်းခင် နောက်ထင်းထည့်တဲ့အလုပ်ချည့်ဘဲ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အရင်မီးမငြိမ်းခင်.... (နောက်ထင်းထည့်တဲ့အလုပ်ချည့်ပါ ဘုရား) ဘယ်အခါတုန်းဗျာ... (သာသနာပအခါပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့လဲ ဒီအခါမှာ ဒါတွေလုပ်နေမယ်ဆို ယင် ဒီလူတွေ့ သာသနာတွင်း မွေးပြီးသကာလ သာသနာပ ဝါသနာမစွန့်သေးပါဘူး...(မှန်ပါ့) ဆိုထိုက်-မဆိုထိုက်.... (ဆို ထိုက်ပါတယ်ဘုရား)။

ဘုန်းကြီးကပြောတာလား....၊ ခင်ဗျားတို့ဖြစ်စဉ်က မှုန်နေ တာလား....(ဖြစ်စဉ်က မှုန်နေတာပါဘုရား)။

တကာကြွယ်ရ အသက်လဲကြီးပြီ ပြင်ကြဦးစို့....(မှန်ပါ့) ဦးမာဒင်တို့ဘယ်နှယ်ဆိုကြမလဲ....(ပြင်ရဦးမှာပါဘုရား) ပြင်ကြ ဦးစို့ဗျ... ၊ဒီအတိုင်းဆိုယင် မဖြစ်တော့ဘူး....(မှန်ပါ့)။

သာသနာပမှာတော့ ထင်းထည့်တဲ့ကုသိုလ်တွေ့ လုပ်တယ်ဆို တာ ဘုန်းကြီးတို့ ဩဝါ-သာသနာကမရှိ၊ သာသနာဆိုတာအဆုံး ဆာမကိုးဗျ...(မှန်ပါ့) အဆုံးအမ,မရှိတဲ့အခါ ရမ်းသုပ်ရတာက တော့ တကာကြွယ် ရှိပါစေတော့ ... (မှန်ပါ့) ဟုတ်ပလား.... (မှန်လှပါဘုရား)။

သာသနာတွင်းမှာ ထင်းထည့်တဲ့အလုံပ် ရုပ်သိမ်းပြီးသကာလ မီးငြိမ်းတဲ့အလုပ်-လုပ်ရမယ်....(မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ကုသိုလ်လုပ်သဲ့ ဝိဝဋ္ဋလုပ်ကြပါ....(မှန်ပါ့) သဘော ကျပလား_ (ကျပါပြီဘုရား)။

ကုသိုလ်တွေ့လုပ်လို့ ရှိယင်.... (ဝိဝဋ္ဋသုပ်ရပါမယ်) အေး... ဘယ်ဒါနလုံပ်-လုပ် ဝိဝဋ္ဋဖြစ်အောင်လုပ်ပါ....၊ ဒီခန္ဓာကြီးရှဲ့လို့

မှန်းလို့,,ငြိုးငွေ့.လွန်းလို့,,ခန္ဓာကြီးမရချင်လို့.ခန္ဓာဇာတ်သိမ်းငြိမ်းရာကိုသာ ရချင်လို့.လုပ်ပါတယ် ဆိုပြီးသကာလ ဒါနလုပ်လုပ်, သီလလုပ်လုပ်ပေါ့ဗျာ.. (မှန်ပါ့) ထင်းထည့်ရာ ရောက်သေးရဲ့. လား....(မခရောက်ပါဘုရား)။

ကိုင်း... ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခင်ဗျားတို့ ဟုထုဇန်တွေက ဘာနဲ့တူသတုံးဆိုတော့ မီးလုပ်ကျွေးတဲ့ ပုဂ္ဂိုလ်နဲ့ တူသတဲ့....(မှန်ပါ့)။

ခန္ဓာကိုယ်ကြီးက တဟုန်းဟုန်းတောက်နေတာက မီးပုံကြီးနဲ့. တူတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) သုံးဆဲ့. တဘုံ့က တကာတကားမတို့ မီးဖြစ်ရင္ဘာနကြီးနဲ့. တူတယ်.... (မှန်ပါ့)။

သုံးဆဲ့.တဘုံ့က ဘာတဲ့....(မီးဖြစ်ရင္ဘာနကြီးနဲ့. တူပါတယ် ဘုရား)ခန္ဓာကြီးက မီးပုံနဲ့တူတယ်....(မှန်ပါ့)ပုထုဇန်က မီးကည့် သမားနဲ့တူနေတယ်....(မှန်ပါ့)။

အဲဒီတွင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မီးဖြစ်ရာ ဌာန ကြီးပြင်ပြန်တော့လဲ သြော်....ဒီအထဲ မီးပုံကြီးကလဲ တောက်နေ တယ်... ၊ မီးပုံကြီးတောက်တဲ့အထဲ မီးလုပ်ကျွေးတဲ့ ပုဂ္ဂိုလ်ကလဲ ထကာတကာမတို့ အကုသိုလ်တွေလုပ်ပြန်လဲ မီးထည့်တာဘဲ.... (မှန်ပါ့) ဝန္ဒကုသိုလ်တွေလုပ်ပြန်တော့ တကာကြွယ်-ဘာဘဲ့.... (မီးထင်းထည့်တာပါဘုရား)။

ဒါကြီးမြင်တော့ ဘုရားသခင်ကိုယ်ဘော်မြတ်ကြီးက အနား ရာ ရပ်ပြီးသကာလ ဟော့.....မီးလုပ်ကျွေးတဲ့လူ၊ မင်း-ဘာဖြစ်လို့. လုပ်ကျွေးတာတုံး....တဲ့....(မှန်ပါ့)။

သူက အဖြေပေးနေတယ်....၊ မီးငြိမ်းချင်လို့တဲ့.... (မှန်ပါ!) မှန်ပါ့မလားဗျာ....(မမှန်ပါဘုရား)ထင်းတွေထည့်နေတာမီးငြိမ်းစေချင်လို့ဆိုလို့ ကိုက်ပါ့မလား....(မကိုက်ပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒီမှာလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မေးတယ်၊ အဂ္ဂိဇဂ္ဂိကပုဂ္ဂိုလ်ကို.. ၊ အဂ္ဂိဇဂ္ဂိကပုဂ္ဂိုလ်ဆိုတာ မီးလုပ်ကျွးတဲ့ပုဂ္ဂိုလ်....(မှန်ပါ!)။

မီးလုပ်ကျွေးတာ မင်း-ဘယ့်နှယ်ကြောင့်မီးလုပ်ကျွေးရသတုံးကဆိုတော့ မီးသေအောင်လို့ လုပ်နေတာတဲ့သူကဘဲ ပြန်ပြောလိုက်တယ်... (မှန်ပါ!)။

ဟ....မီးသေချင်ယင် ဒီလိုမလုပ်ရဘူး ၊မင်းဟာမင်း ထိုင်နေတဲ့(မှန်ပါ!) မင်းဟာမင်း ထိုင်နေက၊ ထင်းတွေထည့်မနေရဘူးက္ခ....(မှန်ပါ!) ဘုရားက အနားက....(မှန်ပါ!)။

ဒီမှာလဲ တကာတကာမဘို့ဆရာဘုန်းကြီးက ဘုရား၏တပည့်သား ဖြစ်တဲ့အတိုင်း အနားကနေပြီး တကာတကာမတွေ့ခန္ဓာမီးသိမ်းပလားလို့မေးတော့ တကာသစ်ကဘယ့်နှယ်ဖြေပါ့မလဲ....(မသိမ်းသေးပါဘုရား)။

ဒီအထဲ ငဋ္ဌဒါနတွေ့ လုပ်နေဦးမယ်ဆိုယင် ခင်ဗျား ဘာလုပ်နေတာတုံးမေးတော့.... (ထင်းထည့်ခနတာပါ) မဆိုင်တဲ့ အကုသိုလ်တွေ့ မတရားသဖြင့် အကုသိုလ်တွေ့လုပ်နေပြန်လဲ တကာကြွယ် ဘာလုပ်ဘာတုံးမေးတော့.... (ထင်းထည့်တာပါဘုရား)။

ဟာ....ဘာလို့ဒါလောက်တောင် ထည့်တာတုံး မေးတော့ တပည့်တော်တို့ဘုရား.... အေးအောင်လို့, ငြိမ်းအောင်လို့.... (မှန်ပါ!) အေးအောင်လို့, ငြိမ်းအောင်လို့ဆိုတော့ ကိုယ့်စိတ် ဒေး,လက်အေး နေရအောင်လို့.....(မှန်ပါ!)သဘောကျပလား-(ကျပါပြီဘုရား)။

ဟာ....ဘယ်ဟုတ်ရမတုံး တကာသစ်ရ....၊ မီးငြိမ်းစေချင်လို့ ရှိယင် ဒီထင်းနှစ်ချောင်း မထည့်ရဘူး.... (မှန်ပါ!) ပုညာဘိ သခ်ါရ ကုသိုလ်ထင်းလဲ မထည့်ရဘူး... (မှန်ပါ!)။

အကုသိုလ်ကြောင့်ဖြစ်တဲ့ ထင်းတွေကိုလဲ မထည့်ရဘူး .... (မှန်ပါ!) တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီဘော့ သူက ဘယ်နှယ်ပြောလိုက်သတုံးဆိုတော့ မီးလုပ် ကျွေးနေတဲ့ပုဂ္ဂိုလ်က အရှင်ဘုရားကသာပြောတာ တပည့်တော် ကိုဖြင့် ဒီမီးသေမှာစိုးလို့ အားကို့ မအားဘူး... (မှန်ပါ!)။

* အံမာလေး.... ခင်ဗျားတို့က ဘယ်နှယ်များ ဖြစ်နေသတုံး မပြောတတ်ပါဘူး....(မှန်ပါ!)။

တကာကြွယ် ခင်ဗျားတို့ နေ့တိုင်းမအားတာ သိပလား... (သိပါပြီ) ဘာဖြစ်လို့တုံး.... (ထင်းထည့်နေရလို့ပါ)မီးသေမှာ စိုးလို့...(မှန်ပါ!) သဘောကျပလား.... (ကျပါပြီဘုရား)။

အင်း.... ဟိုနားသွားပြီး ကိုယ်မပါမပြီးလို ပြောလိုက်,ဆို လိုက်တာလဲ အကုသိုလ်ဝစီကံတွေလဲပါလို့.... (မှန်ပါ!) ဒါတွေ ဟာလဲ ထင်းထည့်တဲ့အလုပ်ပါဘဲ....(မှန်ပါ!)။

တခါပေးကမ်းပြန်တော့လဲ ဟာ...ဒို့-ဒီဘဝ ချမ်းသာတာကတော့ နောက်ဘဝက လှူခဲ့တန်းခဲ့လို့၊ နောက်ဘဝချမ်းသာအောင် လုပ်ဦးမှဘဲကွ .... (မှန်ပါ့) သူကချမ်းသာချင်လို့ လုပ်တာဗျ.... (မှန်ပါ့)။

တော်တော်ကြာကျတော့ ဘဝတောင့်တ လုပ်လိုက်ပြန်တော့ နောက်ဘဝချမ်းသာချင်လို့ဆိုတော့ နောက်ဘဝ ထင်းဖြစ်သွားတယ်....(မှန်ပါ့)။

အင်း... နဂိုရိမ်းက သေပလား... (မသေသေးပါ) နဂိုရိမ်းတ မသေခင် တကာကြွယ် ထင်းကလေး ပွ့ကာ-ပွ့ကာနဲ့ ဟင်... ပြုန်းကနဲ ထည့်လိုက်မယ်လို့ စိတ်ကူးမျှားနေသေးသလား (မှန်ပါ့) အတော်ဆိုးတဲ့လူတွေပါကလား....(မှန်ပါ့)ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ဒါက ရေရေလည်လည်ပြောမှ တကာတကာမတွေ ဒီတရားနားလည်မယ်နော်....(မှန်ပါ့) နို့မဟုတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့က ကုသိုလ်ဆိုတာကွာ ဘာလုပ်လုပ် ကောင်းတာချည့်ပေါ့ကွတဲ့....(မှန်ပါ့) အင်း....ဆုံးဖြတ်ချက်ချတဲ့ လူက တပုံကြီးဗျ... (မှန်ပါ့ဘုရား)။

ကုသိုလ်ဆိုတာတွေကွာ မကောင်းတာ ဘယ်ရှိမတုံး(မှန်ပါ့) တကာကြွယ် ပြောဘူးသလား.... (ပြောဘူးပါတယ်ဘုရား)ဟာသွားပြီကော ခင်ဗျားလဲ .. (မှန်ပါ့ဘုရား)။

ဝဋ္ဋကုသိုလ်မကောင်းဘူး၊ ထင်းထည့်တာ .... (မှန်ပါ့)ဝိဝဋ္ဋကုသိုလ်ဘော့ ကောင်းတယ်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ လူကြီးစကားရယ်လို့ သက်ကြီးစကား သက်ငယ်တွေကမျှားမှားကြဉီးမယ်ဆိုယင် သွားပါပြီ(သွားပါပြီ) သက်ကြီးစကားကြောင့် သက်ငယ်မှားတယ်(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ တကာကြွယ် ဒီအဆုံးအမ, အသွန်အသင် မျိုးကိုတော့ ဖြုတ်ရလိမ့်မယ် .... (ဖြုတ်ရမှာပါဘုရား) ကုသိုလ်ဆိုတာ အကောင်းချည့်ပေါ့ကွာ-ဘာလုပ်လုပ်ပေါ့၊မင်းကြိုက်တာမင်းလုပ်ပေါ့၊ ကုသိုလ်မကောင်းဘူးလို့ ဘယ်ဘုရားဟောမတုံးက .... (မှန်ပါ့) အံ့မာ- ဘုရားနဲ့မျှား ကိုင်ပေါက်လိုက်သေးတယ် .... (ပေါက်ပါတယ်) ကြောက်စရာကြီးပါလား .... (မှန်ပါ့ဘုရား)။

လူကြီးတွေ အလုပ်ဆိုပြီးသကာလ အမှန်ရပါ့မလား ဆိုပြီး ဘယ်ဘုရား ဟောမတုံးဆိုတဲ့ အဓိပ္ပါယ်တွေတောင် ပြောလိုက်သေးတာ၊ ဘုရားကဟောတာ အခုဟာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဒါဖြင့် ကုသိုလ်တိုင်းကောင်းတယ်လို့ ဆိုရမှာလား....(မဟုတ်ပါဘုရား)ဝဋ္ဋကုသိုလ်ဟာ ဘာလုပ်တာတုံး.... (ထင်းထည့်တာပါဘုရား)အဲ... ဝိဝဋ္ဋကုသိုလ်က မီးငြိမ်းတာ....(မှန်ပါ့)ဝဋ္ဋကုသိုလ်က (ထင်းတည့်တာပါ) အဲ ဒါဖြင့် ကုသိုလ်နှစ်မျိုးဖြစ်နေတယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ်ရေ- နောက်ထပ်ထင်းထပ်ထပ်ထည့်တာတွေတော့ အသာလျှော်လိုက်ပါတော့ဗျာ.... (မှန်ပါ့) ခင်ဗျားတို့ဥစ္စာက လောကုတ်ကမျှားမျှားနဲ့ အင်း....ဒီဥစ္စာတွေ ထင်းထည့်တဲ့အလုပ်

စာလဲ သေးလှမယ်မဟုတ်ဘူး.... (မှန်ပါ့) မသေးလှဘူးနော် ... (မသေးပါဘုရား)။

အိမ်လာလို့ ကျွေရမွေးရတဲ့ပုဂ္ဂိုလ်တွေကလဲ တခို့ကျတော့လဲ အရောင်းအဝယ် တည့်စေချင်လို့ ကျွးရမွေးရတာတွေလဲတပုံကြီး (မှန်ပါ့) သူ့ဆီက အကြောင်းညီညွတ်အောင်လို့ ကျွးရမွေးရတာတွေကော .... (တပုံကြီးပါ) ဒါတွေက ဘာလုပ်တာတုံးလို့ မေးယင် ဘယ်နှယ်ဖြေမလဲ....(ထင်းထည့်တာပါ) ဟေ့....ကုသိုလ်လဲရ, ဝမ်းလဲဝေပါ့ကွ....(မှန်ပါ့) ဒီလိုတောင်ရှိသေး....(မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ကုသိုလ်လဲရ ဘာတဲ့....(ဝမ်းလဲဝပါ) ဝမ်းလှည့်ပြီသေချာပြီ.... (မှန်ပါ့) ဝမ်းလှည့်ကတည်းက ခန္ဓာပါလာပြီ၊ ဟာ... ဒါရုချင်လို့ဆိုတာ မဒေသချာဘူးလား....(သေချာပါတယ်)ဒါဖြင့်ခင်ဗျားတို့ဟာ ဘာလုပ်တာပါလိမ့် ဒီဥစ္စာ....(ထင်းထည့်တာပါဘုရား)။

ဒီဟာတွေတာ့ဖြင့် တပည့်တော်တို့ လူရယ်လို့ ဖြစ်တော့ မလွတ်နိုင်ဘူးပေါ့ဘုရား၊ လေပြေထိုးချင်လဲ ထိုးကြလေဗျာ .... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီ) ထိုးသာထိုးတယ် ခင်ဗျားတို့လောင်ဘိုဘဲ .. (မှန်ပါ့) သဒ္ဓာကျပလား.... (ကျပါပြီဘုရား)။

အခုမီးက ငြိမ်းပလား.... (မငြိမ်းသေးပါ) နောက်မီးက ခန္ဓာဖြစ်အောင် လုပ်နေမယ်ဆိုယင်ဖြင့် မီးလက်စသတ်စရာမြင်သေးရဲ့လား... (မမြင်ပါဘုရား)။

တကာသစ် ဒီဥစ္စာတွေက လောကီလူသားမှာနော် (မှန်ပါ့) သြော်.... ဆိုလာလို့ရှိယင် ဘုန်းကြီးတော့ လန့်သွားတာဘဲ ....

(မှန်ပါ!) တပည့်တော်တို့ကလဲ မကင်းနိုင်တော့.... (မှန်ပါ!) ဟုတ်ဘာမကင်းနိုင်တာတုံး-မီးနဲ့ မကင်းနိုင်ဘူးဘုရာ့....(မှန်ပါ!ဘုရား)။ ဘာနဲ့မကင်းနိုင်တာတုံး... (မီးနဲ့မကင်းနိုင်တာပါ) မီးဆိုတာ ဆေးဝေးရှောင်ရတယ်....(မှန်ပါ!) အခုတော့ ထင်းထည့်ရတဲ့မီးနဲ့ တပည့်တော်တို့က မကင်းနိုင်လို့.....(မှန်ပါ!)ဒီလိုဆိုတော့လဲ ခင်ဗျားတို့က ပြောလေ့ဆိုလေ့ရှိတယ်....(ရှိပါတယ်)တကာသစ်ကောင်းပါ့မလား.. (မကောင်းပါဘုရား)။

မျက်လုံးမှိတ်ရမည့် အလုပ်ပေမဲ့ ခင်ဗျားတို့တော့ လူ့ပြည်ဆိုတော့ဘုရား- အရှင်ဘုရားမျှားလိုလဲ သပိတ်တလုံး သင်္ကန်းသုံးထည်နဲ့ နေနိုင်တာ မဟုတ်သေးတော့ သားနဲ့,, သမီးနဲ့,, ဆွေနဲ့ မျိုးနဲ့,, လူချင်းတူတူ သူချင်းမျှမျှ မင်းကိစ္စ စိုးကိစ္စတွေကလဲ နည်းတာမဟုတ်တော့ မလွဲသာတဲ့ အလုပ်ခတွေကလဲ မနည်းဘူးဘုရာ့ ထင်းထည့်ရတာ.... (မှန်ပါ!) အဲဒီကျခအောင်သွားလိုက်စမ်းပါ.. (မှန်ပါ!ဘုရား)။

မလွဲသာလို့ ဘာလုပ်ရသတုံး....(ထင်းထည့်ရပါတယ်) ဟာ-ထင်းထည့်ယင် ခင်ဗျားတို့မီးပုံဟာ သေးသွားမလား- ကြီးလာစလား.. (ကြီးလာမှာပါဘုရား)။

ဘယ်သူကြီးလာတာတုံး ပြောပါဦး (တပည့်တော်တို့လောင်တာပါဘုရား)ဒါဖြင့် ခင်ဗျားတို့လောကွတ်နဲ့ ခင်ဗျားတို့လောင်ထာကျုပ်မတတ်နိုင်ဘူး(မှန်ပါ!) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား) ထကာကြွယ် တယ်ဆိုးပါကလား.....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် ဒါတွေဘယ့်နယ် လုပ်ကြမတုံး တကာကြွယ်ရေ .... (ငြိမ်းရမှာပါ) ပါးစပ်တွင်ကိုးဗျ ခင်ဗျားတို့ဟာက၊ အလုပ်ကလဲ ငြိမ်းမှ... (မှန်ပါ!)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်ရမလဲ....(အလုပ်ကလဲ ငြိမ်းမှုပါ) အလုပ်ကလဲငြိမ်းမှုဆိုတော့ ဒီလိုလုပ်ကြပါစို့တဲ့၊ တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကတော့ အနားကရပ်ပြီးပြောတယ်၊ ခင်ဗျားတို့ကလဲမီးနဲ့၊ မူလမီးကလဲမသေ၊ နောက်ထင်းကိုလဲ တရွယ်ရွယ်နဲ့ ထည့်ကြ....(မှန်ပါ့)ဆိုတော့ ဒီမီးလက်စ ဘယ်တော့ပြတ်ပါ့မလဲ (မပြတ်ပါဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကိုင်း.... တဲ့ မင်းတို့ဒီလိုသာ ထည့်နေကြမယ်ဆိုယင် မီးပုံကြီးဟာဖြင့် မြင့်မားရုံမှတပါး ဘာမှမင်းတို့ အမြတ်အစွန်းမထွက်ဘူး .... (မှန်ပါ့) ကဲ-မင်းဟာမင်း အေးအေးနေစမ်းပါကွာ ဆိုပြီးသကာလ အသာနေလိုက်လို့ ရှိယင်လဲ တကာတကာမတို့ ဒီမီးပုံကြီးဟာငြိမ်းသွားမှာဘဲ....(ငြိမ်းသွားမှာပါဘုရား)။

ကုသိုလ်ထင်းလဲမထည့်နဲ့၊ ဝဋ်ကုသိုလ်ထင်းပေါ့ဗျာ (မှန်ပါ့) အကုသိုလ်ထင်းကော .... (မထည့်ရပါဘုရား) မထည့်လိုက်တော့ ထင်းကလဲ ဒီဟာဘဲရှိတော့ တကာကြွယ်ရေ-ဒီမီးတော့ဟာပင်ကိုယ် ခန္ဓာလောင်စာသိမ်းသွားလို့ ရှိယင် တကာသစ်ရေ ငြိမ်းရုံဘဲရှိတယ်... (မှန်ပါ့)သဘောကျပလား...(ကျပါပြီဘုရား)။

ဆဲဒီတော့ ထင်းမထည့်နဲ့ဆိုတာက ဘာလုပ်ရမှာတုံး မေးတဲ့အခါကျတော့ တကာတကာမတို့ ထင်းထည့်တဲ့ အကြောင်းကိုရှင်းမှ ထင်းမထည့်ချင်တာ ပေါ်လာတယ်.... (မှန်ပါ့) ခန္ဓာခင်လွန်းလို့ ထည့်မိတာ....(မှန်ပါ့ဘုရား)။

ဘာ့ကြောင့်ဘာလိမ့်(ခန္ဓာခင်လွန်းလို့ ထည့်မိတာပါဘုရား) ခန္ဓာခင်လွန်းလို့.... (မှန်လှပါ) ခန္ဓာခင်လွန်းတော့ မတရား

သဖြင့် ကျေးမိတယ်....(မှန်ပါ့) ဒီခန္ဓာကြီး ခင်လွန်းလို့ နောက် ခန္ဓာရတဲ့အခါ ဆင်းရဲမှာစိုးလွန်းလို့ လုပ်မိတယ်ဆိုတော့ ခင်ဗျား တို့ဟာ ဥပါဒါန်နဲ့လုပ်နေတာ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒါက ခင်ဗျားတို့ နောက်ခန္ဓာ မီးပုံကြီးနော်.... (မှန်ပါ့)ဒါကြီး ခင်လွန်းလို့ဆိုတော့ တဏှာကောမလာဘူးလား (လာပါတယ်) ဥပါဒါန်ကော ....(လာပါတယ်) ကံကော.... (လာပါတယ်)ဟာ ...ဒါဖြင့် နောက်ခန္ဓာ ဇာတိ,ဇရာ,မရဏထင်း ပေါ်ပြီပေါ့....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီထင်းတွေ ပေါ်လာတော့ တကာတကာမခတ္ ဒီမှာလဲခံလာင်ဆဲ(မှန်ပါ့)ဒီကလဲထင်းတွေပဲ့.ပဲ့.ပြီး ဒီခန္ဓာမျင်း စပ်မသွားပေဘူးလား.... (စပ်သွားပါဘယ်) ခန္ဓာချင်းစပ်ခတော့ မီးရပ်ပါဦးမလား .. (မရပ်ပါဘုရား)။

ကဲ .... ဒါဖြင့် ဒါကလဲမီးပုံ၊နောက်ရတာကခကာ (ထင်းပါ) မီးပုံနဲ့ထင်းနဲ့.မရဘူးလား.... (ရပါတယ်) အဲဒီတော့ ဒီမီးနဲ့. ဒီထင်းနဲ့တွဲယင် ဒီမီးပုံနဲ့သွားပြီး မဆက်သွယ်မိဘူးလား (ဆက်သွယ်မိပါတယ်ဘုရား)။

ဆဲဒါ ခန္ဓာခင်မှုကြောင့်လာတဲ့ တကာတကာမတို့ နောက် ယင်း....(မှန်ပါ့) ခန္ဓာကိုစွဲလမ်းတဲ့ တဏှာ,ဥပါဒါန်,ကံကြောင့် နောက်ခန္ဓာထင်းသစ် မခပါဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ဆဲဒီတော့ ဒီခန္ဓာသေမှ ဒီထင်းပုံလုပ်ဖြစ်တာလား- မသေခင် က လုပ်ထားတာလား.... (မသေခင်က လုပ်ထားတာပါဘုရား) ဒါဖြင့် မီးမသေခင် ထင်းရှာတယ်....(မှန်ပါ့) ပေါ်ပြီ-ပေါ်ပြီ ... (မှန်ပါ့ဘုရား)။

ဘယ်လိုပေါ်လာသတုံး....(မိုးမသေခင် ထင်းရှာထားတာပါဘုရား) ကြောက်စရာကြီးပါလား.... (ကြောက်စရာကြီးပါဘုရား)။

ဘယ်နှယ်ကြောင့် တကာသစ် ဒါလောက်တောင် လောကွတ် များရသတုံး... (မှန်ပါ့) မတော် မိုးသေသွား မခက်ဘူးလား ဘုရား....(မှန်ပါ့) သဘောကျပလား ... (ကျပါပြီ)။

ဘယ်နှယ်ကြောင့် ထင်းရှာထားကြသတုံး....(မိုးသေသွားမှာစိုးလို့ပါဘုရား)။

ဟ....မိုးဆိုတာသည် တကာတကာမတို့ သူများ လောင်နေတာလား-မိမိလောင်နေတာလား (မိမိလောင်နေတာပါဘုရား)။

ဟာ.... မိမိလောင်ရင်းနဲ့ဘဲ မိမိက ထင်းရှာပြီးသကာလ မိုးပုံကြီးပွားအောင်လုပ်တာ (မှန်ပါ့)အင်း.. သေခြင်းဆိုး သေခဲ့ရင်သေးလို့လုပ်တာ... (မှန်ပါ့) ဆိုဆိုက်-မဆိုထိုက်.... (ဆိုထိုက်ပါတယ်ဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီ)။

ကိုင်း... ဒါဖြင့် တကာတကာမတို့ ဒီခန္ဓာကြီးဟူသော မိုးပုံကြီးကို မိုးပုံမှန်းမသိလို့ ခင်လိုက်တယ်-(ခင်လိုက်ပါတယ်ဘုရား) ခင်တော့ တဏှာမဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) တဏှာ ဇစ်ယာ.....(ဥပါဒါနံ)ဥပါဒါနပစ္စယာ.....(ဂမ္ဘဝေါ)ကမ္မဘဝပစ္စယာ (ဇာတိ) ဒါဖြင့် ဇာတိဆိုးတော့ ခန္ဓာငါးပါးပေါ်ပြီ (ပေါ်ပါပြီဘုရား)။

ဘာပေါ်လာသတုံး-(ခန္ဓာငါးပါးပေါ်လာပါတယ်ဘုရား) ခန္ဓာငါးပါးသည် တကာတကာမတို့ ထင်းဘဲ ... (မှန်ပါ့ဘုရား) သဘောကျပလား... (ကျပါပြီ) ဒီထင်းဟာ တကာတကာမတို့

ပဌမမီးပုံသေလို့ လုပ်တာလား- မီးပုံမသေဘဲနဲ့ မသေအောင်လို့ ဘဲ့ ဆက်ပြီး ထင်းထည့်မယ်လို့ ရှာထားတာလား-(မသေးအောင်လို့ဘဲ့ ဆက်ပြီး ထင်းထည့်မယ်လို့ ရှာထားတာပါဘုရား)။

သေသေချာချာကြည့်ပါတကာတကာမတို့ဟောဒီ့ကိုယ့်ခန္ဓာမီးက မသေသေးဘူး.....(မသေသေးပါဘုရား)။

မီးဆဲ့တမီးငြိမ်းပလား.....(မငြိမ်းသေးပါဘုရား)နိဗ္ဗာန် မရသေးပါဘူး.... (မရသေးပါဘုရား) မီးတောက်တုန်း ရှိပါသေးတယ်....(တောက်တုန်းပါဘုရား)။

ဒီခန္ဓာကြီးခင်တဲ့တဏှာကြောင့် အရောင်းအဝယ်လုပ်ကြပေါ့ဗျာ....(မှန်ပါ့) မတရားသဖြင့် အရောင်းအဝယ်ကို ဆိုလိုပါတယ် (မှန်ပါ့) မတရားသဖြင့်စဲ့လမ်း၊ မတရားသဖြင့် ကံတွေကော.... (လုပ်ပါတယ်ဘုရား)။

လုပ်လိုက်တော့နောင်ကို ဘာရမယ်ထင်သတုံး- (ခန္ဓာငါးပါးရပါမယ်ဘုရား) ခန္ဓာငါးပါးရတော့ ထင်းလား- မီးလား _ (ထင်းပါဘုရား)။

ဩော်.... တကာတကာမတို့ မီးသေပြီးမှ ရှာလို့ရှိယင်လဲ မီးခဲမှုးစရာ အတော်ခက်တယ်.... (မှန်ပါ့) အခုတော့ တကာတကာမတို့က မီးကို အရပ်အစဲ့ မခံနိုင်တာနဲ့ စောစောစီးစီးကဘာလုပ်ထားသတုံး... (ထင်းရှာထားပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့ ကြည့်ရတာဖြင့် တကာကြွယ်ရေ- မီးလုပ်ကျွေးတဲ့အထဲဖြင့် ပဌမတန်းလူတွေပါဘဲ့....(မှန်ပါ့ဘုရား)။

ဘယ်.နှယ်ဆိုပါ့မယ်.... (မီးလုပ်ကျွးတဲ့အထဲမှာ ပဌမတန်း လူတွေ့ပါဘုရား) ဘာဖြစ်လို့.တုံး. ထင်းကိုချည့်ရှာထားလို့.... (မှန်ပါ့ဘုရား)။

အံမာလေး....ကိုယ့်လောင်မည့်ဥစ္စာကို ဝီရိယကောင်းကောင်းနဲ့ ထင်းရှာထားတယ်ဆိုတော့ တကာကြွယ် ဒီ.ထက်မိုက်တာတော့....(မရှိပါဘုရား)။

အဲဒါ ဒီတရားမျိုးကို ကျကျနန မနာရတော့ပါဘူး ဆိုလို့ ရှိယင်ဖြင့် ထင်းရှားတဲ့အလုပ်ကိုပင်လျှင် သူတို့သည်ကား....လို့ ဆိုယင် ရိုးရာအလုပ်... (မှန်ပါ့)။

ထင်းရှားတဲ့အလုပ် ဘာထင်ကြသတုံး.... (ရိုးရာအလုပ်ပါဘုရား) ဒီတွင် ဘုရားကပြောတာဘဲ၊ ဟော.... မီးငြိမ်းချင်တဲ့ ပုဂ္ဂိုလ်ဟာ ထင်းရှာနေတာကိုးကွ၊ ထင်းထပ်လဲ မထည့်ရဘူး.... (မှန်ပါ့ဘုရား)။

အို....ဒါ.ရိုးရာအလုပ်လို့ သူက ပြန်ပြောတယ်... (ပြောပါတယ်ဘုရား) မီးလုပ်ကျွးတဲ့ပုဂ္ဂိုလ်က.... (ပြောမှာပါဘုရား)။

ဒီမှာလဲ ခင်ဗျားတို့က ဒီအတိုင်း ပြန်မပြောပေဘူးလား.... (ပြောပါတယ်ဘုရား) တကာကြွယ် ကိုယ်ဆိုးဝါးပုံ ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

အဲဒါ အားလုံးနားလည်လောက်အောင်ဖြင့် တော်တော်ဘဲ ဘုန်းကြီးများလဲ ပဋိစ္စသမုပ္ပါဒ်နဲ့.ဆက်စပ်ပြီးသကာလ ဦးမာဒင် ပြောတာဘဲ.... (မှန်ပါ့) ခင်ဗျားတို့လုပ်သ၍ များသောအား ဖြင့် ဘာတွေ့များသတုံး_ ဆိုတော့ မီးသေမှာစိုးလို့ ထင်းရှာတဲ့ အလုပ်ကများတယ်....(များပါ့တယ်ဘုရား)။

ဘယ်.နှယ်ဆိုကြမလဲ.... (မီးသေမှာစိုးလို့ထင်းရှာတဲ့ အလုပ်က များပါတယ်ဘုရား)။

ဘာဖြစ်လို့ ဒါလောက်တောင် တကာသစ်က ထင်းရှာဆည့် ရတာတုံးမေးယင် ဘယ်.နှယ်ဖြေပါ့မလဲ.... (မီးသေမှာစိုးလို့ပါဘုရား) ၁-မီးသေသွားမှာစိုးလို့ ၂-ထင်းကို အဆင်သင့်ထားရတယ်ဘုရာ့....(မှန်ပါ့)။

၁-မီးပုံသေသွားမှာစိုးလို့....(၂-ထင်းကို အဆင်သင့်ထားရပါတယ်ဘုရား) ၂-နံပါတ်ထင်းကို တပည့်တော်တို့က ရိုးရာထင်းကို ရှာထားရတယ်ဘုရာ့.. ဆိုတော့ တကာတရားမတို့ ဒီမီးပုံကြီး ဘယ်မောာ့ ငြိမ်းမလဲ.... (ဘယ်းတော့မှ မငြိမ်းပါဘုရား)။

ဒါဖြင့် တကာဘကာမတို့ ခန္ဓာမီးပုံကြီး မသိမ်းသ၍ကာလ ပတ်လုံးဘဲ ကျုပ်တို့သည် ဘယ်အခါကာလမှ အေးချမ်းတဲ့ နိဗ္ဗာန်ရမှာမဟုတ်ပါဘူး.... (မရပါဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီလိုလုပ်ကြစို့တော့ ... (မှန်ပါ့ဘုရား) ဒီလိုလုပ်ကြစို့တော့ တကာတကာမတို့ ဒီခန္ဓာငါးပါးကြီးကို သာယာတဲ့သဘောကြောင့် ထင်းရှာဘာဟော.. (မှန်ပါ့) ထင်းရှာလို့ ထပ်ထည့်မိတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီခန္ဓာငါးပါးကြီးကို ခင်မှုကြောင့် ဘာဖြစ်သတုံး.... (ထင်းရှာပါတယ်ဘုရား)။ ထင်းရှာမိတယ်.... (မှန်ပါ့) သူ့-ခင်မှုမရှိယင် ထင်းရှာမိပါ့မလား... (မရှာမိပါဘုရား)။

ဒါဖြင့် ဩော်.... ထင်းရှာတယ်- ထင်းရှာတယ်ဆိုတာကလဲ တခြားလား အောက်မေ့တယ်၊ ဒီမီးပုံကြီး မီးပုံမှန်းမသိလို့ ခင်ကြ,မင်ကြ,စဲ့လမ်းကြလို့ အားထုတ်ခြင်းကြောင့် နောက် ထင်းရှာကြတယ်....(မှန်ပါ့)။

မီးပုံမှန်း ကျကျနနသိလို့ရှိယင် ဦးမာဒင်- ရှာပါဦးမလား.... (မရှာပါဘုရား) သဧဘာကျပလား.... (ကျပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ဒီခန္ဓာကြီးကို ခင်ဗျားတို့ ဝိပဿနာရှု.... (မှန်ပါ့)။

ဒီခန္ဓာငါးပါးကြီး ဘာလုပ်ရမလဲ... (ဝိပဿနာရှုရပါမယ် ဘုရား)။

ဘာဖြစ်လို့ ဝိပဿနာရှုရသတုံးဆိုတော့ မီးပုံမှန်းသိအောင် ဇာတိမီးဖိုလဲမြင်အောင်, ဇရာမီးဖိုလဲမြင်အောင်, မရဏမီးဖိုလဲမြင်အောင် ခဏခဏ တခါတည်း ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးမှာ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်-ပျက်လိုက် ဆိုတာတွေဟာ တကာတကာမတွေ့ သိတဲ့အတိုင်းတဲ့၊ ဩော်.... ဒါတွေဟာ တကယ်လို့ချင်စရာ, ရချင်စရာမဟုတ်ပါလား....၊ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘော, အသုဘ သဘော ဒုက္ခသစ္စာသဘောမှတပါး ဘာမှမဟုတ်ပါလားလို့ ဒီကနေပြီး ဝိပဿနာရှုပေး.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာလုပ်ပေးရမလဲ... (ဝိပဿနာရှုပေးရပါမယ်) ဝိပဿနာရှုပေးလိုက်တဲ့အခါကျတော့ အနိစ္စနဲ့ မဂ္ဂသွားဖြစ်တယ်(မှန်ပါ့)

အနိစ္စနဲ့မဂ္ဂသွားဖြစ်တော့ ထင်းရှားချင်ဘဲ့သဘောတွေ လာသေးရဲ့လား....(မလာပါဘုရား)။

ထင်းရှားချင်ဘဲ့ သမုဒယသဘောတွေ ... (မလာပါ)မလာတဲ့အခါကျတော့ နောက်ထင်း ပေါ်ဦးမလား.... (မပေါ်ပါဘုရား)။

နောက်ထင်းမပေါ်တော့ တကာတကာမတို့ အရင်မီးငြိမ်းယင် ငြိမ်းတော့ဘာဘဲ့....(မှန်ပါ့)။

နောက်ထင်းမပေါ်တော့ တကာဘကာမတို့ ဘယ့်နှယ်ဆိုကြမလဲ.... (အရင်မီးငြိမ်းယင် ငြိမ်းပါတယ်ဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့်ခင်ဗျားတို့ ကျုပ်ဘို့မှာ ဒါနလုပ်ပြန်လဲ ဝိဝဋ္ဋဒါနဖြစ်အောင်လုပ်ရမယ် (မှန်ပါ့) သီလဆောက်တည်ပြန်တော့ကော ... (ဝိဝဋ္ဋဖြစ်အောင် ဆောက်ဘည်ရပါ့မယ်) သဒ္ဓာကျပလား.... (ကျပါပြီဘုရား)။

ကဲ.... ဒါဖြင့် ဝိပဿနာလုပ်တော့မယ်ဆိုဘော့ အသိဉာဏ်ရှိနေတော့ သူကတော့ ဝိဝဋ္ဋအစစ် သွားဖြစ်တယ် - (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဝိပဿနာအလုပ်ခန္ဓာကိုယ်မီးပုံကြီးအဖြစ်နဲ့ ကြည့်ပြီးသကာလ အောင်း ဇာတိမီးလောင်ပြီ, ဇရာမီးလောင်ပြီ၊ဒါ့ကြောင့် အနိစ္စဘဲ့, ဒါ့ကြောင့် ဒုက္ခဘဲ့ ဒါ့ကြောင့် အနတ္တာဘဲလို့ ခင်ဗျားတို့ကကြပ်ကြပ်ရှုပေးတဲ့ အခါကျလို့ ရှိယင်ဖြင့် မီးကိုမြင်သောကြောင့်တဲ့ တကာတကာမတို့လိုချင်တဲ့တဏှာ ဘယ့်နှယ်တုံး လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် တဏှာချုပ်တယ်, ဥပါဒါန်ချုပ်တယ်, ကံကော.... (ချုပ်ပါတယ်ဘုရား) ကံချုပ်တယ်ဆိုကတည်းက နောက်ထင်းပေါ်သေးရဲ့လား... (မပေါ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ ဖြစ်ပျက်တွေဟာ မီးလောင်နေတာဘဲ....(မှန်ပါ!) ဒီမီးလောင်တာတွေမျှား မရှိယင် ကောင်းတယ်ဆိုတဲ့ မင်္ဂစ်မျှား ပေါ်လာမယ် ဆိုလို့ရှိယင်ဖြင့် ဒီမီးတွေ အကုန်သိမ်းတယ် .. (မှန်ပါ!) မသိမ်းပေဘူးလား.... (သိမ်းပါတယ်ဘုရား)။

ဒီမီးတွေ အကုန်သိမ်းသွားတဲ့အခါကျတော့ ဒီယောဂိပုဂ္ဂိုလ်က, ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က ဘယ်လို ထင်လာသတုံးဆိုယင် အင်းကိုယ့်ခန္ဓာမီးသိမ်း၍ ငြိမ်းလေပြီ... (မှန်ပါ!ဘုရား)။

ခန္ဓာမီးသိမ်း၍.... (ငြိမ်းပါပြီဘုရား) ဒါကြောင့် "ပဥ္စက္ခန္ဓ နိဏှောဓေ နိဗ္ဗာန" လို့ ဧဟာတာ....(မှန်ပါ!) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ပဥ္စက္ခန္ဓ နိဏှောဓေ.... (နိဗ္ဗာန်ပါဘုရား)ဒါဖြင့် တကာတကာမတို့ ခန္ဓာမီးငြိမ်းတဲ့ဥစ္စာသည် ခန္ဓာထဲမှာရှိတဲ့ ဇာတိ,ဇရာကော ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် ဇာတိ,ဇရာလဲမရှိတော့ အရိုးတွေ, အသားတွေဆိုတဲ့ ထင်းတွေကော .. (မရှိပါဘုရား)။

အဲဒီမရှိမှုသည်ကားလို့ ဆိုယင်ဖြင့် မီးသိမ်း၍ ခန္ဓာငြိမ်းတာဘာခေါ်ကြမလဲ....(နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီမီးဖိုကို အပြစ်မြင်အောင်မကြည့်နိုင်သ၍ ကာလပတ်လုံး ထင်းရှာနေမှာဘဲ.... (မှန်ပါ!) မီးဖိုမှန်း

သိလာယင်ဖြင့် ထင်းရှာတဲ့အလုပ်-လုပ်ဖြစ်ပါ့မလား.... (မလုပ်ဖြစ်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ကြီးမှာ ဇာတိမီး, ဇရာမီး, ဗျာဓိမီး လောင်နေသောကြောင့် ပျက်တယ်- ပျက်တယ် ဆိုတာ ဘာ့ကြောင့်ပျက်ပါလိမ့်.... (မီးလောင်လို့ ပျက်တာပါဘုရား)။

ဇာတိမီး, ဇရာမီး, မရဏမီးလောင်တာနဲ့ ဝေဒနာကလေး ပေါ်လာလဲ ပျက်သွားတာဘဲ... (ပျက်သွားပါတယ်) သုခပေါ်လာလဲ... (ပျက်သွားပါတယ်) ဒုက္ခပေါ်လာလဲ.... (ပျက်သွားပါတယ်) ဥပေက္ခာပေါ်လာလဲ.... (ပျက်သွားပါတယ်ဘုရား)။

ဩဇာ - သူ့မီးနဲ့ သူလောင်ပြီးပျက်တာဖြစ်နေသောကြောင့် တကယ့်မီးပုံကြီးပါကလား ၊ လိုချင်စရာ, ရချင်စရာ မရှိပါ ဘူးလို့ မလာပေဘူးလား.... (လာပါတယ်ဘုရား)။

လာတဲ့အခါကျတော့ တကာတကာမတွေ့ လိုချင်တဲ့စိတ် ကလေး လာသေးရဲ့လား....(မလာပါ) လိုချင်တဲ့စိတ် ချုပ်ငြိမ်းယင် ရှေ့ကမီး ငြိမ်းတယ်....(မှန်ပါ့)။

လိုချင်တဲ့စိတ် ချုပ်ငြိမ်းယင်... (ရှေ့ကမီးသိမ်းပါတယ်) မလိုချင်တဲ့စိတ်သားလာယင် ရှေ့ကတခါတည်း မီးတွေ့ အကုန်သိမ်းတာဘဲ... (မှန်ပါ့ဘုရား)။

ဒါဖြင့် မီးသိမ်းတာ နိဗ္ဗာန်.... (မှန်ပါ့) မလိုချင်တာက... (မဂ်ဉာဏ်ပါဘုရား) နောက်ထင်းမရှာတာက သမုဒယချုပ်တာ- (မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

နောက်ထင်းမလေးတာက နိဗ္ဗာန်....(မှန်ပါ့)သဘောကျပလား (ကျပါပြီ) နောက်ထင်းမလာတာသည် ထင်းသိမ်းတာဘဲဆိုတာ သေချာပလား - (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ တဏှာနိရောဓါ ဥပါဒါနနိရော ဓေါ၊ ဥပါဒါနနိရောဓါ, ဘဝနိရောဓေါ၊ ဘဝနိရောဓေါ, ဇာတိဇရာမရဏနိရောဓေါဆိုတဲ့ ဥစ္စာ ဒါဟောတာ... (မှန်ပါ့)ရိပ်မိ ကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ကြီးမှာ ဖျတ်ဖျတ်-ဖျတ် ဖျတ်နဲ့ ပျက်စီးနေတာတွေ့ ဘာဖြစ်လို့ ပျက်စီးတာတုံး .... (မီးလောင်လို့ ပျက်စီးတာပါ) မီးလောင်လို့ ပျက်စီးတယ်....(မှန်ပါ့) သေချာပြီနော်... (သေချာပါပြီဘုရား)။

ဇာတိမီး, ဇရာမီး, မရဏမီး, လောင်တာနဲ့ ဝေဒနာကလေး ပျက်စီး.... (မှန်ပါ့ပျက်စီးပါတယ်) စိတ်ရှုလိုက်တဲ့ပုဂ္ဂိုလ် စိတ် ပျက်စီးတာလဲ ရိပ်မိပလား.. (ရိပ်မိပါပြီ) ရုပ်တွေကြည့်တဲ့ပုဂ္ဂိုလ် ရုပ်ပျက်စီးတာကော....(ရိပ်မိပါတယ်ဘုရား)။

အင်း... ဒီလိုကြည့်တော့ ပျက်စီးတာသည် တကာတကာမတို့ ဒုက္ခသစ္စာ....(မှန်ပါ့)ပျက်စီးမှုမြင်တာက ...(မဂ္ဂသစ္စာပါဘုရား)။

အဲဒီတော့ ပျက်စီးတာ မြင်တိုင်း·မြင်တိုင်း သြော်... ဒုက္ခပါ ကလား၊ သြော် ဒုက္ခပါကလားလို့ ခင်ဗျားတို့ကကြည့်ပေး.... (မှန်ပါ့ဘုရား)။

ထိုကဲ့သို့ ကြည့်ပေးတဲ့အခါကျတော့ ပျက်စီးတာသည်ကား လို့ ဆိုလို့ရှိယင်ဖြင့် ဒုက္ခသစ္စာဆိုတော့ ပိုင်ပိုင်နိုင်နိုင် သိသွား တယ် (မှန်ပါ့)အဲဒါ ဒုက္ခပိုင်ပိုင်နိုင်နိုင် သိတယ်ဆိုတာ သဘော ကျပလား .. (ကျပါပြီဘုရား)။

ပျက်စီးတာဘာသစ္စာ.... (ဒုက္ခသစ္စာပါ) အလိုလိုပျက်စီးတာ လား၊ မီးလောင်လို့ ပျက်စီးတာလား .... (မီးလောင်လို့ ပျက်စီး တာပါဘုရား)။

မီးလောင်ခြင်းခံရဖူးသောကြောင့်ပိုဆုနဌေးညွှတာမဖက်အမြဲနှိပ်စက်တယ်ဆိုတော့ တကာကြွယ် ဝေဒနာကွန်ရှာကို ဇာတိ,ဇရာမရဏမီ က အမြဲနှိပ်စက်တယ်ဆိုတာ ပေါ်ပြီ.... (ပေါ်ပါပြီ) ဝိညာဏကွန်ရှာဆိုတဲ့ စိတ်ကို ဇာတိ,ဇရာ, မရဏမီးက အမြဲနှိပ်စက်တယ်ဆိုတာကော....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ အနှိပ်စက်ခံရသောကြောင့် သူ့.ကိုဘာသစ္စာဆိုမတုံး-(ဒုက္ခသစ္စာပါဘုရား)။

အဲ... ဝေဒနာမှာလဲ ဇာတိ, ဇရာ, မရဏ, နှိပ်စက်ခံရသောကြောင့်... (ဒုက္ခသစ္စာပါ)စိတ်ကလေးမှာလဲ.... (ဒုက္ခသစ္စာပါဘဲ) ရုပ်ကလေးပေါ်လာလဲ.... (ဒုက္ခသစ္စာပါဘဲဘုရား)။

အဲဒီကဲ့သို့ ရှုတိုင်း-ရှုတိုင်း သြော်... ဒါတွေ ပျောက်ပျောက်သွားတာ အနှိပ်စက်ခံပြီး ပျောက်ရာဘာကိုး၊ မီးလောင်ခံပြီး ပျောက်ရတာကိုးလို့ ကြပ်ကြပ်ကြည့်ပါ.... (မှန်ပါ!)ကြပ်ကြပ်ကြည့်တဲ့အခါကျတော့ တကာတကာမတို့ ဒီလို့မီးလောင်ခံခန္ဓာကိုယ်ကြီး ကြည့်ရတာ မုန်းလာတယ်....(မှန်ပါဘုရား)။

ဒီကြည့်ရတဲ့ ခန္ဓာကိုယ် ရကိုမရချင်တော့ပါဘူး ဆိုတော့ တကာတကာမတို့ ရှေ့ဘဝမကူးပါဘူးတဲ့၊ဒီမီးလောင်တဲ့ခန္ဓာကြီး မလိုချင်တဲ့ဉာဏ်လဲ ပေါ်ပါရော-ချုပ်တယ် .. (မှန်ပါဘုရား)။

ဒါဖြင့် မီးသင်္ဂြိုဟ်တာ....(နိဗ္ဗာန်ပါ) မီးသိမ်းကြောင်းသိတာက (မဂ်ဉာဏ်ပါ)ထင်းရှားတဲ့တရား ချုပ်တာက ဘယ်လိုဆိုကြပါ့မယ် (သမုဒယသေတာပါ)နောက်ထင်း မလာတာကလဲ ဘာခေါ်ကြမယ်_ (နိဗ္ဗာန်ပါဘုရား)။

အဲ....ယခုဘဝနိဗ္ဗာန်မြင်မှ သေတော့ နိဗ္ဗာန်အစစ်ရောက်တယ် (မှန်ပါ) ယခုဘဝမှ နိဗ္ဗာန်မမြင်သေးတဲ့ပုဂ္ဂိုလ်သေတော့ နိဗ္ဗာန်အစစ်မရောက်နိုင်ဘူးဆိုတာ သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မီးလုပ်ကျွးတဲ့ ပုဂ္ဂိုလ်အဖြစ်မှ လွတ်အောင် ဝိပဿနာကြပ်ကြပ်သုပ်ပါ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ယနေ့ နာရီစေ့ပြီ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် · အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော
(သုခနဲ့ ဒုက္ခ - ပရိုင်အမေး၊ ရှင်သာရိပုတ္တရာအဖြေ)

နေ့အလုပ်ပေး-တရားတော်

(၁၅-၉-၆၁)

ရှင်သာရိပုတ္တရာကို ပရိုင်တွေက လိုရင်းအချက်ကိုမေးတယ်လို့ တကာကြွယ်တို့မှတ်ထားရမယ်နော်... (မှန်ပါ့ဘုရား)။
ရှင်သာရိပုတ္တရာကို ပရိုင်တွေကဘယ်လိုမေးသတုံးလို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် အရှင်ဘုရားတဲ့ တပည့်တော်တို့ လောကကြီးထဲမှာ သုခဒုက္ခဘဲရှိပါတယ်၊ဥပေက္ခာဆိုတာက ဒါလောက်မရှားပါဘူး၊ အဲဒီသုခနဲ့ ဒုက္ခဟာ တပည့်တော်တိုတို့နဲ့ ကျဉ်းကျဉ်းသီချင်ပါတယ်၊ တိုတိုနဲ့ကျဉ်းကျဉ်း သိပြီးသကာလ သုခဖြင့်လဲ သုခဘက်ကိုလိုက်ပါတော့မယ်၊ ဒုက္ခဖြင့်လဲ ရှောင်ပါတော့မယ် ဆိုတဲ့စိတ်ထားနဲ့ မေးခြင်းဖြစ်ပါတယ်၊ ဒါ့ကြောင့် အရှင်ဘုရားသည် ပညာအရာမှာလဲ ဘုရားအောက် တယောက်သာ ရှိတယ်ဆိုတာ တပည့်တော်မျှားသိပါတယ်၊ ဒါ့ကြောင့် သုခနဲ့ ဒုက္ခဖြင့် တပည့်တော်တို့ ရှင်းအောင် အမိန့်ရှိပေးပါလို့ ပရိုင်တွေက တကာကြွယ် မေးတယ်နော်....(မှန်ပါ့ဘုရား)။

ဒါ- တကာတကာမတွေ ဒီတရားဘာတရားပါလိမ့်မတုံး လို့ ဘာမှသံသယမရှိနဲ့၊ သုခနဲ့ဒုက္ခ တကာတကာမတွေ အလိုရှိနေ

တာလဲသုခ၊ တကာတကာမတွေ ရှောင်ရှားချင်တာကလဲ ဒုက္ခ (မှန်ပါ့) အဲဒီနှစ်ခုကိုတဲ့ သုခနဲ့ ဒုက္ခရှင်းရှင်းပြောပြီး သကာလ သုခလိုက်သင့်လို့ ရှိယင် သုခကို တပည့်တော်တို့ လိုက်မယ် .... (မှန်ပါ့) ဒုက္ခရှောင်သင့်လို့ ရှိယင်လဲ ဘယ်ဟာရှောင်ရမယ်ဆိုလို့ ရှိယင်လဲ ရှောင်ဘို့ဘဲ .. (မှန်ပါ့ဘုရား)။

ဒါ့ခြောင့် သုခနဲ့ ဒုက္ခဖြင့်တပည့်တော်တို့ကို ရှင်းပြီးသကာလ အရှင်ဘုရားသည် အမိန့်ရှိပေးပါလို့ ဆိုတော့ တကာကြွယ် အင်မတန်ကောင်းဘဲ့ ပကားဘဲ...(မှန်ပါ့ဘုရား)။

တကာဘကလာမတို့ သုခနဲ့ ဒုက္ခဟာ သုခဆိုတာဘယ်ဟာလဲ၊ ဒုက္ခဆိုတာဘယ်ဟာလဲလို့ ပရိတ်က ရှင်သာရိပုတ္တရာကိုမေးပါတယ် .. (မှန်ပါ့ဘုရား)။

မေးတော့ ရှင်သာရိပုတ္တရာက ဘယ့်နှယ်ဖြေလိုက်သတုံးလို့ ဆိုတော့ကွာ-တဲ့၊နောင်တဖန် ပဋိသန္ဓေနေရလို့ ရှိယင်ဖြင့် ဒုက္ခက္ခ-(မှန်ပါ့)ပဋိသန္ဓေမနေရတဲ့ပုဂ္ဂိုလ်ဟာဖြင့် သုခက္ခလို့ ဟောလိုက်တယ်.....(မှန်ပါ့ဘုရား)။

နောင်တဖန် ပဋိသန္ဓေနေရယင် (ဒုက္ခပါ) ပဋိသန္ဓေလွတ်သွားလို့ ရှိယင်.....(သုခပါဘုရား)။

ဩော်.....ဒါဖြင့် ဒါကျဉ်းကျဉ်းနဲ့ မိတဲ့စကားဘဲလို့ ဘုန်းကြီးတို့ တကာတကာမတွေမှတ်ရတော့မယ်.. (မှန်ပါ့ဘုရား)။

ဒီဟာ သုခဆိုတဲ့ဥစ္စာ ဒို့နိုရ်ကရှုပ်နေတယ်၊ လူ့ပြည်ကဒုက္ခ၊ နတ်ပြည်က သုခလားခေါက်မေ့ပြီး နေခဲ့တယ်၊ ဒို့မှားချက်သန်ခဲ့လှပြီ .. (မှန်ပါ့) မှားချက်သန်ခဲ့လှပြီဆိုတော့ တကာကြွယ်တို့ ရိပ်မိလောက်ပါပြီနော်....(မှန်ပါ့ဘုရား)။

လူ့ပြည်ကဒုက္ခ, နတ်ပြည်ကသုခလို့ ကိုယ့်အထင်နဲ့ ကိုယ် ပြောသံကြားနဲ့မှတ်ပြီး နေတာလို့လဲ အသေပြောင်းခဲ့ရလှပြီလို့ ဆိုလို့ရှိယင် မလွဲဘူး.... (မလွဲပါ) အခုသပြောင်းခဲ့လှပြီဆိုတော့ တကာသစ် ရိပ်မိလောက်ပြီ....(ရိပ်မိပါပြီဘုရား)။

လူ့ပြည်မှာသေပြီးမှ နတ်ပြည်တခါသွားပြီးသကာလသေရတဲ့ အလုပ်ဘဲလို့ ဆိုလို့ရှိယင်ဖြင့် မလွဲဘူးပေါ့.... (မလွဲပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ သုခနဲ့ဒုက္ခ ရှင်သာရိပုတ္တရာကို ပရဝိုင်တွေကမေးလို့ သုခဆိုတာ နောင်တဖန် ပဋိသန္ဓေမနေရလို့ရှိယင် သုခပါဘဲကွာ... (မှန်ပါ့) နောင်တဖန် ပဋိသန္ဓေနေရယင်—(ဒုက္ခပါဘုရား)။

ကိုင်း....ဒီနှစ်လုံးနဲ့ဘဲ ဦးမာဒင်တို့ ကျေနပ်ဘို့ ကောင်းပါပြီ (ကျေနပ်ပါပြီဘုရား) ဒီနှစ်လုံးဟာ အလွန် ကျေနပ်ဘို့ကောင်းတယ် တကာတကာမတို့... (မှန်ပါ့) ရှင်းကြပလား· (ရှင်းပါပြီဘုရား)။

နောင်တဖန် ပဋိသန္ဓေနေရယင်....(ဒုက္ခပါဘုရား) ဩော်.... နောင်တဖန် ပဋိသန္ဓေနေရလို့ရှိယင် ဒုက္ခဘဲ... (မှန်ပါ့) နောင်တဖန် ပဋိသန္ဓေမလာတော့ဘူးဆိုယင်ဖြင့်.... (သုခပါဘုရား) သုခဘဲဆိုတာ မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

အဲဒါတွေ သေသေချာ ရှင်းထားတော့မှ ဩော်... ဒို့ဟာ တကျွာက တော်အောင်ပြောနေတာတွေဟာ ဒို့·လွဲကုန်ပါပေါ့လား ဆိုတာ တကာကြွယ် မှတ်ရမယ်....(မှန်ပါ့)။

လူ့ပြည်က ဆင်းရဲတယ်—၊ နတ်ပြည်က ချမ်းသာတယ်၊ နတ်ပြည်က ဆင်းရဲတယ်၊ ဗြဟ္မာ့ပြည်က ချမ်းသာတယ်၊ တကာ

သစ် ဒါ... ဘယ်သူက ပြောနေတာတုံး.... (တဏှာက ပြောတာပါဘုရား)။

သြော်... သူပြောတာကို မယုံကြနဲ့လို့ ဘုန်းကြီးတို့ တကာတကာမတွေ သတိပေးရတယ်....(မှန်ပါ့)။

သူသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် လောဘဆိုတဲ့တဏှာသည်ကားလို့ဆိုလို့ရှိယင်တကာတကာမတွေကိုထုက်ရပ်လမ်းကိုသွားမှာ အလွန်စိုးရိမ်တဲ့တရား.... (မှန်ပါ့ဘုရား)။

ထုက်ရပ်လမ်းဖြစ်တဲ့နိဗ္ဗာန်ကြီးသွားမှာကို....(အလွန်စိုးရိမ်တဲ့တရားပါဘုရား) အလွန်စိုးရိမ်တဲ့တရား....၊ သံသရာထဲမှာ ဂျမ်းထိုး မှောက်ခုံနဲ့ တိရစ္ဆာန်ဖြစ်လိုက်, အပါယ်ကျလိုက်,လူ့ပြည်မှာ မသာတွေအမျိုးမျိုးဖြစ်လိုက်၊ နတ်ပြည်သွားပြီး မသာကောင်တွေ အမျိုးမျိုးဖြစ်လိုက်၊ ဒါကို သူ-ကျေနပ်တယ်... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ တဏှာလွှည့်စားတဲ့အတိုင်း တကာကြယ် မယုံနဲ့.နော်.... (မှန်ပါ့ဘုရား)။

တဏှာလွှည့်စားတာကို... (မယုံပါဘုရား) မယုံကြပါနဲ့လို့ ဘုန်းကြီးတို့ တကာတကာမတွေ သတိပေးရတယ်.... (မှန်ပါ့) သူကတော့ဖြင့် တကာတကာမတွေကို လှည့်စားမှာဘဲ- (မှန်ပါ့ဘုရား)

သူ.ဝတ္တရားက ဘာတုံးဆိုလို့ရှိယင် တဏှာဆိုတဲ့ဥစ္စာ တကာတကာမတို့ အင်မတန်ကြောက်စရာကောင်းတယ်....(ကောင်းပါတယ်ဘုရား)တဏှာသိပ္ပံနီ၊ တဏှာ=တဏှာသည်၊ သိပ္ပံနီ=အယ် ချုပ်သမားနဲ့တူ၏....(မှန်ပါ့ဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တဏှာဟာ အပ်ချုပ်သမားနဲ့တူသက္ခတဲ့....(မှန်ပါ့) အင်း....ဘယ်လို တူပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ဒီစုတီပြီးယင် ဟို-ပဋိသန္ဓေ ဒုက္ခနဲ့ ဆက်ပေးချင်တဲ့ သတ္တိဟာ သူ့သတ္တိ....(မှန်ပါ့ဘုရား)။

ဒီအလုပ်ပြီးလို့ ရှိယင် ဟိုအလုပ် ဆက်ပေးချင်တဲ့ သတ္တိဟာ....(သူ့သတ္တိပါဘုရား) တဏှာသတ္တိဘဲ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဥပမာမယ် ... ထမင်းစားပြီးပြီ၊ ထမင်းစားပြီးယင် ဟိုဟာကလေးလုပ်ပါဦးလားဆိုတာ ဘယ်သူ့သတ္တိလဲ....(တဏှာသတ္တိပါဘုရား)။

အင်း... ဟိုဟာလုပ်ပြီးတဲ့အခါကျတော့ ဒီအတိုင်းထိုင်နေလို့မဖြစ်သေးဘူး၊ ဟိုကိစ္စတွေကလဲ ရှိသေးတယ်၊ အဲဒါ လုပ်ပါဦးလားလို့ ဆိုတာကော .. (တဏှာသတ္တိပါဘုရား)။

တကာတကာမတွေကလဲ တကယ့်အရှင်သခင်ကြီး မှတ်ပြီး သကာလ သူပြောတာကိုဖြင့် မြေဝယ်မကျ နားထောင်နေကြတာ တဏှာ၏ကောက်ကျစ်မှုကို တကာကြယ် မသိလို့ပေါ့... (မှန်ပါ့ဘုရား)။

တဏှာ၏ကောက်ကျစ်မှုကို.... (မသိလို့ပါ့ဘုရား) ဩော်.... ဘုန်းကြီးတို့ တကာဘကာမတွေ ကျုပ်က အလုပ်နဲ့လက်နဲ့ပြတ်ယင် မနေတတ်ဘူး....တဲ့....(မှန်ပါ့)။

ဘယ်နေတတ်မတုံးဗျ၊ ခင်ဗျားတို့က တကာတကား ဘွေ့ကတဏှာကို အရှင်သခင်ကြီး မှတ်ပြီးသကာလ အင်မတန်ခကြာက်နေကြတယ်....(မှန်ပါ့ဘုရား)။

သူက ချောက်ထားတာကလဲ မင်းလုပ်မှ မင်းစားရမှာ၊မင့်မှာသားသမီးတွေနဲ့၊ မင်းပေါ့နေလို့လဲ ဘယ်ဖြစ်မလဲ....၊ သူကလဲဒါနဲ့ချောက်တယ်....(မန်ပါ့) ဒီဒုက္ခတွေ အများကြီးရအောင်ကို သူက ချောက်ထားတယ် . (မှန်ပါ့ဘုရား)။

ဒီက တကာတကာမတွေကလဲ ယောင်ချာချာတွေ ဖြစ်နေတော့ ဩော်... ဟုတ်သားဘဲ၊ သတိမေ့လို့ မလုပ်မိဘူး၊ဒါဟာ အလုပ်ဆိုတာ ဆက်ပြီးသကာလ လုပ်မှလဲ ခရီးပေါက်တာ.... (မှန်လုပါ) ဆိုတော့ ဒုက္ခတွေဆက်ပေးတာ ခင်ဗျားတို့ကလဲ အကျေနပ်ကြီး ကျေနပ်နေကြတယ်.... (မှန်ပါ့ဘုရား)။

ဒုက္ခဆက်ပေးတာကို.... (အကျေနပ်ကြီး ကျေနပ်နေပါတယ် ဘုရား)။

ဩော်.. တကာသစ်ရေ- မရိပ်မိဘူးနော်....(မရိပ်မိပါဘုရား) မရိပ်မိဘူး။ တကာတကာမတွေက ဆောင်းတွင်းလဲ ဆောင်းအလုပ် ထားရတယ်ဘုရာ့....၊ နွေလဲ နွေအလုပ် ထားရတယ် ဘုရာ့.. ၊ မိုးလဲ မိုးအလုပ် ထားရတယ်ဘုရာ့၊ မတော်အလုပ် ပြတ်သွား ဘယ်နှယ်လုပ်မတုံးဆိုတော့ ဆင်းရဲပြတ်သွားယင် ဘယ် နှယ်လုပ်မတုံးပြောတာ....(မှန်ပါ့)။

ဘာပြောတာပါလိမ့်.... (ဆင်းရဲပြတ်သွားယင် ဘယ် နှယ် လုပ်မတုံးပြောတာပါဘုရား) အံမာလေး.... ကြောက်စရာကြီး ပါလား တကားတကာမတို့.... (မှန်ပါ့)ခင်ဗျားတို့ကိုက ဆင်းရဲပြတ်မှာကို အင်မတန်စိုးရိမ်တယ်... (မှန်ပါ့) သဘောကျပါလား- (ကျပါပြီဘုရား)။

ခင်ဗျားတို့ကိုက....(ဆင်းရဲပြတ်မှာကိုအင်မတန်စိုးရိမ်ပါတယ် ဘုရား) ဘယ်သူကပါလိမ့်....(တဏှာကပါဘုရား)။

တကာကြွယ်... ကဲကဲ့ာ မင်းက ဒီလို ဆောင်း,နွေ,မိုး ဥတု သုံးပါးစလုံး အလုပ်မပြတ်အောင် မင်းကဆက်ပေးငြားသော်လဲ မင်းပေးတာ ဒုက္ခချည်ပါဘဲ၊ ငါတော့ဖြင့် တော်လှန်ပါတော့ မယ်၊ မလုပ်ပါဘူးလို့ တကာကြွယ်တို့ကလဲ မလာဘူး(မှန်ပါ့) တယ်လဲ ကျန်ပီပါလား.. (ပီပါတယ်ဘုရား) ရိပ်မိကြပလား.... (မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ဒါလောက် ကြောက်နေကြပါလိမ့်မတုံး လို့ မေးတဲ့အခါကျတော့မှ သူက အပြောကောင်းကိုးဗျ.... (မှန်ပါ့) အင်း... မင်းမွေးထားတဲ့ သားသမီးတွေ မင်း လူလား မြောက်အောင်မဆောင်ယင် မင်းဘယ်နှယ်လုပ်မတုံး.... (မှန်ပါ့ ဘုရား)။

အင်း....သူက သားသမီးပြဟောလို့က်၊အင်း....အိမ်ကလိုသေး တယ်, တိုက်ကလိုသေးတယ်, ကားကလိုသေးတယ်၊ ဒီအတိုင်း နေလို့ မင်း တော်ပါ့မလား....(မှန်ပါ့)။

ဟိုဖြင့် အမောဆိုက်ပြီ၊ သူက ဒီအတိုင်းနေလို့ တော်ပါ့ မလား ပြောတုန်းရှိသေးတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါ ပြီဘုရား)။

တကာသစ် အမောဘယ်လောက်ဆိုက်ပြီတုံး (ဆိုက်ပါတယ် ဘုရား) အမောဆိုက်တာတောင်မှ သူက လုပ်ကွက်တွေဆက်ပြီး ပြတုန်းရှိသေးတယ်....(မှန်ပါ့)။

တကာကြွယ် လွန်လှချည့်လား.... (လွန်ပါတယ်ဘုရား) အင်မတန်ဆိုးတဲ့ တဏှာဆိုတာ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါက အခုပြောလို့ တရားပွဲထဲ ရိပ်မိတာနော်.... (မှန်ပါ့) တရားပွဲထဲရိပ်မိတာ အိမ်ရောက်လို့ ရှိယင်ဖြင့် ကိုယ့်အလုပ်ချည့်ဘဲအောက်မေ့ထားတယ်... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်မျှား အောက်မေ့သတုံး.... (ကိုယ့်အလုပ်ချည့် အောက်မေ့ပါတယ်ဘုရား)။

ဘယ်နှယ်တုံးတကာသစ်ရေတရားပွဲထဲတရားနာနေတုန်းတော့ ဟုတ်သလိုလိုနဲ့၊သူ့နယ်ထဲရောက်သွားတဲ့ အခါကျတော့ သူစိမ်းသလိုလိုက်နာနေရတဲ့အဓိပ္ပါယ်မရောက်ဘူးလား(ရောက်ပါတယ်ဘုရား)။

တကာကြွယ် အိမ်မျှားပြန်ချင်သေးသလား.... (ပြန်ချင်ပါတယ်ဘုရား)တိုးတိုးပြောပါ၊အိမ်ပြန်ချင်တာ ဘာ့ကြောင့်ပါလိမ့် မတုံးဆိုတော့ ဘယ်သူ့ မေးမေး သြော်.... လုပ်စရာကိုင်စရာတွေ့က လူဆိုတာ အင်မတန်မျှားတာဘုရာ့လို့ဆိုတာ ဒီအဖြေထွက်လာမှာဘဲ....(မှန်ပါ့) ဦးလှဘူး မထွက်ပေဘူးလား (ထွက်ပါတယ်ဘုရား)။

အဲဒီတော့ အိမ်ပြန်တာ သုခရချင်လို့လား....၊ ဒုက္ခရချင်လို့လား.. (ဒုက္ခရချင်လို့ပါဘုရား)။

တကာကြွယ် အိမ်ပြန်တာ ဘာတဲ့.... (ဒုက္ခရချင်လို့ပါဘုရား)။

ဒုက္ခရချင်လို့....၊ ဒုက္ခဆိုတာ ရှောင်ရမှာလား....၊ ဆောင်ရမှာလား ...(ရှောင်ရမှာပါဘုရား)။

ရှောင်ရပေမဲ့လဲ ခင်ဗျားတို့က ဆောင်ရမည့်ဘရားထဲ သွင်းထားတော့ အကောင်ခက်နေတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ သူက ဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ တပည့်သားဖြစ်တဲ့ ရှင်သာရိပုတ္တရာကို မေးတော့ ဒုက္ခနဲ့သုခ ပြောစမ်းပါလို့ ဆိုတော့ နောင်တဖန် ပဋိသန္ဓေမနေရတာ ဘာဘဲ့တုံး....(သုခပါဘုရား) သုခနော် ...(မှန်ပါ့) နောင်တဖန် ပဋိသန္ဓေနေရယင်.... (ဒုက္ခပါဘုရား)ဒုက္ခဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့်ဘုရား....တဲ့....ပရဗိုဇ်တွေက၊ အရှင်ဘုရားဟာ အဖြေတိုပါဘယ် ရှင်းပါဦး....တဲ့-(မှန်ပါ့)အဖြေတိုနေပါတယ်ဘုရား၊ ရှင်းပါဦးဆိုတော့ နောင်တဖန်ပဋိသန္ဓေနေရတော့ ခန္ဓာရတယ်ကွာ...(မှန်ပါ့)။

ခန္ဓာရတဲ့အခါကျတော့ကို တကာတကာမတို့၊ နေပူ-လေပူ မခံရဘူးလား....(ခံရပါတယ်ဘုရား) ကျင်ကြီးကျင်ငယ် ကိစ္စတွေကော...(ခံရပါတယ်ဘုရား)။

ဆွေပူ,မျိုးပူတွေကော.... (ခံရပါဘယ်ဘုရား) သူတပါး မျက်စောင်းထိုးပြီး ကဲ့ရဲ့သံဂိုဟ်ဘာတွေကော ... (ခံရပါတယ်ဘုရား) နောက် ဇာတိ,ဇရာ,မရဏတွေဆိုဘဲ့ လက်ချက်တွေနဲ့ကော ဝိညာဏ်မချုပ်ရဘူးလား.... (ချုပ်ရပါတယ်ဘုရား)။

ကဲ... နောင်တဖန် ပဋိသန္ဓေနေရလို့ ရှိယင်ဖြင့် တကာကြွယ် နေပူ,လေပူ တွေ့ရမယ်ဆိုပါ့လား။ဗျာ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား) ကျင်ကြီးကျင်ငယ်ကိစ္စတွေကော.... (တွေ့ရပါ့တယ်ဘုရား) မင်းဘေး, စိုးဘေး, သူခိုးဘေး, တွေကော.... (တွေ့ရပါ့တယ်ဘုရား) အို,သေကိစ္စတွေကော.... (တွေ့ရမှာပါဘုရား) ဆွေမျိုးညာတကာတွေက သူ့သာပေးတယ်၊ ငါ့တော့ မပေးဘူးဆိုတဲ့ မျက်စောင်းထိုးမှုတွေကော.... (တွေ့ရမှာပါဘုရား) ခံရမယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် နောင်တဖန် ပဋိသန္ဓေနေတဲ့ပုဂ္ဂိုလ်များ မျက်စောင်းထိုးခံချင်လို့... (မှန်ပါ့)။

တကာကြွယ် နောင်တဖန် ပဋိသန္ဓေနေချင်တဲ့ ပုဂ္ဂိုလ်များ ဘာပါလိမ့် (မျက်စောင်းထိုးခံချင်လို့ပါဘုရား)။

တယ်လဲ ခင်ဗျားတို့က မျက်စောင်းထိုးခံချင်ပါကလား....၊ မျက်စောင်းထိုးဆိုတာ မုန်းလို့ ထိုးတာ.... (မှန်ပါ့) ဒီဒါ ခင်ဗျားတို့က လူ့ဘဝတွေ့,နတ်ဘဝတွေ့ ရချင်ကြလို့ရှိယင်ဖြင့် နတ်-နတ်ချင်း မျက်စောင်းထိုး၊ လူ-လူချင်း ဆွေမျိုးညာတကာတွေက သူ့သာပေးတယ်၊ ငါ့မပေး- ဆိုတာတွေ့ကလာလိမ့်ဦးမယ်....(မှန်ပါ့)။

တနည်း ကိုယ်က မရှိပြန်လို့ရှိယင်လဲ အင်း.... လာပြန်ပြီ၊ တောင်းမလို့ ရမ်းမလို့ မျက်စောင်းထိုးပြန်ပြီ....(မှန်ပါ့ဘုရား) ဒါကို ခင်ဗျားတို့ကလဲ ဒီမျက်စောင်းထိုးကို ကြက်သရေများ

ရှိတယ်မှတ်နေယင်တော့ တကာကြွယ် ခက်ပါသေးရဲ့.... (ခက်ပါတယ်ဘုရား)။

တကာကြွယ် အမျိုးမျိုးအထိုးတော့ မခံခဲ့ရသေးဘူးလား.... (ခံခဲ့ရပါတယ်ဘုရား)။

ကိုယ်ကတော့ ရှေ့စိုက်သွားနေတာဘဲ၊ နောက်ကလူတွေက လက်ညှိုးနဲ့ထိုးလိုထိုး၊ မျက်စောင်းနဲ့ထိုးလိုထိုး၊ သွားပြီ.... ဘာမှအသုံးမကျဘူး၊ တဖက်သတ်သမားကြီး၊ ဘယ်လိုညာလိုနဲ့ရှုပ်နေတာဘဲ... (မှန်ပါ့) ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား) ရိပ်မိယင် ခင်ဗျားတို့ နောက်ဘဝလိုချင်သေးသလား· (မလိုချင်ပါဘုရား) လိုချင်စရာကော ရှိကြရဲ့လား.....(မရှိပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ နောင်တဖန် ပဋိသန္ဓေနေရယင် ဘာပါလိမ့်... (ဒုက္ခပါဘုရား) ပဋိသန္ဓေမနေရယင်.... (သုခပါဘုရား)။

ဒါဖြင့် တကာတကာမတို့ နောင်တဖန် ပဋိသန္ဓေနေရတဲ့အဖြစ်ဟာဖြင့် ဒုက္ခမျိုးစုံ အကုန်ရတယ်.....(မှန်ပါ့) ဒုက္ခလွတ်သွားလို့ရှိယင်ဖြင့် ပဋိသန္ဓေမျိုးစုံ အကုန်ကျတ်တယ်· (မှန်ပါ့) သဘောကျပလား.....(ကျပါပြီဘုရား)။

ဒါဖြင့် တကာဘကာမတို့ ဘုရားရှေ့သွားပြီး ဒုက္ခတော့ မတောင်းကြနဲ့.....(မှန်လှပါ)။

တကာကြွယ် ဘယ်နှယ်ပြောသလဲ... (ဘုရားရှေ့သွားပြီး ဒုက္ခတော့ မတောင်းပါနဲ့) တကာကြွယ် တောင်းဘူးသေးသလား၊ ဘုရားရှေ့မျှား သွားမတောင်းပါနဲ့နော်.... (မှန်ပါ့ ဘုရား)။

ဘုရားက ဒုက္ခသစ္စာဆိုတာ ပရိညေယျနဲ့ ပိုင်းခြားပြီး ခြေကန်ပစ်ခဲ့ရတယ်....(မှန်ပါ့) ဒါကို တကာသစ်တို့လူစု၊ တကာကြွယ်တို့ လူစုတွေက ဒီဘဝက စုတေမနေ မသလွန်ရလို့ ရှိယင်ဖြင့် ဒီသား,ဒီသမီး,ဒီမြေး,ဒီမြစ်နဲ့ နေရထိုင်ရတဲ့ သဘောတွေနဲ့မျှား သွားတောင်းမယ်ဆိုလို့ ရှိယင် ဘုရားရှေ့မှာ တကာသစ် ဘာသွားတောင်းတာတုံး....(ဒုက္ခသွားတောင်းတာပါဘုရား)။

တကာတကာမတွေ ဘာသွားတောင်းပါလိမ့်.... (ဒုက္ခသွားတောင်းတာပါဘုရား) ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ " တိတ္ထော တာရေယျ၊ မုတ္တော မောစေယျ၊ ဗုဒ္ဓါ ဗောဓေယျ " ၊ ငါ ဒုက္ခသိသလို သူတို့ကို ဒုက္ခသိစေမဟ....(မှန်လှပါ) ငါသည် ဒုက္ခထဲမှ လွတ်မြောက်သလို သူတို့ကို လွတ်မြောက်စေမဟ.... (မှန်ပါ့) ဒီလိုရည်ရွယ်ချက်ကြီးနဲ့ ဘုရားဖြစ်လာတာ.... သူ့ရည်ရွယ်ချက်နဲ့ ခင်ဗျားတို့ တောင်းတဲ့ဆုနဲ့ ကိုက်ကဲ့လား.... (မကိုက်ပါဘုရား) ဒါဖြင့် ဘုရားကို ဘာလုပ်ကြတာတုံး ဆိုတော့ ကန့်လန့်လုပ်တာ.. (မှန်ပါ့) ရိပ်မိပလား . (ရိပ်မိပါပြီဘုရား)။

ဘာလုပ်ကြတာတုံး ...(ကန့်လန့်လုပ်ကြတာပါဘုရား)ဟဲ့.... တကာကြွယ် လူကြီးလူကောင်းလုပ်ပြီး ဘုရားကို ကန့်လန့်လုပ်တာတော့ တော်မထင်ပါဘူးဗျာ....(မတော်ပါဘုရား)။

ဒီ.ပြင်လူ ဂုဏ်တူတဲ့လူကို ကန့်လန့်လုပ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ ဒါလောက် အပြစ်မကြီးပါဘူး....(မှန်ပါ့) အဘုမရှိ ကိုယ်တော်ကြီးသွားပြီး ဘာလုပ်သတုံး-(ကန့်လန့်လုပ်ပါတယ်ဘုရား) လုံးဝ,မတော်ဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

တကာကြွယ် လုပ်ဘူးသေးသလား ကန့်လန့်ကလေး ဘာကလေး.... (လုပ်ဘူးပါတယ်ဘုရား) မသိခင်က လုပ်ကြတယ်.... (မှန်ပါ့) သိပြီးတော့ ဒါ....ဦးလှဘူး မထည့်နဲ့နော်.... (မှန်လှပါဘုရား) နိဗ္ဗာန်ကလဲ ဗြုန်းကနဲရမှာမဟုတ်တော့ နည်းနည်းတော့ ထည့်လိုက်ဦးမှထင်ပါရဲ့....(မှန်ပါ့) သိပြီးမှ ကန့်လန့်ကလာသေးတယ်....(မှန်ပါ့ဘုရား) မလာဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ့ကြောင့် အဲဒီ ကန့်လန့်လာတာသည် ဘယ်သူ၏ လက်ချက်လဲ....လို့ ဘယ်သူ၏လက်ချက်လဲ... လို့ တကာသစ်တို့မေးလို့ရှိယင် တဏှာ၏ ကောက်ကျစ်မှုလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

သူက တဏှာသိပ္ပံနဲ့ ဆိုတဲ့အတိုင်းတဲ့ တကာတကာမတွေ့ကို စုတိနဲ့ ပဋိသန္ဓေပြတ်သွားမှာ သိပ်စိုးရိမ်တယ်....(မှန်ပါ့) စုတိနဲ့ ပဋိသန္ဓေဆက်နေယင် သဘောကျတယ်... (မှန်လှပါဘုရား) ဒုက္ခပင်လယ်ဝေနေယင်.... (ကြိုက်ပါတယ်ဘုရား) သဘောကျတယ်ဆိုတော့ ပေါင်းကောင်း - မပေါင်းကောင်း ဒီပုဂ္ဂိုလ်ကို.... (မပေါင်းကောင်းပါဘုရား)။

မပေါင်းကောင်းပေမဲ့ ခင်ဗျားတို့က ကျေးဇူးမျှား တင်လိုက်သေးတယ်....(တင်ခဲ့ပါတယ်ဘုရား)။

အင်း.... ကိုယ့်လောဘကလေးနဲ့ ကိုယ်ဆိုတော့ ဒါကလေးရလိုက်သေးတယ်(မှန်ပါ့)အံမာလေး....ကျေးဇူးမျှား တင်လိုက်သေးတယ်....(မှန်ပါ့) ရိပ်မိဟလား....(ရိပ်မိပါပြီဘုရား)။

မပေါင်းကောင်းဘူးလဲဆိုရဲ့ ကျေးဇူးလဲ တင်သေးရဲ့ ဆိုတော့ ဦးလှဘူး-ရေ....အတော်ခက်နေပြီ ...(မှန်ပါ့)။

တကာကြွယ် ခေတ်ကောင်းကလေးတုန်းက ကိုယ်က ခပ်လောလောကလေးလုပ်လိုက်တာနဲ့ ဒါကလေးရလိုက်သေးတယ်၊ အင်း....ဒီလောဘကလေး သူ့အကြောင်းတိုက်ဆိုင်လို့ပေါ်လာလို့ဘဲ သူ့ကျေးဇူး....သူ့ကျေးဇူး....(မှန်လှပါ)အဲဒီအခါတုန်းက ရတာမယူလိုက်လို့ရှိယင် အခု မခက်ဘူးလား....တဲ့-(မှန်ပါ့) အခုခက်တာလဲ သူမမြင်ဘူး... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အခုခက်တာက နဲနဲနောနော ခက်တာလားလို့... ဆိုယင် ရတဲ့ပစ္စည်းကို ရသလောက် ကျယ်ကျယ်ဝန်းဝန်းလုပ်ရလို့ရှိယင် ဒုက္ခသေးသွားသလား၊ ကြီးလာသလား.... (ကြီးလာပါတယ်ဘုရား)။

အဲဒါလဲ မမြင်ပါဘူး၊ အခု ဘယ်နှယ်လုပ်မတုံးသာ ပြောနေတာဘဲ....(မှန်ပါ့)။

အံမာလေး.... ထူလိုက်တာ အ့လိုက်တာလဲ တကာကြွယ် အဆုံးအဆ မရှိပါကလား....(မရှိပါဘုရား)။

ဒါ့ကြောင့် သမ္မဒယသစ္စာကိုလဲ သိခဲတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့က သူမှ မရှိလို့ရှိယင် နေမကောင်းဘူး (မှန်ပါ့) သြော်....ပျင်းလိုက်တာ....(မှန်ပါ့) ရောင်းစေး, ဝယ်စေးကလဲ မဟုတ်တော့ အလကားနေရင်း ထိုင်နေရတယ်ဆိုတော့ သူမရှိလို့ပျင်းတယ်.... (မှန်ပါ့-ပျင်းပါတယ်ဘုရား)။

တကာသစ် ဘယ်သူမရှိတာဘုံး... (တဏှာလောဘမရှိတာပါဘုရား) တဏှာလောဘမရှိတော့ ဘယ်နှယ် ဖြစ်နေသတုံး.... (ပျင်းပါတယ်ဘုရား)။

ပျင်းတယ်, ဒီအတိုင်းဆိုယင် အခက်ကြီးပါကလား....တဲ့.... (မှန်ပါ့) အင်း....ဒီအတိုင်းဆိုယင် ဘာတဲ့တုံး.... (အခက်ကြီးပါဘုရား) ဘယ်သူမရှိလို့တုံး.... (တဏှာမရှိလို့ပါဘုရား)။

အင်း....သူမရှိယင် အပါယ်မှသွားရုပါ့ဘော့မလား၊ဒီအတိုင်းဆိုယင် အခက်ကြီး....(မှန်ပါ့ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး.. တကာတကာမတွေ့ ခင်ဗျားတို့ အခက်ကြီးဟာ အဘော်ဂြောက်စရာကောင်းသနဲ့ ...(ကောင်းပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာကြွယ်ရေ အခု တရားမှာ ကျုပ်တို့ ခန္ဓာပြတ်ဟောရတော့မယ် .. (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာဟောရမယ် .... (ခန္ဓာပြတ်ဟောရပါမယ်ဘုရား)။

နောင်တဖန် ပဋိသန္ဓေမနေရမှ သုခကိုးဗျ.... (မှန်ပါ့)နောင်တဖန် ပဋိသန္ဓေနေရယင်....(ဒုက္ခပါ)ဒုက္ခဘဲဆိုတာရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

အဲဒါ့ကြောင့်တဲ့ ဘုန်းကြီးတို့တကာတကာမတွေမှာ ဒီခန္ဓာကို ခန္ဓာပြတ်ကို ဟောတော့မယ်လို့ဆိုတော့ တကာတကာမတွေက ဖြုန်းကနဲဆိုတော့ သြော်....ဒီခန္ဓာကြီးမရှိယင် ဘာနဲ့မျှားနမှာပါလိမ့်မတုံး၊ ဒီမှာသံသယက ဝင်လာတယ် .... (မှန်ပါ့ဘုရား)။

ဒီခန္ဓာမရှိယင် .. (ဘာနဲ့မျှားနေကြမတုံး) ဘာနဲ့နေမတုံး ဆိုတဲ့ သံသယဟာ ခန္ဓာပြတ်ဟောတော့မယ်ဆိုယင် တကာသစ် ဒါလာပြီ....(မှန်ပါ့)မလာဘူးလား... (လာပါတယ်ဘုရား)။

သြော်....ဘယ့်နှယ်ကြောင့် ဒါလာပါလိမ့်မလဲလို့ အကြောင်း ရင်းရှာကြပါစို့ .... (မှန်ပါ့) ခန္ဓာကို ဒုက္ခမသိလို့လာတာ .... (မှန်ပါ့) ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဒီခန္ဓာကြီးပြတ်သွားယင် တပည့်တော်တို့ ဘာနဲ့နေရမှာတုံး လို့ သံသယ ဒီလိုလာတဲ့ပုဂ္ဂိုလ်မှာ ခန္ဓာဒုက္ခမသိလို့လာတာ .... (မှန်ပါ့)ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဘာတုံး (ခန္ဓာဒုက္ခမသိလို့ လာတာပါ) အဲဒါ ခင်ဗျားတို့ ဝမ်းထဲမှာလာတိုင်း·လာတိုင်း သြော် ဘုန်းကြီးကလဲ ခန္ဓာမရှိယင် ကောင်းတယ်လို့ ဟောတယ်၊ ဘုရားကလဲ ဟောတော်မူတယ်၊ ရှင်သာရိပုတ္တရာကလဲ ယခုဟောပြီ၊ ခန္ဓာမရှိယင် ဘာနဲ့မျှားနေရ မှာပါလိမ့်မလဲလို့ တွေးလုံးလာလို့ရှိယင်ဖြင့် တကာတကာမတို့ ခန္ဓာဒုက္ခသစ္စာလို့ မသိတဲ့ အဝိဇ္ဇာကလာတာ-(မှန်ပါ့)ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဘယ်သူကလာတာတုံး (ခန္ဓာဒုက္ခသစ္စာလို့ မသိတဲ့အဝိဇ္ဇာက လာတာပါ)သြော်.. သူ့လက်ချက်· သူ့လက်ချက် (မှန်ပါ့) သစ္စာမသိတဲ့ အဝိဇ္ဇာ၏လက်ချက်က လာတာဘဲဆိုတာ တကာ ကြွယ် ပေါ်ပါပြီ....(ပေါ်ပါပြီ) မဒုပေါ်သေးဘူးလား.... (ပေါ် ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ့ ခန္ဓာဒုက္ခသိမှ ခန္ဓာပြတ်ကို သဘောကျတယ်....(မှန်ပါ့)ခန္ဓာဒုက္ခ မသိသေးယင်....(ခန္ဓာပြတ်

ကို သဘောမကျပါ) ခန္ဓာပြတ်ကို သဘောကျပါ့မလား .... (မကျပါဘုရား)သဘောပါကြပလား .. (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒုက္ခသစ္စာမသိယင် နိရောဓသစ္စာ မရပါဘူး....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာမသိယင်....(နိရောဓသစ္စာ မရပါ)နိရောဓ-နိဗ္ဗာန် ဆိုတဲ့သစ္စာကြီးကိုဖြင့် တကာသစ် မျက်မှောက်ပြုနိုင်ပါ့မလား.... (မပြုနိုင်ပါ)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့သည် ဝမ်းထဲမှာလဲ ဘုန်းကြီးများကလဲ သြော်.... နိဗ္ဗာန်မသိသေးတော့ သူတို့ဖြစ် တော့ဖြစ်မှာဘဲ၊ ဒီဘဝက စုတေမနေ သေလွန်ရလို့ ရှိယင်ဖြင့် ခန္ဓာမရယင် ကောင်းတယ်လို့ ရှင်သာရိပုတ္တရာက ဟောလိုက် တယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

စုတေမနေသေလွန်ရယင် ဘာတဲ့တုံး....(ခန္ဓာမရယင်ကောင်း ပါတယ်) ခန္ဓာမရယင် ကောင်းတယ်ဆိုတော့ ငြုန်းကနဲတကာ တကာမတွေ့ တရားတပဲ့လုံးက ခန္ဓာမရှိယင် ဘယ်သူနဲ့နေမလဲလို့ မလာပေဘူးလား....(လာပါတယ်) ဒီအသံ ဘာအသံတုံးလို့ တကာသစ်ကအကဲခတ်စမ်း....(သစ္စာမမြင်တဲ့အသံပါ)ဒုက္ခသစ္စာ မသိတဲ့ အဝိဇ္ဇာကထွက်လာဘာ....(မှန်ပါ့ဘုရား)။

ဘယ်သူက ထွက်လာတာတုံး....(ဒုက္ခသစ္စာမသိတဲ့အဝိဇ္ဇာက ထွက်လာတာပါဘုရား)။

ခန္ဓာကို ဒုက္ခသစ္စာလို့မသိတဲ့ အဝိဇ္ဇာကထွက်လာတာ.... (မှန်ပါ့) တကာကြွယ် ကောင်းကောင်းရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘယ်ကထွက်လာတာတုံး.... (ခန္ဓာကို ဒုက္ခသစ္စာလို့မသိတဲ့ အဝိဇ္ဇာကထွက်လာတာပါဘုရား)။

အဲ... ဦးမာဒင်တို့ ဒီအတွေးကလေးလာလို့ရှိယင် ဟာ... ငါ့မှာ အဝိဇ္ဇာဝင်လာပြီအောက်မေ့လိုက်....(မှန်ပါဘုရား)။

ဒီအတွေးကလေး ဝင်လာယင်....(အဝိဇ္ဇာဝင်လာပြီ အောက်မေ့ရပါမယ်ဘုရား)။

ဘုရားက ခန္ဓာပြတ်ဟောတယ်၊ရှင်သာရိပုတ္တရာကလဲ နောက်ခန္ဓာမရယင် သုခလို့ဟောတယ်....(မှန်ပါ) ဒီခန္ဓာမရှိယင်ဘာနဲ့နေရမှာတုံး....လို့မျှား ခင်ဗျားတို့ တွေးလုံးကလေးတလုံးလာလို့ရှိယင် အဝိဇ္ဇာ၏စီမံချက်ဖြင့် ဝင်လာပြီအောက်မေ့....(မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်....(အဝိဇ္ဇာ၏ စီမံချက် ဝင်လာပါပြီ) ကြည့်. ရှင်သာရိပုတ္တရာ ဟောဘာကြည့်ပါ တကာကြွယ်ရ .... (မှန်ပါ)ဒီခန္ဓာစုန့်ပစ်ပြီး နောက်ခန္ဓာမရယင် သုခလို့ဆိုတော့ သုခကိုမသိဘူး၊ ဒီခန္ဓာမရှိယင် ဘာနဲ့နေမတုံးသာ သူပေါ်နေတယ်....(မှန်ပါ)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခန္ဓာမရှိယင် သုခရှိပါတယ်....(မှန်ပါ) ခန္ဓာမရှိယင် (သုခရှိပါဘယ်)ခန္ဓာရှိနေယင်.....(ဒုက္ခရှိပါတယ်ဘုရား) ဒါကဲ့မှ ဦးမာဒင် နေရာကျမှာ....(မှန်ပါ)သဘောကျပလား .. (ကျပါပြီဘုရား)။

ခန္ဓာမရှိယင်....(သုခပါ) ခန္ဓာရှိယင်.....(ဒုက္ခပါ) ကောင်းပြီ ဒါဖြင့် ခန္ဓာကဒုက္ခသစ္စာ၊ ခန္ဓာမရှိတဲ့ ပေါ်လာတဲ့ သုခကနိဏ္ဍာခသစ္စာ....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

ခန္ဓာမရှိလို့ ခန္ဓာချုပ်ငြိမ်းလို့ ချမ်းသာလုံးကလေး ပေါ်လာတာက ဘာပါလိမ့် (နိဗ္ဗာနသစ္စာပါဘုရား)။

ဒါဖြင့် တကာတကားမတို့ ဒုက္ခသစ္စာကိုသိမှ နိဗ္ဗာနသစ္စာကို မျက်မှောက်ပြုနိုင်တယ်ဆိုတဲ့စကားဟာ ကောင်းကောင်းကြီးရှင်းသွားပါတယ်....(ရှင်းသွားပါတယ်)သဘောပါကြပလား.... (ပါပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် ခန္ဓာမရှိအောင် လုပ်ကြစို့... (မှန်ပါ့) ခန္ဓာမရှိယင် သုခကရတော့မယ်....(မှန်ပါ့)ခန္ဓာမရှိယင်-(သုခကရတော့မှာပါဘုရား)။

ကိုင်း....တကာတကာမတို့ နည်းနည်းကလေး စဉ်းစားလိုက်ပါနော်... (မှန်ပါ့)အခုဒီခန္ဓာကြီး ရှိပြီးသကာလ အသီးအသီးတကာတကာမတွေ့မှာ ခန္ဓာငါးပါးနဲ့အတူနေကြရတာကိုးဗျ.... (မှန်ပါ့) အတူနေကြရတဲ့အခါကျတော့ ခန္ဓာငါးပါး၏ ဒဏ်ချက်ဟာ တကာတကာမတို့ ဘယ်အချိန်မှဘယ်အဝတ်ဝယ်ပေးလဲ မအေးဘူး (မအေးပါ) ဘယ်အစာကျွေးလဲ....(မအေးပါ) မအေးဘူးတဲ့၊ ဘယ်ဥတုနဲ့ကြုံပြန်လဲ....(မအေးပါ) ဘယ်ကိစ္စနဲ့ကြုံပြန်လဲ....(မအေးပါဘုရား)။

တခါတည်း သူကတော့ဖြင့် ဒီဥတုကို မကြိုက်ဘူး၊ ဟိုဥတုကိုမှကြိုက်တယ်၊ ဒီအစာကိုမကြိုက်ဘူး၊ဟိုအစာမှ ကြိုက်တယ်....(မှန်ပါ့) တခါတည်း ကျွေးကျိုး, မွေးကျိုး, ပြင်ကျိုး ဆင်ကျိုးဆိုတာ ပေးသေးရဲ့လား....(မပေးပါဘုရား)။

ကျွေးကျိုး,မွေးကျိုး, ပြင်ကျိုး,ဆင်ကျိုး,ရှိသေးရဲ့လား .... (မရှိပါ)မရှိဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒါတွေ ကြည့်တဲ့အခါကျတော့ ခန္ဓာ၏နှိပ် စက်မှုပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

တကာတကာမတို့ ဘယ်သူ၏ နှိပ်စက်မှုလဲ....(ခန္ဓာ၏နှိပ်စက်မှုပါဘုရား)။

ဒီခန္ဓာကြီးကတော့ တကာတကာမတို့ သူကပေါက်ပွားတာတွေလဲ သူက အဆိပ်ပင်ကြီးဖြစ်နေတော့ သူကပေါက်ပွားတာတွေလဲ အဆိပ်တွေလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)သဘောကျပလား .. (ကျပါပြီဘုရား)။

ဒီခန္ဓာကြီးက အဆိပ်ပင်ကြီးကိုးဗျ... (မှန်ပါ့) အင်း.... သူကပေါက်ပွားတာတွေဟူသ၍.... (အဆိပ်တွေပါ) အဆိပ်တွေဘဲပေါက်ပွားနေတယ်ဆိုတော့ ဒီခန္ဓာကြီးကြောင့် ဒီခန္ဓာကြီးဆွေးမြေ့လို့ နောက်ခန္ဓာရပြန်လို့ ရှိယင်လဲ အဆိပ်ပင်ပေါက်ပြန်တာဘဲ. (ပေါက်ပါတယ်)နောက်ခန္ဓာတွေ အဆက်ဆက် သူကပေါက်ပွားလာတဲ့သားတွေ, သမီးတွေဆိုတာကော....(အဆိပ်ပင်တွေပါဘုရား)။

အဆိပ်ပင်တွေဘဲ၊ ဘာ့ကြောင့်တုံးဆိုတော့ စဉ်းစားကြည့်ပါ၊ သားနေမကောင်းဘူးဆိုယင် အမေဖျားတာ- အဖေဖျားတာ....(မှန်ပါ့) အဆိပ်သီးသွားစားတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) သမီးနေမကောင်းဘူးဆိုယင် အမေ-အဖေကော.... (ဖျားပါတယ်ဘုရား) နေမကောင်းတော့ဘူး.... (မှန်ပါ့)။

ဘာဖြစ်သတုံးမေးကြည့်တဲ့အခါကျတော့ ဟိုက အဆိပ်သင့်တယ်... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

မိမိ နေမကောင်းဘူးဆိုတော့လဲ သားတွေ သမီးတွေလဲ အဆိပ်မသင့်ဘူးလား.... (သင့်ပါတယ်ဘုရား) ဟာ....ဒါဖြင့် ဒီအမျိုး ဘာအမျိုးပါလိမ့်....(အဆိပ်မျိုးပါဘုရား)အဆိပ်မျိုးတွေ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နှီးရာ အာကုန်ဒိုပ်စက်တာဘဲ...(မှန်ပါ့) ကိုယ် ကိုယ်ကိုယ်လဲ (ဒိုပ်စက်ပါတယ်ဘုရား) နှီးရာတွေလဲ.... (ဒိုပ်စက်ပါတယ်ဘုရား)။

အို့တခါတလေကျတော့ တယောက်သောပုဂ္ဂိုလ်က ပစ္စည်းရှင်ဖြစ်ပြီး ဆုံးပါးရှုံးပါးရှိသွားပြီးသကာလ နေဘဲ့အခါတမျိုးလုံး တဆွေလုံးမျှား ဝိုင်းပြီးသကာလ အဆိပ်ဒဉ့်တွေသင့်ပြီးသကာလ စားမဝင် အိပ်မပျော်ဘူးတွေ တကာကြွယ် မလာဘူးလား.... (လာပါတယ်ဘုရား) အဲဒါ ဘာပင်က ဘာအနဲ့သင့်သွားတာပါလိမ့်... (အဆိပ်ပင်က အဆိပ်နဲ့ သင့်သွားတာပါဘုရား) သူအဆိပ်ပင်မှ ဟုတ်ကဲ့လား မဟုတ်ဘူးလား...(ဟုတ်ပါတယ်ဘုရား) သဘောကျပလား... (ကျပါပြီ)။

ဒီပုဂ္ဂိုလ်ကလဲ သူသေသွားတာလဲ ဥပမာမယ် ခုနင်က ဂုဏ်ကြီး,ခြင်္ဂကျော်နဲ့ သေသွားတော့ သူ့အဆိပ်သင့်ပြီး သူသေတာဘဲ (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)သူ့ထဲမှာ ဇာတိ ဇာဆ မရဏအဆိပ်ဓတ်က သူ့ကို ဖျက်ဆီးပစ်လိုက်တယ်....(မှန်ပါ့)။

ဒါဖြင့် ဒီပဌမအဆိပ်ပင်ကြီးကလဲ အလိုလိုသောဘာလား-အဆိပ်တွေကြောင့် သေသွားတာလား.... (အဆိပ်တွေကြောင့် သေတာပါဘုရား) တခါ ဒီအဆိပ်ဓတ်ကနေပြီး တကာတကာမတွေ ဟိုဘက်မှာ ဆွေးတွေးရော့ မျိုးတွေရော စားမဝင် အိပ်

မပျော်ဖြစ်အောင် ဘာလုပ်သွားပြန်ပါလိမ့်မတုံး မေးပြန်လဲ ဘယ်နှယ်ဖြေကြမလဲ... (အဆိပ်သင့်တာပါဘုရား) အဆိပ်တွေ တခါတည်း ပျမ်းမျကြေး သင့်သွားတယ်....(မှန်ပါ!)သဘောကျပလား...(ကျေပါပြီ)။

ဒီလို ဆွေမျိုးညာတကာတွေ မဆိုထားပါနဲ့ ကိုယ့်မှုပြီး သကာလ အသက်မွေးဝမ်းကျောင်းလုပ်နေတဲ့ပုဂ္ဂိုလ်တွေတောင်မှ တကာကြွယ် သွားပြီး ထိခိုက်တယ်... (ထိခိုက်ပါတယ်ဘုရား) ဘာကသွားထိခိုက်တာပါလိမ့်(အဆိပ်ပင်က သွားထိခိုက်ပါတယ် ဘုရား) ဒီအဆိပ်ပင်ကြီးက သွားထိခိုက်တယ်.... (မှန်ပါ!)။

အင်း.... ဒါဖြင့် နောက်ဘဝများ သွားပေါက်ဦးမယ်ဆို ဒီအဆိပ်ပင် ဘာဖြစ်ဦးမှာတုံး၊ သူ့ဟာသူလဲ သတ်မယ်- (မှန်ပါ! ဘုရား) သူတပါးကိုလဲ သေစေမယ်....(မှန်ပါ!) ဒါဖြင့် သူ့ကို ဘာသစ္စာဆိုမတုံး(ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာသိမှ နိဗ္ဗာန်ကို သဘောကျမယ်နော်....(မှန်ပါ!)။

ဒုက္ခသစ္စာကိုသိမှ.... (နိဗ္ဗာန်ကို သဘောကျပါမယ်ဘုရား) နိဗ္ဗာန်သစ္စာကို သဘောကျမှာမို့ တကာကြွယ်ရ.... ဒုက္ခခန္ဓာကိုယ် အဆိပ်ပင်ကြီးပြောင်နေရပါတယ်.... (မှန်ပါ!) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ဒီခန္ဓာကြီးဟာတကာတကာမတို့ သူ့အဆိပ်နဲ့သူဘဲ ငေးရတယ် (မှန်ပါ!) ငေးကိုငေးမာပြောကြစို့ဆိုတော့ ဝက် အသားတိုးလို့ရှိယင် တကာတကားမတို့ ဘယ်သူမှ မသတ်ဘဲနဲ့ လဲသေတာဘဲ... (သေပါတယ်ဘုရား)သဘောကျပလား...(ကျေပါပြီ)။

ဝက်ဟာ ဒီအတိုင်းဘဲ အဆီပိတ်ပြီးသကာလ ဘယ့်နှယ်တုံး (သေပါတယ်ဘုရား) အင်း....ဘယ်သူသတ်တာပါလိမ့်.... (သူ့ဟာသူ သတ်တာပါဘုရား) သူ့အသားက သူ့သတ်တာ.... (မှန်ပါ!) သဘောကျပလား... (ကျပါပြီ)။

ဝက်ဘယ်သူသတ်ပါလိမ့်-(သူ့အသားက သူ့သတ်ပါတယ်ဘုရား)။

ဒီမှာလဲ တကာတကာမတို့ခန္ဓာကြီးက 'ဖျတ်'ကနဲဆို ဆုံးပါး, ရှုံးပါးရှိတဲ့အခါ မရှိဘူးလား.... (ရှိပါတယ်ဘုရား) ခြင်ထောင် မျိုးစုံကာလို့ ဆရာဝန်တွေဝိုင်းလို့ ဒီကြားထဲမှာ ဦးမာဒင် ဆုံးရှုံးသွားတာတွေကော မဇတ္ဈဘူးလား .... (တွေ့ပါတယ်ဘုရား) ဒါ...သူ့အဆိပ်က သူ့သတ်တာ .. (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူ့အဆိပ်က....(သူ့သတ်ပါတယ်ဘုရား) သူ့အထဲမှာ ဇရာအဆိပ်တွေရှိတယ်....(မှန်ပါ!) သေစေတတ်တဲ့ မရဏအဆိပ်ဒုတ္ထ (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးသည်ကားလို့ဆိုယင် တကာတကာမတို့ဘဲ စဉ်းစားပါတော့....တဲ့၊ အဆိပ်ပင်ကြီးမှ ဟုတ်ပါရဲ့လား.... (ဟုတ်ပါတယ်ဘုရား)။

အဆိပ်ပင်ကြီးကနေပြီးသကာလ တခါတည်း ပုံးလိုက်ကာတွေလဲ ဘာတွေမျှားပုံးလာသတုံး .. (အဆိပ်ပင်တွေကဲပုံးပါတယ်ဘုရား) အဆိပ်မျိုးစေ့တွေဘဲ မကျဘူးလား- (ကျပါဘယ်

ဘုရား) အဲဒီ့အဆိပ်မျိုးစေ့တွဲဘဲ ကျပြီး ပေါက်ပြန်တာတွေ့လဲ ဘာတွေ့ဘဲ ပေါက်မယ်ထင်ကြသလဲ.... (အဆိပ်ပင်တွေ့ဘဲ ပေါက်မှာပါဘုရား)။

ဩော်... ဒါဖြင့် သုံးဆဲ့တဘုံသည်ကား....လို့ ဆိုလို့ရှိယင် အဆိပ်ပုံကြီးဘဲ....(မှန်ပါ့)။

ဒါ့ကြောင့် ခင်ဗျားတို့အိမ်မှာ မသာဘိတ်စာကို တကဲကြွယ် မအားပါဘူး....(မအားပါဘုရား) ဦးမာဒင်တို့ ဟသ်ာတမှာ နေမယ်ဆို မသာဘိတ်စာတွေ.... (မအားပါဘုရား) ဟ.... ဘာဖြစ်ကြတာတုံးလို့များ တွေးမိကြရဲ့လား .. (မတွေးမိပါဘုရား) သူ့အဆိပ်နဲ့သူသေတာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီ)သူ့အထဲမှာလဲ ဇရာဆိုတဲ့အဆိပ်,မရဏဆိုတဲ့သေရမည့် အဆိပ်တွေက မပါလာဘူးလား .... (ပါပါတယ်) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဒီအဆိပ်တွေသည် ဘယ်သူ့အရင်သတ်သတုံးမေးလို့ရှိယင်ဖြင့် ကိန်းဏာပုဂ္ဂိုလ်အရင်သတ်တယ်....(မှန်ပါ့)။

ကိန်းဏာပုဂ္ဂိုလ်ကို.... (အရင်သတ်ပါတယ်ဘုရား) ဘေးကပုဂ္ဂိုလ်တွေကော.... (သတ်ပါတယ်ဘုရား) သတ်တာဘဲဆိုတာသေချာပလား... (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးအလိုတော်ကျဖြစ်တဲ့ ပဋိသမ္ဓိဒါ့မင် အဋ္ဌကထာဆရာက "ဝိသဘူတ ဒုက္ခဒဿနေန အမတဋ္ဌော...." တဲ့....(မှန်ပါ့)ဝိသဘူတ ဒုက္ခဒဿနေန = အဆိပ်ပင်ကြီး,အဆိပ်မျိုးစေ့နဲ့တူတဲ့ ခန္ဓာကြီးကို

အဆိပ်တွေလို မြင်ပြီးသကာလ နေမှသာလျှင်၊ အမတဋ္ဌော= သြော်.... ခန္ဓာမရှိမှ အသေလွတ်ပါလားဆိုတာ ပေါ်လာတယ်-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာမရှိမှ.... (အသေလွတ်ပါတယ်ဘုရား) ခန္ဓာကတော့.... အဆိပ်ကိုးဗျ ...(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါတယ် ဘုရား)။

ဒါ....သစ္စာထည့်ပေးနေပါတယ် တဲ့ကာကြယ်.... (မှန်ပါ့) သစ္စာထည့်ပေးနေပါတယ်ဆိုတာ ဦးမာဒင်ရိပ်မိပြီ....(ရိပ်မိပါပြီ ဘုရား)။

ဝိသဘူတ ဒုက္ခဒဿနေန=အဆိပ်ဖြစ်၍ ဖြစ်သော ဒုက္ခသစ္စာ ကြီးကို ဉာဏ်နဲ့မြင်မှသာလျှင်၊ အမတဋ္ဌော= မအိုမသေ အမြဲ နေတဲ့နိဗ္ဗာန်သည်၊ ပါတုဘဝတိ= ယောဂီပုဂ္ဂိုလ်ခံတွေ့ ဉာဏ်ထဲ ပေါ်လာပြီး သဘောကျ၏-(မှန်လှပါ)။

သြော်....ဒါကြီး အဆိပ်ပင်ဖြစ်ဘာ သိပါမှ မအိုမသေ အမြဲ နေတဲ့ နိဗ္ဗာန်ကို သူသဘောကျမယ်....တဲ့.... (မှန်ပါ့) ဒီဟာ အဆိပ်ပင်ကြီးလို့ သဘောမကျသေးသ၍ ကာလပတ်လုံး နိဗ္ဗာန် ကို ဘာနဲ့နေမတုံးဆိုတာ လာမှာဘဲ.... (လာပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ နားကြီးကြီးနဲ့ ထောင်မှဘဲ ဒီနေ့ တရားကိုက်ခတော့မယ်....(မှန်ပါ့ဘုရား) ဘာဖြစ်လို့ တုံးဆိုးဘာ့ သစ္စာဆိုတာ "ဒုက္ခေ ဉာဏ" ဆိုတာ မလွယ်ဘူး-(မလွယ်ပါ ဘုရား) ဒုခက္ခ=ဒုက္ခသစ္စာ၌၊ ဉာဏ=သိတဲ့ဉာဏ်သည်....တဲ့၊

သူတလုံးသိလိုက်ယင်လဲ နိဗ္ဗာန်ရသွားမယ်.... (ရပါတယ်ဘုရား) သူတလုံး သိလိုက်ယင်_ (နိဗ္ဗာန်ရပါမယ်ဘုရား)။

တကာကြွယ်,ရေ....အခု တကာကြွယ် မျက်လုံးမဲ့တယ်၊ အားအင်ဗလ ချိနဲ့တယ်၊ အင်း... ဘယ်သူက လုပ်လို့တုံးလို့ ဆိုလို့ ရှိယင် ခန္ဓာက လုပ်လို့ပေါ့ဘုရာ့....(မှန်လှပါ)။

ဘယ်နှယ်ဆိုကြမယ်.. (ခန္ဓာက လုပ်လို့ပါဘုရား) ခန္ဓာက လုပ်တယ်....(မှန်ပါ!) ခန္ဓာဟာ ဘယ်ခန္ဓာက လုပ်သတုံးဆိုတော့ တကာတကာမတို့ အာဟာရစားလို့ အာဟာရရှုပ်ခန္ဓာကလဲ လုပ်လိုက်တာဘဲ.... (မှန်ပါ!) မလုပ်ဘူးလား.... (လုပ်ပါတယ်ဘုရား) စိတ်ခန္ဓာကလဲ စိတ်က ညစ်လိုက်ပြီဆိုမှဖြင့် တခါတည်း ရှုပ်တွေဟာ အကုန်ထိခိုက်သွားတာဘဲ... (မှန်ပါ!)။

ဒါဖြင့် စိတ်ခန္ဓာကလဲ နှိပ်စက်တာဘဲ-(မှန်ပါ!)ရုပ်ခန္ဓာကလဲ (နှိပ်စက်ပါတယ်ဘုရား) ရုပ်ခန္ဓာကလဲ တေဇောက နှိပ်စက်လိုက်တာ တကာတကာမတို့ အရင် အပျိုရုပ်ခတ္တရှိကြသေးရဲ့လား- (မရှိပါဘုရား) အင်း....ရုပ်ခန္ဓာက နှိပ်စက်လိုက်တယ်.... (မှန်ပါ! ဘုရား)။

ဒါက အားမလျော့ကြနဲ့... တဲ့၊ အရုပ်ဆိုးရုံလုပ်သေးတာ.... (မှန်ပါ!) အသေသတ်ပြီးသကာလ ခင်ဗျားတို့ကို မြို့ထဲက ထုတ်သည့်တိုင်အောင်လုပ်ဦးမယ်....(မှန်ပါ!ဘုရား) မလုပ်မိဘူးလား.... လုပ်မလား.....(လုပ်ပါမယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာထဲမှာရှိတဲ့ စိတ်ကလဲ တကာတကာမတို့ နှိပ်စက်တာဘဲ....(မှန်ပါ!) ရုပ်ကကော.... (နှိပ်စက်ပါတယ်ဘုရား) ဝေဒနာသညာတွေကကော(နှိပ်စက်ပါတယ်ဘုရား)။

ဩော်.... ဒါဖြင့် ခင်ဗျားတို့ခန္ဓာထဲမှာ နှိပ်စက်တတ်တဲ့ အာဆိပ်တွေဘဲစုနေတယ်....(မှန်ပါ့)။

ဘာတွေများ စုနေသလဲ....(နှိပ်စက်တတ်တဲ့ အာဆိပ်တွေဘဲ စုနေပါဘယ်ဘုရား)။

ဝေဒနာကလေး ပေါ်လာဘယ် .. ၊ အင်း... နှိပ်စက်တတ်တဲ့ အာဆိပ်လို့သာ ရှုပေရော့ .. (မှန်ပါ့) သညာကလေးပေါ်လာ ယင်... (နှိပ်စက်တတ်တဲ့အာဆိပ်လို့ ရှုရမှာပါ) စိတ်ကလေးပေါ် လာယင်.....(နှိပ်စက်တတ်တဲ့ အာဆိပ်လို့ရှုရပါမယ်) သဘောကျ ပလား....(ကျပါပြီဘုရား)။

အဲဒီကဲ့သို့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာဖြင့် ဘာမှမရှိဘူး....၊ မြေပေါ်းတကောင်လုံး အာဆိပ်ချည့်ဘဲလို့ ခင်ဗျားတို့ပြောသလို ပေါ့ဗျာ... (မှန်ပါ့)မြေပေါ်းတကောင်လုံး ဘယ်လိုပြောကြသလဲ (အာဆိပ်ချည့်ပါဘုရား) ခန္ဓာကိုယ်ဘခုလုံးမှာလဲ.... (အာဆိပ်ချည့် ပါဘုရား)။

အာဆိပ်တွေရှိပြီးသကာလနေတော့ တကာတကာမတို့ ဝမ်းထဲက အောင့်လာတာဆိုတာ အာဆိပ်တက်တာ... (မှန်ပါ့) ဒီနေ့ရာ မောလာတယ် ဆိုတာကကော.... (အာဆိပ်တက်တာပါဘုရား) သူများထည့်တဲ့ အာဆိပ်လား... ၊ ခန္ဓာထဲက ပေါ်လာတဲ့အာဆိပ် လား....(ခန္ဓာထဲက ပေါ်လာတဲ့အာဆိပ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကြီးဟာ နှိပ်စက်တတ်တဲ့ခန္ဓာ.... (မှန်ပါ့) ဘယ်လိုဆိုကြပါ့မလဲ.... (နှိပ်စက်တတ်တဲ့ခန္ဓာပါ ဘုရား)။

တကာသစ် ဒီနေ့တရား ဂရုစိုက်ရလိမ့်မယ်.... (မှန်ပါ!) ဒီသစ္စာတလုံးပေါက်လို့ ဆရာဘုန်းကြီးပြောတဲ့အတိုင်း ဉာဏ်ထဲမှာ ရောက်မယ်ဆိုလို့ ရှိယင်လဲ ရှုလိုက်တဲ့အခါ ဒီအတိုင်း နှိပ်စက်တတ်တာတွေ မြင်လာပြီဆိုမှဖြင့် ဖျတ်ဆိုချုပ်ပြီး နိဗ္ဗာန်ပေါ်လာတာဘဲ.... (မှန်ပါ!ဘုရား)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒါ ရှုနည်းကို သင်နေတယ်ဆိုတာ မှတ်ရမယ် (မှန်ပါ!) ဝေဒနာပေါ်လာသဲ့ အဆိပ်သင့်တာဘဲ.... (မှန်ပါ!) စိတ်ကလေးပေါ်လာလဲ....(အဆိပ်သင့်တာပါဘုရား)ရုပ်ကလေးပေါ်လာလဲ....(အဆိပ်သင့်တာပါဘုရား)။

အဆိပ်သင့်တာဘဲ တကာတကာမတို့ ဒီရုပ်က တခါတည်းပေါက်ပြန် ပျက်စီးပစ်လိုက်တာဘဲ....(မှန်ပါ!) ဝေဒနာတွေကလဲ ကိန်းဏုပုဂ္ဂိုလ်ကို(ပေါက်ပြန်ဖျက်ဆီးပစ်လိုက်တာပါဘဲ)နှိပ်စက်လိုက်ပြန်ပြီဆိုတာ သဘောကျပလား.... (ကျပါပြီ) သညာကကော....(နှိပ်စက်ပါတယ်) သညာကလဲနှိပ်စက်တာဘဲ.... (မှန်ပါ!ဘုရား)။

သညာကလဲ ဟိုနားမှာ ငါဖြင့်ကွာ.... ကိုယ့်သမီးကလေးမှတ်လို့ ဖိုကနဲ ဖြစ်သွားတယ်ဆိုတာ သညာကနှိပ်စက်တာ.... (မှန်ပါ!ဘုရား)။

ဟိုနား ခလေးကလေးတယောက် လဲနေတယ်၊ ကိုယ့်သမီးကလေးနဲ့တူတော့ စိတ်ထဲ သညာက အမှတ်မှားလိုက်တော့ အမေမိဘမှာ တခါတည်း ဖိုကနဲ·ဟိုက်ကနဲ ဖြစ်မလာဘူးလား....

(လာပါတယ်ဘုရား) ဒါ. ဘယ်သူနှိပ်စက်လိုက်သတုံး....(သူ့ နှိပ်စက်ပါတယ်ဘုရား)။

စိတ်ကလဲ့-တဲ့ နှိပ်စက်လိုက်တာ တကာတကာမတို့ အခု ကြည့်ပါလား....၊ သတင်းစာတွေ,ဘာတွေထဲပါတယ်၊ ရေထဲ ခုန်ချ သေကြ,ပြုကြဆိုတာ ဘယ်သူနှိပ်စက်တာတုံး.... (စိတ်က နှိပ်စက်တာပါဘုရား) စိတ်က ခန္ဓာကို သတ်ပစ်လိုက်တယ်..... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ အဆိပ်ဘယ်နှစ်မျိုး ရှိပါလိမ့် (ငါးမျိုးပါဘုရား) ငါးမျိုး....၊ သဘောပါပလား.... (ပါ.ပါပြီဘုရား)။

တကာကြွယ် အဆိပ်ဘယ်နှစ်မျိုး ရှိသတုံး.... (ငါးမျိုးပါ) အဲဒါကို ခန္ဓာငါးပါးလို့ ခေါ်နေကြတယ်....(မှန်ပါ့)။

ဒါဖြင့် ဒီအဆိပ်တွေသည်ကားလို့ ဆိုယင်ဖြင့် တကာတကာ မတို့ သူ့ခင်တဲ့ပုဂ္ဂိုလ်ကို နှိပ်စက်သလား....၊ မခင်တဲ့ပုဂ္ဂိုလ်ကို နှိပ်စက်သလား.... (ခင်တဲ့ပုဂ္ဂိုလ်ကို နှိပ်စက်ပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ခင်ဗျားတို့ဟာ ဆုလဲတောင်းယူရသေး တယ်၊ သူ့ကိုလဲ ဆုတောင်းယူသေးတယ် ခင်ဗျားတို့က(မှန်ပါ့) သူကလဲ နှိပ်စက်သေးတယ်ဆိုတော့ ဒီဘဝမှာ ခင်ဗျားတို့ အသိ ဉာဏ်ကလေး ရှိလာတော့ သူ့ကိုဖြင့် အကြီးဆုံး ရန်သူရယ်လို့ ဒုနံပါတ် မှတ်တမ်းမှာဝင်ဘို့ တယ်ကောင်းတယ်... (မှန်ပါ့) စာကာကြွယ် မကောင်းဘူးလား... (ကောင်းပါတယ်ဘုရား)။

တကာတကာမတွေ ဒီဥစ္စာကို အင်မတန် အရေးကြီးတဲ့ တရားလို့ မှတ်ရမယ်....(မှန်လှပါ) ဘုရားသည် ဒီခန္ဓာကြီးကို

ဒီအတိုင်းမြင်တာနဲ့ ဒီခန္ဓာချုပ်ပြီး နိဗ္ဗာန်ပေါ်လာတာဘဲ.... (မှန်ပါ့) ဒီအတိုင်းမြင်နေလို့နော်.... (မှန်ပါ့)။

နှိပ်စက်တတ်တာတွေ့ မြင်တာနဲ့ဘဲ လိုချင်တဲ့တဏှာချုပ်တယ်....(မှန်ပါ့) လိုချင်တဲ့တဏှာလဲ ချုပ်ပါရော နိဗ္ဗာန်ကြီးကပေါ်လာတယ်.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အခုတော့ ခင်ဗျားတို့ နိဗ္ဗာန်မပေါ်သေးတာ ခန္ဓာအပေါ်မှာ ခင်တွယ်တဲ့ တဏှာမချုပ်သေးလို့....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (ခန္ဓာအပေါ်မှာ လိုချင်တဲ့တဏှာမချုပ်သေးလို့ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

သြော်.. နိဗ္ဗာန်များ ဘုန်းကြီးကလဲ ဆန်းကလေး ဟောတယ်၊ ကိုယ်ရှုနေတာလဲ ပြုန်းကနဲလဲ မပေါ်လာ.... (မှန်ပါ့) ဘာ့ကြောင့်များပါလိမ့်မတုံး ဆိုလို့ရှိယင်ဖြင့် ဘာမှသက်သေထူမနေနဲ့၊ မိမိမိုက်ပြစ်ဘဲ....(မှန်ပါ့) ခန္ဓာခင်တဲ့ တဏှာမချုပ်သေးလို့ မပေါ်လာတာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်မပေါ်လာတာသည်(ခန္ဓာမချုပ်သေးလို့ မပေါ်လာတာပါဘုရား)။

ခန္ဓာခင်တဲ့ တဏှာလဲချုပ်ပါရော ဦးမာဒင်ရေ· နိဗ္ဗာန်သည်ကားလို့ဆိုယင် ခန္ဓာပျောက်ပြီး နိဗ္ဗာန်ရောက်တာဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဟောတဲ့ပုဂ္ဂိုလ်၏အပြစ်လား....၊ ရှုတဲ့ပုဂ္ဂိုလ်၏ ည့်ဖျင်းမှုလား.... (ရှုတဲ့ပုဂ္ဂိုလ်၏ ည့်ဖျင်းမှုပါဘုရား)သေချာပြီ.. (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်မမြင်သေး၊ ရှုလျက်, ပွားလျက်နဲ့ ဖြစ်ပျက်တွေမြင်လျက်နဲ့ နိဗ္ဗာန်ကြီးမပေါ်လာတဲ့အရေးဟာဖြင့် တကာတကာမတို့ ကိုယ့်တကျာ အမြင်မပြတ်သေးလို့ ဘဲ....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်.... (ကိုယ့်တကျာ အမြင်မပြတ်သေးလို့ ပါဘုရား)။

အဲဒီခတဲ့ ဒါကို မသိတဲ့ပုဂ္ဂိုလ်တွေကျတော့ တကားကြွယ်ရေ့ အပြစ်က တမျိုးလဲထင်တတ်တယ်.... (မှန်ပါ့) ပါရမီကည့်လို့လား....၊ ကိုယ်ကဖျင်းလို့လား...၊ ဟုတ်လား....တဲ့.... (မှန်ပါ့)။

ဘာမှမဟုတ်ဘူး၊ ကိုယ့်ခန္ဓာခင်တဲ့ တကျာ မချုပ်ခသေးလို့ မပေါ်တာ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) နိဗ္ဗာန်မပေါ်လာတဲ့သတ္တိဖြင့် ယခုနဲ့ရှင်းခလာက်ပါပြီ ... (ရှင်းပါပြီဘုရား)။

တကာကြွယ် နိဗ္ဗာန်ဘယ့်နှယ်ကြောင့် မပေါ်လာသတုံး.... (ကိုယ့်ခန္ဓာခင်တဲ့ တကျာမချုပ်သေးလို့ပါဘုရား)။

ဒါဖြင့် ဘုရားဟောထားတာ ဘယ်လဲမတုံး-တဲ့၊ တကျာ နိဗ္ဗာနံကိုးဗျ .. (မှန်ပါ့) ကိုယ့်ခန္ဓာခင်တဲ့ တကျာလဲ ချုပ်ရော နိဗ္ဗာန်လဲပေါ်လာတာဘဲ....(မှန်ပါ့)။

ဒါဖြင့် တပည့်တော်တို့ဘုရား၊ ဘယ့်နှယ်များဖြစ်နေသတုံး မပြောတတ်ပါဘူးလို့ နောက်ကို ဒီအသုံးအနှုန်း မလာနဲ့.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဖြစ်နေသတုံး မပြောတတ်ပါဘူး—၊ ကြိုးလဲကြိုးစားသားဘုရား၊ ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကြီး ပေါ်ကိုမပေါ်

လာသေးဘူးတဲ့၊ တကားကြွယ် ဒီလိုညည်းလေ.ရှိတယ်....(မှန်ပါ့) မရှိဘူးလား(ရှိပါတယ်ဘုရား)။

ဒါ သူညည်းတာသည်ကားလို့ဆိုယင် မှန်ပါရဲ့.လားလို့.မေးတော့ဖြင့် ပါရမီတွေ ဟုတ်လား ရောဂါဥပဒ်အန္တရာယ်တွေ ဘာမှမဆိုင်ဘူး... (မှန်ပါ့)။

ခန္ဓာခင်တဲ့တဏှာက- (မချုပ်သေးလို့.ပါဘုရား)မချုပ်သေးလို့.ပါဆိုတော့ သူမျှားအပြစ်လား-ကိုယ့်.အပြစ်လား....(ကိုယ့်.အပြစ်ပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်မြင်တဲ့ ပုဂ္ဂိုလ်မျှားကျတော့လဲ တကာတကာမတို့ အပါယ်လေးပါး တံခါးပိတ်တဲ့ နိဗ္ဗာန်ကြီးမြင်တဲ့ ပုဂ္ဂိုလ်ကျတော့ဘဲ သူ့.ခန္ဓာခင်တဲ့တဏှာလဲ ချုပ်ပါရော တကာကြွယ်ရေ. နိဗ္ဗာန်သည် ဘုဝးကနဲပေါ်လာတာဘဲ.... (ပေါ်လာပါတယ်)သဘောကျပလား....(ကျပြီဘုရား)။

ဒါဖြင့် တကားတကာမတို့ ခန္ဓာ၏နိုပ်စက်မှုကို ကြပ်ကြပ်ကြည့်ပေး.. (မှန်ပါ့ဘုရား)။

ခန္ဓာ၏နိုပ်စက်မှုကို ကြပ်ကြပ်ကြည့်ပေးတော့ ရှေ.ရပြန်ပြီဆိုလို့.ရှိယင်လဲ နိုပ်စက်လို့.ရှေ.ရပြန်ပြီ... (မှန်ပါ့) ထ,ရပြန်ယင်-ကော... (နိုပ်စက်လို့.ထ,ရပြန်တာပါ) ကုဋီသုဝးရပြန်ယင်ကော-(နိုပ်စက်လို့.သုဝးရပြန်တာပါ) ဆေးကလေးတလုံး မျိုလိုက်ရပြန်ပြီ....(နိုပ်စက်လို့. မျိုရပြန်တာပါဘုရား)။

ဆဲဒါ ဘာတွေတွေ၊ ဘာကိစ္စနဲ့တွေတွေ နိုပ်စက်ပြန်ပြီ၊ နိုပ်စက်ပြန်ပြီ....(မှန်ပါ့) ဒီခန္ဓာကြီးက နိုပ်စက်နေတယ်၊ဒီခန္ဓာ

ကြီးက နှိပ်စက်နေတယ်ဆိုတာကို ဘုန်းကြီးတို့ တကာတကာမ တွေ့ အမြဲတမ်းသူ့ကို ရှုပြီးသကာလ နေလို့ရှိယင်လဲတဲ့၊ ဒီခန္ဓာကြီးဟာ နှိပ်စက်ပါမျှားတော့ကျုပ်တို့ ခင်မှုဟာလျော့သွားတယ် (လျော့သွားပါတယ်)မလျော့ပါနဲ့ဆိုလို့.... (မရပါဘုရား)။

အဲဒါ့ကြောင့် ဒုက္ခသစ္စာတလုံးကို ပိုင်ပိုင်နိုင်နိုင်ရှုလိုက်၊ ဝေဒနာကလေးပေါ်လာလဲ နှိပ်စက်ပြန်ပြီ..(မှန်ပါ့) သညာကလေး ပေါ်လာလဲ....(နှိပ်စက်ပြန်ပြီ) အင်း...ရောဂါကလေး ပေါ်လာင်....(နှိပ်စက်ပြန်ပြီ) ရောဂါပေါ်တာ မဟုတ်ပါဘူး၊ဝေဒနာပေါ်တာပါ...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

စိတ်ပေါ်လာတာ နှိပ်စက်မလို့လာတာ...(နှိပ်စက်မလို့လာတာပါ) သညာပေါ်တာကာ ဘာလုပ်မလို့ပေါ်လာတာတုံး-(နှိပ်စက်မလို့ပေါ်လာတာပါဘုရား)။

နှိပ်စက်တာပေါ့ဗျ၊ အင်း-သုံးနှစ်သုံးသီးကဲ့နေတဲ့ဟာကလေး သညာကလေးက အမှတ်ရလိုက်တယ်ဆို ချက်ခြင်းမျက်ရည်ထွက်တယ်...(မှန်ပါ့) နှိပ်စက်-မနှိပ်စက်....(နှိပ်စက်ပါတယ်) ပေါ်ကြမလား....(ပေါ်ပါပြီဘုရား)။

နှိပ်စက်နေတာချည့်ဘဲ၊ ဒါဖြင့် ခင်ဗျားတို့သန္တာန် ပေါ်လာတဲ့ ဓမ္မဟူသ၍ မဂ်ဓမ္မမှတပါး ကျန်တဲ့ တွေးလုံး, ဆလုံးတွေဟူသ၍ဖြင့် တကာကြွယ် ဘာလုပ်မလို့ ပေါ်လာတာတုံး .... (နှိပ်စက်မလို့ပေါ်လာတာပါဘုရား)။

ဟိုရှေ့ရတာလဲ ဘာဖြစ်လို့ရှေ့ရသတုံး....(နှိပ်စက်လို့ရှေ့ရပါတယ်)ရှေ့တဲ့နေရာ ပြန်တည့်ချပြန်ပြီ....(မှန်ပါ့ဘုရား)။

ရော....ခင်ဗျားတို့ဥစ္စာက ရှေ့လဲရှေ့တယ်၊ ရှေ့ပြီးဘာလုပ်ပြန်သတုံး.... (ဒီနေရာပြန်တည့်ရပါတယ်) ဒီနေရာ ပြန်တည့်ရပြန်တယ်... (မှန်ပါ့)ဟာ... ရှေ့လို့ရှိယင် လုံးလုံးရှေ့သွား-(မှန်ပါ့) ဘယ့်နှယ်ကြောင့် ဒီနေရာပြန်တည့်ရပြန်သတုံး.... (နှိပ်စက်လို့ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးဟာ အချိုချက်မရ-အချဉ် ချက်မရ နှိပ်စက်နေတာမှတပါး ဘာမှမရှိဘူး.... (မှန်ပါ့ဘုရား) ဃဘောကျပလား... (ကျပါပြီဘုရား)။

အခုတော့ဖြင့် မမွှေ့ပြောင်းခိုင်းရုံတင် ရှိသေးတယ် နောက် ဆုံးပိတ် ခေါင်းထဲထည့်ပေးဦးမယ်ဆိုတဲ့ နှိပ်စက်လုံးကော ရှိ-မရှိ....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကြီးထဲမှာ ဘာတရားတွေ့စုနေသတုံး .... (နှိပ်စက်တတ်တဲ့ တရားတွေ့စုနေပါတယ်) နှိပ်စက်တတ်တဲ့တရားတွေ့ စုနေတယ် တကာကြွယ်ရေ....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာတွေ့စုနေပါလိမ့်... (နှိပ်စက်တတ်တဲ့ တရားတွေ့ စုနေပါတယ်ဘုရား)။

အဲဒါ ရောကလေးသောက်ပြန်လဲ နှိပ်စက်ပြန်ပြီ .. (မှန်ပါ့) ဆေးလိပ်သောက်ပြန်လဲ....(နှိပ်စက်ပါတယ်)ဒီနေရာက ဟိုနေရာ စောင်းပြန်ပြီ (နှိပ်စက်ပါတယ်) စောင်းတဲ့နေရာမှာ တခါ မနေနိုင်ကြလို့ တည့်ရပြန်ပြီ....(နှိပ်စက်တာပါ) အဲ....တည့်တဲ့ နေရာမနေနိုင်လို့ စောင်းရပြန်ပြီ ...(နှိပ်စက်ပါတယ်ဘုရား)။

အဲဒါ နှိပ်စက်တတ်တဲ့ တရားကလေးတွေ့ကို တခါတည်း ဝေဒနာကနှိပ်စက်ယင် ဝေဒနာဟာ နှိပ်စက်တတ်တဲ့တရား ..

(မှန်ပါ့) သညာကနှိပ်စက်ယင်လဲ... (သညာဟာ နှိပ်စက်တတ်တဲ့တရားပါ)အင်း .... စိတ်က နှိပ်စက်ယင်လဲ .... (စိတ်ဟာနှိပ်စက်တတ်တဲ့တရားပါဘုရား)။

ရုပ်က ပူလာပြန်လို့ ရှေ့ရပြန်တယ်ဆိုယင်ကော ... (နှိပ်စက်တတ်တဲ့တရားပါ) အေးပြန်လို့ မနေနိုင်ပါဘူး၊ ခြုံပေးပါဦးဆိုယင်ကော....(နှိပ်စက်တတ်တဲ့ တရားပါ)အဲဒါ နေရာတိုင်းမှာခင်ဗျားတို့ မျက်ခြေမပြတ်အောင် နှိပ်စက်တာကြီးရှိနေတယ်... (မှန်ပါ့ဘုရား)။

နှိပ်စက်တာကြီး ရှိပြီဆိုမှဖြင့် သြော် .. ဘုရားဟောတော်မူတာ ဒုက္ခသစ္စာ၊ဒို့အမြင်လဲ ဒုက္ခသစ္စာဖြစ်ပြီ.... (မှန်ပါ့ဘုရား)။

ဘုရားဟောကဘာတဲ့....(ဒုက္ခသစ္စာပါ) ကိုယ့်ဉာဏ်အမြင်ကကော... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီဒုက္ခသစ္စာ ဒီလိုဒုက္ခသစ္စာမြင်တိုင်း မြင်တိုင်း သမုဒယချုပ်တယ်....(မှန်ပါ့) သမုဒယမချုပ်ယင် ပါးတာဘဲ....(မှန်ပါ့) ပါးပါမျှားယင် ပျောက်ရမယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ပလဂတ္တာသုတ်ဆိုပြီး သကာလ ခန္ဓဝဂ္ဂသံယုတ်ကျတော့ကာ....တဲ့၊ ဒီလိုတွေးနေတဲ့ သူတို့နှိပ်စက်တိုင်း- နှိပ်စက်တိုင်း- နှိပ်စက်ပြန်ပြီလို့ လိုက်နေတဲ့ပုဂ္ဂိုလ်မျှားမှာ ငါဘုရား သခင်ကိုယ်တော်မြတ်ကြီး ဥပမာပေးပါမယ် ဆိုပြီးသကာလ ဥပမာကခေးပေးပုံလဲ တကာသစ် သိပ်ကောင်းတယ် ... (မှန်ပါ့ဘုရား)။

ဥပမာပေးပုံ ဘယ်လိုပေးလိုက်သတုံး ဆိုလို့ ရှိယင်ဖြင့် ဒီနှိပ်စက်ပြန်ပြီ- နှိပ်စက်ပြန်ပြီလို့ သိတိုင်း-သိဘိုင်းဟာ တကာတကာမတို့ဒုက္ခသစ္စာသိတယ်....(မှန်ပါ့ဘုရား)။

အဲဒီလို ဒုက္ခသစ္စာသိတော့ သမုဒယသစ္စာက ပါးပါးမသွား ဘူးလား....(ပါးပါတယ်ဘုရား)။

အဲဒီတော့ လက်သမားမျှားကိုင်တဲ့ လက်ရိုက်ကို တကာကြီး ဉီးမာဒင်တို့ မြင်ဘူးပါလိမ့်မယ်_(မြင်ဘူးပါတယ်ဘုရား)။

ပဌမ လက်ရိုက်ကို ရွေဘော်ကလေး ဘာကလေးထိုး အဖျားကလေး ဘာကလေးရှူး- ဟုတ်လား၊ အဖျား ဘုကလေး ဘာကလေးထည့်၊ တော်တော်ကြာ လက်ကလေးနဲ့ ကိုင်ပြီး ဆောက်တော့ထင်းကြပေါ့ဗျာ .. (မှန်ပါ့) ၄ကြးခွေတဲ့ ဘာတွေ ထင်းတဲ့အခါကျတော့ သူနဲ့ရိုက်ရတယ်....(မှန်ပါ့) ရှေးကရှေးက (မှန်ပါ့ဘုရား)။

ကြာတော့ လက်ချောင်းရာ, လက်မရာတွေ တကာသစ်ထင်-မထင်.... (ထင်ပါတယ်) တနေ့နဲ့တနေ့ တူရဲ့လား....(မတူပါ) နက်ဖြန်ကျယင် နည်းနည်းကလေး နက်ရောင်ကလေးလာတယ်၊ သဘက်ခါကျယင် ပိုသွားပြီ....(မှန်ပါ့) ဒီ့ဘက်လက်ချောင်းရာ, လက်မရာတွေ နက်နက်မသွားဘူးလား.... (သွားပါတယ်ဘုရား)။

ကြာတော့ ဒီလက်ရိုက်ဟာ သုံးလို့ဖြစ်ပါသေးရဲ့လား .... (မဖြစ်ပါ)ဘာဖြစ်တာတုံး- လက်က စားစားသွားလို့... (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘယ်သူက စားစားသွားသတုံး .... (လက်က စားစားသွား ပါတယ်)လက်က လက်ရိုက်ကိုစားသွားတယ်.... (မှန်ပါ့ဘုရား)။

ဒီမှာလဲတဲ့ နှိပ်စက်ပြန်ပြီ- နှိပ်စက်ပြန်ပြီ၊ ဝေဒနာကလေး ပေါ်လဲ နှိပ်စက်ပြန်ပြီ၊ သညာပေါ်ယင်နှိပ်စက်ပြန်ပြီ....(မှန်ပါ့)

ရှုပ်ကလေးပူတာ-အေးတာလာပြန်ယင်ကော....(နှိပ်စက်ပြန်ပြီဘုရား)။

အဲဒီလိုတွေးတော့ ကိုလေသာတည်းဟူသောတရားက တကာတကာမတွေ့ လက်သမားကိုင်တဲ့ လက်ရိုက်လိုဘဲ၊ နဲနဲ-နဲနဲပါး၊နဲနဲ-နဲနဲပါးပြီးကြာတော့ လုံးဝပြုတ်တာဘဲ....(မှန်ပါ!) အဲ....သူလုံးဝပြုတ်ထွက်သွားတဲ့ အခါကျတော့လဲ နိဗ္ဗာန်ပေါ်လာတယ်....(မှန်ပါဘုရား)။

ဒါဖြင့် နှိပ်စက်ပြန်ပြီ၊ နှိပ်စက်ပြန်ပြီဆိုတဲ့ဥစ္စာ တကာကြွယ် ဒါအလုပ်တရားလို့ မှတ်လိုက်စမ်းပါ .... (မှန်ပါ!) ဝေဒနာပေါ်ယင်လဲ... (နှိပ်စက်တာပါဘဲ) သညာပေါ်ယင်လဲ....(နှိပ်စက်တာပါဘဲ) သင်္ခါရပေါ်ယင်ကော....(နှိပ်စက်တာပါ) စိတ်ပေါ်လားယင်.....(နှိပ်စက်တာပါ) ရုပ်ပေါ်လာယင်....(နှိပ်စက်တာပါဘုရား)။

ခင်ဗျားတို့ သန္ဓာန် ကိစ္စပေါ်တိုင်း-ပေါ်တိုင်း၊ နှိပ်စက်လို့ပေါ်တာနော်....(မှန်ပါ!) ရေသောက်ချင်တာကော.... (နှိပ်စက်လို့ပေါ်တာပါ)ဆာလားတာဟာတဏှာကနှိပ်စက်ဘယ် (မှန်ပါ! ဘုရား) ကျင်ကြီးသွားချင်ပြန်တယ်ဆို ဒုက္ခဝေဒနာက နှိပ်စက်တယ်....(မှန်ပါ!) ကျင်ငယ်စွန့်ချင်ပြန်တယ်ဆိုတာနဲကော... (ဒုက္ခဝေဒနာကနှိပ်စက်တာပါဘုရား)။

ဆေးကလေး တိုက်ပေးပါဦးဆိုတာလဲ .... (ဒုက္ခဝေဒနာကနှိပ်စက်တာပါ) ဒုက္ခဝေဒနာက နှိပ်စက်တယ်၊ ဟိုနား ဒီနား ရှေ့ပေးပါဦးဆိုတာကတော့ဖြင့် ပူလို့ရှေ့ပါဦးဆိုတော့ ရုပ်ကနှိပ်စက်တယ်....(မှန်ပါ) အေးလွန်းလို့ ဟိုဘက်လုံရှေ့ပေးပါဦးဆိုတော့လဲ အဲအေးရုပ်ကနှိပ်စက်တယ် ....(မှန်ပါဘုရား)။

ဒါဖြင့် ရွှေ့ရတာလဲ နှိပ်စက်ခံရတာဘဲ....(မှန်ပါ့) တည့်ပေးရတာလဲ.... (နှိပ်စက်ခံရတာပါဘဲဘုရား) စောင်းရတာကော... (နှိပ်စက်ခံရတာပါဘုရား) အင်း... ဒါဖြင့် ပက်လက်နေပြီး ကုလားထိုင်ပေါ် ရွှေ့ရတာကော.... (နှိပ်စက်ခံရတာပါဘုရား) ကုလားထိုင်ပေါ် မနေနိုင်ဘူး၊ ကျောပူတယ်ဆိုပြီး လင်းရာရှင်းရာကို သွားရဦးမယ်ဆိုတာဖကော... (နှိပ်စက်ခံရတာပါဘုရား)။

ဒ်ဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးကို ဘယ်လိုလုပ်လုပ် ဘယ်နေရာရွှေ့-ရွှေ့ ဘာဖကျွေးကျွေး ဘာလုပ်တာတုံး.... (နှိပ်စက်ခံရတာပါဘုရား)။

ဆဲဒါ နေရာတိုင်းမှာ နှိပ်စက်ပြန်ပြီ နှိပ်စက်ပြန်ပြီသာ တကာကြွယ် မြင်အောင်ကြည့်နေ.. (မှန်ပါ့) နှိပ်စက်တဲ့ လက်သည်လဲ တွေ့အောင်ရှာ... (မှန်ပါ့)။

ဒ်ဖြင့် ဒုက္ခဝေဒနာက နှိပ်စက်ပြန်ပြီ၊ ပထဝီဓာတ်က နှိပ်စက်ပြန်ပြီ.. (မှန်ပါ့) အင်း... သညာက နှိပ်စက်ပြန်ပြီ၊ ဒီလို သိလိုက်တဲ့အခါကျလို့ရှိယင် ခန္ဓာငါးပါး နှိပ်စက်တတ်တဲ့တနေ့ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်... (ခန္ဓာငါးပါးနှိပ်စက်တတ်တဲ့တရားပါဘုရား)။

နှိပ်စက်တတ်တဲ့တရား-နှိပ်စက်တတ်တဲ့တရားလို့ ဉာဏ်ကလေးက သိပေး၊ နှိပ်စက်တာက ဒုက္ခသစ္စာ၊ နှိပ်စက်မှန်းသိတာက မဂ္ဂသစ္စာ.. (မှန်လှပါဘုရား)။

ဟိုမှာ လက်ရှိက်လိုဉာဏ်ကခနပြီး ကိုခလသာပါးအောင့် လုပ်သွားတော့ ခန္ဓာခင်တဲ့တဏှာက ပါးပါး-ပါးပါးသွားတယ်... (မှန်ပါ့)လက်ရိုက်ရိုးကိုလက်က စားသလို ပါးပါး သွားတယ်.... (မှန်ပါ့) မပါးဘူးလား (ပါးပါတယ်ဘုရား) အဲဒီပါးတာက သမုဒယသေတာဘဲ.... (မှန်ပါ့) မသေယင် ခေါင်းပါးတယ် .. (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲ.. ပါးလို့ရှိလို့ သူပါ တပါတည်း ချုပ်သွားတဲ့အခါးဟု လို့ ရှိယင်ဖြင့် တကာတကာမတို့ နိဗ္ဗာန်ပေါ်လာမယ် (မှန်ပါ့ ဘုရား) သူမချုပ်သေးယင်....(နိဗ္ဗာန်မပေါ်လာပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် တကာတကာ့မတို့ ဘယ်သူက ဖုံးဖိနေတယ်ဆိုတာ ယနေ့တရားမှာ ပေါ်ပါတယ်... (ပေါ်ပါတယ်ဘုရား) ဘယ်သူက ဖုံးဖိနေသတုံး.... (တဏှာက ဖုံးဖိနေပါတယ်ဘုရား) အဝိဇ္ဇာနဲ့တဏှာ ဖုံးဖိနေတယ်....(မှန်ပါ့) ဩဘာ... သူကွယ်ထားတာဘဲ.....(မှန်ပါ့)။

ကိုင်း.... မင်း ကွယ်ထားတာကို ဒို့က ဖွင့်ကြည့်မယ် ဆိုပြီး သကာလ နိဗ္ဗာန်ကို မကြည့်နဲ့-(မှန်ပါ့) နိဗ္ဗာန်ကို ဘယ်တော့မှ မကြည့်နဲ့....(မှန်ပါ့) နှိပ်စက်တာခူးကြည့်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

နှိပ်စက်တာခူးကြည့်နေလိုက်ဘော့ စောင်းလဲနှိပ်စက်ပြန်ပြီ၊ တည့်လဲနှိပ်စက်ပြန်ပြီ၊ ရေတိုက်ပြန်လဲနှိပ်စက်ပြန်ပြီ၊ ဟုတ်လား (မှန်လှပါ) ဆေးကခလေး ကျေရပြန်ယင်လဲ (နှိပ်စက်ပြန်ပါပြီ) အင်္ကျီကခေးလဲ ရယင်ကော.... (နှိပ်စက်ပြန်ပါပြီ)

ရေကလေးချိုးပြန်ယင်.... (နှိပ်စက်ပြန်ပါပြီ) ဒါဖြင့် မနှိပ်စက်ဘဲနဲ့ လုပ်ရတဲ့အလုပ်-ပါကြရဲ့လား.... (မပါ-ပါဘုရား) ရှင်းပလား—(ရှင်းပါပြီ)။

မနှိပ်စက်ဘဲနဲ့ ထ,လုပ်ရတဲ့အလုပ်ဟူသ၍ဖြင့် မရှိပါဘူး.... (မရှိပါဘုရား)။

တကာတကာမတို့ ဘယ်သူက နှိပ်စက်တာတုံး.... (ခန္ဓာကပါဘုရး) ခန္ဓာက နှိပ်စက်တယ်.... (မူန်ပါ့) ခန္ဓာက နှိပ်စက်တယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ဒါ... ဒုက္ခသစ္စာကို ပိဋ္ဌနဋ္ဌသဘောနဲ့ ကိစ္စဉာဏ်နဲ့ကြည့်လိုက်တာ....(မူန်ပါ့ဘုရား) ဘာဉာဏ်နဲ့ကြည့်လိုက်သလဲ-- (ကိစ္စဉာဏ်နဲ့ကြည့်လိုက်ပါတယ်ဘုရား)။

ကိစ္စဉာဏ်နဲ့ကြည့်လိုက်တဲ့အခါကျတော့ တကာတကာမတို့ တကိုယ်လုံးမှာရော ကိုယ့်ကိစ္စမရှိဘူး၊ သူနှိပ်စက်လို့ ပြုပြင်နေရတဲ့ ကိစ္စနဲ့ အချိန်ကုန်နေတာဘဲ—(မူန်ပါ့)။

သူနှိပ်စက်တာနဲ့ဘဲ....(ပြုပြင်နေရတဲ့ကိစ္စနဲ့ အချိန်ကုန်နေပါတယ်ဘုရား) ဒီနေရာမှာဆိုင်ချင်ဘူး၊ ရှေ့ရတာလဲ ဘာဖြစ်လို့ကုံး.... (နှိပ်စက်လို့ပါဘုရား) ဟိုနေရာမှာ အမြဲထားလို့ မရကားလဲ ဘာဖြစ်လို့လဲ.... (နှိပ်စက်လို့ပါဘုရား) သဘောကျလား....(ကျပါပြီ)။

ဟို-လဘက်ရေအိုးနားကပ်ရတာလဲ ဘာလုပ်တာလဲ-(နှိပ်စက်တာပါဘုရား) ရေနွေးကလေးတည်ရတာလဲ ဘာလုပ်တာတုံး-- (နှိပ်စက်တာပါဘုရား) ဆေးတွေဘာတွေ အနားမှာ ခဏခဏ

ထားရတာကော....(နှိပ်စက်တာပါဘူးဆုံး) နှိပ်စက်တာ၊ ခန္ဓာက နှိပ်စက်တာ၊ သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် လုပ်တိုင်း လုပ်တိုင်း နှိပ်စက်လို့ သာလျှင် ပြုပြင်မှုတွေ့ လုပ်နေရတယ်လို့ သိလာလို့ ရှိ ယင် ခန္ဓာကို နှိပ်စက်တတ်တဲ့ တရားလို့ သိပြီ....(မှန်ပါ့)။

ဘယ်လိုသိပါလိမ့်.... (ခန္ဓာကို နှိပ်စက်ဘတ်ဘဲ့တရားလို့ သိရပါမယ်ဘုရား)။

ခန္ဓာကို နှိပ်စက်တတ်တဲ့ဘရားလို့ သိလာတဲ့အခါကျ ခန္ဓာဒီခန္ဓာကြီးကို ခန္ဓာက နှိပ်စက်တတ်တဲ့တရား၊ သိတာကမဂ်တရား (မှန်ပါ့) ပါးတာက ကိလေသာတရား....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နှိပ်စက်ပြန်ပြီလို့ တချက်မြင်လိုက်ယင် ဟိုက ကိလေသာပါးပြီ... (ပါးပါတယ်ဘုရား) နှိပ်စက်ပြန်ပြီလို့ တချက်မြင်လိုက်ယင် ကိလေသာ ပါးပါဘယ်ဘုရား)။

ဒါဖြင့် နှိပ်စက်တိုင်း တကာတကာမဘွေ့က ကျွေးပြန်လဲ နှိပ်စက်လို့ ကျွေးရတယ်... (မှန်ပါ့) ထုတ်ရပြန်ကော.... (နှိပ်စက်လို့ ထုတ်ရတာပါဘုရား) အဝတ်ကလေးတခု လဲလိုက်ရပြန်ယင် ကော.... (နှိပ်စက်လို့ လဲရတာပါဘုရား) လဲတဲ့အဝတ် ပြန်ချွတ်ရပြန်တာကော.... (နှိပ်စက်လို့ပါဘုရား) ရိပ်ခြင်းကြီ.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာကြွယ် ဘာလုပ်လုပ်· ကျုပ်တို့မှာဖြင့် နှိပ်စက်ပြန်ပြီ၊ နှိပ်စက်လို့ လုံပ်ရတယ်၊ နှိပ်စက်လို့ လုပ်ရတယ်ဆိုးတာ့

အင်း.. လက်သည်ရှာတယ်....(မှန်ပါ့ဘုရား) ဘာတွေ့သတုံးဗျ.... (ခန္ဓာတွေ့ပါဘယ်ဘုရား) ဩော်... လက်သည်ရှာတော့ ခန္ဓာတွေ့တယ်....(မှန်ပါ့)။

ကြည့်စမ်း.. တကာတကာမတို့ ဒီရှုနည်းကို ခင်ဗျားတို့ မရှုလို့.... (မှန်ပါ့) ဒီရှုနည်းသာ ရှုလိုက်မယ်ဆိုယင် ကိလေသာပါး-မပါး.. (ပါးပါတယ်ဘုရား)။

မင်းဖြင့် မရချင်တော့ပါဘူးကွာ၊ မင်းတည်းဟူသာ ခန္ဓာကြီ·ဖြင့် မလုံချင်တော့ပါဘူးကွာ....(မှန်ပါ့) မင်းတည်းဟူသော ခန္ဓာကြီးဖြင့် မးတာင့်တတော့ပါဘူးကွာ....(မှန်ပါ့) ဒီဟာတွေ့လာ-မလာ တကာသစ်.... (လာပါတယ်ဘုရား) ဒါ.. ဘာမြင်လို့ပါလိမ့်....(နှိပ်စက်တာမြင်လို့ပါဘုရား)။

သေသေချာချာမှတ်ပါ တရားသိမ်းတော့မယ်၊ နှိပ်စက်တာမြင်လို့မလိုချင်တာ... (မှန်ပါ့)။

ဒါဖြင့် နှိပ်စက်တာက ဒုက္ခသစ္စာ.... (မှန်ပါ့) နှိပ်စက်တာမြင်တာက တကာတကာမတို့ မဂ္ဂသစ္စာ.... (မှန်ပါ့) မြင်တိုင်းမြင်တိုင်း ပါးတာက သမုဒယသေတာ... (မှန်ပါ့)။

မြင်တိုင်း-မြင်တိုင်း ပါးတာက-(သမုဒယသေတာပါဘုရား) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ လက်ရိုက်ရိုးနဲ့ မတူသေးဘူးလား.... (တူပါတယ်ဘုရား) နှိပ်စက်တာ တခါမြင်ယင် ကိလေသာက ဘယ်နှယ်တုံး (ပါးပါတယ်ဘုရား) နှစ်ခါမြင်ပြီ တကာသစ်-ရေ.. (ပါးပါတယ်ဘုရား) သုံးခါမြင်ပြီ... (ပိုပါးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဘယ်နေ့ဘယ်ရက်က ဒီလက်ရိုက်ရိုးကို ဘယ်နှလောက်စားတယ်လို့ ဘာ့ ငါဘုရား မဒဟာနိုင်ဘူးကွ.. တဲ့.... (မှန်လှပါဘုရား) နှိပ်စက်ဘာမြင်လို့ ရှိယင် ကိုလေသာပါးတာကတော့ဖြင့် တနေ့တခြား ပါးတာတော့ ငါဘုရား ဟောရဲတယ်... တဲ့.... (မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုန်း)။

အဲဒီတော့ ခင်ဗျားတို့က နှိပ်စက်တာကို ကြပ်ကြပ်တွေးဘို့ အရေးကြီးတယ်... (မှန်ပါ!)။

တကာကြွယ် ဘာအရေးကြီးပါလိမ့်.... (နှိပ်စက်တာကို ကြပ်ကြပ်တွေးဘို့ အရေးကြီးပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ကလဲ သတိလစ်ပြီးသကာလ နေတော့ ရေသောက်ပြန်လဲ နှိပ်စက်ပြန်ပြီလို့ မလာဘူး....(မှန်ပါ!)။

အင်း.... ရောကလေးက အေးလိုက်တာ ရေခဲသေတ္တာထဲက သောက်ရလို့ထင်ပါရဲ့ တဲ့၊ သာဘောင် သဲယားလိုက်သေးတယ်.. (မှန်ပါဘုရား) အင်း.... အပြီးသတ်တော့ ခန္ဓာကိုယ်က ဆာလောင်မွတ်သိပ်တဲ့ ဝေဒနာက နှိပ်စက်လို့ ခင်ဗျားတို့ ရေတိုက်ရတာ.... (မှန်ပါဘုရား) သဘောကျပလား... (ကျပါပြီဘုရား)။

ပန်ကာကလေးတော့ဖွင့်ရပြန်ယင်လဲ ခန္ဓာကြီးက ဘာတုံး... (နှိပ်စက်လို့ပါဘုရား) အပူကနှိပ်စက်လို့၊ ခန္ဓာကြီးက နှိပ်စက်နေတဲ့အတွက် ကိုယ်ကနေပြီး ပန်ကာ ပိုက်ဆံကုန်ရှာပြီးသကာလ လှည့်ပေးနေရတဲ့ အဓိပ္ပါယ်ကော မရှိဘူးလား.... (ရှိပါကယ်ဘုရား)။

ဒါဖြင့် ဦးမာဒင်ရေ ခင်ဗျားတို့ပြုသ၍, ပြင်သ၍ အိမ်ဆောက်ပေးရ, ကုဋီတည်ပေးရ, အမျိုးမျိုးအဖုံဖုံ ကုလားထိုင်ဆိုဖါတွေထားရ,မော်တော်ကားအမျိုးမျိုးထားရ, တကာကြွယ်ရေ- ဘာဖြစ်လို့ထားရတာတုံး.... (ခန္ဓာကိုယ်စက်လို့ ထားရတာပါဘုရား)။

ဒါဖြင့် အားလုံးသူသည် ခန္ဓာထဲမှာ ဘာတရားတွေ စုနေသတုံး.... (နှိပ်စက်တတ်တဲ့တရားတွေ စုနေပါတယ်ဘုရား)ရှင်းပလား... (ရှင်းပါပြီ) နှိပ်စက်တတ်တဲ့တရားတွေ စုနေတယ်ဆိုတာသေချာပလား....(သေချာပါပြီဘုရား)။

ပါးစပ်ပေါက်ကလဲ နှိပ်စက်ပါတယ်....(မှန်ပါ့) နားပေါက်ကလဲ.... (နှိပ်စက်ပါတယ်) နှာခေါင်းပေါက်ကကော.... (နှိပ်စက်ပါတယ်) လျှာပေါက်ကကော... (နှိပ်စက်ပါတယ်) ကိုယ်ပေါက်ကကော... (နှိပ်စက်ပါတယ်) မနောပေါက်ကကော.... (နှိပ်စက်ပါတယ်ဘုရား)။

ဒါဖြင့် ဒုါရခြောက်ပေါက်မှာ ပေါ်လာတဲ့ တရားဟူသ၍ ဘာလုပ်တတ်သတုံး....(နှိပ်စက်တတ်ပါတယ်ဘုရား) ရှင်းပလား-(ရှင်းပါပြီဘုရား)။

အဲဒါ ဘာဘဲလုပ်လုပ်, ရေခဲက်ကလေးကိုင်ကိုင်, ဆပ်ပြာကလေးကိုင်ကိုင်,နှိပ်စက်ပြန်ပြီ- နှိပ်စက်ပြန်ပြီလို့သာလုပ်နေ .... (မှန်ပါ့)နှိပ်စက်တဲ့အခါတရားကိုယ်လဲ ပေါ်ပစေ,နှိပ်စက်တဲ့အခါ ဒါ-ဝေဒနာကနှိပ်စက်တာ၊ ဒါ-သညာကနှိပ်စက်တာ၊ ဒါ-ရုပ်ကနှိပ်စက်ပြန်ပြီ၊ ဒါ-နာမ်က နှိပ်စက်ပြန်ပြီလို့ တကာကြွယ်....သိ

အောင်လုပ် - (မှန်ပါ့)ကြာတော့ ခန္ဓာငါးပါးစလုံး ဘာတရား ဖြစ်သွားသတုံး (နှိပ်စက်တတ်ဘဲ့တရား ဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် နှိပ်စက်တတ်တာ ဘာသစ္စာ....(ဒုက္ခသစ္စာပါ) အဲဒီလို သိတဲ့ဥာဏ်ကလေးက ... (မဂ္ဂသစ္စာပါ) နှိပ်စက်မှန်းသိတော့ ဒီ-ခန္ဓာကြီးကို နဂိုရိုက တောင်းထားတဲ့ဆုနဲ့ နဂိုရိုက ယုယထားတဲ့ တဏှာတွေဘာ ဘယ်နှယ်ဖြစ်သွားသတုံး ...(ဆုတ်သွားပါတယ်) ပါးသွားတယ်-ဆုတ်သွားတယ်....(မှန်ပါ့)။

အဲဒါ လုံးလုံးချုပ်လို့ရှိယင်ဖြင့် တကာတကာမတို့ နိဗ္ဗာန် မပေါ်ပေဘူးလား ...(ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ဘာဖြစ်လို့မခေါ်တာကုံးဆိုတော့ ခန္ဓာ နှိပ်စက်မှု မမြင်သေးလို့....(မှန်ပါ့)။

တကာကြွယ် ဘယ်လိုမှတ်ပါ့မယ်.... (ခန္ဓာနှိပ်စက်မှုမမြင်သေးလို့ပါဘုရား)။

ဒါဖြင့် ဘာဘဲလာလာ- နှိပ်စက်ဘတ်ဘဲ့ဘရား ဒုက္ခသစ္စာ၊ နှိပ်စက်တာ်ဘဲ့ဘရား ဒုက္ခသစ္စာ၊ နှိပ်စက်ဘတ်တဲ့ .... ဒုက္ခသစ္စာ၊ တကာတကာမဘို့ ရွှေ့တိုင်း, ပြောင်းတိုင်း.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အင်း....ထမင်းဟင်းတိုင်း, ရေသောက်ဘိုင်း, ခေါင်းဗိုင်း, အာဝတ်လဲတိုင်း ဘာလုပ်ရမလဲ....(နှိပ်စက်ပြန်ပြီလို့ သိရပါမယ်) နှိပ်စက်နေတာဘဲဆိုဘာ သေချာပလား_(သေချာပါပြီ) ဘယ်သူက နှိပ်စက်ဘာဘုံး .. (ခန္ဓာက နှိပ်စက်ဘာပါဘုရား)။

ဒါဖြင့် ခန္ဓာသည် တကာတကာမတို့ ဘာသတ္တိရှိသတုံး.... (နှိပ်စက်တတ်ဘဲ့ သတ္တိရှိပါဘယ်)နှိပ်စက်တတ်ဘဲ့သတ္တိရှိဘယ်လို့

သိတာက ဘာသစ္စာ.... (မဂ္ဂသစ္စာပါ) နှိပ်စက်မှုန်းသိလို့ မခင်တာက သမုဒယသေတာ.... (မှန်ပါ့)။

ဒါဖြင့် သူသေလို့ ရှိယင် နိဗ္ဗာန်မှ ရောက်ပါ့မလား....(ရောက်ပါ့တယ်ဘုရား)။

နှိပ်စက်တတ်တဲ့တရားလဲ တကာတာဘာမတို့ ချုပ်ပါရောမနှိပ်စက်တတ်တဲ့တရား ဒီနေရာပေါ်လာတယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် နှိပ်စက်ဘတ်တာ ဘာသစ္စာ (ဒုက္ခသစ္စာပါ)နှိပ်စက်မှုန်းသိတာက (မဂ္ဂသစ္စာပါ) နှိပ်စက်မှုန်းသိလို့ တကာတကာမေးတဲ့ ခန္ဓာကိုယ်ခင်တာသည် ပါးသွားတာ ဘာပါလိမ့်....(သမုဒယသေတာပါဘုရား) ဒါဖြင့် နောက်ခန္ဓာမရတာ ဘာသစ္စာ (နိရောဓသစ္စာပါ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နှိပ်စက်၏- နှိပ်စက်၏ နှိပ်စက်၏ဆိုတာ အမြဲရှုပေးကြ....(မှန်ပါ့) ဒါက ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ခေါ်သည် (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

ကိုင်း.... ယနေ့ဒီတွင် တော်ကြဦးစို့ ...

သာဓု သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

ဦးဝဗ္ဗုရမြို့ မင်္ဂလာတိုက်ဟောင်း · မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော

(သုတဝါအရိယသာဝကဖြစ်မှု ဒိဋ္ဌပြုတ်ကြောင်း)

နွေအလုပ်ပေးတရားတော်

(၁၆ - ၉ - ၆၁)

"သုဘဝါ အရိယသာဝကော"ဖြစ်မှု ဒိဋ္ဌပြုတ်ခဲ့သည်... (မှန်ပါ! ဘုန်း)။

"သုတဝါ အရိယသာဝကော"ဖြစ်မှု.... (ဒိဋ္ဌပြုတ်ပါမယ်ဘုရား) ဒိဋ္ဌပြုတ်လို့ရှိယင်လဲ သောတာပန်တည်တာဘဲလို့ တကာတကာမတွေ့မှတ်ထားပါ....(မှန်ပါ!)။

ဒိဋ္ဌပြုတ်အောင် တကာတကားမတွေ့ ကြိုးစားကြမယ်ဆိုယင်ဖြင့် တဏှာတော့ကျန်ဦးမယ်.... (မှန်ပါ!) ကျန်ပင်ကျန်ငြားသော်လဲ အပါယ်ကျတဲ့တဏှာ မရှိပါဘူး.... (မှန်ပါ!) အပါယ်ကျတဲ့မာနလဲ (မရှိပါဘုရား) ဩော်....ဒါဖြင့် ဒိဋ္ဌထဲမှာရောပါသွားလို့ဘဲ....(မှန်ပါ!ဘုရား)။

ဒိဋ္ဌထဲမှာ တခါတည်း တကာတကားမတို့ အပါယ်ကျစေတတ်တဲ့တဏှာ အပါယ်ကျစေဘတ်တဲ့ မာနရောပါသွားတယ်.... (မှန်ပါ!)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့မှာ ဒိဋ္ဌကိုသာ အရေးတကြီး ဖြုတ်ကြပါစို့.ဆိုတဲ့ ဥစ္စာကိုလဲ သတိပေးရတယ်.... (မှန်ပါ့)။

အဲဒီတော့ ဒိဋ္ဌဖြုတ်ချင်လို့.ရှိယင် ဘာလုပ်ရမလဲလို့ မေးတဲ့ အခါကျတော့ သုတဝါလဲ ရှိရမယ်(မှန်ပါ့)အရိယသာဝကလဲ ဖြစ်ရမယ်....(မှန်ပါ့ဘုရား)။

ဘုရားက ဒီဥစ္စာကို ဘယ်ပါဋ္ဌိတော်မဆို ဒိဋ္ဌခဏ်းနဲ့.ပတ်သက် လာလို့.ရှိယင်"သုတဝါအရိယသာဝကော....၊ သုတဝါအရိယာ သာဝကော"တကာကြွယ် အလွန်ဟောလေ.ရှိတယ်.... (မှန်ပါ့) သုတဝ[1]=ပညာနဲ့ကြားဘူးခြင်းရှိသော...၊ ဒိဋ္ဌဖြုတ်နည်းကို ပညာနဲ့. ကြားဘူးမှတဲ့....(မှန်ပါ့)ပကတိနဲ့. ကြားလို့.မရ ဘူး....(မှန်ပါ့)။

ဒါဖြင့် ဘယ်နားနဲ့.ကြားရမလဲ.... (ပညာနဲ့.ကြားရပါ မယ်ဘုရား) ပညာနဲ့ကြားဘူးမှတဲ့....(မှန်ပါ့)ရိပ်မိပြီနော်.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့လို အခုကြားနေတဲ့နားက အလကားနား.... (မှန်ပါ့) အလကားနားဖြစ်နေတယ်.... (မှန်ပါ့) သုတဝါ= ပညာနဲ့ ကြားဘူးခြင်းရှိသော....တဲ့.... (မှန်ပါ့)အရိယာ သာဝကော=အရိယာတို့၏တရားကို မှတ်သားကျင့်ကြံသောတဲ့၊ သာဝကောဆိုပေမဲ့.လဲ တပည့်ရိုးရိုးဆိုရုံနဲ့.မဖြစ်သေးဘူး(မှန်ပါ့) အရိယသာဝကော= အရိယာတို့၏တရားကို မှတ်သားကျင့်ကြံ လေ့.ရှိသော....တဲ့....(မှန်ပါ့)။

သြော်....အရိယာတို့၏တရားကိုလဲ ကိုယ်ကကျင့်ကြံတဲ့ တပည့်ဖြစ်ရဦးမယ်တဲ့....(မှန်ပါ့)။

ဒါဖြင့် ပညာနဲ့ ကြားဘူးတာကို အရိယာတို့ဟောတဲ့တရားကို ပညာနဲ့ ကြားဘူးတာကတော့ ၁-နံပါတ်အချက်(မှန်ပါ့)ကြားဘူးတဲ့အတိုင်း ကျင့်ကြံကြိုးကုတ်ရမှာကလဲတချက်(မှန်ပါ့ဘုရား)။

ဤနှစ်ချက် ရှိလို့ရှိယင် တကာတကာမတို့ အပါယ်လေးပါး တံခါးပိတ်စေနိုင်တဲ့ ဒီဋ္ဌိပြုတ်နည်း နိဿယည်းဟာဖြင့် တကာကြယ် ပူစရာမရှိပါဘူး....(မှန်ပါ့)။

ဒါဖြင့် အဓရေးကြီးတာ ဘာပါလိမ့်မတုံး....၊ သုတဝါ=ပညာနဲ့ ကြားဘူးကြကုန်သောဆိုတာ အဓရေးကြီးတယ်....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် ဒီနေ့ဖြင့် ပညာနဲ့ ကြားဘူးအောင်လဲဆရာဘုန်းကြီးက တကာတကာမတွေကို သယ်ယူပို့ဆောင်လိမ့်မယ်လို့ မှတ်တာပေါ့....(မှန်ပါ့)။

ခင်ဗျားတို့က အရိယသာဝကော=အရိယာတို့၏ တရားကို မှတ်သားကျင့်ကြံလေ့ရှိသော၊ခင်ဗျားတို့ မှတ်သားကျင့်ကြံဘို့ဘဲ(မှန်ပါ့)ဘုန်းကြီးက ကြားဘူးအောင် ခင်ဗျားတို့ သယ်ယူပို့ဆောင်မယ်ဆိုတာ မှတ်လိုက်တာပေါ့နော်....(မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတာဝန်ကကျေ၊တကာတကာမတွေ့ တာဝန်က ကျေဆိုတဲ့ဥစ္စာ တကာကြယ် မှတ်ထားလိုက်ပါ.... (မှန်ပါ့) မကြားဘူးတာ.... ကြားဘူးအောင် တကာတကာမတွေကို ပြောမှက ဘုန်းကြီးတာဝန်....(မှန်ပါ့)။

အရိယာသာဝကော=အရိယာတို့၏စကားကို မှတ်သားကျင့်ကြံလေ့ရှိသောဆိုတာမှာ်သားပြီးသကာလခင်ဗျားတို့ကကျင့်ကြံရမည့်အလုပ်က သာဝကတို့၏ အလုပ်ပေါ့ဗျာ....(မှန်ပါ့) ကြားဘူးဘို့အလုပ်က ဆရာသမားအလုပ် (မှန်ပါ့) ကျင့်ကြံတဲ့အလုပ်က တကာ့တကာမတွေ့၏အလုပ်....(မှန်ပါ့)။

ဒီနှစ်ခု တဲ့မိလို့ရှိယင်ဖြင့်....တဲ့၊ တကာတကာမတို့ ဘာမှပူစရာမရှိပါဘူး..၊ သောတာ့တို့မက်ဆိုတာသည် မခဲယဉ်းတဲ့အလုပ်ဘဲ၊ ဒီနှစ်ခုပြည့်စုံဘို့သာ အဓရေးကြီးတယ် ဆိုတာကိုတကာသစ်ဟို့, ဦးမာဒင်တို့ မှတ်ရမယ်....(မှန်ပါ့ဘုရား)။

ကိုင်း ဂရုစိုက်ပြီးသကာလ သြော်.... ငါတို့ဝမ်းထဲမှာ ငရဲမျိုးစေ့တွေ ရှိနေတာလဲ သိကြပြီ.... (မှန်ပါ့) ငရဲမျိုးစေ့က ဒါနခပေးလှူပြီး ပယ်လိုက်လို့လဲ မရဘူး.... (မှန်ပါ့) သီလဆောက်တည်ပြီး ငရဲမျိုးစေ့ပယ်ပါမယ်ဆိုလို့လဲ.... (မရပါဘုရား)မရဘူး၊ သမထအာဝုတ်ပြီး ပယ်လိုက်မယ်ဆိုယင်ကော (မရပါဘုရား)။

မရဘူးတဲ့....၊ သူက ဘယ်လိုတုံးလို့ မေးတဲ့အခါကျလို့ ရှိယင် တကာ့တကာမတို့ ဒီဌာနုသယလို့ ဘုရားကဟောတယ်... (မှန်ပါ့ ဒီဋ္ဌိလဲဖြစ်တယ်ကွ၊ အနုသယလဲ ဖြစ်တယ်ကွ. တဲ့.... (မှန်ပါ့)။

အနုသယဆိုတာကတကာတကာမတွေ့ ပြင်ကက်ပေါ်လာတာမဟုတ်ပါဘူး (မှန်ပါ့) သူ့ဟာသူ တကာတကာမတွေ့သန္တာန်၌ အကြောင်းတိုက်ဆိုင်ယင် ဖျတ်ကနဲ-ဖျတ်ကနဲပေါ်လာတာကို အနုသယခေါ်တယ်...(မှန်ပါ့)။

မင်္ဂနဲ့မပါယ်သေးဘူး၊ အကြောင်းတိုက်ဆိုင်ယင် ဖျတ်ကနဲ-ဖျတ်ကနဲ ပေါ်လာတယ်(မှန်ပါ့) ဒါ ဘာခေါ်ကြမယ်....(အနုဆယပါဘုရား)။

အဲဒီအနုသယကိုတော့ဖြင့်တဲ့ဘကာတကာမတွေ့ကိုယ်ကတော့ဖြင့် မရှိဘူးထင်တာဘဲ....၊ စင်စစ်အားဖြင့်ဘော့ မင်္ဂနဲ့မပယ်သေးယင် ရှိနေသေးတယ်လို့မှတ်ပါ... (မှန်ပါ့)။

မင်္ဂနဲ့မပယ်သေးယင်.... (ရှိနေသေးတယ်လို့မှတ်ရပါမယ်) ရှိနေသေးတယ်လို့ တကာသစ်တို့, ဦးမာဒင်တို့ မှတ်ထားပါ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဥပမာမယ် ကိုယ့်သားကလေးတွေ,သမီးကလေးတွေကြည့်လိုက်တဲ့အခါ ဒါတွေ ရိုးနေပြီ၊ ဒါဘယ်သူတုံး ကျွန်တော့်သမီးကလေးဘဲ၊ သားကလေးဘဲ....၊ ဒါ ဘယ်သူတုံး ကျွန်တော့်သမီးကလေးဘဲ၊ ပြောရုံပြောကာကဘော့ အခရေးမကြီးဘူး.... (မှန်ပါ့)။

တကယ်ထင်နေလို့ရှိယင် ဒါ-ငါဘဲ, ငါ့ဥစ္စာကလေးဘဲလို့ထင်နေလို့ရှိယင် ဒါ- အကြောင်းမရှိဘော့ ကျုပ်ဘော့ သားတွေ, သမီးတွေဘဲ ဥပက္ခာထားတာပါဘဲ၊ ပြောသိုက်တယ်.... (မှန်ပါ့)။

အကြောင်းရှိလာတဲ့အခါ သားကလေးက မျက်နှာမကောင်း, သမီးကလေးက မျက်နှာမကောင်းဆိုမှဖြင့် ငါ့ဟာကလေးတွေဘာဖြစ်ပါလိမ့် .. (မှန်ပါ့) အကြောင်းရှိမှ ငါ့ဟာကလေးတွေဘာ-ဖြစ်ပါလင်မ့်တဲ့ .. (မှန်ပါ့)။

ဒါဖြင့် အကြောင်းမရှိတဲ့အခါမှာတော့ ဥပေက္ခာသဘောနဲ့ ငုပ်နေဘာဘဲ....(မှန်ပါ့) အကြောင်းရှိဘဲ့အခါကျတော့ တကာ

တကာမတွေ့ အင်း... ငါ့ဟာကလေးတွေ့ ဘာဖြစ်ပါလိမ့်မတုံး သူတို့က ဖြစ်တာနည်းနည်း၊ငါကဖြစ်တာကများများ- (မှန်ပါ့) ဒီလိုကော မရှိကြဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒီလို ရှိတာတွေ့ ထောက်တော့ သြော်.... အကြောင်းရှိမှ ပေါ်လာတာ အနုသယခေါ်ပါကလား.... (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်.... (အကြောင်းရှိမှ ပေါ်လာတာ အနုသယပါဘုရား)။

အကြောင်းရှိမှ ပေါ်လာတာ အနုသယလို့မှတ်ပါ-(မှန်ပါ့) အနုသေတိ= "အနုရူပံတာရဏ္ဏ လဘိတ္ထာ ဥပပဇ္ဇတိတိအတ္ထော" လို့ ဆိုသောကြောင့် လျောက်ပတ်သော အကြောင်းရယင် သူက ပေါ်တာဘဲ....(မှန်ပါ့) လျောက်ပတ်သော အကြောင်း မရသေးယင်....(မပေါ်ပါဘုရား)။

ကျုပ်တို့တော့ဖြင့် သောတာပန်ကိစ္စတောဖြင့် ပြီးနေပြီလို့ ကိုယ့်ဟာကိုယ် စိတ်ချပြီး မနေနဲ့.... (မှန်ပါ့) အကြောင်းရှိလို့ ပေါ်လာမယ်ဆိုယင် ဟာ.... မဟုတ်သေးပါကလား ဆိုတော့ အဲဒီကျမှ ကပြာသုတ်သက် ရုတ်တရက် အလုပ်-လုပ်ပါဦးမယ် ဆိုတော့ အချိန်နောက်ကျသွားမှာလဲ စိုးရတယ်... (မှန်ပါ့) မစိုးရိမ်ရဘူးလား... (စိုးရိမ်ရပါတယ်ဘုရား)။

အဲဒါကြောင့် ကိုယ့်ဟာကိုယ်ရှင်းအောင် တကားတကာမတွေ့ သုတဝါ=အရိယာတို့၏တရားကို ကြားဘူးသော ပညာနဲ့ကြားဘူးမှ....(မှန်ပါ့) အရိယာတို့၏တရားကို.... (ပညာနဲ့ကြားဘူးမှပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရိယာ အစစ်ပါဘဲ.... (မှန်ပါ့)အဲ... သူ့ဟာထားတဲ့တရားကို ခင်ဗျားတို့ ပကတိနားနဲ့ မကြားဘဲနဲ့ ပညာနားနဲ့.ကြားမှ ကိုက်မယ်....(မှန်ပါ့)။

တကာကြွယ် ဘာနားအရေးကြီးသတုံး ... (ပညာနားအရေးကြီးပါတယ်ဘုရား)။

ကျုပ်-ဘုန်းကြီးဟာတာ ကြားပါတယ်ဗျ .. ဆိုရုံနဲ့မပြီးဘူး (မှန်ပါ့) ဒါက ပကတိနားနဲ့ကြားဘာ .. (မှန်လှပါ)။

ပညာနားနဲ့ ကြားမှုဆိုတာကဘာ့ ကြောင့်.... ဒို့.ခန္ဓာကိုယ်ထဲမှာ အသက်ဓာတ်လေးရှိတယ်လို့ ထင်တယ်၊ ငါကလေးရှိတယ်လို့ ထင်တယ်လို့ ဒီအထင်ကဓာတ်လေးရှိနေလို့ ရှိယင်ဖြင့် ပညာနားနဲ့ ကြားဘူးတာမဟုတ်သေးပါဘူး (မှန်ပါ့)။

ပညာနားနဲ့-(ကြားဘူးတာမဟုတ်သေးပါဘုရား) ကြားဘူးတာ မဟုတ်သေးဘူးလို့ တကဲ့တကာ့မတွေက မှတ်ထားပါ.... (မှန်ပါ့)။

အသက်ကလေးမထွက်နိုင်သေးဘူး၊ ဒါ... ပညာနားနဲ့မကြားဘူးသေးဘူး၊ ရှိမှ မရှိဘဲ ... (မှန်ပါ့) ဝိညာဏ်ကလေး မချုပ်သေးဘူးဆိုယင် မှန်သေးတယ်....(မှန်ပါ့)။

ကိုင်း.... ဒါဖြင့် သုတဝါ= ပညာနားနဲ့ ကြားဘူးခြင်းရှိသော၊ အရိယသာဝကာ= အရိယာတို့၏တရားကို မှတ်သားကျင့်ကြံလေ့ရှိသော၊ပုဂ္ဂလော=ပုဂ္ဂိုလ်သည်လို့ ဆိုသောကြောင့် ဒါ....ဒဿီပြုတ်တဲ့ပုဂ္ဂိုလ်မှာ ပညာနားနဲ့ ကြားပြီးသကာလ....တဲ့ ပညာနဲ့ ဒီဒိဋ္ဌိပယ်မှသာလျှင် တကာဘကာမတို့ အပါယ်တံခါးပိတ်ပါတယ်....(မှန်ပါ့)။

ကြားတော့ ဘာနဲ့ကြားရမယ်....(ပညာနဲ့ ကြားရပါ
မယ်ဘုရား) ပညာနဲ့. ကြားပြီးသကာလ တကားတကာ
မတွေ့ ကျင့်တော့ ဘာနဲ့ကျင့်ရမယ်....(ပညာနဲ့. ကျင့်ရပါမယ်)
ပညာနဲ့ဘဲကျင့်ရမယ်ဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ကိုင်း... ဒါဖြင့် ပြောကြပါစို့....တဲ့ တကာတကာမတို့နော်-
(မှန်ပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သံယုတ်ပါဋ္ဌိတော်မှာ
အနုတ္တသုတ်ဆိုပြီးဟောတယ်(မှန်ပါ) "ရူပံ ဘိက္ခဝေ အနုတ္တာ၊
ဝေဒနာ အနုတ္တာ၊ သညာ အနုတ္တာ၊ သင်္ခါရာ အနုတ္တာ၊ ဝိညာ
ဏံ အနုတ္တာ၊ဝေံ ပဿ ဘိက္ခဝေ သုတဝါအရိယသာဝကော"
ဤကဲ့သို့ ပညာနဲ့ကြားပြီး အရိယာတို့၏စကားကို လိုက်နာ
မှတ်သားပြီး ကျင့်တဲ့ ပုဂ္ဂိုလ်သည်၊ ဝေဒနာယပိ = ဝေဒနာ
ဌ်လည်း၊ နိဗ္ဗိန္ဒတိ=ငြီးငွေ့လာတယ်(မှန်ပါ) ဝေဒနာ
ငြီးငွေ့လာတယ်နော်....(မှန်ပါ)။

ဝေဒနာတွေ့ ရှုရင်း-ရှုရင်း တကာသစ် ဘာဖြစ်လာသတုံး....
(ငြီးငွေ့လာပါတယ်ဘုရား)။

ဝေဒနာကလေးကို ငြီးငွေ့တာကလဲ သံဃာငြီးငွေ့တာ
တမျိုး၊ ဝိပဿနာဉာဏ်နဲ့ ငြီးငွေ့တာတမျိုး... (မှန်ပါ)

သံဝေဂ ငြီးငွေ့တာဆိုတာက ဩော်... ဒီဟာကြီးတွေက
အမြဲနိုပ်စက်ပြီးနေတော့ ခန္ဓာကိုယ်ကြီးဟာ ကြောက်စရာကြီးပါ
လား၊ ခန္ဓာရတယ်ဆို ဝေဒနာတွေကလဲ နှိပ်စက်လိုက်တာ လွန်
လို့ ကြောက်စရာကြီးပါလားလို့ဆိုယင် သံဃာငြီးငွေ့ဘာ...
(မှန်ပါ) ဒါနဲ့မက်နဲ့မဆိုင်သေးဘူး...(မှန်ပါ)။

ဒါနဲ့မင်္ဂလာမဆိုင်သေးဘူး၊ တပည့်တော်တို့ဖြင့် ငြိုးငွေ့လှပါပြီ ဘုရား....၊ ဟိုကနာ-ဒီကအောင့်နဲ့ ဘယ်လိုတားလို့မှ မရဘူး၊ ငြိုးငွေ့လှပါပြီဆိုတဲ့ အဓိပ္ပါယ်ကဖြင့် ဒါ... သံဝေဂဉာဏ်နဲ့ ငြိုးငွေ့တာဘဲ (မှန်ပါ့)။

ဝိပဿနာဉာဏ်နဲ့ ငြိုးငွေ့တာက ဒီငြိုးငွေ့နည်းမဟုတ်ဘူး-- (မှန်ပါ့) ဒီဓနုဒါကြီးဟာ ဝေဒနာကဋ္ဌဒါကြီး၊ ဝေဒနာတွေချည့်ဘဲ လှည့်ပေါ်နေတယ်၊ လှည့်ပေါ်နေတဲ့ဝေဒနာတွေကြည့်လို်က် ပြန်လဲ မပေါ်ပါနဲ့ဆိုလို့လဲ မရဘူး၊ မပျောက်ပါနဲ့ ဆိုလို့လဲ မရဘူး၊ ဝေဒနာတွေချည့် ပေါ်လိုက်-ပျောက်လိုက်၊ ဝေဒနာတွေ ပေါ်လိုက် ပျောက်လိုက်၊ ဒါတွေချည့် မြင်ပြီးသကာလ နေလို့ငြိုးငွေ့တာ မဟုတ်ဘူး.... (မှန်ပါ့) ဝေဒနာတွေဟာ များလွန်းလို့ ပေါ်လိုက်-ပျောက်လိုက်၊ပေါ်လိုက်-ပျောက်လိုက် ဆိုတာ ငြိုးငွေ့တာမှ ဝိပဿနာနိဗ္ဗိဒဉာဏ်.. (မှန်ပါ့) ဝေဒနာနိုပ်စက်လို့ ငြိုးငွေ့တာကတော့ သံဝေဂဉာဏ်လို့မှတ်လိုက်.... (မှန်ပါ့)။

တကာတကာမတွေ ဒါဟာ ရှုပ်ပြီးခနမှာစိုးလို့ ဘုန်းကြီးက ရှင်းပေးတာ....(မှန်ပါ့) တချို့ တကာတကာမတွေက ကခါတည်း ဝေဒနာတွေက အမြဲကပ်ပြီးတော့နေတော့ ဩော်.... ဒီဓနုဒါကြီးတော့ဘုရား.... ရက်ို- မရချင်ဘူးဘုရ့၊ နိုပ်စက်တာ လွန်လို့ဘဲဘုရ့....(မှန်ပါ့)။

အင်း ... ဝေဒနာတွေ၏ဖြစ်ပျက်မြင်သလား....၊ သူ့ဟာသူ ဒီဝေဒနာခံစားနေရတာ မပျော်မွေ့တာလားလို့ မေးသဲ့ကာ သဲ့ ဘယ်နှယ်ဖြေမလဲ-- (ဝေဒနာတွေခံစားနေရဘာမပျော်ဒန့် တာပါဘုရား)။

အဲဒါ သံဝေဂခေါ်တယ်....(မှန်ပါ့) ဝိပဿနာဏ်နဲ့ မဆိုင်သေးဘူး....(မှန်လှပါ) ဒါ....ဘယ့်နှယ်ခေါ်ကြမယ်....(သံဝေဂဉာဏ်ပါဘုရား)။

အဲဒီ သံဝေဂကိုဘဲ တကာတကာမတွေ့ကး မသိတော့ ဉာဏ်တက်တယ်လို့ အောက်မေ့နေတယ် .. (မှန်ပါ့) မဟုတ်သေးပါဘူးတဲ့၊ ဒါ.. ဉာဏ်တက်တာ မဟုတ်သေးပါဘူး.... (မှန်ပါ့) ဒါက လူမပြောပါနဲ့ တိရစ္ဆာန်တောင် သိကြတယ်.... (မှန်ပါ့) ဒါ....ဉာဏ်မဟုတ်ပါဘူး၊ တိရစ္ဆာန်ဆိုတော့ ဉာဏ်ပါသေးရဲ့လား_ (မပါ-ပါဘုရား)။

အဲ....ဉာဏ်မပါတဲ့ တိရစ္ဆာန်တောင် သိနေတဲ့ဥစ္စာ ဒါက သံဝေဂလို့ ခေါ်တယ်....(မှန်ပါ့)တကာကြွယ်-မှတ်မိပြီ....(မှတ်မိပါပြီဘုရား)။

နာလန်း,ကျင်လန်း, ကိုက်လန်း,ခဲလန်းလို့ ဆေးသမားနဲ့ ဝါးသမားနဲ့ မပြတ်ရဘူး၊ ဒီခန္ဓာကြီးဖြင့် ဒီဝေဒနာတွေဖြင့် တပည့်တော် စက်ဆုပ်ပါပြီဘုရား၊ တကာကြွယ် ဘာထင်သလုံး ဒီဥစ္စာ.... (သံဝေဂပါဘုရား) သံဝေဂ၊ ထိတ်လန့်တဲ့ဉာဏ်ဘဲ ရှိတယ်တဲ့၊ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါက ဘာတုံး.... (ထိတ်လန့်တဲ့ဉာဏ်ပါဘုရား) ထိတ်လန့်တယ်၊ ဒီခန္ဓာကြီးနဲ့ နေရတာ ထိတ်လန့်တယ်....(မှန်ပါ့) ထိတ်လန့်တဲ့ဉာဏ်ဘဲ ရှိပြီးသကာလ နေသောကြောင့် ထိတ်လန့်တဲ့ဉာဏ်လောက်နဲ့တော့ မရသေးဘူး....(မှန်ပါ့ဘုရား) မုန်းဉာဏ်မှ အဘိုးတန်တယ်....(မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

ထိတ်လန့်တဲ့ဉာဏ်လောက်နဲ့- (မရသေးပါဘုရား)မုန်းဉာဏ်ဆိုယင်.. (ရပါတယ်ဘုရား)။

မုန်းဉာဏ်ကတော့ ဝေဒနာတွေက ပေါ်လာလိုက်- သုခပေါ်လာတယ်၊ မပေါ်ပါနဲ့ဆိုလို့မရဘူး.... (မရပါဘုရား) ပျက်သွားပြန်တော့ကော မပျက်ပါနဲ့ဆိုလို့မရဘူး... (မရပါဘုရား)ဒုက္ခကလေး မပေါ်ပါနဲ့ဆိုလို့... (မရပါ) မပျက်ပါနဲ့ဆိုလို့ မရဘူး....(မရပါဘုရား) ဥပေက္ခာဝေဒနာကလေးတွေ့ မပေါ်ပါနဲ့ဆိုလို့ .... (မရပါဘုရား) မပျက်ပါနဲ့ဆိုလို့ (မရပါ) သဘောကျပလား....(ကျပါပြီ) အဲဒီလို ဖြစ်ပျက်ကို မုန်းလာမှ ဝိပဿနာဉာဏ်.. (မှန်ပါ့)။

ဖြစ်ပျက်မုန်းလာမှ.... (ဝိပဿနာဉာဏ်ပါဘုရား) ခုနင်ကဟာက အရပ်ထဲ သူပြော-လူပြောနဲ့ ကိုယ်တွေ့နည်းနဲ့ ဒီဝေဒနာကလေးတွေ့ အခုလို ဖြစ်ပျက်မမြင်ဘဲနဲ့ ဒီခန္ဓာကြီးကို မုန်းခြင်းဝင်နေတာကတော့ဖြင့် တကာကြွယ်-ရေ... ဒါ-သံဝေဂဉာဏ်ခေါ်တယ်.... (မှန်ပါ့) ဝိပဿနာဉာဏ်မဟုတ်သေးပါဘူး.... (မှန်ပါ့) သံဝေဂဉာဏ်လောက်ပြီးယင် ဝိပဿနာဉာဏ်ကို ကျေးဇူးပြုတဲ့ သဘောသာရှိသေးတယ်....(မှန်ပါ့)။

ဝိပဿနာအားထုတ်....၊ ဝိပဿနာအားထုတ်မှ ဒီခန္ဓာကြီးနဲ့ အိုးစားကွဲပြီး လွတ်ရာနိဗ္ဗာန် ရောက်မယ်ဆိုတဲ့ အားပေးမှုလောက် ရှိသေးတယ် (မှန်ပါ့) တကယ်ရောက်အောင် ပို့မှာကတော့ ဝိပဿနာဉာဏ်ကမှ ရောက်အောင်ပို့မှာ.... (မှန်ပါ့ဘုရား)။

ဒါဖြင့်သံဝေဂဉာဏ်ကဝိပဿနာဉာဏ်ကိုဥပနိဿယပစ္စယောအားကြီးသော အကြောင်းနဲ့ ကျေးဇူးပြုလိုက်တယ်....(မှန်ပါ့)

ပြီးတော့မှ ဝိပဿနာဉာဏ်နဲ့ မုန်းမှ မဂ်ဉာဏ်ကို ကျေးဇူးပြုမယ် (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့်.... ဒီနေ့ ဘုန်းကြီးတို့ တကာတကာမတွေ့ ဉာဏ်နှစ်ဉာဏ်ထူးသွားပြီ....(မှန်ပါဘုရား)သံဝေဂဉာဏ်က တမျိုး.... (မှန်ပါ့) ရှင်းပြီနော်... (ရှင်းပါပြီဘုရား) ဝိပဿနာဉာဏ်က..... (တမျိုးပါဘုရား)။

တမျိုးဆိုတော့ သြော်.... ဒီလိုလဲ ထူးခြားသေးပါကလား ဆိုတာကိုလဲ သေသေချာချာမှတ်ပါ....(မှန်ပါ့) ဦးမာဒင် သေသေချာချာမှတ်နော်....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ သုတဝါ ဆိုတဲ့ဥစ္စာ ဒီဉာဏ်နားနဲ့ အခုပြောတဲ့အတိုင်း သြော်... ဒါက သံဝေဂဉာဏ်၊ ဒါက ဝိပဿနာဉာဏ်ဆိုတာကလေး ကြားဘူးထားမှ...(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါ နှစ်ခုမကြားဘူးပြန်လို့ ရှိယင်လဲ ကိုယ့်ဟာကိုယ် ဘဝင်မြင့်ပြီးသကာလ ဒီခန္ဓာကြီးတော့ဘုရား....၊ ဒီနေ့စွန့်ချင်တာဘဲ-(မှန်ပါ့)။

ဟ.... ဘာဖြစ်လို့တုံး....၊ ဟာ.... အကိုက်အခဲက တယ်ထူးတာကိုး....(မှန်ပါ့) ဒါ- သံဝေဂပြောတာ၊ ဒါ ဘာမှမမဆိုင်ဘူး (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝိပဿနာဉာဏ်ဆိုတာကတော့ဖြင့် နာတာ,ကျင်တာ, ကိုက်တာ,ခဲတာတွေ့ ဒါလောက်မဟုတ်ဘူး(မှန်ပါ့) တားမရ,ဆီးမရ ဖြစ်နေတာကို သူ့ကိုမုန်းတယ်... (မှန်ပါ့)။

တားမရ, ဆီးမရ ဖြစ်နေတဲ့နေရာကို .... (မုန်းပါတယ် ဘုရား) အဲဒါကမှ ဝိပဿနာဉာဏ်(မှန်ပါ)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ယနေ့ ဉာဏ်နှစ်ဉာဏ် အထူးကို စောစောကြီး မှတ်ရမယ်.... (မှန်ပါ ဘုရား)။

ဉာဏ်နှစ်ဉာဏ် အထူးကို.... (စောစောကြီး မှတ်ရပါမယ် ဘုရား) စောစောကြီး မှတ်ထားလိုက်ပါဆိုတော့ ကဲ.... ဒါဖြင့် သုတဝါ အရိယသာဝကော၊ သုတဝါ=ပညာနဲ့ ကြားဘူး ခြင်းရှိသော ဆိုတော့ ခင်ဗျားတို့ ပညာနားရသွားပြီ.... (မှန်ပါ ဘုရား)။

သြော်....ဖြစ်တာပျက်တာကလေးတွေ့ သုခဝေဒနာ ဖြစ်ပျက်နေတာလဲ မဖြစ်ပါစေနဲ့ဆိုလို့လဲ မရဘူး(မှန်ပါ) မပျက်ပါစေနဲ့ ဆိုလို့လဲ... (မရပါဘုရား)။

သြော်.... ဒါကြောင့် အနတ္တဘဲဆိုပြီး သူ့ကိုမုန်းလာမှ ... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သုခဝေဒနာကလေး ပေါ်လာလဲ မပေါ်ပါနဲ့ဆိုလို့-(မရပါ ဘုရား) မပျက်ပါနဲ့ဆိုလို့.....(မရပါဘုရား)။

သြော်....ဒီလိုဆိုလို့ရှိယင်ဖြင့် တားမရ,ဆီးမရ ဒီခန္ဓာကြီးနဲ့ နေရတာကိုးဆိုတော့ ဒီခန္ဓာကြီး ဖြစ်ပျက်ကိုမြင်ပြီး မုန်းလာမှ ဝိပဿနာဉာဏ်၏ အခြေပါ...(မှန်ပါ) သဘောပါပလား .... (ပါ.ပါပြီဘုရား)။

ဥပေက္ခာဝေဒနာကလေး ပေါ်လာလဲ မပေါ်ပါနဲ့ဆိုလို့လဲ မရဘူး- (မှန်ပါ့)မပျက်ပါနဲ့.ဆိုလို့လဲ တားလို့ဆီးလို့ မရဘူး (မှန်ပါ့)။

ဒါတွေ့ သိလိုက်တဲ့အခါကျတော့ ဩဇော်.... ဒီခန္ဓာကြီးဟာ တကယ့် အစိုးရစ္စာ အလိုပါသော ကိုယ်အတ္တမဟုတ်ပါလား.... (မှန်ပါ့)အစိုးရစ္စာ အလိုပါသော ကိုယ်အတ္တမဟုတ်ဘူး(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အစိုးရစ္စာ....၊ ခင်ဗျားတို့က အစိုးရတယ်၊ ခင်ဗျားတို့အလို ပါလို့ အတ္တမဟုတ်ဘူး....၊ ဒါ- အနတ္တ....(မှန်ပါ့)ရှင်းပလား- (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့အစိုးရသလား.... (မရပါ) ခင်ဗျားတို့အလိုကော လိုက်ကဲ့လား.... (မလိုက်ပါ) ဒါဖြင့် အစိုးရစ္စာ အလိုပါသော ကိုယ် အတ္တမဟုတ်ဘူး... (မဟုတ်ပါဘုရား) ကိုယ်လဲ မဟုတ်ဘူးနော်....(မဟုတ်ပါဘုရား)အတ္တကော....(မဟုတ်ပါဘုရား) ဖြစ်ပျက်ဟာအနတ္တဘဲ(မှန်ပါ့)သက်သက်ဘာပါလိမ့် (အနတ္တပါဘုရား)။

အဲဒီဖြစ်ပျက် အနတ္တကို မုန်းလာမှ ဩဇော်.... ဒါကတော့ နိဗ္ဗာန်ပါကလားဆိုတာ တကာကြွယ် ရှင်းသွားတယ်... (ရှင်းပါတယ်ဘုရား)။

အဲဒါဖြင့် ခင်ဗျားတို့ ဒီပညာနားနဲ့ ဩဇော်....ဒီလိုမြင်တယ် ဒီလိုမြင်ပြီးသကာလ ဒီလိုအနတ္တဆိုတာ ဒီသဘောဆိုတာကို ဆိုတော့ သုတဝါ=ပညာနားနဲ့ ကြားဘူးခြင်းရှိသော ဆိုတော့ ဟို-သံဝေဂနဲ့ အခုမြင်တဲ့ မပိုင်လို့, အစိုးမရလို့,တကာတကာ

မတွေ့မှာ မလိုချင်မုန်းလာတာသည် ဒါက ဝိပဿနာ၏ နိဗ္ဗာန် (မှန်ပါ့)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ... ကြားဘူးကြပလား(ကြားဘူးပါပြီ) အစိုးရစွဲအလိုပါသော ကိုယ်အတ္တမဟုတ်ဘူးလို့ သိလာမှ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အစိုးကော ရပါရဲ့လား.... (မရပါ) အလိုကောပါပါရဲ့လား_ (မပါပါ) ကိုယ်အတ္တလို့ကော ဆိုနိုင်ပါရဲ့လား.... (မဆိုနိုင်ပါဘုရား)။

အဲ... အစိုးရစွဲ အလိုပါသော ကိုယ်အတ္တ မဟုတ်ဘူးဆိုတာကို ဒီဖြစ်ပျက်ကလေးတွေက ဖြစ်တာလဲတားမရ, ပျက်တာလဲတားမရ....(မှန်ပါ့,ဖြစ်တာလဲ ကန့်ကွက်လို့မရ၊ ပျက်တာကိုလဲ ဆိုင်းပါဦးဆိုလို့မရ... (မှန်ပါ့)။

အဲဒါကလေးတွေ မြင်ပြီး ငြိုးငွေ့ပြီးလာမှ ဦးမာဒင်ရေ.... နိဗ္ဗာန်....(မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

သြော်.... ဒါဖြင့် ဒါက တရားကောင်းအောင် ဟောတာ မဟုတ်ပါလား၊တရားတက်တာကို ကိုယ်ကိုယ်တိုင်သိဘို့ ဆုံးဖြတ်ချက်ချပေးနေတာပါကလားလို့သိ .. (မှန်ပါ့) ပညာတက်တာဆိုတာ သြော်....ဒီအင်္ဂါတက်လာတာဘဲ....(မှန်ပါ့) ရှင်းကြပပလား....(ရှင်းပါပြီ) ပညာဘာပါလိမ့်.... (တက်လာပါတယ်ဘုရား)။

အဲဒါက သုတဝါ=ပညာနားနဲ့ကြားဘူးလို့ ဒီဆုံးဖြတ်ချက်ချနိုင်တာ....(မှန်ပါ့)။

ပြီးတော့လဲ အရိယသာဝကော=အရိယာတို့၏ တရားကို မှတ်သားကျင့်ကြံလေ.ရှိတဲ့ ပုဂ္ဂိုလ်မှလဲ ဒီအဓိပ္ပါယ်က ရှင်းသွားတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် အားလုံးတကာတကာမတွေ ရှေးဦးစွာ သုတဝါဖြစ်ဘို့ အရေးကြီးတယ်(မှန်ပါ့)ပြီးတော့မှ အရိယသာဝကော ဆိုတဲ့ အရိယာတို့၏စကားကို မှတ်သားကျင့်ကြံတဲ့ တပည့်လဲဖြစ်ရမယ်... (မှန်ပါ့)သဘောကျပလား .. (ကျပါပြီဘုရား)။

ဒါဖြင့် ကြားဘူးမှုက ၁-နံပါတ်၊ကျင့်မှုက ၂-နံပါတ်(မှန်ပါ့ဘုရား)။

ကြားဘူးမှုက....(၁-နံပါတ်ပါ) ကျင့်မှုက.... (၂-နံပါတ်ပါဘုရား)။

ကျင့်တဲ့အခါမှာလဲတဲ့ ကြားဘူးတဲ့အတိုင်း သြော် .. ဖြစ်တာတားမရ, ပျက်ဘာ တားမရနဲ့ ဘယ်လိုတားလို့မှ မရပါကာလား ...၊ ဒီ-ဖြစ်ပျက်သဘောဟာက....(မှန်ပါ့)။

ကောင်းတာကလေးလဲ မပျောက်ပါစေနဲ့.ဆိုလို့ မရဘူး.... (မရပါ) ကောင်းတာတဲ့ ကောင်းတဲ့ သုခဝေဒနာကလေးလဲ ပေါ်ပျောက် (မှန်ပါ့)။

ဆိုးတဲ့ ဒုက္ခဝေဒနာကလေးလဲ မပေါ်ပါနဲ့ဆိုလို့....(မရပါ) မပျောက်ပါနဲ့ဆိုလို့.....(မရပါ) မရဘူး.....၊ ပေါ်တုန်းကပေါ်ပြီးတော့ ပျောက်ပြန်တာဘဲ.....(မှန်ပါ့ဘုရား)။

ဥပေက္ခာဝေဒနာကလေးတွေ့ပြန်လဲ ဝေဒနာက္ခန္ဓာကိုးဗျ.....၊ လှည့်ပေါ်လိုက်တာဘဲ..... (မှန်ပါ့) အကြောင်းတိုက်ဆိုင်လို့ အာရုံဒွါရထိခိုက်သလို ပေါ်နေတာ....(မှန်ပါ့)။

အဲဒီတော့ ပေါ်နေတာကလေးကို ဒါ့ကြောင့် ဒီခန္ဓာကြီးကို (မှန်ပါ့) ဟော.... ဝေဒနာကွန္ဓာကြီးကို ဆိုလိုက်တယ်.... (မှန်ပါ့)။

ဒါ့ကြောင့် ဒီခန္ဓာကြီးသည်ကားလို့ ဆိုယင်ဖြင့် အစိုးရစ္စာ အလိုပါတဲ့ ကိုယ်အတ္တာမဟုတ်ဘူး... (မှန်ပါ့) ဒီလိုဥာဏ်ထဲမှာ ထင်ထင်-ထင်ထင်သွားလို့ ရှိယင်ဖြင့် တကာတကာမတို့ ငါဆိုတဲ့ ဒိဋ္ဌိဟာ အနားကပ်သေးရဲ့လား....(မကပ်ပါဘုရား)အနတ္တာဥာဏ်က အတ္တာဒိဋ္ဌိဖြုတ်ချလိုက်တယ်....(မှန်ပါ့)။

အနတ္တာဥာဏ်က.... (အတ္တာဒိဋ္ဌိဖြုတ်ချပါတယ်ဘုရား) အတ္တာဒိဋ္ဌိဖြုတ်တယ်ဆိုတာကို တကာကြွယ် သေသေချာချာမှတ်ပါ.... (မှန်ပါ့ဘုရား)။

ဦးမာဒင်တို့ အနတ္တာဥာဏ်က ဘာဖြုတ်တယ်.... (အတ္တာဒိဋ္ဌိဖြုတ်ပါတယ်ဘုရား)။

သြော်....အတ္တာဒိဋ္ဌိဖြုတ်လိုက်တယ်ဆိုတော့ တကာသစ် ကျေကျေနပ်နပ် သဘောကျပြီပေါ့ဗျာ.... (မှန်ပါ့) ဘာ့ကြောင့်တုံးဆိုတော့ အနတ္တာမလာနိုင်တာက အတ္တာခံနေလို့ကိုးဗျ....(မှန်ပါ့)။

အခုတော့ အစိုးရစ္စာ အလိုပါတဲ့ ကိုယ်အတ္တာမဟုတ်ဘူးလို့ ဖြစ်မှကလေးတွေ- ပျက်မှကလေးတွေ မြင်လိုက်တဲ့အခါကျတော့ အတ္တာဆိုတဲ့ဥစ္စာက ခိုင်တယ်-မြဲတယ်ယူတဲ့ သဘောက အတ္တာ.... (မှန်ပါ့) အဲဒါကလေးက ဦးမာဒင် အနားကပ်နိုင်သေးရဲ့လား (မကပ်နိုင်ပါဘုရား)။

သြော် .. ဒါဖြင့် ဒီအနတ္တာသည် အတ္တာကိုဖြတ်တောက်တဲ့တရားဘဲလို့ တကာသစ် ဆိုနိုင်မလား _ (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါ ကိုယ့်ဉာဏ်နဲ့ ကိုယ်ကျတော့ ဉာဏ်စိုက်လိုက်.... (မှန်ပါ့) ဉာဏ်စိုက်လိုက်တော့ ဟိုနေရာကလေးက ဝေဒနာကလေးက ပေါ်လာပြန်, ပျောက်သွားပြန်၊ ဒီနေရာကလေးက ပေါ်လာပြန်, ပျောက်သွားပြန်....(မှန်ပါ့)။

ဟိုနေရာကလေး ပေါ်လာပြန်, ပျောက်သွားပြန် (မှန်ပါ့) ဩော်....အစိုးရစ္စာ အလိုပါသော ကိုယ်အတ္တမဟုတ်ဘူးဆိုတာ ဒါတွေကိုး... (မှန်ပါ့ဘုရား)။

ဒါတွေကိုးလို့ ဉာဏ်ထဲမှာ ရှင်းရှင်း- ရှင်းရှင်းသွားယင်ဖြင့် အတ္တဒိဋ္ဌိဟာ မနေကပြောတဲ့ လက်ရိုက်လိုဘဲ.... (မှန်ပါ့) လက်ရိုက်ဟာ ရိုက်ပါမျှားတော့ လက်ချောင်းရာတွေ အရိုးမှာထင်လာတယ်... (ထင်လာပါတယ်ဘုရား)ဘယ်နှယ်ကြောင့် ထင်လာပါလိမ့်မတုံးမေးတော့ လက်က စားလို့ပါဘုရာ့....(မှန်ပါ့)။

လက်က စားတာနဲ့ လက်ရိုက်အရိုးမှာ တကာတကာမတို့ မြင်တဲ့အတိုင်း လက်ချောင်းရာ, လက်မရာတွေ ဘယ်နှယ်တုံး.... (ထင်ပါတယ်ဘုရား) မစားဘဲနဲ့ထင်သလား.... (မဟုတ်ပါ) စားလို့ထင်တာ .. (မှန်ပါ့)။

ဒီမှာလဲ ခင်ဗျားတို့ အတ္တဒိဋ္ဌိ ဘဝမျှားစ္စာသံသရာက ပါလာတဲ့ လက်ရိုက်ရိုးပင်ကိုယ်ချေ အနတ္တဆိုတဲ့ ဉာဏ်ကလေးနဲ့ ခဏခဏ နှလုံးသွင်းလိုက်တော့ သူက ပါးပါး- ပါးပါးသွားတယ်... (မှန်ပါ့)။

ကြာတော့ သုံးမဖြစ်အောင်ဖြစ်လာတယ်....(မှန်ပါ့)အတ္တဒိဋ္ဌိကိုယ်မဖြစ်အောင် ဖြစ်လာတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ကြပ်ကြပ်ရှုပေးပါ....၊ ပါးပါလိမ့်မယ်ဆိုတာ လက်ရိုက်ရိုးဥပမာနဲ့ ပလဂတ္တာသုတ်ဆိုပြီး ခန္ဓဝဂ္ဂသံယုတ်မှာ သေသေချာချာဟောတယ်....(မှန်ပါ့)။

ငါ-ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဲ့ တနေ့ ဒီဌိ ဘယ် လောက်ပြုတ်တယ်လို့ တော့ ငါ-မပြောနိုင်ဘူးတဲ့၊ ဒီ ဖြစ်ပျက် ကလေးတွေ ရှုနေလို့ အစိုးရစ်စာ အလိုပါသော ကိုယ်အတွင် မဟုတ်ဘူးလို့ သိနေတဲ့ပုဂ္ဂိုလ်ဟာ နေ့တိုင်းပါးနေတယ်(မှန်ပါ့) နေ့တိုင်း အတွင်ဒီဌိ လျော့လျော့နေတာဘဲတဲ့....(မှန်ပါ့) ကဲ.... ကျေနပ်ပလား.....(ကျေနပ်ပါပြီဘုရား)။

ဘုရားကိုက လက်ရိုက်ရိုးဥပမာနဲ့ သေသေချာချာ ပြတာ တကာသစ်ရေ- ကျေနပ်ဘို့ဘဲ....(မှန်ပါ့)။

ကျုပ် ဝိပဿနာရှုနေတာ ကြာပြီဗျာ....၊ ဘာမှလဲခရီးက မပေါက်သေးဘူး.....၊ ဒီညည်းလုံးမလောစေနဲ့....(မှန်ပါ့)။

ဒီညည်းလုံးမလောစေနဲ့ တကာတကာမတို့.... (မှန်ပါ့ဘုရား) လက်ရိုက်ရိုးဟာ တနေ့ ဘယ်လောက်ပါးတယ်လို့ ငါဘုရား မဟောနိုင်ဘူးကွ... တဲ့၊ စားတာတော့ အမှန်ဘဲ.... (အမှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

လက်က လက်ရိုက်ရိုးကို... (စားပါတယ်ဘုရား) တနေ့ ဘယ် လောက်စားသတုံး.... (မရေတွက်နိုင်ပါဘုရား) ဒီလိုတော့ မတွက်နိုင်ဘူး... တဲ့ စားတာတော့ သိတယ်....(မှန်ပါ့)။

မင်တည်းဟူသော စွဲကိုင်မှုက လက်ရိုက်ရိုး တည်းဟူသော အသားတွေကို တခါတည်းလက်ကနေပြီး စားစား-စားစားသွား တော့ လက်ရိုက်ရိုးသည် တကာသစ် လက်ချောင်းရာ,လက်မရာ

တွေ့မထင်ပါနဲ့.ဆိုလို့.(မရပါဘုရား)ဟာ....စားလို့ထင်တာလား မစားလို့ထင်တာလား....(စားလို့ထင်တာပါဘုရား)။

ဒီမှာလဲ လုပ်သာလုပ်ကွ တဲ့ဘုရားက၊ လက်ရိုက်ရိုးလိုဘဲ အင်း .. ဒီအနတ္တမြင်နေတဲ့ဉာဏ်က အတ္တဒိဋ္ဌတည်းဟူသော လက် ရိုက်ရိုးကိုတော့ နေ့တိုင်းစားနေတယ်....(မှန်ပါ့)။

မင်းမလျှော့နဲ့.... တဲ့ .. (မှန်ပါ့) ကြာယင် သူ- လုံးလုံးပြုတ် သွားမယ်....တဲ့.....(မှန်ပါ့ဘုရား) ဆိုတော့ ဦးမာဒင်-ရေ....ဘုရား ကိုယ်တိုင် အရေးတကြီး ဟောတယ် .. (မှန်ပါ့)။

တကာသစ်-ဘုရားတိုယ်တိုင်က အရေးတကြီးဟောတဲ့အတွက် ကျုပ်တို့က ညည်းလုံးထုတ်ပြီးသကာလ ကြာပြီ အားထုတ်နေ တာ အခုထက်ထိ ဘာမှလဲ ခရီးမပေါက်သေးဘူး....တဲ့-(မှန်ပါ့ ဘုရား)။

သူ့ခရီးပေါက်ဘာကို သူညည်းလို့မသိတော့ ပေါက်နေ တာကို ပေါက်မှန်းမသိဖြစ်နေဘယ်....(မှန်ပါ့)။

ပေါက်နေတာကို.... (ပေါက်မှန်းမသိဖြစ်နေပါတယ်ဘုရား) အဲဒါ ဒီကဲ့သို့ ဘုရားကိုက "သုတဝါ အရိယသာဝကော"ဆိုတဲ့ အတိုင်း သုဘဝါ= ပညာနဲ့ကြားဘူးခြင်းရှိသော ခုနင်က ညည်းလုံးလာတာယ်.... (မှန်လှပါဘုရား) အခုတော့ .. ညည်းလုံး လာစရာလို့သေးသလား.... (မလိုပါဘုရား)နေ့တိုင်း ဘယ်နှယ် တုံး....(စားနေပါတယ်ဘုရား)။

မလုပ်တဲ့အတွက် ဖြတ်ထားတဲ့ ပုဂ္ဂိုလ်ကဘာ့ စားသေး သလား(မစားပါဘုရား) ခဏခဏရိုက်နှက်နေတဲ့ပုဂ္ဂိုလ်ကတော့ (စားပါတယ်ဘုရား)။

ထိုနည်းအတူဘဲ ခဏခဏ ခန္ဓာဥာဏ် လှည့်ပြီးသကာလ ဩဋ္ဌာ.... ဖြစ်တာလဲ အနတ္တာ၊ ပျက်တာလဲ အနတ္တာ၊မဖြစ်ပါနဲ့ ဆိုလို့လဲမရ..၊ မပျက်ပါစေနဲ့ ဆိုလို့လဲမရ၊ ဒါကလေးတွေ့ စိုက်စိုက်-စိုက်စိုက်ပြီး ဥာဏ်တည်းဟူသော သမ္မာဒိဋ္ဌိနဲ့ကြည့်ပြီး သကာလနေတော့ ဟိုးမိစ္ဆာဒိဋ္ဌိ စားစားသွားတယ်....(မှန်ပါ!) မိစ္ဆာဒိဋ္ဌိတည်းဟူသော လက်ရိုက်ရိုးက ကုန်ကုန်သွားတယ်.... (မှန်ပါ!) သဘောပါပလား....(ပါ-ပါပြီဘုရား) ရှင်းပလား.... (ရှင်းပါပြီ)။

အကြားအမြင်များလို့ တရားထူးနာရမှ ဩဋ္ဌာ....ဒို့-ခရီး မပေါက်ဘူးထင်နေတာ ပေါက်သားဘဲ... (မှန်ပါ!) ဦးလှဘူး ပေါ်လာပြီ....(ပေါ်လာပါပြီဘုရား)။

လက်ရိုက်ရိုးဥာဏမာ ဘုန်းကြီးက ထုတ်ပြတယ်လို့ ငါတို့မယူနဲ့.... (မှန်ပါ!) ပလဂတ္တသုတ်ဆိုပြီး ခန္ဓဝဂ္ဂသံယုတ်မှာ ကိုယ်တော် တိုင် ဟောထားတယ်လို့မှတ်ပါ... (မှန်ပါ!) ရှင်းပလား.... (ရှင်းပါပြီ)။

အဲဒီမှာ ဘုန်းကြီးတို့က ဒီသုတ်မျိုးကို ဥပမာမယ် တကာ ကြွယ်က မကြားဘူးဘူး....၊ ဦးမာဒင်တို့က မကြားဘူးတော့ နောက်ဆုတ်ချင်တဲ့စိတ်ကလေးများ လာမှာစိုးလို့ ဒီသုတ်မျိုး မကြားဘူးတော့ကို ငါ့မှာ ပါရမီက မပါလို့လား၊ ငါ့ကိုက ဖျင်းလို့လား၊ ဒီဘဝ မရထိုက်တဲ့ပုဂ္ဂိုလ်မို့လား၊ ငါ့မှာ ကံ ကြီးဘေးများ ရှိနေလို့လား၊ နဂိုရိကမှ ကိုလေသာကနေပြီး နောက်ဆုတ်ခိုင်းရာဘဲ့အထဲ ကိုယ်တွေးလုံးနဲ့ ကိုလေသာ ဆဲချသွားလိုက်တော့ ဒီဋ္ဌိပြုတ်စရာရှိသေးရဲ့လား.... (မရှိပါဘုရား) သဘောပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီတွေးလုံးတွေ မလာစေနဲ့.... (မှန်ပါ့) နေ့တိုင်း စားတယ်လို့မှတ်....(မှန်ပါ့)။

တကာကြွယ် ဘယ်နှယ်မှတ်မယ်.... (နေ့တိုင်းစားပါတယ် ဘုရား)။

မိစ္ဆာဒိဋ္ဌိ လက်ရိုက်ရိုးကို သမ္မာဒိဋ္ဌိက နေ့တိုင်းစားပစ်နေ တယ်ဆိုတာကို ဦးမာဒင်တို့ သေသေချာချာမှတ်ပါ.... (မှန်ပါ့ ဘုရား)။

ဒါ... အားပေးတရားလား၊ ဘုရားဟောတာ အမှန်ပြော နေတာလား....(ဘုရားဟောတာ အမှန်ပြောနေတာပါဘုရား)။

အဲ....ဘုန်းကြီးက စကားတတ်လို့ အားပေးတဲ့တရားကလေး များး ထည့်လိုက်ယင်တော့ ငါးပါးမှောက်မှာဘဲ.... (မှန်ပါ့) ဘာမှမဟုတ်ဘူး၊ ဘုရားကိုက တိုက်ရိုက်ဟောတာ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ်သူက ဟောပါလိမ့် ... (ဘုရားကိုက တိုက်ရိုက်ဟော ပါတယ်ဘုရား)။

တနေ့ ဘယ်လောက်စားတယ်တော့ ငါဘုရားဟောလို့ မရ ဘူးကွာ....တဲ့၊ မင်းတို့ အာနတ္တမြင်တဲ့ အချိန်တိုင်း-အချိန်တိုင်း သမ္မာဒိဋ္ဌိကတော့ မိစ္ဆာဒိဋ္ဌိကို စားပစ်လိုက်တာဘဲ(မှန်ပါ့ဘုရား) ကြာတော့ စားပါများယင် ကုန်ရမည်ဆိုတဲ့ အဓိပ္ပါယ်က မသေ ချာဘူးလား... (သေချာပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဘာပါရမီတွေ ဘယ်အန္တရာယ်တွေ ဘယ် နေရာတွေ ဦးမာဒင် ရှုပ်မနေနဲ့.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

တကာကြွယ် ရှုပ်မနေနဲ့နော်.... (မှန်ပါ့ဘုရား) ရှုပ်နေယင် ကိုလေသာဝင်ပြီအောက်မေ့ပါ....(မှန်ပါ့) ရှုပ်ယင်(ကိုလေသာဝင်ပြီ အောက်မေ့ရပါမယ်ဘုရား)။

ရှုပ်လာလို့ရှိယင်ဖြင့် သူသည် ကိုလေသာဝင်လာလို့သာ ရှုပ်တယ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)။

ကိုလေသာက နဂိုရိုက်မှ ဒီအလုပ်-လုပ်တာကိုသဘောမှ မကျဘဲ....(မှန်ပါ့) လောဘကိုလေသာက သဘောမကျဘူး....(မကျပါဘုရား) မကျဘော့ သူက ဆင်ခြေလဲ လာတယ် ... (မှန်ပါ့)။

အင်း . ဒါလောက်ဆိုယင်လဲ ဆေပျော်ပြီလို့ သူက ပြောချင် ပြောနေတာ ... (မှန်ပါ့) ခင်ဗျားတို့က အင်း .... နေပျော်ပြီ ဆိုပြီး ထိုင်လိုက်ယင် သွားပါရော.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်ပါပြီဘုရား)။

ဒါဖြင့် သေပျော်-နေပျော်ရယ်လို့ တကာကြွယ် အားကျစရာမလိုသေးဘူး....(မှန်ပါ့)။

အနာဘဲ ဟုတ်လား၊ မင်းဟာ ပြည်နည်းနည်း ကျန်သေးဘယ်ဆိုလို့ရှိယင်ဖြင့် ဦးမာဒင် ပျောက်ချင်သလား- မပျောက်ချင်ဘူးလား....(ပျောက်ချင်ပါတယ်ဘုရား)။

နဂိုရိုက ပြည်လုံးကြီးတော့ မရှိဘူး၊ သို့သော်လဲ ပြည်လက်စက မပြတ်သေးဘူးဆိုလို့ရှိယင် အနာဆုံးအောင်ကုပါ... (မှန်ပါ့ဘုရား)။

အနာကျန်နေလို့ရှိယင် မန်းကျန်မယ်၊ မန်းကျန်ယင် ဒီအနာနောက်ထပ် အကြီးအကျယ်ဖြစ်နိုင်သေးဘယ်.... (မှန်ပါ့) ဒီလို

မှတ်ပြီးသကာလ နည်းနည်းကျန်လဲ မကောင်းဘူးသာ မှတ်ပေတော့ (မှန်ပါ့) လုံးလုံးပျောက်တာ ကောင်းတယ် ....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်.... (လုံးလုံးပျောက်တာ ကောင်းပါတယ် ဘုရား)။

အနာကုသလိုမှတ်ပါ....(မှန်ပါ့) တကာကြွယ် အနာကလေးကျန်နေတော့ ဆရာလက်လွှတ်တာကို ကျေနပ်ကဲ့လား....(မကျေနပ်ပါဘုရား) ဆရာကလဲ ပျောက်အောင် လုပ်ပါ ဆိုတဲ့ဥစ္စာငွေများတဲ့ဆီ လိုက်သွားထင်ပါရဲ့ · အစရှိသည်နဲ့ ဆရာအပြစ်တင်သလိုပေါ့ဗျာ .. (မှန်ပါ့) ဒီမှာလဲ ခင်ဗျားတို့ တဏှာများတဲ့ဆီလိုက်မသွားပါနဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

တဏှာက ဆင်ခြေသိပ်ပေါ်တယ်နော်.... (မှန်ပါ့) အင်း.... ထမင်းစားမကောင်းဘူး...း၊ ဒီနေ့ဘာ့ လျှော့လိုက်ဦးမယ်.. (မှန်ပါ့) ဒီနေ့လဲ ဝေဒနာကလေးက ထူဘာနဲ့ နည်းနည်းလျှော့လိုက်ဦးမယ်၊ ပြန်လျှော့ပြန်လဲ ဘာမှလဲ ကျန်မှာ မဟုတ်ဘော့ဘူး... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အဲမှာလေး . တဏှာကို ခင်ဗျားတို့ ဝင်လာတာလဲ မသိဘူး၊ ခင်ဗျားတို့ကလဲ အတော်ဖျင်းတယ်....(မှန်ပါ့)။

ကိုယ်ဖာသာလုပ်နေလို့ လျှော့ချင်တာကလေး ဝင်လာလို့ ရှိယင်ဖြင့် ဦးမာဒင် ဘယ်သူတုံး ဒါ (တဏှာပါဘုရား) ဂြိုဟ်ဝင်တာဗျ၊ ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား) တကာကြွယ် ဘာဝင်တာတုံး.. (ဂြိုဟ်ဝင်တာပါဘုရား)။

အဲဒါ ဂြိုဟ်ဝင်တာ တကာတကာမတွေက ဂြိုဟ်ဝင်တာကို ဘယ်နှယ်ထင်လိုက်သတုံး ဆိုလို့ရှိယင်ဖြင့် အသက်ဉာဏ်စောင့်အင်း... လာပြီ-လာပြီ.... (မှန်ပါ့) ဂြိုဟ်ဒင်တာကို အသက်ဉာဏ်စောင့်လို့များ ကာကွယ်နေလိုက်သေးတယ်....(မှန်ပါ့)။

တကာကြွယ် အတော်မဆိုးဘူးလား... (ဆိုးပါဘယ်ဘုရား) ဂြိုဟ်ဒင်တာကို လူများက ဘယ်နှယ်ထင်သတုံး... (အသက်ဉာဏ်စောင့်လို့ထင်ပါတယ်ဘုရား)။

ဖြစ်မှ-ဖြစ်ရပခလ....၊ နဂိုရိုက ဖျင်းရတဲ့အထဲ အပျင်းပိုပြီး ဖြည့်ယင်တော့ သာမဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဖျင်းတဲ့အထဲ အပျင်းဖြည့်ယင် တကာကြွယ်... (ဆိုးပါတယ် ဘုရား) ခရီးပေါက်စရာမြင်သေးရဲ့လား.... (မမြင်ပါဘုရား)။

အဲ... ဒါကြောင့် တကားတကာမတွေ ပြောရတယ်၊ ဖျင်းတဲ့အထဲ အပျင်းတွေတော့ မဖြည့်ပါနဲ့တော့... (မှန်ပါ့)။

ဖျင်းတဲ့ဥစ္စာကလေးက နဂိုရိုးမှ ထင်ခဲ့မြင်ခဲ့ရှိနေလို့ ဖျင်းရတဲ့အထဲ အပျင်းက နောက်ဆုတ်ခိုင်းလိုက်ပြန်လို့ရှိယင် ဗလာဘဲ ကျန်တော့တယ်....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဗလာကျန်တော့ ဒီဌိကာ တကာတကာမတို့ ငါ့ကိုထိခောင်မလုပ်နိုင်ဘူး ဆိုပြီးသကာလ ငါစိမ်ရာ သူခံပခတော့....ဆိုပြီး အပါယ်လေးပါး ငရဲချလိုက်ဘယ်.... (မှန်ပါ့) ဘယ်လောက်ကြောက်စရာကောင်းသတုံး .. (ကောင်းပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ "သုဘဝါ အရိယသာဝကော" ဆိုတဲ့အတိုင်း အခု ပညာနဲ့. ကြားကြပလား... (ကြားပါပြီဘုရား)။

ကိုလသာရန်သူက ခင်ဗျားတို့ ချွဲကာမောဲ့ကာနဲ့ နောက်ဆုတ်ခိုင်းတာတွေ့ ပညာနဲ့. ကြားကြပလား.... (ကြားပါပြီဘုရား)။

ဝေဒနာကလေး ပေါ်လိုက်-ပျက်လိုက် သဘောဟာ တားမရ, ဆီးမရတဲ့ သဘောမို့. အနတ္တဆိုတာလဲ သုတဝါဆိုတဲ့အတိုင်း ပညာနဲ့. ကြားပလား....(ကြားပါပြီဘုရား)။

ကြားလို့ ရှိယင်ဖြင့် တခုသောကြားမှုကို နားမထောင်နဲ့.... (မှန်ပါ!) တခုသော ကြားမှုကို ကြိုးစားလုပ်....(မှန်ပါ!)။

ကိလေသာရန်သူ ဒီလိုထူထပ်ပါတယ်ဆိုတဲ့ ကြားမှုကိုတော့ တကာတကာမတွေ့သူ့ကို လက်မခံနဲ့-(မှန်ပါ!)ခုနင်းစာ အနတ္တတွေ့ ခကာခကာပေါ်နေတာကို အနတ္တနဲ့.ဉာဏ်နဲ့မပြတ်ဆောင်ဖြင့် လိုက်နာရလိမ့်မယ်.... (မှန်ပါ!) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

အနတ္တနဲ့.ဉာဏ်နဲ့. မခဲ့လိုက်ပါနဲ့.....(မှန်ပါ!ဘုရား) ဦးမာဒင်ဘယ်လိုမှာပါလိမ့်....(အနတ္တနဲ့ဉာဏ်နဲ့.မခဲ့လိုက်ပါနဲ့ဘုရား)။

အနတ္တနဲ့.ဉာဏ်နဲ့ ခဲ့လိုက်သည်နဲ့.တပြိုင်နက်တည်း အတ္တဒိဋ္ဌိကဆသားတက်လာတယ်....(မှန်ပါ!) လက်ရိုက်ရိုးကလေး မရိုက်ဘဲထားယင် အဲဒီနေရာက လက်တင်တဲ့နေရာက မြူမတက်ယင် ဘုန်းကြီးကို ဆိုချင်သလိုဆို... (မှန်ပါ!) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ပစ်ထားကြည့်ခဲတာ့ ဘယ်နှယ်ဖြစ်လာသတုံး၊ မိုးကလေး ရွာမယ် ဆိုတော့ မိုက်လေးတွေ့ တက်လာတယ်.... (တက်ပါတယ်ဘုရား) မိုတက်လာတဲ့ အခါကျတော့ မကိုင်နိုင်တော့ဘူးဖြစ်လိမ့်မယ်... (မှန်ပါ့) မကိုင်နိုင် သူက ကြီးထွားလာမှာဘဲ....(မှန်ပါ့) သဘောပါပါလား....(ပါ့ပါပြီဘုရား)။

အဲဒီတော့ မိုတက်လဲမခံပါနဲ့ ဒီဥစ္စာ စားသည်ထက်စာ ပြီးပြောင်သည်ထက်ပြောင်ပြီး သုံးမဖြစ်အောင် လုပ်လိုက်စမ်းပါ.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

အံမာ.... မနည်းပြောရပါလား တကာကြွယ်ရ၊ လူကြီးဘဲ့မို့ တွန်းရတာထင်ပါရဲ့ဗျာ... ၊ လူကြီးခံတွဲ့မို့ တွန်းရတ လားတကာကြွယ်ရ၊ မခကာင်းပါဘူးဗျာ... ၊ ခလေး တွန်းရတယ်ဆိုတော့ ကြိမ်ဏလေး ဘာကလေးပြခိုင်းယင် ရသေးတယ်နော် (မှန်လှပါဘုရား)။

လူကြီးခတ္တကျေးတာ့ ဒီဥစ္စာ ဒို့အတွန်းခံရတာဘဲ နာလှပြီကွ၊ ငါ့ဒေါ်ဏာကျလို့ ရှိယင် ဒီလက်ရိုက်ရိုးတာ့ ကျိုးအောင်ဘဲ ကိုင်ပြီး ရိုက်နေမယ်ကွ... လို့ ဆိုလို့ရှိယင်ဖြင့် ဒါ.. သိပ်အဘိုးတန်မယ် (မှန်ပါ့) သဘောပါပလား.. (ပါ့ပါပြီဘုရား)။

အခုကွာ....ဘုန်းက လူကြီးတွေ့ သိပ်တွန်းနေလို့.... (မှန်ပါ့) ဒီလိုမျှားသွားပြီး မယူလိုက်ပါနဲ့ နော်... (မှန်ပါ့) ယူလိုက်လို့ ရှိယင် အင်း.... လူကြီးမို့ အဘုန်းခံရဘာဆို ရှက်စရာကြီး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း... ဒါဖြင့် ဒီအထဲ လူငယ်တယောက်မှ မပါဘူး- (မပါပါဘုရား) ထောင်နိုင်တဲ့ နားရှိတဲ့ ပုဂ္ဂိုလ်တွေချည့်ဘဲ ဆိုတာပေါ့ပလား... (ပေါ့ပါပြီဘုရား)။

ကဲ....ဒါဖြင့် အတိုက်တွန်းဖြင့်ဘုရား၊နောက်တော့ တိုက်တွန်းတဲ့တရား မဟောပါနဲ့... ၊ တရားမှန်သာပြောပါလို့ နောက် တောင်းပန်ခွင့်တောင်းပန်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်ပါပြီဘုရား)။

ရိပ်မိပလား တကားကြွယ်-ရ....(ရိုင်မိပါပြီဘုရား) တိုက်တွန်းတဲ့ စကားသုံးရတာ တပည့်တော်တို့ အရွယ်နဲ့ မလိုက်တော့ နာလွန်းလို့...(မှန်ပါ့) တကာသစ် ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကားမတို့ တရားသားပြောကြပါစို့....(မှန်ပါ့ဘုရား)။

ဒီက ရူပကွန်ဒ၊ သညာကွန်ဒ၊ သခ ရကွန်ဒ၊ဝညာဏကွန်ဒာလေးပါး.... (မှန်ပါ့ဘုရား) ဝေဒနာကွန်ဒာချုန်ထား... (မှန်ပါ့ဘုရား)။

ဝေဒနာကွန်ဒာ ဘာဖြစ်လို့ချုန်ထားသတုံးလို့ မေးတဲ့အခါကျတော့ ဝေဒနာကွန်ဒာက တကာတကာမတို့ ကျန်ခဲ့ရာ လေးပါးမှီပြီး ပေါ်ရတယ်.... (မှန်ပါ့) ဒီခဲ့ရာလေးပါးအပေါ်မှာမှီပြီး ပေါ်ရမယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ဒီခဲ့ရာလေးပါးအပေါ်မှာ ဝေဒနာက ဘာဖြစ်ရမလဲ (မှီပြီးပေါ်ရပါမယ်) မှီပြီးပေါ်ရမယ်ဆိုတော့ မှီပေါ်တယ် - မပေါ်တယ် တကာတကာမတွေ့ စဉ်းစားကြည့်ပါတဲ့... ၊ နေပူတယ်ဆိုတဲ့အခါကျတော့မှ ခေါင်းပေါ်မှာ နေပူတယ်, ကျောပေါ်မှာနေပူ

တယ်ဆိုခဲတဲ့မှ ဒီခန္ဓာပေါ်မှာ ဒုက္ခဝေဒနာကလေးက အခုမှ လာပေါ်တယ်....(မှန်ပါ့) ဩော်....သူက အမှီတရားပါလား.... (မှန်ပါ့)။

အမှီတရားဆိုကတည်းက တကာတကာမခဲတွေက စဉ်းစားမိပြီ ဩော်....အခုမှပေါ်လာတာ.... (မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့)။

အခုမှပေါ်လာတဲ့တရားကို အသက်တမ်းကြည့်လိုက်, အသက်တမ်းကြည့်လိုက်တဲ့အခါကျတော့ တစ်-ဆိုယင် ဖြစ်၊ နှစ်- ဆိုယင် ပျက် (ပျက်ပါပြီဘုရား)။

ဒါဖြင့် အခုမှပေါ်တဲ့ တရားဟာလဲ ပေါ်ပြီးပျက်မယ်... (မှန်ပါ့) ဒါ-နေပူတဲ့ ဒုက္ခဝေဒနာကလေးပေါ့ဗျာ.... (မှန်ပါ့ ဘုရား)။

ဖျတ်ဆို နေရိပ်ဆဲမှာ ဒီခန္ဓာကြီးက ထောက်သွားပြန်တော့လဲ တကာတကာမတို့ သုခဝေဒနာကလေး ပေါ်လိုက်တယ်....(ပေါ်ပါတယ်ဘုရား)။

ဒီပေါ်မှာဘဲ ထပ်ပေါ်တယ်....(မှန်ပါ့) သူလဲ ညည်းသည်ဘဲဆိုတာ သဘောကျပလား....(ကျပါပြီ) သူလဲ ပေါ်ပြီးသကာလ သူ့အသက်တမ်းစေ့ချုံဘဲ နေနိုင်မှာဘဲ... (မှန်ပါ့)။

သူ့အသက်ဘမ်း စေ့ရုံဆိုတာက ဖြစ်မှုရယ်, ပျက်မှုရယ်... (မှန်ပါ့) ဖြစ်မှုမှာမေ့းတယ်, ပျက်မှုမှာသေတယ်ဆိုတော့ သူလဲ ညည်းသည်အဖြစ်နဲ့ ဒီနေရာမှာဘဲ ပျောက်ရရှာတယ်.... (မှန်ပါ့ ဘုရား)။

ဘယ်နေရာ ရှေ့သေးသတုံး... (မရှေ့ပါဘုရား)သဘောကျပ လား.... (ကျပ်ပြီ) ကောင်းကင်မှာ လျှပ်စစ်လင်းသလိုသာ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ကောင်းကင်မှာ လျှပ်စစ်လင်းတော့ ဒီနေရာမှာလင်းတဲ့ လျှပ် စစ်ကလေးဟာ ဒီနေရာမှာဘဲ ပျောက်သွားတယ်....(မှန်ပါ့)နေရာ မျှား ရှေ့သေးသလား....(မရှေ့ပါဘုရား)။

အဲ.... ဒီမှာလဲ ဒေဒနာကလေးတွေဟာ တကာတကာမတို့ ဒီနေရာပေါ်, ဒီနေရာပျောက်တာဘဲ... (မှန်ပါ့) သဘောကျပ လား .. (ကျေးပါပြီဘုရား)။

ကဲ... ဒါဖြင့် ဒီလေးပါး အပေါ်မှာ မျက်စိက မြင်လိုက်တဲ့ ဥပေက္ခာ ဝေဒနာကလေးပေါ်တယ်၊ အင်း.... ဒီနေရာပေါ်တာ ဘဲ၊ ဒီခန္ဓာဘဲပေါ်တယ်.. (မှန်ပါ့) သေသေချာချာမှတ်ပါ ဒီ. ဥစ္စာကို....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာတဲ့ဗျာ.... (ခန္ဓာပေါ်မှာ ခန္ဓာဆင့်ပေါ်ပါ တယ်ဘုရား)။

ဒါဖြင့် ခန္ဓာပေါ်မှာ ခန္ဓာဆင့်တော့ ဒါကြောင့် ခန္ဓာငါး ပါးလို့ ဆိုခြားသော်လဲ ခင်ဗျားတို့ကပြောတော့ ငါးပါး ... (မှန်ပါ့) သဘောကျပလား....(ကျေးပါပြီဘုရား)။

သို့သော် အိုမ်သည် ခန္ဓာကြီးတော့ ခင်ဗျားတို့သိပြီး ညွှဲ သည်ခန္ဓာမသိလို့ ရှိယင် ဝိပဿနာဉာဏ်ဝင်လို့မရဘူး- (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ) ညွှဲသည်ခန္ဓာသိမှ ဝိပဿနာဉာဏ် ဝင်လို့ရတယ်....(မှန်ပါ့)။

ကဲ.... ဝေဒနာက တကာကြွယ် ဘာခန္ဓာဆိုမလဲ အိမ်သည် ခန္ဓာဆိုမလား....၊ ညှော့သည်ခန္ဓာဆိုမလား...(ညှော့သည်ခန္ဓာပါဘုရား)။

ဒါကိုလဲ ရှင်းသားရသေးတယ်... (မှန်ပါ့) ဒါကိုမရှင်းယင် တော်ကို- မခတော်ဘူး... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကြည့်လေ.... ဒီခန္ဓာကြီးက တကာတကာမတို့ ယခုလက်ရှိခန္ဓာကြီး.... (မှန်ပါ့) ဒီအပေါ် နေပူလိုက်တယ်၊ ထီးတလက်မပါဘူးဆိုယင် လူမှာစပ်ဖြင်းဖြင်းဆိုဘဲ ဒုက္ခဝေဒနာပေါ်တယ်-(ပေါ်ပါတယ်ဘုရား) ညှော့သည်ဟုတ်-မဟုတ်.... (ဟုတ်ပါတယ်ဘုရား)။

သူက ညှော့သည်ဗျ....(မှန်ပါ့) သို့သော် တကာသစ်က သိပြီးသား ဦးမဒင်တို့က သိပြီးသားဖြစ်နေတော့ ညှော့သည် အသက်ဘယ်လောက်ရှည်သတုံး....၊ ညှော့သည်ဆိုတာ မကောပါ့ဘူး.... (မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမလဲ....(ညှော့သည်ဆိုတာခကောပါဘုရား)ဒါဖြင့် သူ့အသက်ဘမ်းရှိသလောက် သူနေပြီး ဒီအပေါ်မှာဘဲမေ့ပြီး ဒီအပေါ်မှာဘဲ သေရရှာတယ်.... (မှန်ပါ့) ဒုက္ခဝေဒနာကလေး ဒီအပေါ်မေ့ပြီး ဒီအပေါ်မှာသေတယ်...(မှန်ပါ့)။

သုခဝေဒနာကလေးကလဲ ခုနင်က လေကလေး,ယင်းတောင်ကလေး ခတ်လိုက်တဲ့အခါကျတော့ တကာဘကာမတို့ ဖျတ်ဆို သုခဝေဒနာကလေးက အေးချုပ်ကသေး ပေါ်လာတယ်....

(မှန်ပါ့) ယပ်တောင်မှု ဟိုဘက်မဆုံးသေးဘူး သူက ပျောက်နေ ပြီ... (ပျောက်ပါတယ်ဘုရား)။

နောက်ပြီးတော့ ပြန်ပြီးမခတ်ရဘူးလား (ခတ်ရပါတယ်) ပြန် ခတ်တော့ ပြန်ပေါ်တယ်_(မှန်ပါ့) ယ:ပ်ခတောင်ကလေးလဲ ရှု့ လွန်သွားပါရော....(ပျောက်သွားပါတယ်) ဒါဖြင့် သူ-ည့်သည် သဘော (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဩော်... ဒါဖြင့် ဝိပဿနာရှုဆိုတာ တကာတကာမတို့ ဘာရှု ရမှာပ ၊လိမ့်မတုံးဆိုးတော့ ခန္ဓာငါးပါး ည့်သည်တရားကြည့်ပြီး ရှုရမှာ....(မှန်ပါ့) ခန္ဓာငါးပါး.... (ည့်သည်တရားကြည့်ပြီး ရှုရ မှာပါဘုရား)။

ည့်သည်တရားဆိုတော့ ယနေ့တော့ ဝေဒနာဟာတဲ့နေ့ ဖြစ်နေတာ့ ဦးမာဒင် ဝေဒနာကို ည့်သည်မှတ်လိုက်(မှန်ပါ့) ရှင်းပလား.....(ရှင်းပါပြီဘုရား)။

အကုန် ည့်သည်တော့ ဟောရမှာဘဲတဲ့၊ သို့သော်လဲ တခန့ တည်းနဲ့ လဲ လုံးဝထွေးပြီး ဟောလို့မဖြစ်သေးဘူး(မှန်ပါ့) ဖြစ်ပါ့ မလား... (မဖြစ်ပါဘုရား)။

ကဲ....ဒါဖြင့် ဒီနေ့ ကျန်ခန္ဓာလေးပါးက အိမ်သည် (မှန်ပါ့) ဝေဒနာက... (ည့်သည်ပါ) ည့်သည်ဘဲဆိုတာ ကျေနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ည့်သည်သည် တကာတကာမတို့ ဘယ်နှစ်ယောက် ရှိသတုံးလို့ မေးတဲ့အခါကျတော့မှ ခင်ဗျားတို့သန္တာန်မှာ ည့် သည် သုံးယောက်ရှိတယ်....(မှန်ပါ့)။

ညွှေ့သည်ဘယ်နှစ်ယောက်ရှိသတုံး.. (သုံးယောက်ရှိပါတယ်) သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပက္ခာဝေဒနာ ဒါဘဲရှိတယ်.... (မှန်ပါ့) ဒါဘဲရှိတယ်လို့ ဘုရားက ညွှေ့သည်သုံးယောက်ရှိတယ်...(မှန်ပါ့) သဘောကျပလေဘုး... (ကျေပါပြီ ။

အဲဒီ ညွှေ့သည် သုံးယောက်ကို တခါတလေကျွေးလာတော့ ခင်ဗျားတို့ကလဲ မတော်တော်ခက်တယ်၊ သုခဝေဒနာကလေးက ညွှေ့သည်အဖြစ်နဲ့ ခန္ဓာကိုယ်ပေါ်ထွေက်လာတယ်.. (မှန်ပါ့) ငါချမ်းသာတာဘဲ၊ ငါချမ်းသာတာ ဘယ်သူကမျက်စောင်းထိုးဘာဖြစ်ရမတုံးတဲ့ (မှန်ပါ့)။

အင်း ဒါကလေးကို ငါလုပ်ပစ်လိုက်တယ်.... (မှန်ပါ့) ညွှေ့သည်ကို ငါလုပ်ပစ်လိုက်တယ်(မှန်ပါ့) သဘောပါလေဘုး.... (ပါ-ပါပြီဘုရား)။

ညွှေ့သည်ကို... (ငါလုပ်ပစ်လိုက်ပါတယ်ဘုရား) မြေဘ....ဒါဒီဋ္ဌိဘဲ.... တကာတကာမတို့လဲ ညွှေ့သည် ငါလုပ်တယ်ဆိုတော့ ညွှေ့သည်ဆိုတာ အိမ်ရှင်မပိုင်တာကြီး သိလျက်သားနဲ့ ညွှေ့သည် ငါလုပ်လိုက်ကတည်းကိုက ဒိဋ္ဌိကပ်ပြီ... (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ညွှေ့သည်ငါလုပ်ယင်... (ဒိဋ္ဌိကပ်ပါပြီဘုရား) အခုလို လည်လည်ပတ်ပတ်နဲ့ ညွှေ့သည်· အိမ်သည် ခွဲမဟောလို့ ရှိယင်လဲ ဦးမာဒင် သိပ်ရှုပ်တယ်.. (ရှုပ်ပါတယ်) အခု ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကားကြွယ် နေရာကျပြီ.... (ကျေပါပြီဘုရား) ကဲ....ဒါဖြင့် တခါတလေကျတော့ ဒုက္ခဝေဒနာကလေးက ရောက်လာတယ်.... (ရောက်ပါတယ်ဘုရား)။

အို .. ဒို့မျှားဆင်းရဲတော့ ဒို့အိမ် ခြေဦးမှမလှည့်ဘူး.... (မှန်ပါ!) ဟာ .. လာပြန်ပြီ .. (မှန်ပါ!) ဒို့ဆင်းရဲတော့ ဒါ-ဒို့လုပ်ပြန်ပြီဗျ....(မှန်ပါ!)။

ဒို့ဆင်းရဲတဲ့အခါမျှားဘယ်သူမှ ဒို့အိမ်မျှားခြေဦးကိုလှည့်မဲ့လူမရှိဘူး၊ ဒို့အိမ် အရင်တုန်းကဖြင့် ဆူဆူညံညံနဲ့ လာလိုက်ကြတာ မျက်နှာချိုသွေးလို့ .... (မှန်ပါ!)အင်း....ဘာလုပ်ကြတာတုံး ခင်ဗျားတို့ဟာပြော-ပြောစမ်းပါဦး... (မျက်နှာချိုသွေးတာပါ) ရိပ်မိလား (ရိပ်မိပါပြီဘုရား)။

ညည်းသည်းကို ဘာလုပ်နေပြန်သတုံး....(ငါလုပ်ပါတယ်ဘုရား) ညည်းသည်ငါလုပ်ပြန်ဦးမလို့ .. (မှန်ပါ!) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ ဒါ ညည်းသည်မသိပြီဆိုမှဖြင့် တကာကြွယ်ရေ-ညည်းသည်ကိုကခါဘည်း ငါလုပ်ပြီးနေခဲတော့တာလဲ .... (မှန်ပါ!) ဝေဒနာမှန်းလဲမသိ ညည်းသည်မှန်းလဲမသိ၊ အနတ္တမှန်းလဲ မသိဘော့ ဒါတွေနဲ့ ဟိုအိမ်နဲ့, ဒီအိမ်ရန်ဖြစ်နေကြဘယ် .... (မှန်ပါ! ဘုရား)။

ဘယ်နှယ်ခကြောင့် ရန်ဖြစ်တာပါလိမ့်.... (ညည်းသည်မှန်း မသိလို့ပါ) ညည်းသည်မှန်းမသိ၊ အနတ္တမှန်းမသိ (မှန်ပါ!) ညည်းသည်မှန်းမှမသိတော့ အနတ္တကသိခဲသေးရဲ့လား.... (မသိပါ) အဲဒါနဲ့ခင်ဗျားတို့ မျက်စောင်းထိုး မေးငေါ့တွေ ပေါ်လာတာ ဒါဘဲ (မှန်ပါ!)ရိပ်မိပလား... (ရိပ်မိပါပြီ) တယ်လဲ ကြောက်စရာကောင်းပါကလား... (ကောင်းပါတယ်ဘုရား)။

တစ်ချို့ကြွယ် ဒီလိုမျိုးဖြစ်ဘူးသေးသလား(ဖြစ်ဘူးပါတယ်) ရှိးရှိးပြောစမ်းပါဗျာ....(မှန်ပါ့ဘုရား)။

ရှိးရှိးဘဲ-(မှန်ပါ့) အဲ.. တကာတကာမတွေ့ဘက်က ကြပ်ကြပ်သတိထားပါ_(မှန်ပါ့) ဒီဉာဏ်သည်ဟာ အခုခဏကလေးပေါ်တာ... (မှန်ပါ့) ဒီပေါ်မှာ တာရှည်ကော နေနိုင်ရဲ့လား .... (မနေနိုင်ပါ)သူ့သက်တမ်းစေ့-သူသေတာဘဲ....(မှန်ပါ့ဘုရား)။

သူ့သက်တမ်းကလဲ ဘာမှမတွေးနဲ့၊ ၁-ဖြစ်ပြီးယင် ၂-ပျက်တာဘဲ....(မှန်ပါ့) ၁- ၂- ရေတွက်နေတာက ကြာသေးတယ် တကာတကာမတို့ သူ့အပျက်က ဒီ့ထက်မြန်တယ်.... (မှန်ပါ့) ခုနင်က ယပ်တောင်ကလေး ဟိုဘက်ရောက်သွားလို့ ရှိယင်ဘဲ ဒုက္ခဝေဒနာ ချက်ခြင်းပေါ်တယ်...(ပေါ်ပါတယ်ဘုရား)။

ယပ်တောင်ကလေးနဲ့လေကလေးနဲ့ ယပ်လိုက်ပြန်သုခဝေဒနာ ချက်ခြင်းပေါ်တယ်....(ပေါ်ပါတယ်)ဉာဏ်သည်ဆိုတာမသေချာဘူးလား.....(သေချာပါတယ်)အာရုံ ဒုဂ္ဂရထိမှပေါ်တဲ့ ဉာဏ်သည်ဆိုတာ သေချာပလား... (သေချာပါပြီဘုရား)။

အဲ.... ဉာဏ်သည်ကိုဖြင့် တကာတကာမတွေက ငါချမ်းသာတယ်, ငါဆင်းရဲလို့ ခြေဦးမလှည့်လာဘူးလို့ မလုပ်ပါနဲ့ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာကြွယ် ဝေဒနာတွေဟာ အိုမ်သည်လား၊ဉာဏ်သည်လား (ဉာဏ်သည်ပါ) ဉာဏ်သည်တွေနဲ့ ခင်ဗျားတို့က ဘာမျှားကြွားလုံး ဘာလုံးထုတ်နေတာတုံး၊ သုတဝါ- အကြားအမြင် မရှိဘူးဘုရာ့.... (မှန်ပါ့) အရိယာတို့၏ သာဝကဆိုတာ အရိယာတို့ ဟောတဲ့တရားကို မကျင့်ဘူးဘူးဘုရာ့... (မှန်ပါ့)။

ဒါကြောင့် တပည့်ဘော်တို့က ညည်းသည်မှန်း မသိတော့ကို ငါ့ကို ဘာထင်လို့တုံး (မှန်ပါ့) ငါမချမ်းသာပေမဲ့ ဘယ်သူ့ ဆီမှ ဆားတလျက် ငါတောင်းတာမဟုတ်ဘူး.... (မှန်ပါ့ဘုရား) အံမာလေး .. ရှုပ်လိုက်ဘဲ့ဖြစ်ခြင်း၊ညည်းသည်ကို ငါထင်နေတာကိုး (မှန်ပါ့) ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

အခေါင်ကို ဆိုးနေတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) အင်း...ဒါဟာ ဝေဒနာကို ငါထင်နေတယ်....(မှန်ပါ့)ချမ်းသာ တာလဲ ဝေဒနာဆင်းရဲတာနဲ့ကာ....(ဝေဒနာပါ)အလတ်စား ပေါ့ကာ .(ဝေဒနာပါဘုရား)။

အလတ်စား၊ ဥ မာ ခပြာလိုက်သေးတယ် တကာတကာမတို့ ဥစ္စာပက္ခာဝေဒနာ ပေါ်လာနေတယ်၊ ကျုပ်တို့က မရှိ-မရှား .... (မှန်ပါ့ဘုရား)။

ဦးမာဒဲ့ ဘယ့်နှယ်ပြောသတုံး .. (မရှိ-မရှားပါ့) မရှိ- မရှား ဆိုတော့ ကိုယ့်ဟာနဲ့ကိုယ်တော့ ကျုပ်နေတာဘဲ (မှန်ပါ့) ဒါလေ လေး ကျုပ်ဖြစ်ပြီး ကျေနပ်တယ် (မှန်ပါ့ဘုရား)။

ဥပေက္ခာဝေဒနာကဘာဖြစ်ပြီးကျေနပ်သတုံး .. (ကျုပ်ဖြစ်ပြီး ကျေနပ်ပါဘုရား)။

ဖြစ်မှဖြစ်ရလေ ညည်းသည်မှန်းကို မသိတာကိုးဗျ.... (မှန်ပါ့) အတော်ဆုံးနေပါပေါ့လား .. (ဆိုးပါတယ်ဘုရား)။

တကာတကာမတွေ ဒါဖြင့် ခင်ဗျားတို့၏ မျက်စောင်းထိုးမှု ခုံကိုနပ်ဆောင့်နင်းမှု ပေါ်ပလား .... (ပေါ်ပါပြီ) ဒီဝေဒနာ ကြောင့်ဖြစ်ဘာ...(မှန်ပါ့ဘုရား)။

ဒါကို ဘေးကလူတွေကလဲ တခါတဲ့လေကျတော့ အသိဉာဏ်ကလေးနဲ့ ပြောတဲ့ ပုဂ္ဂိုလ်ကတော့ သိလို့တော့ ပြောတာမဟုတ်ဘူး ဦးမာဒင်ရေ တခွါ့က သူ့သွားပြီးမစပါနဲ့၊ သူက ဝေဒနာသည်ဖြစ်နေတယ်....(မှန်ပါ့) ဒါ့ကြောင့် သူ့ပြောချင်ရာ ပြောနေတာ... (မှန်ပါ့) အစရှိသည်နဲ့ ပြောတဲ့လူကလဲ ဝေဒနာသည်သာပြောတာ၊ ဟိုမှာ ဝေဒနာဆိုတာ သူက အနာကြီးပြောနေတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီ ခဏခဏပါတဲ့ နာမ်ဝေဒနာကို ဆိုတာဟုတ်ကဲ့လား .... (မဟုတ်ပါ)မဟုတ်ဘူး သူက ပြည်ထည့်နေတဲ့အနာကြီးပြောနေတာ (မှန်ပါ့)အံ့ဖာလေး ကြောက်စရာကြီးပါလား....(မှန်ပါ့ဘုရား)။

တကာကြွယ် ဝေဒနာသိပြန်ပြီလဲ အနာသိတာ... (မှန်ပါ့) အနာသိတာဆိုတော့ အနာဆိုတာက ရုပ်.... (မှန်ပါ့)အဲ.... ရုပ်ကြီးသိနေပြန်တော့ ဦးဖာဒင်ခက်ပြီ ... (ခက်ပါပြီဘုရား)၊

ကဲ....ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ ဥစ္စာသည် ဘယ်နှစ်ယောက်ရောက်နိုင်သတုံး .... (သုံးယောက် ရောက်နိုင်ပါတယ်ဘုရား)။

ဥစ္စာသည် ရောက်တိုင်း၊ ထောက်တိုင်း တကာတကာမတို့ ခင်ဗျားတို့ ဥစ္စာသည်မှန်းသိပါ....(မှန်ပါ့ဘုရား)။

ဥစ္စာသည်ရောက်တိုင်း- ထောက်တိုင်း .... (ဥစ္စာသည်မှန်းသိပါဘုရား)။

ဒါဟာ တကာကြွယ် ဥစ္စာသည်ရောက်တိုင်း, ရောက်တိုင်း သိလို့ရှိယင် ခင်ဗျားတို့ နိဗ္ဗာန်ရမယ်....(မှန်ပါ့)ဥစ္စာသည်ရောက်တိုင်း,ရောက်တိုင်းသိယင်... (နိဗ္ဗာန်ရပါမယ်ဘုရား)။

အခုတော့ ခင်ဗျားတို့က ညည့်သည်ကနေပြီး ညည့်ကျယ်လုပ်ထားတော့ အတော်ခက်နေတယ်... (မှန်ပါ့) မခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

ညည့်သည်ကနေပြီး ဘာလုပ်ထားသလဲ .... (ညည့်ကျယ်လုပ်ထားပါတယ်၊ ငါလုပ်ထားတာကိုးဗျ၊ ငါ့မထိန့်၊ ဟော သူက ညည့်ကျယ်လုပ်သွားပြီ....(မှန်ပါ့) ငါ့မထိန့်ဟုတ်လား၊ ကိုယ့်ကံနဲ့ ကိုယ်ချမ်းသာတာ....(မှန်ပါ့ဘုရား)။

ဘယ်သူမျက်စောင်းထိုးလို့၊ ဘယ်သူမကြည်ညိုလို့ ဘာဖြစ်ရမှာတုံး... (မှန်ပါ့) ဟောသူက ညည့်ကျယ်ဖြစ်သွားပြီ (မှန်ပါ့) သူက ထ,ပြီး စကားပြောကုန်ပြီ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သုတဝါဆိုတဲ့ အရိယာတို့၏တရား မနာဘူးလို့ ဖြစ်တာ..(မှန်ပါ့) အရိယသာဝကောဆိုတဲ့ အရိယာတို့၏ ဟောစဉ်ကို မကျင့်ဘူးလို့ ဖြစ်ရာဘာ... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တရားဟောတော့မယ် ဆိုယင် "သုဘဝါ အရိယသာဝကော" ဖြစ်ပါစေကွာ....(မှန်ပါ့)"သုတဝါ အရိယသာဝကော"ဖြစ်ပါစေ (မှန်ပါ့ဘုရား)။

တကာသစ် ဒီဥစ္စာကို အများကြီးဆုံးမတယ်.... (မှန်ပါ့) သံယုတ်ပါဠိတော်တွေမှာ တကာတကာမတို့ ပါတယ်၊အင်္ဂုတ္တိုရ်မှာလဲပါတာဘဲ၊ ပဏ္ဏာသမှာလဲ ပါတာဘဲ.... (မှန်ပါ့)တရားဟောတော်မူမယ်လို့ ဆိုယင် ဒီနှစ်ခုစ, ပြီးချိလာပြီ... (မှန်လှပါဘုရား)။

သုတဝါ=ပညာနဲ့ ကြားဘူးတာဖြစ်ပါစေကွ....(မှန်ပါ့) အရိယသာဝကော=အရိယာတို့၏ ကျင့်စဉ်အတိုင်း မှတ်သားပြီး ကျင့်နိုင်တဲ့ပုဂ္ဂိုလ်ဖြစ်ပါစေကွ ...(မှန်ပါ့)။

ဒီအရေးနှစ်ခုဟာ ဦးမဒင် မကြီးဘူးလား၅ (ကြီးပါတယ်ဘုရား)။

အင်မတန်ကြီးပါတယ် .. ၊ ပညာနဲ့ ကြားဘူးဘို့ကော လွယ်ရဲ့လား....(မလွယ်ပါဘုရား) အရိယာတို့၏ ကျင့်စဉ်အတိုင်း ကျင့်ဘို့ကော .. (မလွယ်ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာ အရိယာမျိုးစေ့ကို မရှိလို့ အရိယာပင် မပေါက်နိုင်ဘူး....(မှန်ပါ့ဘုရား) ရိပ်မိပလား...(ရိပ်မိပါပြီဘုရား)။

သြော် .. ငါ့နိဗ္ဗာန်မင်္ဂိုလ် ဘာဖြစ်လို့ မရပါလိမ့်၊ အရိယာမျိုးစေ့နှစ်ခုဟာ ဘာမှမရှိဘူး....(မှန်ပါ့) မရှိဘာ့ အရိယာပင် ဖြစ်နိုင်ပါ့မလား (မဖြစ်နိုင်ပါဘုရား)။

အဲဒီတော့ ပါရမီမရှိလို့လား-၊မျိုးစေ့မရှိလို့လား.... (မျိုးစေ့ မရှိလို့ပါဘုရား)။

အဲ....ဒါဖြင့် ယနေ့တာ့ဖြင့် တကာတကာမဘို့ မျိုးစေ့ပေးပါပြီ၊ သုတဝါ=အရိယာတို့၏ ဟောတဲ့ကထားကို တကာတကာမတို့ ပညာနဲ့လဲ ထောင်လိုက်ပါ....(မှန်ပါ့)။

သုတဝါ=ကြားတယ်-ကြားတယ်ဆိုပေမဲ့ တကာတကာမဘို့ ပညာနဲ့ ကြားဘူးမှနော်....(မှန်ပါ့)။

အရိယသာဝကော-ဆိုတော့ အရိယာတို့၏ ကျင့်စဉ်အတိုင်း ကျင့်မှ သာဝကဖြစ်တယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့်ဘုရား_အာရိယာတို့ ကျင့်သုံးတာက ဖြစ်ပျက် ကျင့်သုံးဦး၊ သာဝကတွေက ခိုင်တယ်-မြဲဘယ်ယူနေယင် ကိုက်ပါ့မလား .. (မကိုက်ပါဘုရား)။

ဒေ့....ဒါကြောင့် သုတဝါကလဲ ပညာနဲ့ထောင်ရမယ်.... (မှန်ပါ့) အရိယသာဝကောကလဲ အာရိယာတို့၏ကျင့်စဉ်အတိုင်း ဖြစ်ပျက်မြင်လို့ ဖြစ်ပျက်အတိုင်းဘဲ ကျင့်ရမယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် တကာသစ်-ရေ....သူ့းကြပါဦးစို့၊ ဒီခန္ဓာကြီးပေါ်မှာ ဧည့်သည် ဘယ်နှစ်ယောက်တဲ့.... (သုံးယောက်ပါဘုရား) ဘာဝေဒနာပါလိမ့်- (သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာပါဘုရား)။

ဒါကို ခင်ဗျားတို့ ရှုဖြင်အောင်ရှုပါနော်....(မှန်ပါ့)ဧည့်သည်လာတိုင်း- လာတိုင်း ဆရာဘုန်းကြီးက အရိယာသာဝကတို့၏စိတ္တုပ္ပါဒ်ဓမ္မးလိုက်တယ်....(မှန်ပါ့)။

အရိယာသာဝကု၏(စိတ္တုပ္ပါဒ်မှေးပါဘယ်ဘုရား) စိတ္တုပ္ပါဒ်မှေးလိုက်တဲ့အခါကျဘော့ ဒါ... ဧည့်သည် မရှိဘူး၊ ဧည့်သည် မရှိဘူး... (မှန်ပါ့ဘုရား) ဒါနဲ့ ကြည့်ကြည့်ပေးပါ... (မှန်ပါ့ဘုရား)။

အရိယာတို့၏ ကျင့်စဉ်အတိုင်း ဧည့်သည် မရှိဘူး၊ ဧည့်သည် မရှိဘူး၊ ဒီလိုကြည့်ပေးရမယ်... (မှန်ပ!)။

ဧည့်သည်မရှိဘူး ကြည့်ပေးလိုက်တဲ့အခါကျလို့ရှိယင်"ဝေဒနာအနတ္တာ"ဖြစ်သွားတယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဝေဒနာ....(အနုတ္တာပါဘုရား) ဧည့်သည် မရှိဘူး၊ မြန်မာလို ပြန်လိုက်တော့....(မှန်ပါ့)။

မြန်မာလိုပြန်လိုက်တော့.... (ဧည့်သည် မရှိပါဘုရား) နို့.... ဧည့်သည်ကော မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

ဒီလေးပါး အခပါမှာ တခါတလေမှ သုခာကပေါ်တာ.... (မှန်ပါ့) တခါဘလေမှ ဒုက္ခကကော... (ပေါ်ပါတယ်ဘုရား) တခါဘလေမှ ဥပက္ခာကော.... (ပေါ်ပါတယ်ဘုရား) ဒါဖြင့် ဧည့်သည်ရှိရဲ့လား (မရှိပါဘုရား) တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဩော် ဒါဖြင့် ဧည့်သည် ဒီကနေပြီးသာဘလ ဧည့်သည်ကို မသိချင်နေပါစေတော့၊ ဧည့်သည်ကို ဘုန်းကြီးဖြောထားလို့ ကြားဘူးပါပြီ၊ ဧည့်သည်မရှိဘူးသိယင် ဘော်ပါပြီ.... (မှန်ပါ့ ဘုရား)။

မရှိဘူးသိယင် တော်ပါပြီ..(မှန်ပါ့) ဒါ့ကြောင့် ဖြစ်တယ် ဆိုဘာ ဧည့်သည်....(မှန်ပါ့) ပျက်တယ်ဆိုတဲ့ဥစ္စာမရှိဘာ.... (မှန်ပါ့ဘုရား) ဒါ့ကြောင့် ဖြစ်ပျက်ကို မိနအောင်ရှု... (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်ကို....(မိအောင်ရှုရပါမယ်ဘုရား) အဲဒီဘော့ အဖြစ် မမိလိုက်ပါဘူးဆိုယင် အပျက်မိရမယ်... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီ)။

အဖြစ်မမိလိုက် ရှိပါစေဘော့....(မှန်ပါ့) အပျက်တော့ဖြင့်.... (မိရပါမယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ အဖြစ်မမိချင် ရှိပါစေတော့ဆိုတာ ဒါက ဖြစ်နေတုန်း- သူက ဖြစ်ခွင့်မရဘူး.... (မူန်ပါ!) ရှုဉာဏ်က ဖြစ်ခွင့်မရဘူး.... (မရပါဘုရား) သူက ပျက်သွားလို့ မရှိတဲ့ အချိန်မှ ဒီရှုဉာဏ်က အရိယာတို့၏ ကျင့်စဉ်က ပေါ်လာတယ်.... (မူန်ပါ!)။

ကျင့်စဉ်က ပေါ်လာတဲ့အခါကျတော့ ဦးမာဒင်-ရေ.... ဥာဏ်သည် မရှိဘူးလို့ သူမသိဘူးလား.. (သိပါတယ်ဘုရား)။

ဒါဖြင့် ဥာဏ်သည်မရှိတာက အနိစ္စ၊ အနတ္တ.... (မှန်လှပါ) သဘောကျကြပလား (ကျပါပြီဘုရား)။

ဥာဏ်သည်မရှိတာက အနတ္တ၊ မရှိမှန်းသိတာက... (မဂ္ဂပါဘုရား) မဂ္ဂင်ဆိုတော့ တရားတကာမတို့ ဩဇော်.... မဂ်ဆိုတာ ဒီလိုယူရတာပါလား... (မူန်ပါ!) မဂ်ခန္ဓာကိုယ်ထဲ ပေါ်ချင်လို့ ရှိယင် ဥာဏ်သည်မရှိတာသိမှ မဂ်ပေါ်တယ်.. (မူန်ပါ!)။

ဥာဏ်သည်မရှိတာသိယင်... (မဂ်ပေါ်ပါတယ်ဘုရား) ဒါဖြင့် မဂ်ဟာ ဆုံးတောင်းယူရတာလား၊ မရှိတာသိမှ ပေါ်တာလား.... (မရှိတာသိမှ ပေါ်တာပါဘုရား)။

ဒါကြောင့် မဂ်ဖိုလ်ကို ဘဝတိုတိုနဲ့ ရရပါလို့၏ လုပ်မနေနဲ့.... (မှန်လှပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဂ်ဖိုလ်ကို ဘဝတိုတိုနဲ့.... (ရရပါလို့၏လုပ်မနေနဲ့) ဘဝထဲတိုမှာမဟုတ်ဘူး၊ ခင်ဗျားတို့ ဒီလို မဂ်ကို ရှုလို့မှမပေါ်လာလို့ ရှိယင် ဘဝတိုစရာအကြောင်းမမြင်ဘူး.... (မမြင်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲ... မင်္ဂဖိုလ်ကို ဘဝတိုးတိုးနဲ့ ရချင်တယ်ဆိုသို့ ရှိယင်ဖြင့် ဥည့်သည် မရှိတာသိမှ... (မှန်ပါ!) သဒ္ဓာကျပလား.... (ကျပါပြီဘုရား)။

ဥည့်သည်မရှိတာက အနတ္တ ...(မှန်လှပါ) သိတာက... (မဂ္ဂပါဘုရား) မဂ္ဂဆိုဘော့ ဩဇော်....မင်္ဂလာတော့ တကာတကာမဘဲ့ သိတဲ့အတိုင်း... တဲ့ သူဟာ သုခဝေဒနာဆိုပါဦးတော့ ဥည့်သည် ... (မရှိပါဘုရား) မရှိတာမသိတဲ့ပုဂ္ဂိုလ်ကျတော့ သုခဝေဒနာပစ္စယာတဏှာ, ဥပါဒါန်,ကံ၊ဒီဘက် ဇာတိဇရာ မရဏာ အနာဂတ်ဘဝဆက်သွားဘယ် (မှန်ပါ!) သဘောပါပလား.... (ပါ-ပါပြီ) ဒါ ဥည့်သည်မရှိတာကို မသိလိုက်လို့.... (မှန်ပါ!ဘုရား)။

ဥည့်သည်မရှိတာကို .... (မသိလိုက်လို့ပါ) မသိလိုက်တော့ ပဋိစ္စသမုပ္ပါဒ်က ခန္ဓာပဋိစ္စသမုပ္ပါဒ်က လာတော့မယ်....(မှန်ပါ!) စာဆို ပဋိစ္စသမုပ္ပါဒ်မယူပါနဲ့... (မှန်ပါ!) ဘာယူရမှာတုံး (ခန္ဓာပဋိစ္စသမုပ္ပါဒ်ယူရမှာပါဘုရား)။

ဒီခန္ဓာပြီးယင် ဒီခန္ဓာလာတော့မှာဘဲ... (မှန်ပါ!) ဒီခန္ဓာပြီးယင် ဒီခန္ဓာကော ...(လာမှာပါဘုရား)။

အဲ....ဝေဒနာကခန္ဓာကို မသိတဲ့ပုဂ္ဂိုလ်သည် ချုပ်မှန်း,ပျက်မှန်း မသိတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာ ပစ္စယာ တဏှာ.... (မှန်ပါ!) တဏှာပစ္စယာ....(ဥပါဒါနံ၂ါ) ဥပါဒါနပစ္စယာ .... (ကမ္မဘဝေါပါ) ကမ္မဘဝပစ္စယာ ...(ဇာတိပါဘုရား)။

အဲ....ဇာတိဆိုတော့ ဦးမာဒင် ဘဝကူးသွားပြီ.... (မှန်ပါ!) ဘဝ-ဘဘဝ ဆက်မသွားဘူးလား ...(ဆက်သွားပါတယ်ဘုရား)။

၁၂- ဘယ်နှယ်ကြောင့်တုံး....၊ ညွှဲသည်မရှိတာ တပည့်တော်တို့က မသိလိုက်လို့ ဘုရား.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ) ညွှဲသည်မရှိတာကို.... (မသိလိုက်လို့ ပါဘုရား)။

နို့....ခင်ဗျားတို့အိမ်မှာ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးမှာ ညွှဲသည် တနေ့ ဘယ်နှစ်ကြိမ် ရောက်မယ်ထင်သတုံး.... (မရေတွက်နိုင်ပါဘုရား) မသိတာကလဲ မရေတွက်နိုင်ဘူးပေါ့ဗျာ....(မှန်ပါ့ဘုရား) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

တကယ်ကြွယ်ရေ- လာတဲ့ညွှဲသည်ကလဲ မနည်းဘူးတဲ့၊ မသိလိုက်တာတွေကလဲ များတယ်....(များပါတယ်ဘုရား)။

မသိလိုက်တာများတော့ ခင်ဗျားတို့မသိလိုက်တာ ကိစ္စမရှိပါဘူးတဲ့ ခင်ဗျားတို့စိတ်စဉ်က ရပ်ကဲ့လား (မရပ်ပါဘုရား)။

ကြည့်လေ.... ဒီညွှဲသည် မသိလိုက်တော့ ဟောဒီစိတ်စဉ် ပေါ်လာတယ် ...(မှန်ပါ့)တကယ်ဖြစ်စဉ်ပေါ်လာတော့ ဥပါဒါနဲ့ ဖြစ်စဉ်ကော... (ပေါ်လာပါတယ်ဘုရား) ကမ္မဘဝဖြစ်စဉ်ကော- (ပေါ်လာပါတယ်ဘုရား)။

သေသည်၏အခြားမဲ့ ဌာတိအစဉ်ကြီးကော လာမလာ .... (လာပါမယ်ဘုရား) သေပြီးယင်တော့ လာဖတ်လာမှာဘဲ.... (မှန်ပါ့)။

၁၃-ဘယ်နှယ်ကြောင့်ပါလိမ့်မတုံးလို့ တကာကြွယ်တို့ ဦးမာဒင်တို့ တကာသင်္ဘတို့မေးတော့ ညွှဲသည်လာတာကို မသိလိုက်လို့... (မှန်ပါ့)ညွှဲသည်၏သဘောကို မသိလိုက်ဘူး.... (မှန်ပါဘုရား)။

ညွှဲသည်သည် နေလဲ နေသွားတယ်....၊ သေလဲ သေသွားတယ်လို့ မသိလိုက်ဘူး....(မှန်ပါ့)။

အခုနနဲ့ အသေကို.... (မသိလိုက်ပါ) မသိလိုက်တော့ကို ခင်ဗျားတို့က မသိလိုက်တာ ဘယ်သူတုံးလို့မေးတော့ တချက် ကလေးတိုးလိုက်ပါဦး၊ မသိလိုက်တာ ဘယ်သူတုံးဆိုတော့ မသိလိုက်တာ အဝိဇ္ဇာ....(မှန်ပါ့) မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

အဝိဇ္ဇာကနေပြီး တဏှာသင်္ခါရ ကျေးဇူးပြုလိုက်တယ်... (မှန်ပါ့) တဏှာကနေပြီး ဥပါဒါန်ကို ကျေးဇူးပြုလိုက်တယ်.... (မှန်ပါ့)။

ဥပါဒါန်ကဆက်ပြီးတော့ ကံကို ကျေးဇူးပြုလိုက်တယ်....၊ သေသည်၏အခြေးမဲ့ဌာန.... (ဇာတိပါဘုရား) ဇာတိကိုသွေးပြီး ကျေးဇူးပြုလိုက်တယ်... (မှန်ပါ့ဘုရား)။

ကောင်းသေးရဲ့လား တကောင်ကြွယ်ရေ.... (မကောင်းပါဘုရား) အင်း... ဒါ-မသိလိုက်တဲ့အပြစ်လေ.... (မှန်ပါ့)မသိလိုက်တဲ့အပြစ် တကာတကာမတို့ တော်တော်ကြီးတယ်... (ကြီးပါတယ်ဘုရား) သံသရာကို ဆက်သွားစေတယ်.... (မှန်ပါ့)။

မသိလိုက်တဲ့ အပြစ်ဟာ....(သံသရာကို ဆက်သွားစေပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့က စောင့်ကြည့်နေတာဘဲ....၊ ကြည့်နေပေမဲ့လဲ မမြင်လိုက်ပါဘူး....(မှန်ပါ့) အင်း.... မမြင်လိုက်လို့ရှိယင် သွားပေတော့ အပါယ်....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မမြင်လိုက်ယင် သွားပေတော့အပါယ်ဆိုတာက ဦးမာဒင်ရမ်းပြောတာလား...၊ သူ့စိတ်စဉ်က သူ့ပို့တာလား.... (သူ့

စိတ်စဉ်က သူ့ပို့တာပါဘုရား) ဘုန်းကြီးကပို့တာ မဟုတ်ပါဘူး....(မှန်ပါ့)။

ဘုန်းကြီးက ဘာမှမဆိုင်ဘူး...၊ ဘုန်းကြီးက စိတ်စဉ်ဟာ ခင်ဗျားတို့ ထုံးစံအတိုင်းလာလိမ့်မယ်ပြောတာ(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အိမ်မှာ ခင်ဗျားတို့ညည်းသည် ဘယ်နှစ်ယောက် လာတတ်သတုံး.... (သုံးယောက်လာတတ်ပါတယ်ဘုရား)။

သီဘာကများသလား...၊ မသိတာက များသလား.... (မသိတာက များပါတယ်ဘုရား) ဟာ.. မသိတာများယင် အပါယ်ချည့်သွားတယ်.... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မသိတာ များလို့ရှိယင်... (အပါယ်ချည့် သွားပါတယ်ဘုရား)။

မသိတာဆိုတာ အဝိဇ္ဇာ... (မှန်ပါ့) အဝိဇ္ဇာကြောင့် ဒီဘက်က.. (တဏှာပါဘုရား) တဏှာကြောင့်.... (ဥပါဒါန်ပါဘုရား)။

ဒါတွေ့က ဒီကမှ မသိတာ ဒီဘဏှာကော သိပါဦးမလား.... (မသိပါဘုရား) ဒီဥပါဒါန်ကော... (မသိပါဘုရား) ဒီကံဖြစ်တာကော.... (မသိပါဘုရား)။

ဩော်... မသိသလို ခင်ဗျားတို့ ကျုပ်တို့က ဘာမှမသိတာ ခပ်အေးအေး နေလိုက်တာဘဲ....(မှန်ပါ့) တကာတကာမတွေ့ ဒီလို သုံးချင်လဲ သုံးလိုက်မယ်.... (သုံးပါမယ်ဘုရား) ဟ မအေးဘူး၊ ဒယ်အိုးရောက်အောင်သွားတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အပါယ်ဒယ်အိုးကျအောင် ဘယ်နှယ်တုံး.... (သွားပါတယ်ဘုရား)။

အဲဒီတော့ ကျုပ်တို့ကလဲမသိတော့ မသိသလိုဘဲ နေလိုက်တာဘဲ ... (မှန်ပါ့) မသိသလိုနေရတာလား၊ တကာတကာမတို့ အပါယ်ခရောက်သွားတာလား.... (အပါယ်ရောက်သွားတာပါဘုရား)။

အဲဒီတော့ နောက် ဒီအသုံး- မသုံးနဲ့ ... (မှန်ပါ့) အပါယ်အရောက်ခံပြီး မသိ, မသိသလိုနေလိုက်တာဘဲဆိုတာ ဘယ်တော့မှ မသုံးပါနဲ့....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီညှဉ်သည်ကလေး လာတိုင်း-လာတိုင်း ဘာလုပ်ကြရမယ်....(ဖြစ်ပျက်ရှုပစ်ရပါမယ်ဘုရား)။

ညှဉ်သည်လာနေဘာကို သိရမယ်...၊ ညှဉ်သည်ပြန်တာသိရမယ်....(မှန်ပါ့)။

ညှဉ်သည် ဖြစ်တာကို ....(သိခအောင်လုပ်ရပါမယ်) ညှဉ်သည်ပျက်တာကို ....(သိအောင်လုပ်ရပါမယ်ဘုရား)။

သိတဲ့အခါကျတော့ ဖြစ်ပျက်သိတော့ ဖြစ်ပျက်မဂ်ဆိုတော့ မဂ်ဆိုတာ ဒီအဝိဇ္ဇာကိုသတ်တယ် .. (မှန်ပါ့) အဝိဇ္ဇာလဲ သတ်တယ် တဏှာခကော (သတ်ပါတယ်ဘုရား) ဥပါဒါန်ကော.... (သတ်ပါတယ်ဘုရား)။

ခေါင်သူကြီး သတ်လိုက်ပေါ့ဗျာ၊ ဒီဟာခတွေ ဆက်နိုင်သေးရဲ့လား....(မဆက်နိုင်ပါဘုရား)အဲဒီတော့ ခင်ဗျားတို့၏ အပါယ်ဖြစ်စဉ်ဖြတ်ဘာ.... (မှန်ပါ့ဘုရား) ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ဘာဖြတ်ဘာ၂ါလိမ့် .... (အပါယ်ဖြစ်စဉ်ဖြတ်တာပါဘုရား) ဒါဖြင့် တကာတကာမတို့ ညည်သည် လာတိုင်း-လာတိုင်း အသိအမှတ်ပြုပါ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဘုရားက "သုခံဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ ပဇာနာတိ" တဲ့ မင်းသိအောင်လုပ်ကွ.... (မှန်ပါ့)သူ့ညည်သည် လားတာသိအောင်လုပ်....(မှန်ပါ့)မသိယင် မင်းဒုက္ခရောက်လိမ့်မယ် .. (မှန်ပါ့)သဘောကျပလား- (ကျပါပြီဘုရား)။

မသိယင် မသိတဲ့ညည်သည် လက်ခံမိယင် ခင်ဗျားတို့ အခု အခါမှာ သူပုန်တွေဘာတွေက လာပြီးတည်းလို့ ရှိယင်ဖြင့် ကိုယ့် အိမ်မှာလက်ခံမှုဒုက္ခတော့ ရောက်ဦးမှာဘဲ .... (မှန်ပါ့) မသိတဲ့ ဒုက္ခသေးသလား .. (မသေးပါဘုရား)။

အဲ... အဲဒီဒုက္ခကမကြီးသေးဘူး၊ ထောင်ကျရုံတင်ရှိသေးဟယ်၊ ဟိုက အပါယ်ထဲက လွတ်မှာမဟုတ်ဘူး... (မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်နှယ်လုပ်ကြမလဲ.... (ညည်သည်လာယင်ဖြစ်ပျက် ရှုရပါမယ်ဘုရား ညည်သည်က ဘယ်နှစ်ယောက်လာမှာတုံး .... (သုံးယောက်လာမှာပါ) သုံးယောက်တည်း သိပ်မများပါဘူးဗျ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ စျေးရောင်းတဲ့ အခါကျတော့ တနေ့တနေ့ သုံးဦးဘဲ ရောင်းရတယ်လို့ ဒီလိုများရှိကြရဲလား....(မရှိပါဘုရား) မကပါဘူး အများကြီးပါ.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

အဲဒါတွေကျတော့ မျက်စိ မျက်နှာများ မှတ်ထားပါလို့ ခင်ဗျားတို့က နှုတ်ဆက်ကောင်းလို့က်တာ လွန်လို့....(မှန်ပါ!) ဒီဟာကျတော့ မျက်စိ မျက်နှာမှတ်ထားပါ။ဟုတ်ဘူး— မှန်ပါ! ဘုရား)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကိုင်း... ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော

(သုဂတိက နိဗ္ဗာန်သွားတဲ့နည်း)

နွေအလုပ်ပေး-တရားတော်

(၁၇-၉-၆၁)

လူမျှားလို့ကျပ်တာလို့ အောက်မေ့ကြပေတော့ နော် .... (မှန်ပါ!) နေထုံကျဉ်းလို့မဟုတ်ဘူး၊ ကျောင်းကြီးပေါ်လဲပြည့် နေတာဘဲ- ဘေးကလဲပြည့်၊ ဒီ့ပြင်တန်ဆောင်းတွေလဲ ပြည့်နေ တယ်၊ သည်းခံနာကြ .. (မှန်ပါ!ဘုရား)။

အားလုံး တကာတကာမတွေကို ဘုရားသခင်ကိုယ်တော်မြတ် ကြီးက အရေးတကြီး မှာခဲ့တဲ့ဥစ္စာ ဘယ်လိုမျှားမှာခဲ့ပါသလဲ ဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ၄၅-ဝါအတွင်းမှာ ဟိုကြွရ-ဒီကြွရနဲ့ အသက်တမ်းကလဲ တိုတဲ့ဘုရား ဖြစ်နေတော့ စကားကို မျှားမျှားမပြောအားတော့ဘူး၊တိုတိုနဲ့အကျဉ်းချုံးပြီး သကာလ ဒီနေထုကြွဟောလိုက်၊ သေမည့် လူတွေ ရှိဘယ်ဆို မသေခင် မြန်မြန်ကြွလုံက် .. (မှန်ပါ!) ဒါလောက် ကရုဏာတော် ကြီးနဲ့ဖြစ်နေတော့ မအားမလပ်တဲ့ ကိုယ်တော်မြတ်ကြီးဟာ စကားမျှားမျှားပြောဘို့ အရေးဟာ အင်မတန်မှ တကာ တကာမတွေ ဝန်လေးပါလိမ့်မယ်နော်....(မှန်ပါ!ဘုရား)။

အဲဒီဝန်လေးတဲ့ ကိုယ်တော်ကြီးက သုံးဆယ့်နှစ်ကြိမ်တိုင်တိုင် စကားထပ်ပြောတယ်....(မူန်ပါ့) သုံးဆယ့်နှစ်ကြိမ်တိုင်တိုင်စကား ထပ်ပြောတာဟာဖြင့် အသက်တမ်း တိုတော်မူလို့ ဒါလောက် ပြေးလွှားပြီးချွတ်နေတော်မူရတဲ့ ကိုယ်တော်ကြီး၊စကားမျှားမျှား မပြောအားတဲ့ ကိုယ်တော်ကြီး သုံးဆဲ့နှစ်ကြိမ်တိုင်တိုင် ပြောပြီး သကာလ တကာကြွယ် နေရတယ်ဆိုတော့ ခင်ဗျားတို့သိတဲ့ အတိုင်း အတော်အရေးကြီးလို့ ဘဲဆိုတာ တကာတကာမတွေ့ သေသေချာချာမှတ်ရမယ်... (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီစကားသည် ဒို့အရေးတကြီး လိုက်နာရမည့်စကား ဖြစ်သောကြောင့် ဒါလောက် အရေးတကြီး အသက်တမ်းတို တော်မူတဲ့ဘုရားက စကားအမျှားပြောတာဘဲဆိုတာ ပေါ်လာ တယ်....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့သည် ကိုယ် တော်ကြီး အရေးကြီးတာကို ကျုပ်တို့ကန္နေးနေလို့ မဖြစ်ဘူး.... (မူန်ပါ့ဘုရား)။

ကိုယ်တော်ကြီး အရေးကြီးတာကို ကျုပ်တို့ကန္နေးလို့ — (မဖြစ်ပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတို့ ယောင်ပေပေ ယောင် ချာချာနဲ့ သားနဲ့ပျော်, သမီးနဲ့ပျော်ဆိုတဲ့ အရေးတွေသည် ကားလို့ ဆိုလို့ရှိယင်ဖြင့် အင်မတန်မှ အရုပ်ဆိုးနေခြင်းကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် မနေမ့မလျော့အောင်လို့ သုံးဆဲ့နှစ်ကြိမ်တိုင်တိုင် ခင်ဗျားတို့ကို မှာတော်မူတယ်ဆိုလို့ ရှိယင်ဖြင့် ဒီအရေးကို ဆရာဘုန်းကြီးကတဆင့်တကာတကာမတွေ့ ပြောရသည် ဖြစ်လေသောကြောင့်၊ ဩော်....အရေးတကြီးလိုက်

နာရမည့်တရား၊ ဒို့ဆရာဘုန်းကြီးက လိုက်နာရမှာဘဲ ဆိုတာကို သာမညနားနဲ့ မဇ္ဈတ်ဘဲနဲ့ ဂရုတစိုက်ထောင်ပြီး သကာလ တကာတကာမတွေ့ ယနေ့ကြိုးစားကြပါဆိုတဲ့ ဥစ္စာကို တရား အာကိုးအကားထားပြီး ကိုယ့်အရေးရယ်လို့ အကြီးဆုံးမှတ်ပြီး ထားစမ်းပါ... (မှန်ပါ့ဘုရား)။

ကိုယ့်အရေးကို အကြီးဆုံးမှတ်ပြီး ထားလိုက်စမ်းပါ(မှန်ပါ့) ကိုယ့်အရေးကို အကြီးဆုံးမှတ်ပြီးထားလိုက်ပါ ဆိုတဲ့ဥစ္စာအသက် တမ်းကလဲတိုဘဲ့ဘုရားဖြစ်ပါတယ်၊ ၄၅-ဝါအတွင်း အပြည့်အစုံ ဖြစ်အောင် အပြေးအလွှားဟောရတဲ့ ဘုရားလဲဖြစ်ပါတယ် .... (မှန်ပါ့ဘုရား)။

ဒီကြားထဲမှာလဲ သေကြေပျက်စီးသွားမှာတွေကိုလဲ မဘရား သခြင့် သေကြေပျက်စီးသွားပြီး ဆုံးပါးရှုံးပါး ဖြစ်မယ်ဆိုယင် ငါရှိတုန်းမှာဖြင့် မျက်စိအောက်မှာ ဒုဂ္ဂတိအရောက်တော့ မခံနိုင် ဘူးဟေ့... ဆိုပြီး ဒုဂ္ဂတိကကယ်တင်ရတာတမျိုး(မှန်ပါ့ဘုရား)။

တကာ့ကြွယ်ရေ-ဘယ်ကို ကယ်တင်ရသလဲ(ဒုဂ္ဂတိကကယ်တင် ရပါတယ်)ဒုဂ္ဂတိက သုဂတိရောက်အောင် တကာသစ် ကယ်တင် ရတာတမျိုး (မှန်ပါ့ဘုရား) သုဂတိကနေပြီးသကာလ နိဗ္ဗာန် ကယ်တင်ရတာက....(တမျိုးပါဘုရား)။

ဩော်....တရားသည် ဘုရားသခင် ကိုယ်တော်မြတ်ကြီး သူ့ ရှေ့မှောက်မှာဖြင့် အပါယ်မရောက်စေနဲ့ဆိုပြီး ဒုဂ္ဂတိမရောက် အောင် ကယ်တင်ရတာကတမျိုး... (မှန်ပါ့) သုဂတိသို့ ရောက် သွားပြန်တော့လဲ ဒါတွေဒုက္ခသစ္စာက - သုဂတိသာဆိုရတယ်၊ သု-က, ကောင်းတာ၊ ဂတိ-က, လားရာ....(မှန်ပါ့ဘုရား)။

သို့သော်လဲ ခန္ဓာကြီးက ရှိနေပြန်တော့ မီးပုံကြီးနဲ့ အတူတူ နေရတော့ ဒါလဲတယ်မဟုတ်သေးဘူးကွ၊ဒါလဲ ဒုက္ခစက်ရဟတ်မှု မပြတ်တဲ့သဘော ဖြစ်နေတယ်ကွ၊ ကယ်တင်ဦးမဟ - ဆိုပြီး သကာလ သုဂတိကနိဗ္ဗာန်ပို့တင်ရကာလဲ တကာသစ် ကိစ္စမနည်း လှဘူး....(မနည်းပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေသည် ဒီနေ့ဟောမည်တရားဟာ ဘာတရားပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ တကားတကာမတွက သုဂတိရောက်ပြီးသား ပဋိဂ္ဂါလ်တွေ....(မှန်ပါ) နိဗ္ဗာန်ကယ်တင်မည့်တရားလို့ မှတ်လိုက်ပါတော့ (မှန်ပါဘုန်း)။

သုဂတိရောက်ပြီးသားပဋိဂ္ဂါလ် ဘယ်ပို့ရမလဲ .... (နိဗ္ဗာန်ပို့ရ ပါမယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က နောက်သုဂတိတွေ့ ဆက်မနေ ကြပါနဲ့ဆိုတာလဲ ကန့်ကွက်လိုက်ပါတယ်....(မှန်ပါဘုရား)။

နောက်သုဂတိတွေ့ .. (ဆက်မနေကြပါနဲ့ပါဘုန်း)ဒီဘဝက စုတေမနေ သေလွန်ရဆိုတဲ့ ဒီအသွားတွေ၊ လူ့ပြည် နတ်ပြည် အကြိမ်ကြိမ်ခံစားဆိုတဲ့ သုဂတိတွေကို ဒုက္ခသစ္စာတွေ့ နာပြီးသား, ကြားပြီးသားဖြစ်နေသောကြောင့် ဘုန်းကြီးတို့ တကာတကာမတွေက အို.... ဒီဟာတွေဟာ သုဂတိရောက်ပြီးသား ပဋိဂ္ဂါလ်၏ အလုပ်မဟုတ်ပါဘူး ..(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

သုဂတိရောက်ပြီးသားပဋိဂ္ဂါလ်၏ အလုပ် ဟုတ်ပါရဲ့လား ... (မဟုတ်ပါဘုရား)။

ဦးလှဘူးတို့ ကြပ်ကြပ်စဉ်းစားပါ၊ တရားနာနေတဲ့ပုဂ္ဂိုလ်တွေ ကြပ်ကြပ်စဉ်းစားပါ....(မှန်ပါ့) ခင်ဗျားတို့ အာခုထောက်နေတာ သုဂတိပါဘဲ .. (မှန်ပါ့) သုဂတိကနေပြီးသကဲ့သ ဒီထက် မှန်မြတ်တဲ့ နိဗ္ဗာန်ကိုသာလျှင် ဂတိချုပ်ငြိမ်းရာကိုသာလျှင် သွားဘို့ အရေးကြီးပါတယ်... (မှန်ပါ့) ဂတိကောင်းဘို့ဆိုတာ မလို့ပါဘူး... (မှန်ပါ့) သဘောပါပါလား....(ပါ-ပါပြီဘုရား)။

ဂတိကောင်းဘို့ ခင်ဗျားတို့ သဘောကျသလား.... (မကျပါဘုရား) ဂတိမှ ထွက်မြောက်ရေးကို သဘောကျကြပါ.- (မှန်ပါ့ဘုရား)။

ဘာသဘောကျစရာကောင်းသလဲ.... (ဂတိမှ ထွက်မြောက်ရေးကို သဘောကျစရာကောင်းပါတယ်ဘုရား)။

ဦးမာဒင် ဒါကို ကြပ်ကြပ်စဉ်းစားပါ....(မှန်ပါ့) ကိုယ့်ကိုယ်တိုင် အခု တရားနာနေကြတဲ့ တကာတကာမတွေ့ ဘယ်ဂတိရောက်နေပါလိမ့်ဗျာ.... (သုဂတိ ရောက်နေကြပါတယ်ဘုရား)။

သုဂတိဆိုတာ ဒါ-အစ္စမ်းကုန်ဘဲဆိုတာ သိပြီဟုတ်လား.... (သိပါပြီဘုရား) ဘုရားပွင့်တဲ့နေရာ, သာသနာတွင်းလဲဖြစ်တယ်, အစားအသောက် အနေအထိုင်မှာလဲ လိုတ, ရတယ်ဆိုတာ ခင်ဗျားတို့ သုဂတိပါဘဲ....(မှန်ပါ့)။

သုဂတိဆိုတာ သုက- ကောင်းတာ၊ ဂတိက- လားခြင်း၊ ကောင်းသောဂတိရောက်နေတဲ့ ပုဂ္ဂိုလ်ကို ဘုရားသခင်ကိုယ်တော် မြတ်ကြီးသည် အစစ်အကောင်း မဟုတ်သောကြောင့် တခါ နိဗ္ဗာန်ကယ်တင်ပြန်တယ်ဆိုတာလဲ ခင်ဗျားတို့ သိတဲ့အတိုင်းပါဘဲ (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ သုဂတိရောက်ပြီးသားပဲဂို့လ်ဟာ သုဂတိပြန်ဆုတောင်းလို့ နတ်သုဂတိ, ဗြဟ္မာသုဂတိ ပြန်ပြီးဆုတောင်းမယ် ဆိုလို့ရှိယင်ဖြင့် သြော်.... အခုလောကမှာ ပြောဆိုနေကြတာ ဒီဇာတ်ထုပ် ပြန်ဖွင့်နေတာဘဲ ဆိုသလိုကျနေတယ်....(မှန်ပါ) မဆိုးဝါးဘူးလားဗျာ....(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါ့ကြောင့် အခုယနေ့ ဥာဏ်ပေးပါတော့မယ် တကာတကာမတို့ သုဂတိက နိဗ္ဗာန်သွားတဲ့နည်းကို ပေးလိမ့်မယ်.... (မှန်ပါ!)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

တကာကြွယ် သုဂတိက သုဂတိပြန်ရောက်ချင်သေးသလား-(မရောက်ချင်ပါ) ရောက်ချင်ယင် ကိုယ့်ဥာဏ်မဲ့လို့ မှတ်ပါ .... (မှန်ပါ!) ကိုယ့်ဥာဏ်ဘယ်လိုမဲ့နေသတုံးဆိုတော့ သြော်-သုဂတိကို ဆာခုကိုယ်နေကြည့်လိုက်တယ် (မှန်ပါ!) သားပူ, သမီးပူ, ဆွေပူ, မျိုးပူ,မင်းပူတွေနဲ့ နေရတယ်... (မှန်ပါ!ဘုရား)။

အင်း....သုဂတိဆိုတာ တကာတကာမတို့ ကိုယ်ကိုယ်တိုင်နေကြည့်တော့ ရိပ်မိရောပေါ့... (ရိပ်မိပါပြီ) သားပူ,သမီးပူ, ဆွေပူ, မျိုးပူ,မင်းပူတွေမှ အကုန်ရှိကြရဲ့လား....(ရှိပါတယ်)ဒါ သုဂတိခေါ်တာဘဲ....(မှန်ပါ!ဘုရား)။

နတ်ပြည်ကျတော့လဲ နတ်မင်းနဲ့လဉီးမှာဘဲ.... (မှန်ပါ!) နတ်အိမ်,နတ်ရာနဲ့ လဉီးမှာဘဲ... (မှန်ပါ!) အဲဒီ သုဂတိလဲ ဒီလိုနေလိမ့်မယ်ဆိုတာကော ယုံကြည်ပလား.... (ယုံကြည်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ့သုဂတိရှိနေပြီးသား ပုဂ္ဂိုလ်က ဓာတ်ပြားဟောင်း ပြန်ဖွင့်ပြီးတော့ မနေပါနဲ့ဆိုတာ ရှေးဦးစွာ တောင်းပန်တယ်... (မှန်ပါ့)။

ဦးမာဒင် တောင်းပန်တာ ကျေနပ်ပလား.... (ကျေနပ်ပါပြီ ဘုရား)ဟာ တပည့်တော်တို့က သုဂတိကိုဘုရား.... နောက်ထပ် ရချင်ပါသေးတယ်ဆိုယင် အခု သုဂတိဒုက္ခကို မမြင်သေးလို့ စုံလုံးကန်း အရမ်းပြောနေတာနဲ့ တကယ်တူပါကလား- (တူပါတယ်ဘုရား) မတူကြဘူးလား....(တူပါတယ်ဘုရား)။

သုဂတိနေကြည့်တော့ကို တကာကြွယ်တို့-ဦးမာဒင်တို့-တကာသစ်တို့ အိုဘေးကြီးနဲ့လဲ အခု ရင်ဆိုင်နေတယ်.... (မှန်ပါ့) နာဘေးကြီးနဲ့ကော.... (ရင်ဆိုင်နေပါတယ်ဘုရား) သေဘေးကြီးနဲ့ကော (ရင်ဆိုင်နေရပါတယ်ဘုရား) သူခိုးဘေး, သူဝှက်ဘေးနဲ့ကော....(ရင်ဆိုင်နေရပါတယ်ဘုရား)။

အဲမာလေး....ဒါ သုဂတိ....တဲ့ တကာတကာမတို့၊ ကိုယ်ကိုယ်တိုင် တွေ့ပြီးသား နောက်သုဂတိများ ရှာချင်သေးလို့ရှိယင်ဖြင့် ဒီအဆိပ်ဘဲ ပြန်စားချင်တဲ့ အဓိပ္ပါယ် ရောက်တယ်.... (မှန်ပါ့ဘုရား)။

ဒီအဆိပ်ဘဲ- (ပြန်စားချင်တဲ့အဓိပ္ပါယ်ရောက်ပါတယ်ဘုရား) ဒါဖြင့် သုဂတိကနေပြီးတပည့်တော်တို့ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ဘက်ဘဲ ထွက်ပါတော့မယ်ဆိုတဲ့စိတ်ထားနဲ့တရားနာကြပါ (မှန်ပါ့)။

သုဂတိကနေပြီးတော့(နိဗ္ဗာန်ဘက်ဘဲထွက်ပါတော့မယ်ဆိုတဲ့ စိတ်ထားနဲ့ တရားနာရပါမယ်) နိဗ္ဗာန်ဘက် ထွက်ပါတော့မဟုတ်

ဆိုတဲ့ စိတ်ထားနဲ့ တရားနာပြီးသကာလ ကျင့်ကြပါဆိုတာကို သတိပေးလိုက်ပါတယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

ကိုင်း.... ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး မှာတာ ကလေး ကိုယ်တော်မြတ်ကြီးသည် အသက်တမ်းကလဲတို့-ဒီဘုရား ထက်တိုတာ ဦးမာဒင် ရှာမတွေ့ဘူး....(မှန်ပါ့)။

ဒီ့ပြင် မြတ်စွာဘုရားတွေမှာ သောင်းတမ်းပင့်ကြ-သိန်းတမ်း ပင့်ကြနဲ့ ကျုပ်တို့မြတ်စွာဘုရားဖြင့် ၄၅-ဝါ ဘာမှမကြာဘူး.... (မှန်ပါ့) ကိုယ့်အသက်နဲ့ကိုယ်နေကြည့်စမ်းပါဦး၊ ခင်ဗျားတို့ ၄၅-နှစ်ကျော်တဲ့ပုဂ္ဂိုလ်တွေ ဒီအထဲပါလာပြီ....(မှန်ပါ့)နောက် က နေခဲ့ရတာတွေက ဘာဖြစ်လောက်သတုံး.... (ဘာမှ မဖြစ် လောက်ပါဘုရား)။

အဲဒီ မဖြစ်လောက်တဲ့အထဲမှာ အပြေးအလွှား အမောအပန်း ခံပြီးသကာလ သူနဲ့ကျတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေ အကုန် ကယ်တင် ယူဆောင်သွားရတဲ့ ဒုက္ခဟာ လွယ်ပါ့မလား.... (မလွယ်ပါ ဘုရား)။

အဲဒါကြောင့် ကိုယ်တော်မြတ်ကြီးသည်ကားလို့ ဆိုယင်ဖြင့် အင်မတန် အပင်ပန်းခံတော်မူတဲ့ ကိုယ်တော်ကြီးဆိုတာ ခင်ဗျား တို့ မှတ်ရမယ်....(မှန်ပါ့)။

အဲဒီ ဒါလောက်ပင်ပန်းတဲ့အထဲက သုံးဆယ်နဲ့နှစ်ကြိမ်တိုင် တိုင် မင်းတို့ အရေးကြီးတာဖြင့် ငါမပြောမဖြစ်ဘူးကွ....ဆိုပြီး သုံးဆယ်နဲ့နှစ်ကြိမ်တိုင်တိုင် တကာကြွယ်-ရေ ထပ်ပြီးဟောတယ် (မှန်ပါ့)။

ဒါဖြင့် ဒီစကားဖြင့် တကာတကာမတို့ ထိပ်သံမှိုနဲ့စဲ့ အမြဲမှတ်ရသလို ဩော်....အရေးကြီးတဲ့ အချက်ဘဲဆိုတာ စဉ်းစဉ်းစားစားနဲ့ ခင်ဗျားတို့သည် အရေးကြီးတဲ့ အချက်မို့ အရေးတကြီး လုပ်ရတော့မယ်ဆိုတဲ့ဥစ္စာကိုဖြင့် ဆုံးဖြတ်ချက်ချပြီး နာရလိမ့်မယ်... (မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

ကောင်းပြီ.... အခုပြောမှာသည် တကာတကာမတို့ ဘုရားအသက်တိုတဲ့အထဲမှာဖြင့် နှစ်ခွန်းမပြောဘဲနဲ့ တခွန်းတည်းနဲ့ ပြီးချင်တဲ့ကိုယ်တော်ကြီးက သုံးဆယ်နဲ့နှစ်ကြိမ်တိုင်တိုင် တကာတကာမတွေ့ ကရုဏာပိုပြီးသကာလ ပြောတာသည် လောကွတ်လို့ ဆိုမလား- ကရုဏာကြီးလွန်းလို့ဆိုမလား... (ကရုဏာကြီးလွန်းလို့ပါဘုရား) ကရုဏာကြီးလွန်းလို့... လို့ သေသေချာချာဆိုကြပါနော်....(မှန်ပါ့)။

အဲဒါကြောင့် ကရုဏာရှင် ကိုယ်တော်မြတ်ကြီးသည်ကား လို့ ဆိုယင်ဖြင့် မှားမှာ,တိမ်းမှာ,စောင်းမှာ ခုနင်က ပြောခဲ့တဲ့ မဟုတ်တဲ့ ဂတိတွေ့ကို ထည့်ပြီးဆုတောင်းနေမှာ အင်မတန်စိုးရိမ်တယ်... (မှန်လှပါ) အင်မတန် စိုးရိမ်တယ်ဆိုတာ သဘောကျပလား... (ကျပါပြီ)။

ခင်ဗျားတို့ကို ဘုန်းကြီးက ပြောချင်တာကတော့ တဏှာကမချုပ်သေးတော့ တဏှာကြိုးဆွဲတဲ့ဆီကို အင်း....လူ့ပြည်, နတ်ပြည် ဗြဟ္မာပြည် အကြိမ်ကြိမ်ခံစားဆိုတဲ့ တဏှာကြိုးဆွဲခဲ့တဲ့ဆီချည့် ခင်ဗျားတို့က နှုတ်တက်နေတော့ ကံကလဲ တဏှာကို မကျော်နိုင်တဲ့ ကံဖြစ်နေလို့ စိမ်ချည့်ပေးနေရတယ်....(မှန်ပါ့)။

ဒါဖြင့် တဏှာ လက်ညှိုးညွှန်တဲ့နေရာ, ကံစီမံနေတဲ့နေရာ ကောင်းနိုင်ပါ့မလား.... (မကောင်းနိုင်ပါဘုရား) လက်ညှိုးညွှန် သမားက အယုတ်တမာတရား....(မှန်ပါ့)။

အယုတ်တမာတရား လက်ညှိုးညွှန်ရာကို သူ့အစေခံ ကံကနေ ပြီးသကာလ လုပ်ပေးနေလို့ ရှိယင်ဖြင့် လုပ်တဲ့ ပစ္စည်းဟာ အကောင်းဖြစ်မလား- အဆိုးဖြစ်မလားဆိုတာ တကာတကာမ တွေလဲ တွေးကြည့်ပါဦး.... (အဆိုးဖြစ်မှာပါဘုရား) သေသေ ချာချာနားထောင်ပါ.. (မှန်ပါ့)။

သေသေချာချာနားထောင်ပါ?- ဦးမာဒင်တို့ သေသေချာချာ နားထောင်ပါ....(မှန်ပါ့) တဏှာက လက်ညှိုးညွှန်နေတဲ့သုဂတိ (မှန်ပါ့)။

အဲဒါ တဏှာ့လက်အောက်ခံ ကံက ခင်ဗျားတို့ ပြုထားတဲ့ ဒါနကံ,သီလကံ,သမထကံတွေက လိုက်ပြီး လုပ်ပေးရရှာတယ်.... (မှန်ပါ့)။

ဒါဖြင့် ခေါင်းဆောင်က အရှုးကိုးဗျ.... (မှန်ပါ့) ခေါင်း ဆောင်က ကိလေသာဆိုဘာ အရှုး....(မှန်ပါ့) ကိလေသာ အရှုး နောက် ကိလေသာ အရှုးခိုင်းသလို လုပ်ရတဲ့ ကံလက်သမားသည် တကာတကာမတို့ အထည်ကောင်းဖြစ်ပါ့မလား.... (မဖြစ်ပါ ဘုရား)။

ဒါကို သေသေချာချာမှတ်ပါ.... (မှန်ပါ့) တကာတကာမ မတုံ့ကာ နှုတ်မတက်သင့်တာ နှုတ်တက်နေလို့ ဒီမျှလောက် ဆရာ ဘုန်းကြီးသည် ခင်ဗျားတို့အပေါ်၌ အမှားကြီးမှားပြီး အကျ

ကြီး-ကျ မှာစိုးလို့ သတိပေးနေတယ်ဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ဆုတောင်းခိုင်းတာ ဘုံဘဝဆုတောင်းခိုင်းတာက ဘယ်သူ ပါလိမ့်....(တဏှာပါဘုရား) ဟာ.... တဏှာဆိုတာ ကိလေသာ ပါကလား· ကိလေသာဆိုတာ ရာဂုမ္မတ္တကကို ခေါ်ပါတယ်.... (မှန်ပါ့) ရာဂ-ဥမ္မတ္တက--ရာဂရူးလို့ ခေါ်ပါတယ်.... (မှန်ပါ့ ဘုရား)။

အဲဒီ သူကနေပြီး ဆုတောင်းခိုင်းတော့ တဏှာနဲ့ တောင်း လိုက်ပါပြီဆိုတော့ လုပ်ပေးမှာက တဏှာလုပ်တတ်သလား-ကံက လုပ်ပေးရမှာလား.... (ကံကလုပ်ပေးရပါတယ်ဘုရား)။

ဒါဖြင့် အရူးခိုင်းတာကို လုပ်နေတဲ့ ကံ့လက်သမားဆောက် နေတဲ့ ခန္ဓာအိမ်ဖြင့် ဦးမာဒင် စဉ်းစားကြည့် အကောင်းမဖြစ် ဘူး....(မဖြစ်ပါဘုရား)။

အကြောင်းအကျိုးဆက်ပြီး နားထောင်ကြည့်ပါ....(မှန်ပါ့) တကာကြွယ် အခုပြောတာ နားလည်ရဲ့လား.... (နားလည်ပါ တယ်ဘုရား) ဆုတောင်းတာက အရူးတဏှာက ဆုတောင်းတယ် (မှန်ပါ့) သူ့နောက်ကလိုက်ပြီး လုပ်ပေးရတဲ့ ကံသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ အရူးစီမံသလို လိုက်နေတဲ့ ကံ့လက်သမားပြုပြင်တဲ့ အထည်ကို တကာသစ်က အကောင်းဖြစ် မလား.... အဆိုးဖြစ်မလားဆိုတာ စဉ်းစားစမ်း.... (အဆိုးဖြစ် မှာပါဘုရား)။

အဲဒါတွေ ဘုန်းကြီးတို့က နှစ်နှစ်ခြိုက်ခြိုက် တကာတကာမ တွေ သိစေချင်လို့ ခင်ဗျားတို့ ဘုံဘဝ ဆုတောင်းတာဟာ

တဏှာရှုးက ဆုတောင်းတာကို တဏှာစိမ်တဲ့နောက်ကို ကောက်ကောက်လိုက်နေရတဲ့ ကံ့လက်သမားပြုပြင်တဲ့ ခန္ဓာဟာ ဒုက္ခသစ္စာမှတပါး ဘာမှမဖြစ်နိုင်ဘူး... (မှန်ပါ့ဘုရား)။

တကာသစ် ရိပ်မိရဲ့လား.... (ရိပ်မိပါတယ်) ဒီစကားဟာ အားလုံးနာကြတဲ့ တကာတကာမတို့ သေးသေးသိန်သိန်မဟုတ်ဘူးလို့ အောက်မေ့ပါ....(မှန်ပါ့)။

သို့သော် ခင်ဗျားတို့နားနဲ့ဖြင့် မကြိုက်-ကြိုက်ကြိုက် ဆရာဘုန်းကြီးပြောတာနဲ့ ဘုရားဟောကိုသာ အမှန်ယူ.... (မှန်ပါ့) ဘယ်နှယ်ကြောင့်တုံးဆိုတော့ ကိုယ်က အရှုးမပျောက်သေးတဲ့နားနဲ့ထောင်ရတော့ အရှုးစိတ်ကလေးဟာ ငွေ့ငွေ့ကလေးပါနေသေးတယ်....(မှန်ပါ့) မပါဘူးလား .... (ပါ-ပါတယ်)။

နိဗ္ဗာန်ကို ဖြုန်းကနဲလဲ ရမှာမဟုတ်ဘူး၊ အဲဒီလိုမရသေးတဲ့အခါ ကြားထဲများ ဆင်းရဲများ ပိုနေချည့်မလား.... (မှန်ပါ့) အင်း... ကိုလေသာရှုးက တကာတကာမတို့ ဆင်ခြေထိုးတယ်.... (မှန်ပါ့ဘုရား)။

ဘယ်သူက ဆင်ခြေထိုးပါလိမ့်... (ကိုလေသာရှုးက ဆင်ခြေထိုးပါတယ်ဘုရား)။

အဲဒါတွေကိုလဲ ဩော်....ဒီကိလေသာက ဆင်ခြေထိုးတာ ဒီအယူအကြံရှိဘို့ မလိုပါဘူး၊ သူ့ကိုက အရှုးပါလားလို့ ဆရာဘုန်းကြီးဟောထားပြီ .. (မှန်ပါ့)။

ဒီအရှုးပြောတဲ့စကားဟူသ၍သည် သံသရာမှာတဏှာဥပါဒါန်ကံ့ဇာတိ့ဇရာ့မရဏဘဲရမယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တဏှာက အရှုးမဟုတ်လား....(မှန်ပါ့)အောင်း.... သူ့နောက်က ပေါ်လာတဲ့တရားက ဥပါဒါန်ဗျာ၊ သူ့နောက်က ပေါ်လာတဲ့ တရားက....(ကံပါဘုရား)ကံကစိမ်လိုက်တော့ ဇာတိ,ဇရာ,မရဏ ဆိုတော့ ခန္ဓာအထည်တွေပေါ်လာတယ်.... (ပေါ်လာပါတယ် ဘုရား)ဇာတိ,ဇရာ,မရဏဟာ ဒုက္ခသစ္စာလို့ဆိုတာလဲ တကာ တကာမတွေ နားရည်ဝ,နေပြီ....(မှန်ပါ့)။

အဲဒီတော့ ဒီဒုက္ခသစ္စာကို ဘယ်သူစိမ်တာပါလိမ့်မတုံး မေး တော့မှ တဏှာအရှုးစိမ်ရာကို ကံကလုပ်လို့ဖြစ်ရတာ (မှန်ပါ့) ပေါ်ကြပါသား... (ပေါ်ပါပြီဘုရား)။

တဏှာအရှုးစိမ်ရာကို(ကံကလိုက်လုပ်လို့ဖြစ်ရတာပါ) ကံက လိုက်လုပ်လို့ဖြစ်ရတော့ ကိုယ်-ကိုယ်တိုင်လက်တွေ့ပါလားဆိုတာ ကိုလဲ ခင်ဗျားတို့အခုရထားတဲ့ ခန္ဓာနဲ့အကဲခတ်လိုက်.... (မှန်ပါ့ ဘုရား)။

ရှုထားတဲ့ခန္ဓာမှာ အိုဘေး,နာဘေး အပြည့်ရှိတယ်-(မှန်ပါ့) မင်းဘေး,စိုးဘေး,သူခိုးဘေးကော.... (ရှိပါတယ်ဘုရား) တကာ တကာမတို့ အားလပ်ခွင့်ကို ရရဲ့လား.... (မရပါဘုရား)။

ကိုင်း....ဒါဖြင့် ရထားတဲ့ခန္ဓာက သုဂတိတဲ့ဗျာ.... (မှန်ပါ့) နဂိုရိုက တဏှာအရှုးစိမ်ရာကို ကံကလုပ်ပေးလို့ ကိုယ်က သုဂတိ ထင်ပြီးသကာလ လိုက်လာလိုက်တာ အခုတော့ ကိုယ်ကျိုးနည်း ပါပေါ့လား.... (နည်းပါတယ်ဘုရား) အခု တွေ့ရ, ကြုံရတာ ကိုယ်ကျိုးနည်းနေပြီ....(မှန်ပါ့) သဘောပါကြရဲ့လား.... (ပါ ပါတယ်ဘုရား)။

သြော်...ဘုန်းကြီးတို့ တကာတကာမတွေ့ ယောင်သည်ထက်များ ဆက်ယောင်ဦးမယ်ဆိုလို့ ရှိယင်ဖြင့် ဒီ့ထက်အချုံးဘော့်မရှိတော့ဘူး....(မှန်ပါ့) အင်မတန်စိုးရိမ်လို့ ပြောနေတဲ့စကားလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဘာဖြစ်လို့ ဒါလောက်ပြောပါလိမ့်.... (အင်မတန်စိုးရိမ်လို့ ပြောပါတယ်ဘုရား) ရှင်းဟလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် သြော်....သုဂတိအခေါ်ကြောင်းဖြင့်ဘုရာ့ မပြောနဲ့တော့ ဘုရာ့ ကိုယ်ကိုယ်တိုင် သုဂတိ ရောက်ရပြီဘုရာ့· (မှန်ပါ့)ရောက်နေတော့ ကိုယ်ကိုယ်တိုင် ဒုက္ခပင်လယ်ဝေနေတာတွေ့လဲ ကိုယ်ကိုယ်တိုင် အတွေ့ပါဘုရား....၊ တပည့်တော်တို့ နဂိုရိုက တဏှာအရှုးစိမ်းရာကို ကံတွေ့အလုပ်ခိုင်းမိတဲ့အတွက် ကိုယ်ကိုယ်တိုင် ဒုက္ခပင်လယ်ဝေနေတာမြင်သောကြောင့် သုဂတိဟာလဲ အစစ်အကောင်း မဟုတ်ကြောင်းကို တပည့်တော်တို့ လက်တွေ့ဖြစ်ပါပြီဘုရား....လို့ တရားတပဲ့လုံးမှတ်.... (မှန်ပါ့) လက်တွေ့ဖြစ်သေးဘူးလား....(ဖြစ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်သွားချင်ကြသတုံးလို့ မေးတော့ သုဂတိနယ်၏အဆုံး ဂတိဟူသမျှအဆုံးပေါ့ဗျာ (မှန်ပါ့)ဘာဂတိမှ မလာတဲ့အဆုံးဖြစ်တဲ့ ဂတိဘို့၏ ချုပ်ရာ,ငြိမ်းရာ,သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကို သာလျှင်ဘုန်းကြီးတို့ တကာတကာမတွေ့ ကိုယ်ခံရောက်ဘူးတဲ့ နေရာမကောင်းမှန်းသိသောကြောင့် သွားဖြစ်အောင်သွားပါဆိုဘာ တရားမဟာမိ တိုက်တွန်းတယ် ...(မှန်ပါ့)။

ဒီစကားဟာ တကာကြယ်သေးသေးသိမ်သိမ်လို့ မမှတ်လိုက်ပါနဲ့....(မှန်ပါ့) အလွန်အရေးကြီးတယ်ဆိုတာကို ရိပ်မိကြပလား

(ရိပ်မိပါပြီဘုရား) ကိုယ်တိုင်တွေ့မှဟုတ်ကဲ့လား ဒုက္ခတွေ-(ကိုယ်တိုင်တွေ့ပါဘုရား)။

သူများက သုဂတိလို့ပြောကြတယ်.... (မှန်ပါ့) ခင်ဗျားတို့ကိုယ်တိုင်ရောက်ကြည့်တော့ -(ဒုက္ခအပြည့်ပါဘုရား)ဒုက္ခပင်လယ်ဝေနေတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုင်း.... နောက်တခါ ဆုတောင်းယင်ဖြင့်ဟုတ်လား.... ဖဲထီးအိုးမဲသုတ်သလိုမဲဦးမယ်....(မှန်ပါ့) မဆိုးဝါးပေဘူးလား- (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါကြောင့် အားလုံး တကာတကာမတွေ ဩော်....တကယ်အရှုးက ဆုတောင်းခိုင်းတာကို ကံက လျှောက်လုပ်နေရတော့ အထည်ကောင်းမဖြစ်တာဟာ ခန္ဓာကြီး ကြည့်လိုက်သဖြင့် သိလောက်ပါပြီ (မှန်ပါ့ဘုရား) မသိသေးဘူးလား....(သိပါတယ်ဘုရား)။

ပဋိစ္စသမုပ္ပါဒ်နဲ့ ဦးမာဒင် ကိုက်ပြီ (မှန်ပါ့)တကယ်ရှုးတာကော သေသေချာချာပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

လက်ညှိုးညွှန်ခိုင်းတတ်တဲ့ တကယ်ရှုးက စိမ်တာကိုတော့ ကံကလဲ ဒီတကယ်ကို မကျော်နိုင်တာနဲ့ သူခိုင်းတာလုပ်ရတော့ အိုဘေး, နာဘေး ခန္ဓာကြီးလုပ်ချလိုက်တယ်(မှန်ပါ့)ကောင်းကြသေးရဲ့လား....(မကောင်းပါဘုရား)။

အဲဒါ သေသေချာချာမှတ်တော့မှ ဩော် .... ဒီအရေးဟာ ဆရာဘုန်းကြီး တရားမဟောသေးဘူး၊ ဒို့မျက်စိလည်တဲ့ အရေးကို မလည်အောင် ဖြောင့်ပေးနေတာကိုးဆိုတာ ဦးမာဒင် ပေါ်ပြီဗျ....(ပေါ်ပါပြီ)မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဒါမှ မပေါ်ယင်ဖြင့် ထိပ်ချလို့ခေါ်ပြီမှန်းသိတဲ့ပုဂ္ဂိုလ် မဟုတ်ဘူး....(မှန်ပါ့) ကိုယ်ကိုယ်တိုင် သုဂတိဆိုတာ ရောက်နေတဲ့အထဲကနေပြီး ချမ်းသာတာ တက္ခက်ပါရဲ့လား .... (မပါ-ပါ) ကဲ....ဒါဖြင့် ရှင်းလောက်ပြီနော်....(မှန်ပါ့ဘုရား)။

ဒါဖြင့် သုဂတိကိုတော့ဖြင့် မလိုချင်ကြပါနဲ့.... (မှန်ပါ့) တကာကြွယ် ဘာတဲ့တုံး.....(သုဂတိဖြင့်မလိုချင်ကြပါနဲ့.ဘုရား) သုဂတိမလိုချင်ပါနဲ့၊ လိုချင်ယင် တဏှာဘဲ.... (မှန်ပါ့)တဏှာဆိုတာ အကောင်းလား-အရှုးလား .. (အရှုးပါဘုရား)။

အရှုးကိုဗိုလ်တင်မှဖြင့် ဒီပဲ့တပဲ့လုံးဟာဖြင့် တကာတကာမတို့ အရုပ်ဆိုးချည့်ဖြစ်တော့မယ်.... (မှန်ပါ့) မဖြစ်ပေဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အရှုးစိမ်ရာကို ကံကလိုက်လုပ်ပေးနေမယ်ဆိုလို့ရှိယင်အထည်ကောင်း ဖြစ်-မဖြစ် .. (မဖြစ်ပါ)ရိပ်မိကြပလား .... (ရိပ်မိပါပြီဘုရား)။

ဩော်... ဒီစကားနှစ်လုံးဘဲ ဒို့သေပျော်ဘဲ့ တရားပါကလား ဆိုတာမှတ်ပါ....(မှန်ပါ့ဘုရား)။

ဒါ တော်တော်နဲ့ဒီအသံထွက်ဘို့ မလွယ်ဘူးနော်.... (မလွယ်ပါဘုရား) တကာကြွယ် စဉ်းစားစမ်း ဒီဥစ္စာထွက်ဘို့ လွယ်ပါ့ပလား....(မလွယ်ပါ့ဘုရား)။

အခုတော့ဖြင့် စကားသုံးတာကိုလဲကြည့်ပါ၊ တရားမှန်တာကိုလဲကြည့်ပါ....(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်မှာ တဏှာခေါင်းဆောင်တော့ ဥပါဒါန်,ကံတွေက နောက်လိုက်ဖြစ်နေတယ်.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် တဏှာခေါင်းဆောင်ရာ ကံကမလုပ်ရဘူးလား .... (လုပ်ရပါတယ်) ကံကလုပ်ရတော့ တဏှာအရှင်သခင်ကြီးကိုက အရှုးလား, အကောင်းလား ... (အရှုးပါ) အရှုးစီမံဟာကို ကံလက်သမားက ခန္ဓာအိမ်ဆောက်ရမယ် .. (မှန်ပါဘုရား)။

အရှုးစီမံရာကို.... (ကံလက်သမားကခန္ဓာအိမ်ဆောက်ရပါမယ် ဘုရား) ခန္ဓာအိမ်ဆောက်ရတော့ အရှုးစီမံတဲ့ ခန္ဓာအိမ်, အရှုးအုပ်ချုပ်တဲ့ ခန္ဓာအိမ်ကို ဘယ်လက်သမားလုပ်လုပ် အရှုးလက်အောက်ခံဖြစ်တဲ့ လက်သမား အရှုးအာဏာကို မလွန်ဆန်နိုင်ဘူး ဆိုယင် ဒီခန္ဓာအိမ် ကောင်း-မကောင်း စဉ်းစားပါ....(မကောင်းပါဘုရား)။

ဒါကြောင့် ခင်ဗျားတို့ တနေ့မှမအားဘူး၊ သုသာန်သွား ရတာ....(မှန်ပါဘုရား)။

တကာတကာမတွေ ဘာတဲ့တုံး.... (တနေ့မှ မအားပါဘုရား သုသာန်သွားရတာ) ထိုင်နေရင်းတောင် အခု သုသာန်သွားနေတယ် (မှန်ပါ) ထိုင်စ,ကထက် အခုသုသာန်ဘက်နီးနေပြီ .... (နီးပါပြီ)ကဲ....အရှုးစီမံထားတဲ့ ခန္ဓာကိုယ်ကြီးဟာ ကောင်းတဲ့ ဆီသွားသလား- ဆိုးတဲ့ဆီသွားနေသလား.... (ဆိုးတဲ့ဆီသွားနေပါတယ်ဘုရား)။

ဘယ်နှယ်ကြောင့် ဒီတကာတကာမတွေ ခြေသွက်သွက်နဲ့ သုသာန်ဘက်ချည့် သွားနေရပါလိမ့်မတုံး ဆိုတော့ မှားခဲ့ပေါ့ ဘုရား....(မှန်ပါ) အရှုးစီမံတာ ခန္ဓာအိမ်ကြီး ဆောက်လို့ အကောင်းလားမှတ်တယ်၊ သုသာန်သွားရတာကြီး ဖြစ်နေတယ်-(မှန်ပါ)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

နောက် ဘယ်ဂတိမျှားလားချင်သေးတုံးလို့ တကာတကာမ တွေ့မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ.... (ဘယ်ဂတိမှ မလားချင်ပါဘုရား)။

ကြပ်ကြပ်စဉ်းစား၊ ဒါက နိဗ္ဗာန်ကိုလိုချင်အောင် ပြောနေရတဲ့တရားပါဘဲ (မှန်ပါ့)ဒီတဏှာပဋိစ္စသမုပ္ပါဒ် မပြတ်လို့ ရှိယင် ကံပဋိစ္စသမုပ္ပါဒ်တွေသည် ကြိုက်သလိုစီမံလိမ့်မယ်.... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

တဏှာကြိုက်သလို ကံစီမံလိမ့်မယ်.... (မှန်ပါ့) တဏှာကြိုက်သလို ကံစီမံတဲ့ ခန္ဓာဟူသ၍သည် တကာတကာ့မတို့ အိုဘေး, နာဘေး, သေဘေး လွတ်ပါ့မလား....(မလွတ်ပါဘုရား)။

ဩော်.. ဒါဖြင့် တကာတကာမတွေ နဂိုရိုက်မှားချက်ကဖြင့် အလွန်ပြင်းထန်တယ်....(ပြင်းထန်ပါတယ်ဘုရား)။

ဦးမာဒင် ဘယ့်နှယ်ဆိုပါ့မလဲ.... (မှားချက် အလွန်ပြင်းထန်ပါတယ်)တကာသစ် သေသေချာချာဘဲနော်....(မှန်ပါ့) အခုကို တကာသစ် ဂ္ဂန္ဒြေရရနေလို့ ရရဲ့လား.... (မရပါ) စောင်းရတာနဲ့ ရွဲ့ရတာနဲ့ ကျင်ကြီးစွန့်ချင်ရတာနဲ့ ကျင်ငယ်စွန့်ချင်ရတာနဲ့ သားပူ, သမီး, ဆွေပူ, မျိုးပူကပ်ရတာနဲ့ မီးလောင်ခံပြီးသကာလ အမြဲနေရတဲ့ ခန္ဓာကြီးကို အရူးစီမံလို့ ကံလက်သမားဆောက် လိုက်တာ၊ ကိုယ်ကျိုးနည်းနေပါပေါ့လား.... (မှန်ပါ့) ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

တဏှာရူး စီမံသောကြောင့် ကံလက်သမားသည် သူ့ သြဇာမလွန်ဆန်နိုင်သောကြောင့် ကံကလဲ ဦးမာဒင် တဏှာ့ သြဇာခံဖြစ်နေတော့ ကြိုက်သလိုစီမံရမယ်.... (မှန်ပါ့ဘုရား) ဘာ့ကြောင့်တုံး .... ဆိုတော့ လမ်းမှာ ပြောခဲ့သလို ခုနင်က

သက်န်းကပ်တုန်းက ပြောခဲ့သလို အာသဝစီမံရာကိုလုပ်နေတာ ကိုးဗျ....(မှန်ပါ့) ကာမာသဝစီမံရာ သဘောကျပလား .... (ကျပါပြီဘုရား)။

တဏှာဟာ ကာမာသဝ၊ သဘောကျပလား .... (ကျပါပြီ) ဘုံဘဝတောင့်တပြန်တော့ ဘဝါသဝ(မှန်ပါ့)သူစီမံရာလုပ်နေရတော့ သူစီမံရာ ကံကလုပ်နေရတော့ ကဲ .... တကာသစ်ဘဲ ဆုံးဖြတ်ချက်ချပါ၊ ဒိဋ္ဌာအိမ်ကောင်း- မကောင်း-(မကောင်း ပါဘုရား)။

သူ့ကို ဘယ်သူလုပ်ပါလိမ့်မတုံးဆိုတော့ ကံကလုပ်တာ.... (မှန်ပါ့)ကံကို ဘယ်သူအုပ်ချုပ်နေသတုံး စဉ်းစားပြန်တော့ .... (တဏှာက အုပ်ချုပ်ပါတယ်) တဏှာက အာသဝဗျ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

တကာကြွယ်တို့ ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါဖြင့် ဒီနယ်မှ ကျတ်ရေး, လွှတ်ရေးကိုသာ အရေးထားပြီး တပည့်တော်တို့ကို အရှင်ဘုရားသည် လမ်းကောင်းပြတော်မူပါဆိုတာ ခင်ဗျားတို့ တပဲ့လုံးကလျှောက်ဘို့အချိန်ရောက်ပြီ(မှန်ပါ့) မရောက်သေးဘူးလား (ရောက်ပါပြီဘုရား)။

ရောက်ပြီတဲ့ ရောက်ပြီ-ရောက်ပြီနော်....(မှန်ပါ့) ရောက်ပါပြီ တကာကြွယ်ရာ မျက်စိလည်တော့ဖြင့် ပျောက်ကြပါတော့ .... (မှန်ပါ့)မပျောက်သေးဘူးလား....(ပျောက်ပါပြီဘုရား)။

အဲဒီတုံး ဘုရားသခင်ကိုယ်တော်မြတ်ကြီးကမှာတော်မူတယ်၊ "စျာယထ ဘိက္ခဝေ မာပမာဒတ္ထ၊ မာပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ၊ အယံ ဝေါ အမှာကံ အနုသာသနီ" ဆိုပြီး မှာခဲ့တော် မူခဲ့တယ်....(မှန်ပါ့ဘုရား)။

ဘိုကွဝေ=ငါ၏ချစ်သားတပည့်များတို့၊ ဈာယထ=ဝိပဿနာလုပ်ကြကွ....(မှန်ပါ့) မာပမာဒတ္ထ=သားရေး, သမီးရေး,စီးပွားရေးကြောင့် မေ့မနဉ့်ကွ....(မှန်ပါ့ဘုရား)။

ဘာနဲ့ မေ့မနေတဲ့လဲ.... (သားရေး-သမီးရေး-စီးပွားရေးနဲ့ မေ့မနေပါတဲ့ဘုရား) ဩော်....ခင်ဗျားတို့ကလဲ နဂိုရိုက တရားတော့ နာမလို့စိတ်ကူးတာဘဲ၊ အားလဲထုတ်မလို့စိတ်ကူးတယ်၊ ကိစ္စကလေးတွေက မပြီးသေးလို့ဆိုတော့ သားရေး-သမီးရေး-စီးပွားရေး ခင်ဗျားတို့က ဆင်ခြေလဲတာဘဲ.... (မှန်ပါ့) မလဲဘူးလား....(လဲပါတယ်ဘုရား)။

မြတ်စွာဘုရားက မာပမာဒတ္ထ=သားရေး-သမီးရေး-စီးပွားရေးကြောင့် မေ့မနေနဲ့ကွ၊ ကိုယ်တော်ကြီးကတော့လဲ မှာရှာတယ်....(မှန်ပါ့) ခင်ဗျားတို့က ဘယ်နေ့တော့ မအားသေးဘူး၊ ဘယ်နေ့ ဘယ်ကိစ္စကလေးကြောင့်- ဘယ်နေ့ ဘယ်သမီးကလေးကြောင့်- ဘယ်နေ့ ဘယ်သားအတွက်ကြောင့်၊ ဘယ်နေ့ကျတော့ ကိုယ့်ဝမ်းရေးကြောင့်ဆိုပြီး တကာတကာမတွေ့ကကြောင့်,တွေ့များပြီးသကာလ အင်း.... ဆင်ခြေလဲနေလိုက်တာ.... (မှန်ပါ့ဘုရား)။

ဟိုမှာပြောရတဲ့ကိုယ်တော်ကြီးကလဲ နှစ်ခုန်းတောင် မပြောချင်ဘူး၊ သနားလွန်းလို့ သုံးဆယ်နဲ့ နှစ်ကြိမ်တိုင်တိုင် ပြောနေရတဲ့အထဲ ခင်ဗျားတို့ကများ ဆင်ခြေလဲနေသေးတယ်ဆိုသဖြင့် ဩော် ကိုယ်တော်ကြီး ကရုဏာကို ခင်ဗျားတို့ အလကား လုပ်ပစ်တာနဲ့ အတူတူဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) အရေးရှိတော့ကယ်တော်မူပါ-ကယ်ခေါ်မူပါနဲ့(မှန်ပါ့)အရေးရှိ

တော့ "ဗုဒ္ဓံသရဏံဂစ္ဆာမိ"နဲ့၊ အံမာ တကာတကာမတွေက အရေးရှိ ဆေးတောင်းလာကြတယ် .... (မှန်ပါ့) တကာကြွယ် မလာဘူးလား....(လာပါတယ်ဘုရား)။

ခုနင်က ပြောခဲ့တဲ့ မမေ့နဲ့က သားရေး,သမီးရေး, စီးပွားရေးကြောင့် မမေ့နဲ့ဆိုတဲ့စကားကျတော့ ကိစ္စကလေးကမပြီးသေးလို့တဲ့....(မှန်ပါ့)ဦးမာဒင် ဘာလုပ်တာတုံး ခင်ဗျားတို့ဟာတွေက လွန်လွန်းတယ်.. (မှန်ပါ့) မဆိုထိုက်ဘူးလား- ဆိုထိုက်သလား....(ဆိုထိုက်ပါတယ်ဘုရား)။

တကာသစ် စဉ်းစားစမ်းပါ။ ဘုရားကလဲ မာပမာဒတ္ထ= သားရေး,သမီးရေး, စီးပွားရေးကြောင့် မေ့မနေနဲ့တဲ့၊ တကာကြွယ် မမှာဘူးလား(မှာပါတယ်) သားရေး,သမီးရေး, စီးပွားရေးကို ချိတ်ထားက၊ မင်းအရေး အင်မတန် ကြီးနေတယ်လို့ ပြောတာမဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အဲဒါကို ခင်ဗျားတို့က နှစ်ခွန်းမပြောတဲ့ ကိုယ်တော်ကြီး သုံးဆဲ့နှစ်ကြိမ်မှာတယ် ဆိုပေမဲ့လဲ လူဆိုတော့ တယ်ခက်တယ်တဲ့၊ အင်း... ကိုယ့်ဟာကိုယ် ဗျာဒိတ်ပေးနေတယ် (မှန်ပါ့) ကိုယ့်ဟာကိုယ် ဗျာဒိတ်ပေးတာက သူခက်တဲ့ဆီသွားတော့မယ် ပြောတာ....(မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ) အတော်ဆိုးတဲ့ တကာတကာမတွေဆိုတာ ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

ဒါ ခင်ဗျားတို့ အပြစ်တင်တာလား- ဆုံးမတာလား .... (ဆုံးမတာပါ) ဘုရားဆုံးမတာလို့ မှတ်ပါ၊ ဘုန်းကြီးကတော့ ဘုရားထင်ရှားမရှိတော့လို့ ဓမ္မက္ခန္ဓာတွေကိုဆရာတင်ပြီးသကာလ ဘုရား၏ ကိုယ်စားလှယ်အဖြစ်နဲ့ ပြောနေရတယ်....(မှန်ပါ့) ရိပ်မိပြီနော်_ (ရိပ်မိပါပြီဘုရား)

မင်းတို့ မတွေ့ရမည့်ကိစ္စဖြင့့် ငါမပြောပါဘူးကွာ....တဲ့၊ သားရေး, သမီးရေး, စီးပွားရေးခကြောင့် မေ့မနေကြနဲ့ဆိုတာ ငါမပြောပါဘူး....တဲ့....(မှန်ပါ့)။

အခုတော့ မင်းတို့တွေ့ရမည့်ကိစ္စက သေရာညောင်စောင်းဆိုတဲ့ ကုတင်ပေါ်မှာ လျောင်းရဦးမှာကွ ..တဲ့....(မှန်ပါ့ဘုရား) ဒီအထဲ သေရာညောင်စောင်း မလျောင်းရမည့်ပုဂ္ဂိုလ်များ ပါသေးသလား....(မပါ-ပါဘုရား)။

အဲဒီအချိန်ကျလာဘော့ကွာ....တဲ့၊ မင်းတို့ကလဲ ဝိပဿနာကို လုပ်မထား၊ သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်တဲ့ပုဂ္ဂိုလ်တွေဖြစ်နေခဘာ့ ငရဲနိမိတ်တွေက မီးဟုန်းဟုန်း-ဟုန်းဟုန်းနဲ့ အသက်မထွက်ခင် ဝိညာဏ်မချုပ်ခင် မြင်နေရတယ်- (မှန်ပါ့ဘုရား) ခွေးနက်ကြီးတွေက လာဆွဲဘာလဲ ... (မြင်နေရပါတယ်ဘုရား) တောင်းကြီးခတွေ့,ကြားကြီးတွေ့,ချောက်ကြီးခတွေ့ကော....(မြင်ရပါတယ်ဘုရား)ခဲ့သေဖြင့် .. ကိုယ်ကျိုးနည်းပြီ ...လို့ မင်း အဲဒီကျမှ မျက်ရည်ကျမယ်....တဲ့.....(မှန်ပါ့)။

ဒါ... မခသခင် လူတိုင်းမြင်ရမယ်၊ ဝိပဿနာအလုပ်-လုပ်မထားတဲ့ပုဂ္ဂိုလ်များခနဲ့.... (မှန်ပါ့) တယ်လဲ ကြောက်စရာကောင်းပါကလား .. (ကောင်းပါတယ်ဘုရား)။

တကာဘကာမတို့ ဟရုးပဲ့တင်သာ မခကြောက်လိုက်ပါနဲ့.... (မှန်ပါ့ဘုရား) အမြဲတမ်းကြောက်ပြီး ဝိပဿနာလုပ်သိုက်ပါ.... (မှန်ပါ့)။

ခင်ဗျားတို့က ခင်ဗျားတို့ချင်း တွေ့တဲ့အခါကျတော့ ပြုံးကာမဲ့ကာနဲ့ ရွှေးအကြောင်းကခလား ကျုပ်ပြောပါမှစဉ်း၊ ကျုပ်

ဖြစ်စဉ်ကလေးနားထောင်စမ်းပါဦး၊ ကောင်းတာကလေး ပြောချင်လို့ ကောင်းတိုင်ပင်, ဆိုးတိုင်ပင် ခင်ဗျားဘဲ ရှိတာပါဘဲနဲ့ လုပ်မနေစမ်းနဲ့၊ အတော်ရှုပ်တဲ့လူတွေ့၊ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

အတော်ကို တကာတကာမတွေက ဘုရားသခင်ကိုယ်တော် မြတ်ကြီးကလဲ မမေ့နဲ့ သားရေး,သမီးရေး,စီးပွားရေး ထည့်စဉ်းစားမနေနဲ့ကွ၊ မင့် အရေး အင်မတန် ကြီးနေပြီဆိုပြီးသကာလ မအားမလပ်တဲ့အထဲက မှာတာ....(မှန်ပါ့)။

ဒီအထဲကဘဲ ခင်ဗျားတို့က ခင်ဗျားတို့ချင်း မီးမှုတ်တဲ့ဥစ္စာ အရေးတကြီးလုပ်နေတာ.... (မှန်ပါ့ဘုရား) မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား) တကာကြွယ် နခမ်းဲ့ ချင်းမီးမှုတ်တာ မကောင်းဘူးနော်....(မကောင်းပါဘုရား)။

ကိုင်း ဒါနဲ့ မေးပမာဒတ္ထ= သားရေး,သမီးရေး,စီးပွားရေး ကြောင့် မေ့လျော့ပေါ့ဆ၍ မနေလိုက်ပါနဲ့၊ ပစ္စာ= သေရာ ညောင်စောင်း လျောင်းစက်တဲ့ အခါကာလကျမှ သေရတော့ မယ်ဆိုတော့မှ ဆရာဝန်တွေ့ လက်လှတ်, ဗမာဆရာတွေ့ လက်လှတ်၊ ကိုယ့်ကိုယ်ကိုယ်လဲ ကိုယ်မထင်၊ အဲဒီအချိန်ကျတော့ ငရဲသွားမည့်ပုဂ္ဂိုလ်ဖြင့်လဲ ငရဲမီးတွေ့ ဟုန်းဟုန်းတောက်နေတာကို သူ့စိတ်ထဲ မြင်လာတယ်....(မှန်ပါ့)သေပလား....(မသေသေးပါဘုရား)။

တကာတကာမဘို့ မဒသခင်နော်....(မှန်ပါ့) အင်း....တယ် ကြောက်စရာကောင်းပါလား....(ကောင်းပါတယ်ဘုရား)။

ကာကွယ်ပေးမည့်တဆူးကို ကျုပ်တို့က သားရေး,သမီးရေး, စီးပွားရေးကြောင့် မေ့ခဲ့သကိုးဗျ...(မှန်ပါ့) မေ့လို့ ဒီနိုမိတ် ထင်လာတာ...(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

မေ့လို့ဘာတုံး....(ဒီနိုမိတ်ထင်လာတာပါဘုရား) တိရစ္ဆာန် ဘုံသွားမှာဖြင့်လဲ တိရစ္ဆာန်တွေမြင်ရ, ပြိတ္တာဘုံသွားမှာဖြင့်လဲ တောင်ကြီးတွေ,ချောက်ကြီးတွေ,ကြားကြီးတွေမြင်ရ ... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ) စုတေစိတ်ရောက်ပလား.... (မရောက်သေးပါဘုရား)။

ရော... တကာတကာမတို့ ကိုယ်သွားရမည့်လမ်း ကိုယ်အစော ကြီးက သိရပါကလား... (မှန်ပါ့)။

အဲဒီကျတော့ အမေ့ကြီးမေ့ခဲ့တာဖြင့် ငါးပါးမှောက်ပေါ့ (မှန်ပါ့) အမေ့ကြီးမေ့ခဲ့တာ ငါးပါးမှောက်ပေါ့ဆိုပြီးတော့ ခေါင်းအုံးပေါ်မှာ တကာသစ်နှယ် မျက်ရည်စီးကျတယ်... (မှန်ပါ့) ဝိညာဏ်မချုပ်သေးဘူးနော်....(မှန်ပါ့) ဒါ- ခင်ဗျားတို့ တွေ့ရမည့်လမ်းပါ....(မှန်ပါ့)။

တကာတကာမတွေ့ ပေါ့ခတော့တော့မလုပ်ပါနဲ့ ဘုရား,က အင်မတန်အရေးကြီးလို့ မှာတော်မူတယ်ဆိုဘာလဲ ခင်ဗျားတို့ သိခလာက်ပါပြီ... (မှန်လှပါ)။

ဒီအထဲက နေပြီးသကာလ ခင်ဗျားတို့က ဆင်ခြေချွေးပြီး သကာလ နေတာဟာ ဦးမာဒင် လုံးဝမခတော်ဘူး.... (မှန်လှပါ ဘုရား)။

ဆင်ခြေများခနတာ-(လုံးဝမခတော်ပါဘုရား) လုံးဝမခကောင်း ပါဘူး....တဲ့၊ ဘုရားကလဲ ဟောရှာသား....လို့ စကားချီသာယင်

တော့ ဆင်ခြေလာတော့မလို့....(မှန်ပါ့) ဘုန်းကြီးကလဲ သတိပေးရှာသားဆိုယင်တော့.... (ဆင်ခြေလာတော့မလို့ပါဘုရား) ဆင်ခြေလာတဲ့အသံဗျ၊ လမ်းခင်းတာ ဒီဥစ္စာ.... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ)။

ခင်ဗျားတို့ အသွားတွေ့ကဖြင့်ဗျာ-မလုပ်တော့ဘူး ပြောမည့် အသွားဆိုယင် လမ်းကလေး ရှေ့ကခင်းလိုက်သေးတယ်-(မှန်ပါ့ ဘုရား)ဘယ်သူက ခင်းတာတုံး-မေးတော့မှ တဏှာက ခင်းတာ (မှန်ပါ့)။

နို့.... ဘုန်းကြီ မေးယင် ဒီလိုပြောတာပေါ့ကွာ၊ ဘုရားကိုလဲ မင်းမစွန့်နဲ့.ကွ....၊ သူပြောတာလဲ ဟုတ်သားဘဲ လိုက်လိုက်၊ ပြီးတော့မှ မင်းထင်ရာသွား....(မှန်လှုပါ)။

အံမာလေး....ကြောက်စရာကြီးပါလား တကားတကားမတို့.... (မှန်လှုပါ) ရိပ်မိလေး....(ရိပ်မိပါပြီဘုရား)။

မလွန်လွန်းဘူးလား ခင်ဗျားတို့ဟာ... (လွန်လွန်းပါတယ် ဘုရား) အားရေးရှိတော့ ကယ်တော်မူပါ... ကယ်တော်မူပါနဲ့ အရှဲ့ကလေ တိုက်တဲ့ဥစ္စာကျတော့ ခင်ဗျားတို့က ခပ်ဖုံးဖုံးတိုက် ချင်လို့ တကားကြွယဲ့ ကောင်းပါ့မလား.. (မကောင်းပါဘုရား) ဒါ.. ဆုံးမနေတယ်လို့ မှတ်လိုက်စမ်းပါ... (မှန်လှုပါ)။

တရားထဲမှာ စကားထည့်ပေးနေတာဟာ ခင်ဗျားတို့ မတွေ့ရမည့်ကိစ္စကို ထည့်တာမဟုတ်ပါဘူး....(မှန်ပါ့) တွေ့ရမည့် ကိစ္စကို ကိုယ်တိုင်ကြုံရမည့်ကိစ္စဖြစ်နေလို့ တကာသင်တို့ ဦးမာဒင်တို့ ဒါလေးက ပြောရခြင်းဖြစ်ပါတယ်... (မှန်ပါ့)။

ကိုင်း.... ဒါဖြင့် အဲဒီအချိန်ကျတော့ တကာ တကာမတို့ အိပ်ရာပေါ် ပက်လက်ကလေး- ဆရာဝန်ဘွဲ့ကလဲ မထင်ဘဲဘူး၊ ကိုယ့်ကိုယ့်,ကိုယ်လဲ ကိုယ်ဘိုင်မထင်တော့ဘူး.... (မှန်ပါ!) ဘေးကဟာခတ္ဒုသာလဲ ရေကလေး သောက်ဦးမလား၊ အစာကလေး-ဘာကလေးမျှား အလိုရှိသေးသတုံး၊ ကိုယ်ကလဲ ကောင်းကောင်း မကြားဘော့ဘူး....(မှန်ပါ! ဘုရား) ဒီအချိန်မှာ ကိုယ် သွားရမည့်လမ်းကို မြင်နေတယ်....(မှန်ပါ! ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

အင်း... တကာဘကာမတို့ ဘယ်နှယ်ကြောင့် ဒီအချိန်မှာ ဒါဘွေ့မြင်ရပါလိမ့်မတုံး ..ဆိုတော့ "စျာဃထ ဘိက္ခဝေ မာပမာဒတ္ထ" ကို လက်လွှတ်ခဲ့လို့ ..(မှန်ပါ!)။

ဘိက္ခဝေ= ရဟန်းတို့၊ စျာဃထ=ဝိပဿနာရှုကြ၊ မာပမာဒတ္ထ= သားရေး,သမီးရေး,စီးပွားရေးကြောင့် မေ့မနေနဲ့-ဆိုတဲ့ စကားကို မေ့ပစ်လိုက်ဘယ် ...(မှန်ပါ!)။

အဲဒါကြောင့် သေကာနီးမှာ အကြီးအကျယ်မျက်ရည်ကျတဲ့ ဒုက္ခသာတွေ့တယ်....(မှန်ပါ!)။

ပြုံးမသေနိုင်ဘူးဗျ ...၊ မဲ့သေခဲတာ့မယ်၊ ငကြောက်ဘဲလူ မျက်နှာနဲ့ သေရမှာကိုးဗျ....(မှန်ပါ!)။

ကိုင်း.... အဲဒီကျခတော့ ခင်ဗျားတို့ ချစ်သူစွဲခဲသာသား ဒီဂရီကလေးတောင်မှ နည်းနည်းလိုတာကလေး ဖောင့်ဆိုင်းနေတာ ကျောင်းထားလို့....(မှန်ပါ!)။

သူတို့အတွက်ကြောင့် ကိုယ်အရေးကြီးနေဘာပါ၊ နို့မဟုတ်ယင် ကိုယ့်အလိုးဘာ့ဖြင့် ယခုအချိန် ကျောင်းကန်ဘုရားနဲ့ နေ

ဘို့ပါဘဲ၊ ဘာနဲ့ညာနဲ့ ခင်ဗျားတို့က ရှုပ်လိုက်တာလဲ လွန်လို့ ဘာမှန်းတောင်မသိဘူး .... (မှန်ပါ့) ဘာမှလဲ မဟုတ်ဘူး၊ ပြီးတော့လဲ၊ ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ဘာမှမဟုတ်ဘူး၊ ကိလေသာ ဆင်ခြေလဲနေတာဘဲ၊ ဘုန်းကြီးကတော့ ဒါကို တထစ်ချယူလိုက်တာဘဲ... (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

တကာကြွယ် ဘယ်သူက ဆင်ခြေလဲတာတုံး.... (ကိလေသာက ဆင်ခြေလဲတာပါဘုရား)။

ဒီနေ့ တရားနာပျက်သွားတယ်ဘုရား... ၊အားထုတ်ကလေးလဲ ပျက်သွားတယ်၊ ဘာဘုံး... မကင်းတရားကလေး.... (မှန်ပါ့) ဘာမကင်းတာတုံး ပြောပါဦး.... တဏှာဝင်လာလို့ဘုရာ့ တိုတို့ လျှောက်ပါ....(မှန်ပါ့)။

မကင်းတရားဆိုတာ ဘယ်သူက မကင်းတာတုံး.... (တဏှာက မကင်းတာပါ၊ တဏှာကမကင်းတာကို ခင်ဗျားတို့က လူကြားထဲ ညည်ခံစကားပြောနေတယ်.... (မှန်ပါ့) တဏှာဆိုတာ ဘေးချိတ် ထားရမှာ အယုတ်တမာတရား... (မှန်ပါ့)။

ခင်ဗျားတို့က ဒါနဲ့ညည်ခံနေတယ်.... (မှန်ပါ့) တကာကြွယ် သာဆိုးထင်ပါရဲ့.... (မှန်ပါ့)ဒီလိုမျိုးညည်ခံဘူးသေးသလား.... (ခံဘူးပါတယ်)ဦးမာဒင်ကြီးကော ညည်ခံဘူးသေးသလား... (ခံဘူးပါတယ်) အံမာလေး.... ကြောက်စရာတွေပါလားဗျာ.... (မှန်ပါ့)။

ကျုပ်ဟာ ဒီဥစ္စာကို ဇွဲနဲ့မဲနဲ့ လုပ်နေတာဗျ၊ တကယ့်မကင်း တရားကလေးက ဝင်ရှုပ်နေတယ်... (မှန်ပါ့ဘုရား) မကင်း၊

တရားကလေးက ဝင်ရှုပ်နေတယ်ဆိုတော့ ဦးမာဒင်တို့လို့တကာ ကြွယ်တို့လိုက ဩော်....ဒီလိုပေါ့ဗျာ မကင်းသေးတော့...တဲ့.... (မှန်ပါ့)။

အင်း... ဟိုက ထောက်ခံချက်ပေးလိုက်တာယ်.... (မှန်ပါ့) အပါယ်စုံတဲ့သွားမလို့....(မှန်ပါ့) သူ့ဟာက ဒီကျအောင် ဆိုးဝါးနေတာ....(မှန်ပါ့) မဆိုးဝါးပေဘူးလား....ကဲ....(ဆိုးဝါးပါတယ်ဘုရား)။

အဲဒါ မိန်းမချင်း တိုင်ပင်လဲ ဒီအတိုင်းပါဘဲ....၊ ဟုတ်တယ် သူတော်ကောင်းအလုပ်ကို ကျုပ်လဲ စိတ်ရှိတယ်၊ ရှင်တို့လဲ စိတ်ရှိတာဘဲ....၊ ရှိပေမဲ့ ဘုံစုံခရုတွေက တယ်များတယ်၊ အင်း.... လာပြီ... (မှန်ပါ့) ကျုပ်တို့လဲ ငယ်ငယ်တုန်းကဒီလိုနေခဲ့ရတာဘဲ၊ အင်း....အပါယ်သွားဘို့ ညှိကြပြီ...(မှန်ပါ့)။

ဘာလုပ်တာပါလိမ့်.... (အပါယ်သွားဘို့ ညှိတာပါဘုရား) အင်း....ခေါင်းအုံးပေါ် မျက်ရည်ကျချင်လို့....(မှန်ပါ့)ခေါင်းအုံးပေါ်မျက်ရည်ကျတော့ ကြည့်တဲ့လူက ပညာရှိလား·ကိုယ်လို လူဘဲလား....(ကိုယ်လိုလူပါဘဲဘုရား)။

အဲဒီတော့ တကာတကာမတွေဘဲ စဉ်းစားကြည့်စမ်းပါလား· တသိန်းသေလို့ သုဂတိတယောက် မရောက်ဘူးက၊ နိဗ္ဗာန်အသာထားဦးတဲ့....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ဘုရားက သုံးဆယ်နဲ့ နှစ်ကြိမ်တိုင်တိုင် သားရေး,သမီးရေး, စီးပွားရေးကြောင့် ....

မေ့မနေနဲ့၊ မြန်မြန်ဝိပဿနာရှုလိုက်ကွ....(မှန်ပါ့)မမှာဘူးလား-(မှာပါတယ်ဘုရား) သုံးဆယ်နဲ့ နှစ်ကြိမ် မှာတာနော် .... (မှန်ပါ့ဘုရား)။

မာပမာဒတ္ထ=သားရေး,သမီးရေး,စီးပွားရေးကြောင့် မေ့မနေကြနဲ့၊ ပစ္စာ = သေရာညောင်စောင်းလျောင်းစက်ဘဲ့ အခါကာလကျမှ၊ ဝိပွင့်သာရိနော=ငါဖြင့် ကိုယ်ကျိုးနဲပြီလို့ နှလုံးမသာယာခြင်းရှိကုန်ကြသည်။ မာအဟုဝတ္ထ=မဖြစ်ကြကုန်လင့်-(မှန်ပါ့ဘုရား)။

ကိုင်း....အဲဒီကျမှ နိမိတ်တွေကထင်လာတော့ ဘေးက မျက်ရည်တရှုပ်ရှုပ်နဲ့ ကိုယ်ကလဲ မဲ့တဲ့တဲ့နဲ့.....(မှန်ပါ့)။

ဘေးကလူတွေက မျက်ရည်တရှုပ်ရှုပ်နဲ့... ၊မရဘူးထင်တယ်.... မရဘူးထင်တယ်နဲ့ မလာဘူးလား.... (လာပါတယ်ဘုရား)။

ဟိုကလဲ မျက်နှာကောင်းသလားဆိုတော့ ဟို-နိမိတ်ကြည့်ပြီး သကာလ ဖျတ်ဖျတ်ကိုလူးတယ်.... (မှန်ပါ့) တကာတကာမတွေ့ဘယ်လောက်ဆိုးသလဲ....(ဆိုးပါတယ်ဘုရား)။

ခင်ဗျားတို့ လဲထားတဲ့ဆင်ခြေတွေ ဒီမှာမိပြီ.... (မှန်ပါ့) ကိလေသာက အလဲခိုင်းလို့ ကိလေသာ့စကား နားထောင်လို့ ဆရှုးစကားနားထောင်လို့ ကိုယ်ကျိုးနဲတာ၊ ဟိုမှာမထောက်ရသေးဘူး.... (မှန်ပါ့) မထောက်ခင်ကကိုက ကိုယ်ကျိုးနဲနေပြီ.... (မှန်ပါ့) တကာသစ် ရိပ်မိပလား....(ရိမိမိပါပြီဘုရား)။

ဒါဖြင့် သေမှဒုက္ခရောက်မှာလား....၊ မသေခင်တွေ့ကြုံရမှာလား....(မသေခင်တွေ့ကြုံရမှာပါဘုရား)။

သြော်....ဘုန်းကြီးတို့ တကာတကာမတွေ ဒီလိုသတိပေးမည့် ပုဂ္ဂိုလ်နဲ့နေလို့ ရှိယင်ဖြင့် ခင်ဗျားတို့အရေးနဲ့ ခင်ဗျားတို့ဖြင့် အရှုးချင်းခေါင်းငြိမ့်ပြီးသကာလ ဟုတ်နေကြမှာဘဲ.... (မှန်ပါ့) ခင်ဗျားတို့ချင်း ခေါင်းငြိမ့်နတာတွေ့ တလုံးမှမဟုတ်ဘူး.... (မှန်ပါ့)။

တကားကြွယ် ခင်ဗျားတို့ ပြောဘူးဆိုဘူးကြပါလိမ့်မယ်.... (မှန်ပါ့) ခင်ဗျားဘယ့်နှယ်နေသတုံး၊ အို .. မခပြောနဲ့ဗျာ၊ကျုပ်လဲ ရှုပ်တာနဲ့ သူတော်ကောင်းဘက်တောင် ခပ်မှန်မှန်ဖြစ်နေကယ်· (မှန်ပါ့) အံမာ...ဒါနဲ့ ညည့်ခံတာကိုးဗျ....(မှန်ပါ့)။

အဲဒီတော့ ဘေးကပုဂ္ဂိုလ်ကလဲ ဒီလိုပေါ့ဗျာ၊ အလုပ်အကိုင်စာလေးကလဲ မပြေပြစ်သေးတော့ အင်း.... ဘေးကလူတွေကလဲ ဒီလိုတွေးပြီးတော့ တွန်းချလိုက်တယ်.... (မှန်ပါ့) ရိပ်မိပလားဗျာ (ရိပ်မိပါပြီဘုရား)။

အံမာလေး....တကာတကာမတွေက ဒါကို မိတ်ဆွေကောင်းမှတ်ပြီးသကာလ အရေးရှိတိုင်ပင်ရမှာက ခင်ဗျားဘဲရှိတယ်လို့ ပြောချင် ပြောနေဘာ....(ပြောပါတယ်ဘုရား)။

တွန်းချမည့် လူကိုဘာတဲ့ .. (ခင်ဗျားဘဲရှိတယ်)အံမာလေး.... ကြောက်စရာကြီးပါလား တကာတကာမတို့ လူကိုမရွေးတတ်သေးဘူး....(မှန်ပါ့) မရွေးတတ်သေးဘူး ကိုယ်လိုတဏှာသမားဘဲ လှည့်ရှာနေတယ်....(မှန်ပါ့)။

တကာကြွယ် ဒါတွေကို ကြပ်ကြပ်သတိထားနားထောင်ပါ (မှန်ပါ့) မိတ်ဆွေကောင်း ရှာမှ·ရှားနော်.... (မှန်ပါ့) ရှာမှ·ရှားပါတယ်တဲ့၊ သို့သော် ခင်ဗျားတို့ဖဲ့ထားတဲ့ မိတ်ဆွေကတဏှာထားပေးဆိုယင် ကျေးဇူးရင်ကြီး - (မှန်ပါ့)။

ဘယ်လိုပါလိမ့်... (တဏှာအားပေးဆိုယင် ကျေးဇူးရင်ကြီးပါဘုရား)။

အဲ.. စီးပွားရေးကခလေး ဘာကလေးမျှားအားကြောင်းညီညွတ်တဲ့အချိန် ကျုပ်ကယ်ပေးပါဦးမယ်၊ မ,ပါဦးမယ်ဆိုယင် အို.... ကျေးဇူးဘင်လိုက်တာ၊ ဆွေမတော်,မျိုးမတော်နဲ့.... (မှန်ပါ!) တွန်းချတာတော့ သိတာမှမဟုတ်ဘဲ.... (မသိပါဘုရား) ရိပ်မိပဟလား....(ရိပ်မိပါပြီဘုရား)။

တွန်းချတာပဲလား.. ၊ ခင်ဗျားတို့ကျေးဇူးရင်ဆိုကြမလား.... (တွန်းချတာပါဘုရား)။

ဒါ-တွန်းချမှာကိုဘဲ ခင်ဗျားတို့က သူ့ဆီများကွာ ဒို့-ဘာကိစ္စရှိရှိ-မဓမ,ပါနဲ့ တွန်းချမည်လူမို့....(မှန်လှပါ) အဓိမာလေးကြောက်စရာကြီးပါလား... (မှန်ပါ!)။

တကယ် တကာတကာမတွေဘဲ ဆိုတဲ့ဥစ္စာလဲ မသိလို့ ဖေါ်ပြောနေရတယ်... (မှန်ပါ!) ခင်ဗျားတို့ကတော့ ဒီ-အလုပ်,လုပ်နေတာဘဲ—(မှန်ပါ!)။

သို့ဆသော် မိတ်ဆွေကောင်း,မိတ်ဆွေရင်း, မိတ်ဆွေစစ် သယ်ယူပို့ဆောင်မည့်ပုဂ္ဂိုလ် ဟုတ်-မဟုတ်ကို မရွေးတတ်လို့ ဖေါ်ပြောနေရတယ်....(မှန်ပါ!) ရှင်းကြပလား....(ရှင်းပါပြီ)။

အဓိမာလေး... တကယ့်ကို တရားမဟောရသေးဘူး· တကာတကာမတို့ သူတို့အထဲက မကောင်းတာ ထုတ်ပြောနေရတာနဲ့ ကိုမနည်းပါဘူး၊ အချိန်ကကြာသွားတယ်... (မှန်ပါ!)။

ကိုင်း— ဒါဖြင့် တကာတကာမတို့ မာပမာဒတ္ထ=သားရေး, သမီးရေး, စီးပွားရေးကြောင့် မေ့မနေကြနဲ့၊ ပစ္စာ= သေရာညောင်စောင်း လျောင်းစက်တဲ့ အခါကာလကျမှ၊ ဝိပ္ပဋိသာရိ

နော= သြော်.... ငါ့အနေမှားလို့ အသေဖြင့် မှားပါပေါ့လား လို့ နှလုံးမသာယာခြင်း ရှိကြကုန်သည်၊ မာအဟုဝတ္ထဲ= မဖြစ်ကြကုန်လင့်.... (မှန်ပါ့)။

အဲဒီကျမှ အနေမှားခဲ့လို့ အခု သေခါနီးအမှားနဲ့ တွေ့ပါပေါ့လား.... (မှန်ပါ့) သို့သော် အချိန်မရှိဘူး၊ မရဏာသန္နအခါမှာ လာတာကိုးဗျ....(မှန်ပါ့)။

ဘယ်အခါမှာ လာတာတုံး.... (မရဏာသန္နအခါမှာ လာပါတယ်ဘုရား) အဲ.... သေခါနီးအခါမှာလာတယ်၊ မရဏာသန္နဇောစေဝလို့.... တစ်, နှစ်, သုံး, လေး, ငါး ပြီးယင် ဝိညာဏ်ချုပ်ပြီ... (မှန်ပါ့) နောက်ထပ်ပြင်ပေးဘို့ အချိန်ရသေးရဲ့လား-(မရပါဘုရား)။

ပြင်ပေးဘို့ အချိန်ရလို့ ရှိယင်ဘုန်းကြီးကို ကြေးနန်းရိုက်ပင့်၊ ဟာ....ဘယ်လိုနှလုံးသွင်းလိုက်ဆိုယင် တော်သေးတယ် (မှန်ပါ့) ပြင်ချိန်မရတဲ့အချိန်မှ ခုနင်က နိမိတ်တွေက ထင်လာတာ .... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ့်နှယ်တုံးဗျ.... (ပြင်ချိန်မရတဲ့ အချိန်ကျမှ နိမိတ်ခတွေက ထင်လာပါတယ်)ဒါဖြင့် ဘုရားသည် ဒါလောက် အရေးကြီးလို့ မှာတာဘဲဆိုတာ ပေါ်ပြီ.... (ပေါ်ပါပြီဘုရား)။

ပြင်ချိန်မရှိတဲ့အချိန် မင်းတို့လာလိမ့်ဦးမကွဆိုတော့ တကာတကာမတွေ့ ဒါချောက်လှန့်တဲ့ တရားလား၊ ကိုယ်တော်မြတ်ကြီး အကြိမ်ခပါင်းများစွာမှာတဲ့ တရားလား.... (အကြိမ်ပေါင်းများစွာမှာတဲ့တရားပါဘုရား)။

ခင်ဗျားတို့က တဏှာဝင်ပြီး လှည့်စားတဲ့ အသံတွေမလာခဲ့ပါနဲ့....(မှန်ပါ!) မလာခဲ့နဲ့ဆိုတာ တခြားမဟုတ်ဘူး ဘုန်းကြီးကတော့ဖြင့် ပြောရှာဘာဘဲဆိုတာ သိနေပြီ ... (မှန်ပါ!ဘုရား)။

ပြောရှာတာဘဲဆိုယင်ဖြင့် (ကွ.တော့မလို့ပါ) ကွ.တော့မလို့၊ ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဒီရှာဟာ သိပ်ခြောက်စရာကောင်းတယ်နော်-(ကောင်းပါတယ်)သြော်--ဘုန်းကြီးများလဲ ပြောရှာ၊ ဘုရားကလဲ မှာရှာ....တဲ့၊ အင်း... ကွ.ပြီ-ကွ.ပြီ(မှန်ပါ!) စကားခင်းတာဗျ (မှန်ပါ!ဘုရား)။

တကာသစ် ဘယ်ဘက်သွားမယ်ထင်သတုံး (ကွ.သည်ဘက်သွားမှာပါ) ကွ.ပြီးသကာလ သူချောင်ထိုးတော့မယ် (မှန်ပါ!) မလုပ်တဲ့ဘက်ပြေးတော့မယ်ဆိုတဲ့ အဓိပ္ပါယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီရှာကိုလဲ ခင်ဗျားတို့ တဏှာကခချုပ်တဲ့ရှာဆည့်သုံးတဲ့ အသွားဟာ မခကောင်းပါဘူး .... (မကောင်းပါဘုရား)။

အဲဒီလို နိမိတ်ထင်ပြီးသကာလ ဖျတ်ကနဲ ဝိညာဏ်လဲချုပ်ပါရော့ ဥပဒတ်ပဋိသန္ဓေဆိုယင် ဘွားကနဲ ငရဲအိုးထဲဖြင့် ငရဲအိုးထဲမှာထိုင်လျက်သွားဖြစ်တာဘဲ.... (မှန်ပါ!) သံပူကြီးပေါ်ထိုင်ရမည့် ပုဂ္ဂိုလ်ဖြင့် သံပူကြီးပေါ်သွားပြီး ကိုယ်ထည့်ကြီးသွားဖြစ်ဘာဘဲ (မှန်ပါ!ဘုရား)။

ကိုးလလွယ် ဆယ်လဖွားဆိုတာက ဂဗ္ဘသေယျက ပဋိသန္ဓေခေါ်တယ်... (မှန်ပါ!) ဟိုမှာ ဥပပတ်ဆိုတော့ ဘွားကနဲဖြစ်တာ

ဆိုတော့ ဘယ်သား, ဘယ်သမီး, ဘယ်မြေး, ဘယ်မြစ်ကနေပြီး တကာတကာမတို့ ဆွမ်းသွတ်မရဘူး....(မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့မှာ ဘာကျေးဇူးများသတုံး....(ဘာမှ ကျေးဇူးမများပါဘုရား)။

ဒါဖြင့် ဘယ်အချိန်က ပြင်ရမှာပါလိမ့် .... (အခုအချိန်က ပြင်ရမှာပါ)အခုအချိန်က ပြင်ရမှာဆိုတာ သေချာပလား .... (သေချာပါပြီ) အခုအချိန်က ပြင်လို့ရှိယင် မှီပါသေးတယ်.... (မှန်ပါ့)ဟာ... ခုနင်ကပြောခဲ့တဲ့ မရဏာသန္နဇော ငါးကြိမ်ကျမှ ပြင်မယ်ဆိုတော့ ရပါဦးမလား....(မရပါ) သေချာပလား.... (သေချာပါပြီ)ဒါဖြင့် ပြင်ပြီး ဆင်ပြီးဖြစ်ကြပါစေ .... (မှန်ပါ့ ဘုရား)။

အားလုံး တကာတကာမတွေ ဘယ်လိုမှာပါလိမ့်....(ပြင်ပြီး ဆင်ပြီးဖြစ်ကြပါစေဘုရား)။

ပြင်ပြီး ဆင်ပြီးဆိုတော့ တပည့်တော်တို့ဖြင့်ဘုရား ဝိပဿနာ ဘုရား၊ ဒုက္ခဆုံးတဲ့ဆီကျအောင် ရောက်ပါပြီဘုရား၊ တော်ပြီ ပြင်ပြီးပြီ ကိစ္စမရှိဘူး...(မှန်ပါ့ဘုရား)။

ဝိပဿနာဒုက္ခသစ္စာလဲ သိပြီဘုရား၊ ရှုလိုက်တဲ့အခါ ဒုက္ခ ဆုံးတယ်ဘုရာ့၊ ဒုက္ခအဆုံးလဲမြင်ပါပြီဘုရာ့ဆိုယင် တကာကြွယ် မစိုးရိမ်နဲ့တော့....(မှန်ပါ့) အဲဒီအချိန်ကတော့လဲ သေရာ ညောင် စောင်းပေါ် ရောက်နေငြားသော်လဲ ပြုံးနေရတယ်(မှန်ပါ့)။

ဘာအပါယ်နိမိတ်မှမထင်လာတော့ဘူး....(မှန်ပါ့)ထင်လာတဲ့ နိမိတ်ကဘာတုံးဆိုခဲတာ့ ချမ်းသာကိုမြင်တယ်.... (မှန်ပါ့ဘုရား) ချမ်းသာလာမြင်တဲ့ အခါကျတော့ သြော် .... ဒီမှာဆင်းရဲတာ တွေလှည့်လိုက်၊ ဟိုမှာချမ်းသာမြင်လိုက်တော့ တကာတကာမတို့ မြေအိုးစွန့်ပြီး ရွှေအိုးကိုင်ရမှာ ဆိုတော့ ပျော်သွားတယ် .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒါကြောင့် ဇာတ်သောကိုပုဏ္ဏားက သေရမှာကြောက်တဲ့ ပုဂ္ဂိုလ်ချည့်ရှိတယ်လို့ တပည့်တော်အယူရှိပါတယ် လျှောက်လို့ ဘုရားက မဟုတ်ဘူး ဇာတ်သောကို ပုဏ္ဏားရ၊ သေရမှာ ကြောက်တဲ့ပုဂ္ဂိုလ်သဲရှိတယ်၊ မခကြောက်တဲ့ပုဂ္ဂိုလ်သဲ ရှိတယ်လို့ နှစ်မျိုးဟောတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ပြင်ပြီး ဆင်ပြီး ဝိပဿနာဉာဏ်ခတ္တ ပေါက်ပြီးသား တွေကျတော့ ကြောက်စရာရှိသေးရဲ့လား .... (မရှိပါဘုရား)။

အေး....ဒါကြောင့် ဒီလာကြတဲ့ တကာတကာမတွေ ကိုယ့် အရေးကိုယ်သိပြီး ကိုယ့်ကိုယ် ကိုယ်ကယ်တင်မှရတယ်၊သားသမီး မကယ်တင်နိုင်ဘူး....(မှန်ပါ့) ခင်ပွန်းမက ခင်ပါတယ်. ကျင်နာ ပါတယ်. အရိုးမြေကျပါဘဲဆိုငြားသော်လဲ လောကွတ်ခပြာတာ မွတ်ပါ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီမှာလဲ ကိုယ့်.ကိုယ်ဘာနဲ့ ကယ်တင်ရမလဲ .... (ကိုယ်ဘဲ ကယ်တင်ရပါမယ်) ကိုယ့်ကိုယ်ကို ကိုယ်ဘဲကယ်တင်ရမယ် (မှန်ပါ့)ဒီကိုယ်ကြီးက ကယ်ဘင်မှာလား ကိုယ့်အလုပ်က ကယ်တင်မှာလား....(ကိုယ့်အလုပ်က ကယ်ဘင်မှာပါဘုရား)။

ဒါဖြင့် တကာတကာမတွေ့ ဒီအလုပ်လောက် အရေးကြီးတာဖြင့် ရှာမတွေ့တော့ဘူး.... (မှန်ပါ့) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

အယ်=ကျွင်ပါပြောခဲ့တဲ့ သခါနိုးမှ နှလုံးမသာယာခြင်းရှိတဲ့ အလုပ်သည်၊ ဝေါတုမှာက်= သင်ချစ်သားတို့အား၊ အမှာက်= ငါဘုရားတို့၏၊ အနုသာသနီ= အကြီးအကျယ်ဆုံးမတာဘဲတဲ့.... (မှန်ပါ့) သုံးဆဲ့နှစ်ကြိမ်ဆုံးမတယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် သခါနိုးမှ မျက်ရေကျပြီးသကာလ ကိုယ်ကျိုးနည်းပေါ့ဆိုတဲ့ အသွားနဲ့မသေရအောင် မင်းတို့စောစောစီးစီးက ဓျာယထဆိုတဲ့ သမထဝိပဿနာအလုပ်ကိုကြိုးစားလိုက်ကွ.. - ဆိုတဲ့ဥစ္စာမျှား အင်မတန်မအားဘဲ့အထဲက ပြောတဲ့စကားလို့ မှတ်လိုက်စမ်းပါ...(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ် .... (မအားတဲ့အထဲက ပြောဘဲ့စကားပါဘုရား)မအားတဲ့အထဲက ပြောတဲ့စကားဆိုတော့ တကာတကာမတို့ နည်းနည်းမှတ်ရမှာလား· ထိပ်သဲ့မှီစဲ့သလိုမှတ်ရမှာပါ .... (မှန်ပါ့)ရှင်းကြပလား .. (ရှင်းပါပြီဘုရား)။

အေး.... ဒါ့ကြောင့် တကာတကာမတို့ ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီး ဒီဥစ္စာကို ဘုရားမှာတော်မူတာကို ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားကြီး နာရီသုံးမတ်တိုင်တိုင် ပြောနေပါလိမ့်မတုံးဆိုဘော့ ကြီးတဲ့အရေးမို့ ကြီးအောင်လုပ်နေတာပါ. (မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကိုင်း ....ဒါဖြင့် ကဲ-ဘုရား ဒီအရေးကိုဖြင့် တပည့်တော်တို့ ရှောင်ပြီးသကာလ သားရေး,သမီးရေး, စီးပွားရေးကိုမတက်သာ အလုပ်-လုပ်ပြီးသကာလ သာယာသဖြင့် မလုပ်ဘဲနဲ့ ကိုယ့်အရေး ကိုဖြင့် အကြီးအကျယ်အခိုင်ထားပြီး လုပ်ပါတော့မယ်ဆိုလို့ ရှိယင်ဖြင့်တဲ့ ပြင်ပြီး ဆင်ပြီးဖြစ်လို့ မဲ့သေအဖြစ်မှ ရုပ်သိမ်းပြီး သကာလ ပြုံးသေအဖြစ်သို့ ပြောင်းပါလိမ့်မယ်....(မှန်ပါ!) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မဲ့သေရုပ်သိမ်း၍ .... (ပြုံးသေအဖြစ် ပြောင်းပါလိမ့်မယ်) ပြုံးသေအဖြစ်သို့ ပြောင်းရတော့မယ်ဆိုတဲ့ဥစ္စာ ဝိပဿနာဘဲ ... (မှန်ပါဘုရား)။

တကာကြွယ် ဘာပါလိမ့်... (ဝိပဿနာပါ) မဲ့သေရုပ်သိမ်းပြီး ပြုံးသေကိုအားပေးနိုင်တာ ဘယ်သူပါလိမ့် .... (ဝိပဿနာပါဘုရား)။

ကဲ... ဒါဖြင့် ဝိပဿနာဟောကြစို့....(မှန်ပါ!)ဝိပဿနာဟော တော့မယ် တကာတကာမတို့ အခုမှာလုံးဟာလဲ အခုဟော့တဲ့ ဝိပဿနာပါဋိတော်မှာ နောက်ဆုံးပိတ်မှတ်.... (မှန်ပါဘုရား)။

ဝိပဿနာဆိုတာ တကာတကာမတို့ အင်မတန်လွယ်ပါတယ် (မှန်ပါ!) လွယ်ပုံကလေးရှင်းပြမယ်နော်(မှန်ပါ!) ဇင်္ဂလန်ဂုံးမှာ သုဝဏ္ဏဝေဠုဝန်ဆိုတဲ့ ရွေဝါးတွေပေါက်တဲ့ နေရာမှာ ရွေဝါးတွေ ပေါက်တဲ့ ဝါးတောထဲမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သီတင်းသုံးပြီးသကာလနေတော့ ရှင်အာနန္ဒာနဲ့ တကွ ဘေးက ရဟန်းတွေက တရားနာမလို့ စောင့်နေတယ်.... (မှန်ပါဘုရား)။

ဒီအထဲမှာလဲ ဘယ်သူပါလာသတုံးဆိုလို့ရှိယင် ပါရာသိဝိယ ဆရာကြီး၏တပည့် ဥတ္တရလုလင်ကလဲ ပါလာတယ်.(မှန်ပါ့) ပါလာတော့ ဘုရားက သြော်.... ဒါအကြောင်းပြုပြီး ဟောရတော့မယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တရားပဲ့စ,လျှင်စ,ခြင်း ဥတ္တရလုလင်....လို့ ခေါ်လိုက်တယ် ... (မှန်ပါ့ ဘုရား)။

ဥတ္တရလုလင်လို့ ခေါ်လိုက်ပြီးသကာလ မင်းတို့ ပါရာသိဝိယ တက္ကသိုလ်ဆရာကြီးက ဣန္ဒြေလုံခြုံဘို့ ဣန္ဒြေပွားများဘို့ ဘယ်လိုများ ဟောသတုံးကွ.. တဲ့၊ တခါတည်း ဘုရားက မေးလိုက်တယ် .. (မှန်ပါ့)။

အဲဒီလို မေးလိုက်တဲ့အခါကျတော့ ဣန္ဒြေဆိုတာ မျက်လုံးပေါက်, နားပေါက်, နှာခေါင်းပေါက်, လျှာပေါက်, ကိုယ်ပေါက်, မနောပေါက်ပေါ့ဗျာ.... (မှန်ပါ့) ဒီအပေါက်တွေက လောဘ,ဒေါသ,မောဟ မလာဘို့ ဘုရားက ဒါ-အရေးတကြီး ပြောချင်တယ်.....(မှန်ပါ့)။

အဲဒီတော့ ပါရာသိဝိယဆရာကြီးက သူ့ကိုဟောထားတာက ဥတ္တရလုလင်ကို မျက်စိရှိယင် မျက်စိမဖွင့်ယင် လောဘ မလာဘူးတဲ့၊ လောဘ,ဒေါသ,မောဟ မလာဘူးက၊ မျက်လုံးပိတ်ထားလို့ ဟောပါတယ်.....(မှန်ပါ့) နားရှိလျက်နဲ့ နားပိတ်ထားလို့ရှိယင် လောဘ, ဒေါသ, မောဟမလာပါဘူးက၊ ဣန္ဒြေယသံဝရသီလ ဣန္ဒြေယဘာဝနာဆိုတာ ဒါပါဘဲကွာ... လို့ ဒီလုလင်ကိုသင်ထား-တယ်.....(မှန်ပါ့)။

သြော်.....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကောက်မေးလို့ ဥတ္တရလုလင်က မျက်စိရှိတဲ့ပုဂ္ဂိုလ် မျက်စိပိတ်ထားရမယ်

လို့ တပည့်တော်တို့ ဆရာကြီးဆုံးမပါတယ်၊ နားရှိတဲ့ပုဂ္ဂိုလ် နားပိတ်ထားရမယ်လို့ ဆုံးမပါတယ်ဆိုတော့ ဩော်....ဒို့ ဆရာကြီး အယူဇော်ဟာ အမျှားကြီးလဲကုန်ပေါ့... တဲ့....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒါဖြင့်ကွာ....တဲ့၊ မင့်ဘဲငါးမးပါရစေ ဥတ္တရလုလင်၊ ဝမ်းတွင်းက မျက်လုံးကန်းလာတဲ့ ပုဂ္ဂိုလ်များ ကုန်ဒြိယဘဝနာဝိပဿနာအလုပ်ကြီး လုံခြုံတယ်လို့ မင်း-ဆိုမလား... တဲ့.... (မှန်ပါ့) ငမ်းတွင်းက နားနှစ်ဖက်စလုံး ကန်းလာတဲ့ပုဂ္ဂိုလ်၊ ကုန်ဒြိယဘာဝနာအလုပ်ပြည့်စုံပြီလို့ မင်း-ဆိုမလားလို့ဆိုဘော့ ဥတ္တရလုလင်က ရိပ်မိပြီးသကားလ ဘာမှ မပြောဘဲ နေလိုက်တယ်... (မှန်ပါ့)။

ဩော် ဟုတ်သားဘဲ၊ ဒို့ဆရာကြီးဆုံးမတာဟာ မျက်လုံးပိတ်ထား,နားပိတ်ထား၊ လောဘ,ဒေါသ,မောဟ မလာဘူးလို့ ဆိုတာ ဝမ်းတွင်းကန်းတွေနဲ့ အတူတူခိုင်းထားတဲ့ အဓိပ္ပါယ် ရောက်ပါပေါ့လား၊ ငါလဲဖြစ်ရာမရှိဘူးဆိုပြီးသကားလ ခုနင်က ဥတ္တရလုလင်က မှိုင်တွေးကြံပြီးနေတာပါဗျာ... (မှန်ပါ့)။

နေတော့.... ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီအတိုင်းပြောတဲ့အခါကျတော့ ဥတ္တရလုလင်လဲ ငြိမ်ပြီးသကာလ နေတဲ့အခါမှာ ညီတော်အာနန္ဒာက ဒီတရားဟာ ဟုတ်သလိုလိုနဲ့ အတော်လွဲနေပြီဟေ့....တဲ့.... (မှန်ပါ့) ငါဘုရား၏ အဆုံးအမအရိယာတို့၏ ကုန်ဒြိယဘာဝနာဆိုဘာဝာ ဒါမဟုတ်ဘူးက့၊ အဲဒီဝိပဿနာက တမျိုးက့. ဆိုပြီးသကားလ ညီတော်အာနန္ဒာ.... သဃာဒိတ့်ကိုစုက့ာ....၊ ငါ ကုန်ဒြိယဘာဝနာကို ဟောမည်၊ တက္ကသိုလ်ဆရာကြီးပြောတဲ့ ကုန်ဒြိ ဘာဝနာဟာ ဟုတ်သလိုလိုနဲ့ လူပြိန် သဘောကျဖြစ်နေပြီ... (မှန်ပါ့)။

အဲဒီတော့ သေသေချာချာ အရိယာတို့၏ ဣန္ဒြိယဘာဝနာကို ငါဟောမယ် သံဃာတွေ့ စုဆိုပြီးသကာလ အစုခိုင်းလိုက်တယ်....(မှန်ပါ့)။

အစုခိုင်းပြီးသကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဣန္ဒြိယဘာဝနာကို ငါဟောမယ် ရိုရိုသေသေနာကြ၊ ဝိပဿနာအလုပ်ပြမယ်အတွဲ့(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဘာအလုပ်ပြမှာပါလိမ့် .. (ဝိပဿနာအလုပ်ပြမှာပါဘုရား) ဝိပဿနာအလုပ်ပြပါလိမ့်မယ် တကာတကာမတို့ အထူးတလည် နားထောင်ပါ....(မှန်ပါ့) အင်မတန်ကောင်းတဲ့ ဝိပဿနာဆိုတဲ့ ဥစ္စာ လူစိမ်းရော·လူကျက်ရော-အင်မတန်ကျေးဇူးများတဲ့ ဝိပဿနာ ဖြစ်ပါလိမ့်မယ်....(မှန်ပါ့)။

ကဲ့ .. တဲ့ မျက်လုံးဟာပါက်ကိုဖွင့်လိုက်တယ်၊ တကာတကာမတို့ မျက်လုံးပေါက်ကို ဖွင့်လိုက်တယ်ဆိုတော့ မျက်လုံးက အဆင်းကားလား မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား)။

အင်း.... မြင်တယ်ဆိုလို့ ရှိယင် တကာကကာမတို့ မြင်ပြီးသကားလ လိုချင်တဲ့ စိတ်လောဘလဲ လာတတ်တယ်.... (မှန်ပါ့) မလာဘူးလား....(လာပါတယ်ဘုရား)။

မြင်ပြီးသကာလ အင်း.... အမြင်မတော်တာမြင်ရလို့ ဒေါသကော·(လာတတ်ပါတယ်ဘုရား)တခါတလေကျတော့ မြင်တာမှုမြင်မှန်းမသိတဲ့ မောဟကော... (လာပါတယ် ဘုရား)။

ဒါဖြင့် မြင်တဲ့နေရာမှာ မြင်လို့ လိုချင်ယင် လောဘလာတာပေါ့... (မှန်ပါ့) မြင်တာကိုမုန်းယင်.... (ဒေါသလာပါတယ် ဘုရား)မြင်တာကိုမြင်တယ်လို့ မြင်မှန်းမသိတဲ့အခါလဲ မြင်တော့ မြင်တာဘဲ ဘာမှ ဂရုမစိုက်ဘဲနဲ့ သွားရင်း-လာရင်း တွေ့သွားတဲ့

အမြင်မျိုးပေါ့ဗျာ.... (မှန်ပါ) အဲဒီအမြင်မျိုးကျပြန်တော့လဲ မောဟကောဝ.... (လာပါတယ်ဘုရား) သဘောကျပလား ... (ကျပါပြီ)။

ခင်ဗျားတို့မော်တော်ကားနဲ့ လျှောက်သွားတဲ့အခါကျတော့ လမ်းတွေ,သစ်ပင်တွေ တွေ့သွားတော့ မြင်တော့မြင်သွားတာဘဲ၊ မြင်တော့ မြင်သွားတာဘဲ၊ ဘာသစ်ပင်,ဘာသစ်ပင်,ဘာသစ်ပင်လို့တော့ မသိဘူး... (မသိပါဘုရား)။

မသိတဲ့အခါလို့ရှိယင်ဖြင့် တကာတကာမတို့ အဲဒီ မနောပ-အမနာပဆိုတဲ့အတိုင်း သာယာတာလဲမဟုတ်ဘူး၊ မသာယာတာလဲ မဟုတ်ဘဲနဲ့ ပေါ်တဲ့စိတ်တွေကလဲရှိသေးတယ်.... (ရှိပါတယ်ဘုရား)။

အဲဒါကျတော့ မောဟဟေ.....(မှန်ပါ့) ဘုရားက ဟောပြီတကား ကြွယ်-ရေ....(မှန်ပါ့ဘုရား)။

ကဲ.... ဦးမာဒင်တို့ မြင်တာလိုချင်ယင် လောဘ.... (မှန်ပါ့) မြင်တာ မုန်းလာယင်... (ဒေါသပါဘုရား) မြင်တာကိုပင်လျှင်ဘယ်ဟာ ဘယ်မှာရယ်လို့ မြင်တာက ဘယ်လူလို့မသိတဲ့အခါကော မပါဘူးလား.... (ပါ.ပါတယ်ဘုရား) အဲဒီအခါကျတော့ ဘာဖြစ်မတုံး.....(မေးဟပါဘုရား)။

ဩော်.. ဒါဖြင့် ခင်ဗျားတို့ မျက်လုံးဖွင့်လိုက်ယင် ဒီသုံးခုတခုခုလာရတော့မယ်.....(မှန်ပါ့)။

ဒီသုံးခု ဘာပါလိမ့်... (တခုခုလာရပါမယ်ဘုရား) တခုခုလာရတော့မယ် ဆိုလို့ရှိယင်ဖြင့် ဦးမာဒင်-ရေ.... ဘုန်းကြီးတို့

အားလုံး တကာတကာမတွေ့အတွက်မှာ သိပ်စိုးရိမ်မိတယ်.... (မှန်ပါ)။

ဘယ့်နှယ်ကြောင့် အရှင်ဘုရားက ဘာဖြစ်လို့ စိုးရိမ်ရတာ့ တုံး...လို့ မေးတဲ့အခါကျတော့ အသိဉာဏ်ကြီးလို့ စိုးရိမ်တာ လို့မှတ်ပါ...(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် စိုးရိမ်ပါလိမ့်....(အသိဉာဏ်ကြီးလို့ စိုးရိမ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

အသိဉာဏ်ကြီးလို့ စိုးရိမ်တယ်ဆိုဒုတ့် တကာတကာမတွေကို ခဏခဏ ဒီလိုပမာပြောတယ်....(မှန်ပါ့ဘုရား) အတွမ်းမစ်ဗုံး နာဂါးကီတို့ကို ချမယ်ဆိုတော့ကို ဂျပန်ကို နို့တစ်ခေးတယ်၊ လက်နက်ချလိုက်ပါ..၊ နို့မဟုတ်ယင် အတွမ်းမစ်ဗုံး ချမယ်ဆိုတဲ့ သူက အတွမ်းမစ်အခြောင်းမသိးတဲ့ လက်နက်မချဘဲ နေတယ်..(မှန်ပါ) လက်နက်မချဘဲနေလိုက်တော့ တမြို့လုံး ပျက်စီးတယ်..(မှန်ပါ့) မပျက်စီးကြဘူးလား....(ပျက်စီးပါတယ် ဘုရား) ဘာဖြစ်လို့တုံးဆိုတော့ အဘွမ်းမစ်အခြောင်း သူမသိဘူး....(မှန်ပါ့) သဘောကျပလား...(ကျပါပြီဘုရား)။

ဒီမှာလဲခင်ဗျားတို့က မျက်လုံးဖွင့်တော့ကို အတွမ်းမစ်ခလောက် ဒဏ်-ဒဏ်ထက်ဒဏ်ပြင်းတာခတွေ့ ခင်ဗျားတို့ မျက်လုံးထဲမှာ ပေါ်တယ်- (ပေါ်ပါတယ်ဘုရား, အလင်းရဲက လွတ်ရက်မရှိအောင် ပေါ်တယ်..(မှန်ပါ့)။

အဲဒါခေတ့ ခင်ဗျားတို့က မသိခဘဲ့ မျက်လုံးရိုရိုဖွင့်လိုက်တာဘဲ...(မှန်ပါ့ဘုရား) မြင်ပြီနဲ့လဲ ဒါကခလေးချစ်စရာမြင်တယ်၊

အတွမ်းမစ်တလုံးကျပြီ....(မှန်ပါ့) ဒါကခေလးဖြင့် ကျုပ်မကြိုက်ပါဘူး၊ အတွမ်းမစ်တလုံးကျပြီ (မှန်ပါ့)။

မြင်တာကိုလဲ မြင်တဲ့အဆင်းလဲမသိ မြင်တဲ့စိတ်ပေါ်တာကိုလဲ သတိမထားလို့ ရှိယင်းဖြင့် မောဟကဖြစ်ပြန်ပြီ.... (မှန်ပါ့) ဒီလဲ အတွမ်းမစ်တလုံးကျပြီ... (မှန်ပါ့) ဘယ်နှစ်လုံး ရှိပြီလဲ.... (သုံးလုံးရှိပါပြီဘုရား)။

သို့သော် ခင်ဗျားတို့က ဘာကိစ္စရှိသတုံး- ကိုယ့်မျက်လုံးနဲ့ ကိုယ်မြင်တာ... (မှန်ပါ့ဘုရား) ခင်ဗျားတို့ ဂျပန်စိတ်ရှိနေတယ်၊ သေမှာက တမျိုးလုံး....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ တကာတကာမတွေ ရှင်းရှင်းလင်းလင်း ပြောရပါတယ် ခင်ဗျားတို့မြင်တာဟာ အတွမ်းမစ် ကျသည်ထက် နာပါတယ်....(မှန်ပါ့)။

ဘာ့ကြောင့် နာသတုံးလို့ မေးတဲ့အခါကျတော့ အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်ကပြောလို့ နားကြီးကြီးနဲ့ ထောင်လိုက်ပါ.... (မှန်ပါ့)။

ကဲ-လောဘဖြစ်တယ် မြင်တော့ လိုချင်တယ်ဘုရာ့... ၊တပည့်တော်တို့က မြင်တော့ ခင်မိတယ်ဘုရာ့....၊ မပြောကြဘူးလား ... (ပြောပါတယ်)ခင်တယ်ဆိုတာ တဏှာ...(မှန်ပါ့)တဏှာပစ္စယာ (ဥပါဒါနံ) ဥပါဒါနပစ္စယာ(ကမ္မဘဝပါ) ကမ္မဘဝပစ္စယာ.... (ဇာတိပါဘုရား)။

ဒါဖြင့် ဇာတိပေါင်း ဘယ်လောက်လာသတုံး ... (မရေတွက်နိုင်ပါ) ဒါ-ဒုက္ခသစ္စာချည့်ဘဲ မဟုတ်လား.... (မှန်ပါ့) အတွမ်းမစ်ထက် ဆိုးတာပေါ့ဗျ.... (မှန်ပါ့)။

မြင်တဲ့ လောဘကလေးတလုံးကနေပြီး မဖြတ်နိုင်တဲ့အတွက် အားလုံး တကာတကာမတွေ့ ဇာတိပေါင်း ဘယ်လောက်စုလာပလဲ....(မရေတွက်နိုင်ပါဘုရား)။

သွားပြီ .. ၊ အတွမ်းမစ်က တခါသေတာ... (မှန်ပါ့)ဒါက သေလို့ဆုံးပါ့မလား... (မဆုံးပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ... တခါမြင်တာကလေးကို တကာတကာမတွေ့က ကိုယ်နဲ့မတည့်တဲ့ ပုဂ္ဂိုလ်မြင်ရတဲ့အခါကျတော့ မျက်နှာကခလေးလဲသွားတယ်....(မှန်ပါ့)။

မျက်နှာလဲတယ်ဆိုတဲ့ဥစ္စာ မျက်နှာက လဲချင်လို့မဟုတ်ဘူး၊ အတွင်းကခဒါသက အလဲခိုင်းလို့.... (မှန်ပါ့ဘုရား)။

ဒေါသက အလဲခိုင်းတော့ မြင်တာနဲ့ ဒေါသမဖြစ်ဘူးလား... (ဖြစ်ပါတယ်ဘုရား)ဒေါ့သနောက်ကနေပြီးတော့ ဒေါသတလုံးတည်းနဲ့ ရပ်မှာလားဆိုတော့ ပဋိစ္စသမုပ္ပါဒ်ဒသနာတော်က နိယာမ မရပ်ဘူး....(မှန်ပါ့)။

ဒါဖြင့် ဒေါသနောက်က သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ လိုက်-မလိုက်.....(လိုက်ပါတယ်ဘုရား) အဲဒီတဲ့ပြီး အဝိဇ္ဇာ ပါ-မပါ... (ပါ-ပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာ... (သင်္ခါရာပါ) သင်္ခါရပစ္စယာ(ဝိညာဏ်ပါ) ဘာဝိညာဏ်တုံးဆိုတော့ ဝိညာဏ်ဆိုတာနဲ့ပဋိသန္ဓေ.... (မှန်ပါ့ဘုရား)။

ဒီ-ပဋိသန္ဓေပေါင်း ဘယ်လောက်လာမတုံးမေးတော့· (မရေတွက်နိုင်ပါဘုရား)ပဋိသန္ဓေနေရလို့ရှိယင် အသေပေါင်း ဘယ်

လောက်လားမတုံး.... (မရေတွက်နိုင်ပါ) အတွမ်းမစ်ထက် နာတာခပါဗျာ.... (မှန်ပါဘုရား) မနာဘူးလား.... (နာပါတယ်ဘုရား)။

တကာတကာမတို့ ခင်ဗျားတို့ အသိဉာဏ်ကလေးနဲ့ ဂျပန်လောက်ရှိနေဘာနဲ့တော့ မဖြစ်ဘူးနော်.... (မှန်ပါ) တမြို့လုံး, တပြည်လုံး ပျက်စီးတဲ့ အတွမ်းမစ်ကို လက်နက်မချမိလို့ ကိုယ်ကျိုးနည်းဘာလဲ ခင်ဗျားတို့ရှေ့တွင် ပုံပမာ လုံလောက်သားဘဲ (မှန်ပါဘုရား) မလုံလောက်ဘူးလား.... (လုံလောက်ပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ မျက်လုံးကလေး တချက်ဖွင့်လိုက်တာဟာ အပါယ်ငရဲမှ ထွက်ရက်မရှိဘူး.... (မှန်ပါ) တကာတကာမတွေ့ဘယ်လောက်ဆိုးဝါးတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ကိုယ့်မျက်လုံး ကိုယ်ဖွင့်တာဘဲလို့ ခင်ဗျားတို့ကတော့ ပြောချင်ပြောလိမ့်မယ်.. - ခုနင်က ဂျပန်စိတဲ့ပေါ်ပြီး၊ အပြစ်ကအတွမ်းမစ်ထက်ကြီးတယ် .... (မှန်ပါ) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် မြင်တာကလေးကိုလဲ မြင်တဲ့စိတ်ကလေး မြင်တဲ့အဆင်းကိုလဲ မသိလိုက်၊ အဆင်းရုပ်ပါကလားလို့လဲ သတိမထားမိဘူး၊ မြင်စိတ်ကလေးပေါ်ပါကလားလို့လဲ သတိမထားမိ၌တဲ့ အဝိဇ္ဇာက မလာဘူးလား.... (လာပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ)သင်္ခါရပစ္စယာ ... (ဝိညာဏ်ပါဘုရား) ဟာ... ဒါဖြင့် ဘယ်ဝိညာဏ် လာမတုံးဆိုတော့

အပါယ်ဝိညာဏ်လာရမယ်၊ အဝိဇ္ဇာအုပ်ချုပ်တဲ့ သခ်ၤါရကြောင့် ဖြစ်တာကိုး....(မှန်ပါ့) သခ်ၤါရကြောင့်ဖြစ်တော့ ဒီဝိညာဏ်ဟာ အပါယ်ဝိညာဏ်မှတပါး လာစရာရှိသေးရဲ့လား.... (မရှိပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာဘကာမတွေ မျက်လုံးဖွင့်လိုက်တာ ဒီသုံးခုလာမှာဘဲ... (မှန်ပါ့) ဒီသုံးခု တခုခုလာခဲ့သော် ဒီမျက်လုံးပေါက်ကနေပြီးသကာလ အားလုံး တကာတကာမတွေ့ဇာတိ,ဇရာ,မရဏဘက်ကို မသွားလား....(သွားပါတယ်ဘုရား)။

ဒါက ဘုန်းကြီးက ကြံဖန်ပြောတာလား....၊ ဓမ္မနိယာမဖြစ်နေတာလား.... (ဓမ္မနိယာမဖြစ်နေဘာပါ) အဲဒါ ခင်ဗျားတို့မယုံမရှိနဲ့တော့ ဓမ္မနိယာမ ဒီအတိုင်းသွားတယ် .... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ) ဘာပါလိမ့်ဗျာ... (ဓမ္မနိယာမအစဉ်အတိုင်း သွားပါတယ်ဘုရား)။

ဓမ္မနိယာမဆိုးတာ့ ဘုရားလဲ မတတ်နိုင်ဘူး.. (မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ဣန္ဒြိယဘာဝနာသီလဆိုတဲ့ဥစ္စာ တကာတကားမတို့ အင်မတန်မှအရေးကြီးတယ်ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီလိုလုပ်ကြကွာ... တဲ့သူတို့ပေါ်ချင်ပေါ်ပေ မတတ်သားလို့ပေါ်ယင် ပေါ်ပစေ....(မှန်ပါ့)။

မြင်ခြင်းကြောင့် လိုချင်တဲ့စလာဘ ပေါ်ယင် ပေါ်ပစေ.... (မှန်ပါ့) ဒေါသပေါ်ယင်ကော.... (ပေါ်ပစေ) ဓမ္မာဟပေါ်ယင်ကော....(ပေါ်ပစေ ဘုရား)။

ပေါ်တဲ့အခါမှာ မင်းတို့က နောက်ကနေ နှုလုံးသွင်းလိုက်တဲ့ (မှန်ပါ!) ဤတရားသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သြော်.... အကြောင်းကြောင့်ဖြစ်လာတဲ့ အကျိုးတရားကလေးဘဲလို့ မြန်မြန် နှုလုံးသွင်းပါ....(မှန်ပါ!ဘုရား)။

အကြောင်းကြောင့်ဖြစ်တဲ့- (အကျိုးတရားကလေးပါဘုရား) အကျိုးတရားကလေးဘဲလို့ မြန်မြန်နှုလုံးသွင်းလိုက်တော့- အကြောင်းကြောင့်ဖြစ်တဲ့ ဒုက္ခကျိုးတရားကလေးဘဲလို့ နှုလုံးသွင်းလိုက်တဲ့အခါကျတော့ တကာတကာမတို့ နောက်ကနေ နှုလုံးသွင်းကနေပြီး တခါတည်း သူ့ရှေ့ဆက်သွားမည့်ဥစ္စာ ရပ်သွားတယ်....(မှန်ပါ!)။

နှုလုံးသွင်းတဲ့ မဂ်ဉာဏ်ကလေးကနေပြီး သြော်.... ဒါဟာဖြင့် သခ်ၤခါရုံး၊ ပဋိစ္စသမုပ္ပါဒ်တရားကလေးပေါ့ဗျာ.(မှန်ပါ!) ပဋိစ္စသမုပ္ပါဒ်တရားကလေး ပေါ်လာတယ်ဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)။

ဒီတရားကလေးသည်ကားလို့ ဆိုယင်ဖြင့် အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့တရားကလေး... ၊ ဒီတရားကလေးဟာလဲ အကြောင်းတိုက်ဆိုင်လို့ ဇာတ်သိမ်းယင် ပျက်စီးသွားတာဘဲ.... ဆိုတော့ လောဘလာလဲ ဖြစ်ပျက်ရှုပေါ့၊ ဒေါသလာလဲ....(ဖြစ်ပျက်ရှုရမှာပါဘုရား) မောဟလာယင်ကော ... (ဖြစ်ရှုရမှာပါဘုရား)။

ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ လာချင် လာပစေကွ.... (မှန်ပါ!) အကုန်ဖြစ်ပျက် ဖြစ်သွားလို့ရှိယင် ဒီဉာဏ်သည်

ဝိပဿနုပေက္ခာဉာဏ်ဖြစ်တယ် ... (မှန်ပါ!) သဘောပါပါလား.... (ပါ-ပါပြီဘုရား)။

ဝိပဿနုပေက္ခာဆိုတဲ့ဥစ္စာက ဝိပဿနာ+ဥပေက္ခာ....(မှန်ပါ!) ဝိပဿနာဆိုတာက ရှုတာ၊ ဥပေက္ခာဆိုတာက တတန်းတည်း ထားတာ... (မှန်ပါ!)။

ဝိပဿနာဆိုတာက-(ရှုတာပါ) ဥပေက္ခာဆိုတာက-(တတန်းတည်းထားတာပါ) တတန်းတည်းထားတယ်ဆိုဘဲ့ လောဘလဲ လောဘရယ်လို့ မမှတ်ဘူး ..၊ ပဋိစ္စသမုပ္ပန္နတရား ဖြစ်ပျက် (မှန်ပါ!)။

ဒေါသလဲ ဒေါသရယ်လို့ ထားသ.ရဲ့လား.... (မထားပါဘုရား) ပဋိစ္စသမုပ္ပန္နတရား ဖြစ်ပျက်ဘဲ . (မှန်ပါ!) မောဟလဲ မောဟလို့ ထားသးရဲ့လား.... (မထားပါဘုရား)။

ဘယ်.နှယ်ဆိုကြမလဲ... (ပဋိစ္စသမုပ္ပန္နတရားပါ) ပဋိစ္စသမုပ္ပန္နတရား အခုမှပေါ်လာတာ၊ သူဟာ ဖြစ်ပြီး ပျက်တာဘဲလို့ နောက်က ကျုပ်တို့က ဆင်ခြေပေးလိုက်....(မှန်ပါ!ဘုရား)။

ဆင်ခြေပေးလိုက်တဲ့အခါကျတော့ လောဘကဒေါသကော ပဋိစ္စသမုပ္ပါဒ် နိယာမသဘောနဲ့ ဆက်နိုင်သေးရဲ့လား.... (မဆက်နိုင်ပါဘုရား) မောဟကကော... (မဆက်နိုင်ပါဘုရား)မဆက်နိုင်တော့ သြော်....ဒီခန္ဓာပြီး နောက်ခန္ဓာရဘို့ မြင်သေးရဲ့လား... (မမြင်ပါဘုရား)။

ဒီခန္ဓာရပြီးယင်— (နောက်ခန္ဓာရဘို့မမြင်ပါ) ဘယ်.နှယ် ကြောင့်ပါလိမ့် ..၊ ပဋိစ္စသမုပ္ပန္နတရား ဖြစ်ပျက်ကို တပည့်

တော်တို့က သိလိုက်လို့ဘုရား....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ပေါ်လာတာက ပဋိစ္စသမုပ္ပန္နတရား... (မှန်ပါ့)ကြည့်လိုက်တဲ့ အခါ ဘာတွေ့သလဲ....(ဖြစ်ပျက်တွေ့ပါတယ်) ဖြစ်ပြီးပျက်သွား တာဘဲ တွေ့လိုက်တယ် .... (မှန်ပါ့) ဖြစ်ပြီးပျက်သွားပြီ မရှိဘူး ဆိုတာ မနတွ့ဘူးလား ... (တွေ့ိုက်ပါတယ်) ဒါဖြင့် ပဋိစ္စ သမုပ္ပါဒ်သုံးမျိုးမရပ်လား....(ရပ်ပါတယ်ဘုရား)။

ဒါဖြင့် ဣန္ဒြိယဘာဝနာဆိုတာ ဒီပေါ်တဲ့ ဣန္ဒြေကို ပွားရမှာ ခင်ဗျားတို့က မျက်လုံးပိတ်ထားယင် လုံတာဘဲဆိုတာ မဟုတ်ဘူး... (မှန်ပါ့) နားပိတ်ထားယင် လုံတာဘဲဆိုပြီးတချို့ တွေ့များ ဟိုဟာတွေ့အုပ်- ဒီဟာတွေ့အုပ်နဲ့ အားရုံတွေ့ကများ လွန်းလို့ လာမှာစိုးတယ်ဆိုပြီး မနောထဲက လာနေတာတော့ သူသိမှမသိဘဲ .. (မှန်ပါ့ဘုရား)။

ဒါမဟုတ်ဘူးကွတဲ့ ဘုရားက (မှန်ပါ့)သဘောကျပလား.... (ကျပါပြီ) လာဘဲ့တရား ဖြစ်ပျက်ရှုပြီး ရှေ့မဆက်လို့ရှိယင် ဒါ ဝိပဿနာ....(မှန်ပါ့)ဒါဣန္ဒြေလုံခြုံတာဘဲ- (မှန်ပါ့)သဘော ကျပလား....(ကျပါပြီဘုရား)။

အဲဒါ တကာဘာကာမတွေက မသိတော့ တချို့ဆရာသမား တွေကလဲ အမျိုးမျိုးအဖုံဖုံ ပြောကြဆိုကြတဲ့ အခါကျတော့ ဘယ်နှယ်ဖြစ်နေသတုံး အို ... လုံခြုံတဲ့နေရာ မမြင်ရဘဲ့နေရာ ကောင်းထင်ပါ့၊ မမြင်ရတဲ့နေရာကောင်းတော့ ဝမ်းထဲကနေပြီး ဥပမာဟသ်ာတခုရောက်နေယင် ဘယ်နှယ်တတ်နိုင်ပါ့မလဲ(မှန်ပါ့) မတတ်နိုင်ဘူးဗျ၊ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

လုံခြုံတဲ့နေရာတော့နေတာဘဲ၊ကိုယ်က ဟာသ်ာတဆီ မနောက ထောက်နေတဲ့အခါကျတော့ အဲဒီထောက်တဲ့ မနေးကို ကျုပ်တို့က ဖြစ်ပျက်ရှုရမယ်... (မှန်ပါ့)ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

တကာကြွယ် သင်ပန်းကုန်းများ ထောက်သေးလား- (မှန်ပါ့) ထောက်လဲ ဘာလုပ်ရမလဲ .... (ဖြစ်ပျက်ရှုရပါမယ်) ထောက်လဲ ဖြစ်ပျက်ရှုပါတဲ့၊ ဥပမာ ဟိုမှာထားပစ်ခဲ့ရတာ ဘယ်သူဘဲ- ဘယ်လိုဘဲ အစရှိသည်နဲ့ပေါ်တဲ့ စိတ်ကိုဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ကို ပေါ်တဲ့စိတ်ကရှေ့.ကို ဆက်နိုင်သေးရဲ့.လား....(မဆက်နိုင်ပါ) မဆက်နိုင်တော့ ပဋိစ္စသမုပ္ပါဒ် ဘယ်နှယ်ဖြစ်သွားသလဲ.... (ပြတ်သွားပါတယ်) ပဋိစ္စသမုပ္ပါဒ် ဆိုတာ သူများခန္ဓာလား၊ မိမိခန္ဓာလား.... (မိမိခန္ဓာပါဘုရား)။

ဒါဖြင့် ပစ္စုပ္ပန်ခန္ဓာကို ဖြစ်ပျက်ရှုလိုက်တဲ့အတွက် အနာဂတ်ခန္ဓာကိုယ်အတွက် မလာဘူး....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

ပစ္စုပ္ပန်ခန္ဓာကို ဖြစ်ပျက်ရှုတဲ့အတွက်.... (အနာဂတ်ခန္ဓာကိုယ်အတွက် မလာပါ) အနာဂတ်ခန္ဓာကိုယ်ဖြစ်ရမည့် လမ်းစဉ် လာသေးရဲ့.လား....(မလာပါဘုရား)။

မလာတော့ နောက်ခန္ဓာလာမည့်ပုဂ္ဂိုလ်သာ နိမိတ်ထင်တာဘဲ သေကာနီးထင်တာက်....(မှန်ပါ့) နောက်ခန္ဓာ မလာမည့်ပုဂ္ဂိုလ်မှာ ထင်ကိုမထင်ဘူး....(မှန်ပါ့ဘုရား)။

အဲဒီတော့ ငရဲနိမိတ်တွေ ပြိတ္တာနိမိတ်တွေ တကာတကာမတွေ ထင်နိုင်သေးရဲ့.လား....(မထင်နိုင်ပါဘုရား)။

အဲဒါကနောက်ခန္ဓာလာမည့်ပုဂ္ဂိုလ် ဝိပဿနာလုပ်မထားတဲ့ ပုဂ္ဂိုလ်သာထင်တာကိုးဗျ (မှန်ပါ့) ဝိပဿနာလုပ်ထားတော့ နဂိုရက်ဇာတည်းက နောက်ခန္ဓာလာဘို့အကြောင်းတွေ အကုန်ဖြတ်တာဘဲ....(မှန်ပါ့) ဖြတ်ထားတော့ ဦးမာဒင်ရေ-လာနိုင်သေးရဲ့လား... (မလာနိုင်ပါ) တကာသစ် လာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘုရား)။

ဒါဖြင့် မြင်လို့လိုချင်တယ်၊ လိုချင်တဲ့စိတ်ကို ပဋိစ္စသမုပ္ပန္နတရား ဖြစ်ပျက်တရား... (မှန်ပါ့) ပဋိစ္စသမုပ္ပန္န ဖြစ်ပျက်တရားလို့ ရှုလိုက်ယင်....(မှန်ပါ့) ဒေါသကခေးသာယင်လဲ မြင်လို့ ဒေါသဖြစ်ယင်လဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ပဋိစ္စသမုပ္ပန္နတရား ဖြစ်ပြီးပျက်တာဘဲ .... (မှန်ပါ့)တခါ မောဟကခေးနဲ့ လောဘလဲမဟုတ်ပါဘုရား .... ၊ ဒေါသလဲမဟုတ်ပါ ဘုရား မြင်ကားမျှ မတွေ့ပါဘဲ ဆိုလို့ရှိယင်လဲ ဒီအဝိဇ္ဇာက ရုပ်နာမ်ပေါ်တာ မသိဘဲဖြင့်နေတော့ ဒုက္ခသစ္စာကလေးပေါ်တာ မသိဘဲဖြစ်နေတော့ အဝိဇ္ဇာ....(မှန်ပါ့ဘုရား) မြင်တာလဲမသိ၊ မြင်စိတ်ပေါ်တာလဲမသိ၊ မသိတော့ အဝိဇ္ဇာဖြစ်မနေဘူးလား .. (ဖြစ်ပါတယ်ဘုရား)။

အဲဒီဘော့ အဝိဇ္ဇာသာလဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက်မင်၊ ဖြစ်ပျက်မင်၊ ဖြစ်ပျက်မင်းသို့ သုံးခါကိုက်မသွားဘူးလား .... (သွားပါတယ်) ကိုက်သွားတော့ ပဋိစ္စသမုပ္ပါဒ်က တကာသစ် ဘယ့်နှယ်နေသတုံး (ပြတ်ပါဘယ်)ဒါဖြင့် နောက်ခန္ဓာလာဦးမလား .... (မလာပါဘုရား)။

ဘယ်နှယ်ကြောင့် မသာပါလိမ့်မတုံး မေးတဲ့အခါကျတော့ တပည့်ခံတော်တို့က ကျွန်ုပ်ယောဂီတရားတွေ၊ ပေါ်လာတဲ့တရားတို့ကို ဘာဝနာလုပ်လိုက်တယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ပေါ်လာတဲ့ လောဘကိုလဲ....(ဘာဝနာလုပ်ပါဘယ်ဘုရား) ဘာဝနာလုပ်ပြီး ပဉ္စဝါးမျှားပစ်လိုက်ဘယ်....(မှန်ပါ့) ဒေါသကိုလဲ (ပဉ္စဝါးမျှားပစ်လိုက်ပါတယ်) မောဟကိုလဲ .... (ပဉ္စဝါးမျှားပစ်လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ကျွန်ုပ်လုပ်ပြီ....(မှန်ပါ့)ဒါ ဘုရားကဘာတာ.... (မှန်ပါ့)ရိပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဘာဝနာဖြစ်သွားတယ်ဆိုဘော့ ခင်ဗျားတို့သန္တာန် ဘာပေါ်ပေါ်ရှင်းပါ....(မှန်ပါ့)ရှင်းတာ့ ဘယ်လိုရှုရမတုံးဆိုတော့ ဩော်...ဒီဥစ္စာ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာ၊ ပေါ်လာတဲ့တရားလဲ ဖြစ်ပျက်ဘဲ....(မှန်ပါ့) အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာဆိုတော့ ပဋိစ္စသမုပ္ပန်တရားကို ပြောလိုက်တာ.... (မှန်ပါ့ဘုရား)။

သို့သော် ခင်ဗျားတို့ စာသံ ပေသံပါနေမှာစိုးလို့၊ ဩော်.... အကြောင်းတိုက်ဆိုင်လို့ ပေါ်တယ်၊ ပေါ်ပြီး ပျက်တာဘဲလို့ မြန်မြန်ရှု....(မှန်ပါ့ဘုရား)။

အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတာကို ....(မြန်မြန်ရှုရပါမယ်ဘုရား)။

အဲ... အခြင်းတိုက်ဆိုင်လို့ ပေါ်လာတာကိုလဲသိပါ.... (မှန်ပါ့) အလိုလိုပေါ်တယ်ဆိုယင် အဟောတုကဒိဋ္ဌဖြစ်မှာစိုးလို့ (မှန်ပါ့)ရှင်းပါ့... (ရှင်းပါပြီဘုရား)။

အခြင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့တရားကို... (ဖြစ်ပျက်ရှုရပါမယ်)လေ ဘကလေး ပေါ်လာယင်လဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)အခြင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့ တရားကလေးမို့ ဖြစ်ပျက်ဘဲ.. (မှန်ပါ့)ဒေါသကလေး ပေါ်လာယင်ကော... (ဖြစ်ပျက်ပါဘဲ) အခြင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့တရားကလေးမို့ . (ဖြစ်ပျက်ပါဘဲ)မောဟကလေး ပေါ်လာယင်ကော (အခြင်းတိုက်ဆိုင်လို့ပေါ်လာတဲ့ တရားကလေးမို့ဖြစ်ပျက်ပါဘဲဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်ရှုသွားမယ်ဆိုလို့ရှိယင်ကဲ့တဲ့ "စျာယထဘိကွဝေ မာပမာဒတ္ထ" ဆိုတာ စျာယထ = ဝိပဿနာရှုကြ၊ မာပမာဒတ္ထ = မမေ့လျော့ကြနဲ့ဆိုတာ ဖြစ်ပျက် အနိစ္စတွေ့ပါကလားလို့ တကာကြွယ် တခါတည်း လားထင်တယ်....(မှန်ပါ့) ထင်ပြီး တခါတည်း ချုပ်၊ ချုပ်သည်နဲ့တပြိုင်နက်တည်း တကာတကာမတို့ သောတာပန်ဖြင့်လဲ သုဂတိသွား (မှန်ပါ့)ရဟန္တာဖြစ်သွားယင်လဲ နိဗ္ဗာန်သွား.. (မှန်ပါ့) မျက်ရည်ကျစရာရှိသေးရဲ့လား... (မရှိပါဘုရား)။

သုဂတိသွားမည့် ပုဂ္ဂိုလ်ဆိုယင် ဖြစ်ပျက်တွေ့မြင်ပြီးသကာလ သုဂတိကို ဖျတ်ဆိုရောက်သွားတာဘဲ၊ ရောက်သွားသည်နဲ့တပြိုင်နက်တည်း ဒီဘဝက်က မဆုံးသေးဘူး၊ ဒီဖြစ်ပျက်ကပါသွားတယ် (မှန်ပါ့) အဲဒီရောက်လို့ နတ်ပြည်ရောက်တာ ရောက်မှန်းမသိသေးဘူး၊ ဩဇ်....ငါသည်ကားလို့ဆိုယင် ခန္ဓာကိုယ်ကြီးဟာ

ဖြစ်ပျက်ကြီးပါလားဆိုပြီး ချက်ခြင်း သကဒါဂါမ်, အနာဂါမ်, ရဟန္တာဖြစ်သွားတယ်....(မှန်ပါ့)ဒီကဖြစ်ပျက်နဲ့သေဘို့ဘဲ အရေးကြီးတယ်....(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီဘုရား)။

တရားကတော့ အင်မတန် ပြောလို့လဲ ကောင်းပါတယ်၊ တကာတကာမတွေ့ကိုကလဲ သဒ္ဓါတရားရှိတယ်၊ သို့ရာတွင်နာရီစေ့သွားပြီ။

ကဲ....ယနေ့ ဒီတွင်တော်ကြည်းစို့...။

သာခု...သာဓု...သာဓု

ငကျေးငူးတော်ရှင် - အဂ္ဂမဟာဒပဏ္ဍိတ

အာမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အာမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော်မူသော

(ပဉ္စာနန္တရိယကံမှလွဲယင် ဝိပဿနာကုသိုလ်က ကယ်တင်နိုင်ပုံ)

နေ့အလုပ်ပေး-တရားတော်

(၁၈-၉-၆၁)

တရားနာတယ် တရားအားထုတ်ဘယ်ဆိုတာသည် တကာ တကာမတို့ သူမျှားအရေးမဟုတ်ဘူး၊ ကိုယ့်အရေးလို့ မှတ်ရ မယ်နော်....(မှန်ပါ့ဘုရား) တရားနာတယ်ဆိုဘာလဲ ကိုယ့်အရေး တရားအားထုတ်တယ်ဆိုတာလဲ ကိုယ့်အရေး.. (မှန်ပါ့ဘုရား)။

ဘယ်နှယ်ကြောင့် ဒီကိုယ့်အရေးကိုယ်လုပ်ရပါလိမ့်မတုံးလို့ အားလုံး တကာတကာမတွေက မေးလို့ရှိယင်ဖြင့် ကိုယ်ပြုထား တဲ့ အမှားကို ကိုယ်ကိုယ်တိုင် ဖြေရှင်းတာလို့မှတ်ပါ... (မှန်ပါ့) ကိုယ်ပြုထားတဲ့အမှားကို ကိုယ်ကိုယ်တိုင် ပြင်ဆင်တယ်လို့ မှတ် ကြပါနော် (မှန်ပါ့)။

ဘာ့ကြောင့်တုံး... လို့ ဆိုတော့ တကာတကားမတွေ သိတဲ့ အတိုင်းနတ်ပြည်မှာ ဘယ်က လက်သမားက နတ်ဘုံတွေဆောက် ပါလိမ့်မလဲ... လို့ မေးတဲ့အခါကျလို့ ရှိယင်ဖြင့် လူ့ပြည်က ပြုထားတဲ့ ကုသိုလ်တွေက ဆောက်တယ်ဆိုလို့ရှိယင် ဒါ.... လူ့ပြည်ကနေဆောက်တာ....(မှန်ပါ့)။

ဒါဖြင့် နတ်ပြည်မှာ နတ်ဘုံတွေ ဘယ်သူ ဆောက်ပါလိမ့်မတုံး-ဆိုတော့ လူ့ပြည်မှာ ဒီတကာတကာမတွေကဘဲ ကုသိုလ်ကံတွေက ခေါက်တယဲဆိုယင် မလွဲဘူး .. (မှန်ပါ့)။

တခါ ငရဲမှာလဲ ငရဲကြီး ဂ-ထပ်ရှိဘယ်၊ ငရဲငယ် ၁၂၀-လို့ရှိတယ်၊ ဟ....ဒါတွေ ဘယ်သူကများ တည်ဆောက်ပါလိမ့်မတုံး၊ ဟိုက လက်သမားတွေနဲ့ ဟိုတင် လုပ်တာတွေဘဲလားလို့ မေးတော့ မဟုတ်ဘူး ....၊ ဝမ်းထဲက တကာဘကာမတွေ၏ အကုသိုလ်က လုပ်ထားတာ....(မှန်ပါ့)။

ဒါဖြင့် တကာဘကာမတို့ ကိုယ်ပြုထားတဲ့ကုသိုလ်, ကိုယ်ပြုထားတဲ့ အကုသိုလ် မကောင်းတာကို လူ့ပြည်ကသုပ်ယင် လူ့ပြည်က ဖယ်ရှင်းမှ ရမယ် .. (မှန်ပါ့ဘုရား) သခင်ဘုရားလား... (ကျွန်ုပ်ပါပြီဘုရား) နတ်ပြည်ကလုပ်လို့ရှိယင်လဲ နတ်ပြည်က ဖယ်ရှင်းမှ ရမှာဘဲ .. (မှန်ပါ့)။

ဒါဖြင့် ဒီတကာဘကာမတွေ အခု တရားနာကြတာ ဘယ်အကျိုးငှါတုံး....လို့ မေးတဲ့အခါကျဘော့မှ လူ့ပြည်က မသိလို့ လုပ်ထားတဲ့ တဏှာ,မာန,ဒိဋ္ဌိ အလုပ်ခတွေ ... (မှန်ပါ့) အဲဒီ တဏှာ,မာန,ဒိဋ္ဌိ အလုပ်ခတွေကို သိတဲ့အချိန်မှာ ဖျက်ပစ်လိုက်မယ် ဆိုလို့ရှိယင်လဲ ဆောက်ပြီးသား ငရဲခတွေဟာ ပျက်သွားတယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ ငရဲလဲ လူ့ပြည်က တည်းဆောက်တာဘဲ၊ နတ်ပြည်လဲ လူ့ပြည်က တည်ခဆောက်တာဖြစ်ခတော့ လူ့ပြည်ဟာ တကယ်ကြီးကြီးမြတ်နေတယ် (မှန်ပါ့) အဲဒီ ဗဟိဒ္ဓါနကခနေပြီး တည်ဓဆောက်၊ ဗဟိဒ္ဓါနက ဖျက်ဓယ်

ဆိုလဲ ရပါတယ်....(မှန်ပါဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ကိုယ်ပြုထားတဲ့ အကသိုလ်တေ့က သားခင်ထား သမီးခင်ထား၊ သားမဟုတ်တာ သားလုပ်ထားတဲ့ ဒိဋ္ဌ, သမီးမဟုတ်တာ သမီးလုပ်ထားတဲ့ ဒိဋ္ဌ, ငါဟာမဟုတ်တာ ငါဟာလုပ်ထားတဲ့ တကာတကာမတွေ့ မာန ပေါ့ဟျာ....(မှန်ပါ) မခင်ကောင်းတာတွေ့ ခင်တဲ့တဏှာပေါ့ဟျာ (မှန်ပါ) စိတ်က ဖောက်ပြန်ပြီး သားလုပ်ပြီးခင်, သမီးလုပ်ပြီး ခင်နေတာတွေ့လဲ ရှိသေးတယ်...(ရှိပါတယ်ဘုရား)။

အဲဒီ တဏှာ,မာန,ဒိဋ္ဌက ဟ .. ဘယ်မှာဖြစ်တာပါလိမ့်မတုံး လို့ တကာသစ် မေးယင် လူ့ပြည်ဝမ်းထဲမှာဖြစ်တယ်... (မှန်ပါဘုရား) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

လူ့ပြည်ဝမ်းထဲမှာဖြစ်တော့ ဒါတွေ့ ဖြေဖျောက်ချင်လို့ အသိဉာဏ်နဲ့ ဖျောက်ချင်တယ် ဆိုလို့ရှိယင် လူ့ပြည်ကနေ ဖျောက်လိုက်ယင် ရပါတယ်_ (ရပါတယ်ဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတွေ့ သိတဲ့အတိုင်း... တဲ့၊ မိလက္ခ ရဟန်းကို ထောက်ကြည့်လို့ရှိယင် တကာ တကာမတွေ့ သိပါတယ်...(မှန်ပါ)။

မိလက္ခရဟန်းကို ခဏခဏပြောခဲ့တယ် တကာတကာမတွေ့ သူဟာ တဏှာလုံး မုဆိုးလုပ်စားတယ်... (မှန်ပါ) တဏှာလုံး မုဆိုးလုပ်စားတယ်ဆိုတော့ တကာတကာမတို့ ဘာမှမသိလို့ ဆိုတာ သေချာပါတယ်....(သေချာပါတယ်ဘုရား)။

သို့ရာတွင် သူသည် တောထဲမှာသွားပြီး သားကောင်, ငါးကောင်တွေ မီးကင်ပြီးသကာလ စားသောက်၊ ပိုတာ ရောင်းစားဆိုတော့ တနေ့သဋ္ဌကျတော့ သားကောင်, ငါးကောင်တွေ စားရတာ ရေငတ်လာတာနဲ့ ရဟန္တာတွေ တောထဲမှာ သီတင်းသုံးနေတာရှိတယ်....(မှန်ပါ!)။

အဲဒီရဟန္တာတွေ သီတင်းသုံးနေတဲ့ကျောင်းသွားပြီး ရေသွားတောင်းပြီး မရအိုးမှာ ခပ်သောက်တဲ့အခါမှာ ရေမတွေ့ချဘဲနဲ့ ရေပျောက်နေတယ်ဆိုတာ တကာသစ်တို့ ကြားဘူးပြီ...(ကြားဘူးပါပြီဘုရား)။

ဘာဖြစ်လို့ ရေပျောက်သတုံး....လို့ မေးတဲ့အခါကျတော့ ရေအိုးက နဂိုရှိကအပြည့်၊ သူခပ်မှ ပျောက်ရတယ်.... (မှန်ပါ! ဘုရား)။

ဟာ....ဒါလူ့ပြည်က အကုသိုလ်က ဦးမာဒင်ရဲ့ လူ့ပြည်တွင် အကျိုးပေးပြီ.... (မှန်ပါ!) ဘယ်သူက ရေပျောက်အောင် လုပ်သတုံး....လို့ မေးလို့ရှိယင် ဝမ်းထဲအကုသိုလ်က ပျောက်အောင်လုပ်တယ်၊ ရဟန္တာ ခပ်ထားတာနဲ့အပြည့်နော်.... (မှန်ပါ! ဘုရား) တကာကြွယ် သူ့အကုသိုလ်ကံက ဖျောက်ပစ်တယ်.... (မှန်ပါ!) သဒ္ဓာဝပါပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် လူ့ပြည်ကဖြစ်တဲ့အကုသိုလ်ကို လူ့ပြည်ကနေပြီး သကာလ လူ့ပြည်က ဖျောက်ယင်လဲ ရတယ်ဆိုတာကို သက်သေကယေးသာခကဓလေး လုံဒသာက်အောင်လို့ ဦးမာဒင် ပြပေးပါတယ်... (မှန်ပါ!)။

အဲဒီမှာ သူက ရေကလေး ရေအိုးထဲက ခပ်လိုက်တဲ့အခါ ရေအိုးဟာ ချောက်ခြောက်... ချောက်ချောက်နဲ့ မြည်နေတယ်၊ ရေမရှိတဲ့အသံမြည်နေတယ်... (မှန်ပါ့) ကော်လိုက်- ခပ်လိုက်တဲ့အခါလဲ ဦးလှဘူး ရက်ံမရဘူး....(မရပါဘုရား)။

အဲဒီတွင် သူက ဒီအနားရှိတဲ့ရဟန္တာကို သြော်... ရဟန်းများ သူများ ဆွမ်းတွေ,ကွမ်းတွေကို နံနက်မိုးလင်းသွားပြီး သပိတ်နဲ့ ယူပြီးသကာလ သုံးဆောင် ဘုန်းပေးပြီး ကိုယ့်ကျောင်းမှာ သေနာသနဝတ်ဆိုတဲ့ ရေကလေးတောင် ပြည့်အောင်မခပ်ဘူး... တဲ့- (မှန်ပါ့) ရေကလေးတောင်မခပ်ဘူး၊ အိုးကို ခြောက်နေတာဘဲလို့ သူကတောင် အပြစ်တင်လိုက်သေးတယ်....(မှန်ပါ့)။

ထိုကဲ့သို့ အပြစ်တင်ပြီးနေတုန်း ရဟန္တာက ကြားတယ်...၊ သြော်.... ဒီတကာ ဘယ်နှယ်တကာပါလိမ့်မတုံးလို့ တွေးတယ်၊ ငါ မနက်တုန်းက ခပ်ထားတာ အပြည့်ဘဲ၊ ဘယ်နှယ်ကြောင့် သူ ရေမရှိဘူး ပြောပါလိမ့်မတုံး.... ဆိုပြီးသကာလ ရဟန္တာက သွားကြည့်တော့လဲ ဦးမာဒင် ရေက အပြည့်ဘဲ.... (မှန်ပါ့ ဘုရား)။

ဒါနဲ့ ရဟန္တာက တကာ လာဦး-လာဦးဆိုပြီး ရဟန္တာလက်နဲ့ ရေခပ်ပြီးမှ သူ့ကိုတိုက်ရတယ်....(မှန်ပါ့) ရဟန္တာတိုက်တော့လဲ သူရေသောက်ရပါတယ်.. (မှန်ပါ့) သူကိုယ်တိုင်ခပ်တော့လဲ တကာကြွယ် ရေပျောက်တယ်.... (ပျောက်ပါတယ်ဘုရား)။

ကဲ့....ဦးမာဒင်ဘဲ စဉ်းစားပါတော့ ရေပျောက်အောင် ဘယ်သူ လုပ်သတုံးဆိုတော့ သူပြုထားတဲ့ အကုသိုလ်က သူပြုထားတဲ့

သတ်မှု,ဖြတ်မှုတွေက လုပ်ထားတာဘဲ.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါနဲ့ သူ့စိတ်ထဲမှာ တကာတကာမတို့ ခင်ဗျားတို့ သတိထားဘို့ကို ဘုန်းကြီးများ သတိပေးတယ်လို့ အောက်မေ့ပါ.... (မှန်ပါ့) မိလက္ခရဟန်းဆိုတဲ့ဥစ္စာ သူဟာ မုဆိုးပါဘဲ.... (မှန်ပါ့ ဘုရား)။

ဒါနဲ့ သူ့စိတ်ထဲအောက်မေ့တယ်၊ ဩော်...ငါမသေခင်ကိုက အကုသိုလ်တွေ အကျိုးပေးနေပါပေါ့လား၊ ရေသွားခပ်တယ်၊ ရေအိုးက ချွဲက်ချွဲက်-ချွဲက်ချွဲက်မြည်တယ်၊ သူများခပ်ပေးတော့ ငါ့မှာသောက်ရတယ်၊ ငါ့အကျိုးပေးစာဖြင့် အလွန်ဆိုးနေပါပေါ့လား၊ ငါ့သေယင် တလမ်းသွားဘဲဆိုတာ တကာသစ် သူ့ဟာသူရိပ်မိတယ်....(မှန်ပါ့)။

အဲဒီကဲ့သို့ ရိပ်မိတဲ့အခါကျတော့မှ ရဟန္တာနား သူပြန်ကပ်ပြီး အရှင်ဘုရား ဒီအကုသိုလ်တွေ ပယ်နိုင်ရှားနိုင်တဲ့ တရားများ ဒါတွေကိုပြုပြီးသား အကုသိုလ်တွေကို ပယ်နိုင်ရှားနိုင်တဲ့ တရားများ ရှိသေးသလား ဘုရားဆိုတော့ တကာ ရှိတယ်လို့ဖြေလိုက်တယ်... (မှန်ပါ့)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာလဲ ဘယ်လိုဘဲ မိုက်တေပြီးသကာလ အမျိုးမျိုး သောက်ခဲ့,မူးခဲ့,ရူးခဲ့,ပြစ်မှားခဲ့တာတွေ ဒါတွေ သံသယမရှိပါနဲ့...(မှန်ပါ့)။

အခု ရဟန္တာက ဖြေလိုက်ပြီ ဦးမာဒင်ခဲ့ ပျောက်တဲ့တရား ရှိတယ်တဲ့....(မှန်ပါ့) ဒီတော့ ကျုပ်တို့ ဘာပူစရာရှိသတုံး....(မရှိပါဘုရား)။

ဘာမှမပူကြပါနဲ့ တကာတကာမတို့ ကိုယ့်အရေးကို ဘုရား ဟောတဲ့အတိုင်း ဆရာသမားက ဒီအလုပ်-လုပ်ဆိုတာသာ လုပ်ရုံ ဘဲ....(မှန်ပါ့)။

ကိုယ့်အတွက်ကတော့ဖြင့် ဘယ်လိုမှ သံသယမရှိကြပါနဲ့....၊ နို့မဟုတ်ယင် ကိုယ့်သံသယက ကိုယ့်ကို အပါယ်ချပါလိမ့်မယ်-(မှန်ပါ့ဘုရား)။

ကိုင်း... ဒါနဲ့ဘဲ ရဟန္တာကရှိတယ်လို့ ပြောတော့ ရှိယင် ဘုရားတပည့်တော် သက်နဲ်းဝတ်ပြီး လုပ်ပါရစေတဲ့ (မှန်ပါ့ ဘုရား)။

ကဲ....ဒါဖြင့် တကာ ငါ့မှာလဲ သက်နဲ်းရှိတယ်၊ မင်း-သက်နဲ်း ဝတ်တာပေါ့ကွာ ဆိုပြီး သက်နဲ်းဝတ်ပြီး လုပ်ငန်းကိုလုပ်တယ်.... (မှန်ပါ့) လုပ်ငန်းလုပ်တဲ့အခါကျတော့ ဦးမာဒင်ရေ- ကုက္ကုစ္စတွေကလာတယ်...(မှန်ပါ့ဘုရား)။

တကာတကာမတွေ ဘာလာသတဲ့.... (ကုက္ကုစ္စတွေလာပါ တယ်ဘုရား)။

ကုက္ကုစ္စအကြောင်းကိုလဲ ဥာဏ်နားနဲ့ထောင်ပါ... (မှန်ပါ့) ဒါ-လာတတ်တဲ့အလုပ် လာမြဲအလုပ်လို့လဲမှတ်ပါ... (မှန်ပါ့ ဘုရား)။

ဩော်.... သူ- ရဟန်းလဲဖြစ်ပြီ၊ တရားအားထုတ်ခိုင်းလို့ ဝိပဿနာအားထုတ်ခိုင်းတော့ ဝိပဿနာဥာဏ်တွေက ဖြစ်ပျက် မြင်တဲ့ဥာဏ်က မလာဘဲနဲ့ တကာကြွယ်ရေ- ငါက ဘယ်နေရာ ဘာသတ်ထားတာ၊ ဒါတွေချည့် မြင်နေတယ်.... (မှန်လှပါ ဘုရား)။

ဘယ် အကုသိုလ်တွေ ငါပြုထားတယ်ဆိုတဲ့ အဲဒါတွေလဲ နောက်ကဟာတွေချည့် ပြန်တွေးတယ်....(မှန်ပါ့) ဒါ-ကုက္ကုစ်လို့ မှတ်လိုက် (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ကုက္ကုစ်ပါ) ကုက္ကုစ်လို့ မှတ်ကြစမ်းပါ တကဘကာမတို့ .. ၊ အဲဒီကုက္ကုစ်က တရားလုပ်မှ လာတာနော် .. (မှန်ပါ့)။

အဲဒီတော့ ဒီဥစ္စာကိုလဲ အနေရးတကြီးက ဆုံးမပါတယ်.... (မှန်ပါ့) တရားလုပ်နေတုန်း ခင်ဗျားတို့က လိမ်ထားတာ, ကောက်ထားတာ, ကျစ်ထားတာ ဒါတွေရှိဘယ်၊ ဒါးတွေရှိပြီး သကာလ အပြောမှား အဆိုမှားတွေဆိုတာ လူတိုင်းရှိတာဘဲ.... (မှန်ပါ့)။

ရှိတာဘဲ-နည်းနည်းများ ရှိနေလို့ ရှိယင် မသိအောင် ဖုံးလိုက်ဖိလိုက်ပြီး လိမ်လိုက် ကောက်လိုက်ရတာတွေ တနည်းအားဖြင့် စကားအားဖြင့် လှည့်ပြီးသုံးလိုက်ရတာတွေ ဒါတွေဟာ လူဘိုင်းရှိတာဘဲတဲ့.... (မှန်ပါ့ဘုရား) မသိခင်တုန်းကတော့ လူတိုင်းရှိတာဘဲ... ။

ရိုးရိုးပြောလို့ မပြီးမှာဖြင့် ချက်ခြင်း ဒေါသဆွဲသာမှာစိုးတဲ့အတွက် ဖုံးကာ-ဖိကာနဲ့ ဦးမာဒင် ဒီလိုစကားတွေလဲရှိတယ် (မှန်ပါ့) တကာကြွယ် ရှိတယ်နော် _ (ရှိပါဘယ်ဘုရား)။

တချို့မှာသဲ သူတို့သိလို့ ရှိယင်ဖြင့် မိန်းမဆိုတာ အူဘိုမျိုးတွေဟာ၊ ငါပေးလိုက်-ကမ်းလိုက်တာသဲ သူတို့သိလို့ ရှိယင် သူတို့က ပြုန်းကနဲဆို ဆူဘတ်တယ်,ပူဘတ်ဘယ် ဆိုပြီးသကာလ

ဖုံးရ,ဖိရတာတွေ့လဲ ယောကျ်ားများမှာလဲ တပုံကြီးပေါ့ဗျာ.... (မှန်ပါ့)။

မိန်းမတွေဘက်ကလဲ ယောကျ်ားများနဲ့ပတ်သက်ပြီးသကာလ ဖြစ်ရ-ကြုံရ ဖုံးရ-ဖိရတာတွေ့လဲ ခင်ဗျားတို့ကတော့ ဖုံးတာ-ဖိတာပေါ့ အပြီးသတ်တော့ လိမ်တာဘဲ....(မှန်ပါ့)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

အဲဒါတွေကလဲ လူတိုင်းမှာမရှိဘူးဆိုလို့ ဦးလှဘူး ရပါ့ မလား....(မရပါဘုရား)။

အဲဒါတွေဟာ တရားအားထုတ်မှု သြော်... ကံက ဒီအလုပ်တွေ့ လုပ်ထားတာဆိုပြီး မလာစေနဲ့.... (မှန်ပါ့) ဒီဥစ္စာလာလို့ ရှိယင်လဲ တကာတကာမတွေ့ ဖြစ်ပျက်သာရှုပစ်.... (မှန်ပါ့)။

ဖြစ်ပျက်သာရှုပစ်ပါ၊ ဒေါသကလေးတွေ့ပါ ဒါကလေး တွေ့က.... (မှန်ပါ့) ဒေါသနဲ့ယှဉ်တဲ့ ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စကိုး....(မှန်ပါ့) ဒါရှုပစ်လိုက်ယင် ပြီးတာပါဘဲ....(မှန်ပါ့ ဘုရား)။

မိလက္ခတိဿမှာခံတော့ အရေးကြုံလာတော့ သတ်ဖြတ်ထား တာတွေ့ တကာသစ် ပေါ်နေတယ်... (မှန်ပါ့)ပေါ်ပြီးသကာလ နေတာနဲ့ တရားအားထုတ်လို့ကို မရဘူး....(မှန်ပါ့)ဖြစ်ပျက်တွေ့ မမြင်ဘဲနဲ့ဖြစ်နေတယ်_ (မှန်ပါ့)။

ကိုင်း....ဖြစ်သ၍အကြောင်း အကောင်းချည့်ဘဲ....၊ မတတ်နိုင်ဘူးဆိုပြီး ရဟန္တာနားပြန်ကပ်တယ်.... (မှန်ပါ့) အရှင်ဘုရား တပည့်တော် လူထွက်ပါရစေဘုရား.... မထူးပါဘူးတဲ့.... (မှန်ပါ့ ဘုရား)။

ဘယ်နှယ်ကြောင့်တုံး ပြောစမ်းပါဦးဆိုတော့ တပည့်တော်ဟာ အရှင်ဘုရားလုပ်ခိုင်းထားတဲ့ တရားတွေ ဉာဏ်ထဲမှာမထင်တဲ့အပြင် တပည့်တော်ပြုထားတဲ့ အကုသိုလ်တွေသာ အကွင်းအကွက်ကြီး ထင်ထင်နေတယ်၊ အဲဒါကြောင့် တပည့်တော် သည်ကားလို့ဆိုလို့ရှိယင် မထူးတဲ့အတူတူ လူဘဲ ထွက်ပါရစေတော့လို့ အရှင်ဘုရားကို လျှောက်ပါတယ်။

မထွက်ပါနဲ့ဦး၊ ထွက်ချင်တယ်ဆိုလို့ရှိယင်လဲ အသင် ရဟန်းဘောင်မှာနေတဲ့ အပြစ်ကလေးတွေကို ကြေးဆပ်ပြီးသကာလ ဒဏ်ထားတဲ့အဓိပ္ပါယ်မျိုး လုပ်ရသေးတယ်ဆိုတော့ ဒါဖြင့်ဘုရား တပည့်တော်ကို ဒဏ်ထားပါ ထွက်ပါရစေတဲ့။

ကဲကဲ ဒဏ်ထားမယ်၊ မင်းသည်ကားလို့ဆိုယင် သဖန်းသားအစို ငါ့ကျောင်းနားမှာရှိတယ်၊ အဲဒါ လှည်းတစီးတိုက်လောက် ခုတ်လိုက်စမ်း....(မှန်ပါ့ဘုရား)။

သဖန်းသားအစိုဆိုတာ ဦးမာဒင်တို့မြင်ဘူးသားဘဲ၊ ဒုတ်လိုက်ကတည်းက အဆစ်းထွက်လာတယ်... (မှန်ပါ့)အဲ... ဒါတွေ့ လှည်းတစီးတိုက်လောက် သူရတယ်၊ အရှင်ဘုရား သဖန်းသားအစို လှည်းတစီးတိုက်လောက်ရပြီတဲ့... (မှန်ပါ့ဘုရား)။

ကဲကဲ... အဲဒါကို ငါ့ဆီမှာမီးပုတ်မီးဆုံရှိပါတယ်၊ အဲဒီမီးဆုံနဲ့ မင်းသည်ကားလို့ဆိုယင် မတောက်တောက်အောင် ရှို့စမ်းလို့ဆိုပြီးသကာလ ရဟန္တာက တကာကြွယ်ရေ အရှို့ခိုင်းတယ်... (မှန်ပါ့)ဘယ်နှယ်မှ ဒီလောက်စိုနေတာကြီး မီးပုတ်ကျည်ကလေးသေးသေးနဲ့ မီးကလေးထွက်တာကလေးနဲ့ ရှို့နေလို့ လောင်နိုင်

ပြောင်နိုင်ပါ့မလား.... (မလောင်နိုင် မပြောင်နိုင်ပါဘုရား) လောင်ဘို့ ပြောင်ဘို့အရေး အတော်ကွာဝေးနေပြီ .... (ဝေးပါတယ်ဘုရား)။

အဲဒီတွင် ရဟန္တာကို သွားလျှောက်တယ်၊ အရှင်ဘုရား .... အရှင်ဘုရားပြောတဲ့ လှည်းတစီးတိုက်လောက်ကြီး မီးပုတ်ကျည်နဲ့ ရှို့လိုက်တာ တနေ့လုံးရှို့တာ ဇာပည့်တော် မီးစာတွေရှာပြီး ရှို့လဲ မလောင်ပါဘုရာ့ .... ဆိုတော့၊ အေး- အေး ငါလာခဲ့ပါမယ်ကွာဆိုပြီးတော့ ရဟန္တာက ကြွလာတယ် တကာသစ်ရေ... (မှန်ပါ့ဘုရား)။

ကြွးပါပြီးသကာလ သူ့ဣဒ္ဓိဝိဓအာဘိညာဏ်နဲ့ တန်ခိုးနဲ့ တခါဟည်း မြေကြီးနှစ်ချမ်းခဲ့ပြီးသကာလ အောက်မှာရှိတဲ့ငရဲကို ပြတယ်... (မှန်ပါ့) ကြည့်စမ်း .... အောက်မှာ ဘာတွေရှိသတုံး ကြည့်စမ်း၊ အော်ကာငင်ကာ တစာစာနဲ့ ငရဲခံနေကြဘာတွေ အကုန်မြင်ရတယ်.....(မှန်ပါ့ဘုရား)။

မြင်ရတဲ့အခါကျတော့ တကာသစ် ထိပ်လန့်သွားတယ် .... (မှန်ပါ့)သြော်... ငါသေယင် ဒီရောက်မှာပါလား ... (မှန်ပါ့) ကြောက်စရာကြီး,လန့်စရာကြီးပါလား၊ ပြန်ရက်လဲရှိတဲ့ အရပ်မျိုး မဟုတ်ဘူး ဆိုပြီးသကာလ သူ့စိတ်ထဲမှာ အင်မတန်မလန့်တဲ့အပြင် ရဟန္တာကလဲ သူသံဝေဂတော့ ရသွားပြီလို့ သိတယ်၊ ဒါ့ကြောင့် သံဝေဂဆိုတာ ထိတ်လန့်တဲ့ဉာဏ်ပြောတာ....(မှန်ပါ့ဘုရား)။

ဒါနဲ့ဘဲ သူသည် ထိတ်လန့်နေတုန်းဘဲ ရဟန္တာက သူကိုယ်တိုင်ဘဲ ငရဲထဲဆင်းပြီး ငရဲမီးကလေးကို ပိုးစိမ်းဖြူလောက်

ပေါ့ဗျာ...(မှန်ပါ့) တကာသစ် သွားပြီး လက်ညှိုးနဲ့ လက်မနဲ့ ညှပ်ပြီးသကာလ ယူခဲ့တယ်.... (မှန်ပါ့) ယူတော့သူလဲမြင်တယ်၊ ရဟန္တာကြသွားတာလဲ သူမြင်တယ်၊ ဟိုက ယူလာတာလဲမြင်တယ်၊ ရဟန္တာဆိုတော့ သူသွားနိုင်တာပေါ့ဗျာ(မှန်ပါ့ဘုရား)။

ဒါနဲ့ဘဲ ပိုးစိမ်းဖြူးလောက် မီးကလေးယူပြီး တကာကြီး-ကြည့်ဆိုပြီးသကာလ သူတနေ့လုံး မီးရှို့လို့မရတဲ့ မီးပုံကြီးကို ဦးမာဒင် ပိုးစိမ်းဖြူလောက်ရှိတဲ့ ငရဲမီးကလေးထည့်လိုက်တာကိုး (မှန်ပါ့)ထည့်သည်နဲ့ တပြိုင်နက်တည်း ပြာကျသွားတာဘဲ ... (မှန်ပါ့)ငရဲမီးဆိုတာ ဒါလောက်ပြင်းတယ်ဆိုတာ ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ ငရဲခါးစည်း ခံမည်ဆိုတဲ့အသုံး, မသုံးလိုက်ပါနဲ့(မှန်ပါ့)ခင်ဗျားကိုလဲခေါ်းစည်း ကြိုး ဘယ်သူမှ မခေပးပါဘူး....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ငရဲခါးစည်းခံမယ်လို့ ဒေါသမျိုး ထွက်လာတဲ့ အခါ တကာကြွယ် သုံးသေးသဗျ...(မှန်ပါ့ဘုရား)။

တကာကြွယ် ဒေါသထွက်လာတဲ့အခါ ဒီအသုံးကို ခင်ဗျားတို့ ကိုယ်မသုံးသော်လဲ ကြားဘူးတာတွေရှိပါလိမ့်မယ်... (ရှိပါတယ် ဘုရား)။

ကျုပ်တို့ဘယ်ငရဲမှ မကြောက်ဘူးဆိုပြီး ဒေါသအလိုက် လင်မယားဆိုသလို မောင့်နှင့်နှမဆိုသလိုဘဲ ဒေါသအလျောက် ပြောတတ်ဆိုတတ်တာတွေလဲ ရှိပါတယ်....(မှန်ပါ့ဘုရား)။

ဒါနဲ့ဘဲ ပြောကျသွားတဲ့အခါကျတော့ အရှင်ဘုရား-တယ်လ ကြောက်စရာကောင်းပါကလား၊တပည့်တော် တခန့်လုံးမီးရှို့လို့ မရတာ ငရဲမီး ပိုးစိမ်းဖြူလောက်ကလေး ထည့်လိုက်တော့ ဖျတ်ကနဲဆိုပြောကျသွားတယ်၊ တယ်လဲ ပြင်းထန်တဲ့ ငရဲမီးပါကလား....(မှန်ပါ!)ဒါ လုတ်ရေး, ကျတ်ရေး ရှိသေးသလား ဘုရားလို့ ထပ်မေးပြန်တယ်....(မှန်ပါဘုရား)။

ရှိတာပေါ့ဆိုတော့ အရင်တုန်းကတော့ လက်တွေ့မဟုတ်သေးဘူး ဦးမာဒင်မကြောက်သေးဘူး....(မှန်ပါ!) အခုတော့ သူကိုယ်တိုင်လဲမြင်ရ· ငရဲမီး၏ ထက်ပုံ မြက်ပုံကိုလဲ ကိုယ်တိုင်မြင်ရတဲ့အတွက် တကာသစ် လန့်သွားတယ်... (လန့်သွားပါတယ်ဘုရား)လန့်သွားတဲ့ အခါကျတော့ အရှင်ဘုရား- တရားထူးသာပေးပါတော့ဘုရား၊ သေချင်သေပေစေ ကြိုးစားတော့မယ်တဲ့.... (မှန်ပါဘုရား)။

တကာတကာမတွေ ဒီစိတ်ပေါ်လာရမယ်... (ပေါ်လာရပါမယ်ဘုရား)သေချင် သေပေစေ· ဘာသုပ်ရမလဲ....(ကြိုးစားရပါမယ်ဘုရား)။

ကြိုးစားရမယ်၊ ဘာ့ကြောင့်တုံးလို့မေးတော့ ခုနင်ကအမှားတွေက လူတိုင်းမှာရှိတယ်ဆိုဘာလဲ သေချာပြီးသားပါ သေချာပြီးသားပါဘုရား)။

အမှားတွေက ဘာတုံးဗျာ... (လူတိုင်းမှာရှိပါတယ်) လူတိုင်းရှိတယ်၊ ပစ္စည်းရှိတဲ့လူးတွဲလဲ လိမ်လည်ကောက်ကျစ်တဲ့ အလုပ်တွေ တပုံကြီး ... (မှန်ပါ!) မရှိဘဲပုဂ္ဂိုလ်လဲ မရှိလို့ဘဲ ညားပြီးသကာလ လိမ်လည်ကောက်ကျစ်ရဘဲ့ အလုပ်တွေကော .... (ရှိပါတယ် ဘုရား)။

ဒီဟာ အကုသိုလ်တွေဘဲလို့ တကာဆစ် သိပြီးသားပေါ့ဗျာ-(မှန်ပါ့)သို့သော်ဲ ဒီဟာတွေသည်ကားလို့ဆိုယင် အနာရှိလို့ ရှိယင် ပျောက်တဲ့ဆေးရှိဘယ်.....(မှန်ပါ့ဘုရား)။

အနာရှိယင်.....(ဆေးရှိပါတယ်) အဲ့....ယခု ဘုန်းကြီးပေးမည့် ဝိပဿနာအလုပ်, မဂ်အလုပ်ဆိုတာ ဆေးအကြီးဆုံးဘဲ (မှန်ပါ့) ခင်ဗျားတို့မှာ ပဋ္ဌာနန္တရိယဘဲမှတပါး ကျန်တာတွေ့ အကုန် ပျောက်ပါတယ်.....(မှန်ပါ့ဘုရား)။

ပဋ္ဌာနန္တရိယကံမှာပါး.... (ကျန်တာ၁၀တွေ့ အကုန်ပျောက်ပါတယ်ဘုရား) ခုနင်ကပြောခဲ့တဲ့ အကုသိုလ်၁လောက်တွေ့ အကုန်ပျောက်တယ်လို့ဆိုတာ တကာတကာမတို့ ရဲရဲတင်းတင်း ကြိုးစားပါ.....(မှန်ပါ့) ရဲရဲတင်းတင်းကြိုးစား၂၊ ဘာမှမပူနဲ့၊ အကုန်ပျောက်နိုင်တယ်... (မှန်ပါ့ဘုရား)။

မဂ်သည်.....တနေ့ကဘဲ ပြောခဲ့ပါတယ် " ကုသလာကုသလံ ဇဟံ" ဆိုတဲ့အတိုင်း ဝဋ်ကုသိုလ်တွေ့ကိုလဲ သူဘဲ ဖြတ်ချလိုက်တာဘဲ.... (မှန်ပါ့) အပါယ်သွား၅၌ အကုသိုလ်တွေ့ကော... (သူဘဲဖြတ်ချပါတယ်ဘုရား)။

ဒါဖြင့် အနာရှိလို့ ဆေးရှိတာကို မသိတဲ့ ပုဂ္ဂိုလ်အတွက်သာ ခက်တာ....(မှန်ပါ့ဘုရား) သဒ္ဓာကျပလား.... (ကျပါပြီဘုရား)။

အဲဒီဒီတော့ ခင်ဗျားဘို့ထုံးစံပြောတာကလေး ရှိပါသေးတယ် မိုးကြိုးပစ်တာ ထန်းလက်နဲ့ကာဘယ်၊ အဲဒီ့အကာမျိုးကဲတော့ မလုံဘူး... (မှန်ပါ့)။

ခင်ဗျားတို့ပြုတဲ့ သာမည ဥာဏ်ကလေးစောင့်လို့ သာမည ဒါနကလေးနဲ့ ကာမယ်ဆိုဒီတော့ ဦးမာဒင် မရဘူး... (မရပါ)။

မရဘူးတဲ့ ၊ အဲဒါ မိုးကြိုးပစ် ထန်းလက်ကဘဲဖြစ်နေတယ်....(မှန်ပါ့) တော်တော်ကြာ ပြန်ရောက်မယ်... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒီတော့ မိုးကြိုးပစ်တာ ထန်းလက်နဲ့ကာနေလို့ ဦးမာဒင် တော်ပါ့မလား....(မတော်ပါဘုရား)နိုင်တဲ့ဆေးနဲ့ ကုတာအေးပါတယ်....(မှန်ပါ့ဘုရား)။

နိုင်တဲ့ဆေးနဲ့ ကုတာဘဲအေးပါတယ်ဆိုတာ ဘုန်းကြီး တကာတကာမတွေ့အောင်လုံး အရင်းအချာချဉ်ဘဲ၊ သြော် .... တကယ့် ဆေးကောင်းပါလား....(မှန်ပါ့ဘုရား)။

ငါတို့က အနာမရှိတဲ့ပုဂ္ဂိုလ်လဲ မဟုတ်ဘူး၊ အနာရှိတဲ့ပုဂ္ဂိုလ် ဖြစ်နေတော့ အေးအေးလဲ နေလို့မတော်သေးဘူး၊ ပျောက်အောင်တော့ ကုတာကောင်းတယ်။ ဒါဆုံးဖြတ်ချက်ချပါ .... (မှန်ပါ့ဘုရား)

တကားကြွယ် ချပြီးသားမဟုတ်လား .... (မှန်ပါ့) အားလုံး တပွဲလုံးချကြပါ တကာတကာမတို့ မကြောက်ပါနဲ့တဲ့၊ ဒီဥစ္စာက သက်သေသာဓက လုံလောက်အောင်လဲ ပြပါပြီ(မှန်ပါ့ဘုရား)။

ဒါနဲ့ ခုနင်က မိလက္ခရဟန်းလို့ ခေါ်တဲ့သူ ရဟန်းလဲ ဖြစ်သွားပြီဆိုပါတော့ဗျာ။ခုနင်က ကြောက်တာနဲ့ဘဲ သက်နှံးမချုတ် လူမထုတ်တော့ဘူး... (မှန်ပါ့) ကိုင်း... အနာရှိ ပျောက်စေနိုင်တဲ့ ဆေးရှိတယ်ဆိုပြီးသကာလ ငါတော့ဖြင့် ဒီငရဲမှလွတ်အောင် ကြိုးစားမှဘဲဆိုတာ တကာတကာမတို့ ကြိုးစားပါတယ် .... (မှန်ပါ့) ကြိုးစားတော့ သူဘယ်လောက်ထိအောင် ပြင်းပြင်း ထန်ထန်ကြိုးစားသတုံးလို့ မေးတဲ့အခါကျတော့ ခေါင်းပေါ်မှာ

ကရွတ်ခွေခေါင်းခုကို ရေဆွတ်ပြီးသကာလ ခေါင်းပေါ်မှာ တင်ထားတယ်၊ ခြေထောက်ကိုလဲ တကာတကာမတို့ အဝတ် ရေဆွတ်ပြီး ပတ်ထားတယ်၊ ဘာဖြစ်လို့တုံး....ခြေအေးတော့လဲ မအိပ်အောင်လို့ ခေါင်းပေါ်က ရေတစက် တစက်ကျတဲ့အခါလဲ မျက်လုံးကျယ်အောင်လို့ ဆိုတော့ သူ့စိတ်ကူး မဆိုးဘူးနော်.... (မဆိုးပါဘုရား) ကျန်းမာရေးလိုက်သေးသလား.... (မလိုက်ပါဘုရား)။

တကာကြွယ် ခင်ဗျားတို့ကကျန်းမာရေးကလေး, ဘာကလေး ရှုပ်မနေနဲ့ဦး၊ အရေးကြီးယင် ကြီးသလို လုပ်ရမှာ.... (မှန်ပါ့ဘုရား)။

အရေးကြီးယင် ...(ကြီးသလိုလုပ်ရမှာပါဘုရား) အရေးကြီးတုန်း ကျန်းမာရေးလိုက်နေလို့ မဖြစ်ဘူး.... (မဖြစ်ပါဘုရား)။

ကျန်းမာရေးဆိုတာက ဒီအတိုင်းနေတဲ့အချိန်မှာ ကျန်းမာရေးလိုက်ရမယ်....(မှန်ပါ့) သေခါနီးက ဒီကျန်းမာရေး အရေးကြီးပြီး ဟိုက အကုသိုလ်တွေ ကြွေးမကျယင် ဘယ်နှယ်လုပ်မလဲ..(မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးဆိုတာ သေချာပလား (သေချာပါပြီဘုရား)။

ဒါ....ဘုန်းကြီးက ပြာပြာသလဲ ခိုင်းနေတယ်....လို့ တကာကြွယ်က အယူမရှိနဲ့ဦး....(မှန်ပါ့) ပြာချိန်ရောက်လို့ အပြာခိုင်းတာ....(မှန်ပါ့)။

တကာသစ် ဘာတဲ့တုံး....(ပြာချိန်ရောက်လို့ အပြာခိုင်းတာပါဘုရား)။

ပြောချိန်ရောက်လို့ ပြောရမှာကို ကျန်းမာရေး လိုက်နေလို့ တကာကြွယ် ဖြစ်ပါ့မလား .. (မဖြစ်ပါဘုရား) အဲဒီတော့.... ကြိုးစားလိုက်၊ အပြစ်ရှိနေတဲ့ပုဂ္ဂိုလ် အပြစ် ကုစားပါဆိုတာ သတိပေးပါတယ်....(မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ခုနင်က မိလက္ခရဟန်းက ခေါင်းပေါ်မှာ ရေစို ကရွတ်ခွေကြီးကို စုပ်ပြီးသကာလ ရေတွေကလဲ ပေါက်ပေါက် ပေါက် ပေါက်ကျလို့၊ခန္ဓာကိုယ်ကြီးမှာ ခြေထောက်ကလဲ တခါတည်း အေးပြီးသကာလနေတော့ ကိုင်း... အေးတာလဲ အေးရပ် ရှုမှာဲ ရေကလေး တစက်တစက်ကျတော့လဲ ကျတဲ့ဝေဒနာတွေ ရှုရုံဘဲ၊ ဆိုပြီး သကာလ ရှုလိုက်တာ ဖြစ်ပျက်တွေမြင် ၁-နံပါတ်.... (မှန်ပါ့) ဖြစ်ပျက်တွေမှုန်း ၂-နံပါတ်ပေါ့ဗျာ....(မှန်ပါ့ဘုရား) ဖြစ်ပျက်တွေဆုံးသွားပြီး တကာတကာမတို့ သောတာပန်တွင် မကဘူး သကဒါဂါမ်. အနာဂါမ်တည်တယ်.... (မှန်ပါ့ဘုရား) သောတာပန်တည်ယင်ဘဲ အပါယ်မှ မကျတော့ဘဲ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီပုဂ္ဂိုလ်သည်ကား....လို့ ဆိုလို့ရှိယင်ဖြင့် နဂိုရိုက ငရဲကိုသွားဘို့ရာလဲ သေချာပြီးသား....(မှန်ပါ့) စောစောစီးစီး ကလဲ ရေအိုးထဲက ရေတောင်ပျောက်လို့ လူ့ပြိတ္တာဖြစ်နေပြီ.... (မှန်ပါ့) ငရဲသွားဘို့ရာကလဲ....(သေချာပါတယ်) ပစ္စုပ္ပန်မှာလဲ လူ့ပြိတ္တာဖြစ်နေတယ်....(မှန်ပါ့)။

အဲဒါတွေ အနာဂါမ်တည်လို့ တကာတကာမတွေ ငရဲဆိုတာ ဘာမှ အသံမကြားဘူး... (မှန်ပါ့) ဒါဖြင့် နိုင်ငံခြားရှိသေးတယ်ဆိုတာ ပေါ်လာတယ် .. (ပေါ်လာပါတယ်ဘုရား)၊

နိုင်တဲ့ဆေး .. (ရှိပါသေးတယ်ဘုရား) ရှိပါသေးတယ်ဆိုတာ တကာကြွယ် ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ကောင်းပြီ.... ဘာပါလိမ့်မတုံးဆိုတော့ ခုနင်က တမက်ရလဲ နိုင်တာဘဲ၊ နှစ်မက်ရလဲ.... (နိုင်ပါတယ်ဘုရား) သုံးမက်ရလဲ.... (နိုင်ပါတယ်ဘုရား)။

နိုင်တာချည့်ဘဲဆိုတော့ ဩဩ....ဒီဆေးမျိုးလဲ ရှိသေးတယ် ဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

အဲဒီတော့မှ သူ အနာဂါမ်လဲ တည်တော့မှ သူကိုယ်တိုင် တခါတည်း တကာသစ်နှယ် ဂါထာရွတ်လာတယ်.... (မှန်ပါ့ဘုရား)။

အလ္လံ ပလာလပုဠ္ဇာဟံ၊
သီသေ နာဒါယ စင်္ကမိံ။
ပတ္တောသ္မိ တတိယံ ဌာနံ၊
တ္ထေ မေ နတ္ထိ သံသယော။

ဆိုတာ သူကိုယ်တိုင် အနာဂါမ်ဖြစ်လို့ရွတ်တာ....(မှန်ပါ့ဘုရား) ငါဟာတဲ့ ကောက်ရိုးကရွတ်ခဲ့ကြီး စွပ်ပြီးသကာလ ငါ့တရား အားထုတ်တယ်.. (မှန်ပါ့) ခြေထောက်မှာလဲ ဂုံအိတ်တွေ ပတ်ပြီးသကာလ အားထုတ်တယ်....(မှန်ပါ့) မနက်လင်းပါရောတဲ့....ငါ အနာဂါမ်တည်တယ် (မှန်ပါ့)အနာဂါမ်တည်ခေတာ့ ခုနင်က မြင်ပြီးသားအပါယ်ငရဲ ရေပျောက်သွားတာဘဲတဲ့ ဘာလဲ အကုန်ပြန်ပြီးသကာလအကောင်းပြန်ဖြစ်ကုန်ပြီ....(မှန်ပါ့)။

ဒီတော့ မင်ဉာဏ်,ဖိုလ်ဉာဏ်သည် ကုသိုလ် အကုသိုလ် စွန့်နိုင်တယ်ဆိုတာ ပေါ်သွားတယ်.... (ပေါ်သွားပါတယ်ဘုရား) မပေါ်ဘူးလား... (ပေါ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေသည် ဘာမှသံသယမရှိဘဲနဲ့ ဆရာဘုန်းကြီးကလဲ ခေါင်းဆောင်တယ်...၊ ခင်ဗျားတို့ကိုလဲ သံသယမရှိလောက်အောင် အခု မိလက္ခရဟန်းကို ထုတ်ပြပြီ....(မှန်ပါ့)။

ဩော်... ဒီမှာလဲ အနာတွေရှိနေလို့ ဆေးကုရမှာလဲ ပြော့ပြော့ ကုနေလို့တော့ မရဘူး၊ ခပ်တင်းတင်းကလေး ကုမှဲ့ဆိုတာလဲ တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီ)။

အဲဒီတော့ ဒုက္ခမချုပ်သေးယင်တော့ ခပ်တင်းတင်းလုပ်ပါ (မှန်ပါ့) ချုပ်ပြီးလို့ ရှိယင် ခင်ဗျားတို့ လျှော့ချင့်,လျှော့ပါ.... (မှန်ပါ့) ခန္ဓာကိုယ်ဖြစ်ပျက်တွေ့ ဆုံးသွားတဲ့အချိန်ကျတော့ တကာသစ် အရေးကြီးစရာလိုသေးသလား... (မလိုပါဘုရား)။

အဲဒါကြောင့် အားလုံး တရားနာကြတဲ့ တကာတကာမတွေ့ အပြစ်ရှိတဲ့ပုဂ္ဂိုလ်မိ အပြစ်ကို တခါတည်း ဖြေဖျောက်ကြပါဆိုတဲ့ဥစ္စာ ဖြေနည်းပေးလို့မှ ခြံပေါက်ဖွင့်ပေးလို့မှ မထွက်တဲ့ နွားဟာ နွားမိုက်ဖြစ်ရမယ်.... (မှန်ပါ့) ဖြေနည်းပေးလို့မှ ဒီအဖြေကို ကျကျနနမဖြေဘူး-မလုပ်ဘူးဆိုလို့ရှိယင်လဲ ခုနင်က နွားမိုက်နဲ့တကာကြွယ် ထူးပါ့မလား....(မထူးပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ နွားမိုက်တွေလဲ မဟုတ်တော့ လူလိမ်မာတွေဖြစ်ပြီးသကာလနေတာကို ဆင်ခြေလဲပြီးသကာလ

မနေလိုက်ပါနဲ့ ဆိုတာကိုဘဲ သဘိပေးရပြန်တယ်.... (မှန်ပါ့) သဘောကျကြပလား.... (ကျပါပြီဘုရား) ပျောက်ဘယ်နော်.... (ပျောက်ပါတယ်ဘုရား)။

အနာဂါမ်ကောင် တည်သွားတယ်၊ ဒီပုဂ္ဂိုလ်အကြောင်း အင်္ဂုတ္တိုရ်အဋ္ဌကထာမှာ တကာသစ် သေသေချာချာလာတယ်... (မှန်ပါ့) ဦးမာဒင် ဘာမှ သံသယမရှိနဲ့ လုပ်ရုံဘဲ (မှန်ပါ့) သံသယမရှိနဲ့ အကုန်ပျောက်စေနိုင်တယ်ဆိုဘာဖြင့် ဦးလှဘူး သေချာတယ်....(သေချာပါတယ်ဘုရား)။

အေး... ဒါ့ကြောင့် အားလုံး သီသရင်ဘော့ရော- နောက်က တကာတကာမေးတွေရော သြော် .... အနာမသိတော့လဲ ဆေးမရှိဘူး၊အနာသိပြန်တော့လဲ ဆေးကဆရာဘုန်းကြီးကပေးတဲ့ဆေးလဲ မဟုတ်ဘူး၊ ဘုရားကငါကိုယ်တိုင်သတ္ထာဒေဝမနုဿာနံ = ငါဘာ ဆရာပါကွာ....တဲ့ ဆေးသမားကြီးပါ ...၊ ဘယ်အနာမဆို ငါ ပျောက်အောင် ကုနိုင်ပါတယ်၊ ဪကိုယ်တိုင် "သတ္ထာ ဒေဝမနုဿာနံ" လို့ မပြောဘူးလား (ပြောပါတယ်ဘုရား)။

ဒေဝမနုဿာနံ=နတ်လူဆိုတဲ့ လူမများတို့၏ သတ္ထာ=ငါဘုရား က ဆရာကြီးပါကွာ တဲ့၊ အကုန်ပျောက်အောင် လုပ်နိုင်ပါ တယ် ...တဲ့.... (မှန်ပါ့) ဆိုတော့ သူလဲ တာဝန်ခံတယ်ဗျာ.... (မှန်ပါ့) တာဝန်ခံဘဲ့အတိုင်း သက်သေသာဓကနဲ့ထုတ်ပြလိုက် ပြန်တော့လဲ ဦးမာဒင် မပျောက်ဘူးလား ... (ပျောက်ပါတယ် ဘုရား)!!

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ သြော်....ဆိုတဲ့ ဥစ္စာကလေး ငါသည်ကား....လို့ ဆိုလို့ရှိယင် မသာစေနဲ့...

(မှန်ပါ့) ဩ....ငါက တော်တော်ဆိုးခဲ့တယ်၊ ဒီဘက် သွားတတ်တာဘဲ .. (သွားပါတယ်ဘုရား)။

အဲဒီတော့ ... ဘဲစား ဘဲချေမျှား ဖြစ်နေမလား၊ အဟုတ်မှ ပျောက်ပါ့မလား .. ၊ မလာစေနဲ့ ဒါကုက္ကုစ္စဘဲ(မှန်ပါ့)သဘော ကျပလား.... (ကျပါပြီ)လာယင် ဒီကုက္ကုစ္စကို ဖြစ်ပျက်ရှုပါ.... (မှန်ပါ့)။

လာယင် ဘာလုပ်ရမလဲ.... (ကုက္ကုစ္စဖြစ်ပျက်ရှုရပါမယ်) နို့မဟုတ်လို့ ရှိယင်ဖြင့် ကုက္ကုစ္စနဲ့ဘဲ ခင်ဗျားတို့ အပါယ်ရောက်ပါတယ် ...(မှန်ပါ့ဘုရား)။

ဧရကပတ္တ နဂါးမင်းကြီးဆိုတာ ရဟန်းအဖြစ်နဲ့ သူနဂါး မဖြစ်ခင်က အနှစ် နှစ်သောင်း တရားအားထုတ်ခဲ့တယ်၊ ဘာမှ အသုံးမကျတဲ့ ပြိန်းရွက်ကလေးကိုဆဲလိုက်တာ ပြတ်သွားတာနဲ့ ဒါကလေး ကုက္ကုစ္စဖြစ်ပြီး နဂါးသွားဖြစ်ရတယ် ... (မှန်ပါ့) မဆိုးဝါးဘူးလား . (ဆိုးဝါးပါတယ်ဘုရား)။

အဲဒီတော့ ကုက္ကုစ္စဆိုတာသည် တကာတကာမတို့ အကျယ်လဲ မပြောပါဘူး... တဲ့၊ ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ နှိပ်စက်တဲ့ ကုက္ကုစ္စ.... (မှန်ပါ့) ဒါ့ကြောင့် ဒီအရေးကိုဖြင့် မလာစေပါနဲ့ ဆိုတာ သတိပေးလိုက်တယ်....(မှန်ပါ့ဘုရား)။

ရိုးရိုးအားထုတ် ဖြောင့်ဖြောင့်အားထုတ် ပျောက်တယ်လို့ တထစ်ချယူပြီး အားထုတ်ပါဆိုတာကိုလဲ သတိပေးလိုက်တယ်.... (မှန်ပါ့) အချည်းနှီးကတော့ လုံးဝမဖြစ်ဘူးဆိုတာလဲ မှတ်လိုက်ပါ... (မှန်ပါ့)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ဆေးတွေ့ပြီလို့ ယနေ့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ....(ဆေးတွေ့ပြီလို့ ဆုံးဖြတ်ချက် ချရပါ့မယ်ဘုရား)။

ဆေးတွေ့ပြီ.... ဘယ်လောက် အကုသိုလ်ကြီးကြီး ပဉ္စာနန္တရိယ အကုသိုလ်ကံကလဲ့လို့ ရှိယင်ဖြင့် တကာတကာမတို့ ပြေပျောက်နိုင်တာ မဂ်ဆေးဘဲ....(မှန်ပါ့)ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အဲဒီမဂ်ဆေး အားထုတ်တော့မယ်ဆိုတော့ ဘုရားက အားထုတ်နည်း ငါ-သုံးနည်းပြောမယ်ကွာတဲ့-(မှန်ပါ့)။

တကာတကာမတို့ အားထုတ်နည်း ဘယ်နှစ်နည်းပြောမလဲ.... (သုံးနည်းပြောပါမယ်ဘုရား)။

သုံးနည်းပြောမယ်လို့ တကာတကာမတွေ့မေးတာ တခြားမဟုတ်ဘူး... ၊ အိမ်ပြန်တဲ့အခါ ဩော်....ဒို့-ဒီ-သုံးနည်း တနည်းနည်းနဲ့ အားထုတ်ရမှာပါကလားဆိုတာ ပေါ်လာအောင်လို့ ပြောပါတယ်....(မှန်ပါ့)

မင်းတို့ တရားအားထုတ်တဲ့အခါ သုံးနည်းနဲ့ အားထုတ်ကြကွာ၊ မိမိကိုယ်ကို အဓိပတိထား၍ အားထုတ်တာတမျိုး .... (မှန်ပါ့)။

တကာသစ် ဘာတဲ့.... (မိမိကိုယ်-ကို အဓိပတိထား၍ အားထုတ်တာ တမျိုးပါဘုရား)။

လောကကြီးကို အဓိပတိထား၍ အားထုတ်တာက....(တမျိုးပါဘုရား)။

ဓမ္မကို အဓိပတိထား၍ အားထုတ်တာက.... (တမျိုးပါဘုရား)။

ဒါဖြင့် ၁-နံပါတ်က ဘာတဲ့ တကာတကာမတို့.... (မိမိကိုယ်ကို အဓိပတိထား၍ အားထုတ်ရပါမယ်ဘုရား)။

၂-နံပါတ်က ဘာတဲ့.... (လောကကြီးကို အဓိပတိထားပြီး အားထုတ်ရပါမယ်ဘုရား)။

၃-နံပါတ်ကဘာတဲ့.... (ဓမ္မကို အဓိပတိထားပြီး အားထုတ်ရပါမယ်) တရားကို အဓိပတိထား၍ အားထုတ်ခြင်းတမျိုး.... (မှန်ပါ့)။

ဘုရားဟာ လေးသခေါ်နဲ့ ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဆည်းပူးလို့ ရတော်မူတဲ့ ဉာဏ်တော်ကြီးနဲ့ ဒီသုံးနည်းနဲ့ အားထုတ်ယင် မင်းတို့ အကုသိုလ်တွေ မပျောက်မရှိပါဘူးကွ.... ဆိုတော့ ကျုပ်တို့၏ ကျေးဇူးရင်ဖြစ်တဲ့ ကိုယ်တော်ကြီးက ကျုပ်တို့ကို ကယ်တင်ဘို့ နည်းပေးတာဘဲ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့က ဒီလိုမဖြစ်စေနဲ့၊ ဒီကန်ထဲရေနည်းနေလို့ နက်ဖြန်ရေခန်းမှာ ကျွဲ,ဋ္ဌင်းတတို့၏ အစာဖြစ်သောကြောင့် ဒီ-ငါး ကလေးကိုဖမ်းပြီး လှတ်မှာဘဲဆိုပြီး ပန်းကန်ကလေး,ခွက်ကလေးနဲ့ ကော်ငြားသော်လဲ ငါးက ထွက်ထွက်ပြေးယင်လဲ မကောင်းဘူး (မှန်ပါ့)။

နက်ဖြန်သေရမှာကိုးဗျ.. (မှန်ပါ့) နက်ဖြန်ရေခန်းယင် သေမှာမို့ သူတော်ကောင်းက ဒီငါးကလေးတော့ သွားဆယ်ပြီး ရေမျှားတဲ့ဆီ ပို့မှာဆိုတော့ ငါးက ရန်သူမှတ်ပြီး ပြေးနေတော့ တကာသစ်....ငါးမိုက်ဘဲ....(ငါးမိုက်ပါဘုရား) မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

ဒီမှာလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကယ်တင်တဲ့နည်း,သုံးနည်း ပေးပါလျက်သားနဲ့ ခင်ဗျားတို့က မလုပ်လို့ ပြင်ဘက်ထွက်နေမယ်ဆိုယင် ငါးမိုက်ဖြစ်ဦးမှာဘဲ(မှန်ပါ့)မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

အဲဒါ့ကြောင့် ဒို့ဟာ လူပါ့ကွ..၊ တိရစ္ဆာန်မဟုတ်ပါဘူးကွ....ဆိုတာ အခုက တင်းထားပါ (မှန်ပါ့) အခုကဘဲ တင်းထားကြပါဆိုတာကိုဖြင့် သတိပေးလိုက်ပြန်တယ်....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက တကာတကာမတို့ မိမိကိုယ်ကိုယ်ကို အဓိပတိထားရမယ်တဲ့—(မှန်ပါ့)။

ကိုင်း.. တရားခွင်သို့ ဝင်ပြီဆိုပါတော့ ဆရာဘုန်းကြီးပေးတဲ့ အတိုင်းဝေဒနာရှုကြပြီစိတ်ရှုကြပြီ,ရုပ်ရှုကြပြီဖြစ်ပျက်မြင်အောင်ဖြင့် ရှုကြတဲ့အချိန်မှာ ကိုယ့်စိတ်ကလေး ဒီလို ထားလိုက်စမ်းပါ?...(မှန်ပါ့)ကိုယ့်စိတ်ကလေး ဒီအတိုင်း ထားလိုက်စမ်းပါ?တဲ့စိတ်ထားနည်း မင်းတို့ကို သင်ပါဦးမယ်...(မှန်ပါ့)။

ငါသည် ယခု အကုသိုလ်ကြွေးတွေ ဆပ်မလို့ သံသရာထဲက ထွက်မလို့ ငါ-တားထုတ်တာ၊ ကိုယ့်ကိုယ်-ကိုယ် မြောက်လိုက်ပါ....(မှန်ပါ့)။

စားစရာမရှိလို့ တရားအားထုတ်တာမဟုတ်ဘူး ... (မှန်ပါ့) သမဏာဘကျပလားး....(ကျပါပြီ) ဝတ်စရာမရှိလို့.... (တရားအားထုတ်တာ မဟုတ်ပါဘုရား)။

နေစရာထိုင်စရာအိမ်မရှိလို့ (တရားအားထုတ်တာ မဟုတ်ပါ) ဟိုဘဝ,ဒီဘဝလိုချင်လို့ .... (တရားအားထုတ်တာ မဟုတ်ပါ) ဒါကလေးတော့စဉ်းစားး....(မှန်ပါ့)။

ဦးမာဒင် ဒါကိုစဉ်းစား ... (မှန်ပါ့) ဟိုဘဝ,ဒီဘဝလိုချင်ယင်လဲ ကရားမပေါက်ဘူး .. (မပေါက်ပါဘုရား) ဟိုဘဝ,ဒီဘဝတောင့်တပြီးသကာလ ဒီဘဝကောင်းစားရေးကို လိုချင်ယင်လဲ တရားမပေါက်နိုင်ဘူးတဲ့.... (မှန်ပါ့) ဟိုဘဝကောင်းစားအောင်လို့ အားထုတ်ပြန်တော့လဲ တဏှာပါနေတယ် ... (မှန်ပါ့)ရပါ့မလားး....(မရပါဘုရား)။

ဒါဖြင့် ဒီလေးချက်ကို သေသေချာချာမှတ်ပါ.... (မှန်ပါ့) တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာဖြင့် တကာတကာမတို့ ကိုယ်.ကိုယ် ကိုယ် မြောက်လိုက်ပါ. (မှန်ပါ့) ကိုယ်.ကိုယ်ကို အဓိပတိထားးလိုက်ပါ (မှန်ပါ့)။

ငါသည် စားစရာမရှိလို့ တရားအားထုတ်သည် မဟုတ်ဘူး (မှန်ပါ့) ဝတ်စရာမရှိလို့.... (တရားအားထုတ်သည်မဟုတ်ပါ) နေစရာ,ထိုင်စရာမရှိလို့.... (တရားအားထုတ်သည်မဟုတ်ပါဘုရား)။

ဒီဘဝချမ်းသာရေး, ဟိုဘဝချမ်းသာရေးကို အလိုရှိလို့လဲ ... (တရားအားထုတ်သည်မဟုတ်ပါ) တဏှာပါမှာစိုးလို့ ဘုရားကရှောင်စေတော်မူတာ....(မှန်ပါ့)။

နို့....ဘာယ်လိုထားရမှာတုံး၊ ရှောင်ကြဉ်မှုကတော့ လေးခု ပြောပြီးပြီ....(မှန်ပါ့) စားစရာမရှိလို့..၊အစားလိုလို့လဲ တရား အားထုတ်တာ မဟုတ်ဘူး၊ သဘောကျပလား.... (ကျပါပြီ) အဝတ်အလိုရှိလို့.... (တရားအားထုတ်တာလဲ မဟုတ်ပါဘုရား) နေရာထိုင်ခင်း အလိုရှိလို့....(တရားအားထုတ်တာလဲ မဟုတ်ပါ) ဟိုဘဝ, ဒီဘဝချမ်းသာရေး,ဟိုဘဝ, ဒီဘဝကောင်းစားရေးကို အလိုရှိလို့လဲ....(တရားအားထုတ်တာ မဟုတ်ပါဘုရား)။

ဩော်..ဦးမာဒင် ဒါတွေရှောင်ရမှာကိုးဗျ.... (မှန်ပါ့)လေး ချက်နော်... (မှန်ပါ့) ဒါတွေရှောင်ပြီးမှ ငါသည်တဲ့၊ ငါ့မှာ ဇာတိ,ဇရာ,မရဏာ အခုရှိနေတယ်.... (မှန်ပါ့) အဲဒီဇာတိ,ဇရာ, မရဏာတို့မှလွတ်လိုလို့ ငါတရားအားထုတ်တာဆိုပြီး ၁. နံပါတ် ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့,ရှင်းပလား.... (ရှင်းပါပြီဘုရား)။

၁-နံပါတ် ဘယ်လိုဆုံးဖြတ်ချက်ချမတုံး (ဇာတိ, ဇရာ, မရဏမှ လွတ်လိုလို့ တရားအားထုတ်ပါဘယ်,အဲ..ဒါဟာ ဒုက္ခ အကြီးဆုံးကို ကျွတ်ချင်လို့ အားထုတ်တာဘဲလို့ မှတ်လိုက်စမ်းပါ..(မှန်ပါ့ဘုရား)၊

ဇာတိ,ဇရာ,မရဏတို့မှ လွတ်ရေး,ကျွတ်ရေးကိုသာ အလိုရှိ၍ အားထုတ်တယ် ဆိုပြီးတော့ ကိုယ့်ကိုယ်ကို အဓိပတိထား၍ အားထုတ်လိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ရရဲ့.မဟုတ်လား.... (ရပါတယ်) ဒီတော့ တကာကြွယ်က စဉ်းစား၊ ဦးမာဒင်တို့၊ တကာသစ်တို့က စဉ်းစား၊ ဩော်.... ဒီဥစ္စာ အကုန်တကှာသတ်ပြီး အားထုတ်တာပါလား...(မှန်ပါ့)

မာနသတ်ပြီး.....(အားထုတ်တာပါ) ဒိဋ္ဌသတ်ပြီး... (အားထုတ်တာပါ)ဇာတိ,ဇရာ,မရဏမှ လွတ်လို့၍... (အားထုတ်တာပါ) သဘောပါပလား.....(ပါ-ပါပြီဘုရား)။

ဒါက ဘယ်သူ့ အဓိပတိထားရတာပါလိမ့်.... (မိမိကိုယ်ကို အဓိပတိထားရပါတယ်) ကိုယ့်ကိုယ် အဓိပတိထားပြီး အားထုတ်တာ.....(မှန်ပါ့)ရှင်းပလား.....(ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့ ဒါဖြင့် နေရာကျပါပြီ၊ ၁-နံပါတ်အောင်ပြီ.... (မှန်ပါ့) စိတ်ထားပြောင်းတတ်ကြပလား .... (ပြောင်းတတ်ကြပါပြီဘုရား)။

ဒီအခုပြောခဲ့တဲ့ စားစရာမရှိ, ဝတ်စရာမရှိ, နေစရာထိုင်စရာမရှိ, ဟိုဘဝဒီဘဝလို့ချင်လို့ မဟုတ်၊ သက်သက် ဇာတိ, ဇရာ, မရဏတွေကို လွန်မြောက်ချင်လို့ အားထုတ်တယ်ဆိုပြီး ကြိုးစားပါ....(မှန်ပါ့)တဏှာ ဒိဋ္ဌသတ်ပြီးသား အရှုခိုင်းတာ.....(မှန်ပါ့) ဒါက မိမိကိုယ်ကို အဓိပတိထားတယ် . (မှန်ပါ့ဘုရား)။

မိမိမှာစားစရာမရှိလို့ လုပ်သည်မဟုတ်ဘူး.....(မှန်ပါ့)မိမိမှာ ဝတ်စရာမရှိလို့ (လုပ်သည်မဟုတ်ပါ) မိမိမှာ နေစရာထိုင်စရာမရှိလို့... (လုပ်သည်မဟုတ်ပါ) မိမိသည် ဟိုဘဝ ဒီဘဝကောင်းစားရေးအလို့ရှိလို့... (လုပ်သည်မဟုတ်ပါဘုရား)။

သက်သက် ဇာတိ,ဇရာ, မရဏတို့ကို ရှုခြင်း မှုန်းခြင်း လွန်မြောက်ခြင်းကို အလို့ရှိလို့သာ အားထုတ်ပါတယ်ဆိုပြီး ဝိရိယပြင်းထန်လိုက်.....(မှန်ပါ့) ရရမယ်ဟေ့.. (မှန်ပါ့ဘုရား)။

တကာသစ် ရရမယ်လို့ ဘုရားကဟောထားတာ ကျုပ်တို့က သံသယရှိဘို့လိုသေးသလား.... (မလိုပါ) ဒီစိတ်ထားဖြင့် ပြင်မိ

အောင်ပြင်ကြပါ... (မှန်ပါ့) တော်တော်အရေးကြီးတယ်နော်-(ကြီးပါတယ်ဘုရား)။

နောက် ဒုတိယအချက်က လောကကို အဓိပတိထားတယ်.... (မှန်ပါ့)ခုနင်က အတိုင်းဘဲ၊ငါသည်ကား စားစရာမရှိ, ဝတ်စရာမရှိ, နေစရာ-ထိုင်စရာမရှိ, ဟိုဘဝ ဒီဘဝလိုချင်လို့ အားထုတ်သည်မဟုတ်ဘူး ဆိုပြီးသကာလ အားထုတ်ရင်းမတွန့်နဲ့ ကိုယ့်စိတ်ထဲမှာ ကာမဝိတက်ဆိုတဲ့ လောဘကလေးဟာ ပေါ်လာတယ်-(မှန်ပါ့) အင်း....ဒီဥစ္စာ ဘယ်သူ့စိတ်မချသေးဘူး၊ သွားဦးမှထင်ပါရဲ့၊ လာဦးမှထင်ပါရဲ့.၊ပြောလိုက်ဦးမှ ထင်ပါရဲ့.၊မတော်လို့ ကျွဲလွန်ကုန်ယင် ဒုက္ခရောက်ကုန်ရော့မယ်- အစရှိသည်နဲ့ ကာမဝိတက်ကလေးတွေ လာတတ်တယ်....(မှန်ပါ့ဘုရား)။

ဗျာပါဒဝိတက်ကလေးကလဲ စိတ်မချ,လက်မချကော(မှန်ပါ့) ဗျာပါဒဝိတက်ကလဲ ဖြစ်တတ်တယ်၊ ဝိဟိ ံသဝိတက်ကလဲ ဖြစ်တတ်တယ်....(မှန်ပါ့ဘုရား)။

အဲဒီဝိတက်တွေ လာပြီဆိုမှဖြင့် လောကကြီးအဓိပတိထားပြီးမင်းက တရားအားထုတ်နေတယ်၊ တရားအားထုတ်နေရင်းမတွန့်နဲ့ မင့်မှာ ကာမဝိတက် လောဘကလာတယ်၊ဒေါသကလဲလာတယ်၊ ဣဿာ မစ္ဆရိကတွေကလဲ မင်းစိတ်ထဲပေါ်နေတယ်၊ သြော် .... မင်းမရှက်ဘူးလား... (မှန်ပါ့) မင်းကိုယ်စောင့်နတ်က မင်းဘာလုပ်နေတယ်ဆိုတာ သိတယ်.... (မှန်ပါ့) လောကကြီးကို မျက်စောင်းထိုးပြီးသကာလ ကြိုးစားရမယ်....(မှန်ပါ့ဘုရား)။

မင်းအားထုတ်နေတဲ့ ဇရပ်စောင့်ကလဲသိတယ်....(မှန်ပါ့) လောကကြီးထဲမှာ သူတပါးစိတ်သိတဲ့ ပုဂ္ဂိုလ်တွေကလဲ မင်းကို အဝေးကနေပြီး မင်းတရားအားထုတ်နေလိုက်တာ ဝိတက်တွေက ရှုပ်လို့လို့ မင်းမရှက်ဘူးလား .... (မှန်ပါ့) ဒါဘာကိုအဓိပတိထားတာတုံး....(လောကကို အဓိပတိထားတာပါဘုရား)။

မင်းနေတဲ့ တောစောင့်နတ်- တောင်စောင့်နတ်တွေကလဲ မင်းတရားအားထုတ်တယ်ဆိုပြီး မင်းမှာဒီဝိတက်တွေက လာနေတယ်၊ မင်းမရှက်ဘူးလားလို့ လောကကြီးကိုရှက်ပြီးသကာလလဲ ဒါတွေ မလာအောင်ကြိုးစားပါ....(မှန်ပါ့ဘုရား)။

ဘာ အဓိပတိထားရမယ်... (လောကကြီးကို အဓိပတိထားရပါမယ်ဘုရား)။

ကိုယ်စောင့်နတ်ကိုလဲ ရှက်ပေးပါ....(မှန်ပါ့) ကျောင်းစောင့်နတ်၊ ဇရပ်စောင့်နတ်တွေကော.... (ရှက်ပေးရပါမယ်ဘုရား)။

ဘေးကနတ်တွေကလဲ အဘိညာဏ်နဲ့ ကြည့်လိုက်တဲ့အခါ တရားအားထုတ်နေသတဲ့ကွာ- ဖြစ်ပုံကဖြင့် သူ့ဖြင့်နဲ့ လောဘကြီးက ဝင်လို့, ဒေါသကြီးက ဝင်လို့, မောဟကြီးက ဝင်လို့, ဣဿာမစ္ဆရိယတွေရှုပ်လို့.... (မှန်ပါ့ဘုရား)။

သူများကမြင်တယ်၊ မင်းက မင့်ကိုယ်ကို ဖုံးလို့ရတယ်လို့ ထင်တာ၊ ဘေးကသူဟပါးစိတ်သိတဲ့ ပုဂ္ဂိုလ်တွေက မင်းဘာဖြစ်နေတယ်ဆိုတာ အကုန်သိတယ်၊မင်းမရှက်ဘူးလားလို့ ကိုးယ့်ကိုယ် ကိုယ်ဆုံးမပေးပါ....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

ဆုံးမတတ်ပလား....(ဆုံးမတတ်ပါပြီ) ဘေးကကိုယ့်သိတဲ့ ပုဂ္ဂိုလ်တွေက တပုံကြီးကိုးဗျ . (မှန်ပါ့)သဘောပါပြီ....(ပါပါဘုရား)။

အဲဒီလို အားထုတ်လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့်အခုပြောဘဲ့ အတိုင်း နှလုံးသွင်းလိုက်တဲ့အခါလောကကြီးကိုအဓိပတိထားပြီး တသာသစ် ကြိုးစားလိုက်ပြန်တော့လဲ ဒါတွေလာသေးရဲ့လား (မလာပါ)လာယင် ဒါနဲ့ချောက်ပစ်(မှန်ပါ့) ချောက်ရမှာလား၊ တကယ်သိတာလား....(တကယ်သိတာပါဘုရား)။

တကယ်သိတဲ့ ပုဂ္ဂိုလ်တွေက ဦးမာဒင်ရေ-တကယ်ရှက်စရာကြီးပါလား....(မှန်ပါ့) ဟန်နဲ့ပန်နဲ့ လုပ်ပြီးသကာလ ဝမ်းထဲမှာလဲ တရားအားထုတ်သလိုလိုနဲ့ တောတောနေ ဟုဟာကလေးက ဝင်လာ- ဒီဟာကလေးက ဝင်လာဆိုတော့ မင်းမရှက်ဘူးလား လို့မေး....(မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်လိုးမးရမယ် ... (မင်းမရှက်ဘူးလားလို့ မေးရပါမယ်)မင်းကိုယ်စောင့်နတ်ကလဲ ဘာတုံး....(သိပါတယ်) ဇရပ်နောင့်နတ်, တောစောင့်နတ်တွေကကော .... (သိပါတယ်) သူတပါးစိတ်သိတဲ့ ပုဂ္ဂိုလ်တွေကကော .... (သိပါတယ်) ဩဇော်....မင်းမရှက်ဘူးလားလို့မေး-(မှန်ပါ့) သဘောကျပလား-ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ့်ကိုယ် ကိုယ်လဲ တကာတကာမတို့ တယောက်တည်း ဗွေဖေါက်နေတဲ့အခါ ဘေးကလူနဲ့ချောက်ပါ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဘုရားကဘာဖြစ်လို့ ဒီလိုဟောတာလို့ တကာ့ကြွယ် ထင်သတုံး၊ ဗေဖေါက်တတ်လို့ဟောတာ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဟောပါလိမ့်.... (ဗေဖေါက်တတ်လို့ဟောပါတယ်ဘုရား)။

တကာကြွယ် ကြီးသော- ငယ်သော မဟုတ်ပါဘူးနော်.... သူဟာ အရေးကြုံလို့ရှိယင် ဒီကြားထဲကနေပြီးသကာလ ဖျတ်ကနဲဆိုပြီး ကိလေသာက ကြားထိုးဝင်တတ်သေးတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားက သိတယ်.... (မှန်ပါ့) ငါ့တပည့်တွေသည်ကား... လို့ဆိုယင် ကြားထိုးနှိပ်စက်တာနဲ့ ပဋိစ္စသမုပ္ပါဒ်ဆက်ရချည်ရဲ့၊ သံသရာရှည်ချည်ရဲ့ဆိုပြီးသကာလ လောကကြီးလဲ အဓိပတိထားပြီး အားထုတ်ကြဟော့....လို့ မှာပြန်တယ်.... (မှန်ပါ့)။

ကဲ....မှာသင့်-မမှာသင့်.... (မှာသင့်ပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား) တကာကြွယ် ဒီလိုကော တခါတခါ မလာဘူးလား .. (လာပါတယ်ဘုရား) လာတဲ့ဥစ္စာနေ့က် ခင်ဗျား ဖြေဖျောက်ပစ်ပါနော်... (မှန်ပါ့)။။

ဟော့....မင့်ကိုယ်စောင့်နတ်ကို မင်း-မရှက်ဘူးလား၊ မင်းကအလကား ဖုံးကာ-ဖိကာနဲ့ (မှန်ပါ့) ဒါ.. မင့်နေရာ မဟုတ်ဘူးကွ-မလာခဲ့နဲ့.... (မှန်ပါ့ဘုရား) ရိပ်မိပလား... (ရိပ်ပါပြီဘုရား)။

ဟော....မင့်တို့က်စောင့်နတ်တွေကလဲ သိတယ်ကွ၊ အိမ်နားက သစ်ပင်စောင့်နတ်တွေကကော...(သိပါတယ်ဘုရား)။

သူတပါးစိတ်သိတဲ့ ပုဂ္ဂိုလ်တွေကကော .... (သိပါတယ်ဘုရား)ရဟန္တာပုဂ္ဂိုလ်တွေကကော(သိပါတယ်ဘုရား) ဒီတော့.... မင်းမရှက်ဘူးလား....(မှန်ပါ့) ကိုယ့်ကိုယ်ကိုယ် ရှက်အောင်လုပ်ပစ်ပါ....(မှန်ပါ့)။

ကိုယ့်ကိုယ်ကိုယ် ရှက်အောင်လုပ်ပစ်လိုက်တဲ့အခါကျလို့ ရှိယင် ဦးမာဒင် ဒီစိတ်ကလေး ပေါ်လာယင် နောက် အလာခံသေးရဲ့လား... (မခံပါဘုရား) မခံတော့ဘူးဆိုတာလဲ သေချာသွားပြီ-- (သေချာသွားပါပြီဘုရား)။

အဲဒီလို လောကကို အဓိပတိထားပြီး တရား အားထုတ်လိုက်ပြန်လဲ တရားပေါက်ပါတယ်... (မှန်ပါ့ဘုရား) ရှင်းကြပလား..., (ရှင်းပါပြီ)။

ကိုင်း.... တတိယအချက်ကို တကားကြွယ် ပြောရလိမ့်မယ်.... (မှန်ပါ့) ဓမ္မကို အဓိပတိထားရမယ်....(မှန်ပါ့) ကိုယ်က အားထုတ်ပြီးနေတာ့ စိတ်ကလေးက ဖြစ်ပျက်တွေ့ရပြီး နေငြားသော်လဲ ပျောက်လိုက်,မတွေ့လိုက်နဲ့ ဧသြာ်.... ဘယ်နှယ်များဖြစ်ပါလိမ့်မတုံး လာချင်လာလိမ့်မယ်.... (မှန်ပါ့)။

ဘယ်လိုပုဂ္ဂိုလ်မို့ပါလိမ့်မတုံး၊ သူများအစဉ်လိုက်တွေ့တယ်၊ ကိုယ့်ဖြင့် မတွေ့ပါဘူး၊ တွေ့ချည်တလှည့်, မတွေ့ချည်တလှည့်၊ တခါတလေ ထိုင်သာနေရတယ် တွေ့ကိုမတွေ့ဘူး....၊ ဘာများဖြစ်ပါလိမ့်မလဲလို့ ကိုယ့်စိတ်ထဲ အောက်မေ့လို့ ရှိယင်ဖြင့်....တဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းဟာမင်း အားတက်အောင် အရင်လုပ်ဦး၊ မင်းသည် စားစရာမရှိလို့ တရား အားထုတ်သည်မဟုတ်ဘူး....(မှန်ပါ့)။

ဝတ်စရာမရှိလို့ .... (တရားအားထုတ်သည် မဟုတ်ပါဘုရား)
နေစရာ,ထိုင်စရာမရှိလို့ - (တရားအားထုတ်သည်မဟုတ်ပါဘုရား)
ဟိုဘဝ-သည်ဘဝလိုချင်လို့.... (တရားအားထုတ်သည် မဟုတ်ပါဘုရား)။

မဟုတ်ဘူး... ဆိုပြီးသကာလ အားထုတ်ရင်းမတွန့်ခုနင်က လျှောတဲ့စိတ်ကလေးလာလို့ ရှိယင်ဖြင့် တရားကို,ဓမ္မကို အဓိပတိ ထားလိုက်စမ်းပါ.... (မှန်ပါ့)။

ဓမ္မကို အဓိပတိထားဆိုတာက တကာကြွယ် တခြား မဟုတ်ပါဘူး.... နော်.... (မှန်ပါ့)ခင်ဗျားတို့ ရှတ်ကြည့်စမ်းပါ တရားဂုဏ်တော်ထဲမှာ " သွာက္ခာတော ဘဂဝတာ ဓမ္မော " ... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ရှတ်ကြစမ်းပါ.... (သွာက္ခာတော ဘဂဝတာ ဓမ္မော·ပါဘုရား)။

"သွာက္ခာတော ဘဂဝတာ ဓးမ္မော...."၊ ဘဂဝတာ=မြတ်စွာဘုရားသခင်သည်၊ သွာက္ခာတော ဓးမ္မော= ကောင်းစွာဟောထားတဲ့တရား- ကောင်းရာကို ပို့တဲ့တရား.... (မှန်ပါ့)။

ကြော်.... မြတ်စွာဘုရားက သူ့တရား အားထုတ်လို့ ရှိယင် ကောင်းစွာ ဟောထားလို့ ကောင်းရာပို့တဲ့တရား... လို့ သူက ပြောထားပါလျက်သားနဲ့ မင်းက ဟုတ်မှ·ဟုတ်ပါ့မလား... တဲ့၊ တရားအားထုတ်နေရတာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကိုယ်၊ ကိုယ်က ဘုရားဟာထားတာတော့ အားထုတ်တာဘဲ၊အားထုတ်ပင် အားထုတ်ငြားသော်လဲ ကိုယ်ကဘဲ ညှံနေသလားလို့ ဒီစိတ်မလာစေနဲ့.... (မှန်ပါ့)။

သူက ကောင်းစွာ အားထုတ်လို့ရှိယင်ဖြင့် ဘာဂဝတာ-မြတ်စွာဘုရားသခင်သည်၊ ဓမ္မော=တရားကို၊ သွာက္ခာတော=ဒီလိုရှုယင် ဒီလိုမြင်လိမ့်မယ်လို့ ဟောထားတဲ့ဥစ္စာ မင်းသိလျက်သားနဲ့ မင်းက ဘုရားကို မယုံလို့ ပျောက်လိုက်၊ မြင်လိုက်,ပျောက်လိုက် ဘာဖြစ်ပါလိမ့်မတုံး....၊ ဘုရားကို မယုံဘဲ့သဘော ရောက်နေတယ်.... (မှန်ပါ့) မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဘုရားက ကောင်းစွာ ဟောထားပါလျက်သားနဲ့ မင်းသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ငါ့မှာ ဟုတ်မှ ဟုတ်ပါ့မလားဆိုတာတွေးများ လာနေသေးလို့ရှိယင်ဖြင့် မင်းဟာ ဓမ္မကို အလေးမပြုရာရောက်နေတယ်... (မှန်ပါ့)။

ဘာ အလေးမပြုရာရောက်ပါလိမ့်....(ဓမ္မကို အလေးမပြုရာရောက်နေပါတယ်ဘုရား) ဓမ္မကို အလေးမပြုရာရောက်တယ် ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဘုရားက "သွာက္ခာတော ဘဂဝတာ ဓမ္မော...."တဲ့၊ ဘဂဝတာ=မြတ်စွာဘုရားသည်၊ ဓမ္မော=တရားကို၊ သွာက္ခာတော=မင်းတို့အတွက် ငါကောင်းစွာ ဟောထားတယ်..တဲ့....(မှန်ပါ့ဘုရား)။

ဒီအတိုင်းသာလုပ် ရရမယ် ဆိုပါလျက်သားနဲ့ မင်းက-နောက်ဆုတ်ဘယ်၊ မင်းက ဘုရားကို မယုံတဲ့ပုဂ္ဂိုလ်မို့လား....၊ မင်းက ဘုရားလောက်သိတဲ့ပုဂ္ဂိုလ်မို့လား မင်းက နောက်ဆုတ်ချင်တာ....(မှန်ပါ့)။

ကိုယ်တိုင်သိတယ်လို့ ပြောနေတဲ့ဥစ္စာကြီး မင်းက ဆင်ခြေမြင်းခြေတွေရှုပ်မနေနဲ့ဆိုပြီး ကိုယ့်ကိုယ်ဆုံးမပါ....(မှန်ပါ)။

တရား အဓိပတိထားပြီးတော့ ကိုယ့်ကိုယ် ဘာလုပ်ရမတုံး.... (ဆုံးမရပါမယ်ဘုရား) ဆုံးမရမယ်ဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သွားလိုက်ပါဦး၊ သန္ဒိဋ္ဌိကောဘုရားက အားထုတ်ပါက့၊ ကိုယ်တိုင် မြင်ပါလိမ့်မယ်....တဲ့.... (မှန်ပါ့ဘုရား) ဘုရားပြောတာများ လွဲသေးသလား....(မလွဲပါဘုရား)။

ဘယ်လိုပါလိမ့်ဗျာ.... (သန္ဒိဋ္ဌိကော-ကိုယ်တိုင်မြင်ရပါမယ် ဘုရား) ကိုယ်တိုင်မြင်ပါလိမ့်မယ်....လို့ ဟောတာ.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုဟောသတုံး....(ကိုယ်တိုင်မြင်လိမ့်လို့ ဟောပါတယ်ဘုရား)။ ကိုယ်တိုင်မြင်ပါလိမ့်မယ်လို့ ဟောလျက်သားနဲ့ ကိုယ်တိုင်မြင်ကောင်းတဲ့တရား,ကိုယ်တိုင်မြင်ထိုက်တဲ့တရားလို့ ဟောပါလျက်သားနဲ့ မင်းမလုပ်လို့ မင်းမမြင်တဲ့ဥစ္စာမင်းက ပါရမီချလိုချ၊ ထောဂါချလိုချ၊ နေရာထိုင်ခင်းကမဟုတ်လို့ ခုံလိုချ၊ အစားမှားလို့ ချလို့ချနဲ့ မင်း-ချတာသည်ကားလို့ ဆိုယင် ဘုရားကို စွပ်စွဲရာရောက်ပါပေ့လား.... (မှန်ပါ့ဘုရား) ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

ဘယ် စွပ်စွဲရာရောက်သလဲ....(ဘုရားကို စွပ်စွဲရာရောက်ပါတယ်ဘုရား)။

ဘုရားက သန္ဒိဋ္ဌိကောလို့ ဟောလိုက်တယ်၊ ကိုယ်တိုင်မြင်ပါ လိမ့်မယ်က္ခ... ကြိုးစားပါဆိုတဲ့ဥစ္စာ ကိုယ်တိုင်မြင်ဲတဲ့ တရားမို့ ကိုယ်တိုင်မြင်လို့မ်ိမယ်ပြောတာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ပျက်ကယ်-ပျက်ကယ်ပြောဘာမျိုး ဟုတ် ကဲ့လား.... (မဟုတ်ပါဘုရား) ဘုရား ဘယ်တော့မှ မသုံးဘူး.... (မှန်ပါ့ဘုရား) ငါ... ပျက်ကယ်-ပျက်ကယ်များက္ခာ ပြောရမှာ ဝေးလို့ အကျိုးမရှိယင် ပြုံးတောင် မပြုံးဘူးဆိုတော့ ကုန်ရော (မှန်ပါ့)။

အကျိုးမရှိယင်....(ပြုံးတောင် မပြုံးပါဘုရား) ပြုံးတောင် မပြုံးပါဘူး....တဲ့ ... (မှန်ပါ့) မင်းတို့ကို လိမ်လည်လှည့်ဖြား ကောက်ကျစ်ပြီးသကာလ ရိုးသေအောင်ပြောတဲ့စကားလို့ မင်းတို့ ဒီလို မယူပါနဲ့.... တဲ့ သန္ဒိဋ္ဌိကော= ကိုယ်တိုင် မြင်ပါတယ်က္ခ လုပ်သာလုပ်ပါ .. တဲ့.... (မှန်ပါ့)။

တရားက ဒီလိုရှိလျက်သားနဲ့ တကာ့ကာမတွေ့ ကိုယ်တိုင် မမြင်သေးလို့ ရှိယင်ဖြင့် ဘယ်နှယ်များ ဖြစ်နေပါလိမ့်မတုံးလို့ ဒီလိုမယူသိုက်ပါနဲ့.....(မှန်ပါ့) ဘယ်နှယ်မှ မဖြစ်ဘူး၊ ဘုရားကို စွပ်စွဲဆ ရောက်နေတာဘဲ....(မှန်ပါ့)။

ဘုရားက ကိုယ်တိုင်မြင်ရမတဲ့ (မှန်ပါ့) ခင်ဗျားတို့က ကိုယ် တိုင်မမြင်တော့ တရားကဟုတ်လေရဲ့လား... ၊ ဘုရားပြောတော့ ပြောရှာတာဘဲ ဘယ်နှယ်များဖြစ်နေပါလိမ့်.... ၊ ပြောရှာတာဘဲ ဆိုယင် ဘုရားကိုစွပ်စွဲပြီ .. (မှန်ပါ့) သဘောကျပလား .. (ကျပါ ပြီဘုရား)။

အဲဒီတော့ ဘုရားကိုလဲ စုပ်စုံမနေပါနဲ့တကာတကာမတို့ကိုယ် တိုင်မြင်ရမယ်ဆိုတယ် မမြင်-မြင်ရအောင် လုပ်မဟော....ဒီဝိရိယ ကို ပြင်းထန်ပေးလိုက်ပါ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဘာပြင်းထန်ပေးရမလဲ.... (ဝီရိယ ပြင်းထန်ပေးရပါမယ်) ဒီအတိုင်း လုပ်ပါဆိုတာဖြင့် ဘုရားက သေသေချာချာဟော တယ်....(မှန်ပါ့)။

ဒါတွင်မကသေးပါဘူးကွာတဲ့၊အကာလိကော အခါမလင့်ကို အကျိုးပေးပါလိမ့်မယ်တဲ့....(မှန်ပါ့)ဟော... မဂ်ရမယ်ကွတဲ့၊အခု မင်းမြင်လိုက်လို့ရှိယင် ဒုက္ခသစ္စာ မြင်လိုက်ယင် မဂ်ရမယ်.... (မှန်ပါ့) မဂ်ရယင် သောတာပန်ဆိုတဲ့ ဖိုလ်ဖြစ်လာပြီကွတဲ့.... (မှန်ပါ့)။

ဒါ- ငါလိမ်ဟာတာ မဟုတ်ပါဘူးတဲ့၊ တရားသဘောကိုက ငါက ပြောရုံတင်မဟုတ်သေးဘူး တရားကလဲ ပြောပါလိမ့်ဦး မယ်ဆိုတဲ့ သဘောလဲပါတယ်...(မှန်ပါ့) မပါဘူးလား....(ပါ- ပါတယ်ဘုရား)။

အကာလိကော=အခါမလင့် အကျိုးပေးတယ် ဆိုယင်ဖြင့် တကာတကာမတို့ အခုမဂ်ရတယ်ဆို အခုဖိုလ် သောတာပန်မဖြစ် ဘူးလား... (ဖြစ်ပါတယ်ဘုရား) အခု အပါယ်လေးပါးကော မပျောက်ဘူးလား....(ပျောက်ပါတယ်ဘုရား)။

ဟ....ဒီလိုတရားက ဆိုပါကလား ဦးမာဒင်ရ(မှန်ပါ့)ဒါဖြင့် ကျုပ်တို့ ကြိုးစားထိုက်- မကြိုးစားထိုက်.... (ကြိုးစားထိုက်ပါ တယ်ဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒီနေ့တော့ဖြင့် တကာကြွယ်ရေ အာကုန်သွားရမှာ ဘဲနော်....(မှန်ပါ့)။

ပြီးတော့ ဟိုပဿဒ္ဓိကောတဲ့၊မလာဘူးလား....(လာပါတယ်ဘုရား)ဟော့....မင်း-သေသေချာချာ အားထုတ်နော်၊နိဗ္ဗာန်ကကို မင့်ကိုခေါ်မှာ....(မှန်ပါ့)။

နိဗ္ဗာန်တရားကရှုနေတဲ့ ပုဂ္ဂိုလ်ကိုလာခဲ့ပေတော့ မင်း-အောင်မြင်ပြီလို့ကို ခေါ်လိမ့်ဦးမယဲ့....(မှန်ပါ့)။

ငါ့ဆီ လာနေလှည့်ဆိုတဲ့ သဘောမျိုးကို တကာကြွယ်ရေ-ဒီနေရာချမ်းသာတယ်, ဒီနေရာ ဒုက္ခကင်းတယ်လို့ သူက ခေါ်လိမ့်မယ်....(မှန်ပါ့ဘုရား)။

ကဲ....ဓမ္မဂုဏ် သေးသလား ... (မသေးပါဘုရား) မင်းတို့ မီးဟုန်းဟုန်းတောက်နေတဲ့အထဲမှ ငါ့ဆီလာခဲ့တော့လို့ ဓမ္မက ခေါ်ပါလိမ့်မယ်....(မှန်ပါ့ဘုရား) ဒါဓမ္မ သတ္တိနော်.... (မှန်ပါ့ဘုရား)။

ကိုင်း....တကာတကာမတို့ ဓမ္မသတ္တိသေးသလား.... (မသေးပါဘုရား) တယ်လဲကျေးဇူးများပါကလား ... (များပါတယ်ဘုရား)။

ဟိုပဿဒ္ဓိကော ပြီးတော့ တကာကြွယ် ဘာတဲ့ဗျာ....၊သြပါနေယျံကော.... (မှန်ပါ့) "အတ္တနောစိတ္တံ ဥပနေတပ္ပော"တဲ့၊ အဋ္ဌကထာဆရာက အတ္တနော = မိမိ၏၊ စိတ္တံ = စိတ်ကို၊ ဥပနေတပ္ပော=ဆောင်အပ်၏-တဲ့၊အနီးသို့ဆောင်အပ်၏....(မှန်ပါ့ဘုရား)။

တကာတကာမတွေ အားသာထုတ်လိုက်စမ်းပါ၊ အားထုတ်လိုက်လို့ ဒုက္ခဆုံးသွားလို့ရှိယင် နိဗ္ဗာန်အနီးအနားကို တခါတည်း ကိုယ်-ကိုယ်တိုင်ရောက်သွားတာဘဲ.... (မှန်ပါ့)။

ကိုယ်-ကိုယ်တိုင် နိဗ္ဗာန်နားရောက်တယ်.... (မှန်ပါ့) တကာတကာမတို့ တရားသတ်ဦ ဘယ်လောက်ထက်သတုံး.... (ထက်ပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့က သူက အတ္တနော=မိမိ၏၊ စိတ္တ=စိတ်ကို ဥပနေတဗ္ဗော=ဆောင်အပ်၏၊မိမိစိတ်ကိုဘဲတခါတည်းငါ့အနီးသို့ လာခဲ့ငါ့အနီးသို့လာခဲ့၊ ဒီနေရာအကောင်းဆုံး ဒီ့ထက်ကောင်းမရှိဘူးဆိုပြီး ကိုယ့်စိတ်တွေ့ လိုက်ရှုနေတဲ့ဥာဏ်တွေ့, ကိုယ့်မဂ် တွေ့, ကိုယ့်ဖိုလ်ဥာဏ်တွေ့ကို နိဗ္ဗာန်ကနေပြီး ဆဲယူသွားတယ်.... (မှန်ပါ့) ဒီတော့ တကာတကာမတွေ့ အားငယ်စရာရှိရဲ့လား.... (မရှိပါဘုရား)။

လုပ်ကြည့်စမ်းပါ....(မှန်ပါ့) လုပ်ကြည့်စမ်းပါ၊ မလုပ်ဘဲနဲ့ ဘေးကနေပြီးသကာလ ဟိုကြက်မကြီး ကြက်ဥပေါက်စေချင်လို့ ဘေးကနေပြီး ပေါက်ပါစေသတည်း ဆိုလို့တော့ ပေါက်မှာမဟုတ်ဘူး... (မှန်ပါ့)ဝတ်ပြုပေးလိုက်ရယင်တော့ ပေါက်မှာပေါ့ (မှန်ပါ့) သဘောပါပဲလား....(ပါ-ပါပြီဘုရား)။

အဲ....ဘေးကနေပြီး ဆုံးတာင်းနေလို့တော့ ရမှာမဟုတ်ပါဘူး(မှန်ပါ့) ကိုယ်တိုင်လုပ်ကြည့်လိုက်၊ လုပ်ကြည့်လိုက်လို့ရှိယင် ကောန်ရတကယ်ရဆိုတာဘုန်းကြီးတို့က တာဝန်ယူပါတယ်-(မှန်ပါ့ ဘုရား)။

ဘုရား၏တပည့်သား ဘုရားက တာဝန်ပေးထားတဲ့ဥစ္စာဘဲ ဘုရားက ဒါဖြစ်နိုင်တယ်၊ မင်းတို့ ပြောသာပြော ရတယ်ဆိုတဲ့ ဥစ္စာသေချာတယ်....(မှန်ပါ့ဘုရား)။

ဩပါနေယျ ကောဇ=အတ္တနော စိတ္တံ ဥပနေတဗ္ဗော ဆိုတဲ့ အတိုင်း မိမိစိတ်ကို နိဗ္ဗာန်က တခါတည်း ဆွဲယူတာဘဲ (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ရှုနိုင်တဲ့ပုဂ္ဂိုလ် နိဗ္ဗာန်က ဆွဲဆောင်လိမ့်မယ်(မှန်ပါ့) ဖြစ်ပျက်မရှုတဲ့ပုဂ္ဂိုလ်ဖြင့် နိဗ္ဗာန်က ဆွဲယူပါ့မလား.. (မယူပါဘုရား)။

အဲဒီကတည်းက သြော်.... ဖြစ်ပျက်ရှုလို့ ဖြစ်ပျက်ဆုံးတဲ့ ပုဂ္ဂိုလ်သာ နိဗ္ဗာန်က ဆွဲဆောင်တာပါကလား၊ကျန်တဲ့ပုဂ္ဂိုလ်တွေ နိဗ္ဗာန်က လက်မခံပါကလား(မှန်ပါ့)ပေါ်ကြပလား(ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့သည်အင်မဟန်ကံကောင်းအကြောင်းသင့်ပြီးသကာလ အပြောအဆိုတတ်တဲ့ ပုဂ္ဂိုလ်နဲ့ ပြောလို့ ခင်ဗျားတို့လဲ ထူးထူးခြားခြားသိရတော့ ဟြော်....ဒို့-မလုပ်လို့ နိဗ္ဗာန်က မခေါ်တာကိုး...(မှန်ပါ့ဘုရား)။

ဘယ်နှယ်ဆိုကြမလဲ.... (ဒို့မလုပ်လို့ နိဗ္ဗာန်က မခေါ်တာပါဘုရား)။

ဒို့ကသာ သူ့အလုပ်ကို လုပ်လို့ရှိယင်ဖြင့် သူက ဒို့စိတ်တွေကို တခါတည်း အကုန်ဆွဲယူပြီးသကာလ ငါ့ဘက်သာလှည့်၊ သူများဘက် လှည့်မနေနဲ့ ချမ်းသာတာအစစ်က ငါဘဲဆိုတဲ့

သဘောမျိုးနဲ့ နိဗ္ဗာန်က တကာတကာမတို့ မိမိစိတ်ကို စွဲဆောင်သွားပါတယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ လုပ်ဖြစ်အောင် လုပ်စမ်းပါ.... (မှန်ပါ့ဘုရား)။

တကာသစ် ဘယ်လိုမှာပါလိမ့်.... (လုပ်ဖြစ်အောင်လုပ်စမ်းပါဘုရား)ဘာဖြစ်လို့တုံး... ချမ်းသာက ခေါ်သည်တိုင်အောင် လုပ်ရမယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) အခု ခင်ဗျားတို့ကို ခေါ်နေတာကတော့ ဆင်းရဲကချည့်ခေါ်နေတာ မှတ်ပါ....(မှန်ပါ့)။

ဥပမာမယ် တကာသစ်ကို ဆိုင်ကခေါ်တယ် ဆိုလို့ရှိယင်ဖြင့် ဆိုင်ရောက်ယင် ခင်ဗျားကို အနားမနေအောင်လို့ခေါ်တာ.... (မှန်ပါ့)။

အရပ်ကခေါ်တယ်ဆိုလို့ရှိယင် အရပ်ကိစ္စ, ကိုယ့်ကိစ္စတွေနဲ့ ဆင်းရဲအောင်လို့ခေါ်တာ...(မှန်ပါ့)။

တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီ) သင်ပန်းကုန်းက ခေါ်တယ် တကာကြွယ်.... လာပါဦးတဲ့ ခင်ဗျားမပါယင် မပြီးဘူးတဲ့ ဆိုကဘည်းကိုက ဒုက္ခပေးမလို့ခေါ်တာ.... (မှန်ပါ) နိဗ္ဗာန်လိုဟုတ်ပါရဲ့လား....(မဟုတ်ပါဘုရား)။

အဲ....နိဗ္ဗာန်ကတော့ ဒီလိုမဟုတ်ပါဘူးတဲ့၊ မင်း- ဒီပြင်ဟာတွေဘက်မသွားနဲ့၊ ချမ်းသာအစစ်က ငါဘဲ...၊ ငါ့ဆီသာနေတော့၊ သဘောကျပလား....(ကျပါပြီ)ဒီချမ်းသာထက် ချမ်းသာတာ မရှိဘူးဆိုပြီး သူက မိမိစိတ်ကို ခေါ်လေ,,ဆွဲဆောင်လေ့ရှိပါတယ်....(မှန်ပါ့)။

တကာကြွယ် ရိပ်မိပလား...(ရိပ်မိပါပြီ) လုပ်တဲ့ပုဂ္ဂိုလ်မှ ဆဲဆောင်တာနော် ... (မှန်ပါ့) သစ္စာမြင်တဲ့ပုဂ္ဂိုလ်မှ ဒုက္ခသစ္စာပိုင်ပိုင်နိုင်နိုင်သိတဲ့ပုဂ္ဂိုလ်မှ ဆဲဆောင်တာ....(မှန်ပါ့) ဆုတောင်းသမားမပါပါဘူး....(မပါပါ) ပါသေးရဲ့လား .... (မပါပါဘုရား)။

အေး....ဒါတွေသိတော့မှ "အတ္တနော စိတ္တ ဥပနေတပ္ပေါ" အတ္တနော=မိမိ၏၊ စိတ္တ=စိတ်ကို၊ဥပနေတ=ပူပန်သို့ဆောင်အပ်၏....(မှန်ပါ့) မင်းဟာ အခုတော့ဖြင့် နိဗ္ဗာန်ကိုအမြင်နဲ့ဘဲ ချမ်းသာယူပါဦးကွာ၊ ဒီဘဝ စုဆောင်းနေသလွန်လိုက်လို့ရှိယင် ချမ်းသာအစစ် ကောင်းကောင်းပါတယ်လို့ သူ့ကိုကပြောနေတာ ... (မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ့ တကာကြွယ်ရေ-လုပ်ကြည့်မှသိတယ်နော်....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာတဲ့တုံး....(လုပ်ကြည့်မှ သိပါတယ်)နို့ မလုပ်တဲ့ပုဂ္ဂိုလ် ရမှာမှမဟုတ်ဘဲ...(မှန်ပါ့) ဓနိပါ့မလား....(မဓနိပါဘုရား)။

သန္ဒိဋ္ဌိကော=ကိုယ်တိုင်မြင်တာမှ မလာလို့ရှိယင် အကာလိကော=အခါမလင့် အကျိုးပေးပါ့မလား....(မပေးပါ)အကာလိကောမှ မရှိတဲ့ပုဂ္ဂိုလ် ဟိပသိကောဆိုတဲ့ဥစ္စာ လာနိုင်ပါ့မလား (မလာနိုင်ပါဘုရား)။

ကဲ....ဒါဖြင့် ရှေ့ကိုသွားကြပါဦး တကာ့ကကာမတို့ တရားကုဏ်ဆော် ခြောက်ပါးတောင် ရှိတယ် "ပစ္စတ္တ ဝေဒိတပ္ပေါ

ဝိညူဟိ”တဲ့....(မှန်ပါ့) ဝိညူဟိ=ဝိပဿနာပညာ မဂ်ပညာရှိတဲ့ ပုဂ္ဂိုလ်တို့သည်သာလျှင်၊ပစ္စတ္တ =အသီးအသီး၊ဝေဒိတဗ္ဗော၊ သိနိုင် ခံစားနိုင်, ရနိုင်တယ်တဲ့... (မှန်ပါ့) ပညာရှိအသီးအသီးသာလျှင် နိဗ္ဗာန်ကိုရနိုင်ကာကွတဲ့... (မှန်ပါ့ဘုရား)။

ပညာရှိ အသီးသီးသာလျှင်... (ရနိုင်ပါတယ်) သောတာပတ္တိ မဂ်ကိုရအောင် အားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ သောတာပတ္တိမဂ်ကို ရတယ်....(မှန်ပါ့)သကဒါဂါမိမဂ်ကို ဆက်ပြီးရအောင်အားထုတ် ယင်ကော.....(သကဒါဂါမိမဂ်ကို ရပါတယ်ဘုရား)။

အနာဂါမိမဂ်ကို ဆက်ပြီးအားထုတ်လိုက်ယင်ကော... (အနာဂါမိမဂ်ကိုရပါတယ်) သူတို့အသီးသီး ရကြတယ်ကွတဲ့... (မှန်ပါ့) အားမထုတ်တဲ့ပုဂ္ဂိုလ်ကျတော့... (မရပါဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ မဂ်ကုသိုလ်အမျှပေးလို့မရဘူး (မှန်ပါ့) အသီးအသီးသာရတယ်၊ ယောကျ်ားက သောတာပတ္တိမဂ်ရတယ်၊ ရော့ သောတာပတ္တိမဂ်အတွက် ယူဦးဟော့ဆိုလို့ မဆိုင်ဘူးကွ....(မှန်ပါ့)သဘောကျပလား...(ကျပါပြီ) ပစ္စတ္တံ = အသီးအသီးကိုးဗျ....(မှန်ပါ့)ဝေဒိတဗ္ဗော=ရအပ်၏၊အသီးအသီး သာရတာတဲ့... (မှန်ပါ့ဘုများ)။

မင်းနဲ့ငါနဲ့ဟာ ထင်းပုံခေါင်းချ ပေါင်းသင်းမယ်လို့ပြော တယ်၊ ဒါလောက်ဘဲကြင်နာပါတယ် ဆိုငြားသော်လဲ ဒီမဂ်တွေ ကျတော့ အမျှပေးလို့မရဘူး.... (မရပါ) ဒီ့ပြင်ကုသိုလ်တွေ တော့ ရပါတယ်....(ရပါတယ်ဘုရား)။

ဒီ့ပြင်ကုသိုလ်တွေတော့ဖြင့် အမျှပေးယင်ကိုယ်လဲမလျော့ ပါဘူး၊ သူလဲရပါတယ်... (မှန်ပါ့) ဒါကတော့ ကိုယ့်ကိုယ်ထဲ

မှာသာရှိပြီး သူမျှားကိုပေးလို့ မရတာ...(မှန်ပါ့) သဘောကျပလား..(ကျပါပြီဘုရား)။

အဲဒီမှာ တချို့ တကာတကာမတွေက တော်တော်ဆိုးဝါးတယ်....(မှန်ပါ့) အို-ယောကျ်ားလမ်းဘဲ၊ ယောကျ်ားတို့ အားထုတ်တာဘဲ၊ ကိုယ်က အိမ်ကဝေယျာဝစ္စပြုနေလဲ မဆိုးပါဘူးတဲ့ (မှန်ပါ့) ဘယ်မှာ မဆိုးရမတုံး- ရကိုမရဘူး.... (မှန်ပါ့ဘုရား) ယောကျ်ားက မင်္ဂိုလ်ရဿေးတော့ မိန်းမကရပါ့မလား .... (မရပါဘုရား)။

အဲဒါဘဲ တကာတကာမတွေက ဒီ့ပြင်ကုသိုလ်မျိုးမှတ်နေလို့ သူတို့ဟာသူတို့ တချားအားထုတ်တာဘဲ၊ အဲဒီတော့ ကိုယ်ကလဲ အိမ်မှာ ဆွမ်းချိန်,ကွမ်းချိန်, အစားချိန်, အသောက်ချိန်, အဝတ်ချိန်, ကိုယ်အဆင်သင့်လုပ်လဲ ကိုယ်လဲအကျိုးမယုတ်ပါဘူးတဲ့... (မှန်ပါ့ဘုရား)။

ဟ....ဘယ့်နှယ်အကျိုးမယုတ်ရမတုံး- ဟိုဥစ္စာက ကာမာဝစရကုသိုလ်သာရတာဘဲ၊ လောကုတ္တရာကုသိုလ် ရပါ့မလား-....(မရပါဘုရား)။

အဲဒါ့ကြောင့် ခင်ဗျားတို့ မိန်းမတွေကိုလဲ သတိပေးလိုက်ပါတယ်....(မှန်ပါ့)မပေးသင့်ဘူးလား.... (ပေးသင့်ပါတယ်ဘုရား)။

အို...ကိုယ်ကလဲ နောက်ကသူအထပြောက်ဘို့ ကြိုးစားပေးနေတာဘဲ၊ ကိုယ်လဲ ဘယ်မှာမရဘဲရှိရမတုံးတဲ့....(မှန်ပါ့) အဲဒါ ဒီ့ပြင်ကာမာဝစရ ကုသိုလ်တော့ရပါတယ်၊ မင်္ဂိုလ်ကတော့ မရဘူး....(မရပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ယောကျ်ားကလဲ တချို့က မိန်းမညှာတဲ့ ယောကျ်ားကလဲ ရှိသေးတယ်၊ မရှိပေဘူးလား တကာကြွယ်.... (ရှိပါတယ်) ကဲ... မင်းတို့ကခြေတိုသက္ခ၊ နေ့သွားတရားနာက္ခ၊ ဒို့ကအိမ်စောင့်မယ် က္ခာ၊ ညဆိုတော့မင်းတို့က မတော်ဘူး။ ညကျတော့တရားပဲက မရှိဘူး။အားထုတ်ချိန်ကလဲမရှိတော့ ဘယ့်နှယ်တုံး....တကာကြွယ် ခြေတိုတဲ့လူသာရှေ့.ကလွတ်ပြီး၊ ခြေတိုတဲ့လူက မင်္ဂလာဏ် ဖိုလ် ဉာဏ်ရ၊ခြေရှည်တဲ့ပုဂ္ဂိုလ်ကဖြင့် ရှည်လို့.ပြေးလို့.မအားတော့ဘူး (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီလိုလဲ မဖြစ်စေပါနဲ့ဆိုတာ နှစ်ဖက်စလုံးပြောနေတယ်- (မှန်ပါ့)တကာသစ် ပြောထိုက်-မပြောထိုက် ... (ပြောထိုက်ပါ တယ်ဘုရား) ဘာဖြစ်လို့ ... ဆရာဘုန်းကြီး ဒီအဓိပ္ပါယ်ကို ဒါလောက် လေးလေးနက်နက် ပြောပါလိမ့်မတုံး ဆိုတော့ ခင်ဗျားတို့ ပါဠိရှက်ကြည့်....(မှန်ပါ့ဘုရား)။

"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ" ဝိညူဟိ = အားထုတ်တဲ့ ပညာရှိတို့သည်သာလျှင်၊ ပစ္စတ္တံ =အသီးအသီး, မင်္ဂလာဏ်ကို၊ ဝေဒိ တဗ္ဗော=ရအပ်၏တဲ့ ဆိုတော့ အခုဉာဏ်နဲ့အားထုတ်နေတဲ့ပုဂ္ဂိုလ် အခုရတာကတဲ့၊ အိမ်က ထမင်းချက်ပို့.နေရုံနဲ့ ဘာမှမဆိုင်ဘူး.... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က နှုတ်သီးကောင်း လျှာပါးနဲ့၊ အင်း.... သူတို့လဲကြိုးစားဘော့ကိုယ်လဲ ကူညီတာပေါ့ ပါရမီဖြည့်ဘက် ဘဲတဲ့....(မှန်ပါ့) သူ့ဟာ သူနေရစ်....(မှန်ပါ့) ပါရမီဖြည့်ဘက် ပေမဲ့.နေရစ်၊မရဘူး....(မှန်ပါ့)ရပါ့မလား....(မရပါ) မရဘူး ဆိုတာ တကာကြွယ်ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

မိန်းမတွေဘက်ကလဲ သူက ရှေ့က သွားမယ်၊ငါက ရှေ့က သွားမယ်သာလုပ်ပါ....(မှန်ပါ့) ရင်ဘောင်တန်းတောင် မနေနဲ့ (မှန်ပါ့ဘုရား)။

ကိုယ်အပါယ်လွတ်အောင် ပြေးတာဘဲ တကာတကာမတို့၊ နောက်က မီးလိုက်လို့ ပြေးနေတဲ့ဥစ္စာဘဲ ကိုယ်က ရှေ့ကရောက်မှ ကိုယ်လွတ်မှာ၊ နောက်ကျတဲ့လူ မီးတောက်မိမှာဘဲ .... (မှန်ပါ့ဘုရား)။

ဒါဖြင့် ရင်ဘောင်တန်းပြေးမလား- ရှေ့ရောက်အောင်ပြေးမလား....(ရှေ့ရောက်အောင် ပြေးရမှာပါဘုရား)။

အံမာလေး....မနည်းတွန်းရတာပါကလား(မှန်ပါ့) မနည်းကို တွန်းရတယ်၊ တကာသစ် မလွယ်ဘူးနော်....(မလွယ်ပါ)ဦးထမ်းပဲ့ထမ်းနဲ့ ဒါမရဘူး....(မှန်ပါ့ဘုရား)။

တကာကြွယ် ဦးထမ်း·ပဲ့ထမ်းဘယ်နှယ်တုံး.... (မရပါ) မရဘူး၊ သူ့ပါဋ္ဌိတော်ကိုကြည့်ပါ၊ ရွှတ်ကြည့်ကြစမ်းပါ ဘာတဲ့တုံး....(ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိပါဘုရား)။

ပစ္စတ္တံ=အသီးသီး၊ ဝေဒိတဗ္ဗော=လုပ်မိတဲ့လူမှ သိနိုင်ရနိုင်၏ တဲ့(မှန်ပါ့)ဘယ်လိုပုဂ္ဂိုလ်တုံးဆိုတော့ ဝိညူဟိ-တဲ့ ဉာဏ်နဲ့ အားထုတ်တဲ့ ပုဂ္ဂိုလ်မှရမယ်....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

အဲဒီနေရာမျိုးမှာ အဋ္ဌကထာဆရာကဖွင့်လိုက်ဘာ သူတပါးခေါင်းမှာ ပန်ထားတဲ့ပန်းဟာ ကိုယ့်ခေါင်းမှာ မလှပါဘူးတဲ့ (မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပ ပြီဘုရား)။

သူတပါးခေါင်းမှာ ပန်ထားတဲ့ပန်းက ဥပမာ .... **မိန်းမ**ခေါင်းမှာ ပန်ထားတဲ့ .... ပန်းသည် .... ယောကျ်ားခေါင်း**မှာ**လာပြီးလှရဲ့လား.... (မလှပါဘုရား) ဘာဖြစ်လို့မလှသတုံး....။ တခြားစီမို့....(မှန်ပါ့)။

အဲဒီလိုဘဲဟေ့....တဲ့၊ မင်္ကုသိုလ်ကတော့ဖြင့် ယောကျ်ား**က**ရလို့ မိန်းမရမယ်မဟုတ်ဘူး၊ မိန်းမကရလို့ ယောကျ်ားရမယ်မဟုတ်ဘူး၊ အသီး-အသီး သူ့ဟာသူမှရမယ်(မှန်ပါ့)သူ့ဥာဏ်နဲ့သူအားထုတ်ပြီး သူသာ ရမှာဘဲ....(မှန်ပါ့) ကိုယ်ပန်ယင် ကိုယ်သာလှတယ်၊ သူမျှားမလှဘူး....(မှန်ပါ့) ဒါကိုပြောတာ၊တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်နှယ်လုပ်မလဲ တကာကြွယ်ရ၊ ဟာ....မတတ်နိုင်ဘူးကွာ....မသန်းလဲပြောလိုက် ငါ့ဟာငါ ကြိုးစားရမှာဘဲ၊ မင်းဟာမင်းဘဲ၊ မတတ်နိုင်ဘူး၊ ဒီအတိုင်းဘဲ သွားပေတော့....(မှန်လှပါဘုရား)။

မင်းက ရှေ့က ပြေးချင်လို့ရှိယင်လဲ မင်း·မီးလှတ်မှာဘဲ၊ ငါက ရှေ့ကပြေးလဲ ငါ မီးလှတ်မှာဘဲ၊မင်းကိုလဲ ဆွဲမနေနိုင်ဘူး၊ ငါ့လဲ စောင့်မနေနဲ့ဆိုပြီး ကိုယ့်လမ်းသာကိုယ်သွား...(မှန်ပါ့) လင်ကွဲ-မယားကွဲခဏ်းမှာ ဟောနေသလား... လို့ အောက်ဓေ့မှာလဲ စိုးရသေးတယ်....(မှန်ပါ့)။

ဒီလိုတော့ မဟုတ်ပါဘူး....တဲ့၊ ပါဠိတော်က " ပစ္စတ္တဲ ဝေဒိတဗ္ဗော ဝိညူဟိ...."တဲ့.... (မှန်ပါ) သဘောပါပလား... (ပါ·ပါပြီဘုရား)။

ဝိညူဟိ=ပညာရှိတို့သည်၊ပစ္စတ္တံ=အသီးအသီး၊ ဝေဒိတဗ္ဗော= ရအပ်၏၊ ပညာရှိတဲ့ပုဂ္ဂိုလ်မှာ သူ အသီးအသီးရတာဘဲ .. (မှန်ပါ့ဘုရား) ပညာနဲ့အားမထုတ်တဲ့ပုဂ္ဂိုလ်....(မရပါဘုရား) မရနိုင်ဘူးဆိုသဖြင့် ခင်ဗျားတို့ ဒီ.ပြင်ကုသိုလ်တော့ဖြင့် ကောင်းတူ, ဆိုးဘက် ဘုန်းကြီးတို့ မကန့်ကွက်ပါဘူး...(မှန်ပါ့) ဒီမင်္ဂလာဈာပိုလ်ဥာဏ်အလုပ်ကတော့ဖြင့် မရပါကလား .(မှန်ပါ့) ဒါဖြင့် ဘယ်.နှယ်လုပ်မလဲ၊ ရှေ့.ကပြေးမလား-နောက်က ပြေးမလား... (ရှေ့.ကပြေးရပါမယ်ဘုရား)။

အင်း...တော်ခတော်ခခြေသွက်လာပြီ.... (မှန်ပါ့) တော်တော် ခြေသွက်လာပြီ၊ရှေ့.ကပြေးရမှာဘဲ....(မှန်ပါ့ဘုရား)။

ကောင်းပြီ တကာတကာမတို့ ဒီအတိုင်းဟာ ဘယ်ပါဦး တော်ကလာသတုံးဆိုဘော့ ခင်ဗျားတို့နေ့တိုင်း တရားရှိခိုးထဲမှာ ပါတယ်၊ ဘာတဲ့တုံး ဦးမာဒင်.... (ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ ပါဘုရား)။

အဲ....အသီးအသီး သူလုပ်လို့.သူရတာ(မှန်ပါ့)သောတာပတ္တိ မဂ်ဆိုတာ သူလုပ်လို့.သူရတာ...(မှန်ပါ့)သကဒါဂါမိမဂ်ဆိုတာ ကော....(သူလုပ်လို့.သူရတာပါ) ပညာရှိပုဂ္ဂိုလ်- ပညာနဲ့ သူလုပ်လို့.သူရတာ....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ မဂ်လေးပါးဟာ သူလုပ်လို့. သူရတာ....(မှန်ပါ့ဘုရား)။

အဲဒီတွင် တကာတကာမတို့ အဋ္ဌကထာဆရာက ဥပမာပြတယ်၊ဟေ့...သူမျှားခေါင်းမှာ ပန်းလာဘဲ့ပန်းဟာ ကိုယ်မလှ၊ါ ဘူးကွဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်-ရေ.... ကျုပ်တို့ အလှူမင်္ဂလာမဏ္ဍပ်ကို သွားသလို မိန်းမမှာ စိန်တွေခြယ်ပြီး ယောကျ်ားကတော့ ရိုးရိုး ကလေးနဲ့ သွားငြားသော်လဲ အို....ဒါဟာ လူသိပြီးသား မထူး ဘူး.... မှန်ပါ့) ရှိလို့ ဝတ်တယ်ဆိုတာ ယောကျ်ားက နောက်က ဆင်ထားပေါ့ဗဲ့ ကိစ္စမရှိဘူး၊ အဲဒီလို ထေလို့ မရဘူး.... (မှန်ပါ့ ဘုရား) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား) ကိုယ်လုပ်မှ.... (ကိုယ် ရပါတယ်ဘုရား)။

အဲဒါကြောင့် တကာမတွေကလဲ နောက်ကမနေဘဲနဲ့ဒီအလုပ် ကိုယ်တိုင်ကြိုးစား... (မှန်ပါ့)။

ယောကျ်ားတွေကလဲ ကိုယ့်အလုပ်ကို ကိုယ်ကြိုးစား-(မှန်ပါ့ ဘုရား) ဘာ့ကြောင့်တုံးဆိုယင် အမျှပေးလို့ မရလို့ဟာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အမျှဆိုတာ အဘို့ဘာဂပေးလို့မရတာ....(မှန်ပါ့)သဘော ပါပလား....(ပါ-ပါပြီဘုရား) သရက်သီးတခြမ်းကို တစိတ်စီ.... ဒီလို့ကိုပေးလို့မရဘူး....(မှန်ပါ့)။

ဒီပြင် ခင်ဗျားတို့ ကျောင်းဆောက်, ဘုရားတည် ကုသိုလ် တွေကတော့ ရပါတယ်၊ ကိစ္စမရှိပါဘူး....(မှန်ပါ့) ဒီမင်္ဂဉာဏ်, ဖိုလ်ဉာဏ်ကတော့....(မရပါဘုရား)။

မင်္ဂဉာဏ်,ဖိုလ်ဉာဏ်ကို ပေးလို့ သာရမယ်ဆို တကာသစ် ယသော်မရောက်ဘဲ စန္ဒကိန္နရီဇာတ်သွားဟောဘို့ လိုသေးသလား---- (မလိုပါဘုရား) သူ ဘုရားဖြစ်တဲ့နေ့ကစပြီး မင်္ဂဉာဏ်,ဖိုလ်ဉာဏ်

ကို တဝက်ယူတော့လဲ့ ပြောရုံဘဲရှိမယ်....(မှန်ပါ့) ဒီလို ရနိုင်ရဲ့ လား....(မရနိုင်ပါဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့ "ပစ္စတ္တံ ဝေဒိဘပ္ပေါ ဝိညူ ဟိ"ဟာ ဩဩ....ကိုယ့်အရေးကိုယ်လုပ်မှ ကိုယ်ရတယ်ဟောတာ၊ သူတပါးလုပ်ယင် သူတပါးရတယ်ဟောတာ... (မှန်ပါ့)။

ကိုယ်လုပ်ယင်....(ကိုယ်ရပါတယ်ဘုရား) သူတပါးလုပ်ယင်-(သူတပါးရပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က အကြင်လင်မယားရယ်လို့ ရှေးစကား ပြောမနေနဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အကြင်လင်မယားဆိုတော့ ရှေးစကား ပြောတတ်တယ်.... (မှန်ပါ့) ကွာ....အကြင်လင်မယား လျှာနဲ့ သွား-ဆိုသလိုပေါ့။ မင်းလုပ်လဲ ငါရတာဘဲ၊ ငါလုပ်လဲ.... (မင်းရတာဘဲ) ကဲ.... အဲဒီလောကွတ်တွေ အကုန်ဖြုတ်.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဒီလောကွတ်တွေ ဘာလုပ်ရမလဲ.... (အကုန်ဖြုတ်ရပါမယ် ဘုရား)။

အဲဒါက ကာမဘဝစရကိုသိုလ်တော့ ရပါတယ်၊ မဟဂ္ဂုတ် ကုသိုလ်ဆိုယင်ဘဲ မရတော့ဘူး.. (မှန်ပါ့) လောကုတ္တရာကုသိုလ် ဆိုယင် လုံးဝ မရနိုင်ဘူး....(မှန်ပါ့) အဲဒါ ကုသိုလ်မခဲ့ဘဲနဲ့ ပြော ချင်တာ ပြောနေတာလို့ တကာကြွယ် မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒီတရားမှာ တကာတကာမတို့ တရားကို ဘယ်လိုပဲ ထားသဖြင့်လဲ ကိုယ်လုပ်မှု ကိုယ်ရမယ်ဆိုသောကြောင့် ကိုယ့် ဝိရိယ ပြင်းပြင်းထန်ထန်နဲ့ ကြိုးစားပါဆိုတာ တိုက်တွန်းလိုက်တယ်... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....နာရီကစေ့.ပြီ၊ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု....

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော
ရထဝိနီတသုတ်တော် (၁)
(ဝိသုဒ္ဓိ ၇-ပါးရည်ရွယ်၍ ဘုရားသာသနာဝယ်ကျင့်သည်
မဟုတ်၊ နိဗ္ဗာန်သာ ရည်ရွယ်ပုံ)

နွေအလုပ်ပေးတရားတော်

(၁၉ - ၉ - ၆၁)

တကာတကာမတွေ့၏ စိတ်ထားကလေးကိုလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောင်းဘို့ရာအခြောင်း ဟောကြားတယ်နော်....(မှန်လှပါ)။

တရားနာတဲ့ တကာဘကာမတွေ့၏ စိတ်ထားကိုလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောင်းဘို့ရာအခြောင်းကို ဆုံးမသွန်သင်တယ်ဆိုတာလဲ မှတ်ထားရမယ်....(မှန်ပါ့)။

မိမိတို့ တရားနာကြတာသည် တကာတကာမတို့ ဟိုဘဝ ဒီဘဝ လိုချင်လို့ တရားမနာကြနဲ့...(မှန်ပါ့)ဟိုဘဝ,ဒီဘဝ လို ချင်လို့ တရားမနာရဘူးဆိုတာ သေသေချာချာ မှတ်ရမယ် .... (မှန်ပါ့)။

ဇာတိ-ဇရာ-မရဏဆိုတဲ့ အိုဘေး, နာဘေး, သေဘေးတွေ လွတ်ရာ,ကျွတ်ရာ,ငြိမ်းရာ,သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုသာလိုချင်၍

ငါတို့ တရားနာ-တရားအားထုတ်တယ်ဆိုတဲ့ စိတ်ထားကို ပြောင်းပါမှ ဝိဝဋ္ဋဖြစ်မယ် .. (မှန်ပါ့)။

တရားနာတဲ့ တကာတကာမတွေ၏ စိတ်ထားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောလိုက်တယ်နော်....(မှန်ပါ့) အိုဘေး နာဘေး၊ သေဘေးတွေ လွတ်ငြိမ်းရာ ဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ အရပ်ကြီးသို့သာ ရောက်ခြင်း၊ ရခြင်းကို အလိုရှိ၍ တရားနာပါတယ် တရားအားထုတ်ပါတယ်ဆိုတဲ့ဥစ္စာ တကာကြွယ်တို့ စိတ်ပြောင်းရမယ်....တဲ့....(မှန်ပါ့)။

နို့မဟုတ်လို့ ရှိယင် တရားနာတဲ့ ပုဂ္ဂိုလ်သည် ဝဋ္ဋကုသိုလ်သွားပြီးဖြစ်မယ်(မှန်ပါ့) ဝဋ္ဋကုသိုလ်သွားဖြစ်မယ်ဆိုလို့ ရှိယင်ဖြင့် ဝဋ္ဋကုသိုလ်ဆိုတဲ့ဥစ္စာက အင်မတန် ဆိုးဝါးတဲ့ ကုသိုလ်လို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

ဝဋ္ဋကုသိုလ်ဆိုတာ တကာတကာမတို့ အင်မတန်ဆိုးဝါးတဲ့ ကုသိုလ်....(မှန်ပါ့) ဘုန်းကြီး နည်းနည်းကလေး ပြပေးမယ် ဝဋ္ဋကုသိုလ်အကြောင်းကို၊ အခု သုံးခုချထားတယ် တကာတကာမတို့နော်... (မှန်ပါ့)။

ဝဋ္ဋကုသိုလ်ဆိုတဲ့ ဥစ္စာက ဘယ်လိုဟာလဲလို့ မေးလို့ ရှိယင် ဒါ ပဋိသန္ဓေနေတဲ့ ဒုက္ခ....(မှန်ပါ့)ဒါက ယခုအခါ အသက်ရှင်ပြီးသကာလ ခန္ဓာဝန်ထမ်းနေတဲ့ ဒုက္ခ....(မှန်ပါ့) ဒါက ခန္ဓာဝန်စုတေရတဲ့ ဒုက္ခ....(မှန်ပါ့)။

တော်တော်ကြာကျလို့ ရှိယင်ဖြင့် ပဋိသန္ဓေနေရတဲ့ဒုက္ခ(မှန်လှပါဘုရား)တော်တော်ကြာကျလို့ ရှိယင်ဖြင့် ပဝတ္တိခန္ဓာဝန်ထမ်း,

သူများဝန်ထမ်းရတဲ့ဒုက္ခ (မှန်ပါ့) ဒါတွေကြည့်လိုက်တော့ ဒုက္ခလည်မသွားဘူးလား....(သွားပါတယ်ဘုရား)။

လူ့ဘဝရလဲ ဒီဒုက္ခသုံးခုလုံးညှဉ်နေတာဘဲ....(မှန်ပါ့) နတ်ဘဝရလဲ.... (ဒုက္ခသုံးခုလုံးပါတယ်ဘုရား) ဗြဟ္မာဘဝရပြန်လဲ.... (ဒုက္ခသုံးခုလုံးပါတယ်ဘုရား) ဒီဒုက္ခသုံးခုကျည့် လုံးပြီး သကာလနေတော့ ဘုန်းကြီးတို့ တကာတကာမတွေသည်ကား လို့ဆိုလို့ ရှိယင်ဖြင့် ဒို့တရားနာတာ ကုသိုလ်ဖြစ်ဘယ်၊သေယင် တောင်မှ နတ်ရွာသုဂတိရောက်တယ်ဆိုတဲ့စိတ်ထားနဲ့ မနာကြပါနဲ့....(မှန်ပါ့) နာလို့ရှိယင် ဒီအတိုင်းလည်ပါလိမ့်မယ်ဆိုတာ သဘောကျပလား .. (ကျပါပြီ)။

နာလို့ရှိယင် .. (ဒီအတိုင်းလည်မှာပါဘုရား) ဒီအတိုင်းလည်တော့ ဒုက္ခသုံးခုလည်တယ်.... (မှန်ပါ့) ရှင်းကြပလား ... (ရှင်းပါပြီဘုရား)။

ဘာလည်ပါလိမ့်ဗျာ.... (ဒုက္ခစက်သုံးခုလည်ပါတယ်ဘုရား) ဒုက္ခစက်သုံးခုလည်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့) အဲဒါ ဒုက္ခကုသိုလ်လို့ ခေါ်ပါတယ် (မှန်ပါ့)။

ဒါကြောင့် ဒို့တရားနာတာ ကုသိုလ်ဖြစ်တာဘဲ တရားတော့ နာမှာဘဲ၊ အဖျင်းဆုံးတော့ သုဂတိဘဲ....၊ ဖါးနတ်သားတောင် သုဂတိရောက်သေးတာဘဲ.... အစရှိသည်နဲ့ လျှော့စျေး မလုပ်ပါနဲ့....(မှန်ပါ့)။

တကာတကာမတို့ လျှော့စျေးမလုပ်ပါနဲ့၊ အိုဘေး,နာဘေး, သေဘေးတွေကို ငြိမ်းချင် သိမ်းချင်လို့ တရားနာတယ်- တရားအားထုတ်တယ်ဆိုတာဖြင့် ပြောင်းပစ်ပါ....(မှန်လှပါ)။

တကာကြွယ် ဒါ....အရေးကြီးတာပေါ့.... (ကြီးပါတယ်ဘုရား) ဒါ....မပြောင်းခဲ့လို့ရှိယင် တကာတကာ့မတို့ ခင်ဗျားတို့သည် အသေရှိလျက်နဲ့ အသေရှာတာ.... (မှန်ပါ) အနာရှိလျက်နဲ့.... (အနာရှာတာပါဘုရား) အအိုရှိလျက်နဲ့.... (အအိုရှာတာပါဘုရား)။

ဩော်.... မနာတတ်တော့လဲ တကာတကာမတို့ တရားလဲနာရသေးတယ်၊ အသေရှိလျက်နဲ့ အသေပြန်ရတယ်.... (မှန်ပါ့) ဒီခန္ဓာကြီးဟာ အခု သေရဦးမှာဆိုတာ ငြင်းဘို့မလိုဘူး.... (မလိုပါဘုရား)။

ဒို့တရားနာတာ နတ်ပြည်ရမှာဘဲ၊ လူကောင်း, သူကောင်းဖြစ်ရမှာဘဲဆိုတော့ အသေရှာတာ.... (မှန်ပါ့) အသေရှာတဲ့စိတ်နဲ့ တရားမနာပါနဲ့.... (မှန်ပါ့) အသေလွတ်ရာ ရောက်ချင်လွန်းလို့ တကာတကာမတို့ အသေမုန်းလွန်းလို့ အသေဇာတ်သိမ်းချင်လို့ဆိုပြီးသကာလ တရားနာကြပါ....(မှန်ပါ့)။

ဒါ....ဘာမှ ခင်ဗျားတို့ စားချင်သောက်ချင်လို့ ဘုန်းကံကြီးချင်လို့ ဒါတွေကို ဘာမှမထည့်ပါနဲ့ (မှန်ပါ့) ဒါတွေ ဘာမှ မထည့်ပါနဲ့၊ ဒါတွေ ထည့်လိုက်သည်နဲ့ တပြိုင်နက်တည်း ဒီသုံးချက် လှည့်ပြေးတာဘဲ... (မှန်ပါ့)။

အဲဒါကြောင့် အားလုံး တကာတကာမတွေ ဝိဝဋ္ဋ အစစ်ဖြစ်အောင် ဒီတရားနာတာ တခြားကြောင့် နာသည်မဟုတ်ဘူး၊ အိုဘေး-နာဘေး-သေဘေးတို့၏ သိမ်းရာကို ရချင်လို့နာတယ်....

(မှန်ပါ့) အိုဘေး-နာဘေး-သေဘေးတို့၏ သိမ်းရာ-ပြိမ်းရာ ရောက်လွန်းလို့ ကျင့်နည်းလာယူနေတယ်....(မှန်ပါ့)။

ဒီလိုပြောင်းပစ်လိုက်လို့ ရှိယင်ဖြင့်....တဲ့ ဒုက္ခရှိတဲ့ပုဂ္ဂိုလ်ဟာ ဒုက္ခလွတ်ဘို့ပါဘဲ.... (မှန်ပါ့) နို့မဟုတ်လို့ရှိယင် ဒုက္ခရှိလျက်နဲ့ ဒုက္ခရှာတယ်.... (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ခလေးမိုက်- မမိုက်ပါနဲ့ဆိုတာ တကာကြွယ်တို့၊ ဦးမာဒင်တို့ကို ပြောရတယ်... (မှန်ပါ့ဘုရား)။

ခလေးသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အင်မတန်ပျော့လွန်းလို့ ဆောတော့ လဲတယ်....(မှန်ပါ့) ဒုးကလေးဘာကလေးတွေ ကွဲချင်တယ်....(ကွဲပါတယ်) နည်းနည်းကလေး သက်သာတယ် ထင်ယင် ဆောပြန်ပြီ....(မှန်ပါ့) ဘာဖြစ်ချင်လို့တုံး မေးတော့ ဒူးကွဲချင်လို့ဘဲ လာရတယ် .... (မှန်ပါ့) အဒုဒူးကွဲမှ ကောင်းကောင်းမပျောက်သေးဘူး နောက်ဒူးကွဲရချင်တယ် .... (မှန်ပါ့ဘုရား)။

အဲဒီလိုဘဲ တကာတကာမတွေ ယခုခန္ဓာကိုယ်ကြီး ချုပ်ငြိမ်းရုပ်သိမ်းခြင်းမှ မရှိသေးခင်က ဒုက္ခသစ္စာကြီးနဲ့ ထမ်းပိုးသယ်ပြီး သကာလ အရှက်တကွဲ အကျိုးနည်းနေရတဲ့အထဲက နောက်ဒုက္ခသစ္စာကြီးနဲ့ မသာလောင်းလည်ပြပါရစေဦး ဆိုယင် ဦးမာဒင် ကောင်းပါ့မလား .. (မကောင်းပါဘုရား)။

အဲဒါကြောင့် မနာတတ်လို့ရှိပြန်တော့လဲ တကာတကာမတို့ အသေရှိလျက်နဲ့ အသေရှာတဲ့ သဘောရောက်ပါတယ်(မှန်ပါ့) အနာရှိလျက်နဲ့.... (အနာရှာတဲ့သဘော ရောက်ပါတယ်ဘုရား)။

သြော်..ဒါဖြင့် ဆရာသမား အဆုံးအမ ကင်းလို့ ရှိယင်ဖြင့် တကာကြွယ်တို့၊ ဦးမာဒင်တို့၊ တကာသစ်တို့ အရင်းကောင်းပေမဲ့လဲ အမြတ်နည်းတယ် .... (မှန်ပါ့) ဒီကုန် မကူးကောင်းဘူးပေါ့ဗျာ....(မှန်ပါ့ဘုရား)။

ထို့အဘူဘဲတဲ့ တရားနာတဲ့ ဂုသိုလ်စေတနာတွေ အင်မတန်ကောင်းပါတယ်၊ တရားအားထုတ်တဲ့ စေတနာတွေလဲအင်မတန်ကောင်းပါတယ်၊ အရင်းတွေ အင်မတန်ကောင်းပြီး နေငြားသော်လဲ အမြတ်က လူချမ်းသာ, နတ်ချမ်းသာများ တောင်းယူလိုက်မယ်ဆိုယင်ဖြင့် ဒီအသေတွေပြန်ရတော့ အမြတ်နည်းတယ် (မှန်ပါ့) အမြတ်နည်းတဲ့အပြင်မှာ ခလေးဒူးနာကဲသလို နှစ်ခါကဲဖြစ်နေတယ်... (မှန်ပါ့ဘုရား)။

ဒီခဲ့ပါ့ကြောင့် တကာတကာမတို့ တဏှာက အဆော့ခိုင်းတိုင်း ပါးစပ်မဆော့လိုက်ပါနဲ့... (မှန်ပါ့) တဏှာကတော့ ဆုတောင်း- ဆုတောင်း။အင်း.... ဖြုန်းကနဲလဲ နိဗ္ဗာန်ရမှာမဟုတ်ဘူး၊ သူလဲသိတာမဟုတ်ဘူး၊ရမ်းပြောနေတာ....(မှန်ပါ့ဘုရား)။

တဏှာက နိဗ္ဗာန်ကိုသိရဲ့လား....(မသိပါ) မသိတဲ့လူကပြောတာကို ခင်ဗျားတို့က ဟုတ်ထင်ပါရဲ့၊ ထည့်တောင်းဦးမှာဘဲ၊ အခုလဲ နိဗ္ဗာန်ရသေးမှာ မဟုတ်ဘူးတဲ့.. (မှန်ပါ့)ဆိုပြီးသကာလ တဏှာဆိုတာက နိဗ္ဗာန်ကိုမြင်နိုင်ရဲ့လား.... (မမြင်နိုင်ပါဘုရား) မမြင်နိုင်တဲ့လူက ခင်ဗျားတို့ဝမ်းထဲလာပြီး ထင်ရာလုပ်တယ် .... (မှန်ပါ့ဘုရား)။

အဲဒါ တကာကြွယ်တို့၊ ဦးမာဒင်တို့က ယောင်ဦးမယ်ဆိုလို့ ရှိယင် မသိတဲ့လူက ပြောတာကို လူကြီးကယောင်စရာမလိုပါဘူး (မလိုပါဘုရား)။

တဏှာက ငသိတဲ့တရား(မှန်ပါ့) ဘာမသိတာလုံး မေးတော့ နိဗ္ဗာန်မသိတဲ့တရား....(မှန်ပါ့) နိဗ္ဗာန်မသိတဲ့တရားက ခင်ဗျားတို့ကို နိဗ္ဗာန်ဖြန်းကနဲလဲ ရောက်ဦးမှာ မဟုတ်သေးဘူးလို့ သူက ရမ်းပြောနေတာ .. (မှန်ပါ့ဘုရား)။

ရမ်းပြောတာကို တကာကြွယ်တို့၊ ဦးမာဒင်တို့က ရမ်းမျှားယုံလိုက်မယ် ဆိုလို့ရှိယင်ဖြင့် အရှက် အကြောက်မရှိလို့ နားထောင်တာဘဲ ...(မှန်ပါ့) အဆင်ခြင် ပညာကင်းမဲ့လို့ .... (နားထောင်တာပါ)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

အံမာလေး .... တဏှာနဲ့ ခင်ဗျားတို့နဲ့ မနည်းရန်တိုက်ရပါကလား...(မှန်ပါ့) အတော်ရန်တိုက်ရတယ် တကာကြွယ်ရ .... (မှန်ပါ့)သူက အိမ်တွင်း အုပ်ချုပ်နေတာကိုးဗျ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ တအိမ်လုံးမှာ သူဘဲ ဘုရင်လုပ်နေတာဘဲ .... (မှန်ပါ့) ဘေးကသမီးကို စိုးရိမ်လိုက်လို့ ရှိယင်လဲ ဖအေလုပ်တဲ့ ပုဂ္ဂိုလ်က စိုးရိမ်ရတာဘဲ.... (မှန်ပါ့) သမီးလုင်တဲ့ ပုဂ္ဂိုလ်ကလဲ ဖအေကိုအားကိုးလိုက်လို့ တဏှာက ခိုင်းလိုက်ယင်... (အားကိုးပါတယ်)ဒါဖြင့် ခင်ဗျားတို့ တအိမ်လုံးမှာ ဘယ်သူသည် ဘုရင်လုပ်နေသတုံး.... (တဏှာဘုရင်လုပ်ပါတယ်ဘုရား)။

တဏှာဘုရင်ရဲ့ လက်အောက်ခံ ဖြစ်နေလို့ ရှိယင် နိဗ္ဗာန်မသိတဲ့လူက ခင်ဗျားတို့အိမ် အုပ်ချုပ်နေပြီဆိုမှဖြင့် တအိမ်လုံး

ကိုယ်ကျိုးနည်းတော့မယ် .... (မှန်ပါ့) မနည်းပေဘူးလား .... (နည်းပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့က တဏှာစကား နားယောင်ပြီးသကာလ ဦးမာဒင်တို့လူစုက ဟုတ်ထင်ပါရဲ့ . ဟုဇ်ထင်ပါရဲ့များ လိုက် မနေပါနဲ့ .....(မှန်ပါ့) နိဗ္ဗာန်မမြင်တဲ့ပုဂ္ဂိုလ်က ပြောတာ .... (မှန်ပါ့) ချမ်းသာမသိတဲ့ပုဂ္ဂိုလ်က....(ပြောတာပါဘုရား)။

အဲ... ချမ်းသာမသိတဲ့ပုဂ္ဂိုလ်က ပြောတာကို ခင်ဗျားတို့က လူကြီး လူကောင်းလုပ်ပြီးသကာလ တကာကြွယ်တို့က ဟုတ်ထင် ပါရဲ့လို့ မလုပ်နဲ့ဗျ (မှန်ပါ့)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

နို့မဟုတ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့က နဂိုရိကမှ ယောင် ချင်ချင် (မှန်ပါ့ဘုရား) ရောချင်ချင်ထဲမှာ ကိုလေသာက ဝင်ပြီး နှောင့်ရှက်လိုက်တဲ့ အခါကျတော့ .... ဒေါင်ချာစိုင်း သွားတယ်....(မှန်ပါ့) ဒါ့ကြောင့် ဟိုဘဝ ဒီဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ ရာဂုမတ္တာကလို့ ခေါ်တယ်....(မှန်ပါ့)ရာဂက=ရာဂ၊ ဥမတ္တာက က--အရူး၊ ရာဂရူးကွဲတဲ့....(မှန်ပါ့ဘုရား)။

ဟိုဘဝ, ဒီဘဝဆုတောင်းတဲ့ ပုဂ္ဂိုလ်များ.... (ရာဂရူးပါ) ဒါဖြင့် ဘယ်သူ့ကြောင့် ရူးရတာတုံးမေးတော့ ရာဂ,လောဘ ကြောင့်... (မှန်ပါ့)ဒါကြောင့် ခင်ဗျားတို့အိမ်မှာ အရူးအုပ်ချုပ် နေလို့ ရှိယင် နှင်ပစ်ကြစမ်းပါ....(မှန်ပါ့ဘုရား)။

တကာသစ်တို့အိမ် ဘယ်သူအုပ်ချုပ်နေသလဲ .... (အရူးအုပ် ချုပ်နေပါတယ်) ဟာ....နှင်မှပေါ့ဗျာ တအိမ်လုံးပျက်ကုန်လိမ့် မယ်....(မှန်ပါ့ဘုရား)။

တကာကြွယ်တို့အိမ်ကော.... (အရှုးအုပ်ချုပ်ပါတယ်) ဟစ်-ဒါဖြင့် ဘယ်နှယ်လုပ်ရမှာတုံး....(နှင်ရမှာပါဘုရား)။

နှင်ရမှာ ခင်ဗျားတို့ကပြောမိလို့ တော်သေးရဲ့ ဆိုမိလို့ သော်သေးရဲ့၊ လိုချင်တုန်းက နည်းနည်း ရှာထားလိုက်လို့ရသေးရဲ့ အစရှိသည်နဲ့ သူ့ဘဲကျေးဇူးတင်တဲ့ပုံတော့ ဦးမာဒင်မလုပ်ပါနဲ့....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အုပ်ချုပ်ရေးအရာရှိက ရာဂုမ္မတ္တာက(မှန်ပါ့)ရာဂက လောဘ၊ ဥမ္မတ္တာက က အရှုး....(မှန်ပါ့) အရှုးအုပ်ချုပ်တဲ့ တိုင်းပြည်ကြီးဖြင့် တကာသစ် ကောင်းစားရေး မြင်သေးရဲ့လား.... (မမြင်ပါဘုရား)အဲ့....သုံးဆဲ့တဘုံ ဘုရင်လုပ်နေတာကဖြင့် ဒီရာဂပါဘဲ၊ ဒီလောဘပါဘဲ... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ တော်ရုံတန်ရုံ လူကိုမပြောပါနဲ့၊ တော်တော်စာသင်ပြီးလို့ တော်တော်သိတဲ့ ပုဂ္ဂိုလ်တွေတောင်မှ သူဝင်လှည့်လိုက်လို့ ရှိယင် ဦးမာဒင် လည်ထွက်သွားတယ် ... (မှန်ပါ့) တင်းရမှာနော်....(မှန်ပါ့) တကာကြွယ် တင်းနိုင်ပါ့မလား .... (တင်းနိုင်ပါတယ်) မင်းပြောတာ အယုံအကြည်ဘာမှမရှိဘူးကို လုပ်ရမယ်... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မင်းပြောတာဘာတဲ့.... (ဘာမှအယုံအကြည်မရှိဘူးလို့ လုပ်ရမှာပါ) ဘာမှ အယုံအကြည်မရှိဘူးဆိုပြီးပြောရမှာ၊ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အိမ်ရောက်ယင် စစ်တိုက်ပေရော့....(မှန်ပါ့)စစ်တိုက်ရမယ်ဆိုတာ ရိပ်မိပလား .... (မှန်ပါ့) ဘာ့ကြောင့်တုံး- အရှုးအုပ်ချုပ်နေလို့....(မှန်ပါ့ဘုရား)။

ဦးမာဒင် ဘာလုပ်ရမတုံး....(စစ်တိုက်ရပါမယ်)အလျှော့ပေး မနေနဲ့နော်... (မှန်ပါ့) ဝမ်းထဲက ဖိုကန်- ဟိုက်ကန် မျက်ရည် ကလေးများပေါ်လာယင် ရှုံးလို့သာမှတ်ပေရော့ .... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဒီလို့လဲ့ဖြစ်တတ်သေးတယ်ဗျ.... (မှန်ပါ့) ဒီလို ဖြစ်တတ်လို့ရှိယင် ဒါအရှုးစစ်မတိုက်နိုင်တာနဲ့ အရှုးကမျက်ရည် အထွက်ခိုင်းတယ်... (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဘယ်သူသေလို့ငိုကြ၊ ဘယ်သူက ထွက်သွားလို့ ပျောက်လို့ ရှာကြ၊ မောလို့,ဟိုက်လို့,မျက်ရည်ကြီးငယ်ကျလို့ ကူးကြပါဦး-ညီကြပါဦးဆိုပြီး ဟိုခေါ် ဒီခေါ်နဲ့ အရှုးထတာ....(မှန်ပါ့), ဘယ်သူအုပ်ချုပ်သလဲ... (အရှုးအုပ်ချုပ်ပါတယ်) အရှုးအုပ်ချုပ်တော့ ဘယ်သူအရှက်ကွဲသလဲ၊ အခုဒီအုပ်ချုပ်ရေးခံရတဲ့လူဘဲ အရှက်ကွဲတယ်ဆိုတာ သဘောကျပလား... (ကျပါပြီဘုရား)။ အင်း....သူတော်ကောင်းနဲ့ သွားပြောပြန်လဲ မင်းတို့မသိပါဘူး၊ သူကများပြောလိုက်သေးတယ်....(မှန်ပါ့)အံမာလေး... ကြောက်စရာကြီးပါလား....(ကြောက်စရာကြီးပါဘုရား)။

မင်းတို့မသိပါဘူး ဆိုပြီးသကာလ တကာကြွယ်တို့ကများ မာန်ထလိုက်သေးတယ် (မှန်ပါ့) အရှုးအုပ်ချုပ်တာ ခံချင်တဲ့ အဓိပ္ပါယ်က ရှင်းနေတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ပြင်ကြပါ့,ဆင်ကြပါ၊ တရားဟောတဲ့ အထဲမှာ တရားနာတဲ့အထဲမှာတောင် တခါတခါ သူက ဝင်ရှုပ်သေးတယ်

(မှန်ပါ့) ကျုပ်တို့ တရားနာသွားတာကတော့ ဘယ်နည်းနဲ့မှ အချည်းနှီးမဖြစ်ဘူးတဲ့....(မှန်ပါ့ဘုရား)။

သူ့ဟာသူ အသံကောင်းထွက်လာတယ်(မှန်ပါ့) ဘယ့်နှယ် ကြောင့်တုံး၊ အို-နိဗ္ဗာန်မရလဲ နတ်ပြည်တော့ရောက်မှာ၊ အင်း.... အရှုးအုပ်ချုပ်တယ်....(မှန်ပါ့ဘုရား)။

ဘာလုပ်သလဲ- (အရှုးချုပ်အုပ်ပါတယ်)အရှုးအုပ်ချုပ်တယ်၊ နတ်ပြည်ဟာ အိုဘေး, နာဘေး, သေဘေး, လွတ်ကဲ့လား .... (မလွတ်ပါ) ဒါဖြင့် သူတို့သည်ကားလို့ ဆိုယင် အိုဘေး, နာဘေး, သေဘေးမသိလို့ ဝမ်းသာနေတာ....(မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဘုန်းကြီးတို့ကျောင်းနားက ဆိတ်တွေ, သိုးတွေမောင်းသွားကြတယ်၊ လမ်းမှာပျော်ကြ မြူးကြတယ်၊ ဟို- မန္တလေးရောက်ယင် သေရမှာ မသိရှာကြကူး (မှန်ပါ့) အဲဒီတော့ ဆိတ်စိတ်, သိုးစိတ်ပေါက်နေတယ်ဆိုယင် လွဲသလား....(မလွဲပါဘုရား)။

အေး... ဒါတွေလဲ ကြပ်ကြပ်စဉ်းစားရတယ်၊ ခင်ဗျားတို့ဟာ ဆိတ်-သိုးလောက်မှ မလိမ်မာတဲ့အဓိပ္ပါယ်မျိုး တရားနာရင်းမျှားပေါ်လာယင် အဲဒါပြင်ပါဦး.... (မှန်ပါ့) မပြင်သင့်ဘူးလား....၊ (ပြင်သင့်ပါတယ်ဘုရား)။

ဟာ... တကာကြယ် သတိထားနော်.... (မှန်ပါ့) သတိသား သူက သူတော်ကောင်းယောင်ဆောင်ပြီး ဝင်လာတာ....(မှန်ပါ့ ဘုရား)။

တဏှာက ဘယ်လိုမျှားဝင်လာသလဲ .... (သူတော်ကောင်းယောင်ဆောင်ပြီး ဝင်လာပါတယ်) မင်းတို့အကျိုး ငါအလိုရှိပါတယ်ဆိုပြီးသကာလ ငါ့စကားနားထောင်ပါ။ ငါပြောတဲ့စကား တသွေမတိမ်းလိုက်နာပါ။ မင်းမှာ သားနဲ့ သမီးနဲ့ ဖြုန်းကုန် ဒီကနေပြီးနိဗ္ဗာန်ဘက်ကို သွားမယ်ဆိုလို့ ရှိယင် မင်းပြုစုထားတာကလေးတွေကို မင်းပစ်ရက်တယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး မရောက်ပေဘူးလား- ဒါလောက်ကျအောင် ဟောတာ .... (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အဲဒီမှာ တကာကြွယ်တို့က တရားနာမှားပြီဆိုမှဖြင့် ဟုတ်ထင်ပါရဲ့လေ.. (မှန်ပါ့) ဟုတ်ထင်ပါရဲ့ဆိုယင်ဖြင့် တရားနာမှားပြီ....(မှန်ပါ့)မမှားသေးဘူးလား .... (မှားပါတယ်) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတို့ ရန်သူတကာ့ရန်သူထဲမှာ အကြီးဆုံးဟာဖြင့် အတွင်းရန်သူကိုလေသာဘဲလို့ တကာသစ်ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အခု ခင်ဗျားတို့ အားလုံး တရားနာကြတဲ့ ပုဂ္ဂိုလ်တွေဘုန်းကြီးများ အင်မတန်မှ ဝမ်းသာပါတယ်... (မှန်ပါ့)သို့သော်လဲ ကိလေသာဒဏ်ချက်ကြောင့် တကာတကာမတို့မှာ သားကိုစွကလဲမပြီး, သမီးကိစ္စကလဲမပြီး, ပစ္စည်းကိစ္စကလဲမပြီးနဲ့ ဒီအထဲမှာ တရားနာလာရတယ်.... (မှန်ပါ့) ဘယ်နှယ်ကြောင့် ဒီကိုစ္စတွေမပြီးအောင် ပြုံဆုံပြီးသကာလ ဝိုင်းနေပါလိမ့်မတုံး

ဆိုတော့ နောက်ဘဝက တက္ကာပြောတာ နားထောင်ခဲ့လို့.... (မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

နောက်ဘဝများစွာက.... (တက္ကာပြောတာနားထောင်ခဲ့လို့ ပါဘုရား) ဒီတခါ နားထောင်ယင် ဒီ့ထက် ငါးပါးမှောက်မယ် (မှန်ပါ့) တကာကြွယ် ထောင်ချင်သေးသလား... (မထောင်ချင်ပါဘုရား) ဟုတ်ကဲ့လားဗျ၊ ခင်ဗျားကလဲ ခါးတောင်းကြိုက်မဖြုတ်မှ ကိုက်မှာ.... (မှန်ပါ့) အိမ်ကျလို့ ခါးတောင်းကြိုက်ပြုတ်သွားလို့ အရှုံးပေးလိုက်ယင်တော့ ကိုယ်ကျိုးနည်းပါပြီ- (မှန်ပါ့)။

မပေးကြနဲ့ဆိုတဲ့ဥစ္စာ.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သဗ္ဗညုတဉာဏ်နဲ့ ကြည့်ပြီးသကာလ အကူအညီ ပေးနေတယ်.... လို့ ဦးမာဒင်တို့က အောက်မေ့ရမယ်(မှန်ပါ့)တကာသစ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အခု နောက်ဘဝက သူပေးထားတဲ့ ဒဏ်ရာဒဏ်ချက်တွေ ဒီဘဝမှာ အရွယ်ရောက်တဲ့အခါမှာ သူ၏ လိမ်လည်မှုကြောင့် အိမ်ထောင်တည်မှုတွေ....(မှန်ပါ့) အခု ဘယ်နှယ်နေသတုံးလို့ အိမ်ထောင်သည်တွေမေးကြည့်တော့ ဘယ်နှယ်ဖြကြသတုံး.... မှားကုန်ပြီဘုရာ့....(မှန်ပါ့) ဒါဘဲဖြတာဘဲ... (မှန်ပါ့) ဒီ့ပြင် ဘာအဖြထွက်သေးသတုံး....(မထွက်ပါဘုရား)။

မှားကုန်ပြီဘုရာ့....ရှေ့ဘာဖြစ်ဦးမှာတုံး-ရှေ့ ဒီ ဒုက္ခထက် ကြီးမှာဘဲ... (မှန်ပါ့) ဒါ....ဒီဘဝ နားယောင်မိတဲ့အတွက် ဒီဒုက္ခသေးသလား.... (မသေးပါဘုရား) နောက်ဘဝက နား

ထောင်မိတဲ့အတွက် ခန္ဓာဝန်ကြီးရနေလို့ အိုးဘေး- နာဘေး- သေဘေးတွေနဲ့တဲ့နေတယ်.... (မှန်ပါ့) ဒါကော အမြတ်ထွက်ကဲ့လား....(မထွက်ပါဘုရား)။

ဒါဖြင့် နောက်ဘဝက တဏှာနားထောင်မိလို့ ခန္ဓာကြီးရ-(မှန်ပါ့) ဒီဘဝ ပေါက်ပွားတဲ့တဏှာ နားထောင်မိတာနဲ့ အခု သားနဲ့မယားနဲ့ အိမ်နဲ့ ယာနဲ့ဆိုပြီးသကာလ နေကြပြန်တော့လဲ ဒုက္ခက ပင်လယ်ဝေနေတယ်....(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီ)။

အစားအသောက် အသုံးအစဲ့ ကြပ်တည်းတဲ့အခါ အိမ်သူနဲ့ ပင်းဆူဉီးမနော်....(မှန်ပါ့) မဆူပေဘူးလား....(ဆူမှာပါဘုရား) ဟိုအိမ်နဲ့ဒီအိမ် ရန်ဖြစ်၊ ကိုယ့်သားမယားနဲ့ ကိုယ်နဲ့တောင်မှ မင်းက အသုံးအစဲ့ကြီးလို့ မင်းက ဘယ်လိုဖြစ်ရတယ်ဆိုတာ ရှုပ်လာဉီးမှာ....(မှန်ပါ့) မလာဘူးလား- လာမလား....(လာမှာပါဘုရား)။

လာမယ်-လာမယ် ဒီဥစ္စာ၊ ဒီအလာကလေးဟာက မပြောပလောက်သေးပါဘူး_ (မှန်ပါ့ဘုရား) သူခိုင်းတာက မင်းတို့ ဒါလောက်ကလေး ပူးစေချင့်,ဆွေးစေချင်လို့ ငါသည် လှည့်စားတာ မဟုတ်ပါဘူး၊ ငါက ဒယ်အိုးထဲက မထွက်အောင် ငါလှည့်စား ဘယ်....(မှန်ပါ့) ဒါလောက်ကျအောင်လုပ်မယ်... (မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီ)။

ဒ်ဖြင့် ပေါင်းသင့်-မပေါင်းသင့် တကာကြွယ်.... (မပေါင်းသင့်ပါဘုရား) ရှင်းပလား .. (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ သူ့ကိုနှိုင်တဲ့ဆေးကိုဖြင့် ဘုန်းကြီးများက နေ့တိုင်း အကူအညီပေးတယ်....(မှန်ပါဘုရား) ပေးဘာခင်ဗျားတို့က ဒီဆေးကို သောက်နေလို့ရှိယင်ဖြင့် အရူးပျောက်နေတာဘဲ.... (မှန်ပါ) ဒီဆေးလဲ လက်လှဘ်လိုက်ပါရော· အိမ်စိတ်တွေ, ခုနင်က အရောင်းအဝယ်စိတ်တွေ, စီးပွားရေးအခြေအနေတွေ ပြန်ဘေးလိုက်လို့ရှိယင်ဖြင့် တကာကြွယ် အရူးပြန်ထ,တယ်....(မှန်ပါ) ကိုလေသာအရူးပြန်မထ,ဘူးလား....(ထ,ပါတယ်ဘုရား) အင်မတန် မဆိုးဝါးဘူးလား.... (ဆိုးဝါးပါတယ်ဘုရား)။

အေး.... ဒါကြောင့် တကာဘကာမတို့ ခင်ဗျားတို့ ဒီ့ပြင် စစ်ဘေး,စစ်ဒဏ်,စစ်ရန်တွေကို ဘာမှ မကြောက်ဘဲနဲ့ ကိုလေသာဘေးဒဏ်ကြောက်လိုက်ယင် အကုန်လွတ်ပါတယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်ဘေးဒဏ်ကြောက်စရာအခကာင်းဆုံးပါလိမ့်....(ကိုလေသာ ဘေးဒဏ်ဟာ ကြောက်စရာအခကာင်းဆုံးပါဘုရား)ပေါ်ပြီ (ပေါ်ပါပြီဘုရား)။

ပေါ်ပြီ....တကာကြွယ်ရ၊ အခု ဒဏ်ရာတွေခပျောက်ပလား.... (မပျောက်သေးပါဘုရား) ဒီအထဲကနေပြီး နားထောင်ဦးမယ် ဆိုယင်ဖြင့် တချက်ရိုက်တာ မကျေနပ်လို့ အချက်၃ပါင်းများစွာ ရိုက်ဘာ ကျေနပ်ချင်တဲ့ လူမိုက်လိုဖြစ်ရင် ဘာ့မယ်.... (မှန်ပါ!) မဖြစ်ရပေဘူးလား....(ဖြစ်ရပါတယ်ဘုရား)။

ဒီဒဏ်ခံမှာ အားလုံး လျှောက်မေး၊ အခု သားနဲ့ မယားနဲ့ သေတဲ့လူလဲသေ, ကျေတဲ့လူလဲကျေ၊ ကျန်ရှင်တဲ့လူလဲကျန်ရစ်၊ စားရာရှိတဲ့ပုဂ္ဂိုလ်လဲရှိတယ်၊ အမြဲရှာနေရတဲ့ပုဂ္ဂိုလ်လဲရှိတယ်၊ အားလုံးဘဲ ဒီအထဲမှာဖြင့် အခု အခြေအနေအတိုင်းဆိုယင်ဖြင့် ပျော်စရာပါရဲ့လားလို့ မေးကြည့်ယင် တကာကြွယ်.. တပြိုင်နက် ပြောပါလိမ့်မယ် ကြံဖန်ပျော်တာပါဘုရား.... (မှန်ပါ့) တကယ်တမ်း စဉ်းစားကြည့်တော့ ပျော်စရာ မပါဘူးဆိုတာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

နို့.. ပျော်စရာမပေါ်လာလို့ ဒီနေရာ ဒီဌာနက ထွက်ပြီး သကာလ တကယ့် သူတော်ကောင်းအလုပ်ဘဲ၊ ခုနစ်ရက်နဲ့ ရတဲ့ အလုပ်ဘဲလုပ်ပါတော့မယ်လို့ ထွက်မယ်ဆိုပြန်တော့လဲ တကျွာက ပျော်စရာမရှိငြားသော်လဲ မင်းသည်ကားလို့ ဆိုယင်ဖြင့် ငဲ့လုံးကလေးတော့ ရှိဦးမှပေါ့....(မှန်ပါ့) ဆက်ဟော့တယ်.... (မှန်ပါ့ဘုရား)။

ပျော်စရာတော့ ကုန်ခဲ့လို့ ပျော်စရာအတွက်တော့ သူတို့ ရိပ်မိသွားပြီး ငဲ့လုံးနဲ့ ဂါဟောမှဘဲ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) တရားဟောဖြင့် ပဌမတန်းပါဘဲ... (မှန်ပါ့)။

တကာကြွယ် ကျအောင် ရောက်တဲ့နေရာ ရောက်ဘာတောင် သူလက်သည် မပေါ်အောင် အုပ်ထားတယ်... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ကိုင်း... ဒါဖြင့် အရှပ်ကြီးတဲ့ပုဂ္ဂိုလ်တွေကျတော့လဲလှည့်ပြီးဟောပြန်တယ်.... (မှန်ပါ့) မဟောဘူးလား.... (ဟောပါတယ်ဘုရား)။

ငယ်ငယ်တုန်းကတော့ သူက လိမ်ဟာတယ်....(မှန်ပါ့) ကဲ ... မင်း အိမ်ဒထောင်တည်ကွာ....၊ အိမ်ထောင်တည်သို့ရှိယင် မင်းသည်ကားလို့ ဆိုယင်ဖြင့် လူချင်းတူတူ, သူချင်းမျှမျှ လူပုံအလယ်မှာ ထည်ဆည်ဝါဝါနေနိုင်လိမ့်မယ်၊ ဒီလို ဟောချလိုက်တယ် ...(မှန်ပါ့)။

အဲဒီမှာ ခင်ဗျားတို့က မှားပြီးလိုက်လိုက်တဲ့အခါကျလို့ ရှိယင် ထည်ထည်ဝါဝါနေနိုင်သလား၊ ဝမ်းရေး,စားရေးနဲ့ အချိန်ကုန်နေရသလား.... (ဝမ်းရေး, စားရေးနဲ့ အချိန်ကုန်နေရပါတယ် ဘုရား)။

ဒါဖြင့် မင်း....အိမ်က ထွက်ပါဘော့လားကွ၊ မင်းမှားပြီးပြီ ပြင်ပါတော့လားဆိုတော့လဲ အို....နဂိုရိုက်ဆိုတော့ အဟုတ်သား ပေါ့...(မှန်ပါ့) နဂိုရိုက မဟုတ်ခဲ့ဘာကြီး၊ နဂိုရိုကဆိုဘော့ အဟုတ်သားပေါ့ဆိုဘော့ ခက်နေတားပါ့... (မှန်ပါ့) ရိပ်မိပလား တကာကြွယ်ရ...(ရိပ်မိပါပြီဘုရား) ဒီကျတော့လဲ သူက ဆင်ခြေပေးပြန်တာက အားကောင်းပါရဲ့လား.... (မပါ.ပါဘုရား) ကျွန်သက်ရှည်အောင်လို့ တခါ လုပ်ပြန်ဘယ်....(မှန်ပါ့)။

ဒီအရွယ်ကြီးကျတော့မှ ဒီလို ပစ်ပစ်ခါခါဆိုယင် မကောင်းဘူးလို့ လှည့်ပေးပြန်တယ်.... (မှန်ပါ့) ဘယ်သူက ဟောပြန်သတုံး...(တဏှာက ဟောပါတယ်ဘုရား)။

ငယ်ငယ်တုန်းက အပျိုအရွယ်တုန်းက ဟောပုံက တမျိုး.... (မှန်ပါ့) အခုအချိန်ဟောပုံက....(တမျိုးပါဘုရား)။

ဒါဖြင့် ဒါလောက် တရားဟောမှဖြင့် ကျုပ်တို့ ကျွန်စာရင်းက မလွတ်ကင်းအောင် ဟောနိုင်တဲ့တဏှာသည် တရားဟောကောင်း ပုဂ္ဂိုလ်ထက် သာသေးတယ်.... (မှန်ပါ့) ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ခွတ်မရတဲ့လူတွေ့ အသာထားခဲ့ရတယ်၊ သူက အပါယ်မပို့နိုင်တဲ့လူတယောက်မှ မရှိဘူး... (မှန်ပါ့ဘုရား) ဒါလောက် စွမ်းရည်သတ္တိရှိတယ်....(မှန်ပါ့)။

ကဲ·ဒ်ဖြင့်ဦးမာဒင်တို့ဘယ်သူ့စကားနားထောင်မှသင့်ပါ့မယ် (ဘုရားစကားနားထောင်မှ သင့်ပါမယ်ဘုရား) ဘုရားကတော့ ဟောရှာသားဘဲဆိုယင် ခင်ဗျားတို့ ရှုံးပြီ...(မှန်ပါ့)။

ဘုရားက ဟောရှာသားဘဲဆိုယင် ဘယ့်နှယ်တုံး....တကာ စာကာမေတို့... (ရှုံးပါပြီဘုရား) ရှုံးပြီ လျှော့ပေါက်က ထွက်လာပြီကော တကာတကာမတို့...(မှန်ပါ့)။

အခုတော့ အသိက နောက်ကျပြီဟေ့....တဲ့....(မှန်ပါ့)သိတဲ့ အချိန် ဘယ်နောက်ကျမတုံးဗျ... (မှန်ပါ့)။

တကာကြွယ် အသိက နောက်ကျတယ်ဆိုတာ ဘယ်သူ့ကာ ပြောတာထင်တတုံး....(တဏှာက ပြောတာပါဘုရား)။

အသိနောက်မကျပါဘူးဗျ၊ အယင်က တဏှာလှည့်စားထားလို့ အရူးကိုမပျောက်ဘူး.... (မှန်ပါ့) အခု အရူးပျောက်တဲ့အချိန်ဟာ သြော်.... ဒါကံကောင်းတဲ့ အချိန် ဆိုလိုက်ယင် မကောင်းဘူးလား....(ကောင်းပါတယ်ဘုရား) အသိ နောက်ကျတယ်ဆိုပြီး တဏှာကပြောတယ်....(မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့က တဏှာပြောတာချည့်ယုံနေတဲ့အဓိပ္ပါယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား) ဒါကြောင့် တကာသစ်-ရေ.... ပြင်ချိန်ရှိသေးလို့ အမြန် ပြင်နိုင်ယင်ကောင်းမယ်.... (မှန်ပါ့)။

တကာကြွယ်....(ပြင်ချိန်ရှိသေးလို့ပြင်ယင် ကောင်းဦးမှာပါဘုရား)။

နို့မဟုတ်လို့ရှိယင် ခင်ဗျားတို့ သေမည့်နေရာဟာ သား၏-မယား၏ပစ္စည်း၏ခြေရင်းမှာ ခေါင်းစင်းပြီးသေမယ်....(မှန်ပါ့) သားမယားစိတ်မချတော့လဲ သားမယားခြေရင်း မကျဘူးလား-(ကျပါတယ်ဘုရား) ပစ္စည်းကလေးတွေကိုလဲ ငါမရှိလို့ရှိယင် စောင့်ရှောက်တဲ့လူ ရှိမှာမဟုတ်ဘူးဆိုပြီး ပစ္စည်းခြေရင်းမှာလဲ ခေါင်းစင်းသေလိမ့်မယ်....(မှန်ပါ့) မသေဘူးလား.... (သေပါတယ်ဘုရား)။

အဲဒီတော့ အသေကောင်းလို့ကော ဆိုလို့ရရဲလား.... (မရပါဘုရား) သဘောကျပလား....(ကျပါပြီ)။

သို့သော်လဲ ခင်ဗျားတို့ ကံက လှည့်စားထားတော့ ဇရပ်ပေါ်များ သေမယ်ဆိုတော့ သြော်....ကံဆိုးလိုက်တာ--(မှန်ပါ့) တဏှာက လှည့်စားထားတော့ အသံက တမျိုးထွက်လာတယ်-(ထွက်လာပါတယ်ဘုရား)။

အဲဒီ ဇရပ်ပေါ်သေတဲ့ပုဂ္ဂိုလ်က ဘာမှ အတွယ်အတာမရှိဘူး (မှန်ပါ့) သုဂတိသွားဘို့များတယ်....(မှန်ပါ့) ဟို....သားသမီး

တွေ့၏ခြေရင်း, ပစ္စည်းတွေ့၏ခြေရင်း သေတဲ့ပုဂ္ဂိုလ်က အပါယ် သွားဘို့မျှားတယ်....(မှန်ပါ့)။

အဲဒါ တဏှာက လှည့်စားထားတာ တကာကြွယ်တို့က သြော်.. ကံမကောင်း အကြောင်းမသင့်ရှာဘူး၊ ကိုယ့်အိမ် ကိုယ့် ယာတောင် မသေနိုင်ရှာဘူး....တဲ့.... (မှန်ပါ့) တယ် ကိုယ့်အိမ် ကိုယ့်ယာ သဘောကျနေတာကိုး....(မှန်ပါ့)သားမယားခြေရင်း ခေါင်းစင်းပြီး သေရလို့ ရိုယင် သေပျော်ပြီမျှား အောက်မေ့ နေသလား မပြောတတ်ပါဘူး.... (မှန်ပါ) ရိပ်မိပလား တကာ ကြွယ်ရ....(ရိပ်မိပါပြီဘုရား)။

အဲဒါ တဏှာဝင်တာကို လူတိုင်းမသိဘူး.... (မသိပါဘုရား) ဇရပ်ပေါ်သေတဲ့လူပြောတော့ ဦးမာဒင်တို့က ဘယ်လို ပြော သတုံး.... (ကံမကောင်း အကြောင်းမသင့်လို့ ပြောပါတယ် ဘုရား)။

သြော်....ကိုယ့်အိမ်ကိုယ့်ယာမသေရရှာဘူး-(မှန်ပါ့)ကိုယ့်အိမ် ကိုယ့်ရာ ဆိုကဘည်းက ဘယ်သူက ထုတ်တဲ့အသံတုံး၊ စဉ်းစား ကြည့်.... (တဏှာကထုတ်တဲ့အသံပါဘုရား) တဏှာဒီဋ္ဌိ ထုတ်တဲ့ အသံ၊ အဲဒီမှာ ဒိဋ္ဌိခြေရင်း ခေါင်းစင်း သေပါ့မယ်ပြောတာနဲ့ ထူးသေးရဲ့လား....(မထူးပါဘုရား)။

ဒိဋ္ဌိသာ မပြုတ်သေးလို့ရှိယင် အပါယ်လေးပါးသွားရမယ် ဆိုတာသဲ့ ဆရာဘုန်းကြီးပြောလို့ တကာတကာမတွေ့ သိပါပြီ (မှန်ပါ့) ဒီအထဲကနေပြီး ကိုယ့်ပါးစပ်ထဲက ထုတ်လာဘာ ကျတော့ ဒိဋ္ဌိသံတော့ မစ္စန့်ဘူး.... (မစ္စန့်ပါဘုရား) ဟိုလူ

ဇရပ်ပေါ်သေရှာတယ်၊ ဟိုဘကာ၃ကခလေးဟာ ဇရပ်ပေါ်သေနေရှာဘယ်၊ ကံများမကောင်းရှာဘူး၊ ကိုယ့်အိမ် ကိုယ့်ယာကလေးဘောင်မှ မရောက်ရှာဘူး....(မှန်ပါ့ဘုရား) ကျုပ်တို့ဖြင့် သေခြင်းသေယင် ဒီလိုဘော့ မခသချင်ဘူး ... (မှန်လှပါဘုရား) ဘယ်သေချင်ကြသတုံး.... (ကိုယ့်အိမ်ကိုယ့်ယာမှာပါ) သွားပြီကောဗျ.... (မှန်ပါ့) ကိုယ့်အိမ်ကိုယ့်ယာဆိုကတည်းက ဘာကလာဘာတုံး (ဒီဋ္ဌိကလာဘာပါဘုရား)။

အဲဒီတော့ ဒီဋ္ဌိခြရင်း ခေါင်းစဉ်းခသချင်တယ်.... (မှန်ပါ့) တဏှာခြရင်းမှာ.... (ခေါင်းစဉ်းသချင်ပါဘယ်ဘုရား) ဒါမှ သေခြင်းဆိုးခသရမှာ....(မှန်ပါ့)။

အဲဒါကို ခင်ဗျားတို့က ဉာဏ်ကသိပ်လွဲနေတာ တကာကြွယ်ရ (မှန်ပါ့) နောက်တော့ သေတာနေရာခရွေးလို့ကော ရချဲ့လား- (မရပါဘုရား) မရပါဘူး၊ အကောင်းဆုံးနေရာကတော့ အာရုံကောင်းတဲ့နေရာမှာ သေရ,ကျေရတာ အကောင်းဆုံးကဲ့....(မှန်ပါ့) ရှင်းပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သူများ ချီမှမ်းတာဘဲ့ အမှန်ဟုတ်ကြရဲ့လား.... (မဟုတ်ပါဘုရား) ပြင်ဦး တကာကြွယ်ရ.... (မှန်ပါ့) ဒါ..တဏှာဒီဋ္ဌိတို့၏ လက်ချက်ခတွ ...(မှန်ပါ့ဘုရား) ခင်ဗျားတို့ပါးစပ်က ထွက်လာလို့ရှိယင် ဒါ....တဏှာသံဘဲ၊ ဒုါဒီဋ္ဌိသံဘဲဆိုတာ ကိုယ့်ဟာကိုယ်လဲ အကဲခတ်ကြဦး.... (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ကိုင်း....ဒါတွေက တကာတကာမတို့ တဏှာလွှည့်စားတာကို မသိပြန်လို့ရှိယင်လဲ မရှုဖြစ်ဘူးဗျ....(မှန်ပါ့) လွှည့်တာကို သိတဲ့ ပုဂ္ဂိုလ်ကျတော့လဲ မင်းလားပလားဆိုပြီး သူ့ကို ရှုပစ်တယ်.... (မှန်ပါ့)။

လွှည့်စားတာ မသိလို့က်လို့ရှိယင်ဖြင့် တနေ့လုံးမှာ အအားမရှိးတော့ဘူး.. (မှန်ပါ့) တကာသစ်ဟို့ကို တဏှာက မနက်မိုးလင်းကျတော့ကို ဆိုင်သွားလိုက်ပါဦးလား....လို့ တိုက်တွန်းလိုက်တယ်.... (မှန်ပါ့) နေဝင်မှ အားတော့တယ်၊ တချက် နားထောင်လိုက်တာ...(မှန်ပါ့)။

မနက်က တချက်တည်း နားထောင်လိုက်တာ တကာကြွယ် ဘယ့်နှယ်နေသလဲ....(နေဝင်မှအားပါတော့ဘူးယ်ဘုရား)နက်ဖြန် ဘို့မျှားချန်ထားခဲ့ရသေးသလား... (ချန်ထားခဲ့ရပါတယ်ဘုရား) ချန်ထားခဲ့ရသေးတယ် လုပ်ဘို့ကိုင်ဘို့... (မှန်ပါ့ဘုရား) ကိုင်း.... တချက်တည်း နားထောင်လိုက်တာ.... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာကြွယ် တချက်တည်း နားထောင်တာ တကာကြွယ်တို့ အခု သွားကျိုး,ဆံဖြူ,ငယ်မူတွေတောင် ပျောက်လာပြီ၊ မင်း အိမ်ထောင်ကလေးရှိမှ တော်မယ်ဆိုတာ တချက် နားထောင်မိတာနဲ့ အခု ဘယ့်နှယ်နေသတုံး၊ အရှိန်သတ်လို့ကို ရသေးရဲ့လား....(မရပါဘုရား)။

တော်-တော်သေးတယ်၊ အခု တရားနာတဲ့အချိန်ကလေးဟာ သူခိုင်းတဲ့ အချိန်ကိုအချိန်သတ်ထားတာ....(မှန်ပါ့)နို့မဟုတ်လို့

ရှိယင်ဖြင့် ဒီအရွယ်ကြီးတော့ပေမဲ့ ဂျမ်းထိုးမှောက်ခုံ ခိုင်းတာဘဲ (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အံမာလေး....တဏှာအကြောင်း ရိပ်မိယင် ဘုရားက နိဗ္ဗာန်ရောက်တယ်လို့ ဟောတယ်....(မှန်ပါ့)ဒါ့ကြောင့် ဒီစကားကို ဒါလောက်ပြောနေပါတယ်....(မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဟာ မြင်နိုင်ခဲတယ်ကွတဲ့... (မှန်ပါ့)ဘာဖြစ်လို့ နိဗ္ဗာန်မမြင်နိုင်ပါလိမ့်မတုံးလို့ တကာတကာမတွေက မေးတဲ့အခါကျတော့ တဏှာထိုးထွင်း၍ သိယင်တော့မြင်ရဲ့ကွတဲ့.... (မှန်ပါ့) တဏှာကို ကိုယ်ကနည်းနည်းမှ မရိပ်မိတော့ ဘယ်တော့မှမမြင်ဘူးတဲ့... (မှန်ပါ့)ရိပ်မိပလား ...(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တဏှာပေါ်လာတိုင်း- ပေါ်လာတိုင်း ခိုင်းတာကို လုပ်မိတာတွေ့ ပေါ်လာလို့ တကာတကာမတွေက မနိုင်လို့ရှိယင်ဖြင့် နိဗ္ဗာန်ဘယ်တော့မှ မမြင်ဘူး.. (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

"ပဋိဝိဒ္ဓါ တဏှာဇာနတော"လို့ ဣဘိဝုတ်ပါဋ္ဌိတော်မျှားမှာလာတယ်၊ဥဒါန်းပါဋ္ဌိတော်မှာလဲ ပါပါတယ်....(မှန်ပါ့) အဲဒါကြောင့် ဇာကာတကာမတို့ တဏှာအကြောင်း ကောင်းကောင်း သိယင် နိဗ္ဗာန်ရောက်တယ်....(မှန်ပါ့ဘုရား)။

တဏှာအကြောင်း.... (ကောင်းကောင်းသိယင် နိဗ္ဗာန်ရောက်ပါ့ဘယ်)တကာကြွယ် ရိပ်မိပလား .. (ရိပ်မိပါပြီဘုရား)။

ကောင်းကောင်းမသိယင် ဘယ်သွားမယ် ထင်သတုံးဗျ ..... (အပါယ်သွားမှာပါ) အဲ....ရိပ်မိပြီ....(မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာ တဏှာ၏ဆန့်ကျင်ဘက်ဆိုတာလဲ ပေါ်သွားပြီ....(ပေါ်သွားပါပြီဘုရား)။

ကဲ... ဒါဖြင့် သူဝင်လာလို့ ရှိယင်ဖြင့် တကာကြွယ် မြန်မြန်သိအောင်လုပ်နော်... (မှန်ပါ့) ထုံပေပေလုပ်မနေနဲ့၊ ခင်ဗျား လူပါးလုပ်ပြီးတော့ ထုံးပေပေ လုပ်မနေနဲ့(မှန်ပါ့)....သူက မနက်မိုးလင်းလာလို့ ရှိယင်ဖြင့် ဆွမ်းတော်ထက် ဦးလိမ့်မယ်လို့ ဘုန်းကြီးဟောထားတယ်....(မှန်ပါ့ဘုရား)။

ဘယ်လိုဟောထားသတုံး... (ဆွမ်းတော်ထက်ဦးမှာပါ) အေးဆွမ်းတော်ကြွလာတာထက် သူကဦးအောင် လာလိမ့်မယ် .... (မှန်ပါ့)မလာပေဘူးလား (လာပါတယ်) လာယင် ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား) ရှုနိုင်ယင်ရှု၊ မရှုနိုင်ယင်တော့ ခေါင်းငုံ့ခံလိုက်ပေတော့ .... (မှန်ပါ့) မရှုနိုင်ယင် တနေ့လုံးလျှာထွက်အောင်ခိုင်းမယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် မရှုနိုင်ယင်.... (တနေ့လုံး လျှာထွက်အောင်ခိုင်းမှာပါ)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား,။

ကဲ....လားတိုင်းရှုနေမယ် ဆိုလို့ရှိယင်လဲ တကာတကာမတို့ နိဗ္ဗာန်ရောက်တော့မယ် .... (မှန်ပါ့) .မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

"ပဋိဝိဒ္ဓါ တဏှာဇာနတော" တဏှာကို ထိုးထွင်းလို့သိလို့ရှိယင်"ပဿတော နတ္ထိ ကိဉ္စနံ"တဲ့၊ကြောင်းကြခြင်း မရှိတဲ့နိဗ္ဗာန်ကိုသေသေချာချာ မြင်နိုင် ရောက်နိုင်တယ်ကွဲတဲ့(မှန်ပါ့)သေသေချာချာဟောတာဘဲ....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့်တကာတကာမတို့ ဒဏ်ချက်မပျောက်တဲ့ပုဂ္ဂိုလ်က ဒဏ်ရာနောက်ထပ် မရှာပါနဲ့....(မှန်ပါ့ဘုရား)။

ဘယ်လိုမှာသတုံး ....(ဒဏ်ချက်မပျောက်တဲ့ပုဂ္ဂိုလ်က ဒဏ်ရာနောက်ထပ်မရှာပါနဲ့) နောက်ထပ် ဒဏ်ရာမရှာပါနဲ့လို့ ဟော လိုက်တယ်....(မှန်ပါ့ဘုရား)။

တကာကြွယ် ဒီစကားအရေးကြီးတယ်နော်.... (ကြီးပါတယ်) ဒဏ်ချက်မပျောက်ခင်က... (ဒဏ်ရာနောက်ထပ် မရှာပါနဲ့) အခု အိုဘေး,နာဘေး, သေဘေးလွတ်ပလား.... (မလွတ်သေးပါ) ဒါ တဏှာဒဏ်ချက်၊ မဟုတ်ဘူးလား... (မှန်ပါ့ဘုရား)။

နောက်ထပ် သူ့စကားနားထောင်မယ်ဆိုယင် တကာတကာမတို့ ဘာဖြစ်မယ်ထင်သတုံး....(ဒဏ်ချက်ထပ်ရှာတာပါ) အိုခြင်း, နာခြင်း,သေခြင်းဆိုတဲ့ ဒဏ်ရာတွေ အကြီးအကျယ်ပြန်မရပေဘူးလား....(ရပါတယ်ဘုရား)။

ဒါဖြင့် တကာကြွယ် ဒဏ်ရာမပျောက်ခင်က နောက်ဒဏ်ချက်မရှာနဲ့... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အသံကလေးထွက်လာယင်ဘဲ ခင်ဗျားတို့.... ကိုယ့်ကိုယ်ကိုလဲ ရိပ်မိကြပါ... (မှန်ပါ့)ကိစ္စကလေးက ကိုယ်ပါမှပြီးမှာလို့ ဆိုလို့ ရှိယင်ဖြင့် ဒါဘယ်သူထင်သတုံး တကာကြွယ်....(ဒီဌိပါ) ကိုယ်မှု မရှိဘဲနဲ့ မပါဘူးဟေ့၊ ဒီလိုတင်းရမယ်.... (မှန်ပါ့) ကိုယ်ကောရှိရဲ့လား....(မရှိပါ) မရှိလို့ဘာတုံး- မပါတော့ဘူးဟေ့ .... (မှန်ပါ့ဘုရား)။

ကိုယ်မပါဃင် မပြီးဘူးလို့ သူက ဟောလိမ့်မယ်....(မှန်ပါ့) အဲဒီတော့ခင်ဗျားတို့က ဘယ်လိုပြန်မတုံး.... (ကိုယ်မှမရှိတာပါ့) ကိုယ်မှ မရှိဘဲကွာ· မပြီးတာရယ်လို့ နားမလည်ဘူး ... (မှန်ပါ့) သူမှမရှိဘဲဥစ္စာ မပြီးဆိုတဲ့စကားမလာနဲ့တော့....(မှန်ပါ့ဘုရား)။

ဒီလိုမျိုး တကာကြွယ် ပြန်ပြောဘူးရဲ့လား....(မပြောဘူးပါ ဘုရား)အံမာခလေး....ငယ်ကျွန်ပီလိုက်တဲ့ဖြစ်ခြင်း ဟုတ်ပါ့· မှန်ပါ့ ချည့်ကျနေတာဘဲ....(မှန်ပါ့) အခတော်ဆိုးနေတယ်ဆိုတာ ပေါ့ပလား....(ပေါ့ပါပြီဘုရား)။

အေး.... ဒါ့ကြောင့် တဏှာဆိုးကြောင်းကိုဖြင့် ရှေ့ပိုင်းမှာ အခု တကာတကာမတွေ့ တော်တော်ရှင်းပါပြီ.... (ရှင်းပါပြီ) ဒါလာတိုင်း-လာတိုင်း တကာကြွယ် ဝိပဿနာရှုပါ.... (မှန်ပါ့ ဘုရား)။

ဒါဖြင့် ရှုစရာမျိုး ဦးမာဒင်ရှားခနဦးမှာလား....(မရှားပါ) မရှားပါဘူးတဲ့၊ သူက ချောင်းခြောင်းနေတယ် .... (မှန်ပါ့) နည်းနည်းမှ ဝိပဿနာမလစ်လိုက်နဲ့၊ လစ်လိုက်ယင် ငါဝင်မယ် ဆိုတဲ့အဓိပ္ပါယ်....(မှန်ပါ့ဘုရား)။

နည်းနည်း ဝိပဿနာကလေး ဖြစ်မှုပျက်မှုကလေး ခဏ နားဦးမှထင်ပါရဲ့ဆိုယင် ကိလေသာကဝင်လာပြီ.... (မှန်ပါ့) ဘာဖြစ်လို့တုံး ဘယ်လိုဝင်လာသတုံး မေးခဲတာ့ မင်းအရှယ် ကခလေးကလဲကြီးပြီ၊ တခဖြေးဖြေးဘက်တာပေါ့...(မှန်ပါ့)အင်း လာပြီ၊ တခဖြေးဖြေးတက်တာပေါ့ ဆိုဘော့ တဖြေးဖြေးတက်

ရင်းနဲ့ ဟိုမှာကိစ္စတွေက ပေါ်လာတော့ ဖြေးရာကရမှာလား.... (မရပါ) နဂိုရှိက ဖြေးနေရတဲ့အထဲ ဘယ်နှယ်နေသလဲ-(ရပ်သွားပါတယ်) ရပ်သွားတဲ့ အဓိပ္ပါယ်မျိုး ရောက်နေတယ်၊ ကိုင်း.... ဒါဟာ ဘယ်သူဝင်လာတာဆိုတာ ရိပ်မိပြီ....(ရိပ်မိပါပြီဘုန်း)။

တဖြေးဖြေး တက်တာပေါ့ဆိုဘော့ သူတရားခံလုပ်ဝင်လာတာ တကာကြွယ်....(မှန်ပါ့)ဘာနဲ့ဝင်လာသလဲ....(တဖြေးဖြေးနဲ့ဝင်လာပါတယ်)ရိပ်မိပလား.....(ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့အိမ် သူတောင်းစားတောင်းသလို ဖြစ်နေတယ်.... (မှန်ပါ့) ဘကြီးတို့,ဦးကြီးတို့မှာ နောက်ဘဝက ဒါနကြီးလို့ ချမ်းသာပါတယ်၊ ကျွန်ဘော်တို့ မချမ်းသာလို့ ပေးပါဘိုးဆိုပြီး၊ တရားသံနဲ့တောင်းဘာ....(မှန်ပါ့)ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဒီမှာလဲသူက ဘယ်လိုအသံနဲ့ဝင်သတုံး .... (တရားသံနဲ့ဝင်ပါတယ်)အဲဒါကို တကာကြွယ်တို့က ဟုတ်ထင်ပါရဲ့ဆိုပြီး လိုက်သွားယင်တော့ ငါးပါးမှောက်ပါလိမ့်မယ်.... (မှန်ပါ့) သဘောပါပါလား (ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ သူတွန်းကို ကျုပ်ဘို့ အရေးကြီးစွာ ဒီတဏှာနိုင်တဲ့ဥစ္စာကို ပြောကြပါစို့....(မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်ခံတော်မြတ်ကြီး လက်ထက်က တနေ့ကပြောခဲ့တယ် ဦးမာဒင်တို့ ကြားခဲ့ပါပြီ ရှင်ပုဏ္ဏဆိုဘာ မန္တာနီပုဏ္ဏေးမရဲ့ သားပေါ့ (မှန်ပါ့) သူက တရားဟောတဲ့နေရာမှာ အင်မတန်မှ အကွက်ကျပြီး သောတာပန်တည်အောင်, သကဒါဂါမ်,

အနာဂါမ်တည်အောင် ဟောနိုင်တဲ့ပုဂ္ဂိုလ်တပါးပါဘဲ-(မှန်ပါ့) တကာကြွယ် သိပ်အဘိုးတန်တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ(မှန်ပါ့ဘုရား)။ သူက ဂ:ပိ:ဝတ်ပြည်မှာ သီတင်းသုံးနေတယ်၊ ရှင်သာရိပုတ္တရာနှင့် မြတ်စွာဘုရားက သာဝတ္ထိပြည်မှာ သီတင်းသုံးနေတယ်....(မှန်ပါ့) သီတင်းသုံးပြီးသကာလနေတော့ သူ့ကျောင်းမှာလဲ သံဃာတွေကများ:တယ်။ သံဃာတွေကို နေ့တိုင်းဆုံးမတယ်....(မှန်ပါ့ဘုရား)။

ဘယ်လိုများ ဆုံးမသတုံးဆိုတော့ကွာ... တဲ့၊ ရဟန်းဆိုတာ အလိုနည်းအောင် ဘာဖြစ်ဖြစ် မရှိတဲ့ကိစ္စဟူသ၍ဟာဖြင့် မရှာနဲ့တဲ့၊ ရှာယင်တဏှာကြောင့်၊ ဒါကြောင့် အလိုနည်းတဲ့ဂုဏ်နဲ့ ပြည့်စုံအောင် နေပါတဲ့....(မှန်ပါ့ဘုရား)။

မာန်မာနမရှိပါနဲ့, တဏှာမရှိပါနဲ့,ဣဿာမရှိပါနဲ့, မစ္ဆရိယမရှိပါနဲ့, မာယာမရှိပါနဲ့, သာဌေယျမရှိပါနဲ့.လို့ ရဟန်းတွေကို အကုန်ဟောတယ်... (မှန်ပါ့)သူကလဲ ဒီအတိုင်းကျင့်တယ်.... (မှန်ပါ့) အဟောခံရတဲ့ ရဟန်းပေါင်းများစွာကလဲ ဒီအတိုင်းဘဲ ကျင့်ကြတယ်....(မှန်ပါ့ဘုရား)။

ဒီတိုင်းဘဲကျင့်ကြတော့ သူတို့မှာ အားလုံးဘဲ သောတာပန်, သကဒါဂါမ်,အနာဂါမ်တွေ ဖြစ်ကြပြီးသကာလ တနေ့သဋ္ဌကျတော့ ဒီရှင်ပုဏ္ဏ၏တပည့်က သ:ဝတ်ထိပြည်သို့ ကြွလာတယ်၊ကပို့လ:ဝတ်ပြည်ကနေပြီး သ:ဝတ်ထိပြည် ဘုရားရှိရာသို့ ကြွလာပြီးတော့ ဘုရား၌ တော်ဝင်ပြီး ဝတ်ချတယ်....(မှန်ပါ့ဘုရား)။

မင်းတို့ ဘယ်သူတပည့်ငါတို့ကလို့ ဘုရားက မေးတယ်၊ ရှင်ပုဏ္ဏရဲ့ တပည့်တွေပါဘုရား၊ မင်းတို့ဆရာ ဘယ်လိုဟောလေ့

ရှိသတုံးကွလို့ မေးတော့ သူကလဲ အလိုနည်းတဲ့ ဂုဏ်နဲ့ပြည့်စုံဘဲ့ ပဂိုလ်ဆိုတော့ တပည့်သားမြေးတွေလဲ အလိုနည်းအောင်ဘဲ့ ဟောပါတယ်ဘုရာ့၊ မရှိတ ဟူသ၍ ဒို့ဆီမှာချည့်ဘဲလို့ ဟော ထားပါတယ်၊ မရှိတာမရှာနဲ့.ကွ ဆိုပြီးသကာလ "မာယာ သာဌေယျ ဣဿာ မစ္ဆရိယတွေ့ ဘာမှမရှိစေနဲ့ကွလို့ ဟောလို့ တပည့်တွေကလဲ အကုန်မရှိအောင်ကျင့်ကြပါတယ်ဘုရား။

သူလဲမရှိအောင် နေပါတယ်ဆိုတော့ ဘုရားက သာဓုခေါ် တော်မူတယ်... (မှန်ပါ့ဘုရား)။

သာဓုခေါ်တော့ ရှင်သာရိပုတ္တရာက အနားမှာကြားတယ်၊ အင်း.... ဘယ်သူ့မျှား သာဓုခေါ်နေပါလိမ့်မလဲ၊ ဘုန်းသာဓုခေါ်တဲ့လူဆိုတာ အင်မတန်ရှားတယ်ဆိုပြီးသကာလ ဘုရာသံခင် ကိုယ်တော်မြတ်ကြီး အနားကပ်ပြီးသွားတော့ .... သူ့တပည့် တယောက်ကလဲ အရှင်ပုဏ္ဏာနောက်ကပါနေတယ် ရှင်သာရိပုတ္တရာ တပည့်က....(မှန်ပါ့ဘုရား)။

ဒါနဲ့ သူကပြန်လာတော့ဟေ့ - ဟိုထဲမှာဘုရားသာဓုခေါ် တော်မူတာ ဝမ်းမြောက်ဝမ်းသာနဲ့ တော်တော့ကို နှစ်ချိုက် တော်မူလို့ - ဟေ့ .... ဘယ်သူ့ သာဓုခေါ်တော်မူသလဲ၊ အို... အရှင်ပုဏ္ဏာအကြောင်း လျှောက်ထားတာတွေ့ သာဓုခေါ်နေတာ ဘုရား။ ရှင်ပုဏ္ဏ၏တပည့်က လျှောက်ထားပြလို့ သာဓုခေါ်နေ တာဆိုတော့ ရှင်သာရိပုတ္တရာ တပည့်က ပြောတော့ ရှင်သာရိ ပုတ္တရာက ညည်းရှာတယ်၊ အို ... ဒီရှင်ပုဏ္ဏာဆိုတဲ့ပဂိုလ်နဲ့ ဘယ် တော့မျှားတွေ့ရပါ့မလဲ၊တွေ့ချင်လိုက်တာ လွန်လို့ဆိုပြီးနေတိုင်း ညည်းနေတယ်....(မှန်ပါ့ဘုရား)။

နေ့တိုင်းညည်းတယ်၊ သူတော်ကောင်းသံကို သူကကြားချင်တော့ ကြားပြီးသားလဲ ဖြစ်ပြီးနေတော့ ဘုရားသာဓုခေါ်တဲ့ပုဂ္ဂိုလ်လဲဖြစ်ပြန်ဆိုတော့ အလွန်ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ဆိုတာသိနေတယ် .. (မှန်ပါ့ဘုရား)။

သိနေတာနဲ့ဘဲ တကာတကာမတို့ ရှင်သာရိပုတ္တရာက သူ့တပည့်တွေနဲ့ နေ့တိုင်းစည်းဝေးပြီး ပုဏ္ဏာနဲ့ငါတွေ့ချင်တယ်ကွာ.ငါပုဏ္ဏာကို ငါတွေ့ချင်တယ်ကွာလို့ နေ့တိုင်းဒါဘဲညည်းနေတယ် (မှန်ပါ့ဘုရား)။

နောက်သုံးလေးလနေတော့ဝါလဲကျတ်တဲ့အခါ ရှင်ပုဏ္ဏာကလဲ ဘုရားဆီ မရောက်တာကြာပြီဆိုပြီး သူ့အိပ်ယာလိပ်ကလေး ဘာကလေးသိမ်းဆည်းပြီးသကာလ သပိတ်တလုံး သင်္ကန်းသုံးထည်နဲ့ ကပိလဝတ်ပြည်ကနေပြီး တကာကြွယ်ရာ သာဝတ္ထိပြည် ဘုရားရှိရာသို့လာခဲ့တယ်....(မှန်ပါ့ဘုရား)။

လာခဲ့တဲ့အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပုဏ္ဏာလာသားကဆုံးပြီး အမျိုးမျိုး အဖုံဖုံ မေပြီးသကာလ သာဓုခေါ်ပြန်တယ်... (မှန်ပါ့ဘုရား)။

တယ်တော်တယ်ကွာ မင်းလိုပုဂ္ဂိုလ်လဲ ရှာမှရှားတယ်ဟ.ငါဘုရား သားသနာတော်မှာ မင်းလိုပုဂ္ဂိုလ်ခြည်းရှိယင် သိပ်ကောင်းမှာဘဲ အစရှိသည်နဲ့သာဓုအနုမောဒနာခေါ်ပြီးသကာလ နေ့တော့ ရှင်သာရိပုတ္တရာ တပည့်တယောက်က ကြားတယ်.... (မှန်ပါ့ဘုရား)။

အရှင်ဘုရား .. အရှင်ဘုရား မနေ့တိုင်း တောင့်တတဲ့ အရှင်ပုဏ္ဏ ဟာ ဘုရားက တရားဓမ္မတွေ ဟောပြောနေပါတယ်ဘုရား.... ဆိုတော့ အေး....တွေ့ရပြီကွာ·ဝမ်းသာတယ်ဆိုပြီး ရှင်ပုဏ္ဏကလဲ ဘုရား သာဓုခေါ်ပြီး သူ့ကိစ္စပြီးတာနဲ့ ဟို သုသာန် အနွဝန တောဆိုတာ အဲဒီကိုလှည့်ပြီး ကြွသွားတယ်....(မှန်ပါ့)။

ရှင်သာရိပုတ္တရာကလဲ နေရာထိုင်ကလေးကို ကပြာကရာယူပြီး ဒကာလ တကာကြွယ် နောက်က လိုက်တာဘဲ....(မှန်ပါ့ဘုရား) နောက်ကလိုက်ပြီး သွားတော့ တချို့နေရာလဲ ခေါင်းမြင်ရ၊ တချို့နေရာမှာလဲ သွားတာ,လာတာမြင်ရ၊ အနိမ့်အမြင့်တွေကိုး ဗျ ...(မှန်ပါ့)။

ဒါနဲ့ ရှင်ပုဏ္ဏကလဲ အဲဒီ သုသာန်တောထဲမှာ တရားဓမ္မ ဆင်ခြင်ပြီး ဖလသမာပတ်တွေဝင်စားနေတာ...(မှန်ပါ့ဘုရား) ရှင်သာရိပုတ္တရာကလဲဘဲ ငါလဲ ဖလသမာပတ်ဝင်စားပြီး နေဦးမှ ပါဘဲဆိုပြီးသကာလ တနေရာကနေပြီး ဖလသမာပတ် ဝင်စားနေတယ်....(မှန်ပါ့) ဖလသမာပတ်ဝင်စားဆိုတာ တကာတကာမတို့ ဖိုလ်ဇောတွေ့ချည့်ဆက်တိုက်ဖြစ်ပြီး ဒုက္ခချုပ်တဲ့ဆီကိုညက် ရောက်နေတာလို့မှတ်ပါ....(မှန်ပါ့)။

ဒုက္ခချုပ်တဲ့ဆီကို.... (ဥာဏ်ရောက်နေပါတယ်ဘုရား) အဲ.... ဒုက္ခချုပ်တဲ့ဆီကို ဥာဏ်ရောက်နေတဲ့ ပုဂ္ဂိုလ်မျိုးဟာ တကာ တကာမတို့ အသက်တမ်းကိုလဲ ရှည်စေနိုင်တယ်... (မှန်ပါ့ဘုရား) သဘောကျပလား-(ကျပါပြီ) အသက်တမ်းကိုလဲ တားနိုင်တယ် (မှန်ပါ့) သေမည့်ဟာ့ဘာတောင်မှ ဆိုင်းပြီးဟားနိုင်တယ်-(မှန်ပါ့)

ဒါနဲ့ ဒီကိုယ်တော်နှစ်ပါး ညနေကျလာတော့ ကဲ....တော်ပြီ တော်ပြီ- ဖလသမာပတ်ဝင်စားတာဖြင့် အတော်ကလေး ခရီးပေါက်သွားပြီဆိုပြီးသကာလ ထ,လာကြတော့ ရှင်သာရိပုတ္တရာကဘဲ သွားရှာတယ်....(မှန်ပါ့)။

ထိုနောက် ရှင်သာရိပုတ္တရာက မန္တာဏီ၏သား အသျှင်ပုဏ္ဏထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်ပုဏ္ဏနှင့်အတူ ဝမ်းမြောက်ဖွယ်, အမှတ်ရဖွယ် စကားကို ပြောဆိုပြီးဆုံးစေ၍ သင့်လျော်သော နေရာ၌ ထိုင်ခါ အင်း .... သူ တွေ့ချင်တဲ့ ပုဂ္ဂိုလ် မြော်လင့်နေတာ ကြာလှပြီ .... ၊ ဒီတခါတော့ဖြင့် ပုစ္ဆာကလေးတခု မေးဦးမှဘဲဆိုပြီး မေးချင်တဲ့စိတ်ပေါ်လာတယ်....(မှန်ပါ့ဘုရား) ဟိုကလဲ ဖြေချင်တဲ့စိတ်ရှိလျက်ပါဘဲ....(မှန်ပါ့)။

ပုဏ္ဏကလဲ ဖြေချင်တဲ့စိတ်ရှိလျက်-(မှန်ပါ့) အဲဒီတော့ တကာကကာမတွေကို ဒီနေရာ ဘုန်းကြီးက သတိပေးစကားပြောကြား ပါတယ်....(မှန်ပါ့ဘုရား) သူတို့မေးတဲ့,ဖြေတဲ့၊တပါးက မေး၍ တပါးက ဖြေပါလိမ့်မယ်....(မှန်ပါ့)။

ဒဲ့ဒီ အမေး-အဖြေဟာ ရှင်သာရိပုတ္တရာက မသိလို့ မေးနေတယ်လို့ မယူပါနဲ့.... (မှန်ပါ့) ရှင်ပုဏ္ဏကလဲ မသိချင်ယောင်ဆောင်ပြီးသကာလ ကြားချင့်,ဝါချင်လို့ ဖြေနေတယ်လို့ ဒီလိုလဲ မယူလိုက်ပါနဲ့.... (မှန်ပါ့) သူတို့နှစ်ပါးလုံးမှာ ရဟန္တာချည့်ပါဘဲ....(မှန်ပါ့) သူတို့နှစ်ပါးစလုံး ရဟန္တာချည့်ဖြစ်ပြီးသကာလနေတော့ ဩဿ... နောင်လာ,နောက်သားတွေ ကျင့်စဉ် သိပါစေတော့ဆိုပြီး အမေး,အဖြေလုပ်ကြလိမ့်မယ်....(မှန်ပါ့)။

ဒါဖြင့်.... သူတို့နှစ်ပါး မသိလို့ မေးကြ,မြန်းကြတာလား.... တကာတကာမတို့ နောင်လာနောက်သားအတွက် ထားချင်လို့ လား.... (နောင်လာနောက်သားအတွက်ထားချင်လို့ပါဘုရား) ဒါဖြင့် တကာကြွယ် ရိပ်မိပြီ....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့အတွက်လို့ ဆိုကြစို့.... (မှန်ပါ့) တကာတကာမတွေအတွက်လို့ ဆိုလို့ရှိယင်လဲ မလွဲပါဘူး.... (မလွဲပါဘုရား)။

နှစ်ပါးလုံး ရဟန္တာချည့်ဘဲ....၊ အသဝေါ ကုန်ပြီးသားဘဲ တပါးနဲ့တပါး လမ်းစဉ်က နိဗ္ဗာန်အကုန်ရောက်ပြီးသားပဋိဂ္ဂုလ် တွေဘဲ၊ တပါးလာတဲ့လမ်းနဲ့ တပါးလာတဲ့လမ်း မထူးပါဘူး-(မှန်ပါ့) မဂ္ဂင်က လာကြတာချည့်ပါဘဲ... (မှန်ပါ့)။

သို့သော်.... ဘယ်နှယ်ကြောင့် အမေး-အဖြေတွေ ထုတ်နေကြပါလိမ့်မတုံးမေးတော့ ဦးမာဒင်-ရေ....သူတို့အတွက်လား.... နောင်လာနောက်သားအတွက်လား.. (နောင်လာ, နောင်သားအတွက်ပါဘုရား)။

ဒါဖြင့် တကာသစ် ဒီဥစ္စာ ကျုပ်တို့ နောင်လာနောက်သားများ ဒီလမ်းစဉ်အတိုင်း လိုက်ပါစေဆိုတဲ့ စိတ်ထားနဲ့ ရဟန္တာနှစ်ပါး အမေး,အဖြေလုပ်ကြတယ်.... (မှန်ပါ့) သဘောပါကြပလား....(ပါပါပြီဘုရား)။

ရဟန္တာနှစ်ပါး အမေး,အဖြေလုပ်တာဖြင့် ဦးမာဒင်တို့ရေ-ကျုပ်တို့အတွက်ဘဲ....(မှန်ပါ့ဘုရား) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက စ,လိုက်တယ်၊ ရှင်ပုဏ္ဏရေ .... ငါ့ရှင်ဟာ မြတ်သောအကျင့်တွေ့ ကျင့်တယ်ကဲ့ာ....တဲ့၊ အဲဒါ သီလဝိသုဒ္ဓိ = သီလစင်ကြယ်ဘို့ ကျင့်တာ မဟုတ်ဘူးလား...တဲ့... (မှန်ပါ့)။

ငါ့ရှင်ဘုရားထံ၌ မြတ်သောအကျင့်တွေ့ကျင့်တယ်....တဲ့၊အဲဒါ သီလစင်ကြယ်ဘို့ ကျင့်တာမဟုတ်လား....တဲ့၊ ရှင်သာရိပုတ္တရာက မေးလိုက်တယ်... (မှန်ပါ့ဘုရား)ကျ ကျင့်တဲ့ အကျင့်ဟူသ၍ဟာကဲ့ာ....တဲ့၊ သီလစင်ကြယ်ဘို့ကျင့်တာ မဟုတ်လား... တဲ့-(မှန်ပါ့) မဟုတ်ပါဘူးဘုရား .. တဲ့၊ မဟုတ်ဘူးဖြေချလိုက်တယ်- (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကျ.... အကျင့်တွေဟာ .... သီလ စင်ကြယ်ဘို့ ကျင့်တာလားလို့ ရှင်သာရိပုတ္တရာက မေးလိုက်တယ်၊ ရှင်ပုဏ္ဏကာ ဘယ်နှယ်ဖြေသတုံး....(မဟုတ်ပါဘုရား....) မဟုတ်ဘူး .. တဲ့။

ငါ့ရှင်သည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် အကျင့်တွေ့ အမျိုးမျိုး ကျင့်တာဘဲ့....တဲ့၊ နေ့တိုင်းလဲ ကျင့်ကြံကြိုးကုတ် အားထုတ်နေတာဘဲ့...၊ အဲဒါ သီလစင်ကြယ်ဘို့ ကျင့်တာမဟုတ်လားလို့ မေးတော့ မဟုတ်ပါဘူးလို့ ဖြေလိုက်တယ်.... (မှန်ပါဘုရား) ၁-နံပါတ်ပြီးသွားပြီ....(မှန်ပါ့)။

ဒါနဲ့ အရှင်သာရိပုတ္တရာက မကျေနပ်သေးတာနဲ့ ဒါဖြင့်ကဲ့ာ ငါ့ရှင် ကျင့်တာသည်ကား....လို့ ဆိုယင်ဖြင့် စိတ္တဝိသုဒ္ဓိဆိုတဲ့ စိတ်စင်ကြယ်မှု အလိုရှိလို့ ကျင့်တာ မဟုတ်လားလို့ မေးလိုက်တဲ့

အခါကျတော့လဲ မဟုတ်ပါဘူးဘဲဖြေတယ်....(မှန်ပါ့) ရိပ်မိပြီ နော်....(ရိပ်မိပါပြီဘုရား)။

ဒုတိယမေးခွန်းကို ရှင်သာရိပုတ္တရာက မေးလိုက်ပါတယ်....၊ ရှင်ပုဏ္ဏ·ရေ .... ငါ့ရှင်ကျင့်နေတဲ့အလုပ်ဟာ သမာဓိဆိုတဲ့ စိတ္တ ဝိသုဒ္ဓိဖြစ်အောင်လို့ ကျင့်နေတာမဟုတ်လားလို့ မေးလိုက်တော့ မဟုတ်ပါဘုရား....တဲ့....(မှန်ပါ့)မဟုတ်ပါဘူးချည့်ဖြေတယ်နော် (မှန်ပါ့) သီလအတွက်လား ဆိုပြန်တော့လဲ....(မဟုတ်ပါဘုရား) သမာဓိအတွက်လားဆိုတော့....(မဟုတ်ပါဘုရား) မဟုတ်ဘူးလို့ ဘဲ ဖြေလိုက်တယ်....(မှန်ပါ့)။

နောက်ကျတော့ တခါ မေးပြန်တယ်၊ ရှင်ပုဏ္ဏရေ - ငါ့ရှင် ကျင့်နေတဲ့အကျင့်ဟာ ဒိဋ္ဌစင်ကြယ်ဘို့ ကျင့်တာမဟုတ်လားလို့ မေးပြန်တယ်....(မှန်ပါ့) မဟုတ်ပါဘုရား... တဲ့....(မှန်ပါ့ဘုရား) မဟုတ်ဘူးချည့်ဖြေတာဘဲ၊ ဘယ်နှစ်ခုရှိသွားပလဲ (သုံးခုရှိသွား ပါပြီဘုရား)။

သီလစင်ကြယ်ဘို့ကျင့်တာလဲ မဟုတ်ဘူး....တဲ့.... (မဟုတ်ပါ ဘုရား) စိတ်စင်ကြယ်ဘို့ကျင့်တာလဲ မဟုတ်ဘူး....တဲ့.... (မဟုတ် ပါဘုရား) ဒိဋ္ဌစင်ကြယ်ဘို့ကျင့်တာကော (မဟုတ်ပါဘုရား)။

ဒါဖြင့်ကွာ....တဲ့ ငါမေးပါရစေဦး....တဲ့၊ ယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာတွေသတ်ဘို့ကျင့်တာမဟုတ်လားတဲ့-(မဟုတ်ပါဘုရား) မဟုတ်ပါဘုရား....တဲ့၊တပည့်တော်ကျင့်တဲ့အကျင့်တွေ ဒါမဟုတ် ပါဘူး....တဲ့....(မှန်ပါ့)။

တကာတကာမတို့ အင်မတန် ပညာတတ်တဲ့ပဂိုလ်နော်.... (မှန်ပါ့) ဒါဖြင့် ဖြစ်ပျက်အားထုတ်ဘို့ ဖြစ်ပျက်တွေ့မြင်ဘို့ ကျင့်တာမဟုတ်လား....၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ အလုပ်ကို ကျင့်တာမဟုတ်လားလို့ မေးပြန်တယ်၊ မဟုတ်ပါဘုရား....တဲ့၊ တပည့်တော်တို့ ကျင့်တဲ့အကျင့်က ဒါမဟုတ်ပါဘူး .... တဲ့-- (မှန်ပါဘုရား) တကာတကာမတို့ ပယ်လိုက်ပြီနော်.... (မှန်ပါဘုရား)။

ဒါဖြင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဆိုတော့ အလည်ဉာဏ်တွေ့ ဘင်္ဂ်,ဘယ,အာဒီနဝ,နိဗ္ဗိန္ဒဉာဏ်စတွေ့ ဒီလိုဉာဏ်တွေ့ရဘို့ ကျင့်တာမဟုတ်လားဘုရား . လို့ဆိုတော့ မဟုတ်ပါဘုရား....တဲ့ ဒီဉာဏ်တွေ့ရဘို့လဲ ကျင့်တာမဟုတ်ပါဘူး .... တဲ့.... (မှန်ပါ့) အကုန်ပယ်ချတယ်....(မှန်ပါ့)။

တကာတကာမတို့ အင်မတန်ကောင်းတဲ့ စကားတွေနော်.... (ကောင်းပါတယ်ဘုရား)။

နောက်တခါကျတော့ ဒါဖြင့်ကွာ....တဲ့ မဂ်ရအောင်ကျင့်တဲ့ အကျင့်ကော မဟုတ်ဘူးလား....တဲ့....(မှန်ပါ့)။

ငါ့ရှင်ကျင့်နေတဲ့ အကျင့်သည် မဂ်ဖိုလ်ရအောင် ကျင့်နေတဲ့ အကျင့်ကော မဟုတ်ဘူးလား တဲ့၊ မဟုတ်ပါဘုရား....ဆိုတော့ ရှင်သာရိပုတ္တရာ ခက်သွားတယ်....(မှန်ပါ့)။

မင့်ဟာကွာ.... တဲ့ သီလဖြူစင်ဘို့ ကျင့်နေသလား မေးတော့လဲ မဟုတ်ပါဘူး....တဲ့၊ စိတ်စင်ကြယ်ဘို့ ကျင့်တာလား

ဆိုပြန်တော့လဲ .. (မဟုတ်ပါဘုရား) အယူစင်ကြယ်ဘို့,ဒိဋ္ဌိလွှဲဘို့ ကျင့်တာလားဆိုတော့လဲ ... (မဟုတ်ပါဘုရား) ယုံမှားသံသယ ဖျောက်ဘို့ ကျင့်တာလားလို့ မေးပြန်တော့....(မဟုတ်ပါဘုရား) ဖြစ်ပျက်မြင်ဘို့ကျင့်တာလားလို့ မေးပြန်တော့လဲ ... (မဟုတ်ပါဘုရား) အလယ်ဉာဏ်တွေဆိုတဲ့ နိဗ္ဗိန္ဒဉာဏ်တွေ,သင်္ခါရုပေက္ခာဉာဏ်တွေရဘို့ကျင့်တာလားလို့ မေးပြန်တော့လဲ ... (မဟုတ်ပါဘုရား)။

ဒါဖြင့်ကွာ... တဲ့ ရှင်သာရိပုတ္တရာက မင်္ဂဉာဏ်ဖိုလ်ဉာဏ်ရဘို့ ကျင့်တာကော မဟုတ်ဘူးလားလို့ မေးလိုက်တယ်....(မဟုတ်ပါဘုရား) မဟုတ်ဘူးလို့ ခုနစ်ချက်ကို ပယ်ချလိုက်တယ်--(မှန်ပါဘုရား)။

တကာတကာမတို့ ဝိသုဒ္ဓိခုနစ်ပါးကို ပယ်ချလိုက်တယ် .. (မှန်ပါဘုရား)။

အဲဒီတော့ ရှင်သာရိပုတ္တရာက ခက်ပြီ... တဲ့၊ မင့်ကိုမေးတဲ့ဥစ္စာ အခုကြည့်စမ်း... တဲ့၊ ဝိသုဒ္ဓိကျင့်စဉ်လို့ အမျှားကဘဲ ယူထားကြတာ၊ကျွှသာသနာမှာကျင့်စဉ်လို့ ယူထားကြတာ အရိယာဖြစ်ဘို့ကျင့်တဲ့အကျင့်တွေ မဟုတ်လားလို့ မေးတော့ တခုမှ မဟုတ်ဘူးလို့ မင်းက ဖြေလိုက်တော့ ဒါဖြင့်ကွာ .. ငါ့ကို ရှင်းရှင်းကလေးငါ့ရှင်ကျင့်တဲ့အကျင့်ကို ငါ့ရှင်ဟာ ဘာကြောင့် ကျင့်တယ်ဆိုတာ ရှင်းရှင်းကလေးဘဲ အမိန့်ရှိစမ်းပါ တဲ့(မှန်ပါဘုရား)။

ရှင်သာရိတ္တရာကိုက တောင်းပန်တယ်.... (မှန်ပါ) တောင်း

ပန်တဲ့အခါကျတော့ ဒီလိုပါဘုရား....တဲ့၊ဥပါဒါန်တို့၏ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်အကျိုးငှါကျင့်တာပါတဲ့၊ ပြောခဲ့တဲ့ဟာတွေ ရဘို့လောက် ကျင့်တာမဟုတ်ပါဘူး....တဲ့.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

မင်္ဂလာရဘို့ကျင့်တာမဟုတ်ပါဘူး . တဲ့-(မှန်ပါ့) နိဗ္ဗာန်ရဘို့ ကျင့်တာပါလို့ ဖြေလိုက်တော့ ရှင်သာရိပုတ္တရာက သတော တော့ ကျတယ် တကာတကာမတို့နော်....(မှန်ပါ့) သတောကျ ပေမဲ့ နောင်လာနောက်သားများ ရှုပ်မှာလဲ သူ စိုးသေးတယ်-- (မှန်ပါ့) နောင်လာ နောက်သားများရှုပ်မှာ စိုးသေးတယ် ဆိုတာကိုလဲ တကာကြွယ် မှတ်ရလိမ့်မယ်....(မှန်ပါ့)။

ဒါနဲ့ တခါ သူဆက်မေးတယ်၊ ကဲ့ တဲ့ ဒါဖြင့် ငါ့ရှင် ကျင့်တဲ့ သီလဝိသုဒ္ဓိ=သီလစင်ကြယ်အောင်ကျင့်တဲ့ အကျင့်ဟာ လဲ ဒါသည် နိဗ္ဗာန်မဟုတ်သေးဘူးလားဆိုလို့ ရှိယင် အရှင်ဘုရား ဘယ်မှာ နိဗ္ဗာန်ဟုတ်မလဲ၊ သီလဝိသုဒ္ဓိဟာ သီလဝိသုဒ္ဓိပေါ့-(မှန်ပါ့) ဒီလိုဆိုလို့ ရှိယင်ဘုရား ပုထုဇန်လဲ သီလဖြူစင်နေ တယ်၊ ပုထုဇန်နိဗ္ဗာန်ရောက်မှာပေါ့တဲ့.... (မှန်ပါ့) သူ့ဟာက တည့်နေတယ်....(မှန်ပါ့) ရိပ်မိပလား.. (ရိပ်မိပါပြီ)။

တပည့်တော်ကျင့်တာက ဥပါဒါန်ချုပ်ရာ နိဗ္ဗာန်တခုကိုသာ အဓိက ထားပြီးကျင့်တာ(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီဘုရား)။

အဲဒီတော့ သီလဝိသုဒ္ဓိဟာနိဗ္ဗာန်ရောက်ဘို့မဟုတ်ဘူးလားကွ လို့, နိဗ္ဗာန်မဟုတ်ဘူးလား....လို့ မေးလိုက်တဲ့ အခါကျတော့

မဟုတ်ပါဘူးဘုရား တဲ့၊ ဒီလိုဆိုယင် ပုထုဇန်တွေ နိဗ္ဗာန်ရောက်မှာကုန်မှာပေါ့တဲ့....(မှန်ပါ့) သူ့ဟာက တည့်နေတာဘဲ- (မှန်ပါ့) တကာတကာမတို့ သဘောပါရဲ့လား.... (ပါ-ပါတယ်ဘုရား)။

သီလကို အလိုရှိလို့ကျင့်တာဟာ သီလဘဲ ရမှာဘဲဘဲ့၊ နိဗ္ဗာန်ကို မရနိုင်ဘူး....တဲ့....(မှန်ပါ့ဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဒီအထဲမှာ ဘုန်းကြီးက စကားသွင်းပါတယ်၊ တကာတကာမတွေ ဆုံးမ,လုံးသွင်းပါတယ်....(မှန်ပါ့)။

ဘယ်နှယ်ကြောင့် သွင်းရသတုံးဆိုတော့ ဒို့ရှစ်သီတင်း,လေးသီတင်းစောင့်လို့ လုံလောက်နေတာဘဲ၊ ဒို့သေယင် ဘာပူစရာရှိသတုံး.... အစရှိသည်နဲ့ ဦးမာဒင် မတင်းတိမ်ကောင်းတာကို တင်းတိမ်နေတဲ့ပုဂ္ဂိုလ်တွေလဲရှိတယ်....(မှန်ပါ့)။

အခု သေသေချာချာ ရှင်ပုဏ္ဏကဖြေတဲ့အခါကျတော့ အဲဒါနိဗ္ဗာန်မဟုတ်သေးဘူးဘုရား... တဲ့၊ နိဗ္ဗာန်နဲ့မဆိုင်သေးဘူးဘုရားတဲ့....(မှန်ပါ့)။

တကာကြွယ် ဘာတဲ့တုံး.... (နိဗ္ဗာန်နဲ့မဆိုင်သေးပါဘုရား) နိဗ္ဗာန်နဲ့မဆိုင်သေးဘူးဘုရား....တဲ့ ဒီဥစ္စာ၊ နို့မဟုတ်လို့ရှိယင် သီလဖြူစင်တဲ့ ပုထုဇန်တွေ နိဗ္ဗာန်ရောက်မှာပေါ့....တဲ့၊(မှန်ပါ့) အဲဒါကြောင့် သူဟာနိဗ္ဗာန်မဟုတ်သေးဘူး၊ သီလဝိသုဒ္ဓိဟာ သီလဝိသုဒ္ဓိဘဲ မှတ်ထားဘို့ဘဲ(မှန်ပါ့)နိဗ္ဗာန်တော့ မရောက်နိုင်သေးဘူး၊ နိဗ္ဗာန်လဲမဟုတ်သေးဘူး.... (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အဲဒါကြောင့် ဒီမှာစကားသွင်းတယ်ဆိုတာလဲ တကာတကာမ တွေ ရိပ်မိဘို့ကောင်းပါပြီ....(ကောင်းပါပြီ) သြော်....ဒို့ တလ လေးသီတင်း၊ ရှစ်သီတင်း အားတိုင်း ဒို့ဥပုသ်ရက်ရှည်စောင့်ပြီး နေတဲ့ဥစ္စာ ဒို့တော့ဖြင့် နိဗ္ဗာန်ရောက်ဘို့ သေချာပြီလို့မျှားဆုံး ဖြတ်ချက်မချလိုက်ပါနဲ့.... (မှန်ပါ့) ဘာမှမချနဲ့ .... (မှန်ပါ့) တကာသစ် ဘာမှမချနဲ့နော်....(မှန်ပါ့ဘုရား)။

သီလဝိသုဒ္ဓိဖြစ်လို့ နိဗ္ဗာန်ရောက်မယ် ဆိုလို့ရှိယင် သီလ ဝိသုဒ္ဓိဆိုတာ ပုထုဇန်ရှိပါသေးတယ်....(မှန်ပါ့) ဒီပုထုဇန်သည် ကားလို့ဆိုယင်ဖြင့် အနုပါဒါပရိနိဗ္ဗာန် ရောက်ရတော့မယ် အဓိပ္ပါယ်ရောက်တယ်....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် သီလဝိသုဒ္ဓိမျှနဲ့ ဘုန်းကြီးတို့တကာတကာမ တွေက တင်းတိမ်ရောင့်ရဲပြီးသကာလ သေပျော်ပြီဆိုတဲ့စကားကို တကာကြွယ် မသုံးပါနဲ့....(မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီ ဘုရား)။

သီလထက်ကောင်းတာ ဘာရှိသေးသတုံးလို့ ပြောတဲ့ပုဂ္ဂိုလ် များလဲ အတော်ဘဲများတယ်.... (များပါတယ်) အခုတော့ဖြင့် ရှင်ပုဏ္ဏကဖြေလိုက်တယ်....(မှန်ပါ့) ဖြေလိုက်ပြီ တကာကြွယ်ရေ- သီလဝိသုဒ္ဓိနဲ့ နိဗ္ဗာန်ရောက်မယ်ဆိုယင် ပုထုဇန်တွေရောက်ကုန် ရောပေါ့(မှန်ပါ့)သူ့ဟာ မမှန်ဘူးလား....(မှန်ပါ့တယ်ဘုရား)။

မှန်ပါတယ်တဲ့၊ သီလဖြူစင်လို့သာ နိဗ္ဗာန်ရောက်ကြမယ် ဆိုယင်ဖြင့် ပုထုဇန်တွေ အကုန်နိဗ္ဗာန်ရောက်မှာဘဲ .... (မှန်ပါ့ ဘုရား)။

ဒါ့ကြောင့် တပည့်တော်တို့ဘုရား သီလဝိသုဒ္ဓိအကျိုးငှာ တရားကျင့်တာမဟုတ်ဘူးတဲ့၊ နိဗ္ဗာန်အကျိုးငှာကျင့်တာ(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဩဩ... တော်တော်အဘိုးတန်တဲ့ ရှင်ပဋ္ဌာပါကလား ဆိုတာ ရှင်အာနန္ဒာ သောတာပန် တည်အောင်၊ ရှင်အာနန္ဒာနဲ့တကွ သီတင်းငယ် ရဟန်းငယ်များစွာ တခါတည်း သောတာပန်တည်အောင် နည်းလမ်းပေးနိုင်တဲ့ ကိုယ်တော်၊ တနေ့က ဦးမာဒင်တို့ နာကြရပြီနော်....(မှန်ပါ့) အခုဒါက တနေရာမှာဟောတာ (မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီဘုရား)။

ကောင်းပြီ ဒါနဲ့ ဆက်မေးပါရစေကွာတဲ့၊ ဒါဖြင့်စိတ္တဝိသုဒ္ဓိ အလုပ်ကော နိဗ္ဗာန်အလုပ် မဟုတ်ဘူးလားတဲ့.... (မှန်ပါ့) အရှင်ဘုရား... ခက်ကရော့ပေါ့ ဒီလိုဆိုယင် ပုထုဇန်တွေရော ဗြဟ္မာတွေပါ နိဗ္ဗာန်ရောက်ကုန်မှာပေါ့တဲ့ (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သမထနဲ့ နိဗ္ဗာန်မရောက်ပါဘူးလို့ ပြောလိုက်တာ (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ) ဒါတဲ့နိဗ္ဗာန်နဲ့ မဆိုင်သေးပါဘူးလို့ တကာကြွယ် ဟောလိုက်ပြန်တယ်....(မှန်ပါ့ဘုရား)။

ရှင်သာရိပုတ္တရာကတော့ ဦးမာဒင် သိလျက်နဲ့မေးနေတာနော်....(မှန်ပါ့) နောင်လာ နောက်သားများအတွက်... (မှန်ပါ့ဘုရား)။

ဘယ်သူ့ အတွက်ပါလိမ့် .... (နောင်လာ နောက်သားများ အတွက်ပါ)ဒါ့ကြောင့် အားလုံး တကာတကာမတွေ တင်းတိမ်

ရမည့်နေရာကျတော့ ဘုန်းကြီးတို့က ပြောမှာပေါ့ .... (မှန်ပါ့) အခုဟာက တင်းတိမ်ဘို့ရာက အတော်ဝေးနေတယ် .... (ဝေးပါတယ်ဘုရား)မဝေးဘူးလား....(ဝေးပါတယ်ဘုရား)။

အဲ....ရှေးက မျှားသောအားဖြင့် လုပ်နေကြတာက ဥပုသ်နေ့ကျယင် ဇရပ်ပေါ်မှာ ခရေပင်ဝိုင်းမှာသွားပြီး ပုတီးကလေး ဘာကလေးစိပ်ပြီး အနိစ္စ,ဒုက္ခ,အနတ္တ ပါးစပ်ကရွတ် ခန္ဓာတော့ ဉာဏ်မရောက်ဘူးပေါ့ဗျာ .... (မှန်ပါ့) သိလလေးဆောက်တည့်တယ်....(မှန်ပါ့ဘုရား)

တော်ပြီ သေပျော်,နေပျော်ရှိပြီ ဆိုပြီးသကာလ တင်းတိမ်နေတဲ့ပုဂ္ဂိုလ်မျှားတယ်၊ တကာကြွယ်တို့ ရှေ့မှီနောက်မှီတွေ့ တပုံကြီးဘဲ....(မှန်ပါ့)မရှိပေဘူးလား....(ရှိပါတယ်ဘုရား)။

ကဲ.. ဒါဖြင့် စိတ္တဝိသုဒ္ဓိ ဆိုတဲ့ .... သမထလဲ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သေးဘူးလားလို့ .... မေးလိုက်တယ်နော် .... (မှန်ပါ့) အရှင်ဘုရား ဒီလိုဆိုယင် ပုထုဇန်ဗြဟ္မာတွေ အကုန် နိဗ္ဗာန်ရောက်ကုန်မှာပေါ့တဲ့....(မှန်ပါ့) မဟာဘူးဘုရဲ့ ဒီအကျင့်လဲ မဟုတ်သေးဘူး၊နိဗ္ဗာန်နဲ့မဆိုင်သေးဘူးတဲ့ .. (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရာ))။

ဘာနဲ့မဆိုင်သတုံး....(နိဗ္ဗာန်နဲ့မဆိုင်သေးပါ)နိဗ္ဗာန်နဲ့မဆိုင်သေးဘူးတဲ့ တကာတကာမတို့....(မှန်ပါ့ဘုရား)။

ဒါ.ရဟန္တာကြီးနှစ်ပါး မေး-ဖြေပြောဆိုနေကြတယ်လို့.စောစောကလဲပြောခဲ့ပါပြီ....(မှန်ပါ့) ဒါ တကာတကာမတို့ သူတို့နှစ်ပါးအတွက်လဲ မဟုတ်ပါဘူး....(မဟုတ်ပါ) နောင်လာနောက်သားမျှားအတွက် လမ်းစဉ်ပြခဲ့တာပါ... (မှန်ပါ့ဘုရား)။

မတင်းတိမ်ကောင်းတဲ့ နေရာမှာ တင်းတိမ်နေလို့၊ အဲဒါတွေ စိုးရိမ်တဲ့အတွက် ရထဝိနီတသုတ် ဆိုပြီးသကာလ ဟောတော်မူတယ်....(မှန်ပါ့ဘုရား)။

သုတ်နာမည်ကတော့ ရထဝိနီတသုတ်....(မှန်ပါ့)ပေါ်ပါလိမ့်မယ် နက်ဖြန်ကျတော့ ရထာဒုနစ်စင်းနဲ့ သူပြပါလိမ့်မယ်... (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါနဲ့ ရှင်သာရိပုတ္တရာက မေးပြန်တယ်၊ ဒါဖြင့် ကွာတဲ့ ဒိဋ္ဌဝိသုဒ္ဓိဆိုတဲ့ ဒိဋ္ဌစင်ကြယ်အောင် ဟောပြောနေတဲ့ ဆရာတွေနဲ့ ဒိဋ္ဌိကစင်ကြယ်သွားတဲ့ အလုပ်ကော နိဗ္ဗာန်မဟုတ် သေးဘူးလားဆိုတော့ မဟုတ်သေးပါဘူးဘုရာ့တဲ့၊ ဒိဋ္ဌဝိသုဒ္ဓိ ဆိုတာ ဆရာကပြောလို့ ဘပည့်ကနားလည်သွားတယ် ဆိုယင် ဒိဋ္ဌစင်သွားတာဘဲ ... (မှန်ပါ့) ဒါ နိဗ္ဗာန်မရောက်နိုင်သေးဘူး ဘုရာ့၊ ဒါပုထုဇန်၊ နိဗ္ဗာန်နဲ့မဆိုင်သေးဘူး... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့တုံး.... (နိဗ္ဗာန်နဲ့ မဆိုင်သေးပါဘုရား) အနုပါဒိသေသနိဗ္ဗာန် အကျိုးငှါမဟုတ်သေးဘူးဘုရာ့တဲ့(မှန်ပါ့) သေသေချာချာဖြေနေတယ်နော် .. (မှန်ပါ့ဘုရား)။

ကိုင်း....ဒါနဲ့ ရှင်ပုဏ္ဏ မင်းသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဒိဋ္ဌိဝိသုဒ္ဓိလဲ နိဗ္ဗာန်မဟုတ်သေးဘူးဆိုတော့ ယုံမှားခြင်းပျောက်တဲ့ ကခ်ုံဝိတရဏဝိသုဒ္ဓိဆိုတဲ့ဥစ္စာလဲ ရှိသေးသကွာတဲ့၊ အဲဒါ နိဗ္ဗာန် ရောက်ကြောင်း မဟုတ်သေးဘူးလားတဲ့....(မှန်ပါ့)ဟာ- မဟုတ် သေးပါဘုရာ့တဲ့ .. (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒိဋ္ဌဝိစိကိစ္ဆာကို အသိဉာဏ်နဲ့ စင်စေချုံနဲ့ ဖြင့် နိဗ္ဗာန်မဟုတ်သေးဘူးတဲ့ .. (မှန်ပါ့) အကယ်၍ ဒီပုဂ္ဂိုလ်တွေ

ဒီဟာနဲ့ နိဗ္ဗာန်ဆိုမယ်ဆိုယင်ဖြင့် ဒါတွေ့ ပုထုဇန်လဲသိတာဘဲတဲ့ (မှန်ပါဘုရား)။

ဆရာကောင်း သမားကောင်းနဲ့ ကြုံယင် သိတာဘဲတဲ့ .... (မှန်ပါ) သူတို့ အကုန်နိဗ္ဗာန်ရောက်ကုန်မှာပေါ့.... (မှန်ပံ့) မရောက်ဘူးဘုရာ့တဲ့....(မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဦးမာဒင် အကုန်ပယ်ချတယ်....(မှန်ပါ့) အဲဒါ အမှန်သိစေချင်လွန်းလို့ အကောင်းဆုံးထုတ်ပြနေတဲ့ တရားလို့ ဦးလှဘူးက မှတ်ရမယ်....(မှန်ပါဘုရား)။

ဒါနဲ့ဘဲ တခါဆက်ပြီးသကာလ ကွာ-ဒါဖြင့် ဖြစ်ပျက်တွေ့အားထုတ်နေတာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကတဲ့ .... (မှန်ပါ့) အဲဒါတောင့်ကွာ နိဗ္ဗာန်မဟုတ်သေးဘူးလားတဲ့... (မဟုတ်သေးပါဘုရား)။

ဒါလဲ ပုထုဇန်ဟာ ဆရာကောင်း သမားကောင်းဆီက နည်းရလို့ ခန္ဓာဖြစ်ပျက် မြင်တာလဲ ပုထုဇန်ဘဲရှိသေးတယ်ဘုရာ့တဲ့၊ ဒါလောက်နဲ့ဆိုယင် ပုထုဇန် နိဗ္ဗာန်ရောက်သွားမှာပေါ့တဲ့ .... (မှန်ပါ့)မရသေးဘူးဘုရားတဲ့၊ ဒါနဲ့လဲ....(မှန်ပါ့)တကာတကာမတို့ ပယ်ပယ်ပစ်နေတာ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့်ကွာ- အလယ်ဉာဏ်တွေ့ ရပြီကွာတဲ့၊ ဘင်္ဂတို့၊ ဘယတို့၊ အာဒီနဝတို့၊ နိဗ္ဗိန္ဒတို့၊ဒီဉာဏ်တွေ့လာပေါ့၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမဟုတ်လားကွ... (မှန်ပါ့)အဲဒါ ပုထုဇန်တွေ့၊ ပုထုဇန်ရတဲ့ဉာဏ်တွေ့၊ ဒါနိဗ္ဗာန်ဆိုယင် လွဲကုန်မှာပေါ့တဲ့....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ကဲကဲ့ဒ-မင်္ဂဏ်၊ဖိုလ်ဉာဏ်၊ရပြီ ဒါ နိဗ္ဗာန် မဟုတ်သေးဘူး လားတဲ့....(မှန်ပါ့) မဟုတ်ပါဘူးဘုရား မင်္ဂဏ်၊ ဖိုလ်ဉာဏ် ဆိုတာ သခ်ၤတတရားတွေ ပျက်တဲ့တရားတွေဘဲ၊ နိဗ္ဗာန်ဆိုတာ ပျက်မှုမပျက်ဘဲနဲ့ ဟော-သေသေချာချာရှင်းပြတယ်....(မှန်ပါ့ ဘုရား)။

မင်္ဂဏ်၊ ဖိုလ်ဉာဏ်က သခ်ၤတတရားတဲ့၊သခ်ၤတဆိုတာပြုပြင် လို့ပေါ်လာတာ....(မှန်ပါ့) နိဗ္ဗာန်က မပြုပြင်ဘဲနဲ့ ရှိတဲ့တရား၊ အဲဒီတော့သူ့ကို နိဗ္ဗာန်ဆိုလို့ရပါ့မလား....(မရပါ)ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဝိသုဒ္ဓိခုနစ်ပါးဟာ တကာတကာမတို့ နိဗ္ဗာန်နဲ့မဆိုင် သေးဘူး၊ နိဗ္ဗာန်ဆိုတာက ဥပါဒါန်ချုပ်မှုနိဗ္ဗာန်ပါ .... (မှန်ပါ့) ရိပ်မိပလား... (ရိပ်မိပါပြီ) ဥပါဒါန်မချုပ်သေးယင်.... (နိဗ္ဗာန် မဟုတ်သေးပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှင်သာရိပုတ္တရာနဲ့ ရှင်ပဋိဘာန မေး တာကဖြင့် တကာတကာမတို့ သိတဲ့အတိုင်း မင်္ဂဏ်၊ဖိုလ်ဉာဏ် တောင်မှ နိဗ္ဗာန်မဟုတ်သေးဘူး....(မှန်ပါ့ဘုရား)။

မင်္ဂဏ် ဖိုလ်ဉာဏ်က ဖြစ်ပြီးပျက်တဲ့ သခ်ၤတထဲကဘဲ ရှိသေး တယ်....(မှန်ပါ့) တကယ်နိဗ္ဗာန်ကတော့ ပျက်ကဲ့လား....(မပျက် ပါဘုရား)သူက အသခ်ၤတကိုး တကာသစ်ရ.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ပျက်တတ်တာတွေကို နိဗ္ဗာန်မဟုတ်သေးဘူး ဆို လို့ရှိယင်ဖြင့် မပျက်တတ်တာ ဟဲ့ဘစရာ ကျန်သေးတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ရှင်ပုဏ္ဏက ပယ်လိုက်တာ ဝိသုဒ္ဓိ ခုနစ်ပါး ဒီကုန်ပယ်ချလိုက်တယ် (မှန်ပါ့) သဘောကျပလား (ကျေပါပြီဘုရား)။

ရှင်သာရိပုတ္တရာကလဲ မေးလို့သာနေရပါတယ် တကာကြွယ်ရ သဘောကျပြီးသားပါ....(မှန်ပါ့)ဩော် သူသည်ကားလို့ဆိုယင် ဘယ်ဟာ နိဗ္ဗာန်အစစ်ဘဲဆိုတာ ပြောချင်တယ် .... (မှန်ပါ့) မဂ်ဉာဏ်,ဖိုလ်ဉာဏ်လဲ သခ်ၤါရတရားလို့ သူက ဖြချလိုက်တယ်....(မှန်ပါ့) သခ်ၤါရတဆိုတာလဲ မဂ်စိတ်ကလေးဟာ ပေါ်ပြီး ပျောက်တာဘဲ....(မှန်ပါ့) ဖိုလ်စိတ်ကလေးဟာကော (ပေါ်ပြီးပျောက်ပါတယ်) နိဗ္ဗာန်ဟုတ်နိုင်ပါ့မလား .. (မဟုတ်နိုင်ပါဘုရား)။

နိဗ္ဗာန်ဆိုတာ ပျက်တာမဟုတ်ဘူး၊ အမြဲတမ်းရှိတဲ့တရား ... (မှန်ပါ့) သူ့လမ်းပေါ်ရောက်တဲ့ပုဂ္ဂိုလ်ဖြင့် သူ့နေရာရှိတဲ့နေရာလမ်းပေါ်ရောက်တဲ့ပုဂ္ဂိုလ်ဟာ ရောက်တာဘဲ....(မှန်ပါ့) သူရှိဘဲ့နေရာလမ်းပေါ်မှ မလှမ်းနိုင်တဲ့ပုဂ္ဂိုလ်ဟာ ရောက်ကဲ့လား .... (မရောက်ပါဘုရား)သူကတော့ဖြင့်အမြဲတမ်းရှိတယ် .... (မှန်ပါ့ဘုရား)။

ဒါဖြင့် အမြဲတမ်းမရှိတာတွေက အခုပြောခဲ့တဲ့ သီလဝိသုဒ္ဓိကလဲ အမြဲတမ်းမရှိဘူး....(မှန်ပါ့) သဘောကျပလား (ကျေပါပြီဘုရား) ဒိဋ္ဌိဝိသုဒ္ဓိကလဲ....(အမြဲတမ်းမရှိပါ) ပေယျာလထိုးကြပါစို့၊ မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဟာကော (အမြဲတမ်းမရှိပါဘုရား)။

အမြဲတမ်းမရှိဘူးတဲ့ တကာတာဘာမတို့ မင်္ဂလာဟာလဲ နာမ်ဓမ္မဖြစ်လေသောကြောင့် ဖြစ်ပျက်ဘဲ....(မှန်ပါ့) ဖိုလ်စိတ်ဟာလဲ နာမ်ဓမ္မဖြစ်လေသောကြောင့်.... (ဖြစ်ပျက်ပါဘဲ) ဖြစ်ပျက်ချည့်ရှိသေးတယ်၊ ဒါ နိဗ္ဗာန်ဆိုနိုင်ကြပါ့မလား .... (မဆိုနိုင်ပါဘုရား)။

ဒါဖြင့်ဘုရား နိဗ္ဗာန်ဟာဘယ်ဟာတုံးဆိုတော့၊ အို-ဥပါဒါန်ချုပ်တာမှ နိဗ္ဗာန်ဘုရဲ့တဲ့....(မှန်ပါ့ဘုရား)။

ဥပါဒါန်တရားတွေလုံးဝ ချုပ်တာမှ ဘာခေါ်ကြမယ် .... (နိဗ္ဗာန်ပါ)အဲ....ဥပါဒါန်တရားတွေ လုံးဝမချုပ်တော့ ဖြစ်ပျက်ဆိုတာ လုံးဝမရှိတာမှ နိဗ္ဗာန်ပါဘုရားလို့ ဖြေလိုက်ဘယ်.... (မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့်ဘုရားတဲ့ ဒါလေးလောက် အရှင်ဘုရားက မေးလို့ရှိယင် အရှင်ရားလဲပညာရှိဘဲ တပည့်တော်ဥပမာနဲ့ ဟောမယ်တဲ့ .... (မှန်ပါ့)ဆက်ဟောဦးမယ်....(မှန်ပါ့ဘုရား)။

တကာကြွယ်ဘာတဲ့တုံး....(ဆက်ဟောဦးမှာပါ) ပိုမိုရှင်းသွားအောင်ပေါ့ဗျာ....(မှန်ပါ့) မရှုပ်ပါဘူးတဲ့ ရှင်သာရိပုတ္တရာကလဲပညာအရာမှာ ဇောဒင်္ဂရဘဲ၊ ဟိုကလဲ ဓမ္မကထိကနေရာမှာ ပုဏ္ဏမထေရ်က ဇောဒင်္ဂရဘဲ....(မှန်ပါ့) သတ္တဝါစရိုက်လိုက်ပြီးကျွတ်အောင်ဟောတဲ့ နေရာကျတော့ ရှင်သာရိပုတ္တရာက ဇောဒင်္ဂမရဘူး၊ ရှင်ပုဏ္ဏကရတယ်... (မှန်ပါ့) ရိပ်မိပလား .... (ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် အရှင်ဘုရားကို တပည့်တော် ဥပမာနဲ့ပြပြီး သကာလ ဟောချင်သေးတယ်ဆိုပြီးသကာလ တကာကြွယ်ရေ ဥပမာပြပြီး ရှင်ပုဏ္ဏကဟောဦးမယ်... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ဤတွင်အမှတ်စဉ် (၁၉)ပြီးဆုံးပါပြီ။

မှတ်ချက်

မှတ်ချက်

မှတ်ချက်

ရန်ိုင်သောဌာနများ

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေသည့်တွဲ သောစာအုပ်များကို အောက်ဖေါ်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။

ရန်ကုန်မြို

(၁) ပညာအလင်းပြ စာအုပ်တိုက်-၁၃၀-ဗိုလ်ချုပ်လမ်း။
(၂) ဗုဒ္ဓဓမ္မလောကဲ စာစောင်- ရွှေတိဂုဏ်ဘုရားလမ်း။
(၃) ဦးချစ်ထု၊ အမှတ် ၃၃- ဘုန်းကြီးလမ်း။
(၄) ရွှေတိဂုံဘုရားဧတာင်ဘက်စောင်းတန်း ဦးချစ်တင်ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ။
(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း။
(၆) တင်ဆွေအေး·စ၊ အုပ်ဆိုင်၊ အမှတ် ၄၇၈-မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို။

(၇) သစ်ဘရားသားအယ်(လ်)ရုံစျေးချိုတော်မန္တလေး။
(၈) အောင်မြန်မာစက္ကူဆိုင်-အောက်လိုင်းစျေးချို ၎င်း
(၉) ဦးဘထွေး- ဂျစ်ကားတံဆိပ် အထည်တိုက်မုံရွာမြို။
(၁၀) ဦးဘအုန်း-ဒေါ်ကျင်လှမ် ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို။
(၁၁) အောင်နိုင် စာပေတိုက်၊ နဝရတ်သီဂီတိုက် ၁၁၅-အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို။
(၁၂) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟသ်ာတမြို။

(၁၃) ဦးမောင်ရှန်၊ ၁ - စကာဝလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို။
(၁၄) ဦးတင်အောင် ဒေါ်ခင်ကြည်၊စျေးအနီးဆင်ဖြူကျွန်း
(၁၅) ဦးအုန်းမောင် မြို့မစတိုး၊ လမ်းမတော်၊ တောင်ကြီး။
(၁၆) ဦးတင်၊ ဇမ္မူမဏ္ဍိုင် စာပုံနှိပ်တိုက်၊ ပခုက္ကူ။
(၁၇) ဦးထွန်းလူ၊ အနော်မာလမ်းဒေါင့်၊ ဖျာပုံမြို။